http://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာစုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၄၁၉၃

http://www.dhammadownload.com

DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

# အဘိဓမ္မာ မြတ်ဒေသနာ

(ဒုတိယတွဲ)

အဘိဓမ္မာမြတ်ဒေသနာ (ဒုတိယတွဲ)

http://www.dhammadownload.com

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# အဘိဓမ္မာ မြတ်ဒေသနာ

( ဒုတိယတွဲ )

http://www.dhammadownload.com

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| အခန်း - ၁ | စိတ်ဖြစ်ပုံကို လေ့လာခြင်း | ၁ |
| အခန်း - ၂ | စိတ်ဖြစ်ပုံကို လေ့လာခြင်းအကြောင်း (၂) | ၄၀ |
| အခန်း - ၃ | စိတ်၏အာရုံများနှင့် ဆောင်ရွက်မှုကိစ္စများ | ၇၈ |
| အခန်း - ၄ | စိတ်ဖြစ်စဉ်ကို လေ့လာခြင်း(၁) | ၁၁၄ |
| အခန်း - ၅ | စိတ်ဖြစ်ပုံကို လေ့လာခြင်း အပိုင်း( ၂) | ၁၅၄ |
| အခန်း - ၆ | စိတ်ကိုအာရုံနှင့် လေ့ကျင့်ခြင်း | ၁၉၃ |
| အခန်း - ၇ | သတ္တဝါတို့၏ ၃၁-ဘုံအကြောင်း | ၂၃၃ |
| အခန်း - ၈ | ဘဝနိဂုံး သေဆုံးခြင်း | ၂၇၇ |
| အခန်း - ၉ | ဘဝသစ်၌ ပြန်လည်မွေးဖွားခြင်း | ၃၂၂ |
| အခန်း - ၁၀ | နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း | ၃၅၉ |

http://www.dhammadownload.com

## မှတ်တမ်း

သာသနာတော် သက္ကရာဇ် ၂၅၅၂-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၁-ရက်၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံတွင် ဆင်ယင်ကျင်းပ ပြုလုပ်သည့် ညဥ့်ဦးယံ ဓမ္မသဘင်ဝယ် ဟောကြားအပ်သော "အဘိဓမ္မာ မြတ်ဒေသနာ အပိုင်း(၂)" နှင့် စပ်လျဉ်းသည့် "စိတ်ဖြစ်ပုံကို လေ့လာခြင်း" အကြောင်း တရားဒေသနာတော် ဖြစ်ပါသည်။

http://www.dhammadownload.com

# အဘိဓမ္မာမြတ်ဒေသနာ အပိုင်း (၂)

## အခန်း - ၁

### စိတ်ဖြစ်ပုံကို လေ့လာခြင်း

ဒီကနေ့ည ပကိဏ်းပိုင်းမှာ လာရှိတဲ့ အကြောင်းအရာ၊ ဝီထိပိုင်းမှာ လာရှိတဲ့ အကြောင်းအရာနဲ့ ဝီထိမုတ်ပိုင်းမှာ လာရှိတဲ့ အကြောင်းအရာ အဲဒီအပိုင်း ၃-ပိုင်းမှာ လာရှိတဲ့ အကြောင်းအရာများကို တစ်ခုနှင့်တစ်ခု ဆက်စပ်ပြီး သိသာရုံ မြင်သာရုံ သိလွယ် မြင်လွယ်အောင် ဟောကြားပြသမှာ ဖြစ်ပါတယ်။

အခုဟောတဲ့ အဘိဓမ္မာမြတ်ဒေသနာဆိုတာ မိတ်ဆက် **introduction** အနေနဲ့ ဟောထားတာ၊ ရှေ့မှာ လေ့လာစရာတွေ အများကြီးရှိသေးတယ်ဆိုတာ စိတ်ထဲမှာမှတ်ထားပါ။ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူတဲ့ တရားမွေတွေက အလွန်ကျယ်ဝန်းတယ်၊ အထူးသဖြင့် အဘိဓမ္မာကျမ်းကြီးက အလွန်ကျယ်ဝန်းတယ်။

http://www.dhammadownload.com



"စိတ်အကြောင်းကို လေ့လာခြင်း" ဆိုတဲ့ စိတ်ပိုင်းမှာ စိတ် အကျဉ်း-၈၉ သို့မဟုတ် အကျယ်-၁၂၁ ဘယ်လိုဖြစ်တယ်ဆိုတာကို အပိုင်း-၁ မှာ ဟောပြောပြီးပြီ၊ စိတ် ဖြစ်တိုင်း ဖြစ်တိုင်း ယှဉ်တွဲ ဖြစ်ပေါ်လာတဲ့ စေတသိက်အမျိုးအစား ၅၂-မျိုးနဲ့ စိတ် စေတသိက် ယှဉ်တွဲပုံကို ပြတာက စေတသိက်ပိုင်းလို့ဆိုတယ်။

တစ်ဖန် "ရုပ်အကြောင်းကိုလေ့လာသုံးသပ်ခြင်း" ဟောပြော တာကို ရုပ်ပိုင်းလို့ဆိုတယ်၊ သိသာ မြင်သာအောင်လို့ မြတ်စွာ ဘုရားရဲ့ ခန္ဓဒေသနာကို နမူနာယူပြီးတော့ ဘုန်းကြီးတို့ ရုပ်ပိုင်း ကနေ စ,ပြီး ဟောခဲ့တယ်၊ မြတ်စွာဘုရားက ခန္ဓာငါးပါးကို ဟောတဲ့ အခါမှာ ရူပက္ခန္ဓာကို စ, ဟောပါတယ်။ သို့သော် အဘိဓမ္မတ္ထ သင်္ဂဟကျမ်းကျတော့ စိတ်ပိုင်းကနေ စ,ပြတယ်၊ ဘာကြောင့် စိတ် ပိုင်းက စ,တာတုန်းဆို ဓမ္မသင်္ဂဏီပါဠိတော်မှာ "စိတ္တုပ္ပါဒကဏ္ဍ" မှ စ,လို့ စိတ်ပိုင်းက စ,တာ၊ ခန္ဓာငါးပါးရှုထောင့်က ပြောမယ်ဆိုရင် ရုပ်ပိုင်းပြီးတော့ စေတသိက်, စေတသိက်ပြီးမှ စိတ် - ဒီလို ဟောတာ၊ ပိုပြီးတော့ သိသာ မြင်သာအောင်လို့ ဆိုပြီးတော့ ရုပ် အကြောင်းကို လည်း ဟောပြောပြီးပြီ၊ စိတ်အကြောင်း, စေတသိက် အကြောင်းကို လည်း ဟောပြောပြီးပြီ။

ဒီကနေ့ အဘိဓမ္မာမြတ်ဒေသနာအပိုင်း-၂ မှာ စိတ်ဖြစ်ပုံကို လေ့လာသုံးသပ်ခြင်း ကို ဟောပြောမှာဖြစ်တယ်၊ စိတ်-၈၉ ကို သိရုံနဲ့ မပြီးသေးဘူး၊ စိတ်ဟာ ကိုယ့်ခန္ဓာကိုယ်ထဲမှာ၊ ကိုယ့်သန္တာန် မှာ ရှိနေတာလား? ရှိနေရင် ဘယ်နေရာမှာ ရှိနေတာလဲဆိုတာ applied လုပ်ပြီးတော့ ကြည့်တတ်ဖို့ပေါ့၊ ဒါကြောင့်မို့ စိတ် ရှိနေ တယ်, ရှိမနေဘူး ဆိုတာကို ထင်ရှားအောင် ထိုထိုသုတ္တန် ပါဠိတော်

http://www.dhammadownload.com



တို့ ဝိသုဒ္ဓိမဂ်တို့ အဘိဓမ္မတ္ထသင်္ဂဟကျမ်းတို့ကို အခြေပြုပြီး ဆင်ခြင်သုံးသပ်ကြည့်ရင် စိတ်က ဘယ်လိုဖြစ်လာတယ်ဆိုတာ သိရှိနားလည်နိုင်ပါတယ်၊ ဒါကြောင့်မို့ ဒီကနေ့ည စိတ်ဖြစ်ပုံကို လေ့လာသုံးသပ်ပြပါ့မယ်။

## စိတ်လို့ပြောရင် စေတသိက်လည်း ပါတယ်

လူတိုင်းက စိတ်အကြောင်းတော့ ပြောနေကြတာပဲ၊ စိတ်လို့ ပြောလိုက်လို့ရှိရင် စေတသိက်လည်း ပါတယ်လို့ မှတ်ထားကြပါ၊ ဆိုင်ရာဆိုင်ရာ စေတသိက်တွေပါတယ်ပေါ့၊ ဥပမာ- စက္ခုဝိညာဏ် စိတ်အကြောင်းကို ပြောပြီဆိုရင် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခုအပါအဝင် အားလုံး ၈-ခုကို ပြောတယ်လို့ မှတ်ရမယ်။

လောဘမူစိတ်လို့ ပြောလိုက်တာနဲ့ တစ်ပြိုင်နက် လောဘမူ စိတ် ၈-ခုထဲက တစ်ခုနဲ့ ဆိုင်ရာဆိုင်ရာ ယှဉ်တွဲပြီးတော့ လာတဲ့ စေတသိက်တွေကို ရည်ညွှန်းပြီး ပြောတယ်လို့ ဒီလိုပဲမှတ်ရမယ်။ မြတ်စွာဘုရားကလည်း စိတ်ကိုပဲရည်ညွှန်းပြီး ဟောလေ့ရှိပါတယ်။ ဒါကြောင့် စိတ်လို့ ဆိုလိုက်တာနဲ့ စိတ်, စေတသိက် နှစ်ခုလို့ အဘိဓမ္မာသင်တဲ့ ပုဂ္ဂိုလ်တွေက နားလည်ထားရမယ်။

အရပ်ထဲမှာ ပြောနေတာလည်း စိတ်လို့ပဲ ပြောနေကြတာပဲ၊ စေတသိက်အကြောင်း ဘယ်သူမှ မပြောကြဘူး၊ အဘိဓမ္မာသင်တဲ့ သူတွေသာပြောတာ၊ “ငါ့စိတ်က ဘယ်လိုနေတယ်, သူ့စိတ်က ဘယ်လိုနေတယ်၊ စိတ်ကောင်းတယ်, စိတ်မကောင်းဘူး၊ စိတ်ဆိုး တယ်, စိတ်မဆိုးဘူး” စသည်ဖြင့် စိတ်အကြောင်း ပြောကြတာ၊ စိတ်ဆိုတာ စေတသိက်တွေနဲ့ ယှဉ်တွဲပြီးဖြစ်တယ်၊ အဲဒီတော့

http://www.dhammadownload.com



စိတ်လို့ပြောလိုက်ရင် စေတသိက်ပါ ပါတယ်ဆိုတာကို နားလည်ရမယ်။

## အရှိတရားနှင့် အဖြစ်တရား

အစပထမ စဉ်းစားကြည့်ဖို့ရာက စိတ်ဟာ အရှိတရားလား၊ အဖြစ်တရားလား? ဒါကို အရင်ကြည့်ရမယ်၊ အရှိတရား ဆိုတာ သူ့ဟာသူ ရှိတာ၊ အဖြစ်တရားဆိုတာ အကြောင်းတရားပေါ် လာမှ ဖြစ်တာ။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က "**အတ္ထိ ဘိက္ခဝေ အဇာတံ**" "ဖြစ်ခြင်းသဘော မရှိတဲ့တရားဟာ ရှိတယ်"၊ ဘာလဲဆို- နိဗ္ဗာန်၊ ဒါကြောင့်မို့ နိဗ္ဗာန်ကို အရှိတရားလို့ပြောရင် ရတယ်၊ နိဗ္ဗာန်ကို ဘယ်အကြောင်းက ထုတ်လုပ်တယ်လို့ အကြောင်းတရား ရှာပြီး ပြောစရာ မလိုဘူး၊ နိဗ္ဗာန်ကို ထုတ်လုပ်တဲ့အကြောင်းရယ်လို့ မရှိဘူး၊ သို့သော် နိဗ္ဗာန်ကို ရောက်စေတတ်တဲ့အကြောင်းတော့ ရှိတယ်၊ ဒါနကောင်းမှု လုပ်တယ်၊ သီလ ဆောက်တည်တယ်၊ ကမ္မဋ္ဌာန်း ဘာဝနာ ပွားများအားထုတ်တယ်၊ ဒါတွေက နိဗ္ဗာန်ကို ရောက်စေတဲ့ အကြောင်းတရားတွေပဲ၊ သို့သော် အဲဒီအကြောင်းတရားတွေက နိဗ္ဗာန်ကို ဖန်တီးတဲ့ အကြောင်းတရားတွေ မဟုတ်ဘူး၊ ဒါကြောင့်မို့ နိဗ္ဗာန်သည် အရှိတရား၊ ထာဝရရှိနေတဲ့ အရှိတရားပဲ၊ အဲဒါကြောင့်မို့ '**အဇာတ**' အဖြစ်တရား မဟုတ်ဘူး၊ အရှိတရားလို့ ပြောတာ။

ဘာကြောင့်လဲဆိုတော့ မီးငြိမ်းနေတာကိုပဲ ကြည့်ပေါ့၊ ငြိမ်းအေးမှုဆိုတာ မီးမရှိမှုကို ပြောတာ၊ မီးမရှိတဲ့ နေရာတိုင်းကို ငြိမ်း

http://www.dhammadownload.com



အေးတယ်လို့ ပြောလို့ရလား၊ မီးတောက်ပြီးတဲ့နေရာမှာ အဲဒီ မီးတောက်လေး ငြိမ်းသွားမှ အငြိမ်းကို ပြောလို့ရတာ၊ သို့သော် ငြိမ်းတယ်ဆိုတာ မရှိဘူးလားဆိုတော့ ရှိတယ်၊ အမြဲတမ်းရှိတဲ့ အရာ တစ်ခု၊ ငြိမ်းအေးတယ်ဆိုတဲ့ သဘာဝက အမြဲတမ်းရှိတယ်။ သူ့ကို ဘာနဲ့သတ်မှတ်ပြီး ပြောရလဲဆိုရင် တစ်စုံတစ်ခုကို ရည်ညွှန်းပြီး ပြောရတယ်၊ မီးတောက်၏ ငြိမ်းမှုဆိုတဲ့ အငြိမ်းဟာ ဒီနေရာမှာ မီးတောက်ငြိမ်းသွားတာကို ပြောတာ၊ ကိလေသာတို့၏ငြိမ်းမှု ဆိုတာ ကိလေသာ ချုပ်ငြိမ်းမှုကို ပြောတာ၊ သင်္ခါရတို့၏ငြိမ်းမှု ဆိုတာ သင်္ခါရတွေ ငြိမ်းသွားတာကို ပြောတာ။

မရှိဘူးဆိုတာက စဉ်းစားကြည့် - မရှိဘူးဆိုတာ နဂိုကတည်း က မရှိတာ၊ ဆိုပါစို့ - 'ယုန်မှာ ချိုမရှိဘူး, လိပ်မှာ အမွေးမရှိဘူး' ဆိုတာ လောကမှာ မရှိဘူးလို့ သတ်မှတ်ထားတဲ့အရာဟာ မရှိကို မရှိလို့ မရှိတရားလို့ပြောတာ၊ နိဗ္ဗာန်ဟာ အဖြစ်တရားမဟုတ်, အရှိတရား၊ နိဗ္ဗာန်ဟာ ထာဝရရှိနေတဲ့တရား, မရှိတရားမဟုတ်၊ သို့သော် ထာဝရရှိနေတဲ့ အရှိတရားကို အဖြစ်တရားနဲ့ သတ်မှတ်ပြီး တော့ ပြောကြရတယ်၊ ဥပမာ - 'ဒုက္ခ' ဆိုတာ ဖြစ်ပေါ်လာတဲ့ တရား, ထိုဒုက္ခတရားရဲ့ ချုပ်ငြိမ်းမှုကို ဒုက္ခနိရောဓ - နိဗ္ဗာန်လို့ ဒီလိုပြောတာ၊ အဖြစ်တရားနဲ့ သတ်မှတ်ပြီးတော့ အငြိမ်းဓာတ်ကို ဖော်ပြရတယ်၊ နှိုင်းမို့ဆို နားမလည်နိုင်ဘူး၊ နိဗ္ဗာန်ဆိုတာ သိမ်မွေ့ တယ်၊ သိဖို့ခက်တယ်၊ ဒါကြောင့် နိဗ္ဗာန်အကြောင်းပြောပြီး ငြင်းခုံ စရာ မလိုပါဘူး။

တချို့က နိဗ္ဗာန်အကြောင်းကိုပြောပြီး ငြင်းခုံကြတယ်၊ ငြင်းခုံ စရာ မလိုပါဘူး၊ ကိုယ်မှ မရောက်ဘူးဘဲနဲ့ ဘာဖြစ်လို့ ငြင်းနေမလဲ၊

http://www.dhammadownload.com



မြတ်စွာဘုရားက ဓမ္မစကြာမှာ ဟောထားတာပဲ - နိဗ္ဗာန်ဆိုတာ ဒုက္ခနိရောဓ၊ ဒုက္ခဆိုတာ ဘာလဲ? ရုပ်တွေ နာမ်တွေကို ပြောတာ၊ ဒီတော့ ရှင်းနေတာပဲ - ဒုက္ခချုပ်ငြိမ်းသွားတာ နိဗ္ဗာန်၊ ဘာဖြစ်လို့ ချုပ်ငြိမ်းသွားတာတုန်း၊ အကြောင်းပြတ်သွားလို့ ချုပ်ငြိမ်းသွားတာ။

ဆိုပါစို့ - ဖယောင်းတိုင်လေးတစ်တိုင် ထွန်းထားတယ် - ဖယောင်းဆီလည်း ကုန်သွားတယ်၊ မီးစာလေးလည်း ကုန်သွားတယ်၊ မီးတောက်ကလေး ရှိသေးလား၊ သေချာကြည့် - အဲဒီ မီးတောက်လေးဟာ ဘယ်သူ့အပေါ်မှာ မှီနေသလဲဆိုရင် ဖယောင်းဆီနဲ့ မီးစာပေါ်မှာ မှီနေတယ်၊ အဲဒီ ဖယောင်းဆီလေး ကုန်သွားပြီ, မီးစာလည်း မရှိတော့ဘူးဆိုရင် အဲဒီ ဖယောင်းတိုင်မီးဟာ ရပ်တည်နိုင်သေးလား၊ ဒါ ဘာပြောသလဲဆိုရင် မီးတောက်လေးကို ထောက်ပံ့ထားတဲ့ အကြောင်းတရားနှစ်ခုရှိတယ်၊ (လူမသိတဲ့ အကြောင်းတရားတစ်ခု ရှိသေးတယ်၊ လေပေါ့)၊ မီးစာလည်း ရှိရတယ်, ဖယောင်းဆီလည်း ရှိရတယ်၊ အဲဒီ ဖယောင်းတိုင်မီးလေးကို လေလုံထဲမှာ ထည့်လိုက်မယ်, အပေါ်က တစ်ခုခုနဲ့ အုပ်လိုက်မယ်ဆိုရင် ငြိမ်းသွားမှာပဲလေ၊ အဲဒီသဘောကို အသာထားလိုက်ဦး . . . အကြောင်းတွေ ရှိတယ်ဆိုတာ မှတ်ထား၊ အကြောင်းတွေ ရှိနေသမျှ ကာလပတ်လုံး အဲဒီ မီးတောက်လေးဟာ ဆက်ပြီးရှိနေမှာပဲ၊ အကြောင်းမရှိတော့လို့ ချုပ်သွားပြီ ပျက်သွားပြီဆိုရင် မီးတောက်လေးဟာ နောင် ဘယ်အခါမှ ပြန်မလာတဲ့ ချုပ်ငြိမ်းမှုဘက်ကို ရောက်မှာ၊ အဲဒါလိုပဲ ဒုက္ခဆိုတာ မီးတောက်လေးနဲ့ တူတယ်။

http://www.dhammadownload.com



မီးတောက်လေးနဲ့တူတဲ့ **ဒုက္ခ** ဆိုတာ ဘယ်သူ့ကို ရည်ညွှန်းတာလဲ? ဒီစကားလုံးက အရပ်ထဲမှာပြောတဲ့ စားစရာမရှိလည်း ဒုက္ခ, နေမကောင်းလည်း ဒုက္ခ၊ အဲဒီဒုက္ခကို ပြောတာမဟုတ်ဘူး။ **ဒု**–ဆိုတာ အားမကိုးလောက်ဘူး၊ ပြီးတော့ ကျေနပ်စရာ မကောင်းလို့ စက်ဆုပ် ရွံ့ရှာဖွယ်ကောင်းတယ်ဆိုတဲ့ အဓိပ္ပါယ်၊ **ခ**–ဆိုတာ ကိုယ်ထင်တဲ့အတိုင်း ဘာမှမဟုတ်ဘူး၊ အဲဒီ အဓိပ္ပါယ် နှစ်ခုနဲ့ ရည်ညွှန်းပြီးတော့ ပြောတာ၊ ဒု–ဆိုတာ ကုစ္ဆိတ၊ ဝိသုဒ္ဓိမဂ်မှာ ဒီအတိုင်းပဲ ဖွင့်ဆိုထားတယ်၊ **ကုစ္ဆိတ**–ဆိုတာ ကျေနပ်စရာမကောင်းဘူး, ရွံ့ရှာစရာကောင်းတယ်၊ **ခ**–ဆိုတာ ထင်တဲ့အတိုင်း ဘာမှရှိတဲ့အရာမဟုတ်ဘူး၊ အဲဒီနှစ်ခု ပေါင်းစပ်ထားတာ။

ဒုက္ခဆိုတဲ့ စကားလုံးလေးက ဘယ်သူ့ကို ရည်ညွှန်းတာလဲ ဆိုရင် ဘုန်းကြီးတို့ရဲ့ သန္တာန်မှာ ဖြစ်နေတဲ့ ရုပ်နဲ့ နာမ် ဒီနှစ်ခုကို ရည်ညွှန်းထားတာ။ အဲဒီ ရုပ်နဲ့ နာမ် နှစ်ခုသည် မီးတောက်လေးနဲ့ အလားသဏ္ဍာန်တူတယ်။ အဲဒီ မီးတောက်လေးကို ဖယောင်းဆီနဲ့ မီးစာကနေပြီးတော့ အားပေးနေသလို ဒီဒုက္ခလေးက ဘယ်အပေါ်မှာ တည်နေတုန်းဆိုရင် ဆိုင်ရာ ဆိုင်ရာ အကြောင်းတရားတွေ အပေါ် တည်နေတယ်။ အဲဒီ အကြောင်းတရားတွေ ကုန်ဆုံးသွားတာနဲ့ တစ်ပြိုင်နက် မီးတောက်လေးဟာ ရပ်တည်ခွင့် မရှိတော့ဘူး၊ ပြောမယ်ဆိုရင် နိဗ္ဗာန်ရဲ့သဘောဟာ အဲဒါမျိုးကိုပြောတာ။

ဘဝကို တွယ်တာတဲ့ ပုဂ္ဂိုလ်တွေကတော့ ကြံဖန်ပြီးတော့ နိဗ္ဗာန်ဟာ ပျော်စရာကောင်းတဲ့ဒေသလို့ ဘဝတဏှာနဲ့ တွေးကြပြောကြတယ်၊ ဘဝတဏှာဆိုတာ ဘဝဆက်လက် ဖြစ်ပေါ်နေတာကို ကျေနပ်နေတာ၊ လူတွေဟာ ဘယ်လောက်ပဲ ဒုက္ခရောက်

http://www.dhammadownload.com



နေနေ ဘဝကိုတွယ်တာတဲ့ တဏှာက ဆက်လက်ရှိနေကြတာပဲ, ဖြစ်ချင်နေကြတာပဲ၊ နိဗ္ဗာန်ကျရင် ဘာမှမဖြစ်တော့ဘူးဆိုရင် ကြောက်သွားကြမှာပဲ၊ ဘာဖြစ်လို့လဲဆို ဖြစ်ချင်နေလို့ ဖြစ်ရတာကို ဒုက္ခလို့မြင်ပြီ, မကောင်းဘူးလို့ မြင်ပြီဆိုရင် ဖြစ်ချင်ပါဦးမလား၊ မဖြစ်ချင်တော့ဘူး၊ သင်္ခါရ ဆိုတဲ့ ဒုက္ခလို့ခေါ်ရတဲ့ ရုပ်တွေ နာမ်တွေ လုံးဝချုပ်ငြိမ်းသွားတာကို နိဗ္ဗာန်လို့ခေါ်တယ်။

အဲဒီနိဗ္ဗာန်ဟာ အရှိတရားလို့ ဒီလိုပြောတယ်၊ ဘာဖြစ်လို့လဲဆို ချုပ်ငြိမ်းမှုဆိုတဲ့ သဘာဝလေး ရှိနေတယ်၊ ဒါကို ပြောတာနော်၊ ချုပ်ငြိမ်းမှုဆိုတဲ့ သဘာဝလေးက လောကမှာ ရှိမြဲရှိနေတယ်၊ အမြဲထာဝရ ရှိနေတယ်၊ ခုနက လုပ်လိုက်လို့ ဖြစ်သွားတဲ့အရာ မဟုတ်ဘူး၊ တစ်စုံတစ်ခု လုပ်ပေးလိုက်လို့ ဖြစ်သွားတဲ့ အရာတစ်ခု မဟုတ်ဘူး၊ ချုပ်ငြိမ်းမှုဆိုတာ ထာဝရရှိနေတဲ့အရာတစ်ခု၊ အဲဒါ နိဗ္ဗာန်သဘောကို တွေးတောဆင်ခြင်ပြီးတော့ ကြည့်ဖို့။

## ရုပ်နဲ့ နာမ်က အဖြစ်တရား

ကောင်းပြီ - နိဗ္ဗာန်ဟာ အရှိတရား၊ အခုပြောတဲ့ စိတ်, စေတသိက်, ရုပ် ဆိုတဲ့ ရုပ်နဲ့ နာမ်က အဖြစ်တရားလို့ ဒီလို ပြောတယ်၊ ဘာဖြစ်လို့ အဖြစ်တရားလို့ ပြောသလဲဆို၊ ကြည့် - ခုနက ဖယောင်းတိုင်မီးလေးကို ဘယ်သူက မွေးဖွားပေးလိုက်လဲ ဆိုရင် အကြမ်းဖျဉ်းပြောမယ်ဆိုရင် မီးခြစ်ဘူးကနေ မွေးဖွားပေး လိုက်တာ၊ မီးခြစ်ဘူးလေး သို့မဟုတ် ဂက်စ်မီးခြစ်ကို ခြစ်လိုက်ရင် မီးတောက်လေး မဖြစ်ဘူးလား၊ အဲဒီ မီးတောက်လေးကို ဖယောင်းတိုင်မှာရှိတဲ့ မီးစာလေးကို ကူးပေးလိုက်တာ၊ ဂက်စ်

http://www.dhammadownload.com



မီးခြစ်မှာ ရှိနေတုန်းက မီးတောက်လေးဟာ ဂက်စ် ဆိုတာရယ်, ဘီးလုံးလေးရဲ့သံရယ်, အဲဒီ ဘီးလုံးကို ဖိပွတ်မှုကြောင့် အပူဓာတ်ဖြစ်တာရယ်, လူတစ်ယောက်ရဲ့ဖိအားရယ် အဲဒီ အကြောင်းသုံးခု ပေါင်းစုံမှုကြောင့် မီးတောက်လေး ပေါ်လာတယ်၊ အဲဒီ မီးတောက်လေးကို ဘယ်ဟာတွေက ဆက်ပြီးတော့ ထောက်ပံ့ကူညီနေသလဲ ဆိုရင် ဖယောင်းတိုင်မှာရှိတဲ့မီးစာနဲ့ ဖယောင်းဆီက ဆက်ပြီးတော့ ကူညီနေတယ်၊ အကြောင်းတွေက ထောက်ပံ့နေတာ မဟုတ်လား။

အဲဒီလိုပဲ- လူ့ရဲ့ခန္ဓာကိုယ် ရုပ်နာမ်တရားမှာလည်း ဆိုင်ရာဆိုင်ရာ ဖြစ်စေတတ်တဲ့အကြောင်းရှိသလို ထောက်ပံ့ပေးတတ်တဲ့ အကြောင်းလည်း ရှိတယ်၊ အကြောင်းဆိုတာ အမျိုးမျိုးရှိတယ်၊ 'ဇနက' ဆိုတာ ဖြစ်စေတဲ့အကြောင်း၊ အဲဒါကို producing cause လို့ ခေါ်တယ်၊ ဖြစ်စေတဲ့အကြောင်း ထုတ်လုပ်တဲ့အကြောင်း။

ဖယောင်းတိုင်တို့ မီးစာတို့က မီးတောက်လေးကို မွေးဖွားပေးတာ ဟုတ်ရဲ့လား၊ မဟုတ်ဘူးနော်၊ ဆက်လက် ရှင်သန်နေအောင် ထောက်ပံ့ပေးတာသာ ဖြစ်သောကြောင့် သူတို့ကို ကျတော့ supporting cause 'ဥပတ္ထမ္ဘက' လို့ ခေါ်တယ်၊ ထောက်ပံ့ထားတဲ့အကြောင်း၊ လေကလေးကို ပြောမယ်ဆိုရင် အောက်ဆီဂျင်ပေါ့၊ အဲ့လေက supporting cause၊ ထုတ်လုပ်ထားတဲ့အရာကို supporting cause က ထိန်းပေးထားတာ၊ အဲဒီ cause တွေ မရှိတော့ဘူးဆိုတာနဲ့ တစ်ပြိုင်နက် ဒီမီးတောက်လေးရဲ့ ရှင်သန်မှုဟာ ရပ်ဆိုင်းသွားတယ်၊ လူ့ဘဝ လူ့ခန္ဓာလည်း ဒီအတိုင်းပဲ၊ producing cause ရှိတယ်, supporting cause ရှိတယ်၊ အဲဒီ cause နှစ်ခုရှိတဲ့ အချိန်လေးမှာပဲ ရှိနေတာ။

http://www.dhammadownload.com

http://www.dhammadownload.com



အဲဒီ အကြောင်းတရားတွေကို ကြည့်လိုက်ရင် သူတို့ကလည်း မြဲသလားဆိုရင် မမြဲဘူး၊ သူတို့မှ မမြဲဘဲနဲ့ သူတို့ ထောက်ပံ့ပေးထားတဲ့အရာက ဘယ်လိုလုပ် မြဲလို့ရမလဲ။

မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ ရှင်းရှင်းလေး ဟောထားတယ် - **"အနိစ္စသမ္ဘူတံ"** "မမြဲတဲ့ အကြောင်းတရားက ထုတ်လုပ်လိုက်တဲ့ အကျိုးတရားဟာ" **"ကုတော နိစ္စံ ဘဝိဿတိ"** "ဘယ်လိုလုပ် မြဲနိုင်မှာတုန်း" တဲ့၊ အရပ်ပြောနည်း ပြောထားတာနော်၊ **"အနိစ္စသမ္ဘူတံ ကုတော နိစ္စံ ဘဝိဿတိ"** "မမြဲတဲ့

http://www.dhammadownload.com



ဖြစ်လာတဲ့တရား ဆိုကတည်းက ဆိုင်ရာ အကြောင်းတရားက ထုတ်လုပ်လိုက်လို့ ဖြစ်ပေါ်လာတာ၊ ဖြစ်လာပြီးတော့လည်း ပျက်စီးသွားရတယ်၊ နောက်အကြောင်းတရားတစ်ခုက ထပ်ပြီး တော့ ထုတ်လုပ်တယ်၊ မပြတ်ထုတ်လုပ်နေတဲ့အတွက် ရပ်တန့်ပြီး မနေဘူး၊ ဆက်ဆက်ပြီး ဖြစ်နေတယ်၊ တစ်ခါထုတ် တစ်ခါ ဖြစ်တယ်၊ နောက်တစ်ခါထုတ် နောက်တစ်ခါဖြစ်တယ်။

ယခုလို စိတ်ဟာ သူ့ဆိုင်ရာဆိုင်ရာ အကြောင်းတွေကြောင့် ဖြစ်တာ၊ စိတ်ဟာ ဘယ်မှာရှိသလဲဆို ဦးနှောက်ထဲမှာရှိတယ်လို့ ပြောလို့ရမလား၊ condition တစ်ခုအနေနဲ့တော့ ပြောလို့ရတာပေါ့၊ နှလုံးသားထဲမှာရှိတယ်လို့ ပြောလို့ရမလား၊ အဘိဓမ္မာသင်ထားတဲ့ ပုဂ္ဂိုလ်တွေက ဟဒယဝတ္ထုကိုမှီပြီး ဖြစ်တယ်ဆိုတော့ ဟဒယ ဝတ္ထုထဲမှာ စိတ်ရှိနေသယောင်ယောင် ဒီလိုထင်ကြတယ်။

တချို့ကျတော့ စိတ်ဟာ ရုပ်ရဲ့အကျိုးဆက်လို့ ဒီလို ယူဆတဲ့ ပုဂ္ဂိုလ်တွေလည်းရှိတယ်၊ အနောက်တိုင်းက ပုဂ္ဂိုလ်တွေက စိတ် ဆိုတာ ဦးနှောက်ကို ခေါ်တာလို့ ယူဆကြတယ်၊ ဦးနှောက်နဲ့ စိတ်က တခြားစီ၊ ဆိုပါစို့ - ဂက်စ်မီးခြစ်လေးထဲမှာ အမာအမာချင်း ပွတ်လို့ရအောင် ဘီးလေးပါတယ်၊ ဂက်စ်ပါတယ်၊ လူတစ်ဦး တစ်ယောက်ရဲ့ အားစိုက်မှု ဖိခြစ်မှုလေးပါတယ်၊ အဲဒီအကြောင်း တွေ ဆုံလိုက်တဲ့အခါမှ မီးတောက်ကလေးဆိုတာ ပေါ်လာတာ၊ အဲဒီလိုပဲ လူ့ရဲ့သန္တာန်မှာ ကံတရားက ဖန်တီးပေးထားတဲ့ possibility ဖြစ်နိုင်ခြေလေးတွေတော့ရှိတယ်၊ သေချာတွေးကြည့် ဂက်စ်မီးခြစ်ထဲမှာ မီးရှိသလားဆိုရင် ဘယ်လိုဖြေမလဲ။

http://www.dhammadownload.com



ဘုန်းကြီးတို့ မနှစ်တုန်းက မေလမှာ ဂျာမနီနားက ဩစတြီးယားနိုင်ငံ၊ မြို့တော် ဗီယင်နာ ရောက်ခဲ့တယ်၊ ဗီယင်နာ တက္ကသိုလ်ကြီးက အကြီးကြီး၊ ဗီယင်နာတက္ကသိုလ် ပါမောက္ခ တစ်ယောက်က ဖိတ်ပြီး "စိတ်အကြောင်း ဟောပေးပါ" ဆိုလို့ နှစ်ရက်သွားဟောတယ်၊ ပြီးတော့ မေးခွန်းတွေမေးတယ်၊ အဲဒီမှာ Psychology နဲ့ ပါမောက္ခ တစ်ယောက်ကို စိတ်နဲ့ ပတ်သက်ပြီး ဘုန်းကြီးက မေးလိုက်တယ် - "စိတ်ဟာ လူရဲ့သန္တာန်မှာ ရှိနေသလား ဘယ်မှာရှိသလဲ" - "ဦးနှောက်ထဲမှာရှိတယ်" လို့ ဖြေတယ်၊ သူတို့က ဦးနှောက်ကိုပဲ စိတ်လို့ယူတာရှိတယ်၊ အဲဒီလိုဖြေတော့ ဘုန်းကြီးက မေးလိုက်တယ်၊ "အဲလိုဆိုရင် ဂီတာထဲမှာ အသံရှိနေသလား၊ piano ထဲမှာ အသံရှိနေလား" ဆို "မရှိဘူး" "ဒါဖြင့် အဲဒီအသံဟာ ဘယ်ကရောက်လာသလဲ" ဆိုရင် တီးခတ်တဲ့ ပုဂ္ဂိုလ်နဲ့ ခုနက ဆိုင်ရာဆိုင်ရာ အကြောင်းတွေ ဆုံလို့ပေါ့၊ ဂက်စ်မီးခြစ်ထဲမှာ မီးရှိနေလား? မရှိဘူး၊ အဲဒီလို မရှိတာမျိုး၊ လူရဲ့ ဦးနှောက်ထဲမှာ စိတ်ရှိနေတာ မဟုတ်ဘူး, နှလုံးသားထဲမှာ စိတ်ရှိနေတာ မဟုတ်ဘူး၊ ဆိုင်ရာဆိုင်ရာ အကြောင်းတရားတွေကြောင့်သာ ဖြစ်ပေါ်လာတယ်လို့ ဗုဒ္ဓဘာသာ တရားတော်အရ ဒီလို နားလည် ရပါတယ်လို့ ထပ်ပြီးတော့ ရှင်းပြရတယ်။

သူတို့ စဉ်းစားသွားတယ်၊ သူတို့တစ်သက်လုံး ဦးနှောက်ကိုပဲ စိတ်လို့ ခေါ်လာတာ၊ အမြင်အာရုံက မျက်စိကနေ ဝင်လာတယ်၊ အဆင့်ဆင့် သတင်းပို့ပြီး လှုပ်ရှားသွားတာဟာ စိတ် ဖြစ်ပေါ်လာတယ်ပဲလို့ ယူဆကြတယ်။ အတွေးအခေါ် ပြောင်းဖို့ဟာ ရုတ်တရက် အင်မတန်မှ ခက်ခဲတယ်။

http://www.dhammadownload.com



ဗုဒ္ဓတရားတော်အရ ဒီ အာရုံကြောတွေ ဘာတွေ ဆိုတာ possibility စိတ်ဖြစ်ပေါ်စေနိုင်တဲ့ နေရာဌာနမျိုးသာ ဖြစ်တယ်၊ စိတ်မဟုတ်ဘူး၊ ရုပ်တရားမျှသာ ဖြစ်တယ်၊ စိတ်ဆိုတာဟာ ရုပ်တရားကို အမှီပြုပြီးဖြစ်တဲ့ သဘာဝတရားတစ်ခုပဲ၊ ရုပ်ကိုလည်း စိတ် ခေါ်တာမဟုတ်လား၊ တချို့က ရုပ်ကို စိတ်လို့ယူဆကြတယ်၊ စိတ်ဆိုတာ မရှိဘူး၊ ရုပ်ရဲ့လှုပ်ရှားမှုသာ ဖြစ်တယ်လို့ ဒီလိုဆိုတဲ့ ပုဂ္ဂိုလ်က ဆိုတယ်။

အေး- ထားတော့၊ ဘုန်းကြီးတို့ အဘိဓမ္မာကျမ်းအရ စိတ်ဆိုတာဟာ အရှိတရားမဟုတ်ဘူး၊ အဖြစ်တရားလို့ ပြောလို့ရတယ်၊ အရှိတရားဆိုတာ နိဗ္ဗာန်၊ အဖြစ်တရားဆိုတာ အကြောင်းကို ငဲ့နေရတယ်၊ အကြောင်းဆုံစည်းမှ ဖြစ်တယ်၊ ဒါကြောင့်မို့ စိတ်ဟာ အဖြစ်တရား၊ အဖြစ်တရားဖြစ်လို့ မြတ်စွာဘုရားက ဓမ္မသင်္ဂဏီ ပါဠိတော်မှာ **"ဥပ္ပန္နံ ဟောတိ"** ဆိုပြီး အကြောင်းတရားတွေနဲ့ အကျိုးတရားတွေ ဒီလိုဟောတာ၊ **"ဥပ္ပန္နံတိ"** နဲ့ ဟောတာ၊ "ဖြစ်တယ်" လို့ပဲ ဟောထားတာ၊ "ရှိတယ်" လို့ မဟောဘူး။

## စိတ်ဖြစ်ပုံ အကျဉ်း

စိတ်ဟာ ဘယ်လိုဖြစ်ပေါ်လာသလဲ ဆိုတာကို လေ့လာကြည့်ဖို့အတွက် လိုအပ်တဲ့ အခြေခံအချက်ကလေးတွေကို ပထမကြည့်ရမယ်၊ ရုပ်ကိုအမှီပြုပြီး စိတ်ကဖြစ်ပေါ်လာတယ်၊ နေရာတိုင်းမှာတော့ စိတ်ကို မဖြစ်စေနိုင်ဘူးပေါ့၊ ဖြစ်ပေါ်စေနိုင်တဲ့ ရုပ်တွေကို ကြည့်ရမယ်ဆိုရင် - စိတ်ဆိုတာ ဝတ္ထုနဲ့အာရုံ ဆုံလို့ဖြစ်တာ။

http://www.dhammadownload.com



ရှင်းအောင် ပြောရမယ်ဆိုလို့ရှိရင် လက်နဲ့စည်နဲ့ ထိမိသွားလို့ ရှိရင် အသံမထွက်လာဘူးလား၊ လက်နဲ့စောင်းကြိုးနဲ့ ထိမိသွားလို့ ရှိရင် အသံမထွက်လာဘူးလား၊ ဆုံစည်းမှုဆိုတာ တီးခတ်တာကို ပြောတာ၊ ဆုံစည်းမှုသည် အသံထွက်ပေါ်လာခြင်းရဲ့ အကြောင်း ဖြစ်သလိုပဲ လူ့ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တရားတွေနဲ့ သို့မဟုတ် နာမ် တရားနဲ့ ပြင်ပဗဟိဒ္ဓိက အာရုံတွေနဲ့ ဆုံစည်းမှုဟာ စိတ်ဖြစ်ပေါ်ဖို့ အကြောင်းတစ်ခုဖြစ်တယ်၊ စာလိုပြောရရင် ဝတ္ထုနဲ့ အာရုံ၊ ဝတ္ထု ဆိုတာ စိတ်ရဲ့ဖြစ်ရာတည်ရာ၊ စိတ်ရဲ့တည်ရာမှီရာလို့ ဒီလိုပြောရ မယ်။

ဥပမာ - စောင်းသံဆိုပါတော့ စောင်းသံက ဘာကိုမှီနေလဲ ဆိုရင် စောင်းကြိုးနဲ့စောင်းအိုးကိုမှီနေတာ၊ စောင်းကြိုးနဲ့စောင်းအိုး သည် စောင်းသံရဲ့ မှီရာဖြစ်တယ်၊ လူရဲ့လက်က စောင်းသံရဲ့မှီရာ ဟုတ်ရဲ့လား၊ လက်ကထွက်တဲ့အသံ မဟုတ်ဘူးနော်၊ စောင်းကြိုးနဲ့ စောင်းအိုးကနေ ထွက်လာတဲ့အသံ၊ ဒါကြောင့်မို့ ဒီအသံလေးဟာ စောင်းကြိုး, စောင်းအိုးကို မှီတယ်၊ လက်ကို မှီတာမဟုတ်ဘူး၊ ထို့အတူပဲ မျက်စိနှစ်လုံးဖွင့်ပြီး ကြည့်လိုက်ရင် အမြင်အာရုံလေး သည် မျက်စိလာပြီးတော့ ထိလိုက်တယ်၊ အာရုံနဲ့ဝတ္ထု ထိခိုက်တာ၊ ဒီ ထိခိုက်မှုလေးဟာ သာမန်ပုဂ္ဂိုလ်တွေ ကြားနိုင်လောက်တဲ့ အနေအထား မရှိဘူး၊ သို့သော် သူ့ရဲ့ စွမ်းအားက စိတ်တစ်ခုကို ဖြစ်ပေါ်စေနိုင်လောက်အောင် ပြင်းထန်တယ်၊ မျက်စိနဲ့ အဆင်း အာရုံနဲ့ ဆုံလိုက်တာဟာ ထိလိုက်တာပဲ။

လူတွေကတော့ ထိလိုက်တယ်လို့မသိလိုက်ဘူးပေါ့၊ ဥပမာ- အသံက နားကိုထိလိုက်တယ်၊ အနံ့က နှာခေါင်းကို ထိလိုက်တယ်၊

http://www.dhammadownload.com



အရသာက လျှာကိုထိလိုက်တယ်၊ ဖောဋ္ဌဗ္ဗာရုံက ခန္ဓာကိုယ်ကို ထိလိုက်တယ်၊ ဒါကတော့ ထိမှန်းသိသာတယ်၊ အဆင်း ရူပါရုံ လေးက မျက်စိကို လာထိတာကျတော့ သိပ်မသိသာဘူး၊ သို့သော် ထိခိုက်မှုစွမ်းအားဟာ ဘယ်လောက်ပြင်းလဲဆိုရင် ထိခိုက်မှုလေးက စိတ်တစ်ခုကို မွေးဖွားစေနိုင်တယ်။

ဒါကြောင့် မြတ်စွာဘုရားက သုတ္တန်ပါဠိတော်တွေမှာ **"စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"** "စက္ခုပသာဒရုပ်နဲ့ အဆင်းအာရုံ ဒီနှစ်ခုကိုမှီပြီး စက္ခုဝိညာဏ်စိတ် ဖြစ်ရတယ်" လို့ ဒီလိုဟောတာ၊ ဒီတော့ စက္ခုဝိညာဏ်လို့ခေါ်တဲ့ မြင်သိစိတ်လေး သည် မျက်စိထဲမှာလည်း ရှိနေတာမဟုတ်ဘူး၊ ထို စက္ခုပသာဒရုပ် မျက်စိကိုလာထိတဲ့ ရူပါရုံထဲမှာလည်း ရှိနေတာမဟုတ်ဘူး၊ သူတို့ နှစ်ခုကြားမှာ ရှိနေတာလည်း မဟုတ်ဘူး၊ ဘယ်မှာမှ ရှိနေတာ မဟုတ်ဘူး၊ ဒါကြောင့်မို့ အရှိတရား မဟုတ်ဘူးလို့ပြောတာ။

ဒီထက်ပိုရှင်းအောင် စဉ်းစားကြည့်ပေါ့၊ စောင်းကြိုးလေးကို လက်နဲ့တီးခတ်လို့ စောင်းသံလေး ထွက်လာတယ်၊ အဲဒီ စောင်းသံ လေးဟာ စောင်းကြိုးထဲမှာ ရှိနေသလားလို့ စဉ်းစားကြည့်ပေါ့၊ ထူး မခြားနား သီချင်းနဲ့ ကိုက်အောင်တီးရင် ထူးမခြားနား သီချင်းသံ ထွက်တယ်၊ ဒိုပြင် သီချင်းတီးရင် ဒိုပြင် သီချင်းသံ ထွက်တယ်၊ ဟုတ်ရဲ့လား၊ ရှိနေတာမဟုတ်ဘူး၊ ဒီတော့ စောင်းကြိုးလေးနဲ့ လက်လေး ထိခိုက်မှုသည် အကြောင်းတစ်ခု ဖြစ်လာတယ်။ စောင်းအိုးထဲ၊ စောင်းကြိုးထဲမှာလည်း ဒီအသံရှိနေတာ မဟုတ်ဘူး၊ တီးခတ်နေတဲ့ လက်ထဲမှာလည်း ဒီအသံ ရှိနေတာမဟုတ်ဘူး၊ လက်နဲ့ကြိုး ကြားထဲမှာလည်း ရှိနေတာမဟုတ်ဘူး၊ ဘယ်မှာမှ

http://www.dhammadownload.com



မရှိဘူးဆိုတာ သေချာတယ်၊ သို့သော် ဘယ်ကရောက်လာတုန်းလို့ မေးရင် အကြောင်းကြောင့် ဖြစ်လာတာ။

အဲဒါကို ဝိသုဒ္ဓိမဂ်မှာ ရှင်းရှင်းလေး ရေးထားတာရှိတယ်။ **"န စက္ခုတော ဇာယရေ ဖဿ ပဥ္စမာ"** "ဖဿလျှင် ငါးခုမြောက်ရှိတဲ့ နာမ်တရားတွေဟာ မျက်လုံးထဲက ထွက်လာတာလည်း မဟုတ်ဘူး"၊ **"န ရူပတော"** "မြင်စရာရူပါရုံက ထွက်လာတာလည်း မဟုတ်ဘူး"၊ **"နော စ ဥဘိန္န မန္တရာ"** "အဲဒီနှစ်ခုကြားက ထွက်လာတာလည်း မဟုတ်ဘူး"၊ **"ဟေတုံ စ ပဋိစ္စ ပ္ပဘဝန္တိ သင်္ခတာ"** "သင်္ခတ တရားတွေဆိုတာ အကြောင်းကနေ စလာတာ" တဲ့၊ အကြောင်းကြောင့် ဖြစ်တယ်လို့ ပြောတာ။

နားလည်အောင်လို့ ဥပမာလေးပါ ရေးထားတယ်- **"ယထာပိ သဒ္ဒေါ ပဟဋ္ဌာယ ကာရိယာ"** စည်တီးလိုက်လို့ ဖြစ်ပေါ်လာတဲ့ အသံလေးလိုပဲ ကဲ နားမလည်စရာ အကြောင်းကို မရှိဘူး။ ဒါကြောင့်မို့ စိတ်ဆိုတာ အဖြစ်တရားလို့ပြောတာ၊ အကြောင်းတရားတွေ ပေါင်းဆုံလို့ ဖြစ်တဲ့တရား၊ အကြောင်းတရားတွေဆုံမှ ဖြစ်တယ်ဆိုတော့ အကြောင်းတရားတွေ မဆုံရင် မဖြစ်ဘူးဆိုတဲ့ အဓိပ္ပါယ် မရဘူးလား။

ပဋိစ္စသမုပ္ပါဒ်ကို မြတ်စွာဘုရားဟောတဲ့အခါ **"ဣမဿ ဥပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ"** 'ဒါဖြစ်လို့ ဟိုဟာဖြစ်တာ"၊ "အကြောင်းဖြစ်လို့ အကျိုးဆိုတာဖြစ်တာ"၊ **"ဣမသ္မိံ သတိ ဣဒံ ဟောတိ"** "ဒါရှိနေရင် ဟိုဟာရှိမှာပဲ"၊ ရည်ညွှန်းချက်လေးနဲ့ ဟောတာ၊ ဘုရားက စကားလုံးတိုတိုလေးနဲ့ရှင်းပြတာ၊ ဒါရှိလို့ ဟိုဟာရှိနေတာ၊ ဒါဖြစ်လို့ ဟိုဟာ ဖြစ်နေတာ၊ ဟိုဟာမရှိရင် ဒီဟာလည်း

http://www.dhammadownload.com



မရှိတော့ဘူး၊ ဟိုဟာငြိမ်းရင် ဒီဟာလည်း ငြိမ်းသွားမှာပဲတဲ့၊ ပဋိစ္စသမုပ္ပါဒ်ကို ဟောဒီ စာပိုဒ် ၄-ကြောင်းနဲ့ မြတ်စွာဘုရားက ဟောထားတာ။

အဲဒီတော့ သဘာဝတရားတွေက အလွန်ရှင်းရှင်းလင်းလင်း ရှိသော်လည်းပဲ လူတွေရဲ့အသိဉာဏ်က သဘာဝတရားကို ထိုးထွင်းပြီးမြင်ဖို့ တော်တော်ခက်တယ်၊ **'ဒုဒ္ဒသတ္တာ'** မြင်နိုင်ခဲတယ်၊ မြင်နိုင်ခဲသည့်အတွက် **'ဂမ္ဘီရ'**– နက်တယ်လို့ ပြောတာ၊ သာမန် အတွေး၊ သာမန်အသိဉာဏ်နဲ့ မသိနိုင်ဘူးတဲ့။

ဒါကြောင့်မို့ စိတ်ဆိုတဲ့တရားက အဖြစ်တရားပဲ, အရှိတရား မဟုတ်ဘူး၊ ဒါဖြင့် ဘယ်ပုံဖြစ်သလဲလို့ မေးလို့ရှိရင် အာရုံနဲ့ ဝတ္ထု ဆုံစည်းထိခိုက်လို့ ဖြစ်ပေါ်လာတာ၊ ဒါ အဖြေအကျဉ်းလေးပေါ့ နော်၊ အာရုံနဲ့ဝတ္ထု ဆုံမိလို့ ဖြစ်တာတဲ့။

## စိတ်ရဲ့မှီရာ ဝတ္ထုရုပ်၆-မျိုး

ဒီနေရာမှာ "ဝတ္ထု" ဆိုတာ စိတ်ရဲ့တည်ရာမှီရာ ရုပ်သဘာဝ တရားတွေကိုခေါ်ပါတယ်၊ ခုနတုန်းက စောင်းသံလေးဟာ ဘယ်က လာတုန်းဆို စောင်းကြိုး, စောင်းအိုးက လာတာဆိုတော့ စောင်းအိုး စောင်းကြိုးသည် စောင်းသံရဲ့ တည်ရာဖြစ်တယ်၊ စည်သည် စည်သံ ရဲ့ တည်ရာဖြစ်တယ်။

ဒီလိုပဲ စိတ်ရဲ့တည်ရာ ဝတ္ထုရုပ်ဟာ ၆-မျိုး ရှိတယ်၊ ကိုယ့် ခန္ဓာကိုယ်ကို ကြည့်လိုက်ရင် မှတ်ဖို့လွယ်ပါတယ်၊ အရပ်ခေါ်နဲ့ပဲ ပြောလိုက်ပေါ့၊ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်နဲ့ "ဟဒယဝတ္ထု" ဆိုပြီး ဝတ္ထုရုပ် ၆-ပါးလို့ ခေါ်တယ်။ စက္ခုဝတ္ထု, သောတဝတ္ထု,

http://www.dhammadownload.com



ယာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထု - ဒါ စိတ်ရဲ့ မှီရာ တည်ရာ ဝတ္ထုရုပ် ၆-ပါးလို့ ခေါ်တယ်၊ ရုပ်ကိုမှီပြီး စိတ်ဖြစ်တယ် ဆိုတဲ့သဘောကို ပြောတာ။

စိတ်နဲ့ရုပ်ဟာ အပြန်အလှန်အကျိုးပြုလျက်ရှိတယ်၊ သို့သော် ရုပ်ကိုမမှီဘဲနဲ့ ဖြစ်နိုင်တဲ့စိတ်တွေလည်း ရှိသေးတယ်၊ လူ့ပြည် မှာတော့ မရှိဘူး၊ ရုပ်မဲ့ဘုံ စိတ်ချည်းသက်သက်ဖြစ်တဲ့ဘုံ၊ အရူပ ၄-ဘုံမှာဆိုရင် မှီရာဝတ္ထုရုပ်မရှိဘဲ ဖြစ်တယ်။

ဒါကြောင့် စေတသိက်ပိုင်း အစနားမှာ "သမ္ပယုတ္တ" - ယှဉ်တယ်ဆိုတာ ရှုထောင့် ၄-ခုကနေ ပြောထားတာ၊ ယှဉ်တယ် ဆိုတဲ့ ရှုထောင့် ၄-ခုက (၁) ဖြစ်ရာဌာနဆိုတဲ့ မှီရာဝတ္ထုရုပ်လည်း တူရမယ်၊ (၂) အာရုံလည်း တူရမယ်၊ (၃) တစ်ပြိုင်နက် ဖြစ်ရမယ်၊ (၄) တစ်ပြိုင်နက် ချုပ်ရမယ်၊ ဟောဒီ ၄-ခုတူမှ တစ်ခုတည်းလို့ ပြောရမယ်၊ တစ်ခုက တစ်နေရာကပေါ်တယ်, အာရုံကလည်း တစ်နေရာဆီကို သွားနေတယ်ဆိုရင် မဟုတ်ဘူး၊ တစ်ခုတည်းလို့ ပြောလို့မရဘူး၊

တစ်ခုတည်းဆိုပေမယ့် တကယ်တော့ တစ်ခုတည်း မဟုတ် ဘူး၊ associated ဖြစ်သည့်အတွက်ကြောင့် တစ်ခုတည်းလို့ ထင်နေရတာ၊ တစ်ခုတည်းလို့ထင်အောင် စုစည်းထားတာ "**ဃန**" (အစုအခဲ) လို့ ခေါ်တယ်။ တကယ်တော့ တစ်ခုတည်း မဟုတ်ဘူး။

ဆိုပါစို့- စက္ခုဝိညာဏ်စိတ်ဖြစ်လာရင် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု ဆိုတာ အတူဖြစ်တယ်၊ စက္ခုဝိညာဏ်နဲ့ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ခုတို့ဟာ မှီရာဝတ္ထုရုပ်လည်း တူတယ်၊ အာရုံလည်းတူတယ်၊ ဖြစ်တဲ့အချိန်ပိုင်းလည်းတူ၊ ပျက်တဲ့

http://www.dhammadownload.com



အချိန်ပိုင်းလည်း တူတယ်ဆိုတော့ as one တစ်ခုတည်းလို ဖြစ်နေတာ၊ ကွဲပြားခြားနားမှုမရှိဘူး၊ လူတွေရဲ့စိတ်ထဲမှာ တစ်ခုတည်းလို့ပဲ မြင်တော့တာ၊ တကယ်တော့ တစ်ခုတည်းမဟုတ်ဘူး၊ ၈-ခု၊ စိတ်ကလေးက-၁, စေတသိက်က-၇၊ ပေါင်း ၈-ခု၊ unity of eight ရှစ်ခုကိုတစ်ခု ဖွဲ့စည်းထားတာ၊ ခုနက ပြောသလို ဖြစ်လာတဲ့နေရာကလည်း အတူတူပဲ၊ ပျော်မွေ့တဲ့နေရာကလည်း အတူတူပဲ၊ ဖြစ်တဲ့ အချိန်ပိုင်းကလည်း အတူတူပဲ၊ ပျက်တဲ့ အချိန်ပိုင်းကလည်း အတူတူပဲ၊ တစ်ခုကဲ့သို့ ဖြစ်သွားတာ၊ အဲဒါကို association ခေါ်တယ်။ **သမ္ပယုတ္တပစ္စယော**ဆိုတာ အဲဒီပုံစံနဲ့နေတာကိုပြောတာ။

စိတ်အကြောင်းကိုလေ့လာတော့မယ်ဆိုရင် ဝတ္ထုရုပ် ၆-ပါးကို သိရမယ်၊ အဲဒီဝတ္ထုရုပ်ကို ခန္ဓာကိုယ်ထဲမှာ ရှာကြည့်လိုက်မယ်ဆိုရင် စက္ခုပသာဒရုပ်လို့ ခေါ်တဲ့ စက္ခုဝတ္ထု၊ သောတပသာဒ ရုပ်လို့ခေါ်တဲ့ သောတဝတ္ထု၊ ဃာနပသာဒရုပ်လို့ ခေါ်တဲ့ ဃာနဝတ္ထု၊ ဇိဝှါပသာဒရုပ်လို့ ခေါ်တဲ့ ဇိဝှါဝတ္ထု၊ ကာယပသာဒရုပ်လို့ ခေါ်တဲ့ ကာယဝတ္ထု၊ ကျန်တဲ့စိတ်တွေရဲ့မှီရာ ဟဒယဝတ္ထုလို့ ဝတ္ထုရုပ် ၆-ပါးရှိတယ်၊ အဲဒီဝတ္ထုရုပ် ၆-ပါးမှာ အာရုံတွေ လာပြီးပေါ်တာဟာ စိတ်ဖြစ်ခြင်းရဲ့ အကြောင်းပဲ။

အဲဒါကို ဗုံ ၆-လုံးလို သဘောထားကြည့်မယ်ဆိုရင် ဗုံ ၆-လုံးကို တုတ်လေး ၆-ချောင်းနဲ့ တီးရင် အသံထွက်လာတယ်၊ သူ့ဟာသူ ဒီအတိုင်းထားလို့ရှိရင် အသံထွက်ပါ့မလား၊ မထွက်ဘူး၊ အခု သာသာတီးရင် အသံတိုးတိုးထွက်မယ်, ပြင်းပြင်းတီးရင် အသံကျယ်ကျယ် ထွက်မယ်၊ ဗုံနဲ့တုတ်နဲ့ ထိမှပဲ အသံထွက်တယ်၊ စိတ်

http://www.dhammadownload.com



ဆိုတာ ဒီလိုပဲ၊ အာရုံနဲ့ဝတ္ထု ဆုံစည်းသည့်အတွက်ကြောင့် စိတ်ကလေး ဖြစ်လာရတယ်။

ဥပမာ- လျှပ်စစ်မီးလင်းဖို့ generator တစ်ခု မောင်းထားမယ်ဆိုရင် generator က လည်ပတ်နေတဲ့နှုန်းတွေနဲ့ ထိနေလို့ မီးလေးလင်းနေတာ မဟုတ်လား၊ အဲဒီ ထိမှု ရပ်တာနဲ့တစ်ပြိုင်နက် အမှောင်ဖြစ်သွားမှာ၊ အဲဒီလို အဆက်မပြတ် ထုတ်လုပ်နေလို့ လူတွေရဲ့ စိတ်ဟာမှာ တစ်ခုတည်းလို တည်မြဲနေတဲ့ အရာကြီးကို အမြဲရှိနေတဲ့တရားလို့ ထင်ရတာ၊ စိတ်ကို လည်ပတ်နေတဲ့နှုန်းနဲ့ ထုတ်နေရတာ မဟုတ်လား၊ ရပ်နေတာ မဟုတ်ဘူး၊ ပြေးနေတာ၊ ထုတ်နေတဲ့ အကြောင်းတရားက ပြေးနေသလို၊ အကျိုးတရားကလည်း ပြေးလိုက်နေတာ၊ ပေါ်နေတာ။

အဲဒီမှာ ဝတ္ထုရုပ် ၆-ပါးမှာ - စက္ခုဝတ္ထုဆိုတာ စက္ခုပသာဒရုပ်၊ သောတဝတ္ထုဆိုတာ သောတပသာဒရုပ်၊ ဃာတဝတ္ထုဆိုတာ ဃာနပသာဒရုပ်၊ ဇိဝှါဝတ္ထုဆိုတာ ဇိဝှါပသာဒရုပ်၊ ခန္ဓာကိုယ်မှာ ဘယ်နေရာထိထိ သိတဲ့နေရာမှာ ကာယပသာဒရုပ်၊ ကျန်တဲ့ စိတ်ရဲ့ တည်ရာဟာ ဟဒယဝတ္ထုရုပ်။

ဟဒယဝတ္ထုရုပ် အကြောင်းကို ဘုန်းကြီးတို့ အဘိဓမ္မာ မြတ်ဒေသနာ အပိုင်း-၁ ရုပ်အကြောင်းကို လေ့လာသုံးသပ်ခြင်း အပိုင်းမှာ ပြောပြီးဖြစ်တယ်၊ ဟဒယဝတ္ထုဆိုတာ အခြားစိတ်တွေက မှီပြီး ဖြစ်တဲ့နေရာ၊ ဝမ်းသာ ဝမ်းနည်းတယ်ဆိုတာ နှလုံးသားမှာ ထင်ရှားတယ်၊ စဉ်းစားတွေးခေါ်တယ်ဆိုရင် ဦးနှောက်မှာ ထင်ရှားတယ်၊ အကြောင်းအကျိုးအနေနဲ့ တစ်နေရာ ဆက်စပ်ပြီး ဖြစ်တယ်လို့ မှတ်ရမယ်။

http://www.dhammadownload.com



မြတ်စွာဘုရားကိုယ်တိုင်ကလည်း နှလုံးသားကို ရည်ညွှန်းပြီး ပြောခဲ့တာ မဟုတ်ဘူး၊ တချို့အဘိဓမ္မာဆရာတွေကလည်း ဟဒယဝတ္ထု ဆိုတာ heart organ ကို ပြောတာ မဟုတ်ဘူး၊ စိတ်ရဲ့ မှီရာဝတ္ထုလို့ ဆိုလိုတာလို့ ရေးကြတယ်၊ သို့သော် အဘိဓမ္မာကျမ်းဂန်တော်တော်များများဟာ ဟဒယဝတ္ထုသည် နှလုံးသားထဲမှာရှိတယ်၊ နှလုံးသားထဲမှာရှိတဲ့ လည်ပတ်နေတဲ့ သွေးထဲမှာ ရှိတယ်လို့ ပြောတဲ့သဘောပဲ၊ နှလုံးသားထဲ သွေးရောက်တဲ့အချိန်မှာ စိတ်ရဲ့ တည်ရာမှီရာ ဖြစ်တယ်ဆိုတဲ့ အဓိပ္ပါယ်။

အဲဒီတော့ ထား၊ အဲဒီဝတ္ထုရုပ် ၆-ပါးကို မှီပြီး စိတ်လေးတွေ ပေါ်တယ်၊ စည်ကို အမှီပြုပြီး စည်သံပေါ်တယ်၊ စောင်းအိုးနဲ့ စောင်းကြိုးကို အမှီပြုပြီး စောင်းသံပေါ်တယ်၊ မီးခြစ်ဘူးကို အမှီပြုပြီး မီးတောက်ပေါ်လာတယ်၊ အဲဒီသဘောပဲ။

သို့သော် ဟောဒီဝတ္ထုရုပ် ၆-ပါးရှိရုံနဲ့ စိတ်ဟာ ပေါ်ပြီလား ဆိုတော့ မပေါ်သေးဘူး၊ စည်ရှိနေရုံနဲ့ အသံထွက်ပြီလား၊ မထွက်သေးဘူး၊ စည်တီးတဲ့ တုတ်ကလေး လာရဦးမယ်၊ စည်တီးတဲ့တုတ် ဆိုတာ အခု ဒီမှာကျတော့ အာရုံ ၆-ပါးလို့ ပြောမယ်၊

## အာရုံ ၆-ပါး

အာရုံဆိုတဲ့ စကားက ပါဠိသက်ဝေါဟာရပေါ့၊ ပါဠိက **'အာရမ္မဏ'**၊ **'အာ'** ဆိုတာ လာရောက်ပြီး၊ **'ရမ္မဏ'** ပျော်မွေ့တယ် ဆိုတဲ့ အဓိပ္ပါယ်၊ ပျော်မွေ့နေကြတယ်၊ အာရုံရှိရာကိုသွားပြီး ပျော်မွေ့နေတယ်၊ သို့သော်လည်း ဒါက တင်စားပြီးပြောတဲ့ စကားလုံးမျိုးတွေ metaphorical term လို့ ခေါ်တယ်၊ အရပ်ထဲမှာ

http://www.dhammadownload.com



လည်း ဒီလိုပဲ ပြောတာပဲ၊ တကယ်တော့ စိတ်က အာရုံဘက်ကို ထွက်သွားပြီး ပျော်မွေ့နေတာ မဟုတ်ဘူး၊ စိတ်က အာရုံကို တွေးနေတာဟာ ပျော်နေတာပဲ၊ ကောင်းတဲ့အာရုံပဲ ဖြစ်ဖြစ်၊ မကောင်းတဲ့အာရုံပဲဖြစ်ဖြစ် အာရုံဆီ စိတ်ရောက်နေတာကို ပြောတာ။

ဆိုပါစို့- လူတစ်ယောက်ဟာ တစ်ခုခုကို မြင်ပြီးရင် စိတ်က အဲဒီမြင်ထားတဲ့ အာရုံဆီ ရောက်မနေဘူးလား၊ အသံလေးတစ်သံ ကြားလိုက်လို့ရှိရင် ကြားလိုက်တဲ့အသံပေါ် အတွေးတွေ ရောက် မနေဘူးလား၊ အဲဒါကို **“အာဂန္တွာ ရမတိ ဧတ္ထာတိ အာရမ္မဏံ”** “စိတ်ကလေးလာရောက်ပြီး ပျော်မွေ့စရာ၊ လာရောက်ပြီး ကျက်စား စရာ” ဆိုတဲ့ အဓိပ္ပါယ်နဲ့ ဖွင့်ဆိုတာ။

တကယ် စိတ်က ထွက်သွားပြီး အာရုံဆီ သွားနေတာတော့ မဟုတ်ဘူးပေါ့၊ သို့သော် စိတ်နဲ့ အာရုံက တွေ့မနေဘူးလား၊ မျက်စိနဲ့ အဆင်းအာရုံလေး ဆုံလိုက်တာနဲ့ တစ်ပြိုင်နက် စိတ် ကလေးက ပေါ်လာတယ်၊ အဲဒီစိတ်ကလေး ဘယ်သူနဲ့ အလုပ် လုပ်နေလဲဆို မျက်စိနဲ့ အလုပ်လုပ်နေတာ မဟုတ်ဘူး၊ မျက်စိ ပေါ်မှာ ထင်လာတဲ့ အာရုံနဲ့အလုပ်လုပ်တာ၊ အဲဒါကြောင့် သူ့ကို **‘အာဂန္တွာ ရမတိ ဧတ္ထ’** လို့ပြောတာ၊ အာရုံပေါ်မှာ သွားပျော်တာ၊ မျက်စိပေါ်မှာပျော်တာ မဟုတ်ဘူး။

နားက အသံလေးကြားလို့ရှိရင်လည်း အသံပေါ်မှာ သွားပျော် တာလား? နားပေါ်မှာ သွားပျော်တာလား? အသံပေါ်မှာ သွားပျော် တာ၊ နှာခေါင်းက အနံ့လေး ရလို့ရှိရင်လည်း နှာခေါင်းပေါ်မှာ သွားပျော်တာလား? အနံ့ပေါ်မှာ သွားပျော်တာ၊ အာရုံပေါ်မှာ

http://www.dhammadownload.com



သွားပျော်နေတယ်ဆိုတာ မထင်ရှားဘူးလား၊ လျှာက အရသာနဲ့ တွေ့ထိလာလို့ရှိရင် အရသာပေါ်မှာ စိတ်ကလေးကသွားတယ်- ခါးရင် ခါးတယ်, ချိုရင် ချိုတယ် စသည်ဖြင့် အရသာပေါ်မှာ သွားပျော်တာ၊ လူကို လာထိလို့ရှိရင် အေးရင် အေးတယ်, ပူရင် ပူတယ်, အတွေ့အထိကောင်းရင် ကောင်းတယ်, မကောင်းရင် မကောင်းဘူး, နူးရင် နူးတယ်၊ အာရုံပေါ်မှာပဲ သွားပျော်တာ၊ စိတ်ကူးလိုက်ပြီ ဆိုရင်လည်း အဲဒါတွေကို အခြေခံပြီးတော့ ကူးထားတဲ့ စိတ်ကူးတွေပဲ၊ စိတ်ဟာ စိတ်ထဲမှာပေါ်လာတဲ့ အာရုံ တွေမှာပဲ သွားပျော်နေတာ မဟုတ်လား။

ဒါကြောင့် အာရမ္မဏဆိုတဲ့ စကားလုံးဟာ **'အာ'** လာရောက် ပြီး, **'ရမ္မဏ'** ပျော်မွေ့စရာ၊ ဘယ်သူတွေလာပြီး ပျော်နေတာ တုန်းဆို စိတ်တွေလာပြီး ပျော်နေတာ၊ **'အာရမ္မဏ'** 'အာရုံ' ဆိုတာ စိတ်ရဲ့ပျော်မွေ့ရာလို့ အဓိပ္ပါယ်ရတယ်။

နောက်တစ်ခုက **'အာလမ္ဗဏ'** ဆိုတဲ့ စကားလုံးနဲ့ ရေးတာ လည်း ရှိသေးတယ်၊ အဲဒါကျတော့ 'ရ' မဟုတ်ဘူး 'လ' နဲ့၊ အသုံး တော့ နည်းပါတယ်၊ 'အာလမ္ဗဏ'- ဆိုတာ ဆွဲကိုင်စရာ၊ အာရမ္မဏ ပစ္စယောကို ဖွင့်တဲ့အခါကျတော့ စိတ်ကလေးက သူ့ဟာသူ မဖြစ် နိုင်ဘူး၊ အာရုံလေးတစ်ခုနဲ့ တွေ့တဲ့အခါ အာရုံလေးကို မှီပြီးတော့ စိတ်အတွေးတွေပေါ်တာ ဖြစ်သောကြောင့် အားမရှိတဲ့လူသည် ကြိုးတန်းလေးကိုင်ပြီး လမ်းလျှောက်ရသလို စိတ်ကလေးဟာ လည်းပဲ အဲဒီအာရုံပေါ်မှာ မှီပြီးတော့ လမ်းလျှောက်တယ်လို့ဆိုတဲ့ အဓိပ္ပါယ်နဲ့ **"အာလမ္ဗဏ"**လို့ သုံးတယ်။ ဘာပဲဖြစ်ဖြစ် စိတ်ကလေး ရဲ့ ဆွဲကိုင်မှီတွယ်ရာလို့ အဓိပ္ပါယ်ပြောလို့ရတယ်။

http://www.dhammadownload.com



ကိုယ့်စိတ်ကလေးကို ဆင်ခြင်သုံးသပ်ကြည့်ပေါ့၊ စိတ်ကလေးက ပေါ်လာလို့ရှိရင် မျက်စိကမြင်ရင် အဆင်းအာရုံပေါ်မှာသွားပြီး ပျော်နေတာလား? အဲဒီအပေါ်မှာ စိတ်ကလေးက မှီနေတာလား? နားက အသံကြားရင် ကြားတဲ့အသံပေါ်မှာ ပျော်နေတာလား? ကြားတဲ့အသံပေါ်မှာ မှီနေတာလား?၊ သေချာစဉ်းစားကြည့်လိုက်လို့ရှိရင် သဘာဝတရားဟာ မြင်သာ ထင်သာရှိတယ်။ အဲဒီလို စဉ်းစားတာကို contemplation အနုပဿနာလို့ ခေါ်တယ်၊ အသိဉာဏ်နဲ့ ဆင်ခြင်စဉ်းစားတာ။ လက်တွေ့နဲ့ ဆင်ခြင်စဉ်းစားလိုက်လို့ရှိရင် ထင်ထင်ရှားရှား သိလာမယ်နော်၊ ဒါကို applied လုပ်တယ် ခေါ်တာပေါ့။

## ဝတ္ထုနဲ့ အာရုံဆုံခြင်း

ဝတ္ထုနဲ့ အာရုံ ဆုံလိုက်တာနဲ့ တစ်ပြိုင်နက် စိတ်ကလေးတွေ ပေါ်လာတယ်။ ဒါက အဓိကအကြောင်းတစ်ခုကိုပြောတာ၊ ဒီပြင် အကြောင်းတွေလည်း ရှိသေးတယ်၊ အာရုံနဲ့ ဝတ္ထု ဆုံစည်းခြင်းသည် ဒါ common condition, common cause အားလုံးနဲ့ ဆိုင်တဲ့ အကြောင်းအရာတစ်ခု။

အဲဒီတော့ ဘယ်စိတ်တွေ ဘယ်လိုပေါ်လာလဲ ဆိုတာကြည့်၊ ဥပမာ - မျက်စိနဲ့ မြင်စရာအာရုံလေးနဲ့ ဆုံလိုက်ပြီ ဆိုလို့ရှိရင် **ပဉ္စဒွါရာဝဇ္ဇန်း** ကစပြီး မြင်သိစိတ်တွေ ဖြစ်သွားတယ်၊ အမြင်အာရုံပေါ်မှာ ဖြစ်တဲ့စိတ်ကို စက္ခုဝိညာဏ်စိတ်လို့ ပြောတာ၊ သို့သော် အမြင်အာရုံပေါ်မှာ အလုပ်လုပ်တဲ့စိတ်က စက္ခုဝိညာဏ်စိတ် တစ်ခုတည်း မဟုတ်ဘူး၊ စက္ခုဝိညာဏဝီထိစိတ်တွေ အားလုံးဟာ

http://www.dhammadownload.com



အမြင်အာရုံပေါ်မှာ အလုပ်လုပ်တယ်၊ နားလည်အောင် ပြောရမယ်ဆိုရင် မျက်စိကို အမြင်အာရုံလေး လာဆုံလိုက်တာနဲ့ တစ်ပြိုင်နက်ထိုပေါ်လာတဲ့ အာရုံလေးကို တံခါးဖွင့်ပေးတဲ့စိတ်က **ပဉ္စဒွါရာဝဇ္ဇန်းစိတ်** attention လုပ်လိုက်တာ၊ Attention လုပ်ပြီးရင် ပျောက်သွားပြီသူ့တာဝန် ပြီးသွားပြီ။

စိတ်တွေက အံ့ဩစရာတော့ ကောင်းတယ်၊ စိတ်တစ်ခုနဲ့တစ်ခု ပျက်သွားတာ မသိလိုက်ဘူး၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဆိုတာ မျက်စိကို အဆင်းအာရုံလေး လာပြီးထိလိုက်တာနဲ့ တစ်ပြိုင်နက်ဖျတ်ကနဲဆို တံခါးဖွင့်ပေးလိုက်တာ၊ attention လုပ်လိုက်တာ၊ အဲဒီလို ဖွင့်ပေးလိုက်မှ **စက္ခုဝိညာဏ်စိတ်**က မြင်လိုက်တာ၊ မြင်ပြီး စက္ခုဝိညာဏ်စိတ်က ပျက်သွားတယ်၊ နောက် **သမ္ပဋိစ္ဆိုင်းစိတ်**ကနေ အာရုံ လက်ခံလိုက်တယ်၊ ခံယူလိုက်တယ်၊ ခံယူပြီးပျက်သွားတယ်၊ နောက် **သန္တီရဏစိတ်** က စုံစမ်းလိုက်တယ်၊ စုံစမ်းပြီး ပျက်သွားတယ်၊ **ဝုဋ္ဌောစိတ်** က အာရုံကို ပိုင်းခြား ဆုံးဖြတ်လိုက်တယ်၊ ဆုံးဖြတ်ပြီးတာနဲ့ ပျက်သွားတယ်။

အဲဒီအာရုံရဲ့ အရသာပေါ်မှာ တွေးပြီးသိနိုင်တာက **ဇောစိတ်** ဖြစ်တယ်၊ "ဇော" တောင်မှ ပထမအကြိမ်ဖြစ်တဲ့ ဇောတော့ မဟုတ်သေးဘူး၊ မနောဒွါရမှာ ဆက်တိုက်လိုက်လာတဲ့ ဝီထိစိတ်တွေနဲ့မှ သိတာ၊ ပဉ္စဒွါရဝီထိကတော့ intialize လုပ်တာပဲရှိတယ်၊ ဘယ်လို နားလည်ရတုန်းဆို လျှပ်စစ်မီးမရှိတဲ့ နေရာတွေမှာ အင်ဂျင်စက် နှိုးရတယ် မဟုတ်လား၊ အင်ဂျင်စက် နှိုးလိုက်တဲ့အခါ generator လေးဟာ တစ်ပတ်ပြီးတစ်ပတ် အပတ်ပေါင်းများစွာ လည်ပြီးမှ မီးပွင့်လာတာ။

http://www.dhammadownload.com



အဲဒါလိုပဲ စိတ်လေး တစ်လုံးနှစ်လုံးဖြစ်ရုံနဲ့ အာရုံကို မသိနိုင်ဘူး၊ repeatedly အကြိမ်ကြိမ်ဖြစ်တော့မှ သိတာ။ အဲဒါကြောင့်မို့ စိတ်တွေက အများကြီးဖြစ်ရတာ၊ သိပ်လည်းမြန်တယ်၊ တစ်ခုတည်းလို့ ထင်ရလောက်အောင်ကို မြန်တယ်။ ကလေးငယ်တွေ မီးစကို ကိုင်ပြီး မြန်မြန်ရမ်းတဲ့အခါ ဘေးက ကြည့်တဲ့လူက မီးဝိုင်းကြီးလို့ ထင်ရတယ်၊ တကယ်တော့ မီးဝိုင်းကြီးမဟုတ်ဘူး၊ အချို့နေရာတွေမှာ လျှပ်စစ်မီးကို စက်ဘီးသဏ္ဌာန်မျိုးဆင်ထားတာရှိတယ်၊ သွားနေတယ်လို့ ထင်ရတယ်၊ မဟုတ်ဘူး၊ တစ်ခုပြီးတစ်ခု တောက်နေတော့ လည်နေတယ်လို့ ထင်ရတယ်၊ တကယ်တော့ လည်နေတာ မဟုတ်ဘူး၊ အဲဒါမျိုးလို illusion ဖြစ်သွားလောက်အောင် လျင်မြန်တဲ့ နှုန်းရှိတယ်။

ဒီတော့ တံခါးဖွင့်ပေးတဲ့ attention စိတ် ပြီးသွားရင် မြင်တဲ့စိတ်၊ မြင်တဲ့စိတ်ပြီးရင် လက်ခံတဲ့စိတ်၊ လက်ခံတဲ့စိတ်ပြီးရင် စူးစမ်းတဲ့စိတ်၊ စူးစမ်းတဲ့စိတ်ပြီးရင် သတ်မှတ်တဲ့စိတ်၊ သတ်မှတ်တဲ့စိတ် ပြီးသွားတာနဲ့ တစ်ပြိုင်နက် အာရုံကို ခံစားတဲ့ ဇောစိတ်ဖြစ်တယ်၊ ဇောစိတ်တွေက ၇-ကြိမ်လောက် repeatedly ထပ်ဖြစ်ပြီးတဲ့နောက်မှာ "တဒါရုံ" လို့ ခေါ်တဲ့ အာရုံကို စမြုံ့ပြန်တဲ့ စိတ်မျိုးပေါ့၊ အဲဒါကို ဆက်ခံတဲ့ စိတ်မျိုးပေါ့ retentive အင်္ဂလိပ်လို၊ အချို့ကတော့ registration လို့ ပြန်တယ်၊ ဒီမှာတော့ retentive ဆိုတဲ့ အဓိပ္ပါယ်က ပိုပြီးနီးစပ်တယ်၊ ဇောရဲ့အရှိန်နဲ့ လိုက်သွားတဲ့ အကျိုးစိတ်ပဲ၊ အမှန်တော့ ဘဝင်စိတ်ကိုပဲပြောတာ၊ "ပိဋ္ဌိဘဝင်"ခေါ်တယ်၊ အဲဒီလိုစိတ်တွေ ဖြစ်သွားလို့ရှိရင် ခုနက အာရုံရဲ့သက်တမ်းက ကုန်သွားပြီ၊ မျက်စိနဲ့ဆုံတဲ့ ရူပါရုံရဲ့သက်တမ်းက ကုန်ပြီ။

http://www.dhammadownload.com



ဥပမာ-မျက်စိနဲ့ဆုံလိုက်တဲ့ ရူပါရုံလေးဟာ သူ့ရဲ့သက်တမ်း ရှိတယ်၊ မဆုံမီက ရူပါရုံရဲ့ သက်တမ်းကိုပြောတာ မဟုတ်ဘူး၊ မျက်စိနဲ့ လာဆုံတဲ့ ရူပါရုံပန်းပွင့်လေးရဲ့ သက်တမ်းဟာ ဘယ်လောက်ရှိတုန်း၊ စိတ် ၁၇-ချက်နဲ့ ညီမျှတဲ့သက်တမ်းရှိတယ်၊ စိတ် ၁၇-ချက်ပြည့်ရင် သူရဲ့သက်တမ်းကုန်သွားပြီ၊ ပန်းအိုးထဲမှာ ရှိတဲ့ ပန်းကိုပြောတာ မဟုတ်ဘူးနော်၊ နောက်ထပ် ထပ်ကြည့်, နောက်ထပ် ထပ်မြင်တာ၊ တစ်ခါမြင်တဲ့ ရူပါရုံရဲ့သက်တမ်းက အဲဒီလောက်ပဲရှိတယ်၊ တစ်နာရီ စိုက်ကြည့်လည်း သူ့ရဲ့ သက်တမ်း ဟာ ဒီလိုပဲသွားနေမှာပဲ၊ သူရဲ့ သက်တမ်းက ၁၇-ချက်၊ ခဏငယ်နဲ့ ဖြစ် တည် ပျက်နဲ့ ပြောမယ်ဆိုရင် ၅၁-ချက်။

အဲဒီလို သက်တမ်းကုန်တာနဲ့ နောက်ထပ်မြင်တာ နောက် ထပ်မှတ်, နောက်ထပ်မြင်တာ နောက်ထပ်မှတ်၊ ဒီလို အာရုံနဲ့ဝတ္ထု ဆုံစည်းတာကို အကြောင်းပြုပြီး စိတ်ဆိုတာ ဖြစ်ပေါ်လာရတာတဲ့။ ထာဝရရှိနေတဲ့အရာ မဟုတ်ဘူး၊ ဆိုပါစို့ - မျက်စိပိတ်ထားရင် မြင်သိစိတ်ဖြစ်ရဲ့လား၊ နားက အသံမကြားရင် ကြားသိစိတ် ဖြစ်ရဲ့ လား၊ မဖြစ်ဘူး၊ ဖြစ်တယ်ဆိုရင် နားထဲမှာ အမြဲကြားနေမှာပေါ့၊ ရှိနေတယ်ဆိုရင် ဒီသိစိတ်လေးဟာ အမြဲတမ်း သိနေမှာပေါ့၊ အဲဒီလိုသိနေတာမှမရှိဘဲ၊ နှာခေါင်းက အနံ့မရဘဲ နံ့သိစိတ်ဆိုတာ ဖြစ်ပါ့မလား၊ မဖြစ်ဘူး။

ကောင်းပြီ၊ မျက်စိနဲ့ ရူပါရုံ ဆုံလိုက်လို့ မြင်သိစိတ်လေး ဖြစ်လာတယ်ဆိုတာ အဲဒီ မြင်သိစိတ်လေးဟာ ဘယ်နေရာက ဖြစ်လာသလဲဆိုရင် မျက်လုံးက ဖြစ်တာ၊ အရပ်ပြောပြောရင် မျက်လုံးထဲကဖြစ်တာ၊ စက္ခုဝတ္ထုကို မှီပြီးဖြစ်တယ်လို့ ပြောတာနော်၊

http://www.dhammadownload.com



ရှုပါရုံက ဖြစ်တာလားဆို မဟုတ်ဘူး၊ အဆင်းအာရုံနဲ့ ဝတ္ထု ဆုံလိုက်တဲ့အခါမှာ မြင်သိစိတ်လေးပေါ်လာတယ်၊ အဲဒီ မြင်သိ စိတ်လေးသည် ဘယ်နေရာက ပေါ်လာတုန်းဆို ဟောဒီ စက္ခုဝတ္ထု က ပေါ်လာတယ်လို့ ပြောတာ၊ စက္ခုဝတ္ထုကို မှီပြီးဖြစ်တာ၊ ဘာကြောင့် အဲဒီလိုပြောလဲဆို မျက်စိကန်းနေရင် မြင်သိစိတ် မလာတော့ဘူး၊ အမှီမရှိရင် မဖြစ်ဘူးလို့ပြောတာ၊

ကြားသိစိတ်လေးကလည်း သောတပသာဒကို မှီပြီးဖြစ်တယ်၊ နံသိစိတ်လေးကလည်း ဃာနပသာဒကို မှီပြီးဖြစ်တယ်၊ လျက်သိ စိတ်လေးကလည်း ဇိဝှါပသာဒကို မှီပြီးဖြစ်တယ်၊ ထိသိစိတ် ကလည်း ကာယပသာဒကို မှီပြီးဖြစ်တယ်။ ကျန်တဲ့ စိတ်တွေက ဘာကိုမှီပြီးဖြစ်တုန်းဆို ဟဒယဝတ္ထုကို မှီပြီးဖြစ်တာ၊ ဘာဖြစ်လို့ တုန်းဆို သူတို့က မျက်စိမြင်တာနဲ့လည်း မဆိုင်ဘူး၊ နားနဲ့ ကြားတာ နဲ့လည်း မဆိုင်ဘူး၊ ဆက်ပြီးတော့တွေးတဲ့အတွေးတွေ၊ မြင်သိစိတ် ဖြစ်တာဟာ မျက်စိကပဲ ဖြစ်နိုင်တာ၊ 'စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုကို မှီ၏' လို့ ဒီလို အဘိဓမ္မာသင်တဲ့လူတွေ သင်ရတာ၊ applied လုပ်ရတာ၊ ဝတ္ထုရုပ် ၆-ပါးမှာ 'စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုကို မှီ၏၊ သောတဝိညာဏ်စိတ်သည် သောတဝတ္ထုကို မှီ၏၊ ဃာနဝိညာဏ်စိတ်သည် ဃာနဝတ္ထုကိုမှီ၏၊ ဇိဝှါဝိညာဏ်စိတ် သည် ဇိဝှါဝတ္ထုကို မှီ၏၊ ကာယဝိညာဏ်စိတ်သည် ကာယဝတ္ထုကို မှီ၏' လို့ ဒီလိုပြောတာ။

ဖြစ်ပေါ်တဲ့နေရာကိုရည်ညွှန်းတာနော်၊ စည်သံလေး ဘယ်က ဖြစ်တုန်းဆို စည်ကဖြစ်တာ၊ စောင်းသံလေး ဘယ်ကဖြစ်တုန်းဆို စောင်းကြိုး စောင်းအိုးကဖြစ်တာ၊ လက်ကလာတာ မဟုတ်ဘူး၊

http://www.dhammadownload.com



တုတ်ကလာတာ မဟုတ်ဘူးလို့ ဒီလိုဆိုလိုတာ၊ ပန်းပွင့်လေးကိုမြင်လို့ မြင်သိစိတ်လေးဆိုရင် ပန်းပွင့်က ဖြစ်လာတာမဟုတ်ဘူး၊ အဲဒီတော့ ခုနကပြောတာနဲ့ ရောမသွားနဲ့၊ ခုနကပြောတာ ဒီစိတ်ကလေးဟာ မျက်စိထဲမှာရှိနေတာ မဟုတ်ဘူး၊ သို့သော် ဖြစ်တဲ့အခါကျတော့ မျက်စိကို မှီပြီးဖြစ်တာ၊ ဒီလိုပြောတာ။

ဆိုပါတော့ - စည်သံသည် စည်ထဲမှာရှိတာ မဟုတ်ဘူး၊ သို့သော် တုတ်နဲ့ရိုက်လိုက်၊ တီးလိုက်တဲ့အခါမှာ အသံထွက်လာတယ်၊ အဲဒီအသံသည် စည်ကို မှီပြီးတော့ဖြစ်တာ၊ စည်မပါဘဲ အဲဒီအသံ ဖြစ်ပါ့မလား၊ မဖြစ်ဘူး၊ သို့သော် စည်ထဲမှာ ရှိနေတာလားဆိုတော့ မရှိဘူး၊ ဒီလိုပြောရမယ်၊

စက္ခုဝိညာဏ်စိတ်သည် စက္ခုပသာဒရုပ်မှာ ရှိနေတာလားဆိုရင် မရှိဘူး၊ ရူပါရုံနဲ့ ဆုံမိတဲ့အခါမှသာ ပေါ်လာတာ၊ ပြီးရင် ပျက်သွားတာ၊ သောတဝိညာဏ်စိတ်ဟာလည်း အသံနဲ့ နားဆုံလိုက်တဲ့အခါ ဘွားကနဲ ပေါ်လာတာ၊ ပြီးရင်ပျက်သွားတာ၊ ဃာနဝိညာဏ်ဟာလည်း ထို့အတူပဲ နှာခေါင်းနဲ့ အနံ့၊ ဇိဝှါဝိညာဏ်စိတ်ကလည်း အရသာနဲ့ လျှာ၊ ကာယဝိညာဏ်စိတ်ကလည်း ဖောဋ္ဌဗ္ဗာရုံနဲ့ကိုယ် ဆုံလိုက်တဲ့အခါ ပေါ်လာတာ။

သို့သော် ဒီနေရာမှာ သတိထားရမှာက မှီဖြစ်ရာကိုသာ ဝတ္ထုရုပ် ၆-ပါးလို့ ပြောတာ၊ ဆုံစည်းတာကိုတော့ ဟဒယဝတ္ထုနဲ့ ဓမ္မာရုံဆုံတယ်လို့ မပြောဘူး၊ **'မနဉ္စ ဓမ္မေ စ ပဋိစ္စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ'** ဟောတဲ့အတိုင်း မနနဲ့ ဆုံတယ်လို့ ပြောရမယ်၊ ဟဒယနဲ့ ဆုံတယ်လို့ မပြောဘူး၊ ဒါကို သတိထားရမယ်၊

http://www.dhammadownload.com



အာယတန ၆-ပါး ရေတွက်တဲ့အခါ interal, external အတွင်းအာယတန ၆-ခု, အပြင်အာယတန ၆-ခု၊ အဲဒီ အတွင်း အာယတန ၆-ခုလို့ ပြောတဲ့အခါမှာ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန၊ ဒီမှာ ဟဒယ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲလို့မေးရင် နှလုံးသားသက်သက်က စိတ်ကိုဖြစ်စေနိုင်တဲ့ အနေအထားမရှိဘူး၊ အားလုံးဟာ ဘဝင်စိတ်ဆိုတဲ့ အခြေခံစိတ်မရှိရင် စိတ်ဆိုတာ မပေါ်နိုင်ဘူးဆိုတဲ့ အဓိပ္ပါယ်ကို ထင်ရှားစေတယ်၊ ဒါကြောင့်မို့ အဋ္ဌသာလိနီအဋ္ဌကထာမှာ “အာရုံတစ်ခုဟာ တံခါးနှစ်ပေါက်စီမှာ အမြဲတမ်း ထင်တယ်လို့ဆိုတာ”။

ဆိုပါစို့ - ဝတ္ထုရုပ် ၆-ပါးရှိသလို ဒွါရလည်း ၆-ပါး ရှိတယ်၊ တံခါး ၆-ခု ရှိတယ်၊ အဲဒီတံခါးဟာ စိတ်ရဲ့တံခါးလို့ ပြောလို့ ရပေမယ့် ပိုပြီးသဘာဝကျတာတော့ အာရုံရဲ့တံခါးလို့ ပြောရမယ်၊ အာရုံဝင်တဲ့ တံခါး ၆-ခု ရှိတယ်၊ ဆိုပါစို့ - ရူပါရုံဝင်လာတဲ့ တံခါးပေါက်က စက္ခုပသာဒ၊ အသံရဲ့ ဝင်ရာတံခါးပေါက်က သောတ၊ အနံ့ဝင်ရာတံခါးပေါက်က ဃာန၊ အရသာရဲ့ ဝင်ရာ တံခါးပေါက်က ဇိဝှါ၊ ဖောဋ္ဌဗ္ဗာရုံရဲ့ဝင်ရာ တံခါးပေါက်က ကာယ၊ ကျန်တဲ့ အာရုံဝင်ရာ တံခါးပေါက်က ဘဝင်စိတ်၊ ဘဝင်စိတ်ကို ‘မန’လို့သုံးတယ်၊ ဒါကြောင့်မို့ ကျမ်းစာတွေမှာ မနောဒွါရ mind door စိတ်တံခါးဆိုတာ ဘဝင်စိတ်ကို ပြောတာပါတဲ့။

ဒီတော့ စိတ်ဖြစ်လာဖို့ လိုအပ်တဲ့ အခြေအနေတွေကို ပြောရမယ်ဆိုရင် ဝတ္ထုရုပ် ၆-မျိုးကို လေ့လာရမယ်၊ အာရုံ ၆-မျိုးကို လေ့လာရမယ်၊ ပြီးတော့ ဒွါရ ၆-မျိုးကို လေ့လာရမယ်၊ အဲဒီ

http://www.dhammadownload.com



ဝတ္ထုရယ် အာရုံရယ် ဒွါရကနေပြီး ဆက်သွယ်မိသွားပြီဆိုရင် ခုနက စိတ် ကလေးတွေ ပေါ်လာတာ။

ဆိုပါစို့ - ရူပါရုံဆိုတဲ့ အာရုံသည် eye door ကနေ ဝင်လာပြီး စက္ခုဝတ္ထုကို လာထိခိုက်တယ်၊ အဲဒီအချိန်မှာ စက္ခုဝိညာဏ်စိတ် ပေါ်လာတာ၊ ထိုရူပါရုံနဲ့ အလုပ်လုပ်တဲ့ စိတ်တွေလည်း ပေါ်တယ်ပေါ့၊ ထို့အတူပဲ အသံက ear door ကနေ ဝင်လာပြီး သောတ ပသာဒကို လာထိခိုက်တယ်၊ ထိခိုက်တဲ့အခါ သောတဝိညာဏ်စိတ် ပေါ်လာတယ်၊ အဲဒီအတိုင်း အနံ့က ဃာနပသာဒကို လာထိခိုက်လို့ ဃာနဝိညာဏ်စိတ် ဖြစ်ပေါ်လာတယ်၊ အရသာက ဇိဝှါပသာဒကို လာထိခိုက်လို့ ဇိဝှါဝိညာဏ်စိတ် ဖြစ်ပေါ်လာတယ်၊ ဖောဋ္ဌဗ္ဗာရုံက ကာယပသာဒကို လာထိခိုက်လို့ ကာယဝိညာဏ်စိတ် ဖြစ်ပေါ် လာတယ်။

နောက် ဟဒယဝတ္ထုနဲ့ ပတ်သက်တာကျတော့ မျက်စိနဲ့ မြင်တာလည်း မဟုတ်ဘူး၊ နားက ကြားတာလည်း မဟုတ်ဘူး၊ နှာခေါင်းက အနံ့ရတာလည်း မဟုတ်ဘူး၊ စိတ်သက်သက်နဲ့ တွေးပြီး တော့ယူတာ၊ ရှိတာလည်း ဖြစ်တယ်, မရှိတာလည်း ဖြစ်တယ်၊ တွေးယူတာဆိုတော့ အရှိချည်းပဲ မဟုတ်ဘူး၊ မရှိတာလည်း တွေးတောတာပဲလေ၊ မနက်ဖြန်မရှိဘူး၊ မနက်ဖြန်အကြောင်း တွေးလို့မရဘူးလား၊ မနက်ဖြန် အကြောင်းကို မရှိသေးပေမယ့် မနက်ဖြန် ဘယ်သူလာမယ်ဆို တွေးပြီးလုပ်လို့ရတာပဲ၊ သို့သော် လာချင်မှ လာမှာပေါ့၊ မနက်ဖန်အကြောင်းလည်း တွေး, ဟို နောက်နှစ် အကြောင်းလည်း တွေးလို့ရတာပဲလေ၊ အဲဒီလို တွေးတာ တွေကျတော့ mind door ကနေ ဝင်လာတာ၊ mind door က

http://www.dhammadownload.com



ဝင်ပြီး စိတ်ဖြစ်တာကတော့ ခုန ဟဒယကနေဖြစ်တာ၊ ဟဒယကို မှီပြီးတော့ စိတ်ကဖြစ်တယ်။

အဲဒါကြောင့်မို့လို့ ဒွါရ ၆-ပါးမှာ မနောဒွါရ ပါတယ်၊ ဝတ္ထုရုပ်ကျတော့ မနောဒွါရ မပါဘူး၊ အာရုံ ၆-ပါး, ဒွါရ ၆-ပါး, ဝတ္ထုရုပ် ၆-ပါး၊ အဲဒါတွေ ပေါင်းဆုံလိုက်တဲ့အခါ စိတ်ကလေး ဖြစ်လာတာပါလို့ - အဲဒါ စိတ်ဖြစ်ပေါ်လာပုံပဲ၊ အကျဉ်းအားဖြင့် စိတ်ဖြစ်ပေါ်လာပုံကို သိသာမြင်သာအောင် ပြောပြတာ။

ဒီတော့ ဘဝင်စိတ်ဆိုတဲ့ အခြေခံစိတ်ကလေး မရှိဘဲနဲ့ ကျန်တဲ့စိတ်တွေ မဖြစ်ဘူး၊ အဋ္ဌသာလိနီအဋ္ဌကထာမှာ အာရုံတွေဟာ ဆိုပါစို့ - မျက်စိကမြင်ရတဲ့ အဆင်းအာရုံသည် တံခါးနှစ်ခုမှာ တစ်ပြိုင်နက်တည်း ထင်လာတယ်၊ နှစ်ခုဆိုတာ eye door ကိုလည်း ရောက်လာတယ်၊ mind door ကိုလည်း ရောက်လာတယ်၊ ဘဝင်လှုပ်တယ်ဆိုတာ အဲဒါကြောင့် ပြောတာ၊ အာရုံတစ်ခုဟာ ဒွါရနှစ်ခုကနေ ဝင်လာတယ်၊ ဝင်ပေါက်မရှိဘဲနဲ့ ဘယ်လိုလုပ်မှ ဝင်လို့ မရဘူး၊ ဟုတ်ရဲ့လား၊ ဝင်ပေါက်ဆိုတာရှိတယ်၊ လူ့ခန္ဓာကိုယ်မှာလည်း ထို့အတူပဲ၊ အာရုံက ဝင်ပေါက်တွေက ဝင်လာတဲ့အခါ အာရုံဝင်လာသည့်အတွက်ကြောင့် အပြင်ဘက်နဲ့ အတွင်းဘက် ဆက်သွယ်ရမယ်၊ ဆိုပါတော့ - အိမ်အပြင်ဘက်ကလူ အိမ်ထဲရောက်ချင်ရင် တံခါးကို အသုံးမပြုရဘူးလား၊ ပြုရတယ်၊ တံခါးပေါက်ကပဲ ဝင်ရမယ်၊ အဲဒီလိုပဲ အာရုံဆိုတဲ့ အပြင်ကအရာ အိမ်ထဲကို ဝင်လာတယ်ဆိုရင် ဒီတံခါးကပဲ ဝင်ရမှာပဲ၊ မျက်စိက မြင်လိုက်တဲ့ အဆင်းအာရုံလေး တစ်ခုသည် eye door မှာလည်းပေါ်လာတယ်၊ mind door မှာလည်း ပေါ်လာတယ်၊ မျက်စိကိုလည်း ထိရမယ်၊ ဘဝင်စိတ်

http://www.dhammadownload.com



ကိုလည်း ထိရမယ်၊ အဲဒီနှစ်ခုရှိမှ၊ တစ်ပြိုင်နက် ဖြစ်လာလို့ ဘဝင်စိတ်ဟာ ပြတ်သွားတယ်ဆိုတာ အဲဒါကြောင့် ပြတ်သွားတာတဲ့။

ဘုန်းကြီးတို့ မနှစ်တုန်းက မလေးရှားမှာ အဘိဓမ္မာသင်တန်းပို့ချတုန်းက သင်တန်းသားထဲ Bulgaria ဘုန်းကြီးတစ်ပါး ပါတယ်။ ထူးထူးခြားခြားပဲ၊ Bulgaria ဆိုတာ ကြားဖူးကြလိမ့်မယ်၊ Rumania တို့၊ Bulgaria တို့ဆိုတာ အရင်တုန်းက ကွန်မြူနစ် နိုင်ငံတွေပေါ့၊ သူ့စကားက တော်တော်နားထောင်ရခက်တယ်၊ အသံက ကုလားသံနဲ့တူတယ်၊ သူက ခေတ်သိပ္ပံနည်းအရ ဒီအာရုံကနေပြီး မြင်သိစိတ် ဖြစ်လာပုံအထိ ဆက်သွယ်ပုံကို ကွန်ပျူတာနဲ့ပြတာ၊ လူ့ရဲ့ မျက်စိမှာ ရှေ့က မြင်စရာအာရုံလေး ဝင်လာတာနဲ့တစ်ပြိုင်နက် မျက်လုံးထဲလေးတင် မဟုတ်ဘူး, သူက အာရုံကြောကနေသွားပြီး ဦးနှောက်နောက်ဘက်ထဲထိ ရောက်အောင်သွားတယ်၊ နောက်စေ့နားမှာ အကွက်တစ်ကွက်ရှိတယ်၊ အဲဒီ အကွက်ထိအောင် အလင်းတန်းလေးက သွားတယ်၊ အဲဒီရောက်မှ မြင်တာတဲ့၊ ဒီကြားထဲမှာ block ဖြစ်နေရင် မမြင်ရဘူး၊ ဩော် mind door ဆိုတာ အဲဒါများ ဖြစ်နေမလားလို့ ဘုန်းကြီးတို့ စဉ်းစားကြည့်တယ်၊ ဒီကြားထဲပိတ်နေလို့ရှိရင် မြင်တယ်ဆိုတာ မဖြစ်နိုင်ဘူး၊ မျက်စိကတော့ အကောင်းကြီး၊ သို့သော် သွားတဲ့အာရုံကြောလေးက တစ်နေရာရာမှာ ဥပမာ- နားထင်လောက်က ပိတ်နေတယ်ဆိုရင် အဲဒီလူဟာ မြင်တယ်လို့ မပြောဘူး၊ မျက်စိကတော့အကောင်း, ဒါပေမဲ့ မမြင်ဘူး၊ မျက်စိကနေ ဝင်လာတဲ့ အလင်းတန်းလေးဟာ လူရဲ့နောက်စေ့နားမှာ ခေါင်းနောက်ပိုင်း သွားပြတယ်၊ အဲဒီကျမှ မြင်တယ်ဆိုတာ ဖြစ်တယ်။ ဒါ သိပ္ပံနည်းကပြောတာ။

http://www.dhammadownload.com



ဒီတော့ သိပ္ပံနည်းနဲ့ မြတ်စွာဘုရား ဟောထားတာတွေ အင်မတန်မှကိုက်ညီတယ်။ သူတို့ဟာက ရုပ်ကိုတော့ ရှာလို့တွေ့နိုင်တယ်ပေါ့၊ နာမ်တရားကိုတော့ မြတ်စွာဘုရားလို ဘယ်လိုလုပ်ရှာလို့တွေ့မလဲ၊ ရုပ်တောင်မှ သူတို့ရှာတွေ့ရင် အတုံးအခဲပဲတွေ့မယ်၊ အသေးစိတ်ကိုတွေ့ဖို့ မလွယ်ဘူးပေါ့၊ ရုပ်တောင်မှ အကုန်တွေ့ဖို့ မလွယ်ဘူး။

မြတ်စွာဘုရားကျတော့ analyze လုပ်တဲ့နေရာမှာ အကြွင်းအကျန်မရှိအောင် analyze လုပ်နိုင်တာ၊ အဲဒီလို စွမ်းရည်သတ္တိချင်းတော့ မတူဘူးပေါ့၊ နာမ်ဆိုတာကျတော့ သူတို့ Psychology ဆိုတာ တကယ့် Psychology မှ မဟုတ်တာ။

ဘုန်းကြီးတို့ဆီ လာလာပြီးတော့ မသိတာလေးတွေ မေးနေတဲ့, ယခု ရန်ကုန်မှာနေတဲ့ ပြင်သစ်လူမျိုး မစ္စတာဖလောရင့်ဆိုတာ တစ်ခါတုန်းက လျှောက်တယ်၊ အဘိဓမ္မာကို Psychology လို့ ပြန်တာ သူက သဘောမကျဘူး၊ ဘာလို့လဲဆိုတော့ Psychology ဆိုတာ ဘာမှမပါဘူးတဲ့၊ Psychology ဆိုတာ ဘာမှမဟုတ်ဘူး၊ ဒီအဘိဓမ္မာက အလွန်လေးနက်တာ Psychology မဟုတ်ဘူးတဲ့၊ သူက အဲဒီလို ပြောသွားတယ်။

နယ်သာလန်နိုင်ငံမှာ သင်တန်းသွားပို့ချတုန်းက မစ္စတာဟင့်ခ် ဆိုတဲ့ ပါမောက္ခတစ်ယောက် သင်တန်းလာတက်တယ်၊ သူ့အဖေက Psychologist၊ Psychology ပါမောက္ခကြီး၊ သူ ငယ်ငယ်တုန်းက သူ့အဖေက ပြောဘူးတယ်၊ "စာမျက်နှာ တစ်ထောင်လောက်ရှိတဲ့ Psychology နဲ့ ပတ်သက်တဲ့ စာအုပ်ကြီးမှာ

http://www.dhammadownload.com



Psychology အကြောင်းရေးထားပေမယ့် ဣဿာ ဆိုတဲ့ jealousy အကြောင်း ရေးထားတာ မတွေ့ရဘူးတဲ့။

ဒီတော့ ဗုဒ္ဓမြတ်စွာဟောကြားတာက အလွန်ပြီးပြည့်စုံတယ်၊ လူ့ရဲ့သဘာဝ အရေးကြီးတာတွေ၊ လူ့ခန္ဓာကိုယ်ထဲက ဖြေရှင်းပစ်ရမယ့် purify လုပ်ပစ်ရမယ့် သန့်ရှင်းပစ်ရမယ့် စိတ်ရဲ့ အညစ်အကြေးတွေကို မချန်ချွင်းအောင် ဟောထားတာ၊ အဲဒီ ညစ်နွမ်းနေတဲ့ စိတ်ရဲ့အင်အားစုတွေကိုလည်း ဖယ်ရှားပစ်ဖို့အတွက် ဖြူစင်စေနိုင်တဲ့ စွမ်းအားတွေကိုလည်း မြတ်စွာဘုရားက ထည့်ပြီး ပြည့်ပြည့်စုံစုံ ဟောထားတာ။

ဒါကြောင့် စိတ်ဖြစ်ပုံနှင့်စပ်၍ စိတ်ဟာ ဘယ်လိုဘယ်ပုံ ဖြစ်လာသလဲ၊ စိတ်ဟာ အရှိတရားလား အဖြစ်တရားလားလို့ဆိုရင် အဖြစ်တရားပါ, အကြောင်းတရားကြောင့် ဖြစ်တာပါ၊ ဘာ့ကြောင့် ဖြစ်တာတုန်းဆိုတော့ အခုပြောခဲ့တယ် - ဝတ္ထုနဲ့အာရုံ ဆုံစည်းမိလို့ ဖြစ်တယ်၊ ဝတ္ထုနဲ့အာရုံက ဘယ်လိုလုပ် ဆုံမိလဲဆိုရင် door ကနေ ဝင်လာတာ, တံခါးခြောက်ပေါက်ကနေ ဝင်လာတာ၊ ဆိုင်ရာ ဆိုင်ရာ တံခါးပေါက်ကနေ ဝင်လာပြီး ဆုံစည်းပြီး စိတ်ဖြစ်ပေါ်တာဆိုတာ ဘုန်းကြီးတို့ ဒီနေ့ အကြမ်းဖျဉ်းအားဖြင့် ဟောပြောပြသခြင်း ဖြစ်ပါတယ်။

အဲဒီမှာ အသေးစိတ်သိဖို့ကတော့ ဆိုင်ရာဆိုင်ရာ အဘိဓမ္မာကျမ်းတွေ လေ့လာဖို့ လိုပါတယ်၊ ဆိုပါစို့ - ရူပါရုံကို အာရုံပြုတဲ့ စိတ်က ဘယ်လောက်ရှိသလဲ, သဒ္ဒါရုံကို အာရုံပြုတဲ့စိတ်က ဘယ်လောက်ရှိသလဲ စသည်ဖြင့်၊ အာရုံ ၆-ပါးဆိုတာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ကျန်အာရုံ အားလုံးသည် ဓမ္မာရုံလို့

http://www.dhammadownload.com



ခေါ်တယ်၊ ဓမ္မာရုံဆိုတာ ကျန်တဲ့အာရုံတွေကို အကုန်လုံးပေါင်းပြီး ဓမ္မဆိုတဲ့ စကားလုံးကို ဆိုလိုက်တာ။

"ဓမ္မ" ဆိုတဲ့ စကားလုံးကို ဘာလို့ သုံးသလဲဆို 'သတ္တဝါ မဟုတ်ဘူး' ဆိုတဲ့ အဓိပ္ပါယ်ကို ပြောတာ၊ လူတွေထင်နေတဲ့ "ဇီဝ" ဆိုတာ မဟုတ်ဘူး၊ "သတ္တ" ဆိုတာမဟုတ်ဘူး၊ တကယ့် nature, the law of nature ဓမ္မဆိုတဲ့ စကားလုံးကို အဲဒီ အဓိပ္ပါယ်နဲ့သုံးတာ၊ မြတ်စွာဘုရားက လောကမှာရှိတဲ့ သတ္တဝါတွေဟာ ကိုယ့်ကိုယ်ကို သတ္တသညာ မပျောက်ဘူးတဲ့၊ illusion ဖြစ်နေကြတယ်၊ တကယ် သတ္တဝါလို့ ထင်နေကြတယ်၊ အဲဒါတွေ ပျောက်စေရန်အတွက် မြတ်စွာဘုရားက "ဓမ္မ" ဆိုတဲ့ စကားလုံးကို သုံးတယ်၊ "ဓာတု" ဆိုတဲ့ စကားလုံးကိုသုံးတယ်၊ ဓာတုဆိုတာ တကယ့်ကို သူ့သဘာဝ အတိုင်း သူဆောင်တဲ့အရာ၊ ထင်နေတဲ့ သတ္တဝါဆိုတာ မဟုတ်ဘူး၊ အသက် ဆိုတာ မဟုတ်ဘူး၊ ခိုင်မြဲတဲ့အရာဆိုတာ မရှိဘူးဆိုတာကို ထင်ရှား ပေါ်လွင်စေလိုလို့ သုံးတယ်။

ခုနက ဓမ္မာရုံလို့ ပြောတဲ့အာရုံတွေဟာလည်း သဘာဝအာရုံ တွေအားလုံး၊ စိတ်နဲ့သိလို့ရတဲ့ အာရုံတွေအားလုံး၊ ရှိတာရော မရှိ တာရော အကုန်လုံးကို ဓမ္မာရုံလို့ ခေါ်တယ်၊ မျက်စိနဲ့ မြင်ရတာက ရူပါရုံ၊ နားနဲ့ ကြားတာက သဒ္ဒါရုံ၊ နှာခေါင်းနဲ့ နံတာက ဂန္ဓာရုံ၊ လျှာနဲ့ လျက်သိတာက ရသာရုံ၊ ခန္ဓာကိုယ်နဲ့ ထိပြီးတော့ သိတာက ဖောဋ္ဌဗ္ဗာရုံ၊ ကျန်အာရုံတွေ မှန်သမျှဟာ အခုပြောခဲ့တဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့နဲ့ ဆက်သွယ်မှုမပြုဘဲနဲ့ စိတ်နဲ့ သိရတယ်၊ အဲဒါတွေအားလုံးကို ဓမ္မအာရုံလို့ ခေါ်တာ၊ အာရုံ ၆-ပါး ဝတ္ထုရုပ် ၆-ပါး ဒွါရ ၆-ပါး ဆုံမိခြင်းကြောင့် စိတ်ဖြစ်တယ်။

http://www.dhammadownload.com



အကြောင်းတရားကို အမှီပြုပြီး စိတ်ဖြစ်တယ်ဆိုတာကို အကျဉ်းချုပ် perspective view အနေနဲ့ ဘုန်းကြီးတို့ ဟောကြားတာ ဖြစ်ပါတယ်။

ဒါကြောင့် တရားချစ်ခင် သူတော်စင်ပရိသတ်တို့သည် စိတ်ဆိုတဲ့ သဘာဝတရားဟာ အဖြစ်တရားမျှသာ ဖြစ်တယ်၊ ဆိုင်ရာဆိုင်ရာ အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့ စိတ်သည် ဆိုင်ရာဆိုင်ရာ အကြောင်းတရားတွေက မမြဲသလို ဖြစ်ပေါ်လာတဲ့ စိတ်လေးဟာလည်း မမြဲဘူးလို့ဆိုတဲ့ မွေအသိဉာဏ်ကို ကိုယ်စီ ကိုယ်စီ ရရှိအောင် ကြိုးစားနိုင်ကြပါစေသတည်း။

❖❖❖❖❖

http://www.dhammadownload.com

## မှတ်တမ်း

သာသနာတော် သက္ကရာဇ် ၂၅၅၂-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၂-ရက်၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက် ဓမ္မာရုံတွင် ဆင်ယင်ကျင်းပ ပြုလုပ်သည့် ညဦးယံ ဓမ္မသဘင်ဝယ်၊ စမ်းချောင်းမြို့နယ်၊ ၃၆၊ ကျွန်းတောလမ်း၊ ပထမထပ်နေ ဦးကြည်အောင်+ဒေါ်ပန်းသီ မွေးနေ့မင်္ဂလာ အလှူနှင့်စပ်၍ ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"စိတ်ဖြစ်ပုံ လေ့လာခြင်း အပိုင်း(၂)"** တရားဒေသနာတော် ဖြစ်ပါသည်။

http://www.dhammadownload.com

# အခန်း - ၂

## စိတ်ဖြစ်ပုံကို လေ့လာခြင်းအကြောင်း (၂)

မနေ့က စိတ်ဆိုတာ အဖြစ်တရား၊ ဘာဖြစ်လို့ အဖြစ်တရားလို့ ခေါ်တုန်းဆိုရင် အကြောင်းတရားတွေကိုမှီပြီး အကြောင်းတရားတွေ ဆုံစည်းမှု ဖြစ်လာတာ ဖြစ်သောကြောင့် အဖြစ်တရားလို့ ပြောခဲ့တယ်။ ဖြစ်ပြီးလို့ရှိရင်လည်း စိတ်ဟာ ချက်ချင်း ချုပ်ပျက်ပြီး သွားလေ့ရှိတယ်၊ စိတ်က အဖြစ်တရားဆိုတော့ အကြောင်းတရားတွေ ဆက်လက်ရှိနေသေးသမျှ ဒီစိတ်ဟာလည်း ဆက်လက်ဖြစ်နေမှာပဲ၊ သံသရာထဲမှာ စဉ်ဆက်မပြတ် အကြောင်းတရားတွေ ရှိနေသည့်အတွက် စိတ်ဟာလည်း ဆက်လက်ဖြစ်ပေါ်နေမှာပဲ၊ ဘဝသံသရာမှာ အကြောင်းတရား ရပ်သွားတာနဲ့ တစ်ပြိုင်နက် စိတ်ဖြစ်မှုဟာလည်း ရပ်တန့်သွားမှာဖြစ်တယ်။

http://www.dhammadownload.com



အဲဒီအကြောင်းအရာတွေ ရပ်သွားတာနဲ့ စိတ်ဖြစ်မှု ရပ်သွားတယ်ဆိုတာ ဥပမာအားဖြင့် အနာဂါမ် ရဟန္တာ ဖြစ်ပြီး ဈာန်လည်း ရလို့ စိတ်ဖြစ်စဉ်ကြီး ခေတ္တခဏ ရပ်နားတဲ့အနေနဲ့ နိရောဓသမာပတ် ဝင်စားလိုက်မယ်ဆိုရင် ၇-ရက် ဝင်စားရင် ၇-ရက် စိတ်ဖြစ်မှုရပ်တန့်သွားတယ်။ ဘာ့ကြောင့် ရပ်တန့်သွားလဲဆိုရင် အကြောင်းတရားတွေ မရှိတော့လို့ ရပ်တန့်သွားတာ။ သို့သော် အစဉ်ထာဝရရပ်တန့်တာမဟုတ်ဘူး၊ ခေတ္တခဏ ဘာဝနာစွမ်းအားနဲ့ ရပ်တန့်သွားတယ်လို့ ပြောတာ။

ဘဝတစ်ခုအနေနဲ့လည်း ရပ်တန့်ထားတာရှိတယ်၊ ဘယ်ဘဝမျိုးလဲဆိုရင် အသညသတ္တ (စိတ်မဲ့သတ္တဝါ၊ သညာမဲ့သတ္တဝါ၊ သညာကို ခေါင်းစီးတပ်ပြီးတော့ ပြောတာ၊ သညာမှ မရှိရင် စိတ်လည်းမရှိဘူး, ဝေဒနာလည်း မရှိဘူး, ဖဿလည်း မရှိဘူး၊ ဘာမှ မရှိဘူးလို့ ဆိုလိုတယ်) သညာမဲ့သတ္တဝါ၊ အသိမဲ့သတ္တဝါ၊ အဲဒီသတ္တဝါ ဖြစ်နေတဲ့ အချိန်ဆိုလည်း စိတ်အစဉ်ဟာ ခေတ္တခဏ ရပ်တန့်သွားတယ်လို့ ပြောရမယ်၊ ဘာကြောင့် ရပ်တန့်သွားတုန်းဆိုရင် အကြောင်းတွေကို ရပ်လိုက်လို့ အကျိုးပြတ်သွားတဲ့ သဘောပဲ။

သံသရာထဲမှာ အကြောင်းတွေက ဆက်လက်ဖြစ်နေသေးသမျှ ကာလပတ်လုံး စိတ်ဟာ ဘယ်တော့မှ ရပ်တန့်သွားမှာ မဟုတ်ဘူး, ဖြစ်နေမှာပဲ၊ ဒါကြောင့်မို့ စိတ်အစဉ်မှာ ဖြစ်နေတဲ့ ကံတရားတွေဟာ ဘဝသံသရာမှာ On Line ဖြစ်နေတာ၊ "ကံကြမ္မာ ဘေး ပြေးလို့မလွတ်" ဆိုတဲ့အတိုင်း လူတွေရဲ့ စိတ်အစဉ်မှာ ကံဟာ စုမိဆောင်းမိ ဖြစ်သွားပြီး ထိုကံရဲ့အကျိုးကို ခံစားကြရတယ်၊

http://www.dhammadownload.com



လူတစ်ယောက်ရဲ့ စိတ်ဖြစ်စဉ်ထဲမှာ ကံက တည်ရှိတယ်၊ ဒါကြောင့်မို့ အခြားပုဂ္ဂိုလ်ကို လွှဲမှားပြီး အကျိုးပေးစရာမရှိဘူး၊ ကိုယ်လုပ်ရင် ကိုယ့်သန္တာန်မှာပဲရှိတယ်။

ဒီတော့ မနေ့က "စိတ်ဖြစ်ပုံကိုလေ့လာခြင်း" ဆိုတဲ့နေရာမှာ မှီရာဝတ္ထုနဲ့အာရုံ ဆုံစည်းမိသွားတဲ့အခါမှာ စိတ်ဖြစ်တယ်၊ ဘယ်လိုကြောင့် ဆုံစည်းသွားသလဲဆိုရင် စိတ်နဲ့ အာရုံတို့ ဆုံစည်းဖို့ရာအတွက် တံခါးပေါက်လေးတွေ ရှိနေတယ်၊ စာပေကျမ်းဂန်အနေနဲ့ ပြောမယ်ဆိုရင် 'ဝတ္ထု အာရုံ ဒွါရတို့ ပေါင်းဆုံမိခြင်းကြောင့် စိတ်ဖြစ်တယ်' လို့ စိတ်ဖြစ်ပုံကို ဒီလိုပြောတာ၊ ဒီကနေ့ အသေးစိတ်ပြောရအောင်။

အဲဒီ အာရုံနဲ့ စိတ်နဲ့ ဆုံဖို့အတွက် အခုခေတ်လိုဆိုရင် ဆက်သွယ်ရေးလမ်းကြောင်း ရှိရတယ်။ ဗုဒ္ဓမြတ်စွာရဲ့ အဘိဓမ္မာတရားတော်အရဆိုရင် ဒွါရ တံခါးလို့ ခေါ်တယ်၊ တံခါးဆိုတာ အတွင်းလူနဲ့ အပြင်လူ ဆက်သွယ်ဖို့ ဂိတ်တံခါးကို သုံးရတာပဲ၊ အတွင်းကရှိတဲ့လူနဲ့ အပြင်ကလူနဲ့ ဆက်သွယ်ချင်ရင် အဲဒီတံခါးကပဲ ဝင်ရတာပဲလေ။ အဲဒါလိုပဲ အပြင်ကလာတဲ့ အာရုံနဲ့ အတွင်းစိတ်တို့ ဆက်သွယ်မိအောင် လူတွေရဲ့ သန္တာန်မှာ တံခါးခြောက်ပေါက်ရှိတယ်။ အဲဒီ တံခါးခြောက်ပေါက်ဆိုတာ တင်စားပြီးတော့ ပြောတာ၊ တကယ့် ပကတိတံခါးကို ဘာအတွက် အသုံးချတာတုန်းလို့ စဉ်းစားကြည့်။ ပကတိတံခါးဆိုတာ လူနှစ်ယောက် အသုံးချတာ။ ဒွါရဆိုတဲ့ **စကားလုံးလေး** တီထွင်ထားပုံကိုက **"ဒွေဖနော အရန္တိ ဂစ္ဆန္တိ ဧတ္ထ"** "နှစ်ယောက်သောသူတွေ သွားလာရာ၊ အသုံးပြုရာ" လို့ ပြောတာ။ နှစ်ယောက်သောသူ

http://www.dhammadownload.com



ဆိုတာ "ဝင်တဲ့သူနဲ့ ထွက်တဲ့သူ"ပေါ့။ တံခါးဆိုတာကို အသုံးပြုတာ ဝင်တဲ့သူနဲ့ ထွက်တဲ့သူကလွဲပြီး ဒိပြင်လူ အသုံးပြုတာရှိသေးလား၊ (မရှိပါဘူးဘုရား)၊ အဲဒီတော့ တံခါးဆိုတာ နှစ်ယောက်သုံးတာပဲ၊ ဝင်တဲ့လူကလည်း ဒီတံခါးကပဲဝင်တယ်၊ ထွက်တော့လည်း ဒီတံခါးကပဲ ထွက်တယ်။ ဒါ့ကြောင့်မို့ "ဒွါရ" ဆိုတဲ့စကားလုံးက "ဒွိ+အရ" ဆိုတဲ့ စကားလုံးနှစ်လုံးကိုပေါင်းလိုက်တာ၊ 'ဒွိ' ဆိုတာ 'နှစ်ယောက်' လို့ အဓိပ္ပါယ်ရတယ်၊ 'အရ' ဆိုတာ 'အသုံးပြုရာ, သွားရာ လာရာ, ထွက်ဝင်ရာ' လို့ ဒီလိုအဓိပ္ပါယ်နဲ့ ဒွါရဆိုတဲ့ စကားလုံးလေးကို သုံးတာ။

နောက်တစ်နည်းအားဖြင့် ဒွါရဆိုတာ ဖွင့်ဖို့ ပိတ်ဖို့ အဓိက ကတော့ ပိတ်ဖို့ကအဓိကပဲ၊ ဖွင့်ထားတာက သဘာဝက သူ့ဟာသူ ဖွင့်ထားပြီးသား၊ တကယ်တော့ တံခါးက ပိတ်ဖို့တပ်ကြတာပဲ၊ ဖွင့်ဖို့ တပ်တာမဟုတ်ဘူး၊ ဖွင့်ဖို့ဆိုတာ နဂိုကတည်းက ပွင့်ပြီးသားပဲ မဟုတ်လား၊ အဲဒီ ပွင့်နေတဲ့ဟာကို တံခါးတပ်လိုက်လို့ရှိရင် ပိတ်လို့ ရသွားတာပဲ အဓိကက၊ ဒါ့ကြောင့် **'ဒွရ သံဝရနေ'** လို့ ပါဠိကျမ်းဂန် တွေထဲမှာ ဆိုထားတယ်၊ **'ဒွရ'** ဆိုတဲ့ စကားလုံးဟာ ပိတ်ဆို့ခြင်း ဆိုတဲ့ အနက်ကို ဟောတယ်၊ ဒီတော့ တံခါးဆိုတာ ပိတ်ဖို့ဆိုတော့ အပြင်နဲ့အတွင်း ဆက်သွယ်လို့မရအောင် ပိတ်လို့ရတဲ့ အရာမျိုးကို တံခါးလို့ ဒီလိုခေါ်ပြန်တာပေါ့၊ ကောင်းပြီ - တံခါးဆိုတာ တင်စားပြီး တော့ သုံးထားတာ။

တံခါးဆိုတာ အာရုံရဲ့ ဝင်ရာထွက်ရာ၊ အာရုံရဲ့ ဝင်လာရာ ဝင်ပေါက်ကြီး၊ အာရုံက ဝင်လာတဲ့အခါကျမှ စိတ်ဖြစ်ပေါ်လာမှု ဆိုတာ ဖြစ်လာတာ။ သို့သော်လည်းပဲ တစ်ဖက်ကကြည့်မယ်ဆိုရင်

http://www.dhammadownload.com



အာရုံကဝင်လာသလို စိတ်က အာရုံဆီ ရောက်သွားလို့ရှိရင် စိတ်ကလည်း ဒီတံခါးကပဲ ထွက်တယ်လို့ ပြောလို့မရဘူးလား၊ ရတယ်နော်။ ဒါကြောင့်မို့ လယ်တီဆရာတော်ကြီးက (**'အာရမ္မဏိက'** ဆိုတာ အာရုံပြုတတ်တဲ့ စိတ်တရားတွေ၊ **'အာရမ္မဏ'** ဆိုတာ စိတ်ရဲ့ ပျော်မွေ့ရာ အာရုံတွေ)၊ အာရမ္မဏိကဆိုတဲ့ စိတ်တရားတွေနဲ့ အာရမ္မဏဆိုတဲ့ အာရုံ ဒီတရားနှစ်ခုရဲ့ ဝင်ရာ ထွက်ရာ ဖြစ်သောကြောင့် 'တံခါး - ဒွါရ' လို့ ပရမတ္ထဒီပနီကျမ်းမှာ ဖွင့်ဆိုထားတယ်။

အဘိဓမ္မတ္ထဝိဘာဝနီ ဆိုတဲ့ ဋီကာကျော်ကျမ်းမှာတော့ အဲဒီအဓိပ္ပါယ်မျိုး မဟုတ်ဘဲနဲ့ အာဝဇ္ဇန်းစသော စိတ်တို့ရဲ့ ဖြစ်ရာအဝဖြစ်သောကြောင့် တံခါးလို့ ဆိုတယ်။ လယ်တီဆရာတော်ကြီးက မကြိုက်ဘူး၊ ဒီအဓိပ္ပါယ်က မဟုတ်ဘူးတဲ့၊ ဘာဖြစ်လို့လဲဆိုရင် စိတ်ချည်းဖြစ်တာမဟုတ်ဘူး၊ အာရုံကလည်းပဲ ဒီတံခါးကဝင်တာပဲတဲ့၊ အဲဒီတော့ လယ်တီဆရာတော်ကြီးရဲ့ အဓိပ္ပါယ်က ပိုပြီးတော့ practical ကျတာပေါ့၊ လက်တွေ့ပိုကျတယ်။

အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို ဖွင့်ဆိုတဲ့ကျမ်းဟာ မူလက ၃-ကျမ်းရှိတယ်၊ စာပေလောကမှာ သင်္ဂြိုဟ်ဋီကာ ၃-ကျမ်းလို့ ခေါ်ကြတယ်၊ အဲဒီ သင်္ဂြိုဟ်ဋီကာ ၃-ကျမ်းထဲမှာ ပထမကျမ်းက **အဘိဓမ္မတ္ထသင်္ဂဟဝဏ္ဏနာ** – အဘိဓမ္မာကျမ်းကို ဖွင့်ဆိုတဲ့ ဋီကာဟောင်း၊ ထို့နောက် အကျဉ်းအားဖြင့် ဖွင့်ဆိုတဲ့ **သင်္ခေပဋီကာ၊** အဲဒီ သင်္ခေပဋီကာဆိုတာ မြန်မာပြည်က ဆပ္ပဒ လို့ခေါ်တဲ့ သဒ္ဓမ္မဇောတိပါလ မထေရ် ရေးတာ၊ ပုဂံခေတ်က ရေးခဲ့တဲ့ကျမ်း၊ အဲဒီနောက် ဒီကနေ့ခေတ် စာပေလောကမှာ ဘုန်းကြီးပညာရေး၊ ပရိယတ္တိ ပညာရေးမှာ နာမည်ကြီးပြီး သုံးနေတဲ့ကျမ်းကတော့

http://www.dhammadownload.com



**"အဘိဓမ္မတ္ထဝိဘာဝနီကျမ်း"** ပဲ၊ အဲဒါကို နာမည်ကျော်ကြားသည့် အတွက်ကြောင့် ပင်းယခေတ်က ဋီကာကျော်လို့ သိကြတယ်၊ စစ်ကိုင်းတောင်မှ ရေငုံဆရာတော်ကြီးဆီ စာလာသင်တဲ့ အရှင် အရိယဝံသ က ဋီကာကျော်ဆိုတဲ့ အဘိဓမ္မတ္ထဝိဘာဝနီကျမ်းရဲ့ အဖွင့်ကို မဏိသာရမဉ္ဇူသာ ဆိုတဲ့အမည်နဲ့ ရေးတယ်၊ အဲဒီကနေ စပြီးတော့ ဋီကာကျော် ဆိုတဲ့နာမည် ထွက်ပေါ်လာတာ။ ဒီကနေ့ ထိအောင် ဋီကာကျော်လို့ စာသင်သားလောကမှာ အသိများတယ်။

အဲဒီ ဋီကာကျော်ကျမ်းရဲ့ ဖွင့်ဆိုချက်အချို့ကို တကယ် စာတတ်တဲ့ မြန်မာပြည်က ဆရာတော်ကြီးတွေက မကြိုက်ကြဘူး။ အဲဒီထဲမှာ တချို့က မကြိုက်တာကို မကြိုက်ဘူးလို့ပဲပြောတယ်။ လယ်တီဆရာတော်ကြီးကတော့ "ပရမတ္ထဒီပနီ"ဆိုတဲ့ သူ့ကျမ်းထဲမှာ မကြိုက်တဲ့အချက်ပေါင်း ၁၄၀-ကျော် ထုတ်နှုတ်ပြီးတော့ မသင့် ဘူး, မကောင်းဘူး ဆိုတဲ့ စကားလုံးတွေ အသုံးပြုပြီး **"န ယုတ္တံ၊ န သုန္ဒရံ"** "ဒါ မသင့်ဘူး၊ ဒါ မကောင်းဘူး" "ဒီအဖွင့် မကောင်း ဘူး" လို့ ပယ်ဖျက်ခဲ့တာတွေ ရှိခဲ့တယ်။

သို့သော် လယ်တီဆရာတော်ကြီးနဲ့ သဘောမတူတဲ့ ပုဂ္ဂိုလ် တွေလည်းရှိတယ်။ မြန်မာပြည်မှာ ဋီကာကျော်ဘက်က ပြန်ပြီး ချေပကြတဲ့ ပုဂ္ဂိုလ်တွေလည်းရှိတယ်။ သို့သော် တချို့ကိစ္စတွေမှာ ဋီကာကျော်ဆရာထက် လယ်တီဆရာတော်ကြီးရဲ့ အဓိပ္ပါယ် ဖွင့်ဆိုမှုတွေက ပိုပြီး လက်တွေ့ကျတယ်လို့ ပြောရမှာပဲ။ တချို့ ပညာရှင်တွေက လယ်တီဆရာတော်ကြီးရဲ့ဖွင့်ဆိုချက်တွေက ပိုပြီး အဓိပ္ပါယ်ရှိတယ်လို့ဆိုတယ်။

http://www.dhammadownload.com



ဋီကာကျော်ဆိုတဲ့ အဘိဓမ္မတ္ထဝိဘာဝနီကျမ်းကတော့ သီဟိုဠ်က ရေးတဲ့ကျမ်း၊ အဖွင့်အဆို ပါဠိစကားလုံး လှပချောမွတ်တယ်၊ သို့သော် အဓိပ္ပါယ်အယူအဆတွေက တချို့နေရာတွေမှာ မှန်ကန်မှု မရှိဘူး၊ အခု ဒွါရနဲ့ပတ်သက်ပြီးတော့ သူက ဘယ်လိုဖွင့်တုန်း ဆိုတော့ "အာဝဇ္ဇန်း စသော စိတ်တို့ရဲ့ ဖြစ်ရာအဝ ဖြစ်သော ကြောင့် ဒွါရ" လို့ဆိုတယ်။ အဲဒီအဓိပ္ပါယ်ကို လယ်တီဆရာတော်ကြီး က လက်မခံဘူး၊ ဘာဖြစ်လို့လဲဆိုရင် စိတ်တွေချည်း ဖြစ်တာ မဟုတ်ဘူးတဲ့၊ အာရုံလည်း ဖြစ်တယ်။

လက်တွေ့ကြည့်လိုက်မယ်ဆိုရင် မြင်စရာ အဆင်းအာရုံ လေးက ဘယ်တံခါးက ဝင်လာတာလဲ၊ မျက်စိတံခါးပေါက်က ဝင်လာတာ- စက္ခုဒွါရ၊ စက္ခုဒွါရဆိုတာ စက္ခုပသာဒရုပ်လေးကို ခေါ်တာ၊ မျက်စိထဲမှာရှိတဲ့ အကြည်ဓာတ်လေးကို ခေါ်တာ၊ မျက်လုံးကြီးတစ်ခုလုံးကို ခေါ်တာမဟုတ်ဘူး၊ မျက်လုံးကြီးထဲမှာရှိတဲ့ အကြည်ဓာတ်လေးကို ခေါ်တာ၊ အပြင်ဘက်က ရုပ်ပုံလေး လာထင်တဲ့ အကြည်ဓာတ်လေးကို ခေါ်တာ၊ အဲဒီအကြည်ဓာတ်နဲ့ ဆက်သွယ်ပြီး လှုပ်ရှားသွားတဲ့ အရာတွေလည်း အပါအဝင်ပေါ့။ အဲဒီအကြည်ဓာတ်လေးထဲမှာ ရုပ်ပုံလွှာထင်ပြီးတော့ ထိုရုပ်ပုံလွှာ ဟာ ဘယ်ထိအောင် ရောက်သွားလဲဆိုရင် မနောဒွါရလို့ခေါ်တဲ့ ဘဝင်စိတ်ထိအောင် ရောက်သွားတယ်။

ဒါကြောင့်မို့ အာရုံတစ်ခုဟာ မျက်စိက မြင်စရာအာရုံလေး တစ်ခုကို မြင်လိုက်တာနဲ့တစ်ပြိုင်နက် မျက်လုံးထဲမှာလာထင်သလို ဘဝင်စိတ်ဆိုတဲ့ မနောဒွါရမှာလည်း လာပြီးတော့ ထင်တယ်တဲ့။ တစ်ပြိုင်နက်ထင်တာ၊ အဋ္ဌသာလိနီ အဋ္ဌကထာဆရာကြီးက

http://www.dhammadownload.com



ဘယ်လိုရှင်းပြသလဲဆိုရင် ငှက်ကလေးတစ်ကောင် သစ်ပင်ပေါ် နားလိုက်လို့ရှိရင် ငှက်ရဲ့ခြေထောက် သစ်ကိုင်းပေါ် ထိမိတာနဲ့ ငှက်အရိပ်က မြေကြီးပေါ်ထိတာ တစ်ပြိုင်နက်ဖြစ်တယ်၊ ဆိုလို တာက မျက်စိထဲ လာပြီးတော့ပေါ်လာတဲ့ အပြင်ဘက်က မြင်စရာ အာရုံလေးသည် (စက္ခုပသာဒမှာ လာထင်လာတဲ့ အာရုံလေး သည်) ဘဝင်စိတ်ဆိုတဲ့ မနောဒွါရကိုလည်း လာထင်လာတယ်တဲ့၊ အဲဒီလိုထင်လာလို့ ဘဝင်လှုပ်တယ်ဆိုတာဖြစ်တာ၊ ဘဝင်လှုပ် ပြီးတော့ ဘဝင်ပြတ်သွားတာ၊ မျက်စိမှာတင်ဆိုရင် ဘဝင်နဲ့က တခြားစီ ဖြစ်နေတယ်။

နားက အသံကြားရင်လည်း အသံသည် သောတပသာဒ လို့ဆိုတဲ့ နားမှာလာပြီးတော့ ထိခိုက်ရုံတင်မကဘူး, ဘဝင်စိတ်လို့ ဆိုတဲ့ စိတ်တံခါးကိုလည်း လာပြီးတော့ထိခိုက်တယ်၊ ဒါကြောင့်မို့ **“ဒွိသု ဒွိသု ဒွါရေသု ဥပ္ပဇ္ဇတိ”**- “တံခါးနှစ်ပေါက် နှစ်ပေါက်မှာ တစ်ပြိုင်နက်ရောက်တယ်” လို့ ပြောတာ၊ စိတ်ရဲ့ တံခါးဝတွေ ဆိုတာကို ကိုယ့်သန္တာန်မှာ ရှာပြီးတော့ ကြည့်ကြရအောင်။

**စက္ခုဒွါရ–** အဲဒီ စက္ခုဒွါရဆိုတဲ့ စက္ခုပသာဒရုပ်ကို တံခါးလို့ သုံးတယ်၊ စိတ်ဖြစ်ပေါ်ရာဌာန ဖြစ်သောကြောင့် ဝတ္ထုလို့လည်း ခေါ်တယ်၊ အတူတူပဲလို့ မှတ်ထားပါ။ ဘာဖြစ်လို့ တူရဲ့သားနဲ့ နှစ်မျိုး ခွဲပြောတုန်းဆိုရင် ဆောင်ရွက်ပုံ ဆောင်ရွက်နည်း မတူဘူး၊ မတူညီ တဲ့ aspect ရှိတယ်ပေါ့။ ဘယ်လို မတူညီတာလဲဆိုတော့ တံခါးလို့ ခေါ်တဲ့အခါမှာ ဘာကို ရည်ညွှန်းပြီးတော့ ခေါ်တာလဲဆိုရင် “အာရုံရဲ့ ဝင်ရောက်ရာ” ဆိုတဲ့အနေနဲ့ခေါ်တာ၊ ဝတ္ထုလို့ ခေါ်တဲ့ အခါကျတော့ ဖြစ်ပေါ်လာတဲ့ “စိတ်ကလေးရဲ့ တည်ရာမှီရာ” ဆိုတဲ့

http://www.dhammadownload.com



အနေနဲ့ ခေါ်တာ၊ ရှုထောင့်ခြင်း မတူဘူးပေါ့။ သို့သော်လည်း တစ်ခုတည်းကို ခေါ်တယ်လို့ မှတ်ထားပါ၊ စက္ခုဒွါရဆိုတာရယ်, စက္ခုဝတ္ထုဆိုတာရယ် အတူတူပဲ၊ အရပ်စကားနဲ့ ပြောလို့ရှိရင် စက္ခုဒွါရ, စက္ခုဝတ္ထု-ဒီနှစ်ခုစလုံးဟာ မျက်လုံး မျက်စိအကြည်ဓာတ်ကို ခေါ်တယ်လို့ ဒီလိုပဲမှတ်ပါ၊ အဲဒီနှစ်ခုက တူညီတယ်၊ မတူညီတဲ့ ဆောင်ရွက်မှုကိုကြည့်ပြီး ဒွါရလို့လည်း ခေါ်တယ်၊ ဝတ္ထုလို့လည်း ခေါ်တယ်။

လူတွေတောင်မှ တချို့ နာမည် ၂-မျိုး၊ ၃-မျိုး မှည့်တယ် မဟုတ်လား၊ အလုပ်အကိုင် ကြည့်ပြီးတော့လည်း ခေါ်ကြတယ်လေ။ ရုံးမှာတော့ မန်နေဂျာ၊ အိမ်ရောက်တော့ ထမင်းချက်ပေါ့၊ ဒီလိုလည်းရှိတာပဲ၊ ဘာဖြစ်လို့တုန်းဆို ရုံးမှာကျတော့ မန်နေဂျာ လုပ်တာကိုး၊ အိမ်ကျတော့ မန်နေဂျာလုပ်လို့မရဘူး၊ ထမင်းချက်ရတယ်၊ အဲဒီလို အလုပ်အကိုင်ကိုကြည့်ပြီးတော့လည်း ဒီလို ခေါ်ရတာပဲ၊ ဒါကိုပြောတာ aspect ဆိုတာ၊ မတူဘူးပေါ့။

နောက် ဒွါရတစ်ခုက သောတဒွါရ - နားတံခါးပေါ့၊ နားတံခါးဆိုတာ အသံကိုဖမ်းယူနိုင်စွမ်းရှိတဲ့ နားထဲက အကြည်ဓာတ်လေး၊ သောတပသာဒရုပ်တည်ရာ အသံကြားနိုင်စွမ်းရှိတဲ့နေရာ၊ အသံအာရုံ ထင်ပေါ်လာတဲ့နေရာ၊ အဲဒါကို သောတပသာဒလို့ ခေါ်တယ်။ အဲဒါကို ဒွါရလို့လည်း ခေါ်တယ်၊ စိတ်ရဲ့ဖြစ်ရာဖြစ်သောကြောင့် မှီရာဝတ္ထုလို့လည်း ခေါ်တယ်၊ ဒါက အတူတူပဲ။

နောက်တစ်ခုက ဃာနဒွါရ၊ ဃာနကျတော့ 'ဃ' ကြီးနဲ့ ရေးရတယ်၊ 'ဃာန'ဆိုတာ နှာခေါင်း၊ အဲဒီနှာခေါင်းဆိုတာလည်း အနံ့ကို ရယူနိုင်တဲ့ ဃာနပသာဒ နှာခေါင်းအကြည်ရုပ်လေး ရှိတယ်။ အဲဒီ

http://www.dhammadownload.com



အကြည်ရုပ်လေးကို ရည်ညွှန်းပြီးတော့ပြောတာ၊ နှာခေါင်းကြီး တစ်ခုလုံးကို ပြောတာမဟုတ်ဘူး၊ ပုံပန်းသဏ္ဌာန်ကြီး တစ်ခုလုံး ကိုတော့ မပြောဘူး၊ သို့သော် အရပ်ပြောအနေနဲ့ ပေါင်းပြီးတော့ ပြောလို့တော့ ရတာပေါ့နော် - နှာခေါင်း၊ အဲဒါက အနံ့အာရုံရဲ့ ဝင်ရောက်ရာ တံခါးဖြစ်သောကြောင့် ဃာနဒွါရတဲ့၊ အဲဒီ ဃာနဒွါရ သည်ပင်လျှင် နံ့သိစိတ်ရဲ့ ဖြစ်ရာတည်ရာ ဖြစ်သောကြောင့်လည်း ဝတ္ထုလို့ ခေါ်တယ်၊ ဒွါရနဲ့ ဝတ္ထု ဒီနှစ်ခုက အတူတူပဲ၊ အဲဒီတော့ စက္ခုဒွါရ- စက္ခုဝတ္ထု၊ သောတဒွါရ- သောတဝတ္ထု၊ ဃာနဒွါရ-ဃာန ဝတ္ထု အတူတူပဲလို့ ဒီလိုမှတ်ရမယ်။

နောက်တစ်ခုက ဇိဝှါဒွါရ၊ မျက်စိတို့ နားတို့ နှာခေါင်းတို့ ကိုတော့ အပေါက်ဆိုတော့ တံခါးလို့ ပြောရတာ လွယ်တယ်ပေါ့။ လျှာကျတော့ အပေါက်မပါတော့ ပြောရခက်ပြန်တယ်၊ လျှာမှာ အပေါက်ပါတာ မဟုတ်ဘူး။ သို့သော် ဇိဝှါဒွါရ-လျှာတံခါး၊ လျှာ တံခါးဆိုတာ ရသာရုံရဲ့ ဝင်ရောက်ရာဖြစ်လို့ လျှာတံခါးလို့ ခေါ်တာ၊ အဲဒါက လျှာရဲ့အလယ်ခေါင်မှာရှိပြီးတော့ ချို ချဉ် ငန် စပ် အရသာကို ရယူနိုင်တဲ့, အရသာရဲ့ ထင်ရှားဖြစ်ပေါ်လာနိုင်တဲ့ ဇိဝှာပသာဒ ရုပ်လေးကို ခေါ်တယ်၊ အဲဒီ ဇိဝှာပသာဒရုပ်လေးကို အမှီပြုပြီးတော့ ဇိဝှာဝိညာဏ်စိတ်ဖြစ်လို့ ဝတ္ထုလို့လည်းခေါ်တယ်၊ ရသာရုံရဲ့ ဝင်ရောက်ရာ ဖြစ်သောကြောင့် ဇိဝှာဒွါရ လို့လည်း ခေါ်တယ်၊ ဒီနှစ်ခုလည်း အတူတူပဲပေါ့။

နောက်တစ်ခုက ကာယဒွါရ၊ ကာယဒွါရဆိုတာ ကာယ ပသာဒ- ကိုယ်အကြည်ရုပ်၊ ကိုယ်အကြည်ရုပ်ကိုလည်းပဲ ကာယ ဒွါရ- ကိုယ်တံခါးလို့ ခေါ်တယ်၊ ဘာဖြစ်လို့ တံခါးလို့ ခေါ်တုန်း

http://www.dhammadownload.com



ဆိုရင် ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ (ဖောဋ္ဌဗ္ဗဆိုတာ ဘာကို ပြောတာလည်း ဆိုရင် ပျော့တယ် မာတယ် ဆိုတဲ့ အထိအတွေ့၊ ပူတယ် အေးတယ် ဆိုတဲ့ အထိအတွေ့၊ တွန်းကန်တယ် လှုပ်ရှားတယ် ဆိုတဲ့ အထိ အတွေ့ ၃-မျိုးရှိတယ်၊ စာလိုပြောရရင်တော့ ပထဝီ တေဇော ဝါယော၊ အဲဒီအထိအတွေ့တွေကို ကာယပသာဒက ဖမ်းယူတယ်) အဲဒီ အထိအတွေ့တွေ အပြင်က အာရုံတွေ ဝင်လာရာ ဖြစ်သော ကြောင့် သူ့ကိုလည်း တံခါးလို့ ခေါ်တယ်၊ စိတ်ဖြစ်ပေါ်ရာနေရာ ဖြစ်သောကြောင့်လည်း ဝတ္ထုလို့လည်း ခေါ်တယ်။

စက္ခုဒွါရ - စက္ခုဝတ္ထု၊ သောတဒွါရ - သောတဝတ္ထု၊ ဃာနဒွါရ - ဃာနဝတ္ထု၊ ဇိဝှာဒွါရ - ဇိဝှာဝတ္ထု၊ ကာယဒွါရ - ကာယဝတ္ထု အတူတူပဲ၊ ပသာဒရုပ် ၅-ပါးကို ခေါ်တယ်လို့ ဒီလို မှတ်ရမယ်။ တစ်ခုတည်းကနေပြီးတော့ ကိစ္စ ၂-ခုကို ဆောင်ရွက် တယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ပြောတာ၊ ကိစ္စနှစ်ခုကို ဆောင်ရွက်သည့် အတွက်ကြောင့် ဆောင်ရွက်ပုံ ဆောင်ရွက်နည်းအရ နာမည် ၂-မျိုးပေးထားတယ်။

နောက်တစ်ခုက **ဟဒယဝတ္ထု**၊ ဟဒယဝတ္ထု ဆိုတာကျတော့ စိတ်ရဲ့မှီရာဝတ္ထုရုပ်သာ ဖြစ်ပြီးတော့ တံခါးတော့ မဟုတ်ဘူး၊ အဲဒီတော့ စိတ်တံခါးကျတော့ ဘယ်အရာကို ပြောတာတုန်းဆိုရင် ဘဝင်စိတ်ကို ပြောတာ။ ဒါကျတော့ မတူဘူးလို့ မှတ်ထား၊ စိတ်က ဟဒယဝတ္ထုကို မှီပြီးတော့ဖြစ်တယ်၊ အဲဒီ ဟဒယဝတ္ထုကို မှီပြီးတော့ ဖြစ်တဲ့စိတ်သို့ အာရုံတွေဝင်လာတာ ဘယ်ကနေ ဝင်လာတုန်း ဆိုရင် ဘဝင်စိတ်ကနေ ဝင်လာတာ ဖြစ်သောကြောင့် ဘဝင်စိတ် ကို mind door စိတ်တံခါးလို့ ဒီလိုခေါ်တယ်။

http://www.dhammadownload.com



အဲဒီနေရာမှာ ဘဝင်စိတ်ဆိုတာ ဘယ် ဘဝင်စိတ်လဲလို့ မေးစရာရှိလာတယ်။ ဝီထိစဉ်ကို ကြည့်လိုက်လို့ရှိရင် အာရုံနဲ့ဆုံလို့ ပေါ်လာတဲ့စိတ်တွေ မဖြစ်မီ လူတွေရဲ့သန္တာန်မှာ အမြဲတမ်းဖြစ်နေတဲ့, ကံရဲ့အဟုန်နဲ့ သွားနေတဲ့ ဘဝစိတ်အစဉ်ဖြစ်တယ်။ လှုပ်ရှားမှုကင်းတဲ့ passive mind process ဘဝင်စိတ်အစဉ်၊ အာရုံအသစ်နဲ့ ဆက်သွယ်မှုမရှိတဲ့ စိတ်မျိုးပဲ။

သာမန်အားဖြင့် နာမည်တစ်မျိုး ပြောမယ်ဆိုရင် ဘဝင်စိတ်ဆိုသည်မှာ အိပ်ပျော်နေတဲ့အချိန်မှာ ဖြစ်နေတဲ့ စိတ်အစဉ်မျိုးကို ပြောတာ၊ အိပ်ပျော်နေလို့ရှိရင် မျက်စိကလည်း ဆက်သွယ်တာ မရှိဘူး၊ နားကလည်း ဆက်သွယ်တာ မရှိဘူး၊ နှာခေါင်းကလည်း ဆက်သွယ်တာ မရှိဘူး၊ လျှာကလည်း ဆက်သွယ်တာ မရှိဘူး၊ ခန္ဓာကိုယ်ကလည်း ဆက်သွယ်တာမရှိဘူး၊ စိတ်ကူးစိတ်သန်းတွေနဲ့လည်း ဆက်သွယ်တာ မရှိဘူး။

သို့သော် အဲဒီအချိန်မှာ စိတ်မရှိဘူးလားဆိုတော့ ရှိတယ်၊ အဲဒီလို အိပ်ပျော်နေတဲ့ အချိန်မျိုးဖြစ်တဲ့ ဘဝင်စိတ်မျိုးဆိုတာဟာ စဉ်ဆက်မပြတ် ဝီထိစိတ်မဖြစ်မခြင်း ဖြစ်ပြီးတော့နေတယ်လို့ ဒီလို မှတ်ထားရမယ်၊ သူက ဘယ်သူ့စွမ်းအားနဲ့ သွားနေတာတုန်း၊ ဘယ်သူ့စွမ်းအားနဲ့ ဒီဖြစ်စဉ်ကြီးတစ်ခု ပေါ်နေတာတုန်းဆိုရင် ကံစွမ်းအားနဲ့ ပေါ်နေတာ။

အဲဒါကို သဘောပေါက်အောင် ပြောရမယ်ဆိုရင် အတိတ်ဘဝက ကံတစ်ခုက ဘဝတစ်ခုကို ဖန်တီးလိုက်တယ်၊ ဖန်တီးလိုက်လို့ ပထမဆုံးရလာတဲ့စိတ်က ပဋိသန္ဓေဝိညာဏ်စိတ်၊ ပဋိစ္စသမုပ္ပါဒ်

http://www.dhammadownload.com



မှာ **"သခါရပစ္စယာ ဝိညာဏံ"** လို့ ဟောထားတဲ့ ဝိညာဏ်စိတ်ပဲ၊ လူသားတွေဆိုရင် မဟာဝိပါက် စိတ် ၈-ခုထဲက တစ်ခုပေါ့။

လူစဉ်မမီတဲ့ပုဂ္ဂိုလ်တွေဆိုရင်တော့ ကုသလဝိပါက် ဥပေက္ခာ သန္တီရဏစိတ်နဲ့ ဖြစ်တယ်။ လူစဉ်မမီဘူးဆိုတာ အမိဝမ်းထဲက ကန်းလာတဲ့ပုဂ္ဂိုလ်တွေ, နားထိုင်းလာတဲ့ပုဂ္ဂိုလ်တွေ, စကားမပြော တတ်တဲ့ ပုဂ္ဂိုလ်တွေ၊ နောက်မှ လူစဉ်မမီဖြစ်တာကိုပြောတာ မဟုတ် ဘူး၊ အစကတည်းက ကံမရှိလို့ ပါမလာတဲ့ပုဂ္ဂိုလ်မျိုးကိုပြောတာ။ အဲဒီပုဂ္ဂိုလ်မျိုးဟာ လူ့ဘဝရသော်လည်း သူ့ရဲ့ ကံစွမ်းအားက ဖန်တီးတဲ့နေရာမှာ ညံ့ဖျင်းသည့်အတွက်ကြောင့် လှလှပပပြည့်ပြည့် ဝဝ မဖန်ဆင်းနိုင်ဘူးတဲ့၊ imperfect ဖြစ်တာပေါ့။ perfect မဖြစ်လာဘူးပေါ့၊ အဲဒီ အဟိတ်ပဋိသန္ဓေစိတ်အပါအဝင် လူသား တွေ ရနိုင်တဲ့ ပဋိသန္ဓေစိတ် ၉-မျိုးရှိတယ်။

အဲဒီ ပဋိသန္ဓေစိတ် ၉-မျိုးထဲက တစ်ခုခုနဲ့ လူ့ဘဝ စ,ခဲ့ကြ တာချည်းပဲ။ အခု တရားနာနေကြတဲ့ ပရိသတ်တွေအားလုံးလည်းပဲ မဟာဝိပါက်စိတ် ၈-ခုထဲက တစ်ခုခုနဲ့ စ,ခဲ့ကြတာပဲ၊ သန္ဓေစိတ်ချင်း တစ်ယောက်နဲ့ တစ်ယောက်တော့မတူဘူး၊ အဲဒီ မဟာဝိပါက်စိတ်နဲ့ စတင်လာတဲ့ ပဋိသန္ဓေစိတ်ကို ဘယ်သူက ထုတ်လွှတ်လိုက်တာ တုန်းဆိုရင် ကံတရားက ထုတ်လွှတ်လိုက်တာ။ အင်မတန် သိမ်မွေ့ တယ်၊ အဲဒီ ပဋိသန္ဓေစိတ်လေးရဲ့သက်တမ်းလေးက အင်မတန်မှ တိုတောင်းတယ်၊ ဖြစ် တည် ပျက် ဆိုတဲ့ ခဏလေးမျှသာ တည် တယ်။ သိပ်ကို တိုတောင်းတယ်၊ နှိုင်းယှဉ်လို့ မရလောက်အောင် တိုတောင်းတယ်ပေါ့။

http://www.dhammadownload.com



နားလည်ရုံ နောက်တစ်မျိုးပြောမယ်ဆိုရင် ၃-စက္ကန့်လောက် ဆိုပါစို့၊ ၃-စက္ကန့်ဆိုတာ အရှည်ကြီးနော်၊ တစ်စက္ကန့်တင်ပဲ စိတ်ဟာ ကုဋေတစ်သိန်းလောက် ဖြစ်နိုင်တယ်။ သို့သော် နားလည်အောင် ပြောရမယ်ဆိုရင် ၃-စက္ကန့်လို့ ဆိုပါစို့။ သူ့ရဲ့ သက်တမ်းလေးဟာ ၃-စက္ကန့်ပဲရှိတယ်၊ ဖြစ်တဲ့ စက္ကန့်လေးရယ်, ခဏလေးတည်တံ့တဲ့ စက္ကန့်လေးရယ်, ပျက်သွားတဲ့ စက္ကန့်လေး ရယ် ဒီ ၃-ခုပဲ ရှိတယ်၊ ဖြစ် တည် ပျက် ဆိုတဲ့ အပိုင်းလေး ၃-ပိုင်းပဲရှိတယ်၊ သူပြီးသွားရင် နောက်ထပ် ကံရဲ့ စွမ်းအားနဲ့ ဒီစိတ် မျိုးတွေဟာ မသေမချင်းဖြစ်တာ။

အဲဒီ ပဋိသန္ဓေစိတ်နောက်မှာ အလားတူစိတ်တွေ ထပ်ဖြစ် နေတယ်၊ ဒီစိတ်လေးကတော့ ဖြစ်ပြီးရင် နောက်ထပ် မပေါ်လာ တော့ဘူး၊ သို့သော် အလားတူတွေ နောက်ကဆက်တိုက်လာတာ၊ အဲဒီ အလားတူတွေလာနေတဲ့ စိတ်တွေမှန်သမျှကို "ဘဝင်စိတ်" လို့ ခေါ်လိုက်တာပဲ။ အဲဒီတော့ ပဋိသန္ဓေစိတ်ကိုပဲ နောက်ပိုင်းမှာ "ဘဝင်စိတ်" လို့ခေါ်တယ်လို့မှတ်ထားပါ။ နောက်ဆုံး ဘဝနိဂုံးချုပ်ပြီ ဆိုတဲ့အခါ အသက်ဇီဝိန်ချုပ်သွားချိန် နောက်ဆုံး စိတ်လေးကို "စုတိစိတ်" လို့ခေါ်တယ်။ ဒါ့ကြောင့် တစ်ဘဝရဲ့ အကန့်အသတ် ဟာ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ် - ဒါ တစ်ဘဝလုံးရဲ့ အကန့်အသတ်လေး တစ်ခုပဲ၊ လူတွေရဲ့ lifespan ဆိုတာ အဲဒီ ဟာပဲ။

အဲဒီ လူတွေရဲ့သက်တမ်းကို ဘယ်သူက သတ်မှတ်ပေးထား တုန်းဆိုရင် ကံပဲ၊ ကံအရှိန်နဲ့ သွားနေတာ။ ဥပမာအားဖြင့် တုတ် တစ်ချောင်းကို လေးနဲ့ပစ်တင်လိုက်တယ် ဆိုပါစို့။ ပစ်တင်လိုက်တဲ့

http://www.dhammadownload.com



အခါ အားရှိသလောက်သွားပြီး အားကုန်သွားတာနဲ့ ကျသွားတာပဲ။ ခဲတစ်လုံးကို အပေါ်ပစ်လိုက်လို့ရှိရင် ပစ်အားရှိသလောက် ခဲဟာ မြောက်တက်သွားမယ်၊ ပြီးရင် ပြန်ကျလာမယ်။

အဲဒီလိုပဲ ဒီစိတ်တွေဟာ ကံက ထုတ်လွှတ်လိုက်တာ၊ တချို့ပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ နှစ်ပေါင်း ၈၀-လောက်ကြာပေမယ့် တချို့ပုဂ္ဂိုလ်မှာ ၆၀-လောက်ပဲ ကြာမယ်။ တချို့ ပုဂ္ဂိုလ်ကျတော့ ၅၀-လောက်ပဲ ကြာမှာပေါ့။ ကံအရှိန်ချင်းမတူဘူး၊ ထောက်ပံ့ပေးတာချင်း မတူသည့်အတွက်ကြောင့် ဒီဘဝင်စိတ်လေးရဲ့ ဖြစ်ပေါ်တဲ့အချိန်ပိုင်းဟာ တစ်ယောက်နဲ့တစ်ယောက် မတူညီဘူးပေါ့။ ကံစွမ်းအားနဲ့ သွားနေတာ၊ အဲဒီ ကံစွမ်းအား ကုန်သွားပြီဆိုရင် နောက်ဆုံးဖြစ်တာက စုတိစိတ်ပဲ၊ (အဲဒီ ဘဝင်စိတ်လေးဆိုတာ အခြားအာရုံတစ်ခု ဝင်မလာလို့ရှိရင် ကိုယ့်သန္တာန်မှာ ဖြစ်နေတယ်လို့ ဒီလို မှတ်ရမယ်နော်။)

အဲဒါတွေကို နိုင်ငံခြားသားတွေကို အဘိဓမ္မာသင်ပေးတဲ့အခါ နားလည်အောင်လို့ ဘဝင်စိတ်အစဉ်ကို blue line လို့ နာမည်ပေးထားတယ်။ mental process မှာ blue line, အပြာလိုင်းလေး တစ်ခု ဆွဲပြထားတယ်၊ အပြာလိုင်းလေးက အပြာဆိုတာ ငြိမ်သက်တယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့၊ ငြိမ်နေတာ၊ လှုပ်ရှားမှုမရှိတဲ့ အပြာလိုင်းလေး၊ လူ့ရဲ့စိတ်မှာ သူက အမြဲတမ်း ရှိနေတယ်၊ ပြင်ပအာရုံတစ်ခုခုနဲ့ ဆက်သွယ်လာတဲ့အခါကျတော့ ပြင်ပအာရုံရဲ့ ထိခိုက်မှုစွမ်းအားကြောင့် ဘဝင်စိတ်က ပြတ်တောက်သွားတယ်၊ ပြတ်တောက်သွားပြီး ပြင်ပကအာရုံတွေနဲ့အလုပ်လုပ်တဲ့ ဝီထိစိတ်

http://www.dhammadownload.com



ပေါ်လာတယ်။ အဲဒါကျတော့ red line ပေါ့၊ အနီလိုင်း၊ တစ်ခါ အနီလိုင်းက ပြန်ကျသွားရင် blue line ပြန်ရောက်သွားတယ်။

ပုံဆွဲပြီး သရုပ်ဖော်ကြည့်လိုက်မယ်ဆိုရင် အနီလိုင်း ပေါ်လာလိုက်၊ အပြာလိုင်း ပေါ်လာလိုက်နဲ့ လူ့တစ်ဘဝသက်တမ်းကို တွေ့မြင်ရမှာပဲ။ နှလုံးခုန်နှုန်းကို ရိုက်ပြတဲ့ ECG လို စက်မျိုးတွေနဲ့ဆိုရင် မြင်ရမှာပေါ့၊ လူရဲ့ သွားလာလှုပ်ရှားနေမှုဟာ အဲဒီအတိုင်းပဲ ဖြစ်နေမှာပဲ။

အဲဒီတော့ ဝီထိစိတ်တွေ ပေါ်လာတယ်ဆိုရင် အနီလိုင်းပေါ့၊ ဘဝင်စိတ်တွေချည်းဆိုရင် အပြာလိုင်းပဲ၊ ဘဝင်ကျတယ် ဘဝင်ကျတယ်ဆိုတာ အဲဒီ အပြာလိုင်းထဲ ပြန်ရောက်သွားတာကို ပြောတာ၊ ပြီးရင် အနီလိုင်း ပြန်တက်လာလိုက်၊ အပြာလိုင်းထဲ ကျသွားလိုက်နဲ့၊ ECG ရိုက်တာတွေ တွေ့ဖူးကြပါလိမ့်မယ်၊ အပေါ် တက်လိုက် အောက်ကျလိုက်နဲ့ အတွန့်လေးတွေလေ၊ ဆရာဝန်တွေမှ ဖတ်တတ်တာပေါ့၊ စိတ်ကို ပုံစံထုတ်ကြည့်ရမယ်ဆိုရင် အဲဒီပုံစံမျိုးတွေ့မှာပေါ့၊ စိတ်ဆိုတာ မြင်ရတဲ့အရာ ပုံပန်းသဏ္ဌာန် မရှိတဲ့အတွက် ဥပမာနဲ့ ပြောရတာ။

အာရုံအသစ်တစ်ခု ဝင်လာပြီဆိုတာနဲ့တစ်ပြိုင်နက် မနောဒွါရ လို့ဆိုတဲ့ mind door ကိုပါ ဖွင့်ပေးလိုက်တယ်။ mind door ဆိုတာ ဘယ်အရာ ခေါ်တာတုန်းဆိုရင် ဘဝင်စိတ်ကိုခေါ်တာ၊ အဲဒီ ဘဝင်စိတ် အခြေခံမရှိဘဲနဲ့ တခြားစိတ်တွေ ဖြစ်လာဖို့ရာ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုရင် source မရှိဘဲ ဘာမှဖြစ်မလာဘူးလေ။

http://www.dhammadownload.com



ဆိုပါစို့ - မျိုးစေ့လေး တစ်ခုထဲမှာ အပင်ပေါက်နိုင်တဲ့ စွမ်းရည်သတ္တိက အစေ့တစ်ခုလုံးမှာရှိတာလား၊ သို့မဟုတ် သူ့ရဲ့ ခေါင်းပိုင်းလေးလို့ ခေါ်ရမယ့် အပိုင်းလေးမှာပဲ ရှိသလား။ ပဲစေ့ လေးတွေ ကြည့်ကြည့်ပေါ့။ ပဲစေ့ကိုကြည့်လိုက်ရင် ရှေ့ပိုင်း နောက်ပိုင်း ရှိတယ်မဟုတ်လား၊ အညှောင့်ထွက်တာတို့ အမြစ် ဆင်းတာတို့က ဘယ်က ဆင်းတာတုန်း၊ ရှေ့ပိုင်းကနော်၊ အဲဒီ ရှေ့ပိုင်းလေးကို ဖြတ်ပစ်လိုက်လို့ရှိရင် ဒီအစေ့က အပင်ပေါက် နိုင်ပါဦးမလား၊ မပေါက်နိုင်တော့ဘူး။

အဲဒါမျိုးလိုပဲ ဘဝင်ဆိုတာ ကံကနေဖန်တီးထားတဲ့ စိတ် အစဉ်လေး တစ်ခုပဲ၊ အညှောင့်ထွက်နိုင်တယ်၊ possibility ပေါ့၊ စိတ်ကို ဖြစ်ပေါ်စေနိုင်တယ်၊ စိတ်ဖြစ်ပေါ်လာအောင် အခြေခံ အကြောင်းအနေနဲ့ ဖြစ်ပေါ်ထားတာ၊ သူက ကံကြောင့်ဖြစ်တာ၊ ကံကြောင့်ဖြစ်တဲ့ ရုပ်ရယ်, ကံကြောင့်ဖြစ်တဲ့ စိတ်ရယ်- အဓိကက ဒီနှစ်ခု၊ အဲဒီနှစ်ခုဟာ လူရဲ့သန္တာန်မှာ အမြဲတမ်း ယှဉ်ပြိုင်သွားနေ တာ၊ ကျန်တဲ့ စိတ်တွေကျတော့ ပစ္စုပ္ပန်အာရုံတွေကြောင့် ဖြစ်တာ၊ ကံကြောင့်ချည်း မဟုတ်တော့ဘူး။

ပုံမှန်အားဖြင့် ဘဝတစ်ခုကို ကြည့်မယ်ဆိုရင် ဘဝင်စိတ် ကလေး (ပဋိသန္ဓေ ဘဝင်စုတိလို့ ခေါ်တဲ့အထဲမှာ မွေးဖွားပြီးတဲ့ နောက် မသေခင်စပ်ကြားမှာဖြစ်နေတဲ့ ဘဝင်စိတ်တွေ)ဟာ ကံရဲ့ အရှိန်အဟုန်နဲ့ သွားနေတာ၊ အဲဒီ ဘဝင်စိတ် သွားနေသလိုပဲ ကံကြောင့်ဖြစ်တဲ့ ရုပ်တွေကလည်း ဖြစ်ပျက်အစဉ်နဲ့ သွားနေတာ။

ဆိုပါစို့- စက္ခုပသာဒရုပ်ဆိုတာ စ,ပေါ်လာတဲ့ အချိန်ကနေ စ,ပြီး ကံက စိတ်ရဲ့ ခဏတိုင်း ခဏတိုင်းမှာ ထုတ်လွှတ်တယ်၊

http://www.dhammadownload.com



ခဏတိုင်း ဆိုတာ စိတ်မှာ ခဏ သုံးခုရှိတယ်။ စိတ်တစ်ခုမှာ ခဏ ၃-ခု ရှိတယ်၊ ဥပါဒ် ရှိတယ်, ဌီ ရှိတယ်, ဘင် ရှိတယ်၊ ဖြစ်-တည်-ပျက် ၃-ခု ရှိတယ်၊ အဲဒီ ၃-ခုထဲမှာပဲ ဖြစ် ဆိုတဲ့ ခဏမှာလည်းပဲ ကံတရားက အသစ်ထုတ်တယ်၊ ဌီ ဆိုတဲ့ အချိန်ပိုင်းလေးမှာလည်းပဲ အသစ်ထုတ်တယ်၊ ဆိုလိုတာကတော့ တရစပ် အသစ်ထုတ်နေတယ်လို့ပြောတာ၊ စက္ခုပသာဒရုပ်လေးဟာ စ, မွေးဖွားပြီးတဲ့ အချိန်ကစပြီး ကံက အသစ်တွေ အမြဲတမ်း ဆက်ထုတ်နေတာ၊ မထုတ်တော့ဘူး၊ ရပ်သွားပြီဆိုရင် ဒါပျက်စီးဖို့ပဲ ရှိတယ်၊ အခုခေတ် medical science အရလည်း ပြောကြတယ်၊ cell လေးတွေဟာ ပျက်စီးသွားပြီး နောက်ထပ် cell လေးတွေ ထပ်ပေါ်နေတယ်ဆိုတဲ့သဘောပေါ့၊ ဒါ နာမည်ပဲ ပြောင်းခေါ်ထားတာပေါ့၊ ဒီထက် အသေးစိတ်လေ့လာရင် ဒီထက်ပိုသိနိုင်မှာ ပေါ့နော်။

ဗုဒ္ဓဟောထားတဲ့ အဘိဓမ္မာကို ကြည့်မယ်ဆိုရင် ကမ္မဇရုပ်လို့ ခေါ်တဲ့ (ဥပမာ- စက္ခုပသာဒဆိုတဲ့ မျက်စိအကြည်) ရုပ်ကို ကံတရားက ဆက်ပြီးတော့ထုတ်နေတယ်၊ အကြောင်းတစ်ခုခုကြောင့် မပျက်စီးမချင်း ကံက အသစ်တွေ ထုတ်ပေးနေတာ၊ အကြောင်းတစ်ခုခုကြောင့် ပျက်စီးသွားရင်တော့ ဆက်မထုတ်နိုင်တော့ဘူး၊ အဲဒီကံသည် ကမ္မဇရုပ်တွေကို စိတ်ရဲ့ခဏတိုင်း ခဏတိုင်းမှာ ထုတ်သလို ဘဝင်စိတ်ကလည်း ကံရဲ့အရှိန်နဲ့ run နေတာ၊ ပြေးနေတာပဲ၊ ဖြစ်ပြီး ပျက်နေတာနော်၊ ပေါ်လိုက် ပျောက်လိုက်နဲ့ အဲဒီ ပုံစံနဲ့သွားနေတာ၊ အသစ်အသစ်တွေချည်းပဲလာတာ၊ အဟောင်းအဟောင်းတွေက အကုန်ပျက်စီးသွားတာ။

http://www.dhammadownload.com



အဲဒါကြောင့် အနိစ္စဆိုတဲ့ သဘောတရားဟာ အလွန် ထင်ရှားတယ်၊ တရားမေ့နဲ့ ကြည့်မယ်ဆိုရင် အနိစ္စဆိုတဲ့ သဘော တရားဟာ ဘယ်အရာမှ ရပ်နေတာ မဟုတ်ဘူး၊ အားလုံးဟာ ပြေးနေကြတာ၊ ဖြစ်တာတွေက အကုန်အသစ်တွေချည်းပဲ။ အဲဒီ ဘဝင်စိတ်တွေဟာလည်း ဆက်ပြီးဖြစ်နေတယ်။ အဲဒီ ဘဝင်စိတ် တွေကိုပဲ မနောဒွါရ **mind door** လို့ ခေါ်တယ်။ ဘာဖြစ်လို့လဲ ဆိုရင် အဲဒီ ဘဝင်စိတ် ဖြစ်မနေဘူးဆိုရင် တခြားစိတ် ဝင်လာဖို့ရာ တံခါးပေါက် မရှိဘူးလို့ ပြောရမယ်၊ ဘဝင်စိတ်မှ မရှိရင် တံခါး မရှိတော့ဘူးပေါ့။

ဒါ့ကြောင့်မို့ အဆင်းအာရုံက မျက်စိမှာ လာထိတဲ့အခါ စက္ခု ပသာဒမှာ ထိသလို မနောဒွါရမှာလည်း လာဆက်သွယ်တယ်။ အဲဒီကျတော့မှ စက္ခုဝိညာဏ်စိတ် ပေါ်တာ၊ မျက်စိမှာ လာထိရုံ လေးနဲ့ မပေါ်ဘူး၊ နှစ်နေရာ နှစ်နေရာ - ဒါ့ကြောင့်မို့ အဋ္ဌသာလိနီ က **"ဒွိသု ဒွိသု ဒွါရေသု"**– တံခါးနှစ်ခုတဲ့၊ စက္ခုဒွါရ - မနောဒွါရ၊ သောတဒွါရ - မနောဒွါရ၊ ဃာနဒွါရ - မနောဒွါရ၊ ဇိဝှာဒွါရ - မနောဒွါရ၊ ကာယဒွါရ- မနောဒွါရ၊ အဲဒီလို နှစ်ခု နှစ်ခု တစ်ပြိုင်နက်တည်း ထိတယ်၊ တစ်ပြိုင်နက် ပေါ်လာတယ်၊ အာရုံ တွေက အဲဒီ တံခါးနှစ်ပေါက်ကနေ တစ်ပြိုင်နက် ဝင်လာတယ်။ မနောဒွါရစိတ် တံခါးပေါက်ဆိုတာ ဘယ်သူ့ကို ပြောတာတုန်း ဆိုရင် ဘဝင်စိတ်ကို ပြောတာ၊ ကံအရှိန်နဲ့ပြေးနေတဲ့ ဖြစ်ပြီး ပျက်နေတဲ့ ဘဝင်စိတ်အစဉ်ကိုပြောတာ။

ဒီမှာ "ဘဝင်" လို့ ဘာလို့ ခေါ်တာတုန်းဆိုရင် **"ဘဝဿ အင်္ဂဘာဝေန ဘဝင်္ဂံ သဏ္ဍိတံ"** ဆိုတဲ့အတိုင်း 'ဘဝင်' ဆိုတာ

http://www.dhammadownload.com



'ဘဝ ဆက်လက်ဖြစ်ပေါ်နေမှုရဲ့ အကြောင်းတရား' လို့ ပြောတာ၊ ဘဝရှင်သန်နေတာ အဲဒီ ဘဝင်စိတ်တွေရှိလို့ ရှင်သန်နေတာနော်။ လူတွေက "ငါ ဘဝင်မကျဘူး" လို့ ပြောတတ်ကြတယ်၊ "ဘဝင်ပူလေး ထုတ်ပေးပါဦး" လို့ အနှိပ်ဆရာတွေက ပြောလေ့ရှိတယ်၊ အဲဒီဘဝင်တွေနဲ့လည်း သွားမရောနဲ့နော်၊ ဘာဖြစ်လို့လဲဆိုရင် အရပ်က ဒီစကားလုံးတွေယူသုံးထားတာ၊ အလွဲလွဲ အမှားမှားတွေ လျှောက်တွေးမိမှာစိုးလို့ပြောတာ။

အခု ဘဝင်ဆိုတာ 'ဘဝင်္ဂ' ဆိုတဲ့ စကားလုံးကလာတဲ့ ဘဝင်၊ အဲဒီဘဝင်ဆိုတာ ကံရဲ့စွမ်းအားနဲ့ အရှိန်မပျက်သွားနေတဲ့ စိတ်အစဉ်ကို ပြောတာ၊ အဲဒီ ဘဝင်စိတ်ဆိုတာ ဘယ်သူ့ကို ခေါ်တာတုန်းဆိုရင် ပဋိသန္ဓေစိတ်ကိုပဲ ခေါ်တာ၊ နောက်ဆုံး သေတော့လည်း ဒီဘဝင်စိတ်ကို စုတိစိတ်အဖြစ် ပြောင်းခေါ်တယ်၊ အဲဒီတော့ နံပါတ်တစ်ကို ပဋိသန္ဓေခေါ်ပြီး နောက်ဆုံးနံပါတ်ကို စုတိလို့ခေါ်တယ်၊ အလယ်ဟာကို ဘဝင်လို့ခေါ်တယ်၊ တစ်မျိုးတည်းပဲလို့ မှတ်ပါ။

## မနောဒွါရ အရ

**"မနောဒွါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ"** - "ဘဝင်စိတ်ကို မနောဒွါရလို့ ခေါ်တယ်" လို့ အဘိဓမ္မတ္ထသင်္ဂဟကျမ်းက ဆိုတယ်။ ဘဝင်စိတ်တွေ အများကြီးထဲက ဘယ်ဘဝင်စိတ်တုန်းဆိုတော့ ခုနက ဋီကာကျော်ကျမ်းက ဘယ်လိုပြောတုန်းဆိုရင် အာဝဇ္ဇန်းရဲ့ ရှေ့ကဖြစ်တဲ့ ဘဝင်လို့ဆိုတယ်။ ဝိထိချကြည့်လိုက်ရင် အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ ပြီးတော့ ပဉ္စဒွါရာဝဇ္ဇန်း၊

http://www.dhammadownload.com



အဲဒီလိုလာတော့ ပဉ္စဒွါရာဝဇ္ဇန်းရဲ့ ရှေ့မှာရှိတဲ့ ဘဝင်ဆိုတာ ဘဝင်္ဂုပစ္ဆေဒ ဖြစ်တယ်။ ပြတ်တဲ့ဘဝင်ကို သူက mind door လို့ ဒီလို ပြောချင်တာ။ ဘာဖြစ်လို့လဲဆိုရင် မနအရ အာဝဇ္ဇန်းစသော စိတ်တွေ ယူပြီးတော့ အဲဒီစိတ်ရဲ့ ဝင်ရာဖြစ်သောကြောင့် မနောဒွါရ (စိတ်တံခါး, စိတ်ရဲ့ဂိတ်ဝ) လို့ ဒီလိုဖွင့်တာ။

အဲဒါကို လယ်တီဆရာတော်ကြီးက သဘောမတူဘူး၊ ဘဝင်မှန်ရင် ဘယ်ဘဝင်ပဲဖြစ်ဖြစ် မနောဒွါရလို့ ခေါ်တယ်။ လယ်တီဆရာတော်ကြီးက ဘာပြောတုန်းဆိုရင် စက္ခုဒွါရဆိုတာ မျက်စိမှာ ရူပါရုံလာထင်မှ စက္ခုဒွါရ မဟုတ်ဘူးတဲ့၊ ဘယ်အခါဖြစ်ဖြစ် စက္ခုဒွါရပဲ၊ ဥပမာ - ကိုယ့်အိမ်မှာ တံခါးတွေရှိတယ်၊ အဲဒီ တံခါးက ဘယ်တော့မှမဖွင့်ဘူး၊ သော့ခတ်ပြီးတော့ပိတ်ထားတယ် သို့မဟုတ် မင်းတုန်းအသေထိုးထားတယ်ဆိုရင် တံခါးလို့ ခေါ်မခေါ် စဉ်းစားကြည့်၊ ပိတ်ထားလည်း တံခါးလို့ခေါ်တာပဲ မဟုတ်လား၊ တံခါးက တံခါးပဲလေ၊ ဖွင့်ထားမှ တံခါးမဟုတ်ဘူး၊ အဲဒီအတိုင်းပဲ ဘဝင်စိတ်မှန်သမျှ mind door လို့ ဒီလိုဆိုတယ်။

အဲဒီတော့ စက္ခုဒွါရ သောတဒွါရ ဃာနဒွါရ ဇိဝှာဒွါရ ကာယဒွါရ မနောဒွါရ - ဒွါရ ၆-ပါး၊ အဲဒီဒွါရ ၆-ပါးကနေပြီး အာရုံတွေဟာ ဝင်ရောက်လာကြတယ်။ ဝင်ရောက်တယ်ဆိုတာ metaphorical အရ ပြောတာနော်။ အပြင်ဘက်က မြင်စရာအာရုံသည် မျက်စိတံခါးက ဝင်လာတာ၊ အသံက နားက ဝင်လာတာ၊ အနံ့က နှာခေါင်းက ဝင်လာတာ၊ အရသာက လျှာက ဝင်လာတာ၊ အတွေ့အထိက ကိုယ်က ဝင်လာတာတဲ့၊ ကျန်တဲ့ အာရုံတွေ ရှိတာရော, မရှိတာရော၊ အတိတ်ရော ပစ္စုပ္ပန်ရော အနာဂတ်ရော၊

http://www.dhammadownload.com



ကာလ ၃-ပါးထဲ မဝင်တဲ့ အာရုံတွေရော အားလုံးတွေဟာ စိတ်တံခါးက ဝင်တာ၊ အဲဒီကျတော့ 'mind door = စိတ်တံခါး' တစ်ခုတည်းပဲ ရှိတယ်။

အဲဒါကြောင့်မို့ မနောဒွါရဆိုတဲ့ စကားလုံးကို လယ်တီဆရာတော်ကြီးကတော့ "ဘဝင်စိတ်သည်သာလျှင် တံခါး" လို့ အဓိပ္ပါယ်ပြန်တယ်၊ "**မနော ဝေ ဒွါရံ မနောဒွါရံ**" ၊ ဘဝင်စိတ်ကိုပဲ တံခါးလို့ ခေါ်တာပါ။ ဘာဖြစ်လို့လဲဆိုရင် အဘိဓမ္မတသင်္ဂဟကျမ်းမှာ "**စက္ခုမေဝ စက္ခုဒွါရံ** = စက္ခုပသာဒရုပ်သည်သာလျှင် တံခါးပါ" လို့ ဒီလိုပြောတာ၊ "နှစ်ခု မကွဲဘူး" ဆိုတဲ့ အဓိပ္ပါယ်ကို ပြောတာ၊ အဲဒါကြောင့် ဒီမှာလည်းပဲ "**မနော ဝေ ဒွါရံ မနောဒွါရံ**= ဘဝင်စိတ်သည်ပင် တံခါးပဲ"၊ ဘာကြောင့်တံခါးလဲဆိုရင် ခုနက အာရုံတွေ ဝင်ရောက်လာရာ ဖြစ်သောကြောင့်ပဲ။

အဲဒီတော့ ဒွါရ အဓိပ္ပါယ်ကို အဓိက ယေဘူယျအားဖြင့် ပြောမယ်ဆိုရင်တော့ အာရုံတွေ ဝင်ရောက်ပြီးတော့ ဆက်သွယ်မှုပြုရာ ဖြစ်သောကြောင့် တံခါးလို့ ဒီအဓိပ္ပါယ်က ပိုပြီးတော့ လက်တွေ့ကျတယ်။ သို့သော် metaphorical အရ ပြောစရာစကားတစ်ခုအနေနဲ့ တင်စားပြီးတော့ ပြောတာမျိုးဆိုရင် စိတ်ရဲ့ ထွက်ရာ ဆိုတာလည်း ယူလို့ရတယ်ပေါ့။ ဘာဖြစ်လို့လဲဆိုရင် မျက်စိလေးက ရူပါရုံကိုမြင်တယ်၊ မြင်တဲ့ ရူပါရုံပေါ်မှာ စိတ်ကလေးက အလုပ်လုပ်တယ်ဆိုတော့ စိတ်ကလေးက အာရုံဆီ ထွက်သွားတယ်လို့ ဒီလိုပြောလို့ရတာပေါ့၊ တင်စားပြီး ပြောတာနော်။ တကယ် စိတ်က အပြင်ထွက်သွားတာ မရှိဘူးနော်၊ တံခါး

http://www.dhammadownload.com



ဆိုတော့ စိတ်က အပြင် ခဏခဏ ထွက်တယ်လို့ ထင်နေဦးမယ်၊ စိတ်ဆိုတာ ဖြစ်တဲ့နေရာမှာ ပေါ်တာသာဖြစ်တယ်။

ဒီနေရာမှာ အာရုံပြုတဲ့ စိတ်ကလေးရယ်, အာရုံရယ်၊ အာရုံတွေ ဝင်ရောက်ပြီးတော့ စိတ်နဲ့ဆက်သွယ်ရာ ဖြစ်သောကြောင့် တံခါးရယ်၊ စိတ်ဖြစ်ဖို့အကြောင်းတွေပဲဖြစ်တယ်။ အဲဒီ တံခါး မရှိဘဲနဲ့ တံခါးပိတ်ထားမယ်, ဆိုပါတော့ - မျက်စိ ပိတ်ထားမယ် ဆိုရင် အပြင်ဘက်က ရူပါရုံက အတွင်းနဲ့ လာဆက်သွယ်လို့ မရဘူး၊ နားတံခါး ပိတ်ထားလို့ရှိရင် အသံက ဝင်ရောက် ဆက်သွယ်လို့မရဘူး၊ လျှာတံခါး ပိတ်ထားလို့ရှိရင် အနံ့က ဝင်ရောက်ဆက်သွယ်လို့မရဘူး၊ ကိုယ်တံခါး ပိတ်ထားလို့ရှိရင် အထိအတွေ့က ဝင်ရောက် ဆက်သွယ်လို့ မရဘူး၊ စိတ်တံခါး ပိတ်ထားလို့ရှိရင် ပြင်ပအာရုံတွေမသိနိုင်ဘူး- ဒီလို ဆိုလိုတယ် နော်။

ဒီတံခါးတွေဟာ အာရုံတွေ စိတ်နဲ့ဆက်သွယ်ရန် ဝင်ရောက်ဖို့ အခုခေတ်လို ပြောမယ်ဆိုရင် communication system မှာ အရေးပါတဲ့ နေရာမှာရှိတယ်။ တံခါးဟာ ဝင်တဲ့ ထွက်တဲ့သူတွေအတွက် အသုံးဝင်သလိုပဲ အခုပြောခဲ့တဲ့ ဒွါရ ခြောက်ပါးဟာ အာရုံနဲ့စိတ် ဆုံစည်းဖို့ကိစ္စမှာ အရေးပါတယ်။

မျက်စိတံခါးမှာ ဖြစ်နိုင်တဲ့စိတ်ပေါင်း ဘယ်လောက်ရှိသလဲ၊ နားတံခါးမှာ ဖြစ်နိုင်တဲ့စိတ်ပေါင်း ဘယ်လောက်ရှိသလဲ၊ အဲဒီနေရာမှာ စက္ခုဒွါရိကစိတ်လို့ စာပေမှာသုံးတယ်၊ စက္ခုဒွါရိကစိတ်ဆိုတာ စက္ခုဒွါရမှာဖြစ်တယ်လို့ ဒီလို ပြောလေ့ရှိကြသော်လည်း အဲဒီအဓိပ္ပါယ်က ဘာကိုဆိုလိုတာလဲလို့ စဉ်းစားကြည့်ဖို့လိုတယ်။

http://www.dhammadownload.com



စက္ခုဒွါရိကစိတ်ကို ၄၆-မျိုး ပြထားတယ်၊ ဆိုပါစို့ - ဖြစ်စဉ်လေးနဲ့ နည်းနည်းပြောရအောင်၊ အပြင်ဘက်က အဆင်းအာရုံတစ်ခုဟာ မျက်စိတံခါးကနေပြီး ဝင်ပြီးဆက်သွယ်လာရင် အဲဒီအဆင်းအာရုံနဲ့ အလုပ်လုပ်တဲ့ စိတ်ပေါင်းဟာ ၄၆-ပါး ရှိတယ်။ အဲဒီ အဆင်းအာရုံ ဝင်လာတာနဲ့ တံခါးဖွင့်ပေးတဲ့စိတ်က ပဥ္စဒွါရာဝဇ္ဇန်းစိတ်၊ အဲဒီစိတ်တစ်ခုရပြီ၊ အဲဒီ အဆင်းအာရုံကို မြင်တဲ့ကိစ္စ ဆောင်ရွက်တဲ့စိတ်က စက္ခုဝိညာဏ်စိတ်၊ စက္ခု-ဝိညာဏ်စိတ်က စက္ခုဝိညာဏ်ဒွေးလို့ ၂-ခု ရှိတယ်၊ ကုသိုလ်ရဲ့အကျိုး, အကုသိုလ်ရဲ့အကျိုးလို့ ၂-မျိုး ရှိတယ်၊ မြင်ပြီးတဲ့အခါမှာ လက်ခံတယ်ဆိုတဲ့ သမ္ပဋိစ္ဆိုင်းစိတ်က ၂-ခု ရှိတယ်၊ နောက်လက်ခံပြီးတော့ စုံစမ်းတယ်ဆိုတဲ့ သန္တီရဏစိတ်က ၃-ခု ရှိတယ်၊ လက်ခံပြီးတော့ ဆုံးဖြတ်တဲ့စိတ်က မနောဒွါရာဝဇ္ဇန်းစိတ်ပဲ၊ သူ့ကို ဒီနေရာမှာ ဝုဋ္ဌော လို့ ခေါ်လိုက်တာ၊ တကယ်ကတော့ သူက အင်အားကောင်းတဲ့ နှလုံးသွင်းတဲ့ စိတ်တစ်ခုပဲ- မနောဒွါရာဝဇ္ဇန်းစိတ်က ဇောရဲ့ရှေ့က သူအမြဲတမ်းနေရတယ်။ အဲဒီစိတ်ကို ဒီမှာ ဝုဋ္ဌောလို့ ခေါ်လိုက်တယ်၊ အာရုံကို ပိုင်းခြားသတ်မှတ်ပေးတဲ့ စိတ်အနေနဲ့ ဝုဋ္ဌောလို့ခေါ်လိုက်တယ်၊ အဲဒါက မနောဒွါရာဝဇ္ဇန်းစိတ် ဝုဋ္ဌောတစ်ခုပေါ့။

နောက်ပြီးတော့ ဇောစိတ်တွေ၊ အဲဒီ ဇောစိတ်ဆိုတာက သရုပ်တွေ ပြောရမှာဆိုတော့ အဘိဓမ္မာ မသင်ဖူးတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဒီသရုပ်တွေက မှတ်ဖို့ရာ ခက်ခဲမှုရှိတယ်။ အဲဒီတော့ ကာမာဝစရစိတ်နဲ့ပတ်သက်တဲ့ ဇောက ၂၉-ခုရှိတယ်၊ အခုဟာက ရူပါရုံကို ကြည့်ပြီးတော့ ဖြစ်တဲ့ဟာက ၂၉-ခုထဲက တစ်ခုခုပေါ့၊

http://www.dhammadownload.com



၂၉-ခုဆိုတာ အကြမ်းပြောမယ်ဆိုရင် အကုသိုလ်က ၁၂-ခု၊ အကုသိုလ် ၁၂-ခု လုံးဟာ ဇောပဲ၊ နောက် အဟိတ်စိတ်ထဲက ဟသိတုပ္ပါဒ်စိတ် ၁-ခု၊ နောက် မဟာကုသိုလ်စိတ် ၈-ခု၊ နောက် လူတွေနဲ့တော့ မဆိုင်ဘူး, ရဟန္တာ ပုဂ္ဂိုလ်တွေနဲ့သာဆိုင်တာ မဟာကြိယာစိတ် ၈-ခု၊ ပေါင်းလိုက်တဲ့အခါကျတော့ ၂၉-ပါး၊ အဲဒီ ၂၉-ပါးသော ဇောစိတ်တွေဟာလည်းပဲ ဟောဒီစက္ခုဒွါရနဲ့ ပတ်သက်ပြီးတော့ စက္ခုဒွါရိကစိတ်လို့ ဒီလိုခေါ်တဲ့အထဲမှာ ပါတယ်။

နောက်ပြီးတော့ တဒါရုံ၊ တဒါရုံက ၁၁-ခု ရှိတယ်၊ မဟာဝိပါက်စိတ် ၈-ခုနဲ့ သန္တီရဏ ၃-ခု၊ သန္တီရဏက ယူပြီးသားဖြစ်လို့ ထပ်နေမှာစိုးလို့ သူ့ကိုရှောင်လိုက်၊ ရှောင်လိုက်တဲ့အခါကျတော့ မဟာဝိပါက်စိတ် ၈-ခုက တဒါရုံအနေနဲ့ ရှိတယ်၊ အဲဒါတွေကို ပေါင်းလိုက်တဲ့အခါကျတော့ ၄၆-ပါး၊ သင်္ဂြိုဟ်သရုပ်က အဲဒီလို ပြောတာနော်၊ ဒီတော့ သဘာဝလေးကိုသိပြီး သရုပ်တွေကတော့ စာနဲ့မှတ်မှပဲရတယ်။

အဲဒီစိတ်တွေဟာ 'စက္ခုဒွါရိကစိတ် = စက္ခုဒွါရ၌ ဖြစ်သော စိတ်' လို့ ဆိုတယ်။ သို့သော် စက္ခုဒွါရ၌ ဖြစ်တယ်ဆိုပေမယ့် စက္ခုဝတ္ထုကို မှီတယ်လို့ ဒီလိုပြောတာ မဟုတ်ဘူးနော်၊ ဆိုလိုတဲ့ အဓိပ္ပါယ်က စက္ခုဒွါရ၌ ဖြစ်တယ်ဆိုတာ စက္ခုဒွါရ မျက်စိတံခါးကနေ ဝင်ရောက်ဆက်သွယ်တဲ့ အာရုံနဲ့ အလုပ်လုပ်တဲ့ စိတ်တွေလို့ ဒီလိုအဓိပ္ပါယ်ရတယ်။ အဲဒီအဓိပ္ပါယ်က ပိုပြီးတော့ ရှင်းလင်းမှု ရှိတယ်။ ဒီဒွါရမှာ ဖြစ်တယ်ဆိုရင် မျက်လုံးပေါ်မှာ ဖြစ်တယ်လို့ ထင်နေလိမ့်မယ်၊ မျက်လုံးနဲ့ဖြစ်တာ မဟုတ်ဘူး၊ ဒီစိတ်တွေ

http://www.dhammadownload.com



အားလုံးဟာ အာရုံနဲ့ဆက်သွယ်တာ၊ ဆက်သွယ်လို့ သူတို့ပေါ်လာတာ၊ ပေါ်လာပြီးတော့ အာရုံနဲ့အလုပ်လုပ်ကြတာ၊ လူ့ရဲ့စိတ်ဟာ အာရုံတစ်ခုဖြစ်ရင် ထိုအာရုံနဲ့ အလုပ်လုပ်တာပဲလေ၊ မျက်စိက တစ်ခုခုမြင်လိုက်ရင် အဲဒီ မြင်တဲ့အာရုံနဲ့ အလုပ်လုပ်တယ်၊ နားက အသံလေးတစ်ခုကြားရင် အဲဒီ အသံအာရုံနဲ့ အလုပ်လုပ်တာ မဟုတ်လား။ (အဖြေမတွေ့မချင်း လိုက်နေတာလေ၊ ဘာသံပါလိမ့် ဘာသံပါလိမ့်နဲ့ သွားနေမှာပဲ၊ မကျေနပ်မချင်း၊ အနံ့ဆိုလည်း ဘာအနံ့ပါလိမ့်နဲ့ လိုက်နေမှာပဲ၊ အာရုံနဲ့ အလုပ်လုပ်နေတယ်လို့ ပြောတာ) ပြီးသွားလို့ရှိရင် နောက်အာရုံတစ်ခု ပြောင်းသွားပြန်ရော။

ဒါ့ကြောင့်မို့ သုတ္တန်ထဲမှာ မြတ်စွာဘုရားကဟောထားတယ်- စိတ်က မျောက်နဲ့ တူတယ်တဲ့၊ မျောက်က ဒီသစ်ကိုင်း ဆွဲလိုက်, ဒီသစ်ကိုင်း လွှတ်လိုက်၊ ဟိုသစ်ကိုင်း ဆွဲလိုက်, ဟိုသစ်ကိုင်း လွှတ်လိုက်၊ နောက်ထပ်သစ်ကိုင်းတစ်ခု ဆွဲလိုက်နဲ့ ငြိမ်တယ်ကို မရှိဘူး၊ သစ်ကိုင်းတစ်ခုကနေ သစ်ကိုင်းတစ်ခု ကူးနေတယ်၊ စိတ်ကလည်း အဲဒီအတိုင်းပဲ၊ အမြင်အာရုံကနေ အကြားအာရုံ ရောက်သွားလိုက်၊ အကြားအာရုံကနေ အနံ့အာရုံ ရောက်သွားလိုက်နဲ့၊ သို့သော် လျင်မြန်စွာ သွားနေသည့်အတွက်ကြောင့် လူတွေကတော့ တစ်ပြိုင်နက် ဖြစ်နေတယ်လို့ ထင်နေကြတာ။

တယ်လီဗီးရှင်းကြည့်ရင်း မျက်စိကလည်းကြည့်တယ်၊ နားက လည်း နားထောင်တယ်၊ ပါးစပ်ကလည်း ပဲလှော်ဝါးနေတယ်၊ ဒီထဲမှာ စကားက ပြောလိုက်သေးတယ်၊ တစ်ပြိုင်နက်လို ဖြစ်နေတာ၊ တစ်ခုမှ မလွတ်အောင် အင်မတန်မှ မြန်တယ်၊ တစ်ခုမှ

http://www.dhammadownload.com



မလွတ်လိုက်ဘူးလို့ ထင်ရတယ်၊ ဇာတ်လမ်း လွတ်သွားတယ်လို့ မရှိဘူးလေ၊ မျက်စိကလည်း ကြည့်နေတာ၊ ပဲလှော်ကလည်း ဝါးရင်း, စကားကလည်း ပြောရင်း, အသံလည်း နားထောင်တယ်၊ သို့သော် လွတ်မသွားဘူး၊ အကုန်သိလိုက်တယ်၊ ဘာဖြစ်လို့လဲ ဆိုရင် စိတ်ကအလွန်မြန်လို့ အာရုံတွေကိုဖမ်းယူနိုင်တာ၊ ဖမ်းယူတာ အင်မတန်မှ မြန်တယ်၊ သိတဲ့စိတ်က အင်မတန်မှမြန်လို့ အဲဒီလိုဖြစ်တာ။

ဥပမာအားဖြင့် ဘောလုံးကစားတဲ့လူလိုပေါ့၊ လက်ထဲမှာ ဘောလုံးလေး ၁၀-လုံး၊ ဟိုဘက် ၅-လုံး၊ ဒီဘက် ၅-လုံး မြှောက်ပြီးတော့ ဖမ်းတာ၊ ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်က တစ်လုံးမှ အောက်မကျအောင် ဖမ်းနိုင်တယ်၊ မကျွမ်းကျင်တဲ့ပုဂ္ဂိုလ်က ၁-လုံးထဲတောင်မှ ခဏခဏ ပြုတ်ကျနေမှာပဲ၊ စိတ်ကလည်းပဲ အတူတူပဲ၊ အာရုံတွေကို အကုန်လုံးဖမ်းပြီး တစ်ပြိုင်နက်လို ဖြစ်နေတာ၊ သို့သော် တစ်ခုပြီးမှ တစ်ခုဖြစ်တယ်လို့ မှတ်ရမယ်။

မြင်နေတဲ့အချိန်မှာ မကြားလိုက်ဘူး၊ ကြားနေတဲ့အချိန်မှာလည်း မမြင်လိုက်ဘူး၊ တစ်ခုစီ။ သို့သော် အဲဒီအပိုင်းအခြားလေးကို မသိလိုက်ဘူး၊ ဘယ်လို မသိလိုက်တာလဲဆိုရင် လူတွေဟာ ကိုယ့်ဟာကိုယ် မသိလိုက်တာတွေ အများကြီးရှိတယ်၊ လူတွေဟာ မျက်တောင်လေးတွေ ခတ်နေကြတယ်၊ မျက်တောင်ခတ်လိုက်တဲ့ အချိန်အတွင်းမှာ မမြင်ရဘူး၊ ဘယ်သူပဲဖြစ်ဖြစ် သေချာစဉ်းစားကြည့်၊ မျက်တောင်ခတ်လိုက်တဲ့အချိန်မှာ မှောင်သွားတာပဲ၊ မျက်တောင်ခတ်လိုက်တာဟာ မျက်စိပိတ်လိုက်တာပဲလေ၊ သို့သော် စိုက်ကြည့်နေရင်းနဲ့ မျက်တောင်ခတ်နေပေမယ့်လို့

http://www.dhammadownload.com



မြင်ကွင်းပျောက်သွားတယ်လို့ ရှိမှမရှိဘဲ။ မြင်ကွင်း မှောင်သွားတာကို မသိလိုက်ဘူး၊ ဘာဖြစ်လို့ မသိလဲဆိုရင် မြန်လွန်းအားကြီးလို့ မသိတာ၊ မျက်တောင်ခတ်တဲ့အချိန်မှာ မျက်စိက ပိတ်သွားပြီ၊ ပိတ်သွားတာနဲ့ မမြင်ရဘူး။ သို့သော် အလွန်တိုတောင်းသည့် အချိန်လေး ဖြစ်သွားသည့်အတွက် မြင်ကွင်းပျောက်တာမဖြစ်ဘူး၊ နို့မို့ဆိုရင် ကိုယ့်မျက်လုံးဖြဲထားဖို့ပဲရှိတယ်၊ မြင်ကွင်းတွေ လွတ်သွားမှာစိုးလို့။

အဲဒီမှာ စက္ခုဒွါရိကစိတ် စက္ခုဒွါရမှာဖြစ်တဲ့စိတ် ဆိုတာဟာ မျက်စိတံခါးက ဝင်လာတဲ့ အာရုံတွေကို ဖမ်းယူနိုင်တဲ့စိတ်၊ သိနိုင်တဲ့စိတ်လို့ ဒီလို ဆိုလိုတယ်နော်။ စက္ခုဒွါရ၌ ဖြစ်တယ်ဆိုတာ အဲဒီ စိတ်တွေထဲမှာ လိုက်ကြည့်မယ်ဆိုရင် မျက်စိက မြင်လာတဲ့ အာရုံတစ်ခုတည်းနဲ့ ဆိုင်တဲ့စိတ်က စက္ခုဝိညာဏ်စိတ် ၁-ခု တည်းပဲရှိတယ်၊ ကျန်တဲ့စိတ်တွေက ဒိပြင်မှာလည်း ပါတယ်လို့ ဒီလိုမှတ်ရမယ်၊ စက္ခုဒွါရ တစ်မျိုးတည်းမှာဖြစ်တဲ့ စိတ်ဆိုရင် စက္ခုဝိညာဏ်ဒွေး ဒီနှစ်ခုပဲရှိတယ်၊ ကျန်တာတွေက ဒိပြင်တံခါးက ဝင်လာတဲ့ အာရုံတွေကိုလည်း ဖမ်းယူနိုင်တဲ့စိတ်တွေ ဖြစ်နေတယ်။

အဲဒါကိုပဲ သင်္ဂြိုဟ်မှာခွဲထားတာ - 'ဧကဒွါရိကစိတ္တာနိ'- 'တစ်ဒွါရ၌သာ ဖြစ်တဲ့စိတ်' ဆိုပြီးတော့၊ စက္ခုဝိညာဏ်ဒွေးက စက္ခုဒွါရ၌သာ ဖြစ်တယ်၊ သောတဝိညာဏ်ဒွေးက သောတဒွါရ၌သာ ဖြစ်တယ်၊ ဃာနဝိညာဏ်ဒွေးက ဃာနဒွါရ၌သာ ဖြစ်တယ်၊ ဇိဝှါဝိညာဏ်ဒွေးက ဇိဝှါဒွါရ၌သာ ဖြစ်တယ်၊ ကာယဝိညာဏ်ဒွေး

http://www.dhammadownload.com



က ကာယဒွါရ၌သာ ဖြစ်တယ်၊ သူ့ဆိုင်ရာ ဒွါရတစ်ခုစီမှာသာ ဖြစ်တယ်၊ ကျန်တဲ့ဒွါရ တွေမှာ မဖြစ်နိုင်ဘူးလို့ဆိုတာ။

တချို့စိတ်တွေက mind door လို့ ခေါ်တဲ့ မနောဒွါရ တစ်မျိုးတည်းမှာ ဖြစ်တဲ့စိတ်တွေရှိတယ်၊ စက္ခုဒွါရမှာ မဖြစ်ဘူး၊ သောတဒွါရမှာ မဖြစ်ဘူး၊ ဃာနဒွါရမှာ မဖြစ်ဘူး၊ ဇိဝှါဒွါရမှာ မဖြစ်ဘူး၊ ကာယဒွါရမှာ မဖြစ်ဘူး၊ ဥပမာအားဖြင့် မဂ်စိတ် ဖိုလ်စိတ်တွေတို့ စျာန်စိတ်တွေတို့ဆို မဖြစ်ဘူး။ စိတ်တံခါး မနော ဒွါရ တစ်ခုတည်းမှာသာ ဖြစ်တယ်၊ နောက် ပဉ္စဒွါရာဝဇ္ဇန်းတို့ သမ္ပဋိစ္ဆိုင်းတို့ကျတော့ စက္ခုဒွါရ သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရ ဆိုတဲ့ ၅-မျိုးမှာ ဖြစ်နိုင်တယ်၊ ၅-မျိုးမှာ ဖြစ်နိုင်တယ် လို့ဆိုတာ အဲဒီ ၅-မျိုးကနေပြီးတော့ ဆက်သွယ်လာတဲ့ အဲဒီ တံခါးဝတွေက ဆက်သွယ်လာတဲ့အာရုံကို သိနိုင်တယ်လို့ပြောတာ နော်၊ ဒီဒွါရမှာ ဖြစ်တယ်ဆိုတာ ဒီဒွါရက ဝင်လာတဲ့ အာရုံကို သိနိုင်စွမ်းရှိတယ်ပေါ့။

ဒီတော့ စိတ်တိုင်းစိတ်တိုင်းဟာ ဒွါရတိုင်းမှ ဝင်လာတဲ့ အာရုံ ကို မသိနိုင်ဘူး၊ ဆိုပါစို့- ကြားတဲ့အသံကို စက္ခုဝိညာဏ်စိတ်က သိနိုင်စွမ်း မရှိဘူး၊ အဲဒီအချိန်မှာ သူမဖြစ်ဘူး၊ ကိုယ့်သန္တာန်မှာ စိတ်တွေက တစ်ခါတည်း ဖြစ်နေတယ်လို့ ဒီလို မအောက်မေ့ နေနဲ့နော်၊ အကြောင်းတိုက်ဆိုင်တဲ့အခါမှာ ဖြစ်လာတယ်လို့ မှတ်ရမယ်။ ဒါက ဒွါရနဲ့ ပတ်သက်ပြီးတော့ မှတ်စရာလေးတွေ ပေါ့။

အဲဒီမှာ ဒွါရဝိမုတ်စိတ် ၆-ဒွါရမှ လွတ်သောစိတ်ဆိုတာ ရှိတယ်၊ ဥပမာ-တစ်ဒွါရ၌သာဖြစ်သောစိတ်, နှစ်ဒွါရမှာ ဖြစ်သော

http://www.dhammadownload.com



စိတ်, ၅-ဒွါရမှာ ဖြစ်သောစိတ်, ၆-ဒွါရမှာ ဖြစ်သောစိတ်၊ သင်္ဂြိုဟ်မှာ အဘိဓမ္မာသင်တဲ့ပုဂ္ဂိုလ်တွေ အဲဒီလိုခွဲတယ်၊ ရံခါ ၆-ဒွါရမှာ ဖြစ်တယ်၊ ရံခါ ၆-ဒွါရက လွတ်တယ်၊ ဒွါရဝိမုတ်စိတ် အမြဲတမ်း ဒွါရကလွတ်နေတဲ့စိတ်ဆိုပြီးတော့ ဒီလို ခွဲတယ်နော်။ အဲဒါတွေက သရုပ်အနေနဲ့ ထပ်ပြီးတော့ခွဲတာ၊ applied method မှာ ဒါတွေကို နားလည်သင့်တယ်။ အဲဒီမှာ နားလည်ရမှာက ဒွါရဝိမုတ်စိတ်၊ ဘာဖြစ်လို့ ဒွါရကလွတ်သလဲဆိုရင် ဒီတံခါးတွေကနေ ဆက်သွယ်လာတဲ့ အာရုံနဲ့ အလုပ်မလုပ်လို့ပြောတာ၊ ဒါကို ဒွါရဝိမုတ်စိတ်လို့ ပြောတာနော်။

အဲဒါ ဘာစိတ်တွေလဲဆိုရင် အမြဲတမ်း ဒွါရကနေ လွတ်နေတဲ့ စိတ်က မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ခုကို ပြောတာ၊ ရူပါဝစရဝိပါက်စိတ် ၅-ခု, အရူပါဝစရဝိပါက်စိတ် ၄-ခု အားလုံးပေါင်းလိုက်ရင် ၉-ခု၊ အဲဒီ ၉-ခုက လူတွေနဲ့ မဆိုင်ဘူးနော်၊ စာအနေနဲ့သာ သင်တာ၊ လူ့ဘဝနဲ့ ဘာမှမဆိုင်ဘူး၊ အဲဒါဗြဟ္မာတွေရဲ့သန္တာန်မှာ ဖြစ်တဲ့စိတ်၊ အဲဒီ ဝိပါက်စိတ်တွေဆိုတာ သူတို့က ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စဆိုတဲ့ လုပ်ငန်းကိုသာ လုပ်သည့်အတွက်ကြောင့် ပြင်ပက ဝင်လာတဲ့အာရုံနဲ့ ဆက်သွယ်မှု ဘယ်တော့မှ မလုပ်ဘူး၊ မလုပ်သည့်အတွက်ကြောင့် သူတို့ဟာ တံခါးက ဝင်လာတဲ့အာရုံနဲ့ ဆက်သွယ်မှုမရှိလို့ door free လို့ခေါ်တယ်၊ တံခါးက လွတ်နေတယ် ဆိုတဲ့စိတ်တွေ၊ အမှန်ကတော့ သူတို့ကိုယ်တိုင်ကိုက တံခါးပဲလေ။

နောက် မဟာဝိပါက်စိတ် ၈-ခုကျတော့ ရံခါ ၆-ဒွါရမှာ ဖြစ်ပြီး ရံခါ ၆-ဒွါရက လွတ်တယ်။ ဆောင်ရွက်တဲ့ကိစ္စတွေမှာ

http://www.dhammadownload.com



သူက ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ ဆောင်ရွက်တဲ့အချိန်မှာ ဆိုရင် တံခါးကနေ ဆက်သွယ်လာတဲ့ အာရုံနဲ့ ဆက်သွယ်ပြီး အလုပ်မလုပ်ဘူး၊ ဆိုလိုတာက ပဋိသန္ဓေစိတ်တို့၊ ဘဝင်စိတ်တို့၊ စုတိစိတ်တို့ဆိုသည်မှာ ဒီတံခါးက ဆက်သွယ်လာတဲ့ အာရုံတွေနဲ့ အလုပ်မလုပ်တဲ့ စိတ်တွေလို့ ပြောရမယ်။ ဒါကြောင့်မို့ သူတို့ကို ဒွါရဝိမုတ်စိတ်လို့ ခေါ်တာနော်။

ဒွါရဝိမုတ်စိတ်ဆိုတာ ဒွါရက လွတ်တယ်လို့ သာမန်အဓိပ္ပါယ် ပြောရပေမယ့်လို့ ဘယ်လို ဆိုလိုတာတုန်းဆိုရင် ဒီတံခါးကနေ ဝင်လာတဲ့ အာရုံတွေနဲ့ အလုပ်မလုပ်ဘူးလို့ ဒီလို ဆိုလိုတယ်။ ဆက်သွယ်မှု မလုပ်ဘူးလို့ပြောတာ။ ဒါကြောင့်မို့လို့ အိပ်နေတဲ့ အချိန်မှာ ဘဝင်စိတ် ဖြစ်နေလို့ရှိရင် ဟောဒီ တံခါးတွေကနေ ဆက်သွယ်လာတဲ့အာရုံနဲ့ အလုပ်မလုပ်ဘူး၊ ဘဝင်စိတ်တွေဟာ အာရုံအသစ်နဲ့ အလုပ်မလုပ်ဘူး၊ သူက ဒါဖြင့် ဘယ်သူနဲ့အလုပ် လုပ်တာတုန်းဆိုရင် ကံရဲ့အရှိန်နဲ့၊ ကံက ပေးထားတဲ့၊ ကံကြောင့် ထင်လာတဲ့ ကံ ကမ္မနိမိတ် ဂတိနိမိတ်ဆိုတဲ့ အတိတ်ဘဝက ရယူထားတဲ့ အာရုံနဲ့ပဲ အလုပ်လုပ်တယ်။ အဲဒါနဲ့ပဲ သူက သွားနေ တယ်၊ ခု ပစ္စုပ္ပန်မျက်စိကမြင်တဲ့ အဆင်းအာရုံ၊ နားကကြားတဲ့ အသံအာရုံ၊ နှာခေါင်းကနံတဲ့ အနံ့အာရုံ၊ လျှာကရတဲ့ အရသာ အာရုံ၊ ခန္ဓာကိုယ်က ထိတွေ့ရတဲ့ အထိအတွေ့အာရုံတွေနဲ့ သူက လုံးဝအဆက်အသွယ်မရှိဘူး၊ အဲဒါတွေနဲ့ ဆက်သွယ်လိုက်ရင် လည်း သူပြတ်ထွက်သွားတယ်၊ ဒါကြောင့် သူတို့ကို ဒွါရဝိမုတ် စိတ်လို့ ပြောတာ၊ တော်ကြာ ဒွါရထဲ မပါလို့ ဒွါရဝိမုတ်စိတ်လို့ ထင်နေမယ်။ အဲဒီအဓိပ္ပါယ်မျိုးပြောတာ မဟုတ်ဘူး၊ တံခါးကနေ

http://www.dhammadownload.com



ဆက်သွယ်လာတဲ့အာရုံနဲ့ အလုပ်မလုပ်တဲ့ စိတ်တွေကို ဒွါရဝိမုတ်စိတ်လို့ ခေါ်တယ်။ တံခါးကနေ ဝင်လာတဲ့ အာရုံနဲ့ ဆက်သွယ်ပြီးဖြစ်တဲ့စိတ်မှ ဒွါရ ၆-ပါးမှာ ဖြစ်တယ်, ဒွါရ ၅-ပါးမှာ ဖြစ်တယ်, ဒွါရ ၁-ပါးမှာ ဖြစ်တယ်လို့ ဒီလိုပြောတာ၊ ဒါက ဒွါရနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ။

နောက်တစ်ခါ ဝတ္ထုရုပ်၊ ဝတ္ထုရုပ်ဆိုတာက စိတ်ရဲ့မှီရာ စိတ်ရဲ့ဖြစ်ရာ ဌာနတွေ၊ မနေ့ကပြောသလို စည်သံသည် စည်ကဖြစ်တာ, စည်တီးတဲ့တုတ်က ဖြစ်တာမဟုတ်ဘူး၊ စောင်းသံသည် စောင်းကြိုးနဲ့ စောင်းအိုးကနေ ဖြစ်တာ, စောင်းတီးတဲ့ လက်က ဖြစ်တာ မဟုတ်ဘူး၊ အဲဒီလိုပဲ ဝတ္ထုရုပ်ကို မှီပြီးတော့ဖြစ်တဲ့ စိတ်လေးတွေ။

စိတ်အစဉ်နဲ့ ပြောမယ်ဆိုရင် အာရုံတစ်ခု ဆက်သွယ်လာတဲ့ အခါမှာ ပထမဆုံးပေါ်လာတာ ပဥ္စဒွါရာဝဇ္ဇန်းစိတ်ပဲ၊ တံခါးဖွင့်ပေးတဲ့စိတ်၊ အဲဒီ ပဥ္စဒွါရာဝဇ္ဇန်းစိတ်က ဘယ်သူ့ကို မှီသလဲ ဆိုတော့ ဟဒယဝတ္ထုရုပ်ကို မှီတယ်၊ အဲဒီ ပဥ္စဒွါရာဝဇ္ဇန်းစိတ် ချုပ်သွားတဲ့အခါ သူ့နောက်မှာ ဆက်ပေါ်လာတဲ့စိတ်က စက္ခုဝိညာဏ်စိတ်၊ အဲဒီ စက္ခုဝိညာဏ်စိတ်က ဘယ်သူ့ကို မှီဖြစ်သလဲဆိုတော့ စက္ခုဝတ္ထုကို မှီဖြစ်တယ်။

နောက်ဆက်လာတဲ့ သမ္ပဋိစ္ဆိုင်းစိတ်ကျတော့ ဘယ်သူ့ကို မှီသလဲဆိုတော့ ဟဒယဝတ္ထုကို မှီတယ်၊ နောက် သန္တီရဏစိတ်က လည်း ဟဒယဝတ္ထုကို မှီတယ်၊ ဝုဋ္ဌောစိတ်ကလည်း ဟဒယဝတ္ထုကို မှီတယ်၊ ဇောစိတ်တွေကလည်း ဟဒယဝတ္ထုကိုပဲ မှီတယ်၊ တဒါရုံ ကလည်း ဟဒယဝတ္ထုကိုပဲ မှီတယ်။ အဲဒီ စိတ်ဖြစ်စဉ်ထဲမှာ စက္ခု

http://www.dhammadownload.com



ဝတ္ထုကို မှီဖြစ်တဲ့စိတ်ကလေးဟာ စက္ခုဝိညာဏ်စိတ် တစ်ခုတည်းပဲ ရှိတယ်၊ အဲဒီတော့ စက္ခုဝိညာဏ်စိတ်လေးတစ်ခုပဲ စက္ခုဝတ္ထုကို မှီပြီး တော့ ဖြစ်လာတယ်။ ကျန်စိတ်တွေက ဟဒယဝတ္ထုကို မှီပြီးတော့ ဖြစ်တယ်။ ဒီနေရာမှာ ဝတ္ထုနှစ်ခုက ဆက်သွယ်နေတယ်ဆိုတာ ထင်ရှားတယ်နော်။ အာရုံတစ်ခုမှာ ဖြစ်လာတဲ့ အခါ ဆက်သွယ်မှု ရှိနေတယ်ဆိုတာ ထင်ရှားတယ်။

ထို့အတူပဲ သောတဝိညာဏ်စိတ် ၂-ခုက သောတဝတ္ထုကို မှီပြီး ဖြစ်တယ်၊ ဃာနဝိညာဏ်စိတ် ၂-ခုက ဃာနဝတ္ထုကို မှီပြီး ဖြစ်တယ်၊ ဇိဝှါဝိညာဏ်စိတ် ၂-ခုက ဇိဝှါဝတ္ထုကို မှီပြီးဖြစ်တယ်၊ ကာယဝိညာဏ်စိတ်၂-ခုက ကာယဝတ္ထုကို မှီပြီးဖြစ်တယ်၊ ကျန်တဲ့ စိတ်တွေ အားလုံးက ဟဒယဝတ္ထုကို မှီပြီးဖြစ်တယ်၊ ဘုံဘဝနဲ့ တွက်လိုက်မယ်ဆိုရင် အရူပဘုံမှာဖြစ်တဲ့ အရူပဝိပါက်စိတ် ၄-ခုက ဘယ်ဝတ္ထုရုပ်ကိုမှ မမှီဘူး၊ ဘာဖြစ်လို့လဲဆိုရင် သူ့မှာ မှီစရာ ရုပ် မရှိဘူး၊ ဝတ္ထုရုပ်ကို မမှီဘဲနဲ့ ဖြစ်တယ်လို့ ဒီလို နားလည် ရမှာပေါ့။ သရုပ်အနေနဲ့ နားလည်အောင် အဘိဓမ္မတ္ထ သင်္ဂဟ ကျမ်းကို ဆက်လက်လေ့လာ မှတ်သားမှ ပိုပြီးရှင်းမယ်၊ အခုဟာက နားလည်ရဲ့ apply လုပ်ပြီးတော့ ပြတာ။

မနက်ဖြန်ကျရင် အရေးကြီးတဲ့ အာရုံပိုင်းကို ဆက်ပြီးတော့ ပြောမယ်၊ စိတ်နဲ့ အာရုံ၊ ဒီအပိုင်းက ပိုပြီးတော့ အရေးကြီးတယ်၊ အခု ဒီကနေ့ ဝတ္ထုရုပ်ဆိုတာ စက္ခုဝတ္ထုလေးကို မှီပြီးတော့ စက္ခု ဝိညာဏ်စိတ် ဖြစ်တယ်ဆိုတာ - စက္ခုဝတ္ထုလေးက စက္ခုဝိညာဏ် စိတ်ကို ပဋ္ဌာန်းနဲ့ပြောမယ်ဆိုရင် ပုရေဇာတပစ္စယောဆိုတဲ့ သတ္တိနဲ့ ကျေးဇူးပြုတာ၊ နိဿယပစ္စယောဆိုတဲ့ သတ္တိနဲ့ ကျေးဇူးပြုတာ၊

http://www.dhammadownload.com



သူ့ စွမ်းရည်သတ္တိလေးတွေရှိတယ်၊ ဒီစိတ်ဟာ အကြောင်းမဲ့ ဖြစ်လာတာ မဟုတ်ဘူး၊ သူ့ရဲ့ အထောက်အပံ့ အကြောင်း တရားတွေရှိတယ်၊ ပုရေဇာတပစ္စယော၊ နိဿယပစ္စယော၊ အတိပစ္စယော၊ အဝိဂတ ပစ္စယော၊ အဲဒီသတ္တိတွေနဲ့ ကျေးဇူးပြု တာ။

ကြိုတင်ပြီးတော့ ဖြစ်နေတဲ့ စက္ခုပသာဒဝတ္ထုရုပ်လေးကို မှီပြီးတော့ စက္ခုဝိညာဏ်စိတ်လေးက ပေါ်ရတာ၊ သူနဲ့ ပြိုင်တူ ဖြစ်တာ မဟုတ်ဘူး၊ စက္ခုဝတ္ထုလေးက ကြိုတင်ပြီးတော့ ဖြစ်လာ တာ၊ ကြိုတင်ဖြစ်လာတဲ့ စက္ခုဝတ္ထုလေးကိုမှီပြီးတော့ စက္ခုဝိညာဏ် စိတ်က ဖြစ်ရတယ်၊ နောက် ပဥ္စဒွါရာဝဇ္ဇန်းစိတ်က ဟဒယဝတ္ထု ရုပ်ကို မှီပြီးတော့ ဖြစ်တယ်ဆိုတာလည်းပဲ သူနဲ့ ပြိုင်တူဖြစ်တဲ့ ဟဒယဝတ္ထုကို မှီတာ မဟုတ်ဘူး၊ ခုနက သဘောပေါက်ဖို့ရာက စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထုတွေကို ကံက ထုတ်လွှတ်ပေးနေတာလို့ မှတ်ပါ။ ဟဒယဝတ္ထုကိုလည်း ကံက ထုတ်လွှတ်ပေးနေတာ၊ ကမ္မဇရုပ်တွေဆိုတာ အမြဲတမ်း အသစ် အသစ် ဖြစ်နေတာလို့ မှတ်ရမယ်၊ စက္ကန့်မလပ် အသစ်တွေ ဖြစ်နေတာ၊ အဲဒီ အသစ်ဖြစ်နေတဲ့ မြောက်မြားစွာသော ဝတ္ထုရုပ် တွေထဲမှာ ပြိုင်တူဖြစ်တာတွေလည်း ရှိတယ်, ကြိုတင်ဖြစ်တာတွေ လည်း ရှိတယ်, နောက်ကျပြီး ဖြစ်တာတွေလည်း ရှိတယ်၊ အဲဒီ ထဲမှာမှ ကြိုတင်ဖြစ်တာကိုသာ မှီတာဖြစ်သောကြောင့် ပုရေဇာတ ပစ္စယော၊ မှီရာအနေနဲ့ပဲ ကျေးဇူးပြုလို့ နိဿယပစ္စယော၊ ရှိနေ တုန်း ကျေးဇူးပြုလို့ အတိပစ္စယော၊ မကင်းကွာခင် ကျေးဇူးပြုလို့ အဝိဂတပစ္စယောတဲ့၊ ဒီသတ္တိတွေနဲ့ ဘုရားဟောထားတာ။

http://www.dhammadownload.com



မျက်စိမှာလာပြီး ပေါ်လာတဲ့ အဆင်းအာရုံလေးကျတော့ အာရမ္မဏပစ္စယော၊ အဲဒီ အာရမ္မဏပစ္စယောကလည်းပဲ သူ စတင် မွေးဖွားတဲ့အချိန် ချက်ချင်းကြီး ဒီစိတ်ထဲမှာ ပေါ်လာတာ မဟုတ်ဘူး၊ စက္ခုဝိညာဏ်စိတ်က ရူပါရုံကို မြင်တယ်ဆိုတာ ချက်ချင်းကြီးမြင်တာ မဟုတ်ဘူး၊ ရူပါရုံလေးက ဘယ်အချိန်က မွေးဖွားလိုက်တာတုန်းဆိုတော့ မျက်စိ- စက္ခုပသာဒနဲ့ ရူပါရုံလေး ဆုံလိုက်တဲ့အချိန်ဟာ အတီတဘဝင်ဖြစ်တဲ့ အချိန်လေးနဲ့ သွားကိုက်နေတယ်၊ အတီတဘဝင်စိတ်လေး ဥပါဒ်တဲ့ အချိန်နဲ့ သွားကိုက်တယ်ဆိုတော့ စက္ခုဝိညာဏ်စိတ်က မဖြစ်နိုင်သေးဘူး အဲဒီအချိန်မှာ၊ အာရုံလေးနဲ့ မျက်စိနဲ့ ဆုံလိုက်တဲ့အချိန်မှာ အာရုံလေးမွေးဖွားပြီလို့ ဒီလိုမှတ်ရမယ်နော်၊ ရူပါရုံလေး မွေးဖွား လိုက်ပြီ၊ မွေးဖွားပြီးရင် အတီတဘဝင်စိတ်တစ်ခု လွန်သွားမယ်၊ ဘဝင်္ဂစလနစိတ်တစ်ခု လွန်သွားမယ်၊ နောက် ဘဝင်္ဂုပစ္ဆေဒ တစ်ခု လွန်သွားမယ်၊ ပြီးပြီဆိုတဲ့အခါကျမှ ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်တယ်၊ ဖြစ်ပြီးတော့မှ စက္ခုဝိညာဏ်စိတ်က အဲဒါကို အာရုံပြုရတာ ဖြစ်သောကြောင့် သူမဖြစ်နှင့်ခင်က ကြိုတင်ဖြစ်နေတာ ဖြစ်သော ကြောင့် အဲဒီ အာရမ္မဏပစ္စယော ဟာလည်းပဲ ပုရေဇာတ အာရမ္မဏပစ္စည်းဖြစ်တယ်၊ ကြိုတင်ပြီးတော့ ဖြစ်နေတဲ့ အာရုံကို အာရုံပြုရတာ၊ ပြီးတော့ အဲဒီအဆင်းအာရုံလေးရှိနေတုန်း ကျေးဇူး ပြုတာဖြစ်သောကြောင့် အတ္ထိပစ္စယော၊ မပျောက်ကွယ်ခင်ကျေးဇူး ပြုတာဖြစ်သောကြောင့် အဝိဂတပစ္စယော၊ ပဋ္ဌာန်းပစ္စည်းအနေနဲ့ ဒီလိုဆက်သွယ်နေတာနော်။

http://www.dhammadownload.com



ဒီတော့ အကြောင်းအကျိုး ဆက်သွယ်မှုဆိုတာ အလွန်ပင် ဆန်းကြယ်တယ်၊ ဒါတွေက တကယ်ကြည့်မယ်ဆိုရင် လူတွေရဲ့ ဘဝနဲ့လည်း ဆက်စပ်နေတယ်၊ လူတွေရဲ့ဘဝနဲ့ ဆက်စပ်နေသော်လည်း အလွန်သိဖို့ခက်တယ်၊ အလွန်သိဖို့ခက်တယ်ဆိုတာ လူနဲ့ နီးပြီးတော့ လူက ဘာလို့မသိလဲ?

ရှေးတုန်းက ဆရာတော်ကြီးတစ်ပါးတဲ့၊ ရေကန်နားမှာ တံမြက်စည်းလှည်းနေတယ်၊ အမတ်ကြီး တစ်ယောက်က ဆရာတော်ကြီးနား ရောက်လာတယ်၊ ရောက်လာပြီးတော့ "အရှင်ဘုရား-ဒီရေကန်ဘယ်နှစ်ပေနက်တုန်း"မေးတယ်၊ ဆရာတော်ကြီးက "ငါမသိဘူး" တဲ့၊ အဲဒီတော့ "အရှင်ဘုရားနဲ့နီးလို့ သိလိမ့်မယ်လို့ထင်လို့ တပည့်တော်က မေးတာပါ" ဆိုတော့ "နီးတိုင်းသိရရင် မင်းမှာ နှုတ်ခမ်းမွေး ဘယ်နှစ်ပင်ရှိတုန်း" တဲ့။

လူတွေမှာက အဲဒီလို မဟုတ်ဘူးလား၊ နီးပေမယ့်လို့ သိချင်မှသိတာ၊ ဒီတရားတွေက လူတွေရဲ့သန္တာန်မှာ ဖြစ်တယ်ဆိုတော့ အလွန်နီးတဲ့ တရားတွေပဲ။ သို့သော် သိလားဆိုတော့ မသိဘူး၊ ဘာလို့မသိလဲဆိုတော့ အလွန်နက်နဲတယ်၊ ကိုယ်နဲ့နီးပြီးတော့ မသိတာတွေ အများကြီးပဲ၊ ဒါကြောင့်မို့ သိအောင် ကြိုးစားကြရမယ်လို့ ဒီလိုပြောတာ။

အဲဒီတော့ စိတ်ဖြစ်ပုံနဲ့ ပတ်သက်ပြီးတော့ အဓိကက အာရုံ ၆-ပါးရယ်၊ (အာရုံ ၆-ပါး နက်ဖန်ခါကျတော့ ထပ်ပြောမယ်၊) အခု ဒွါရ ၆-ပါးနဲ့ ဝတ္ထုရုပ် ၆-ပါး အကျဉ်းအားဖြင့် ထပ်ပြီးတော့ ပြောတယ်၊ အာရုံနဲ့ စိတ်နဲ့ ဘယ်လိုအလုပ်လုပ်တယ်၊ စိတ်ရဲ့ လုပ်ဆောင်ချက်တွေဟာ ဘာတွေရှိသလဲ ဆိုတဲ့သဘောကို

http://www.dhammadownload.com



အာရမ္မဏသင်္ဂဟနဲ့ ကိစ္စသင်္ဂဟ နှစ်ခုတွဲဖက်ပြီးတော့ ပြောမယ်၊ သရုပ်တွေကိုတော့ သိပ်မပြောပါဘူး။ မပြောဘူးဆိုတာ သရုပ်က စာအုပ်ကို ဖတ်လို့ရတယ်လေ၊ အဓိပ္ပါယ်က စာအုပ်ဖတ်ရင် နားလည်ချင်မှ နားလည်မှာပေါ့၊ ဒါကြောင့်မို့လို့ apply လုပ်တဲ့နည်း, အဓိပ္ပါယ်နားလည်ဖို့ အဓိကထားပြီးတော့ ဟောတာဖြစ်ပါတယ်။

ဒါကြောင့်မို့ တရားချစ်ခင် သူတော်စင်ပရိသတ်တို့သည် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ စိတ်တရားဟာ မိမိတို့ရဲ့သန္တာန်မှာ ဖြစ်သော်လည်း အလွန်သိဖို့ ခက်သည့်အတွက်ကြောင့် အလွန် လေးနက်တဲ့တရားဖြစ်တယ်၊ ကိုယ်နဲ့နီးလျက်နဲ့ မသိတဲ့တရားတွေကို သိရှိအောင် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

❖❖❖❖❖

http://www.dhammadownload.com

## မှတ်တမ်း

သာသနာတော် သက္ကရာဇ် ၂၅၅၂-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၃-ရက်၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံတွင် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ညဥ့်ဦးယံ ဓမ္မသဘင်ဝယ် စမ်းချောင်းမြို့နယ်၊ အမှတ် (၆၀)၊ ရွှေလောင်းလမ်း၊ နှစ်ဖက်မိဘများ အမှူးထား၍ ဦးထွန်းလင်း-ဒေါ်နွယ်နွယ်စန်း မိသားစုတို့၏ အမတဒါန ဓမ္မဒါနအားဖြင့် ဟောကြားအပ်သော **"စိတ်၏အာရုံများနှင့် ဆောင်ရွက်မှုကိစ္စများ"** တရားတော် ဖြစ်ပါသည်။

http://www.dhammadownload.com

# အခန်း - ၃

## စိတ်၏အာရုံများနှင့် ဆောင်ရွက်မှုကိစ္စများ

ဘုန်းကြီးတို့ စိတ်ဖြစ်ပုံကို ‌ဟောလာခဲ့ကြပြီ၊ စိတ်ဆိုတာ အဖြစ်တရား၊ အာရုံနဲ့ ဝတ္ထုတို့ ပေါင်းဆုံမှုကြောင့် စိတ်တွေ ဖြစ်ပေါ်လာတယ်၊ အဲဒီလို ဖြစ်ပေါ်လာပြီးနောက် စိတ်တွေဟာ ဘာနဲ့ စခန်းသွားနေသလဲဆိုရင် အာရုံနဲ့ စခန်းသွားနေတယ်။ ဒီလို အာရုံနဲ့ စခန်းသွားတဲ့နေရာမှာ စိတ်တစ်မျိုးစီ တစ်မျိုးစီမှာ ဆောင်ရွက်တဲ့ ကိစ္စတွေလည်း ကွဲပြားခြားနားမှုတွေရှိတယ်။ အဲဒီ အကြောင်းကို ဒီကနေ့ ဟောလာရမယ် **"စိတ်ရဲ့အာရုံများနှင့် ဆောင်ရွက်မှုကိစ္စများ"** တဲ့။

စိတ်လို့ ဆိုလိုက်ရင် အဘိဓမ္မာသင်ထားတဲ့ ပုဂ္ဂိုလ်တွေက စိတ် ၈၉-မျိုး, အကျယ်-၁၂၁၊ စေတသိက်-၅၂ ဆိုတာ သဘော ပေါက်ပြီးသား ဖြစ်သွားပြီ။ ဒီနေရာမှာ စိတ်-၈၉ စေတသိက်-၅၂ ... အားလုံးကို ရည်ညွှန်းပြီးတော့ စိတ်ရဲ့အာရုံများလို့

http://www.dhammadownload.com



ပြောတာ၊ အာရုံနဲ့ ဝတ္ထု ပေါင်းဆုံလိုက်သည့် အတွက်ကြောင့် လူတွေရဲ့သန္တာန်မှာ မှီရာဝတ္ထုရုပ်ကနေပြီးတော့ စိတ်တွေ ဖြစ်ပေါ်လာကြတယ်။ အဲဒီ ဖြစ်ပေါ်လာတဲ့စိတ်တွေဟာ ဘာနဲ့ အလုပ်လုပ်ကြသလဲ၊ ဘာနဲ့ ဆက်သွယ်နေကြသလဲဆိုတာကို သိဖို့ အင်မတန် အရေးကြီးတယ်။

စိတ်ဟာ အာရုံမရှိဘဲနဲ့ ဖြစ်ပေါ်လာရိုး ထုံးစံမရှိဘူး၊ စိတ်မှန်သမျှ ဆိုင်ရာအာရုံ ရှိနေကြတာချည်းပဲ၊ အာရုံမရှိတဲ့ စိတ်ရယ်လို့ မရှိဘူး၊ ဘယ်စိတ်ပဲဖြစ်ဖြစ် ဆိုင်ရာအာရုံလေးတစ်ခု ရှိနေတယ်၊ အဲဒီစိတ်ရဲ့အာရုံကို လောကရဲ့ အမည်နာမတွေနဲ့ပြောရင် ဆုံးနိုင်မှာမဟုတ်လို့ မြတ်စွာဘုရားက အမည်နာမ ၆-မျိုးနဲ့ အာရုံ ၆-ပါးလို့ ဒီလို ဟောထားတာ။ အဘိဓမ္မာ သဘောအရ အမည်ပညတ် တင်လိုက်တဲ့အခါ အာရုံက ၆-မျိုးပဲရှိတယ်။ စာလိုပြောရင် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံပေါ့ - အာရုံ ၆-မျိုး၊ အာရုံဆိုတဲ့ သဘောကို ရှင်းလင်းပြောခဲ့ပြီ၊ စိတ်ရဲ့ ပျော်မွေ့ရာ၊ အဲဒီစိတ်ရဲ့အာရုံ ပျော်မွေ့ရာက ၆-မျိုးတဲ့။

ရူပါရုံဆိုတာ ဘယ်ဟာကို ခေါ်တာတုန်းဆိုရင် "မျက်စိနဲ့ မြင်လို့ရတာ ရူပါရုံ"၊ မြန်မာလိုတော့ အဆင်းအာရုံလို့ ပြောရမယ်၊ မျက်စိနဲ့မှ မြင်လို့ရတယ်၊ မျက်စိမှာ ထင်ဟပ်ပေါ်လွင်နိုင်တယ်၊ တခြားနေရာမှာ ထင်ဟပ်ပေါ်လွင်နိုင်ခြင်းမရှိဘူး၊ အဲဒီ အာရုံမျိုးကို ရူပါရုံလို့ ဒီလိုသတ်မှတ်တယ်။ ရူပါရုံဆိုတာ ရုပ် ၂၈-ခုထဲက တစ်ခုတည်းသော ရုပ်ကလေးပဲ၊ ရုပ် ၂၈-ပါးလုံးကို မြင်ရတာမဟုတ်ဘူး၊ ရုပ်တစ်ခုတည်းပဲ မြင်ရတာ၊ ရူပလို့ခေါ်တဲ့ အဆင်းရုပ်ကလေး တစ်ခုပဲ မြင်ရတယ်၊ အင်္ဂလိပ်လို ပြန်တဲ့အခါကျတော့ visible

http://www.dhammadownload.com



object လို့ အဲဒီလိုပြန်တယ်၊ form လို့လည်း ပြန်ကြတယ်၊ colour လို့လည်း ပြန်ကြတယ်။ ခြုံကြည့်လိုက်မယ်ဆိုရင် "ရူပ" ဆိုတာ မျက်စိဖြင့် မြင်လို့ရတဲ့ ရုပ်၊ မျက်စိမှာ ထင်လာလို့ရှိရင် စိတ်ကို ဖြစ်ပွားစေနိုင်တဲ့ မြင်လို့ရတဲ့ရုပ်။

တချို့ပုဂ္ဂိုလ်တွေက ရူပါရုံဆိုတာ အတွေးထဲမှာသာ ရှိတယ်၊ မျက်စိက မြင်တာတွေက အစစ်မဟုတ်ဘူး၊ အတွေးထဲမှာသာ ရှိတယ်လို့ယူဆပြီး "ရူပါရုံဆိုတာ မရှိဘူး၊ စိတ်ရဲ့ ကြံစည်ချက် ဖန်တီးချက်များသာ ဖြစ်တယ်" လို့ ဒီလိုပြောကြတယ်။ မြတ်စွာဘုရားက ရူပါရုံဆိုတာ ရှိတယ်လို့ ဟောထားတယ်။

နယ်သာလန်နိုင်ငံမှာ ဘုန်းကြီးတို့ အဘိဓမ္မာ ပို့ချတော့ Psychology ယူထားတဲ့ Dr တစ်ဦး အဘိဓမ္မာ လာတက်ဖူးတယ်၊ လာတက်တဲ့အခါ စာသင်ဖော် စာသင်ဖက် အချင်းချင်း ဘာပြောတုန်းဆိုတော့ "ရူပါရုံဆိုတာ စိတ်ရဲ့ ထင်မြင်ချက်မျှသာဖြစ်တယ်၊ စိတ်က ဖန်တီးယူတာ၊ ဥပမာ - ပန်းလို့ ယူလိုက်လို့ရှိရင် ဒါ စိတ်က ဖန်တီးယူတာပေါ့၊ တကယ်မဟုတ်ဘူး၊ စိတ်ရှိလို့သာ ဒါတွေ ရှိနေတယ်၊ ရူပါရုံဆိုတာ မရှိဘူး" သူ့အမြင်ကို ပြောတော့ ဘေးကလူတွေက ရှင်းပြပေမယ့် သူလက်မခံဘူး၊ လက်မခံတဲ့ အတွက်ကြောင့် "ဆရာတော် ဒါကို ရှင်းပြပါဦး" လို့ တောင်းဆိုကြတယ်။ "မဟုတ်ဘူး၊ စိတ်ကူးတယ်ဆိုတာ နောက်မှကူးတာ၊ မျက်စိက မြင်လို့ရတဲ့အရာဆိုတာက ရှိတယ်၊ Can be seen ဒီလို ရှင်းပြခဲ့တယ်။ ရူပါရုံ မရှိဘူးဆိုတာပေါ့၊ မြင်လို့ရတဲ့အရာ၊ The object can be seen. မြင်လို့ရတဲ့အရာဆိုတာရှိတယ်။ ဘာကြောင့် ရှိတယ်လို့ ပြောလို့ရှိရင် Can be heard ဆိုတာနဲ့ တခြားစီဖြစ်လို့ပဲ။

http://www.dhammadownload.com



နားက ကြားလို့ရတယ်ဆိုတာနဲ့ မျက်စိက မြင်လို့ရတယ်ဆိုတာနဲ့ တူသလား၊ မတူဘူးလား၊ မတူဘူး၊ နားနဲ့မှ ကြားလို့ရတဲ့ Can be heard ကြားလို့ရတယ်ဆိုတဲ့ အသံရုပ် ရှိသလိုပဲ, Can be seen မျက်လုံးနဲ့သာ မြင်နိုင်တဲ့ရုပ် ရှိတာပေါ့" လို့။ "မြင်တဲ့စိတ်ကို စက္ခုဝိညာဏ်လို့ ခေါ်တယ်" ဆိုတော့မှ သူက တွေပြီးစဉ်းစား သွားတယ်။

ဘယ်အယူအဆတွေက သူ့ကို လွှမ်းမိုးနေသလဲဆိုရင် "ယောဂါစာရ system" အယူအဆတွေ လွှမ်းမိုးနေတာ၊ ယောဂါစာရ school ဆိုတာ မဟာယာန အသိုင်းအဝိုင်းမှာ ရှိတယ်၊ အဲဒီ အယူအဆက ဘာတုန်းဆိုတော့ "ဝိညတ္တိ မတြတာ" အယူအဆ စိတ်သာ အရှိတရား၊ ကျန်တာတွေက စိတ်က ဖန်တီးထားတာ၊ စိတ်တစ်ခုတည်းကိုပဲ လက်ခံတယ်၊ ရုပ်တွေက စိတ်ရဲ့ ဖန်တီးချက်တွေ ဆိုပြီးတော့ လက်မခံဘူး၊ အဲဒီယောဂါစာရကျမ်းအရ ဝိညတ္တိ မတြတာ ဝိညာဏ်မျှသာရှိတယ်၊ အသိစိတ်မျှသာရှိတယ်၊ ကျန်တဲ့ အရာတွေက စိတ်ရဲ့ဖန်တီးချက်မျှသာ ဖြစ်တယ် ဒီလိုယူဆတဲ့ စာတွေကို သူက ဖတ်ထားပြီး အဲဒါနဲ့ ထေရဝါဒအဘိဓမ္မာ သွား ရောတယ်။ မျက်စိက မြင်ရတယ်ဆိုတာ တကယ်ရှိတာ မဟုတ်ဘူး၊ အဲဒီလို ပြောတယ်၊ ပြောတော့ အများရဲ့ အယူအဆနဲ့ မတူမညီ ဖြစ်တယ်။

မြတ်စွာဘုရားဟောတဲ့ တရားတော်မှာ ရူပါရုံဆိုတာ ရုပ် ၂၈-ပါးထဲမှာ ပါဝင်တဲ့ ရုပ်ကလေးတစ်ခုပဲ။ ရူပဆိုတဲ့ အဆင်းရုပ် ကလေးတစ်ခုကိုပြောတာ၊ ကျန်တဲ့ရုပ်တွေကို မျက်စိနဲ့မြင်လို့ရတာ မဟုတ်ဘူး၊ သူ့ကို ရှင်းပြတဲ့အခါကျတော့ ဒီရုပ်ဟာ The

http://www.dhammadownload.com



material quality can be heard - can be heard ကနေပြီးတော့ ဆန့်ကျင်ဘက် မတူညီတဲ့ The material quality can be seen ကြည့်လို့ရတဲ့ ရုပ်ဆိုတာ ရှိကိုရှိတယ်၊ အသံကိုတော့ သူ မငြင်းရဲဘူးလေ၊ ဘာဖြစ်လို့တုန်းဆိုတော့ အသံရှိတယ်ဆိုတာ ထင်ရှားနေတော့ ငြင်းလို့မရဘူး၊ အနံ့ရှိတယ်ဆိုတာလည်း ငြင်းလို့မရဘူး။ မျက်စိကမြင်တဲ့ရုပ်တော့ သူကငြင်းတယ်၊ အဲဒီလို ပြောလိုက်တဲ့အခါကျတော့မှ သူက ဆက်မပြောတော့ဘူး၊ ရပ်သွားတယ်၊ သဘောကျလား မကျလားတော့ မပြောဘူး။

## သတိထားရမယ့် အချက်တစ်ခု

စာမျိုးစုံဖတ်တဲ့ ပုဂ္ဂိုလ်ဟာ တစ်ခါတစ်ရံကျတော့ အန္တရာယ်ရှိတယ်၊ အန္တရာယ်ရှိတယ်ဆိုတာ အတွေးမျိုးစုံနဲ့ ရေးထားတဲ့စာတွေပေါ့။ ဘာသာတရားကို လေ့လာတယ် ဆိုတဲ့နေရာမှာ မှန်ကန်တဲ့ တင်ပြချက်တွေကို လေ့လာရင် အကြောင်းမဟုတ်ဘူး။ မမှန်မကန် ဟောပြောချက်တွေကို လေ့လာမိလို့ မိမိက စာလည်း မစုံသေးဘူး, အတွေးအခေါ် ရင့်သန်မှုလည်း မရှိသေးဘူးဆိုရင် လွဲမှားသွားနိုင်သေးတယ်။ ဒါလည်း သတိထားရမယ့် အချက်တစ်ခုပဲ၊ စာမစုံသေးရင် အရှိကို မှတ်ထားဖို့လိုသေးတယ်၊ တကယ့်မူရင်းကျမ်းက ဘယ်လိုဆိုတယ်ဆိုတာ မှတ်သားထားရမယ်။ သဘောမကျသေးရင် သဘောကျအောင် ကြံစည်ရမယ်၊ ဒီလိုမှမဟုတ်ရင် မှန်ကန်တဲ့ လမ်းကြောင်းက လွဲထွက်သွားနိုင်တယ်။ အဲဒီတော့ ရူပဆိုတဲ့ **"စက္ခုဝိညေယျာ"** မျက်စိဖြင့် မြင်ပြီးတော့ သိရတဲ့ရုပ် ဆိုတာကို ရှိတယ်ပေါ့။

http://www.dhammadownload.com



ဘုန်းကြီးတို့တတွေလည်း အကယ်၍ မျက်စိပျက်သွားပြီ ဆိုလို့ရှိရင် ကိုယ့်ရဲ့မျက်စိနဲ့ မြင်ပြီးတော့ ကြည့်လို့ရတဲ့ရုပ်မျိုး ကိုယ့်မျက်စိမှာလာပြီး ထင်ဟပ်တာ မရှိသည့်အတွက်ကြောင့် ကိုယ့်မှာ စက္ခုဝိညာဏ်စိတ်ဖြစ်ဖို့ အခွင့်အလမ်း မရှိတော့ဘူးပေ့ါ။ ဒါကြောင့် ရူပဆိုတဲ့ အဆင်းရုပ်ကလေးဟာ မျက်စိနဲ့မြင်ရတဲ့ အဆင်းရုပ်ကလေးတဲ့၊ "သနိဒဿန-မြင်အပ်တဲ့သဘောနဲ့တကွ ဖြစ်တဲ့ရုပ်" လို့ အဘိဓမ္မာမှာ ဒီလိုဆိုထားတယ်၊ အဲဒီမျက်စိနဲ့ မြင်ရတဲ့ အဆင်းအာရုံကလေးကို ရူပါရုံလို့ ခေါ်တယ်။

နောက်တစ်ခုက သဒ္ဒါရုံ - အသံရုပ်ကလေး၊ ရူပါရုံဆိုတဲ့ အဆင်းရုပ်သည် နေရာတကာမှာ ရှိတယ်၊ ရုပ်အားလုံးမှာ ဖွဲ့စည်း ပါဝင်နေတယ်၊ ရုပ်ပိုင်းလေ့လာတဲ့အခါတုန်းက ရုပ်ဟာ unity of eight ပဲ၊ အနည်းဆုံး ရုပ်ရဲ့ unit ဟာ ၈-ခုနဲ့ ဖွဲ့စည်းထားတာ။ စာပေက အဋ္ဌကလာပ်ရုပ် ၈-ခုလို့ ဒီလို ပြောတာနော်၊ အဲဒီအထဲ မှာ ရူပဆိုတဲ့ အဆင်းရုပ်ကလေး ပါတယ်ပေ့ါ။ နည်းနည်း မှတ်မိ အောင် ပြန်ပြောရမယ်ဆိုရင် မဟာဘုတ် ၄-ပါး ရှိတယ်၊ မျက်စိနဲ့ မြင်လို့ရတာလေးက ရူပ၊ နှာခေါင်းနဲ့ သိလို့ ရတာလေးက ဂန္ဓ၊ လျှာနဲ့သိလို့ ရတာလေးက ရသ၊ နောက်ပြီးတော့ အဆီဩဇာလို့၊ အဲဒါတွေ ပေါင်းလိုက်တဲ့အခါ အဝိနိဗ္ဘောဂရုပ် ၈-ခု ဖြစ်တယ်။ indivisible ခွဲလို့ မရဘူးလို့ ဆိုလိုတယ်၊ ရုပ်ဆိုတာ အနည်းဆုံး ဒီ ၈-ခု ပေါင်းနေတာ။

ဘာဖြစ်လို့ ၈-ခုလို့ ပြောတာတုန်းဆိုတော့ function တွေ မတူဘူးပေ့ါ၊ အဲဒီသဘောလေးကိုကြည့်ပေ့ါ။ အနံ့နဲ့အရသာ တူမှ မတူတာ၊ အနံ့က ဘာတုန်းဆိုရင် ဃာနဝိညာဏ်စိတ်ဖြင့်သာ သိရ

http://www.dhammadownload.com



တယ်၊ ယာနပသာဒဖြင့်သာ ရယူနိုင်တယ်။ အရသာကျတော့ နှာခေါင်းနဲ့သိလို့ ရသေးလား၊ လျှာနဲ့ထိ၍ ဇိဝှါဝိညာဏ်စိတ်နဲ့မှ သိနိုင်တယ်၊ သဏ္ဌာန်ချင်းက ကွာသွားတယ်လေ၊ အဲဒီလို သူ့ရဲ့ ပုံပန်း သဏ္ဌာန်ချင်း မတူညီတဲ့ အချက်ကလေးတွေကိုကြည့်ပြီး ကိစ္စလေးတွေ သဘာဝလေးတွေ လက္ခဏာလေးတွေ (charac-teristic) က တစ်ခုစီ တစ်ခုစီမို့ ရုပ်၈-ခုလို့ ပြောတာ။ မတူညီတဲ့ သဘာဝလေးတွေကို ကြည့်ပြီးတော့ ပြောတာ။

အဲဒီရုပ် ၈-ခုထဲမှာ ဒီရူပဆိုတဲ့ အဆင်းရုပ်က ပါနေတယ်၊ သို့သော် သဒ္ဒဆိုတဲ့အသံရုပ်က မပါဘူး၊ အဋ္ဌကလာပ် ရုပ် ၈-ခု ထဲမှာ အသံရုပ် မပါဘူး၊ ဒါဖြင့် သဒ္ဒဆိုတဲ့ အသံရုပ်က ဘယ်မှာ ရောက်နေတာတုန်းဆိုတော့ သဒ္ဒဆိုတဲ့ အသံရုပ်ဟာ ပစ္စုပ္ပန် အကြောင်းကို ငဲ့ပြီးတော့မှ ဖြစ်ပေါ်လာတဲ့ရုပ် ဖြစ်တယ်၊ ဖွဲ့စည်း ထားလို့ရတဲ့ရုပ်မျိုး မဟုတ်ဘူး။

ဒါနဲ့ ပတ်သက်ပြီးတော့ Germany နိုင်ငံ မြို့နားက World House ဆိုတဲ့ နေရာမှာ အဘိဓမ္မာသင်တန်း ၂-ကြိမ် ပို့ချဖူးတယ်။ အဲဒီလို ပို့ချတုန်းက အဘိဓမ္မာသင်တန်း လာတက်တဲ့ ဂျာမန် တစ်ယောက်က ဒီအဋ္ဌကလာပ်ရုပ် ၈-ခုထဲကို ဘာလို့ သဒ္ဒ မပါ တာတုန်း ဆိုပြီးတော့ argument လုပ်ဖူးတယ်။ သဒ္ဒရုပ် ပါသင့် တယ်တဲ့။ သူက ဘာနဲ့သွားရောတုန်းဆိုတော့ cassette တို့ ဘာတို့ အသံဖမ်းပြီးတော့၊ အသံတွေ ရှိနေတယ်ပေါ့။ အဲဒါကြောင့်မို့လို့ ရုပ်တွေ ဖွဲ့စည်းတဲ့အထဲမှာ အသံရုပ်လည်း ရှိရမယ်လို့ သူက ယူဆတယ်။

http://www.dhammadownload.com



အဲဒါကို ဘုန်းကြီးတို့က ဥပမာနဲ့ ရှင်းပြရတယ်၊ စောင်း ဥပမာနဲ့ ရှင်းပြတယ်, စည် ဥပမာနဲ့ ရှင်းပြတယ်, piano တို့ ဒါတွေနဲ့ ရှင်းပြတော့ 'မင်း piano ထဲမှာ အသံရှိနေသလား' ဆိုတော့ သူစဉ်းစားလာတယ်၊ တီးခတ်တဲ့အခါကျမှ အသံပေါ်လာတာ၊ ဒီထဲမှာ အသံကို stored လုပ်ထားတာ မရှိဘူး။ အဲဒီတော့ လူရဲ့တီးခတ်မှုကြောင့် ဖြစ်လာတာ၊ မီးခြစ်ထဲမှာ မီးမရှိဘူး၊ possibility အနေနဲ့သာ ရှိနေတာ၊ အကြောင်းဆုံစည်းတဲ့အခါကျမှ ပေါ်လာတာ၊ အသံဟာလည်းပဲ ထို့အတူပဲ၊ မီးခြစ်ဘူးက ခြစ်လိုက်လို့ မီးတောက်ကလေး ပေါ်လာသလိုပဲ အသံကလည်း စိတ်ဆိုတဲ့အကြောင်း, ဥတုဆိုတဲ့အကြောင်း တစ်ခုခုနဲ့ ရိုက်ခတ်လိုက်မှ ပေါ်လာတာပါလို့ ရှင်းပြရတယ်။ နောက်ပိုင်းမှာ သူ သဘောကျသွားတယ်၊ စာပေဆိုင်ရာ မေးခွန်းတွေပဲ မေးတော့တယ်၊ ခုနက cassette တို့ radio တို့ဆိုတဲ့ အသံတွေက ဖမ်းထားပြီးတော့ ပြန်လွှင့်တဲ့ အသံတွေ၊ ဒါတွေက secondary တွေပဲ။ primary မဟုတ်ဘူး၊ ဖြစ်ပြီးတော့မှ ထိန်းထားတဲ့ အသံတွေ ဖြစ်တယ်၊ မူလက ရှိနေတဲ့အသံ မဟုတ်ဘူး၊ ခုနက အဆင်းတို့ ဘာတို့ဆိုတာ မူလက ရှိနေတာ။

အဲဒီတော့ အသံဆိုတာ အဘိဓမ္မာမှာ **"သဒ္ဒေါ စိတ္တောတုဇော"** "စိတ် ဥတု ၂-မျိုးကြောင့်" ဖြစ်တယ်ဆိုတော့ စိတ်ကြောင့်ဖြစ်တဲ့ အသံရှိတယ် - စိတ္တဇသဒ္ဒ၊ ဥတုကြောင့်ဖြစ်တဲ့ အသံရှိတယ်-ဥတုဇသဒ္ဒ၊ အဲဒီလို စိတ် ဥတု ဆိုတဲ့ ပစ္စုပ္ပန် အကြောင်းတရားတွေကို အမှီပြုပြီးတော့ အသံဆိုတာ ထွက်ပေါ်လာတာပဲ၊ ဘယ်နေရာ ကြည့်လိုက် ကြည့်လိုက် အသံထွက်နိုင်တဲ့နေရာဆိုရင်

http://www.dhammadownload.com



သူ့အင်အားအလိုက် ဖြစ်တာပဲ၊ သံချောင်း တစ်ချောင်းနဲ့ တစ်ချောင်း တီးလည်း အသံထွက်တာပဲ၊ သံချောင်းနဲ့ နံရံတစ်ခု ခေါက်လည်း အသံထွက်တာပဲ၊ အဲဒီလို အသံဆိုတာ တစ်ခုနဲ့ တစ်ခု ရိုက်ခတ်လို့ ပေါ်လာတဲ့အရာမျိုး ဖြစ်တယ်လို့ဆိုတော့ သဘောပေါက်သွားတယ်။ အဲဒီလို ထွက်လာပြီးတော့မှ ထိန်းလို့ ရတယ်ပေါ့၊ ထွက်လာပြီးတော့ ထိန်းထားလို့ရှိရင် ဥတုဇသဒ္ဒလို့ ခေါ်တယ်။

အေး ကောင်းပြီ- သဒ္ဒဆိုတဲ့ ရုပ်ဟာ to be heard ကြားလို့ ရတယ်၊ can be heard နားထောင်လို့ရတယ်၊ နားနဲ့ပဲ ဆက်သွယ်ပြီးတော့ သောတဝိညာဏ်စိတ်နဲ့ပဲ သိနိုင်တယ်၊ ကျန်တဲ့စိတ်နဲ့ သိလို့မရဘူး၊ ခုနက မြင်လို့ရတာနဲ့ တခြားစီ ဖြစ်သွားပြီပေါ့။

နောက်အာရုံတစ်ခုက ဃာနပသာဒ လို့ဆိုတဲ့ နှာခေါင်းကို အသုံးချပြီး သိရတဲ့အာရုံမျိုး၊ အဲဒါကို ဂန္ဓာရုံ-အနံ့အာရုံပေါ့၊ အဲဒီ အနံ့အာရုံက ဃာနပသာဒနဲ့ ဆက်သွယ်ပြီးတော့မှ ဃာနဝိညာဏ် စိတ်နဲ့ပဲသိနိုင်တယ်၊ ဂန္ဓာရုံက စက္ခုဝိညာဏ်စိတ်နဲ့ သိရတဲ့ အဆင်း အာရုံနဲ့လည်း မတူဘူး၊ သောတဝိညာဏ်စိတ်နဲ့ သိရတဲ့ အသံ အာရုံနဲ့လည်း မတူဘူး၊ မတူဘူး ဆိုတာကိုလည်း ကိုယ့်ဟာကိုယ် လက်တွေ့ကြည့်လို့ရတာပဲ။ နေ့စဉ်နဲ့အမျှ ကြုံတွေ့နေတာပဲ၊ အနံ့ ရတယ်ဆိုရင် နှာခေါင်းနဲ့ပဲ သိရတာ။ မျက်လုံးနဲ့ကြည့်လို့ ရတာမှ မဟုတ်တာ၊ နှာခေါင်းနဲ့ရှူကြည့်မှ အနံ့ဆိုတာ သိတာလေ။

ထို့အတူပဲ ရသာရုံတဲ့၊ လျှာနဲ့ ထိတွေ့ပြီးတော့မှ ဇိဝှာ ဝိညာဏ်စိတ်နဲ့သာ သိလို့ရတဲ့ အာရုံမျိုး၊ ဒါလည်း ခုနဟာတွေနဲ့ မတူဘူး၊ ထူးခြားတယ်၊ ရသာရုံဆိုတာ ဥပမာ- မျက်စိနဲ့မှတ်ထားတဲ့

http://www.dhammadownload.com



သညာနဲ့တော့ ကြည့်လို့ရတာပေါ့။ ဆားမြင်လိုက်ရင် ငန်မှာပဲ ဆိုတာ၊ ဒါက အတွေ့အကြုံနဲ့သိတာ၊ သံပုရာသီးမြင်ရင် ချဉ်မှာပဲ လို့ဆိုပြီး အတွေ့အကြုံနဲ့ သိနေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ချဉ်တဲ့သံပုရာသီးတွေချည်း တွေ့တာကိုး၊ ပြုပ်သီးမြင်တာနဲ့ စပ်နေပြီ၊ ဇီးဖြူသီးမြင်တာနဲ့ သွားရေကျကုန်ပြီ၊ ဘာဖြစ်လို့တုန်း ဆိုတော့ အတွေ့အကြုံနဲ့ ပြောနေတာ၊ အဲဒါတွေက အတွေ့ အကြုံနဲ့ တွေးကြည့်ပြီး ဖြစ်တဲ့ဟာတွေနော်၊ တကယ်အရသာ သိချင်ရင်တော့ လျှာနဲ့မှသိတာနော်၊ ဒါ့ကြောင့်မို့ ရသာရုံဆိုတာ တစ်ခါမှ မစားဖူးတဲ့ အစာအာဟာရဆိုရင်, တစ်ခါမှ မမြင်ဖူးတဲ့ အသီးဆိုရင် ဒါလေးက ကောင်းတယ် မြည်းကြည့်ပါလားဆို မြည်းကြည့်မှသိတာ မဟုတ်လား၊ မျက်စိနဲ့ ကြည့်ရုံနဲ့ အရသာကို မသိနိုင်ဘူးတဲ့၊ ဒါလည်း အင်မတန်ထင်ရှားတဲ့ အချက်ပဲ။

နောက် ဖောဋ္ဌဗ္ဗာရုံ ဖောဋ္ဌဗ္ဗာရုံဆိုတာ ခန္ဓာကိုယ်ကို လာထိ ပြီးတော့မှ သိရတဲ့ဟာတွေ၊ ဖောဋ္ဌဗ္ဗာရုံဆိုတာ ပထဝီ ဆိုတဲ့ ခက်မာမှု နူးညံ့မှု, မာတယ် ပျော့တယ်ဆိုတဲ့ သဘော၊ ကြမ်းတမ်း တယ် နူးညံ့တယ်ဆိုတဲ့သဘော၊ တစ်စုံတစ်ခုကို စမ်းကြည့်လို့ ပျော့သလား မာသလား သိချင်လို့ရှိရင် လူရဲ့ intention အတိုင်းပဲ ပျော့တယ် မာတယ်ကို သိတယ်ပေါ့။ ဒါ ပထဝီကို စမ်းမိတယ်လို့ ပြောတယ် - အဲဒါ ဖောဋ္ဌဗ္ဗာရုံပဲ၊ ကိုယ်နဲ့ပဲ စမ်းသပ်ကြည့်ရတာ၊ မျက်စိကနေ ကြည့်လို့ မရဘူး၊ တစ်ခါတလေ ပန်းကလေးက လှတယ်ဆိုရင် "ဩော် ဒီပန်းလေးက ပျော့ပျော့လေးလား ပန်း အစစ်လား ပလတ်စတစ် ပန်းကြီးလား" ဆိုတာ ကိုင်ကြည့်ရ သေးတာ၊ ကိုင်ကြည့်ရင် လက်ရဲ့ အကူအညီနဲ့ သိသွားတယ်၊

http://www.dhammadownload.com



ဒါကတော့ အစစ်၊ ဒါကတော့ ပိုးစလေးပဲ လို့ ပြောလို့ရတာပေါ့။ အဲဒီတော့ တစ်ခါတလေ မျက်စိက ဆုံးဖြတ်လို့မရဘူး၊ ကာယပသာဒနဲ့ သိရမယ့် ကိစ္စကျတော့ ခန္ဓာကိုယ်နဲ့ ထိကြည့်မှပဲ သိတော့မယ်။ အဲဒီတော့ အပျော့လား အမာလား သိချင်လို့ ရှိရင်တော့ ပထဝီ ဆိုတဲ့ သဘောကို တွေ့လိမ့်မယ်။ တစ်ဖန် ပူသလား အေးသလားကို သိချင်တယ်ဆိုရင် တေဇောဆိုတာ တွေ့ရလိမ့်မယ်။ လှုပ်ရှားမှု တွန်းကန်မှု ရှိသလား ဆိုတာကို သိချင်လို့ရှိရင် ဝါယောရဲ့သဘောကို သိရတယ်လို့ဆိုတော့ ပထဝီရယ် တေဇောရယ် ဝါယောရယ် ဟောဒီ ၃-ခု ပေါင်းစည်းပြီးတော့ ဖောဋ္ဌဗ္ဗာရုံလို့ ဒီလိုခေါ်ထားတာ။ အဲဒီ ၃-မျိုးဟာ ကာယပသာဒနဲ့ ဆက်သွယ် ထိပြီးတော့မှ ကာယဝိညာဏ်စိတ်နဲ့ သိရတဲ့အရာတွေ ဖြစ်တယ်၊ ဒါလည်း အာရုံတစ်ခုပဲ။

နေ့စဉ်နဲ့အမျှ လူတွေဟာ ဒီအာရုံတွေနောက် လိုက်နေကြတာ၊ လူတွေရဲ့စိတ်ဟာ ဘယ်အာရုံနဲ့ ပျော်နေတုန်းဆိုတော့ အမြင်အာရုံတွေနဲ့ ပျော်တယ်၊ အသံအာရုံတွေနဲ့ ပျော်တယ်။ အသံဆို အမျိုးစုံလုပ်ပြီး ပျော်တယ်လေ။ ရိုးရိုးတန်းတန်းအသံမှာ မပျော်ရတဲ့အခါကျတော့ Hip Pop ဆိုတဲ့အသံနဲ့ ပျော်တယ်၊ လူ့စိတ်ဟာ တော်တော်ဆန်းတယ်၊ "ဂျိမ်းဂျိမ်း" ဆိုတာမှ နားထောင်ချင်တယ်၊ အဲဒီလို လူရဲ့စိတ်ဟာ မျက်စိနဲ့မြင်ရတဲ့ အာရုံနဲ့ပျော်တယ်၊ အမျိုးမျိုးကြည့်တယ်၊ အမျိုးမျိုး ဖန်တီးယူတယ်၊ ကြည့်လေ - ဒီဖိုင်းတွေ ထုတ်လို့ကို မလောက်ဘူး၊ ဘာဖြစ်လို့တုန်း ဆိုတော့ ဒီအဆင်ကလေးက လှတယ်၊ ဒီအကွက်ကလေးက လှတယ်၊ ဒီ ဒီဖိုင်းကလေးက လှတယ်နဲ့ဆိုပြီးတော့ ဒီဖိုင်းလှတာကို

http://www.dhammadownload.com



လိုက်ရှာပြီးတော့ မျက်စိက ကြိုက်တဲ့အရောင်လိုက်ရှာနေတာ၊ အရောင်ဆို အမျိုးမျိုးစပ်ပြီးတော့၊ ဒီအရောင်က အနီရဲကြီး, မကြိုက်ဘူး၊ အနီလေးနဲ့ ဘာလေးနဲ့ စပ်ထားမှ၊ စပ်တဲ့ အရောင်တွေ လိုက်ရှာ၊ ဆုံးကို မဆုံးနိုင်ဘူး၊ ဒီအာရုံတွေပေါ်မှာ လိုက်စားနေပုံကိုကြည့်၊ အသံဆိုရင်လည်း အမျိုးမျိုး၊ ရိုးရိုးအသံဆိုရင် နားမထောင်ချင်ဘူး၊ ခုန "ဂျောင်းဂျောင်းဂျိမ်းဂျိမ်း" အသံဆိုရင် တစ်ကိုယ်လုံးတောင် လှုပ်လာလိမ့်ဦးမယ်၊ ခေါင်းကလေးတွေငြိမ့်၊ ခေါင်းငြိမ့်ရုံတင် မကဘူး၊ တစ်ကိုယ်လုံးတောင် ရမ်းထွက်လာတယ်။

ထို့အတူပဲ ရသာရုံနဲ့ ပတ်သက်ပြီးတော့ အမျိုးမျိုးသော အစားတွေ တီထွင်ကြတယ်၊ ဟို ဟိုတယ်က တစ်မျိုး၊ ဒီ ဟိုတယ်က တစ်မျိုး၊ ဒီစားသောက်ဆိုင်က တစ်မျိုး၊ ဟို စားသောက်ဆိုင်က တစ်မျိုး၊ အိမ်က ထမင်းဟင်းနဲ့ မလုံလောက်လို့ ကြေးအိုးတို့ ဘာတို့ ဒါတွေကလည်း တစ်မျိုး၊ အဲဒီလို ရသာရုံ နောက်လိုက်ရ၊ ရသာစုံ အမျိုးမျိုးကို ခံစားတာ၊ လူ့ရဲ့စိတ်တွေ ဆန်းပြားပုံကိုပြောပါတယ်၊ အာရုံတွေနဲ့ သွားလာပုံကိုကြည့်၊ ဖောဋ္ဌဗ္ဗာရုံ ဆိုလို့ရှိရင်လည်း ဝတ်ထားတဲ့အဝတ်ရဲ့ နူးညံ့မှု အေးမှု အထိအတွေ့ကောင်းမှု၊ နေရာထိုင်ခင်းတွေ ဆိုလို့ရှိရင်လည်း settee တို့ အိပ်ရာတို့ ဆိုဖာတို့ ကောင်းတာ မကောင်းတာ၊ ဒါတွေကိုကြည့်ပြီး လူတွေက ခန္ဓာကိုယ်နဲ့ထိတွေ့ အာရုံခံစားမှု ဆိုတာတွေနဲ့ အချိန်ကုန်နေတယ်ဆိုတာ စဉ်းစားကြည့်လိုက်စမ်းပါ။

တစ်ကမ္ဘာလုံးဟာ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ နောက် လိုက်နေတယ်ဆိုတာ မထင်ရှားဘူးလား။ အမျိုးအမည်

http://www.dhammadownload.com



တွေ ဘယ်လောက်ပြောပြော ဒီ ၅-မျိုးပဲမဟုတ်လား၊ ဒီ ၅-မျိုးပဲ ရှိတာပဲ။ နာမည်တွေ ဘယ်လိုပေးထားထား မဆုံးနိုင်အောင်၊ Super Market ထဲဝင်လိုက်လို့ နာမည်တွေ ဘယ်လို ပေးနေ ပေးနေ ချုံ့ကြည့်လိုက်လို့ရှိရင် ဟောဒီအာရုံ ၅-ပါးပဲ။

နောက်ထပ်အာရုံတွေ ကျန်သေးလားလို့ဆိုရင် ကျန်သေးတယ်၊ ဓမ္မာရုံ တဲ့၊ ကျန်တာတွေကို ဓမ္မာရုံ ဆိုပြီးတော့ မြတ်စွာဘုရားက စုပြီး သဘာဝအာရုံအနေနဲ့ ဟောထားတာ။ ဘာဖြစ်လို့တုန်းဆိုရင် မျက်စိနဲ့လည်း မြင်လို့မရဘူး၊ နားနဲ့လည်း နားထောင်ပြီးတော့ ကြည့်လို့မရဘူး၊ နှာခေါင်းနဲ့လည်း နမ်းရှုကြည့်လို့မရဘူး၊ လျှာနဲ့လည်း လျက်ကြည့်လို့ မရဘူး၊ ခန္ဓာကိုယ်နဲ့လည်း ထိပြီးတော့ ကြည့်လို့မရဘူး၊ ဒီလိုအာရုံမျိုးတွေကလည်း ရှိသေးတယ်၊ ဒီအာရုံတွေကို အားလုံး ဓမ္မာရုံဆိုပြီးတော့ အကုန်ထည့်ထားတယ်၊ ပေါင်းလိုက်တော့ အာရုံ ၆-ပါးပေါ့။

ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံ ၅-ပါး ကတော့ များသောအားဖြင့် လောဘ ဒေါသ မောဟ ဖြစ်စရာ အာရုံတွေချည်းပဲ များပါတယ်။ ကာမဂုဏ်အာရုံ လို့ခေါ်တယ်၊ ကာမဂုဏ် အာရုံတွေပဲများတယ်၊ ဓမ္မာရုံဆိုတဲ့ အထဲမှာတော့ အင်မတန်လေးနက်တဲ့ သဘာဝတရားတွေ ပါနေတယ်။

ဥပမာ - နိဗ္ဗာန်ဆိုတာ ဒီဓမ္မာရုံထဲမှာပါတယ်၊ စိတ်နဲ့ သိရတယ်၊ နိဗ္ဗာန်ဆိုတာ မျက်စိနဲ့ မြင်လို့မရဘူး၊ နားနဲ့ နားထောင်ကြည့်လို့ မရဘူး၊ နှာခေါင်းနဲ့ နမ်းရှုကြည့်လို့ မရဘူး၊ လျှာနဲ့ လျက်ကြည့်လို့ မရဘူး၊ ခန္ဓာကိုယ်နဲ့ ထိကြည့်ချင်လို့ မရဘူး၊ အင်မတန် သိမ်မွေ့တဲ့စိတ် အင်မတန်အဆင့်မြင့်တဲ့ အသိဉာဏ်

http://www.dhammadownload.com



ဦးစီးတဲ့ စိတ်နဲ့သာ သိနိုင်တယ်၊ အဲဒီအာရုံတွေ အားလုံးကို ဓမ္မာရုံ လို့ ခေါ်တယ်။

စာပေအရပြောမယ်ဆိုရင် ဓမ္မာရုံကို ၆-အုပ်စုခွဲပြီး ပြောထား တယ်၊ ဒါ မှတ်လို့လွယ်အောင် ပြောတာပါ၊ ပသာဒရုပ် ၅-ခု၊ သုခုမရုပ် ၁၆-ခု၊ ပသာဒရုပ် ၅-ခုဆိုတာ အာရုံတွေ လာထိရာ ဖြစ်တဲ့ မျက်စိအကြည်၊ နားအကြည်၊ နှာအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်ဆိုတဲ့ အကြည်နဲ့ ပတ်သက်တဲ့ ရုပ်တွေ၊ သုခုမရုပ် ဆိုတဲ့ သိမ်မွေ့ပြီး တွေ့ထိ စမ်းသပ်လို့မရတဲ့ သိဖို့ခက်ခဲတဲ့ရုပ် ၁၆-ခု ရယ်၊ အဲဒါတွေဟာ ဓမ္မာရုံပဲ။

နောက်တစ်ခု - စိတ်အားလုံးဟာ ဓမ္မာရုံထဲမှာပါတယ်၊ စိတ် ကလည်း စိတ်ရဲ့အာရုံ ဖြစ်တယ်ဆိုတာကို သတိထားပါ၊ ရှေ့စိတ် ကို နောက်စိတ်က သိနိုင်တယ်၊ ဟို မဖြစ်ပေါ်သေးတဲ့ စိတ်တွေ, ဖြစ်ပြီးသားစိတ်တွေ, သူတစ်ပါးစိတ်တွေ - စိတ်ကိုလည်း စိတ်က ပြန်ပြီး အာရုံပြုတယ်၊ စိတ်အားလုံးဟာလည်း ဓမ္မာရုံထဲမှာပါတယ် ဆိုတာ မှတ်ထားပါ။ စေတသိက်တွေကိုလည်း စိတ်က အာရုံပြုလို့ ရတယ်၊ အဲဒါကြောင့် စေတသိက်ဟာလည်း ဓမ္မာရုံထဲမှာ ပါတယ်၊ နိဗ္ဗာန်ခန္ဓာ ၅-ပါး ချုပ်ငြိမ်းလို့ ဒုက္ခဇာတ်သိမ်းသွားတဲ့ အငြိမ်းဓာတ် နိဗ္ဗာန်ကလည်း စိတ်နဲ့သိနိုင်တာဖြစ်လို့ စိတ်ရဲ့အာရုံပဲ။ အာရုံ ၆- ပါးထဲက ဓမ္မာရုံထဲမှာထည့်ထားတယ်။ နောက်ဆုံး လောကီလူတွေ အများအသိအမှတ်ပြုပြီး ခေါ်ဝေါ်ထားတဲ့ ပညတ်အမျိုးမျိုးပေါ့၊ အဲဒီပညတ်အမျိုးမျိုးဟာလည်း အာရုံ ၆-ပါးထဲက ဓမ္မာရုံထဲမှာ ပါတယ်၊ ဒါ စိတ်ရဲ့အာရုံတွေ ဆိုတာပဲ၊ ဒီစိတ်ရဲ့အာရုံ ၆-ပါးကို ပဋ္ဌာန်း၂၄-ပစ္စည်းမှာ "အာရမ္မဏပစ္စယော" လို့ ဟောတာပါ၊ အဲဒီ

http://www.dhammadownload.com



အာရုံ မပါဘဲနဲ့ ဘယ်တော့မှ စိတ်မဖြစ်ဘူး၊ စိတ်ရှိနေရင် အာရုံ ရှိတယ်ဆိုတာ မှတ်သားထားရမယ်။

နောက်ဆုံး အိပ်နေတဲ့အချိန်မှာတောင် စိတ်ရှိတယ်၊ စိတ်ရှိတဲ့အတွက်ကြောင့် အဲဒီ အိပ်နေတဲ့စိတ်မှာလည်း အာရုံရှိတယ်လို့ သိရတယ်။ တစ်ချို့က unconsciousness ဆိုပြီးတော့ ပြောကြတယ်။ ဒါ ဗုဒ္ဓဘာသာအသုံးတော့မဟုတ်ဘူး၊ unconsciousness-မသိစိတ် ဆိုပြီးတော့ ပြောကြသေးတယ်၊ အဲဒါ တခြားအဓိပ္ပါယ်နဲ့ ပြောကြတာ၊ အဘိဓမ္မာနဲ့ သက်ဆိုင်တဲ့ ဝေါဟာရတော့မဟုတ်ဘူး၊ မသိစိတ်ဆိုတဲ့ စကားလုံးက၊ မသိစိတ်ဆိုတာ တစ်ခါတစ်ရံကျတော့ လူက အသိရှိရှိ သတိရှိရှိလုပ်တာ မဟုတ်ဘဲနဲ့ မသိစိတ်က လုပ်နေတယ်လို့ ဒီလို လူတွေက ပြောလေ့ရှိတယ်။

စိတ်ဆိုတဲ့နေရာမှာ မသိစိတ်ဆိုတာ မရှိဘူး၊ စိတ်မှန်ရင် သိတာချည်းပဲ၊ အာရုံကို သိတာချည်းပဲ၊ အာရုံကို သိတတ်တဲ့သဘောကို စိတ်လို့ခေါ်တာ၊ အာရုံမရှိဘဲ စိတ်မဖြစ်ဘူး၊ စိတ်ရှိလျက်နဲ့ အာရုံ မသိဘူးဆိုတဲ့ အာရုံမဲ့စိတ်ဆိုတာ ဘယ်မှာမှ မရှိဘူး။ အာရုံနဲ့စိတ်သာရှိတယ်၊ စိတ်ဟာ အမှီမရှိဘဲ ဖြစ်ကောင်းဖြစ်မယ်၊ အာရုံမရှိဘဲနဲ့ ဘယ်တော့မှမဖြစ်ဘူး။

အဘိဓမ္မာသမိုင်းမှာ "အာရုံမဲ့စိတ်" ရှိတယ်ဆိုတဲ့ အယူအဆ တစ်ရပ် ပေါ်ခဲ့ဖူးတယ်။ အဲဒါကို တားမြစ်လို့ရှိ **'အာရမ္မဏံ စိန္တေတီတိ'** စိတ္တံလို့ ဆိုတာ။ 'အာရမ္မဏ ဝိဇာနန လက္ခဏာ' အရ စိတ်မှန်ရင် အာရုံကိုသိတဲ့ လက္ခဏာရှိတယ်လို့ ပြောတဲ့နေရာမှာ အာရုံကိုသိတယ်လို့ ပြောလိုက်သဖြင့် အာရုံမရှိဘဲနဲ့ စိတ်ဖြစ်နိုင်

http://www.dhammadownload.com



တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေရဲ့ အယူအဆကို တားမြစ်တယ်လို့ ဋီကာကျော်ကျမ်းမှာ ဆိုထားတာရှိတယ်။

ဒါကြောင့်မို့ အာရုံမဲ့စိတ်ဆိုတာ ဘယ်တော့မှမရှိဘူး၊ အာရုံနဲ့ စိတ်သာရှိတယ်။ ကိုယ့်စိတ်ကလေးက တစ်ခါတစ်ရံကျတော့ ကမ္မဋ္ဌာန်းထိုင်နေတဲ့ ပုဂ္ဂိုလ်တွေ ကြုံရင်ကြုံတတ်တယ်၊ ထွက်လေ ဝင်လေ မှတ်ပြီးတော့ ကမ္မဋ္ဌာန်းထိုင်၊ သမာဓိကလေး ရလာတဲ့ အခါကျတော့ ထွက်လေဝင်လေက ရပ်သွားသလို ကိုယ့်ရဲ့သမာဓိ စွမ်းအားတွေ ဝီရိယစွမ်းအားတွေက နည်းသည့်အတွက်ကြောင့် ထွက်လေ ဝင်လေလေးက ပျောက်သွားတော့ စိတ်လေးက သူ လုပ်ကိုင်နေကျ အာရုံလေး မရှိတော့ဘဲ အာရုံမဲ့စိတ်လို့ တချို့က ထင်ကြတယ်။ မဟုတ်ဘူး၊ အဲဒီ မရှိတာကိုပဲ သိနေတာဟာ စိတ်ရဲ့ အာရုံပဲ။

ထွက်လေဝင်လေလေး ရပ်နေတာကို သိနေတာကိုက သူ့ရဲ့ အာရုံတစ်ခုပဲ၊ အဲဒီတော့ "အာရုံမဲ့စိတ်" ဆိုတာ မရှိဘူး၊ အာရုံနဲ့ ကင်းပြီးတော့ ဖြစ်တဲ့စိတ်လည်း လုံးဝမရှိဘူး၊ ဒါကြောင့် စိတ်ဟာ ဟောဒီ အာရုံ ၆-မျိုးထဲက တစ်မျိုးမျိုးနဲ့ မကင်းမကွာဖြစ်လို့ "**အာရမ္မဏပစ္စယော**" လို့ မြတ်စွာဘုရားက ဒီလိုဟောထားတာ ဖြစ်တယ်။

ကောင်းပြီ၊ စိတ်ဟာ အာရုံတွေနဲ့ ဖြစ်ပေမယ့် စိတ်တိုင်း စိတ်တိုင်းဟာ အာရုံအားလုံးကိုရယူနိုင်စွမ်းမရှိပါဘူး၊ သူလက်လှမ်း မှီသလောက်ပဲ သူ ယူလို့ရတယ်၊ လူတွေရဲ့ ပကတိ မျက်စိလိုပဲ၊ မျက်စိရှိပေမယ်လို့ မျက်စိရှိတိုင်း အကုန်လုံး မြင်နိုင်စွမ်းရှိတာ မဟုတ်ဘူး၊ တစ်ဦးနဲ့တစ်ဦးလည်း မြင်နိုင်စွမ်းချင်း မတူဘူးပေါ့၊

http://www.dhammadownload.com



သူ့အတိုင်းအတာ နယ်ပယ်အတွင်းမှာသာ မျက်စိက အမြင်အာရုံ တစ်ခုကို ယူနိုင်တယ်၊ နားကလည်း သူ့အတိုင်းအတာ နယ်ပယ် တစ်ခု အတွင်းမှာသာ ဖမ်းယူနိုင်စွမ်းရှိတယ်၊ နှာခေါင်းကလည်း အတိုင်းအတာ အတွင်းမှာရှိတဲ့ အနံ့ကိုသာ ဖမ်းယူနိုင်စွမ်းရှိတယ်၊ အဲဒီတော့ လူတွေ လက်လှမ်းမမှီတဲ့ အာရုံတွေ ဆိုတာလည်း ရှိတယ်၊ စိတ်တွေမှာလည်း လက်လှမ်းမမှီတဲ့ အာရုံမပြုနိုင်တဲ့ အာရုံတွေ ရှိနေတယ်။

အဲဒါ ဘာနဲ့ နားလည်ရမလဲဆိုလို့ရှိရင် မျက်စိနဲ့မြင်တဲ့ အမြင်အာရုံတစ်ခုဟာ စက္ခုဒွါရဆိုတဲ့ မျက်စိတံခါးက ဝင်လာပြီး တော့ ဝတ္ထုရုပ်ကို ထိခိုက်လာတယ်၊ ဆက်သွယ်လာတယ်ပေါ့။ မျက်စိနဲ့မြင်လို့ရတဲ့ အမြင်အာရုံတစ်ခုသည် မျက်စိတံခါးက ဝင်လာပြီး မှီရာဝတ္ထုရုပ်ဖြစ်တဲ့ စက္ခုပသာဒရုပ်မှာ ထင်ဟပ် လာတယ်။ အဲဒီလို ထင်ဟပ်လာတဲ့အခါကျတော့ စက္ခုဝိညာဏ် စိတ် ဖြစ်တယ်ပေါ့လေ၊ ဒါ အဓိက စိတ်တစ်ခုထဲကို ပြောတာ၊ အဲဒီ မျက်စိတံခါးကနေပြီးတော့ ဝင်လာတဲ့ မြင်စရာ အာရုံဟာ စက္ခုပသာဒလို့ဆိုတဲ့ မျက်လုံးပေါ်မှာ ထင်ရှားပေါ်လာတဲ့ အခါမှာ ဖြစ်တဲ့ စိတ်အစဉ်လေးကို အကြမ်းဖျဉ်း ပြောပြထားတယ်။

အာရုံအသစ်ကလေးဟာ မိမိရဲ့မျက်လုံးမှာ ထင်ဟပ်လာတာ နဲ့ တစ်ပြိုင်နက် အဲဒီ အာရုံအသစ်ကို ဖွင့်ပေးတဲ့ စိတ်ကလေးက ဘယ်သူလဲ၊ တံခါးဖွင့်ပေးလိုက်တဲ့စိတ်က **ပဉ္စဒွါရာဝဇ္ဇန်းစိတ်**လို့ ခေါ်တယ်။

အဲဒီစိတ်ကလေးက တံခါးဖွင့်ပေးလိုက်တဲ့အခါကျတော့မှ **စက္ခုဝိညာဏ်စိတ်**က အဲဒီအဆင်းအာရုံလေးကို မြင်တယ်ဆိုတာ

http://www.dhammadownload.com



ဖြစ်လာတယ်၊ မြင်တယ်ဆိုတဲ့ အဆင်းအာရုံမှာ **သမ္ပဋိစ္ဆိုင်း** ဆိုတဲ့ စိတ်က လက်ခံလိုက်တယ်၊ **သန္တီရဏစိတ်**က စူးစမ်းလိုက်တယ်၊ **ဝုဋ္ဌော**ဆိုတဲ့စိတ်က ခွဲခြား သတ်မှတ်လိုက်တယ်၊ ပြီးတဲ့အခါ ကျတော့ **ဇော**ဆိုတဲ့စိတ်ကျတော့ ထိုအာရုံရဲ့ အရသာတွေကို အရှိန်အဟုန်ကောင်းကောင်းနဲ့ ခံစားတယ်၊ **တဒါရုံ**ဆိုတာ အဲဒီ အာရုံကို ဆက်ပြီးတော့ စမြုံ့ပြန်တယ်။

စက္ခုဒွါရမှာ ဖြစ်နိုင်တဲ့ စက္ခုဒွါရိကစိတ်ပေါင်း ၄၆-ခု, ဒီမျက်လုံးတံခါးက ဝင်လာတဲ့ အဆင်းရူပါရုံနဲ့ ဆက်သွယ်ပြီးတော့ အလုပ်လုပ်တဲ့စိတ်တွေဟာ သရုပ်အားဖြင့် ရေတွက်ကြည့်မယ် ဆိုရင် ၄၆-ခု ရှိတယ်၊ အဲဒီ ၄၆-ခုသော စိတ်တို့ဟာ ပစ္စုပ္ပန် ရူပါရုံလို့ဆိုတဲ့ ယောဒီရူပါရုံကို မြင်နိုင်စွမ်းရှိကြတယ်၊ သိကြတယ်။ ပစ္စုပ္ပန်ရူပါရုံနဲ့ ဆက်စပ်ပြီးတော့ သိတယ် မြင်တယ်လို့ ဒီလို ပြောရမယ်၊ စာပေအရ ပြောမယ်ဆိုရင် ရူပါရုံကို အာရုံပြုတယ်လို့ ပြောမယ်၊ အာရုံပြုတယ်ဆိုတာ ဒီအာရုံကြောင့် ဖြစ်ကြတယ်လို့ ဆိုလိုတယ်၊ ဒီအာရုံနဲ့ ဆက်သွယ်ပြီးတော့ အလုပ်လုပ်ကြတယ်လို့ ဒီလိုဆိုလိုတယ်။

ကောင်းပြီ၊ ဒီနေရာမှာ တစ်ဆက်တည်း နားလည်ဖို့က စိတ်တွေမှာ ဆောင်ရွက်တဲ့ကိစ္စ ၁၄-မျိုးရှိတယ်။ စိတ်ဟာ တစ်ခုနဲ့ တစ်ခု ဆောင်ရွက်မှုချင်း မတူကြဘူး၊ မတူကြသည့်အတွက် ကြောင့် သူ့ဆိုင်ရာ ဆိုင်ရာကိစ္စတွေကို ဆောင်ရွက်ကြတယ်၊ အဲဒီ ၁၄-မျိုးထဲက အခုပြောခဲ့တဲ့ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ကလေးကို စ,ကြည့် ရအောင်။

http://www.dhammadownload.com



**ပဉ္စဒွါရာဝဇ္ဇန်းစိတ်**ဟာ သူက ကိစ္စနဲ့ နာမည်ပေးထားတာ၊ သူဆောင်ရွက်တဲ့ ကိစ္စက **အာဝဇ္ဇန်းကိစ္စ**၊ ပါဠိလို အာဝဇ္ဇန၊ အာဝဇ္ဇန ဆိုတာ ဆင်ခြင်တာ၊ အာရုံဘက်ကို ဦးလှည့်ပေးတာ၊ အာရုံတံခါးကို ဖွင့်ပေးတာ၊ အဲဒါ သူ့ရဲ့ဆောင်ရွက်မှုကိစ္စလေးပဲ၊ သူလုပ်နိုင်တာ ဒါလေးပဲ၊ ဒါပြင် ဘာမှသူမလုပ်နိုင်ဘူးနော်။

မျက်လုံးတံခါးကနေ အဆင်းအာရုံလေးက ဆက်သွယ်ပြီး စက္ခုပသာဒရုပ်မှာ လာထင်ပြီ ဆိုလိုက်တာနဲ့ တစ်ပြိုင်နက် အဲဒီ အာရုံကို စတင်ပြီး ရယူတာ ဘယ်သူတုန်းဆိုရင် ပဉ္စဒွါရာဝဇ္ဇန်းပဲ၊ အဲဒီ ပဉ္စဒွါရာဝဇ္ဇန်းရဲ့ ဆောင်ရွက်မှုကိစ္စက "အာဝဇ္ဇန်းကိစ္စ" ဆင်ခြင်ပေးခြင်းကိစ္စ၊ သို့မဟုတ် ဦးလှည့်ပေးခြင်းကိစ္စ faced to the object - object ဘက်ကို မျက်နှာလှည့်လိုက်တာ၊ ဘာဖြစ်လို့လဲဆိုရင် ဒီ object က အရင်ရောက်လာတဲ့ အခုမှ အသစ်ဝင်လာတာ၊ အသစ်ဝင်လာတဲ့ဘက်ကို ဦးလှည့်ပေးလိုက်တယ်၊ ဝင်လာတဲ့ object ကို အစဆုံး ဦးလှည့်ပြီးတော့ ပေးလိုက်တယ်၊ ဦးလှည့်ပေးလိုက်သည့်အတွက်ကြောင့် ဟောဒီအာရုံနဲ့ ဆက်သွယ်ပြီးတော့ စိတ်တွေဟာ တသီတတန်းကြီး အလုပ်လုပ်ကြတော့မယ်လို့ ပြောတာနော်၊ သူက တံခါးဖွင့်လိုက်တာနဲ့ တစ်ပြိုင်နက် ဟောဒီအာရုံဟာ စိတ်နဲ့ ဆက်သွယ်မိသွားတယ်၊ ပထမဆုံး ဘယ်စိတ်နဲ့ တွေ့သလဲဆိုတော့ စက္ခုဝိညာဏ်စိတ်နဲ့ တွေ့သွားတယ်။

ဒါပြင့် **စက္ခုဝိညာဏ်စိတ်** ဆောင်ရွက်တဲ့ကိစ္စက ဘာတုန်း ဆိုတော့ မြင်ခြင်းကိစ္စ၊ **"ဒဿနကိစ္စ"** လို့ ပြောတာ၊ မြင်တယ်

http://www.dhammadownload.com



ဆိုတဲ့ သဘောလေးတစ်ခုပဲ ရှိတယ်၊ အဲဒီ မြင်ခြင်းကိစ္စကို စက္ခုဝိညာဏ်စိတ်က ဆောင်ရွက်ပြီးလျှင် သူချုပ်သွားရော။

ခုနက ပဉ္စဒွါရာဝဇ္ဇန်းစိတ်ကလည်း တံခါးဖွင့်ပေးလိုက်တယ်၊ ဆင်ခြင်ပေးလိုက်တယ်၊ အာရုံလေးဘက်ကို ဦးလှည့်ပေးလိုက်တယ်၊ အာရုံကို တံခါးဖွင့်ပေးလိုက်တယ်၊ ဒါ သူ့တာဝန်ပြီးတာနဲ့ သူက ချုပ်သွားပြီ၊ သူ့အလုပ်က ဒါပဲ၊ ဒီထက်ပိုပြီး သူ ဘာမှ ပိုမလုပ်နိုင်ဘူး။ တစ်ခုစီ တစ်ခုစီ၊ ဒီသဘောကို စဉ်းစားကြည့်ရင်၊ ခု ထမင်းစားတဲ့အခါမှာ ဇွန်းခက်ရင်းနဲ့ စားတာမဟုတ်လား၊ ဇွန်းခက်ရင်းနဲ့ စားတဲ့လူတွေဟာ ဇွန်းက ဘာလုပ်ပေးတာလဲ၊ ထမင်းသယ်ပေးတယ်, ဟင်း သယ်ပေးတယ်၊ ကော်ပြီးတော့ ထမင်းဟင်းကို သယ်လာပေးတာပဲ ရှိတယ်၊ ယူပေးတာတောင် လက်ကယူရတာ၊ ဝါးတာ သူနဲ့ဆိုင်ရဲ့လား၊ မြိုချတာရော သူနဲ့ဆိုင်ရဲ့လား၊ မဆိုင်ဘူး၊ သူ့အလုပ် သူလုပ်တာ၊ သူ့အလုပ်ပြီးရင် ပြီးရော၊ ဟုတ်ကဲ့လား၊ အဲဒီအတိုင်းပဲ မျက်စိတံခါးကနေ ဝင်လာပြီး ပသာဒရုပ်မှာ ထင်ဟပ်လာတဲ့ ရူပါရုံလေးကို ရှေးဦးစွာ ဆင်ခြင်နှလုံးသွင်းပေးလိုက်တာက သို့မဟုတ် တံခါးဖွင့်ပေးလိုက်တာက သို့မဟုတ် အာရုံဘက်ကို ဦးလှည့်ပေးလိုက်တာက ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ သူ့ရဲ့ ဆောင်ရွက်မှုကိစ္စက အာဝဇ္ဇန်း ကိစ္စတဲ့၊ အာဝဇ္ဇန်းဆိုတာ ဦးလှည့်ပေးတာ၊ စိတ်အစဉ်တစ်ခုကို အပြောင်းအလဲလုပ်ပေးလိုက်တယ်၊ သူက အာရုံအသစ်ဘက်ကို ဦးလှည့်ပေးလိုက်တယ်၊ စိတ်ကို အဲဒီဘက်ကို လှည့်ပေးလိုက်တာ၊ အဲဒီတော့ ပဉ္စဒွါရာဝဇ္ဇန်းစိတ်က လှည့်ပေးပြီးတာနဲ့ တစ်ပြိုင်နက် သူ့ကိစ္စပြီးလို့ သူက ချုပ်သွားတယ်။

http://www.dhammadownload.com



သူချုပ်လိုက်တာနဲ့ တစ်ပြိုင်နက် သူ့နောက်ကနေ ပေါ်လာလိုက်တာက စက္ခုဝိညာဏ်စိတ်၊ ဒါဘယ်သူ့ကြောင့် ပေါ်လာတာတုန်း၊ ဘယ်သူက ပေါ်ခိုင်းတာတုန်းလို့ ဆိုလို့ရှိရင် "စိတ္တနိယာမ" လို့ ခေါ်တယ်၊ order of mind (mental order) လို့ ခေါ်တယ်၊ စိတ္တနိယာမအရ ဒီအတိုင်းလာနေတာပဲ။

သဘာဝတရားရဲ့စွမ်းအားလို့ ပြောရမယ်၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ကလေးက သူချုပ်သွားတာဟာ ချုပ်ရုံချုပ်သွားတာ မဟုတ်ဘူး၊ စက္ခုဝိညာဏ်စိတ်ဖြစ်ဖို့ရာ chance ပေးခဲ့တာ၊ သူပေးခဲ့တဲ့ chance စွမ်းအားကြောင့် စက္ခုဝိညာဏ်စိတ်ကလေးက ဟောဒီ အာရုံကို ဆက်ပြီးတော့ မြင်ခြင်းကိစ္စကို ဆောင်ရွက်တယ်။ ပြီးတော့ ဒီ စက္ခုဝိညာဏ်စိတ်ကလေးက ချုပ်သွားတာပဲ၊ သူကနေပြီး မြင်ရုံမြင်သွားတာ၊ ဘာမှသိတာမဟုတ်ဘူး၊ သူက မြင်ပြီးချုပ်သွားတော့ သူ့ကိစ္စပြီးတော့ ဘယ်သူဆက်လာတုန်းဆိုတော့ ဒီအာရုံလေးက အလုပ်လုပ်လို့ မပြီးသေးဘူးလေ၊ အခုမှ တံခါးဖွင့်ပေးရတာနဲ့ သူ့ကို မြင်ရုံလေးပဲမြင်သေးတယ်၊ အဲဒီစိတ်ကလေးကို လက်ခံပြီးတော့ တွေးရဦးမှာ၊ ဒါကြောင့်မို့လို့ လက်ခံပေးတဲ့စိတ်ကို သမ္ပဋိစ္ဆိုင်းစိတ်လို့ ခေါ်တယ်။

**သမ္ပဋိစ္ဆိုင်းစိတ်**ရဲ့ကိစ္စက လက်ခံခြင်းကိစ္စ၊ ဒါကို သမ္ပဋိစ္ဆိုင်းကိစ္စလို့ မြန်မာလို ဘာသာမပြန်တော့ဘဲနဲ့ သမ္ပဋိစ္ဆိုင်းကိစ္စလို့ ဒီလိုပဲ ရေးနေတာပဲ၊ အဘိဓမ္မာဝေါဟာရမှာ သမ္ပဋိစ္ဆန - လက်ခံ ဆိုတဲ့ စကားလုံးပဲ၊ အမှန်က မြန်မာစကား လက်ခံ ဆိုတာ ပိုလွယ်တယ်၊ လက်ခံခြင်းကိစ္စ၊ အဲဒီတော့ သမ္ပဋိစ္ဆိုင်းစိတ်က လက်ခံဆောင်ရွက်ပြီးတာနဲ့ တစ်ပြိုင်နက် သူလည်းချုပ်သွားတယ်၊

http://www.dhammadownload.com



သူချုပ်သွားတာနဲ့ တစ်ပြိုင်နက် automatic ပဲ နောက်က အကြားအလပ်မရှိအောင် တစ်ခုပြီးတစ်ခု ဆက်ပေါ်နေတယ်။ ဘယ်သူပေါ်လာလဲဆိုရင် **သန္တီရဏ**တဲ့၊ လက်ခံထားတဲ့ အာရုံလေးကို **စူးစမ်းဆင်ခြင်မှု**ဆိုတဲ့ သန္တီရဏစိတ်ကလေးဟာ ဖြစ်သွားတယ်၊ သူကလည်း စူးစမ်းပြီးတာနဲ့ သူ့ရဲ့ကိစ္စက သန္တီရဏ စူးစမ်းခြင်း စုံစမ်းခြင်းဆိုတာနဲ့ investigation အဲဒီ စူးစမ်းမှုကိစ္စလေး ပြီးသွားတာနဲ့ တစ်ပြိုင်နက် သူကလည်း ချုပ်သွားရော၊ ချုပ်သွားပြီးတဲ့အခါ ဘယ်သူပေါ်လာတုန်းဆိုပြန်တော့ ဝုဋ္ဌောဆိုတဲ့ စိတ်ကလေး ပေါ်လာတယ်။

ဝေါဋ္ဌပန-ဝေါဋ္ဌပန ဆိုတာ **အာရုံကို သတ်မှတ်ချက်ကလေး တစ်ခု ပေးသွားတယ်**။ အဲဒီအာရုံရဲ့ သဘောသဘာဝလို့ သတ်မှတ်ချက်ကလေး ပေးသွားတယ်၊ အဲဒီသတ်မှတ်ချက်ကလေး ပေးသွားလို့ သူ့ကိစ္စလေး ပြီးသွားလို့ရှိရင် သူက ချုပ်သွားပြန်ရော။

ချုပ်သွားတဲ့အခါကျတော့မှ ဘယ်စိတ်တွေ ပေါ်လာတုန်းဆိုတော့ **ဇော** ဆိုတဲ့စိတ် ပေါ်လာတယ်။ ပါဠိစကားလုံးက **ဇဝန**၊ ဇဝနကို မြန်မာပြုထားတော့ ဇော၊ ဘာဖြစ်လို့ ဇော ခေါ်တာတုန်းလို့ဆိုတော့ ဇဝနဆိုတာ မြန်မာပြန်မယ်ဆိုရင်တော့ လျင်မြန်တယ်ဆိုတဲ့ အဓိပ္ပါယ်လေး ပြန်လို့ရတယ်၊ အရှိန်အဟုန်ဆိုတဲ့ အဓိပ္ပါယ်နဲ့လည်း ပြန်လို့ရတယ်။ အဲဒီနေရာမှာ အဓိပ္ပါယ်ဖွင့်ဆိုတဲ့ အခါမှာ ဇော ကိစ္စ၊ ကိစ္စက ဇော ကိစ္စ။

ဇောကိစ္စကို ဆောင်ရွက်တဲ့ စိတ်ပေါင်းက ၅၅-ခု ရှိတယ်၊ **ကုသိုလ်**တွေမှန်သမျှ ဇောကိစ္စ ဆောင်ရွက်တယ်၊ **အကုသိုလ်**တွေ မှန်သမျှမှာ ဇောကိစ္စ ဆောင်ရွက်တယ်၊ နောက်ပြီးတော့ ရဟန္တာ

http://www.dhammadownload.com



သန္တာန်မှာဖြစ်ပေါ်တဲ့ **ကြိယာ**လို့ခေါ်တဲ့ ကုသိုလ်တဖြစ်လဲ ကြိယာစိတ်တွေက ဇောကိစ္စ ဆောင်ရွက်ကြတယ်။ **ဖိုလ်စိတ်**တွေကလည်း ဇောကိစ္စကို ဆောင်ရွက်ကြတယ်။ ကျန်တဲ့ ဝိပါက်စိတ်တို့ဆိုတာ ဇောကိစ္စကို မဆောင်ရွက်နိုင်ကြဘူး။ ကြိယာစိတ်တွေထဲကလည်း ခုနက အာရုံဘက်ကို ဦးလှည့်ပေးတဲ့စိတ်, အာရုံကို ဆင်ခြင်ပေးတဲ့ အာဝဇ္ဇန်းစိတ်တွေကလည်း ဇောကိစ္စကို မဆောင်ရွက်နိုင်ကြဘူး။

ဒါဖြင့် ဇောဆိုတာ ဘာကို ပြောတာတုန်း? ဋီကာကျော်ကျမ်းက ဘယ်လိုအဓိပ္ပါယ် ရှင်းပြတုန်းဆိုရင် ဇောကိစ္စ ဆိုတာ အာရုံပေါ်မှာ ဖြစ်ပေါ်လာတဲ့ အာရုံကို တစ်ကြိမ်ဖြစ်စေ အကြိမ်များစွာဖြစ်စေ၊ အရှိန်အဟုန်နဲ့ လျင်မြန်တဲ့ အနေအထားအားဖြင့် ဖြစ်တဲ့သဘောကို ဇောကိစ္စလို့ ဒီလိုရေးတယ်။

လယ်တီဆရာတော်ကြီးက လျင်မြန်တဲ့အဓိပ္ပါယ် ဆိုတာကို သဘောမကျဘူး၊ သဘောမကျလို့ သူ့ရဲ့ ပရမတ္ထဒီပနီထဲမှာ လျင်မြန်တယ်ဆိုတဲ့ အဓိပ္ပါယ်မဟုတ်ဘူး၊ "ဇဝန- ဇောဆိုတာ အရှိန်အဟုန်"လို့ အဓိပ္ပါယ်၊ အရှိန်ကောင်းတယ်ပေါ့၊ ကျန်တဲ့ စိတ်တွေနဲ့ မတူဘူး၊ အရှိန်ရှိတယ်၊ ဆိုပါစို့ - မိုးကြိုးများလိုပဲ အရှိန်အဝါ ပြင်းထန်တယ်ပေါ့၊ ဇောစိတ်ဟာ အရှိန်အဟုန်ရှိတယ်၊ တစ်ကြိမ်ပဲဖြစ်ဖြစ်၊ နှစ်ကြိမ်ပဲဖြစ်ဖြစ်၊ ဖြစ်တဲ့အကြိမ်က အဓိက မဟုတ်ဘူး၊ နှေးတာ မြန်တာကလည်း အဓိက မဟုတ်ဘူး၊ စိတ်ဆိုတာ အနှေးအမြန် အတူတူပဲ၊ ဇောစိတ်က ပိုမြန်တယ်လို့ ဒီလိုဆိုတာ မဟုတ်ဘူးတဲ့၊ အာရုံနဲ့ ပတ်သက်ပြီးတော့ အရှိန်အဟုန်

http://www.dhammadownload.com



ကောင်းတဲ့စိတ်လို့- ဒီလိုဆိုတယ်၊ "အရှိန်အဟုန်ကောင်းတဲ့ကိစ္စကို ဆောင်ရွက်လို့-ဇောကိစ္စ"။

ကြည့်လေ . . . အာရုံနဲ့တွေ့လိုက်လို့ ခုနက မျက်စိက မြင်တဲ့အာရုံက ကိုယ်နှစ်ခြိုက်တဲ့ အာရုံဆိုလို့ရှိရင် အရှိန်အဟုန် ကောင်းကောင်းနဲ့ တွယ်တာတယ်, တပ်မက်တယ်, လိုချင်တယ် ဆိုတာ ဖြစ်လာတယ်၊ အဲဒါကျတော့ လောဘဇော ဇောပြီပေါ့၊ ကိုယ်မလိုချင်တဲ့ အာရုံဆိုရင် ဒေါသဇောဆိုတဲ့ မုန်းတီးတယ်, ရွံရှာ တယ်ဆိုတဲ့ စိတ်ဓာတ်တွေ ဖြစ်ပေါ်တာပေါ့၊ ဒီလိုဖြစ်လာတယ်။

ကောင်းတဲ့စိတ်တွေကို ကုသိုလ်ဇောတွေခေါ်တယ်၊ အာရုံကို အမှီပြုပြီးတော့ ကုသိုလ်ဇောတွေ ဇောလာတယ်၊ ဥပမာ -ပန်း ကလေးတစ်ပွင့် မြင်လိုက်တာနဲ့ အဲဒီ ပန်းကလေးဆိုတဲ့ အာရုံ ပေါ်မှာ ကြည့်ပြီးတော့ တချို့ပုဂ္ဂိုလ်ကျတော့ "ပန်းကလေးက လှလိုက်တာ၊ ခေါင်းပေါ်ပန်လိုက်ဦးမယ် သို့မဟုတ် စားပွဲပေါ် အလှထားလိုက်ဦးမယ်" ဆိုတဲ့ အတွေးတွေ ဖြစ်လို့ရှိရင် ခံစားဖို့ တွေးတာ ဖြစ်သောကြောင့် လောဘဇော ဇောတာပေါ့၊ တချို့ ကျတော့ အဲဒီလို မဟုတ်ဘူး၊ "ပန်းကလေးက လှလိုက်တာ၊ ဘုရား တင်ဦးမှပဲ" လို့ စဉ်းစားလိုက်လို့ရှိရင် ကုသိုလ်ဇော ဇောပြန်ရော၊ ကုသိုလ်စိတ်လေး ဝင်လာတာ၊ အဲဒါ အရှိန်အဟုန်နဲ့ဖြစ်တဲ့ စိတ် ကလေး- အဲဒီစိတ်က energy ရှိတယ်၊ ဒါ့ကြောင့်မို့ ဇော စိတ်ဟာ အာရုံနဲ့ ပတ်သက်ပြီးတော့ တပ်မက်တာလည်း သူတို့ပဲ၊ မုန်းတီး တာလည်း သူတို့ပဲ၊ တပ်မက်မှုကင်းတာလည်း သူတို့ပဲ၊ မုန်းတီးမှု ကင်းတာလည်း သူတို့ပဲ။

http://www.dhammadownload.com



ဒီဇောစိတ်တွေက ကုသိုလ် အကုသိုလ် သဘာဝ အားလျော်စွာ အခြားအကြောင်းတွေကိုအမှီပြုပြီးတော့ ဇောစိတ်တွေ စောကြတယ်။ ဒီ ဇောစိတ်တွေနဲ့ ယှဉ်ပြီးတော့လာတဲ့ စေတနာတွေက ကံအရာမြောက်သွားကြတယ်၊ ကျန်တဲ့ စေတနာတွေကို "ကမ္မပစ္စယော" လို့ ဟောပေမယ့်လို့ ကုသိုလ်အကုသိုလ် ဇောစိတ်တွေနဲ့ ယှဉ်တွဲလာတဲ့ စေတနာကသာလျှင် အရှိန်အဟုန်ရှိတယ်၊ အရှိန်အဟုန်ဆိုတာ အကျိုးကို ထုတ်လုပ်တဲ့ စွမ်းရည်သတ္တိတွေ ရှိတယ်ပေါ့၊ အရှိန်ရှိတယ်၊ အဟုန်ရှိတယ်၊ ဇဝနဆိုတာ အရှိန်အဟုန်ဆိုတဲ့ အဓိပ္ပါယ်ကို ယူရမယ်ပေါ့။ အရှိန်အဟုန် ရှိသည့်အတွက်ကြောင့် ဘဝတစ်ခုကို တည်ဆောက်နိုင်လောက်အောင် စွမ်းရည်သတ္တိတွေထက်တဲ့ စေတနာစွမ်းအားတွေက ဇောစိတ်တွေနဲ့ အတူတူဖြစ်တယ်။

အဲဒီဇောစိတ်တွေ ဖြစ်ပြီးတဲ့နောက်မှာ အရှိန်အဟုန်ရှိတဲ့ စိတ်ရဲ့ နောက်ကနေ လိုက်ပြီးတော့ အရှိန်အဟုန်ရှိတဲ့ စိတ်ရဲ့ အာရုံကို ဆက်ခံပြီးတော့ ရယူတဲ့စိတ်ကိုတော့ တဒါရုံစိတ်လို့ ခေါ်တယ်။ တဒါရမ္မဏ တ + အာရမ္မဏ **'တ'** ဆိုတာ ဇောစိတ်ရဲ့ **'အာရမ္မဏ'** အာရုံကို ယူတဲ့စိတ်လို့ - ဒီလိုအဓိပ္ပါယ်ရတယ်။ ဇောရဲ့ အာရုံကို ဆက်ခံတဲ့စိတ်လို့ ဒီလိုပြောတာ၊ သူ ယူနေကျအာရုံကို မယူဘဲနဲ့ ဇောရဲ့အာရုံကို နောက်ကလိုက်ပြီးယူတာ၊ လူတွေက တစ်ခုခု စားပြီးလို့ရှိရင် အရသာ မခံဘူးလား၊ မျိုချပြီးတဲ့နောက် အရသာ မခံနေပေဘူးလား၊ အဲဒါမျိုးလိုပဲ တဒါရုံဆိုတာ အရှိန်အဟုန် နောက်ကနေ လိုက်သွားတဲ့စိတ်ကိုပြောတာ။

http://www.dhammadownload.com



စာပေမှာတော့ ဥပမာပေးထားတယ်၊ အရှိန်နဲ့ ဆန်တက်သွားတဲ့ မော်တော်ဘုတ်ရဲ့နောက်ကို ရေထဲမှာ မျောနေတဲ့ ဗေဒါပင်လို ဟာလေးမျိုးတွေက ရေစီးနောက်မလိုက်ဘဲနဲ့ အဲဒီ မော်တော်ဘုတ်နောက် အရှိန်လေးနဲ့လိုက်ပါသွားတာမျိုး မရှိဘူးလား၊ အရှိန်ပြင်းလို့ ပါသွားတဲ့ သဘောမျိုးလေးပါပဲ၊ အဲဒါကို တဒါရမ္မဏ လို့ ခေါ်တာပဲ၊ **'တ'** ဆိုတာ ဇောရဲ့ အာရုံကိုပဲ၊ **'အာရမ္မဏ'** က အာရုံပြုတယ်လို့ ပြောတာ။

အဲဒီစိတ်က မဟာဝိပါက်စိတ် ၈-ခုနဲ့ သန္တီရဏ ၃-ခု၊ ပေါင်းလိုက်တဲ့အခါ ၁၁-ခု။ ဒီ အဆင်းအာရုံလေးနဲ့ စပ်ပြီးတော့ ဖြစ်ပေါ်လာတဲ့စိတ်တွေဟာ ဒါ အာရုံလေးတစ်ခုတည်းပေါ်မှာ စိတ်တွေ အများကြီး အလုပ်လုပ်နေတယ်ဆိုတာကို ပြောတာ၊ ဒါနဲ့တင် ပြီးပြီလားဆိုတော့ မပြီးသေးဘူး၊ ဒီစိတ်နဲ့တင် မပြီးသေးဘူး၊ ဒါမျိုးတွေ နောက်ထပ်,ထပ်ပြီးတော့ ဖြစ်ဦးမယ်၊ ဒီ အာရုံလေးနဲ့ ပတ်သက်ပြီးတော့ မနောဒွါရမှာ ထပ်ပြီးတော့ လာဦးမယ်၊ ဘာတွေ လာမှာတုန်းဆိုရင် မနောဒွါရာဝဇ္ဇန်း၊ ဒီအာရုံဘက်ကို ထပ်မံပြီး လှည့်ပေးဦးမယ်။

မနောဒွါရာဝဇ္ဇန်းစိတ်ကလေး တစ်ခါ ပေါ်လာပြန်တယ်၊ ပေါ်လာပြီးရင် ဇောစိတ်တွေ ပေါ်လာဦးမယ်၊ တဒါရုံတွေ ပေါ်လာမယ်၊ နောက်တစ်ခါထပ်ပြီးတော့ ဦးလှည့်ပေးဦးမယ်၊ ဇောစိတ်တွေ ပေါ်မယ်၊ တဒါရုံတွေ ပေါ်မယ်၊ နောက်တစ်ခါ ထပ်ဦးလှည့်ပေးပြန်ဦးမယ်၊ လေးခါလောက် လှည့်လိုက်တဲ့အခါ ကျမှ "သြော် - ဒါ ပန်းပဲ" ဆိုတာ သိတာ၊ သို့သော် စိတ်ဆိုတာ

http://www.dhammadownload.com



အလွန်လျင်မြန်သည့်အတွက် အခုမြင်ရင် အခုသိတယ်လို့ ထင်ကြတာ။

ကောင်းပြီ အဲဒီထဲမယ် - အဆင်းအာရုံဆိုတဲ့ အာရုံလေးတစ်ခုကို အကြောင်းပြုပြီးတော့ စိတ်တွေဟာ ဘယ်လောက်ဖြစ်သွားရလဲ- စဉ်းစားကြည့်၊ ထိုစိတ်တွေနဲ့ ဆက်သွယ်ပြီးတော့ အလုပ်လုပ်တဲ့ စိတ်တွေဟာ (နံပါတ်တစ်) ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ သူ့ရဲ့ကိစ္စကဘာလဲ၊ အာဝဇ္ဇန်းကိစ္စ- ဆင်ခြင်ပေးခြင်း၊ အာရုံကို ဆင်ခြင်ပေးခြင်း၊ အာရုံဘက်ကို ဦးလှည့်ပေးခြင်း ဆိုတဲ့ကိစ္စ၊ (နံပါတ် ၂) စက္ခုဝိညာဏ်စိတ်က မြင်ခြင်းကိစ္စ၊ စာပေလို ဒဿနကိစ္စ- အမြင်ကိစ္စ၊ (နံပါတ် ၃) သမ္ပဋိစ္ဆိုင်းက လက်ခံတာ၊ လက်ခံတဲ့ကိစ္စ၊ (နံပါတ် ၄) သန္တီရဏက စုံစမ်းတာ ဖြစ်သောကြောင့် စုံစမ်းခြင်းကိစ္စ၊ (နံပါတ် ၅) ဝုဋ္ဌပနက ခွဲခြားသတ်မှတ်တာ ဖြစ်သောကြောင့် ခွဲခြားသတ်မှတ်ခြင်းကိစ္စ၊ (နံပါတ် ၆) ဇဝနက အရှိန်အဟုန်ဖြင့် အာရုံနှင့်ဆက်ပြီး အလုပ်လုပ်သောကြောင့် အရှိန်အဟုန်ကိစ္စ၊ (နံပါတ် ၇) တဒါရမ္မဏက ထိုဇောရဲ့ အာရုံကို ဆက်ခံမှုဆိုတဲ့ တဒါရုံကိစ္စ။

ဟော . . . ကိစ္စပေါင်း ဘယ်လောက်ရှိသွားပြီလဲ၊ ဒါတွေက စိတ်ရဲ့ကိစ္စတွေပဲ၊ အာဝဇ္ဇန်းကိစ္စ- ဆင်ခြင်တဲ့ကိစ္စ၊ မြင်ခြင်းကိစ္စ၊ လက်ခံခြင်းကိစ္စ၊ စုံစမ်းခြင်းကိစ္စ၊ ခွဲခြားသတ်မှတ်ခြင်းကိစ္စ၊ အရှိန်အဟုန်ဖြစ်ပေါ်ခြင်းကိစ္စနဲ့ အာရုံကို ဆက်ခံခြင်းကိစ္စ ပေါင်း ၇-ခု ဖြစ်တယ်။

အဲဒီအထဲမှာ အသံအာရုံ ဆိုလို့ရှိရင် ကြားခြင်းဆိုတဲ့ သောတဝိညာဏ်စိတ်လာမယ်၊ ကြားခြင်းကိစ္စ ဖြစ်မယ်၊ အနံ့

http://www.dhammadownload.com



ဆိုလို့ရှိရင် **နှမ်းရှုခြင်းကိစ္စ**၊ အရသာ ဆိုလို့ရှိရင် **လျက်ခြင်းကိစ္စ**၊ ဖောဋ္ဌဗ္ဗာရုံ ဆိုလို့ရှိရင် **ထိခြင်းကိစ္စ**၊ ဒီကိစ္စတွေ လာလိမ့်မယ်။ အဲဒီတော့ ခုနထဲမယ်- ကြားခြင်းကိစ္စ- **သဝနကိစ္စ**၊ နှမ်းရှုခြင်း ကိစ္စ-**ဃာယနကိစ္စ**၊ လျက်ခြင်းကိစ္စ-**သာယနကိစ္စ**၊ ထိတွေ့ခြင်း ကိစ္စ-**ဖုသနကိစ္စ**၊ ခုနကထဲကို ဒီ ၄-ခု ထည့်လိုက်လို့ရှိရင် ခုနက ၇-ခု၊ အခု ၁၁-ခု ဖြစ်သွားပြီ၊ ဒါ စိတ်ရဲ့ function တွေကို ပြောတာနော်။

ကိစ္စ ၁၄-ခုကို စာအတိုင်း ရေးပြနေရင် မမှတ်မိမှာစိုးလို့ အခု ဒါ သူ့ရဲ့ဆောင်ရွက်ချက်တွေကို အာရုံနဲ့ ကြည့်လိုက်လို့ရှိရင် ဒီစိတ်သဘာဝတွေ ပေါ်လာတယ် မဟုတ်လား။

ကဲ၊ ကိစ္စ ၁၁-ခု ရှိသွားပြီ၊ ၁၁-ခုထဲမှာ ဘာကျန်နေတုန်း ဆိုရင် လူ့ဘဝစလာတဲ့အချိန်မှာ ဟိုဘဝက ဘဝတစ်ခုအပြီးသတ် သွားလို့ လူတစ်ယောက်ဟာ သေသွားလိုက်တာနဲ့ တစ်ပြိုင်နက် အတိတ်ကံက ချက်ချင်း အခွင့်အရေးရပြီးတော့ အကျိုးတစ်ခုကို ထုတ်လုပ်လိုက်တယ်၊ ဘဝတစ်ခုကို ဆက်စပ်ပြီးတော့ ထုတ်လုပ် လိုက်တယ်၊ အဲဒီလို ဆက်စပ်တဲ့ကိစ္စကို ဘာခေါ်တုန်းဆိုရင် **ပဋိသန္ဓိကိစ္စ**တဲ့၊ ဘဝတစ်ခုနဲ့တစ်ခု ပြတ်မသွားအောင် ဆက်ပေး ခြင်းကိစ္စ၊ ဟိုဘဝကသေလို့ စုတိဆိုတဲ့စိတ်လေး ချုပ်လိုက်တာနဲ့ တစ်ပြိုင်နက် စုတိဆိုတဲ့ စိတ်ကလေး မကျမချင်း ကံအသစ်က အခွင့်အရေး မရသေးဘူး၊ စုတိ ဆိုတာလေးလည်းပြီးရော သူ့ရဲ့ ကိစ္စတွေလည်း ပြီးရော။

နောက်က ကံအသစ်က ဝင်လာပြီး ချက်ချင်း ပဋိသန္ဓေ ထုတ်လုပ်လိုက်တယ်၊ အဲဒီ စုတိနဲ့ ပဋိသန္ဓေကြားမှာ ပြတ်မသွား

http://www.dhammadownload.com



အောင်၊ ဘဝတစ်ခုနဲ့တစ်ခု ပြတ်မသွားအောင် ပြန်ပြီးတော့ ဆက်စပ်ပေးတဲ့အတွက်ကြောင့် 'ပဋိ' ဆိုတာ ပြန်၍၊ 'သန္ဓိ' ဆိုတာ စပ်တာတဲ့၊ ဒါကြောင့်မို့လို့ အင်္ဂလိပ်လို ပြန်တဲ့အခါကျတော့ Relinking consciousness - Relinking function - ပြန်ဆက်စပ်တဲ့ကိစ္စ၊ ဒါ ပဋိသန္ဓေကိစ္စ၊ အဲဒီကိစ္စတစ်ခု ထည့်လိုက်မယ်ဆိုရင် ၁၂-ခု ဖြစ်မသွားဘူးလား။

တစ်ခါ အဲဒီပဋိသန္ဓေကိစ္စပြီးတဲ့အခါကျတော့ နောက်ပိုင်းမှာ ဘဝတစ်ခုဟာ စဉ်ဆက်မပြတ်အောင် ဆက်သွယ်ပြီးတော့ ပေးနေတဲ့ စိတ်တွေက ဘဝင်စိတ်လို့ခေါ်တယ်၊ ဘဝင်- ဘဝ+အင်-ဆက်လက် ဖြစ်ပေါ်နေမှုရဲ့အကြောင်း၊ အဲဒီ ဘဝင်စိတ်တွေက ဘဝရဲ့ ဆက်လက် ဖြစ်ပေါ်နေမှုကို ဆောင်ရွက်နေသောကြောင့် သူတို့ကို **ဘဝင်ကိစ္စ**လို့ ခေါ်တယ်။

နောက်ဆုံးမှာ ကံတစ်ခုရဲ့ အကျိုးတစ်ခုကို လုံးဝ ရပ်ဆိုင်းပစ်လိုက်ပြီး ဘဝတစ်ခုကို အဆုံးသတ်လိုက်တဲ့စိတ်ကျတော့ စုတိတဲ့၊ အဲဒါကျတော့ **စုတိကိစ္စ၊ ရွေ့လျောခြင်းကိစ္စ၊** ပေါင်းလိုက်တဲ့အခါကျတော့ ကိစ္စ ၁၄-ခုတဲ့။

အဲဒီကိစ္စတွေကို ဘယ်သူက ဆောင်ရွက်တာတုန်းဆိုတော့ ဆိုင်ရာဆိုင်ရာစိတ်တွေက ဆောင်ရွက်တာ။ လူတွေရဲ့သန္တာန်မှာ ဖြစ်နေတဲ့ စိတ်တွေဟာ အလကားနေကြတာ မဟုတ်ပါဘူး၊ ဒို့တတွေသာ မအားဘဲနဲ့ ထမင်းချက်ရတယ်၊ အဝတ်လျှော်ရတယ်၊ ကိုယ့်ကိစ္စတွေ ရှိနေတယ်လို့ထင်တာ၊ စိတ်ကလည်း လုပ်နေရတာပဲ၊ သူ့ကိစ္စသူ လုပ်နေရတာချည်းပဲ၊ အကုန်လုံး၊ ရပ်နားနေရတယ် မရှိဘူး၊ ဆိုင်ရာ ဆိုင်ရာ function တွေကို ဆောင်ရွက်နေရ

http://www.dhammadownload.com



တာ၊ အကုန်လုံး ဘယ်အရာဘဲဖြစ်ဖြစ် သူ့ function တွေ သူ ရှိနေတာချည်းပဲ။

မော်တော်ကားလေးတစ်စီး ကြည့်လိုက်ဦးမလား၊ ထို မော်တော် ကားမှာလည်း function တွေ မရှိဘူးလား၊ ရှိတာပဲ၊ Petrol ကလည်း petrol function- လုပ်ရတာပဲ၊ Engine ကလည်း engine function- လုပ်ရတာပဲ၊ Battery ကလည်း battery ရဲ့ function- အလုပ်လုပ်ရ တာပဲ၊ Wheel ကလည်း wheel ရဲ့ function ပဲ၊ Body ကလည်း body function ပဲ၊ Driver ကလည်း driving လုပ်ရတဲ့ function ပဲ၊ Function တွေအကုန် ပေါင်းလိုက် တဲ့အခါကျမှ အကျိုးတစ်ခု ဖြစ်တာလေ။

အခုလည်း စိတ်တွေအားလုံးဟာ ပေါင်းပြီးတော့ အလုပ် လုပ်တာ မပေါ်လွင်ဘူးလား၊ အဲဒီတော့ အနိစ္စသဘောရော မထင်ရှားဘူးလား။ မြင်လိုက်တဲ့ အာရုံလေးတစ်ခုအတွက် လုပ်လိုက်ကြရတာ မနည်းဘူး၊ ဘာနဲ့ ဥပမာတူတုန်းဆိုတော့ ပုရွက်ဆိတ်တွေစုပြီး ထမင်းလုံးလေး ချီသွားသလိုပဲ၊ ပုရွက်ဆိတ် တွေကမှ အကောင်တွေအများကြီး မြင်ရဦးမယ်၊ စိတ်တွေက တစ်ခုပြီးတစ်ခု၊ တစ်ခုပြီးတစ်ခု ဖျတ်, ဖျတ်နဲ့ ကိုယ့်ကိစ္စကိုယ် လုပ်သွားလိုက်ကြတာကြည့်- ရပ်နားရသလားဆိုတော့ ဘယ်တော့ မှ ရပ်နားရတယ် မရှိဘူး။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်က စလိုက်တဲ့ စိတ်အစဉ်ဟာ ဘယ်ကျမှ ရပ်သွားသလဲဆိုရင် စုတိ၊ အဲဒီကျတော့ ရပ်သလားဆိုရင် မရပ်ပြန် ဘူး၊ နောက်တစ်ခါ ပဋိသန္ဓေ လာဦးမှာ၊ အဲဒီတော့ စိတ်အစဉ်

http://www.dhammadownload.com



ဟာ ဘယ်တော့မှ ရပ်တန့်သွားတာ မရှိဘူး၊ ဝင်လာတဲ့ အာရုံတွေ ပေါ်မှာ စိတ်တွေဟာ အလုပ်လုပ်နေကြရတယ်။

မျက်စိကမြင်ရင် အမြင်အာရုံပေါ်မှာ အလုပ်လုပ်တယ်၊ နားက ကြားလို့ရှိရင် ကြားတဲ့အာရုံပေါ်မှာ အလုပ်လုပ်တယ်၊ နှာခေါင်းက နံတယ်ဆိုရင် နံတဲ့အာရုံအပေါ်မှာ အလုပ်လုပ်ကြရတယ်၊ လျှာနဲ့ အရသာထိတွေ့တဲ့အခါ အရသာဆိုတဲ့အာရုံပေါ်မှာ အလုပ်လုပ်ကြရတယ်၊ ခန္ဓာကိုယ်နဲ့ ထိတွေ့တဲ့အခါမှာ အထိအတွေ့ဆိုတဲ့ အာရုံပေါ်မှာ အလုပ်လုပ်ကြရတယ်၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်မှာ အာရုံတစ်ခု အသစ်ဝင်လာတာ မရှိဘဲနဲ့ စိတ်အတွေးလေးတွေနဲ့ အလုပ်လုပ်နေကြတာလည်း မရှိဘူးလား၊ ရှိတယ်၊ အဲဒီစိတ်အတွေးလေးဟာ အားတယ် နားတယ် မရှိဘဲနဲ့ စိတ်တွေဟာ ဆိုင်ရာဆိုင်ရာ ဒွါရတွေက အာရုံတွေနဲ့ ဆက်စပ်မပြတ် ဖြစ်ပြီးတော့နေတာ။

မြတ်စွာဘုရားက ထိုအာရုံတွေက စိတ်ကိုလွှမ်းမိုးနေတာကို အကြောင်းပြုပြီးတော့ "အာရမ္မဏပစ္စယော" လို့ ဒီလိုဟောတာ။ အချင်းချင်း ဆက်သွယ်ပြီးတော့ တစ်ခုပြီးတစ်ခု သွားနေတာကို ကြည့်ပြီးတော့ "အနန္တရပစ္စယော, သမနန္တရပစ္စယော, နတ္ထိပစ္စယော, ဝိဂတပစ္စယော" လို့ ဟောတာ၊ ရှေ့စိတ်ကလေးတွေ ချုပ်သွားပြီးမှ နောက်စိတ်ကလေးတွေ ပေါ်နိုင်တာဖြစ်လို့ "ဥပနိဿယပစ္စယော" လို့ ဟောတာ၊ အားကြီးတဲ့ "အနန္တရူပ-နိဿယ ပစ္စည်း" တဲ့၊ အဲဒီထဲမှာပဲ ဇောစိတ်ကလေးတွေက တစ်ခုပြီးတစ်ခုသွားတာ ဖြစ်သောကြောင့် "အာသေဝန" အရှိန်အဟုန် ရှိတယ်ဆိုပြီးတော့ ဟောတာ။ အဲဒီထဲမှာပဲ ကုသိုလ်

http://www.dhammadownload.com



အကုသိုလ်တွေနဲ့ ယှဉ်လာတဲ့ စေတနာကျတော့ "ကမ္မပစ္စယော, နာနာက္ခဏိကကမ္မ- ပစ္စယော" ဒီလိုပဋ္ဌာန်းထဲမှာ ဟောထားတယ်။ မြတ်စွာဘုရား ဟောတာတွေက အားလုံးကို အနှစ်ချုပ်ကြည့်တော့ အခုပြောခဲ့တာတွေပဲ၊ အကုန်လုံး တစ်ခုနဲ့တစ်ခု ဆက်သွယ်ဖြစ်ပေါ်နေပုံတွေကို ပြောတာ။

အဲဒီတော့ အာရုံလေးတစ်ခု ဖြစ်ပေါ်တာနဲ့ပဲ စိတ်ပေါင်းများစွာဟာ အလုပ်လုပ်ကြရတယ်။ အလုပ်လုပ်ပြီးရင်လည်း ချုပ်ပျောက်သွားကြတယ်။ တစ်ခုနဲ့တစ်ခု ဆက်သွယ်မှုရှိရဲ့လားဆို မရှိဘူး၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်လေးက စက္ခုဝိညာဏ်ဘက် တွန်းပို့ခဲ့တာ၊ တစ်ခုနဲ့တစ်ခု တွေ့ရဲ့လား၊ လူလိုစဉ်းစားပြီးတော့ကြည့်ပေါ့၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်နဲ့ စက္ခုဝိညာဏ်စိတ်က တွေ့ကြတာ မဟုတ်ဘူး၊ ပဉ္စဒွါရာဝဇ္ဇန်း စိတ်ချုပ်သွားမှ စက္ခုဝိညာဏ်စိတ် ပေါ်တာ, မြင်သိစိတ်ကလေးပေါ်တာ၊ မြင်သိစိတ်ကလေးချုပ်မှ လက်ခံတဲ့စိတ် သမ္ပဋိစ္ဆိုင်းစိတ်ပေါ်တာ၊ လက်ခံတဲ့စိတ်ကလေးချုပ်မှ စုံစမ်းတဲ့စိတ် သန္တီရဏစိတ်ပေါ်တာ၊ စိတ်တွေဟာ တစ်ခုပြီးမှတစ်ခု ပေါ်တာ။

တကယ်စဉ်းစားကြည့်မယ်ဆိုရင် တို့တတွေဟာ ရှင်သန်နေတယ်လို့ ပြောနေတာဟာ စဉ်ဆက်မပြတ် ထပ်ဖြစ်နေတာကို ပြောနေတာပဲ၊ မသေတာကို ပြောတာ မဟုတ်ဘူး။ "လူတွေဟာ အသက်ရှင်နေတာ စိတ်ကလေးတစ်ခုနဲ့ပဲ အသက်ရှင်နေတာ"၊ လူတိုင်း လူတိုင်း ရပ်တည်နေတာဟာ စိတ်ကလေးတစ်ခုနဲ့ ရပ်တည်နေတာ။

http://www.dhammadownload.com



ဘာနဲ့ဥပမာတူတုန်းဆိုရင် ကတ္တရာလမ်းပေါ် မှာကားမောင်း သွားလို့ရှိရင် ဘီးအားလုံးဟာ ကတ္တရာလမ်းနဲ့ထိနေတာ မဟုတ် ဘူး၊ လက်တစ်ဝါးလောက်ရှိတဲ့ ဘီးကလေးသာလျှင် ကတ္တရာ လမ်းနဲ့ ထိနေတာ၊ ကျန်တာတွေက ထိတာမဟုတ်ဘူး - ဟုတ်ကဲ့ လား၊ လည်ပတ်နေတာ၊ အဲဒါမျိုးလိုပဲ - လူရဲ့စိတ်တွေဟာ စိတ်ကလေး တစ်ခုတည်းနဲ့ပဲ အသက်ရှင်ကြတယ်၊ အဲဒါကြောင့်မို့ "ဧကစိတ္တသမာယုတာ - စိတ်ကလေးတစ်ခုထဲ အခိုက်အတန့် လေးတွေမှာ လူတွေက အသက်ရှင်နေကြတာ" အဲဒါကိုပဲ အသက်ရှင်တယ်လို့ ပြောနေကြတာ၊ ထပ်ပြီးတော့ ဖြစ်နေလို့ရှိရင် အသက်ရှင်နေကြတာ၊ လူတွေမပြောနဲ့- ကမ္ဘာပေါင်း မြောက်မြား စွာ အသက်ရှင်တယ်ဆိုတဲ့ ဗြဟ္မာတွေလည်း ဒီနည်းပဲ။

အဲဒီတော့ လောကကြီးဟာ အကြောင်းတရားတွေက ဘယ် လောက်ပံ့ပိုးထားရလဲဆိုတာ စဉ်းစားကြည့်၊ အကြောင်းတရားတွေ က ပံ့ပိုးထားရလို့ မြတ်စွာဘုရားက "သင်္ခတ-အကြောင်းတရား တွေက စုပြီးတော့ လုပ်ထားတဲ့အရာတွေ" တဲ့၊ အကြောင်းတရား တွေ ရှိနေသမျှတော့ ဆက်လက်ပြီးတော့ သွားနေဦးမှာပဲ။

အကြောင်းတရားတွေ မရှိတော့ဘူးဆိုလို့ရှိရင် ပြိုလဲသွား မှာပဲ၊ "ဘဝသံသရာကြီးဟာ တကယ်စဉ်းစားကြည့်မယ်ဆိုရင် ရွံမုန်းပြီးတော့ ငြီးငွေ့စရာ၊ အဲဒီလိုမြင်တဲ့ အရိယာပုဂ္ဂိုလ်တွေဟာ ဘဝကြီးကို မလိုချင်တော့ဘူး၊ ဘာဖြစ်လို့တုန်းဆိုရင် ထာဝရ ရွေ့လျားနေတဲ့ အရာချည်းဖြစ်လို့ပဲ။" ဘယ်အရာကိုမှ 'ငါ' လို့ ပြောလို့မရဘူး၊ ခုနက ရုပ်ပါရုံဆိုတဲ့ အဆင်းကလေး မျက်စိတံခါး ကနေ လာထင်ဟပ်လို့ မြင်လိုက်တဲ့အခါ တံခါးဖွင့်ပေးတဲ့ စိတ်

http://www.dhammadownload.com



ကလေးကို 'ငါ' လို့ ပြောမှာလား၊ မြင်တဲ့ စက္ခုဝိညာဏ် စိတ်ကလေးကို 'ငါ' လို့ ပြောမှာလား၊ လက်ခံတဲ့ သမ္ပဋိစ္ဆိုင်း စိတ်လေးကို 'ငါ' လို့ ပြောမှာလား၊ 'ငါ'လို့ ပြောစရာ တစ်ခုမှ မရှိဘူး၊ သူ့ဟာသူ ဖြစ်ပြီးပျက်သွားကြပြီလေ၊ ကိုယ်ပိုင်လိုက်တာရော တစ်ခုရှိရဲ့လား၊ မရှိဘူး၊ သူ့ဟာသူ သွားနေတာ၊ အဲ့ဒီ သွားနေတဲ့ ဟာလေးကို လူတွေက ပိုင်ဆိုင်ချင်နေကြတာ။

ဘာနဲ့ အလားသဏ္ဍာန်တူတုန်းဆိုရင် . . တောက အင်းထဲ တောဘဲတွေ လာကျက်စားနေတာကို 'ငါ့ဘဲတွေ' လို့ ထင်သလိုပဲ အချိန်တန်တော့ ဘဲတွေက တောထဲ အကုန်ပြန်သွားကြမှာပဲ။ အကုန်လုံး 'ငါ့ဟာ' လို့ ပြောစရာ တစ်ခုမှ မရှိဘူး။ ဒါကြောင့် **"သင်္ခါရေ ပရတော ပဿ"** သင်္ခါရတရားတွေဟာ ပရ-ကိုယ်နဲ့ မဆိုင်တဲ့ဟာတွေချည်းပဲ၊ အကုန်လုံး သူ့ဟာသူ ဖြစ်နေကြတာ ငါနဲ့မဆိုင်ဘူး, ငါ့ဟာလည်း မဟုတ်ဘူး၊ **"သင်္ခါရေ ပရတော ပဿ"** သင်္ခါရတရားတွေကို အဲဒီလို ငါမဟုတ်ဘူးဆိုတဲ့ အတွေးလေးတွေ အထိ မြင်လာအောင် ရှုကြည့်ရမယ်။

ဒါဟာ အဘိဓမ္မာသင်ရတဲ့ အကျိုးတရား၊ အနိစ္စသဘော တရားလည်း ပိုပြီးတော့ ထင်ရှားလာတယ်, ဒုက္ခသဘောတရား လည်း ပိုပြီးတော့ ထင်ရှားလာတယ်, အနတ္တ ကိုယ်မပိုင်ဘူး ဆိုတာ လည်း ပိုပြီးထင်ရှားလာတယ်။ သာမန်အားဖြင့် ထပ်တလဲလဲ ဖြစ်နေတာကိုကြည့်ပြီး လူတွေက ကိုယ်ပိုင်နေတာလို့ ထင်နေတာ၊ ကိုယ်လို့ ပြောစရာ တစ်ခုမှမရှိဘူး၊ ငါလို့ ပြောစရာ အချိန်ပိုင်း ကလေးမို့ ဒီဟာကို ငါလို့ပြောလိုက်တာနဲ့ တစ်ပြိုင်နက် မရှိဘူး, နောက်တစ်ခု ပြောင်းနေပြီလေ၊ စိတ်အစဉ်ကလည်း အဲဒီလောက်

http://www.dhammadownload.com



မြန်တယ်၊ ရုပ်တွေကလည်း ပြောင်းလဲပြီးတော့ ဖြစ်ပျက်နေတာ ဖြစ်တယ်၊ ဒါကြောင့်မို့လို့ 'ငါ' ဆိုတဲ့ အယူအစွဲတွေ, 'ငါ့ဟာ' ဆိုတဲ့ အယူအစွဲတွေ၊ အဲဒီ အယူအစွဲတွေကို ချေဖျက်နိုင်အောင် ဗုဒ္ဓမြတ်စွာက ဒီသဘာဝ သဘောတရားတွေကို အသေးစိတ် ခွဲခြားပြီးတော့ အဘိဓမ္မာ သဘာဝအနေနဲ့ ဟောကြားတာ ဖြစ်ပါတယ်။

ဒီကနေ့ည အဘိဓမ္မာမြတ်ဒေသနာ အပိုင်း(၂) မှာ **"စိတ်၏ အာရုံများနှင့် ဆောင်ရွက်မှုကိစ္စများ"** ဆိုတာကို **perspective view** အနေနဲ့ **apply** လုပ်တတ်အောင် ဘုန်းကြီးတို့ ဟောပြီးပြီ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ လေ့လာရမှာကတော့ ဘယ်စိတ်က ဘယ်အရာကို အာရုံပြုတယ်ဆိုတာ သင်္ဂြိုဟ်ကျမ်းထဲမှာ လာတဲ့ အတိုင်း ဆက်လက်လေ့လာဖို့ပါ၊ အဲဒါကို ဆက်လက်လေ့လာ ရမယ်၊ ပြီးတော့ ဘယ်စိတ်က ဘယ်ကိစ္စကို ဆောင်ရွက်တယ် ဆိုတာလည်း ဆက်လက် လေ့လာရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ တရားချစ်ခင် သူတော်စင်ပရိသတ်တို့သည် မိမိသန္တာန်မှာ ဖြစ်ပေါ်လျက်ရှိသော စိတ်ရဲ့အာရုံများ, ထိုအာရုံ များနဲ့ ဆက်သွယ်ပြီးတော့ စိတ်ရဲ့ လုပ်ဆောင်ချက်များကို သိရှိ နားလည် သဘောပေါက်ကြပြီးလျှင် သင်္ခါရသဘာဝ တရားတွေ ပေါ်မှာ ငြီးငွေ့တဲ့စိတ်တွေ ပေါ်လာပြီး နိဗ္ဗာန်ချမ်းသာ၏ ကောင်းမြတ်တဲ့ သဘောတွေကို တွေ့ရှိလာအောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

❖❖❖❖❖

http://www.dhammadownload.com

## မှတ်တမ်း

သာသနာတော်သက္ကရာဇ် ၂၅၅၂-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၄-ရက်၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံအတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ညဥ့်ဦးယံ ဓမ္မသဘင်ဝယ် စမ်းချောင်းမြို့နယ်၊ အမှတ် (၅၈)၊ ဗဟိုလမ်း၊ ဦးကောင်းနိုင်+ဒေါ်ခင်ခင်ဝေ၊ သား မြတ်ကိုကို၊ သမီး သဥ္ဇာစိုးစံ မိသားစုတို့၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော "စိတ်ဖြစ်စဉ်ကိုလေ့လာခြင်းအကြောင်း အပိုင်း(၁)" တရားတော် ဖြစ်ပါသည်။

http://www.dhammadownload.com

# အခန်း - ၄

## စိတ်ဖြစ်စဉ်ကို လေ့လာခြင်း(၁)

"စိတ်ဖြစ်စဉ်ကို လေ့လာခြင်း" ရှေ့အပိုင်းမှာ စိတ်ဖြစ်ပုံကို လေ့လာခဲ့ကြပြီးပြီ။ ဒွါရကနေပြီး အာရုံဝတ္ထု ဆုံစည်းမှုကို အကြောင်းပြုပြီး စိတ်တွေ ဖြစ်လာကြတယ်၊ ဖြစ်လာတဲ့အခါ ကျတော့ စိတ်တွေဟာ ဘယ်ပုံဘယ်နည်းဖြစ်ကြသလဲ၊ စိတ်ဖြစ်စဉ် ကို ပါဠိလို ဝီထိလို့ ခေါ်တယ် - စိတ္တဝီထိ၊ ဝီထိ ကို **လမ်း** လို့လည်း အဓိပ္ပါယ်ဖွင့်ဆိုကြတယ်။ ဝီထိဆိုတဲ့ စကားလုံးရဲ့အဓိပ္ပါယ်က လမ်းလို့ အဓိပ္ပါယ်ရတယ်။ အဲဒီလို လမ်းဆိုတဲ့ အဓိပ္ပါယ်နဲ့ ဖော်ဆောင်ကြည့်ကြတယ်။ ရှေးဆရာတွေက ဘယ်လိုအဓိပ္ပါယ် ဖွင့်ဆိုကြသလဲဆိုတော့ "ရွာစဉ်အတိုင်း လမ်းမကြီးဟာ သွားသလို ပဲတဲ့- စိတ်အစဉ်ဟာလည်း ခုန်ကျော်ခြင်းမရှိဘဲ သွားနေတယ်" လို့ ဒီလိုအဓိပ္ပါယ် ဖွင့်ကြတယ်။

http://www.dhammadownload.com



သို့သော်လည်း အဲဒီအဓိပ္ပါယ်ကို တချို့ဆရာတော်ကြီးများက မနှစ်သက်ကြဘူး။ ဝီထိဆိုတဲ့ စကားလုံးက **အစဉ်** ဆိုတဲ့ အဓိပ္ပါယ်ကိုလည်း ဟောတယ်၊ ဖြစ်စဉ်တစ်ခု၊ အစဉ်အတန်းတစ်ခု၊ တစ်ခုပြီးတစ်ခု၊ အင်္ဂလိပ်လို serial ပေါ့။ တစ်ခုပြီးတစ်ခု ဖြစ်တာ၊ အဲဒါကိုပဲ process လို့လည်း ပြန်ကြတယ်။ စိတ္တဝီထိ Mental process စိတ်ဖြစ်စဉ်ပေါ့။

စိတ်ဖြစ်စဉ်ဆိုတာ စိတ်တစ်ခုပြီးတစ်ခုဖြစ်သွားတာ၊ ဖြစ်သွားတဲ့ စိတ်တွေဟာလည်း တစ်ခုနှင့်တစ်ခု အားလုံးဟာ တူညီကြတာ မဟုတ်ဘူး၊ ဘယ်လိုမတူညီလဲဆိုရင် အားလုံးဟာ ဆောင်ရွက်ပုံကိစ္စချင်း မတူညီဘူး၊ ဆောင်ရွက်ပုံကိစ္စချင်းတူတဲ့ ဇောစိတ်လို စိတ်မျိုးတောင်မှပဲ စွမ်းအားချင်း ကွာခြားကြတယ်။ ဒါ့ကြောင့် ဝီထိ ဆိုတာ ဆောင်ရွက်ပုံကိစ္စချင်းလည်း မတူဘူး, စွမ်းအားချင်းလည်းမတူတဲ့ စိတ်တို့ရဲ့ ဖြစ်စဉ်တစ်ခုပဲ။

ဘုန်းကြီးတို့ စိတ်ဖြစ်စဉ်ဆိုတဲ့ ဝီထိအကြောင်းကို ရေးတဲ့အခါမှာ လူ့ဘဝရဲ့ စိတ်ဖြစ်စဉ်တင် မကဘူး၊ ဟိုး ဗြဟ္မာ့ပြည်က ဖြစ်စဉ်ပါ မှတ်ရတယ်။ လူ့ပြည်နဲ့ နတ်ပြည် ၆-ထပ်ကတော့ သိပ်မကွာဘူး၊ မကွာသည့်အတွက်ကြောင့် ကာမာဝစရဘုံတွေမှာ ဖြစ်တဲ့ စိတ်အစဉ်က တူတယ်။ ဗြဟ္မာကျတော့ ကွာခြားမှု ရှိသွားတယ်။ ရူပါဝစရစိတ် အရူပါဝစရစိတ်တို့ရဲ့ဖြစ်စဉ်, ထို့နောက်မှာ ဝိပဿနာကျင့်စဉ် ကျင့်ပြီးတော့ မဂ် ဖိုလ် ဆိုတဲ့ လောကုတ္တရာ စိတ်ဖြစ်စဉ် - ဒါတွေကျတော့ ကွာခြားမှုရှိသွားပြီ၊ အဲဒီတော့ ရိုးရာဖြစ်စဉ်တစ်ခု အနေနဲ့ ပြောမယ်ဆိုလျှင် လူတွေရဲ့ဘဝနဲ့ ပြောကြရတယ်။

http://www.dhammadownload.com



လူတွေရဲ့စိတ်မှာ အကြမ်းဖျဉ်းအားဖြင့် ဖြစ်စဉ်နှစ်ခု ရှိတယ်လို့ ဒီလိုမှတ်ရမယ်၊ "ဝီထိမုတ်စိတ်တို့ရဲ့ ဖြစ်စဉ်နဲ့ ဝီထိစိတ်တို့ရဲ့ ဖြစ်စဉ်" ပေါ့။ ဝီထိစိတ်နဲ့ ဝီထိမုတ်စိတ်ဆိုပြီးတော့ ကွဲပြားခြားနားထားတာ ရှိသေးတယ်၊ အဘိဓမ္မာသင်ထားတဲ့ ပုဂ္ဂိုလ်တွေဟာ ဝီထိစိတ်ဆိုရင် ၈၀-လို့ နားလည်ထားရမယ်၊ ဝီထိမုတ်စိတ်ဆိုရင်တော့ ၁၉-ပါးလို့ ဒီလို နားလည်ထားရမယ်။ အဲဒီ ဝီထိမုတ်စိတ် ၁၉-မျိုးထဲမှာ အမြဲတမ်း ဝီထိက လွတ်နေတဲ့စိတ်ကတော့ ၉-ခု။

လူ့ဘဝအနေနဲ့ ပြောကြမယ်ဆိုရင် လူတွေရဲ့ ပဋိသန္ဓေစိတ် ၉-ခု ရှိတယ်။ အဲဒီ ၉-ခုသောစိတ်တွေကို ဝီထိမုတ်စိတ်လို့ ခေါ်တယ်။ အဲဒီ ၉-ခုက ဘာတွေလဲဆိုရင် ကုသလဝိပါက် - (အဘိဓမ္မာမှာ ဝေါဟာရတွေဟာ ဘာသာမပြန်ဘဲနဲ့ ပါဠိနောက်လိုက်ပြီးတော့ ရေးထားတာဆိုတော့ ကုသလဝိပါက်ဆိုတာ - ကုသိုလ်ရဲ့ အကျိုးတရားလို့ပြောတာ) ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်၊ သန္တီရဏစိတ်ဆိုတာ အာရုံကို စူးစမ်းတဲ့စိတ်၊ အဲဒီအာရုံကို စူးစမ်းတဲ့စိတ်ဟာ ခံစားချက် နှစ်မျိုးရှိတယ်။ တစ်ခါတစ်ရံ ဝမ်းမြောက်ဝမ်းသာ ခံစားချက်လို့ဆိုတဲ့ သောမနဿ ရှိတယ်၊ တစ်ခါတစ်ရံမှာ ခံစားမှု မထင်ရှားတဲ့ ဥပေက္ခာဆိုတာ ရှိတယ်။ ဒါကြောင့်မို့ ဥပေက္ခာသန္တီရဏ လို့ ဒီလိုပြောတာ၊ သောမနဿသန္တီရဏ မဟုတ်ဘူး။ ဥပေက္ခာဆိုတာ ခံစားမှုကို ရည်ညွှန်းပြီးတော့ ပြောတာ။ သန္တီရဏစိတ်သည် indifferent feeling ပေါ့၊ ဝမ်းသာတာလည်းမဟုတ်၊ ဝမ်းနည်းတာလည်း မဟုတ်ဘူး၊ အဲဒီနှစ်ခုကြားမှာ Indifferent feeling။ အဲဒီ

http://www.dhammadownload.com



သန္တီရဏစိတ်ဟာ ထူးခြားမှုမရှိတဲ့ ခံစားမှုနဲ့ဖြစ်တဲ့ သန္တီရဏကို ဥပေက္ခာသန္တီရဏလို့ ခေါ်တယ်။

အဲဒီ ဥပေက္ခာသန္တီရဏကလည်း ကုသိုလ်ရဲ့ အကျိုးနဲ့ အကုသိုလ်ရဲ့အကျိုးလို့ နှစ်မျိုးရှိပြန်တယ်။ ဒါကြောင့် စကားကို အပြည့်အစုံပြောလိုက်တဲ့ အခါကျတော့ "ကုသလဝိပါက်ဥပေက္ခာသန္တီရဏ"လို့ ပြောရတယ်။ လူတွေရဲ့သန္တာန်မှာ ပဋိသန္ဓေစိတ် အနေနဲ့ ဖြစ်နိုင်တာ ကုသလဝိပါက်ဥပေက္ခာသန္တီရဏ-ကုသိုလ်၏ အကျိုးဆက်ဖြစ်တဲ့, မထင်ရှားတဲ့ခံစားမှုနဲ့ယှဉ်တဲ့ စူးစမ်းတဲ့စိတ်လို့ ဒီလိုပြောတယ်။ ဒီနေရာမှာ သူ့ကို စူးစမ်းတဲ့စိတ်လို့ နာမည်ပေးထားပေမယ့်လို့ သူဆောင်ရွက်တဲ့ကိစ္စက သန္တီရဏကိစ္စ ဆောင်ရွက်တာ မဟုတ်ဘူး၊ ဝီထိမုတ်ဖြစ်တဲ့အခါ ပဋိသန္ဓေကိစ္စကို ဆောင်ရွက်တယ်၊ ဘဝင်ကိစ္စကိုလည်း ဆောင်ရွက်တယ်၊ စုတိကိစ္စကိုလည်း ဆောင်ရွက်တယ်၊ နောက် တခြား ဝီထိကိစ္စနဲ့ တွဲလာတဲ့အခါကျတော့ သန္တီရဏကိစ္စနဲ့ တဒါရုံ ကိစ္စကိုလည်း ဆောင်ရွက်သေးတယ်ဆိုတော့ ၅-ကိစ္စ ဆောင်ရွက်နိုင်တဲ့စိတ်။

စိတ်တစ်မျိုးတည်းက ဆိုင်ရာဆိုင်ရာ အာရုံတွေနဲ့ စပ်လျဉ်းပြီးတော့ ဖြစ်ပုံနေရာချင်း ဖြစ်တဲ့အချိန်ချင်း ကွာခြားလာတဲ့အခါမှာ ဒီစိတ်တစ်မျိုးတည်းကနေပြီးတော့ ၅-ကိစ္စကို ဆောင်ရွက်တယ်လို့ ဒီလိုပြောတယ်နော်။ "၅-ကိစ္စ ၅-ဌာနတပ်သောစိတ်" လို့ အဘိဓမ္မာမှာ အဲဒီလိုဆိုတယ်။ 'တပ်တယ်' ဆိုတာ 'တပ်ဆင်ထားတယ်' ဆိုတဲ့ သဘောမျိုးလို့ 'ကိစ္စလုပ်နေတယ်' လို့ ပြောတဲ့ သဘောမျိုး ဖြစ်တယ်။ 'engaged ဖြစ်တယ်'၊ 'အလုပ်တွေ သူလုပ်တယ်' လို့ ပြောတယ်နော်။ အဲဒီတော့ ၅-ကိစ္စ ဆောင်ရွက်တယ်၊

http://www.dhammadownload.com



အဲဒီ ၅-ကိစ္စက ပဋိသန္ဓေကိစ္စ, စုတိကိစ္စ, ဘဝင်ကိစ္စ, သန္တီရဏလို့ ခေါ်တဲ့ စူးစမ်းခြင်းကိစ္စ, တဒါရုံလို့ ဆိုတဲ့ ဇောရဲ့အာရုံကို ဆက်ခံခြင်းကိစ္စ .. ဒီကိစ္စ ၅-မျိုးကို ဆောင်ရွက်တယ်၊ တစ်ပြိုင်နက် ဆောင်ရွက်တာတော့ မဟုတ်ဘူး၊ ရံဖန်ရံခါပေါ့၊ တစ်လှည့်စီ အလှည့်ကျတဲ့အခါမှာ သူဆောင်ရွက်တဲ့ ၅-ကိစ္စကို ဆောင်ရွက်နိုင်တဲ့စိတ်။

စိတ်တွေထဲမှာဆိုလို့ရှိရင် ကိစ္စအများဆုံးစိတ်လို့ ပြောရမှာပေ့ါနော်၊ သူဆောင်ရွက်နိုင်တဲ့ကိစ္စက များတယ်၊ သူ ပါဝင်တဲ့ နေရာတွေ များတယ်ပေ့ါ၊ သူဆောင်ရွက်တာ တစ်ပြိုင်နက်တော့ မဟုတ်ဘူး၊ တစ်နေ့ကပြောခဲ့တဲ့ ဥပမာလိုပဲ .. လုပ်ငန်းခွင်မှာ မန်နေဂျာ၊ အိမ်ကျတော့ ထမင်းချက်ပေ့ါ၊ အဲဒါမျိုးလိုပေ့ါ၊ သူ့ကိစ္စလေးနဲ့သူ ဆောင်ရွက်တာကို ပြောတာနော်၊ အေး အဲဒီလို ဆိုင်ရာ ဆိုင်ရာ ကိစ္စလေးတွေဆောင်ရွက်တဲ့ ဥပေက္ခာသန္တီရဏစိတ်ဟာ ကုသလ ဝိပါက်, အကုသလဝိပါက်လို့ နှစ်မျိုးရှိတယ်၊ အဲဒီ နှစ်မျိုးလုံးဟာ "ငါးဌာနမှာ ငါးကိစ္စဆောင်ရွက်နိုင်တဲ့စိတ်မျိုး" တဲ့။

အဲဒီစိတ်မျိုးဟာ လူ့ရဲ့သန္တာန်မှာ ဖြစ်တဲ့အခါမှာလည်းပဲ ငါးကိစ္စကို ဆောင်ရွက်တယ်လို့ ပြောတယ်။ လူသားတစ်ယောက်ရဲ့ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ ဆောင်ရွက်နေတဲ့အခိုက်မှာ ဝီထိမုတ်စိတ်လို့ခေါ်တယ်၊ ဘာဖြစ်လို့ ဝီထိမုတ်စိတ်လို့ ခေါ်တုန်းဆိုလို့ရှိရင် process မှ လွတ်နေလို့ပဲ၊ ဝီထိ ဆိုတာ mental process၊ 'မုတ္တ' ဆိုတာ လွတ်နေတာ၊ process free လို့ ဒီလို ပြန်ကြတယ်။ ဖြစ်စဉ်တစ်ခုကနေပြီးတော့ လွတ်နေတာ၊ လွတ်တယ်ဆိုတဲ့ အဓိပ္ပါယ်ကို နောက်တော့ရှင်းပြမယ်။

http://www.dhammadownload.com



အဲဒီတော့ လူတွေရဲ့သန္တာန်မှာ ကုသလဝိပါက် ဥပေက္ခာသန္တီရဏဖြစ်တာ။ အကုသလဝိပါက် ဥပေက္ခာသန္တီရဏက ပဋိသန္ဓေ ဘဝင် စုတိ အနေနဲ့တော့ မဖြစ်ဘူး၊ ဒိပြင်ကိစ္စအနေနဲ့ ဖြစ်နေတာ၊ လူတွေရဲ့ သန္တာန်မှာ အကုသလဝိပါက်ဖြစ်ရင် သန္တီရဏ- စူးစမ်းခြင်းကိစ္စနဲ့ တဒါရမ္မဏ- အာရုံကို ဆက်ခံခြင်းကိစ္စ ဒီနှစ်မျိုးပဲ ဖြစ်နိုင်တယ်၊ ပဋိသန္ဓေ ဘဝင် စုတိအနေနဲ့ ဖြစ်ပြီဆိုရင် အပါယ်လေးဘုံမှာဖြစ်တယ်လို့ပြောတယ်၊ အကုသလဝိပါက်က အပါယ်လေးဘုံမှာ ဖြစ်တယ်၊ အဲဒီလို ခွဲပြီးတော့မှတ်။

ကဲ ကောင်းပြီ၊ မဟာဝိပါက်စိတ် ၈-ခု၊ အဲဒီ မဟာဝိပါက်စိတ် ၈-ခုကလည်း ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စကိုလည်း ဆောင်ရွက်နိုင်တယ်။ ဇောရဲ့အာရုံကို ဆက်ခံမှုလို့ဆိုတဲ့ တဒါရုံကိစ္စကိုလည်း ဆောင်ရွက်နိုင်တယ်၊ သူက ၄-ကိစ္စ ဆောင်ရွက်တယ်၊ သို့သော် ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စဆိုတဲ့ ကိစ္စ ၃-ခု ကို ဆောင်ရွက်တဲ့အချိန်မှာ သူက process free ဝီထိမုတ်စိတ် ဖြစ်တယ်၊ တဒါရုံကိစ္စဆိုတဲ့ ဇောရဲ့အာရုံကို ဆက်ခံပြီးတော့ ဖြစ်တဲ့ အချိန်မှာတော့ process free မဟုတ်ဘူး၊ ဝီထိစိတ် ဖြစ်တယ်။ အဲဒီ ကွဲပြားခြားနားချက်ကလေးတွေတော့ ရှိတယ်လို့။

ကဲ ဆိုလိုရင်း မြင်သာရုံ ပြောရမယ်ဆိုရင် ဝီထိစိတ်တို့ရဲ့ ဖြစ်စဉ်နဲ့ ဝီထိမုတ်စိတ်တို့ရဲ့ဖြစ်စဉ်လို့ ဒီလိုဖြစ်စဉ်နှစ်ခုကို မှတ်ရမယ်။ ဝီထိမုတ်ဆိုတာ ဝီထိမုတ္တ - ဖြစ်စဉ်ကနေ လွတ်နေတာ၊ လွတ်နေတယ်ဆိုတော့ ဖြစ်စဉ်မရှိဘူးလို့ ဒီလိုဆိုလိုတာတော့ မဟုတ်ဘူးနော်၊ သူလည်း သူ့ဖြစ်စဉ်နဲ့ သူသွားနေတာ၊ သို့သော် ငြိမ်သက်တဲ့ဖြစ်စဉ်နဲ့ သွားနေတာ။

http://www.dhammadownload.com



လူတစ်ယောက်ဟာ လူ့ဘဝရလာပြီ ဆိုလို့ရှိရင် ကုသလ ဝိပါက် ဥပေက္ခာသန္တီရဏ စိတ်နှင့်သော် လည်းကောင်း, မဟာဝိပါက်စိတ် ၈-ခုထဲက စိတ်တစ်ခုခုနဲ့သော်လည်းကောင်း ဘဝတစ်ခုကို အစပြုခဲ့ကြတယ်။

ဘယ်သူကနေပြီး အစပြုပေးတုန်းဆိုတော့ အတိတ်ဘဝက ရှိခဲ့တဲ့ အကျိုးပေးခွင့်ရတဲ့ ကုသိုလ်ကံက ထုတ်လုပ်ပေးလိုက်တာ၊ ကုသိုလ်ကံတွေ မြောက်မြားစွာ ရှိသော်လည်း အင်အားကောင်းပြီး တော့ chance ရတဲ့ ကုသိုလ်ကံက အကျိုးပေးလိုက်တာ၊ အဲဒီ အချိန်မှာ ကောင်းတဲ့ကုသိုလ်ကံရဲ့ chance ရဖို့ အင်မတန်မှ အရေးကြီးတယ်၊ လူ့ဘဝရောက်လာဖို့ကနော်။ ကုသိုလ်ကံထဲမှာ အားပျော့တဲ့ ကုသိုလ်ကံက အကျိုးပေးခွင့်ရလို့ သူက လက်ဦး သွားလို့ ကုသလဝိပါက် ဥပေက္ခာသန္တီရဏနဲ့ ပဋိသန္ဓေ နေလိုက် ရပြီဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ မွေးကတည်းက မျက်စိကန်း နားကန်း ဦးနှောက်က မမှန်တာတို့၊ male, female အနေအထား မဟုတ်တာတို့ဆိုတဲ့ ချို့ယွင်းချက်တွေ (ဆေးပညာကတော့ ဒီပြင် အကြောင်းတွေရှာပြီးတော့ ပြချင်ပြမှာပေါ့) ဗုဒ္ဓရဲ့ အဘိဓမ္မာ တရားတော်ကတော့ ကံကို ဦးတည်ပြီးတော့ပြောတယ်၊ အခြေခံ ကတော့ ကံပဲ၊ အေး . . . ဆေးပညာအရတော့ ဟိုမှန်းဓာတ်တို့ ဘာဓာတ်တို့ ညာဓာတ်တို့ ဒီလိုပြောမှာပေါ့၊ အဲဒီ ဟိုမုန်းရဲ့ အကြောင်းက ဘာတုန်းဆိုတော့ 'ကံ' ရောက်လာမှာပဲ။ နောက်ဆုံး အကြောင်းရှာလိုက်ရင် ဘာဖြစ်လို့ ဒီလိုဖြစ်သွား ရတာတုန်း ဆိုလိုက်ရင် 'ကံ' ပဲ နောက်ဆုံး။

http://www.dhammadownload.com



အဲဒီတော့ "**ဇလာဗုဇ**" လို့ ခေါ်တဲ့ သန္ဓေကန်း၊ မွေးကတည်းက ကန်းလာတာ၊ မွေးကတည်းက ကန်းလာတာကလည်း နှစ်မျိုး ရှိတယ်၊ တစ်မျိုးက မျက်စိရလာပြီးတော့မှ အထဲထဲမှာ ပိုးကြောင့် ဖြစ်စေ, လေကြောင့်ဖြစ်စေ, ကံကြောင့်ဖြစ်စေ ထပ်ပြီးတော့ ကန်းသွားတာမျိုး ဖြစ်တတ်သေးတယ်၊ မျက်စိက ဖြစ်လာပြီး တော့မှ ပြန်ပျက်စီးသွားတာကို ပြောတာနော်၊ ပိုးကြောင့်လည်း ပျက်စီးတယ်လို့ ပြောတယ်၊ လေကြောင့်လည်း ပျက်စီးတယ်၊ တစ်ခုခုသော ဆန့်ကျင်ဘက် အကြောင်းတစ်ခုခုကြောင့် မျက်လုံး ဟာ ပြန်ပြီးတော့ ဆုံးရှုံးသွားတတ်တာမျိုး ရှိသေးတယ်၊ မမွေးခင် အတွင်းမှာပဲ ရလာတဲ့မျက်လုံးလေးက ဆုံးရှုံးသွားတယ်၊ အဲဒီ ပုဂ္ဂိုလ်မျိုးနဲ့ မဆိုင်ဘူးလို့ပြောရမယ်၊ အဲဒီ ပုဂ္ဂိုလ်မျိုးက အတိတ်က အကုသိုလ်ကံတစ်ခုရဲ့ ဖြည့်ဆည်းမှုကြောင့် ကန်းရတာ၊ ခုနတုန်း က ဥပေက္ခာသန္တီရဏနဲ့ ပဋိသန္ဓေနေလာတဲ့ ပုဂ္ဂိုလ်က မျက်လုံး ဖြစ်လောက်အောင် ကံမပါဘူးလို့ ဒီလိုပြောတာ။

အဲဒီလို မွေးကတည်းက သန္ဓေကန်း၊ သန္ဓေတည်းက ထိုင်း လာတဲ့ပုဂ္ဂိုလ်၊ မပီမပြင် ဦးနှောက်ဖြစ်လာတဲ့ပုဂ္ဂိုလ်၊ မှန်ကန်တဲ့ ဦးနှောက်မရှိဘဲနဲ့ တမျိုးတဖုံ ပြောင်းပြောင်းလွဲလွဲတွေဖြစ်ပြီး လူစဉ်မမီတဲ့ ပုဂ္ဂိုလ်တွေ၊ ဒီလိုပုဂ္ဂိုလ်မျိုးတွေ ရှိတတ်တယ်ပေါ့။ အဲဒီလို မွေးကတည်းကနေပြီးတော့ embyro အဆင့်မှာပဲ အဆင် မပြေ ဖြစ်လာတဲ့ ပုဂ္ဂိုလ်မျိုးတွေ၊ အဲဒီပုဂ္ဂိုလ်မျိုးတွေဟာ ဥပေက္ခာ- သန္တီရဏနဲ့ ပဋိသန္ဓေနေခဲ့တယ်လို့ပြောတာ။

အေး လူပီပီပြင်ပြင်နဲ့ ဖြစ်လာတဲ့ပုဂ္ဂိုလ်ကျတော့ မဟာဝိပါက် စိတ် ၈-ခုထဲက ဉာဏသမ္ပယုတ်စိတ်နဲ့ ပဋိသန္ဓေနေတာရှိတယ်,

http://www.dhammadownload.com



ဉာဏဝိပ္ပယုတ်စိတ်နဲ့ ပဋိသန္ဓေနေတာ ရှိတယ်။ ပဋိသန္ဓေ ဉာဏဝိပ္ပယုတ်စိတ် ၄-ခုထဲက တစ်ခုခုနဲ့ ပဋိသန္ဓေနေပြီဆိုရင် အဲဒီပုဂ္ဂိုလ်မှာ သန္ဓေထဲက ဉာဏ်မပါဘူး၊ ဉာဏဝိပ္ပယုတ်စိတ် လို့ဆိုတော့ ဟိတ်အနေနဲ့ ပြောမယ်ဆိုရင် အလောဘဟိတ် ရှိတယ်, အဒေါသဟိတ်ရှိတယ်, အမောဟဟိတ်ဆိုတဲ့ အသိဉာဏ် မပါလာဘူး။ မပါတော့ သူ့မှာ ဒီမဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄-ခုမှာ ဖြစ်နိုင်တဲ့ဟိတ်က အလောဘဟိတ်နဲ့ အဒေါသဟိတ်၊ ဟေတု ဆိုတာ fortify လုပ်နိုင်တဲ့၊ စွမ်းဆောင်နိုင်တဲ့ စွမ်းရည် သတ္တိရှိတယ်။ "ဟေတုပစ္စယော" ရဲ့ စွမ်းဆောင်နိုင်မှုက ပြင်းထန်တယ်၊ အားကောင်းတယ်၊ ဒါကြောင့်မို့လို့ ဟေတု ဆိုတဲ့ ဟိတ်နှစ်မျိုးနဲ့ပဲ သူက မွေးဖွားလာတဲ့ပုဂ္ဂိုလ်ဖြစ်လို့ အမောဟဆိုတဲ့ ပင်ကိုယ်ဟိတ် အသိဉာဏ်နဲ့ဆိုင်တဲ့ဟိတ် ပါမလာဘူး၊ ဟိတ် နှစ်မျိုးနဲ့ပဲ မွေးတဲ့သူဖြစ်လို့ သူ့ကို "ဒွိဟိတ်ပုဂ္ဂိုလ်"လို့ ခေါ်တာ နော်၊ 'ဒွိဟေတုက' ပုဂ္ဂိုလ်တဲ့။

ခုနက ဥပေက္ခာသန္တီရဏနဲ့ ပဋိသန္ဓေနေပြီ ဆိုလို့ရှိရင် အဲဒီ ပုဂ္ဂိုလ်က အလောဘ ဆိုတာလည်း မပါဘူး, အဒေါသ ဆိုတာ လည်း မပါဘူး, အမောဟဆိုတာဝေလာဝေး၊ ဟိတ် လုံးဝမပါလို့ 'အဟေတုက' အဟိတ်ပုဂ္ဂိုလ်လို့ ဒီလိုပြောတာ၊ ဟိတ်ဆိုတာ အဲဒီ "ဟေတုပစ္စယော" က ဟေတုကို ရည်ညွှန်းတာနော်၊ အရပ်ထဲမှာ ပြောတဲ့ ဟိတ်မရှိဘူး ဆိုတာက အဓိပ္ပါယ်တခြားနော်၊ အဲဒါနဲ့ မဆိုင်ဘူး။

အဲဒီတော့ အဟိတ်ပုဂ္ဂိုလ်ဆိုတာ တိရစ္ဆာန်တွေ တချို့သော ပြိတ္တာတွေ ငရဲသားတွေ - အဲဒီ အပါယ်လေးဘုံသားတွေပေါ့၊

http://www.dhammadownload.com



ပြိတ္တာကို နှစ်မျိုးခွဲထားလို့ အပါယ်က ၄-ဘုံ ဖြစ်နေတာ၊ သုတ္တန်ပါဠိတော်တွေမှာ ၃-ဘုံဟောတယ်နော်၊ ငရဲ တိရစ္ဆာန် ပြိတ္တာ ဒီ ၃-ဘုံပဲ ရှိတယ်၊ အသူရကာယ် ဆိုတာကတော့ ပြိတ္တာ အမျိုးအစားထဲက တစ်မျိုးလို့ မှတ်ရမှာပေါ့။ အဲဒီ အပါယ် ၄-ဘုံ သားတွေကျတော့ အဟိတ်၊ ဒါကြောင့်မို့ လူတွေကပြောတယ် အဟိတ်တိရစ္ဆာန်၊ တိရစ္ဆာန်ကို အဟိတ်နဲ့တွဲပြီးပြောတယ်၊ သူတို့ရဲ့ သန္ဓေကိုက မမီဘူး။

ဒါဖြင့် တိရစ္ဆာန်လေးတွေကို သင်ရင်တော့ မတတ်ဘူးလား ဆိုတော့ သူတို့မှာ သင်ရင်တော့ တတ်တယ်တဲ့၊ သညာတော့ ရှိတယ်။ သညာရှိလို့ သင်ထားရင်တော့ တတ်တာပေါ့၊ မှတ်တဲ့ စိတ်လေးတွေတော့ ရှိတာပေါ့။ သို့သော်လည်း ပညာဆိုတဲ့ အနေအထားမျိုး သူတို့မှာ ရောက်မလာဘူး၊ သင်လို့ရတဲ့ အနေအထားလေးတော့, မှတ်တဲ့စိတ်တော့ သူတို့မှာ ရှိတယ်ပေါ့၊ အမှတ်အသားလေးတော့ ထားတယ်၊ ဒါကြောင့်မို့ ခွေးတွေ training ပေးတဲ့အခါကျတော့ အနံ့လေးနဲ့ တစ်ခုခုနဲ့ အမှတ်အသားလေး လုပ်ပေးထားပြီးတော့ ခိုင်းတာပေါ့၊ သင်္ကေတ လေးတွေနဲ့ ခိုင်းပေးသွားတယ်။

ကဲ ကောင်းပြီ၊ လူသားတွေမှာ ဉာဏဝိပ္ပယုတ် ဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေလာတဲ့ "ဒွိဟိတ်ပုဂ္ဂိုလ်" ဟာ ဒီဘဝမှာ မဂ်တရား ဖိုလ်တရား ရလောက်အောင် အဆင့်မမီဘူးလို့ ပြောရမယ်။ အဲဒီတော့ ဉာဏ်မဖြစ်နိုင်ဘူးလို့ ပြောတာမဟုတ်ဘူးနော်၊ သင်လို့ ဉာဏ်ကတော့ ဖြစ်လာမှာပဲ၊ အသစ်တော့ ဖြစ်လာနိုင်တယ်၊ မြန်မာစကားမှာရှိတယ် မဟုတ်လား၊ "နဂိုရှိမှ နဂိုင်းထွက်"ဆိုတာ၊

http://www.dhammadownload.com



သူက နဂိုမပါဘူး၊ နဂိုမပါတော့ စွမ်းရည်သတ္တိ သိပ်မထက်ဘူးပေါ့။ အခုမှ လေ့ကျင့်ယူရတဲ့ အသိဉာဏ်မျိုးဆိုတော့ ပင်ကိုယ်က အခြေခံကောင်းတဲ့ အသိဉာဏ်မျိုး မဟုတ်ဘူး။

အဲဒါကြောင့်မို့လို့ လူတွေ တစ်ယောက်နဲ့တစ်ယောက် သင်တဲ့အခါမှာ ကွာခြားမှုဖြစ်သွားတာ၊ တချို့ကျတော့ လွယ်လိုက်တာ၊ ဘာပြောလိုက်ပြောလိုက် လွယ်လွယ်လေး၊ တချို့ကျတော့ ခက်နေတယ်၊ ဘာမှလည်း နားမလည်ဘူး၊ ဒါက ဉာဏဝိပ္ပယုတ်နဲ့ ဉာဏသမ္ပယုတ်၊ အဲဒီတော့ ဒွိဟိတ်နဲ့ ပဋိသန္ဓေ နေလာတဲ့ ပုဂ္ဂိုလ်သည် ဒီဘဝမှာ ဈာန် မဂ် ဖိုလ် ရဖို့ အနေအထားတော့ မရှိဘူး၊ သို့သော် ကြိုးစားရမယ်၊ မကြိုးစားဘဲတော့ မနေရဘူး၊ ကြိုးစားခြင်းသည် နောက်ဘဝအတွက် အခြေခံကောင်းတွေ ရသွားနိုင်တယ်။

အဲဒါကြောင့်မို့ မြန်မာနိုင်ငံမှာ အရင်တုန်းက "ဒွိဟိတ်ပုဂ္ဂိုလ်လား၊ တိဟိတ်ပုဂ္ဂိုလ်လား" လို့ အငြင်းပွားပြီး တိဟိတ်ပုဂ္ဂိုလ်မှ ဈာန် မဂ် ဖိုလ် ရနိုင်တာ ဖြစ်သောကြောင့် ဒွိဟိတ်ပုဂ္ဂိုလ်တွေက ဘာမှ လုပ်မနေနဲ့ဆိုတဲ့ အဓိပ္ပါယ်မျိုး ပြောကြတယ်။ အဲဒီ အဓိပ္ပါယ်မျိုး မဟုတ်ဘူးနော်၊ ဒွိဟိတ်ပုဂ္ဂိုလ်တွေအနေနဲ့ ဒီဘဝမှာ အဆင့်မမီပေမယ့် ကြိုးစားရမယ်၊ ကြိုးစားသလောက်တော့ သူရောက်သွားမှာပဲ၊ သို့သော်လည်း အဆင့်မြင့်သည်အထိတော့ သူ မပေါက်ရောက်နိုင်ဘူး၊ ဘာဖြစ်လို့ မပေါက်ရောက်နိုင်လဲ ဆိုတော့ အခြေခံက ဒါလောက်ပဲ လက်လှမ်းမီတာကိုး၊ အခြေခံ စွမ်းအား IQ က သိပ်မမြင့်ဘူးပေါ့၊ သိပ်မမြင့်သည့် အတွက်ကြောင့် အဆင့်အမြင့်ကြီးကို မရနိုင်ဘူး။

http://www.dhammadownload.com



တစ်ခါလူသားထဲမှာ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ခု နဲ့ ပဋိသန္ဓေတည်တဲ့ ပုဂ္ဂိုလ်ကျတော့ အလောဘဆိုတဲ့ ဟိတ်လည်းရှိတယ်, အဒေါသဆိုတဲ့ ဟိတ်လည်းရှိတယ်, အမောဟဆိုတဲ့ ဟိတ်လည်းရှိတယ်၊ ဟိတ် ၃-မျိုးရှိတဲ့ အတွက်ကြောင့် သူ့ကို "တိဟိတ် ပုဂ္ဂိုလ်" လို့ခေါ်တယ်။ တိဟေတုက ဆိုတဲ့ ပါဠိကိုကြည့်ပြီး တိဟိတ် ပုဂ္ဂိုလ်တဲ့၊ သူ့ကျတော့ ထက်မြက်တယ်၊ ဘာလေး သင်လိုက်သင်လိုက် သူက အင်မတန်မှ သိလွယ်တယ်၊ ဉာဏ်က ထက်မြက်တယ်, လျင်မြန်တယ်, ဖြတ်လတ်တယ် ဆိုတဲ့ အနေအထားမျိုးရောက်တယ်။

ဒွိဟိတ်ပုဂ္ဂိုလ် တိဟိတ်ပုဂ္ဂိုလ်ကို အကြမ်းဖျဉ်းအားဖြင့် ဘယ်လိုလုပ် သိနိုင်တုန်းလို့ မေးမယ်ဆိုလို့ရှိရင် တိဟိတ်ပုဂ္ဂိုလ်ဟာ မထိုင်းမှိုင်းဘူး၊ **"သုဘာသိတ ဒုဗ္ဘာသိတ သုအတ္ထံ ဇာနာတိ"** တဲ့၊ ကောင်းသဖြင့် ပြောတဲ့စကားလား၊ မကောင်းသဖြင့် ပြောတဲ့စကားလား၊ အဆိုးနဲ့အကောင်း အကျိုးနဲ့အကြောင်း ခွဲခြားပြီး သိနိုင်တယ်လို့ဆိုရင် တိဟိတ်ပုဂ္ဂိုလ်လို့ပဲ ပြောရမယ်။ တချို့ပုဂ္ဂိုလ်ကျတော့ အဆိုးလား အကောင်းလားလည်းမသိဘူး, အကျိုးလား အကြောင်းလား ဆိုတာလည်း မသိဘူး၊ အဲဒီလို မသိလို့ရှိရင် ဒါ ဒွိဟိတ်ပုဂ္ဂိုလ်ပဲ၊ ထက်မြက်မှုမရှိတဲ့ပုဂ္ဂိုလ်ပဲ။ အဲဒီပုဂ္ဂိုလ်နှစ်ဦးမှာ တိဟိတ်ပုဂ္ဂိုလ်ဖြစ်လာပြီဆိုရင်တော့ ဒီဘဝမှာ ကြိုးစားရင် ကြိုးစားသလောက်, ဝီရိယစွမ်းအားမြင့်ရင်မြင့်သလောက် အသိဉာဏ်အား ပေါက်ရောက် လာနိုင်တယ်တဲ့၊ ဒီဘဝမှာ မဂ် ဖိုလ် နိဗ္ဗာန်ကို ရနိုင်တယ်။

http://www.dhammadownload.com



အဲဒီ တိဟိတ် ပုဂ္ဂိုလ်ထဲမှာ ထပ်ပြီး ခွဲကြည့်မယ်ဆိုရင် 'ပစ္ဆိမ ဘဝိက' ဆိုတဲ့ ပုဂ္ဂိုလ်မျိုး ရှိသေးတယ်။ သူ့ရဲ့ဘဝဟာ နောက်ဆုံးပဲလို့ဆိုတဲ့ အနေအထားမျိုးရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ပစ္ဆိမဘဝ၊ ကံအနေအထားအရ သူကကျတော့ ဉာဏ်ဟာ ပိုပြီး တော့ထက်မြက်လိမ့်မယ်လို့ ယူဆရတယ်၊ စိတ်စွမ်းအားတွေလည်း ပိုပြီးတော့ မြင့်မားလိမ့်မယ်၊ ဆိုလိုတာက level တို့ ဒီဂရီတို့ ဆိုတာ နေရာတိုင်းမှာ ရှိမယ်ပေါ့၊ တိဟိတ်ပုဂ္ဂိုလ်ရဲ့ level ထဲမှာ လည်း ပိုပြီးတော့ထက်တဲ့ တိဟိတ် ပုဂ္ဂိုလ်ရဲ့ level ဆိုတာ ရှိသေးတယ်။

ပင်ကိုယ်က ဉာဏ်ထက်လို့ တိဟိတ်ပုဂ္ဂိုလ် ဖြစ်လာပြီ ဆိုလို့ ရှိရင် စာပေတွေမှာဘယ်လိုသုံးတုန်းဆိုလို့ရှိရင် ဥပနိဿယသမ္ပတ္တိ တဲ့၊ အခြေခံကောင်းတွေ ရှိနေတဲ့ ပုဂ္ဂိုလ်တဲ့၊ အဲဒီပုဂ္ဂိုလ်မျိုးဟာ ဘုရားနဲ့တွေ့ပြီး တရားနာလိုက်ရပြီဆိုရင် ကျွတ်သွားတဲ့ ပုဂ္ဂိုလ်မျိုး ပေါ့။ တရားထူး တရားမြတ် ရသွားတယ်။ သို့သော်လည်း အဲဒီလို ဥပနိဿယသမ္ပတ္တိ အခြေခံကောင်းတွေ ရှိသော်လည်း တရားထူး တရားမြတ်မရတဲ့ ပုဂ္ဂိုလ်တွေရော မရှိနိုင်ဘူးလား ဆိုလို့ရှိရင် ရှိတယ်၊ အများကြီးရှိတယ်၊ ဟောဒီ ပရိသတ်တွေထဲမှာလည်းပဲ အခြေခံကောင်းတွေရှိပြီး တရားထူး တရားမြတ် မရသေးတဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်နော်။

ဥပနိဿယသမ္ပတ္တိလို့ဆိုတဲ့ တိဟိတ်ပဋိသန္ဓေ အနေအထား ပေမယ့်လို့ ဘာဖြစ်လို့ မရသေးတာတုန်းဆိုလို့ရှိရင် မရင့်ကျက် သေးတာလည်း ဖြစ်လိမ့်မယ်, မလုပ်သေးတာလည်း ဖြစ်လိမ့်မယ်, ဆန္ဒမပြင်းထန်သေးတာလည်း ဖြစ်လိမ့်မယ်။ အခြေခံအကြောင်း

http://www.dhammadownload.com



ကတော့ သူက စွမ်းအားတွေ အများကြီးလိုတယ်လေ၊ ပြီးတော့ မြတ်စွာဘုရား တရားဟောတဲ့အခါမှာ ဘယ်ပုဂ္ဂိုလ်က ဘယ်တရားနဲ့ တန်တယ်ဆိုတာ မြတ်စွာဘုရားက ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်ကို ကြည့်ပြီးတော့ သူနဲ့တန်တဲ့တရား တစ်ခါတည်းဟောတော့ အသိဉာဏ်က ချက်ချင်း ပွင့်သွားတယ်။

မြတ်စွာဘုရားကနည်းလမ်းတွေအကုန်သိတော့ နည်းလမ်းစုံသုံးတယ်။ ကျန်တဲ့ သာဝကတွေကျတော့ ဘုရားဟောတဲ့ တရားထဲကနေ ရမ်းပြီးတော့ ဟောရတာဆိုတော့ လူအုပ်ထဲကို ခဲနဲ့ပစ်ရင် မှန်တဲ့သူကို မှန်မှာပေါ့။ တရားဟောရတာက အဲဒီလို ရမ်းပြီးတော့ ကြံနေရတဲ့ဟာမျိုးပဲ။ ဘုရားဟောတဲ့တရားတွေ ယူပြီးဟောတော့ ထိတဲ့သူ ထိတယ်, မထိတဲ့သူ မထိဘူးပေါ့၊ ပေါက်ရောက်တဲ့သူ ပေါက်ရောက်တယ်, မပေါက်ရောက်တဲ့သူ မပေါက်ရောက်ဘူး၊ စိတ်ထဲ တွေ့သွားတဲ့သူရှိတယ်, စိတ်ထဲ မတွေ့တဲ့သူလည်း ရှိမှာပဲ၊ ဘာဖြစ်လို့တုန်းဆိုရင် လူရဲ့စိတ်ကို သိတာမှမဟုတ်ဘဲ၊ မြတ်စွာဘုရားကတော့ စိတ်ကိုသိလို့ လွဲမှားမှု မရှိတော့ဘူး။

အဲဒီထဲမှာ **ဥပနိဿယသမ္ပတ္တိ ဆိုတဲ့ အခြေခံကောင်းတွေ** ရှိတဲ့ တိဟိတ်ပုဂ္ဂိုလ်တွေတောင်မှပဲ တစ်ခါတစ်ရံ သူတို့ အခြေအနေကောင်းတွေ ပျက်စီးသွားတာတွေ ရှိတတ်သေးတယ်တဲ့။ ဒါက သတိထားစရာ ကောင်းတယ်။ ပျက်စီးသွားတာ ဘာကြောင့်ပျက်စီးတာတုန်းဆိုရင် နံပါတ်(၁)က external condition ကြောင့်ဖြစ်တယ်၊ အပေါင်းအသင်းပဲ။ **ပါပမိတ္တ** မကောင်းတဲ့သူနဲ့ ပေါင်းမိတယ် ဆိုလို့ရှိရင် အခြေခံကောင်းတွေ ပျက်စီးသွားနိုင်သေးတယ်။ ဆိုပါစို့ - မိတ်ဆွေယုတ်နဲ့ ပေါင်းမိသွားတဲ့အတွက်

http://www.dhammadownload.com



ကြောင့် ကံငါးပါး ကျူးလွန်မိရင် (ကံငါးပါးဆိုတာ အာနန္တရိယ ကံငါးပါးကို ပြောတာ၊ အမိကို သတ်တဲ့ကံ, အဖကို သတ်တဲ့ကံ, ရဟန္တာကို သတ်တဲ့ကံ, သံဃာကို သင်းခွဲတာ၊ သံဃာ သင်းခွဲတာ ကတော့ လူတွေနဲ့ မဆိုင်ဘူး၊ ရဟန်းတွေနဲ့ပဲ ဆိုင်တယ်၊ သံဃာ သင်းခွဲတာကို ကျူးလွန်နိုင်တဲ့ပုဂ္ဂိုလ်က ရဟန်းပဲ ဖြစ်ရမယ်၊ လူ မဟုတ်ဘူး၊ သံဃဘေဒကကံ ထိုက်တယ်ဆိုတာ လူဝတ်ကြောင်မှာ မထိုက်ဘူး၊ သို့သော် အားပေးအားမြှောက် ပြုမယ်ဆိုရင် အပြစ် တော့ ဖြစ်တယ်၊ သို့သော် အာနန္တရိယကံအဆင့် ကံကြီးဆိုတာ တော့ မဟုတ်ဘူး၊ နောက် လောဟိတုပ္ပါဒကကျတော့ ရဟန်း ဖြစ်ဖြစ် လူဖြစ်ဖြစ် ထိုက်နိုင်တယ်၊ ဘုရားကို သွေးစိမ်းတည် အောင် လုပ်တယ်) အဲဒီ ကံငါးပါးကို ကျူးလွန်မိတယ်ဆိုရင် အခြေအနေကောင်းတွေ ပျက်စီးသွားတတ်တယ်။

ဘယ်သူပျက်စီးသွားလဲ ဆိုလို့ရှိရင် ထင်ရှားတာ ပြောရမယ် ဆိုရင် - အဇာတသတ်မင်းကြီး၊ မဂဓပြည့်ရှင်ဘုရင်၊ အဇာတသတ် မင်းကြီးဟာ ဒေဝဒတ်နဲ့ပေါင်းပြီး ပိတုဃာတကကံ ကျူးလွန်မိ တယ်။ ပေါင်းတယ် ဆိုတာကလည်း ဒေဝဒတ်ကို သိပ်ယုံသွားတာ၊ ယုံလောက်အောင်လည်း ဒေဝဒတ်က လုပ်ပြတယ်။ တန်ခိုးတွေ ပါဝါတွေ၊ ဒါ သိပ်ပြီးသတိထားစရာကောင်းတယ်၊ လူတစ်ယောက် တန်ခိုးပါဝါ အာဏာပြပြီဆိုရင် အဲဒီလူပေါ်မှာ လုံးဝမှိတ်ပြီး ယုံသွားလို့ရှိရင် ကိုယ့်မှာ ဒုက္ခရောက်တတ်တယ်။ ဒေဝဒတ်က အဇာတသတ်ကို သွားစည်းရုံးတဲ့အခါမှာ ရိုးရိုးစည်းရုံးတာ မဟုတ် ဘူး၊ အဲဒီတုန်းက သူ့မှာ တန်ခိုးအဘိညာဏ် ရှိနေသေးတယ်။ သို့သော် မကောင်းတဲ့ စိတ်ကလေးတော့ ဝင်စပြုနေပြီ၊ အဲဒီ

http://www.dhammadownload.com



မကောင်းတဲ့စိတ်ကြောင့်မို့လို့ သူ ရထားတဲ့ ဂုဏ်ထူးဝိသေသတွေဟာ အကုန်လျော့ပြီးတော့ ပျက်စီးသွားတယ်။

သူ့စိတ်ထဲမှာ ဘာပေါ်လာတုန်းဆိုတော့ "သာရိပုတ္တရာတို့ မောဂ္ဂလာန်တို့ ဆိုတာတွေက သိပ်နာမည်ကြီးတယ်၊ ဘုရားရဲ့ တပည့်၊ သူလည်း ဘုရားတပည့်၊ အတူတူပဲ၊ အာနန္ဒာတို့လည်း popular ဖြစ်တယ်၊ သူများ popular ဖြစ်တော့ သူလည်း ဖြစ်ချင်လာတယ်၊ ဒါပါပဲ" လူ့စိတ်ဟာ ဒါပါပဲနော်၊ ရှင်သာရိပုတ္တရာတို့ ရှင်မောဂ္ဂလာန် တို့ နာမည်ကြီးလာတယ်၊ လူတွေက ကြည်ညိုကြတယ်၊ ရှင်အာနန္ဒာတို့များ ငါနဲ့ သက်န်းတူတူ ဝတ်လာတာ၊ သူတို့ကျတော့ နာမည်ကြီးတယ်၊ ဒေဝဒတ်ကျတော့ မေးမယ့်သူ မရှိဘူး၊ မေးမယ့်သူ မရှိတဲ့အခါ နာမည်ကြီးအောင် လုပ်ချင်လာတယ်။

အဲဒီအခါ ဘယ်သူ့သွားစည်းရုံးတုန်းဆိုရင် အဇာတသတ်မင်းကို သွားစည်းရုံးတယ်။ အဲဒီအချိန်မှာ မဂဓတိုင်းမှာ ဗိမ္ဗိသာရမင်းကြီးက အုပ်ချုပ်နေတာ။ ဗိမ္ဗိသာရမင်းတော့ သွားစည်းရုံးလို့ မရဘူး၊ လူကြီးလည်း လူကြီး, သောတာပန်လည်း သောတာပန်ဖြစ်နေတော့ သူ့စည်းရုံးလို့ မဖြစ်ဘူးဆိုတာ သူသိနေတယ်။ ဒါကြောင့်မို့ ဘယ်သူ့ သွားစည်းရုံးတုန်းဆိုလို့ရှိရင် ခပ်ငယ်ငယ်, သိပ်ပြီးတော့ မလိမ်မိုး မလိမ်မာ ဘုရင်ဖြစ်ဖို့အလားအလာလည်း ကောင်းနေတယ်၊ ဘုရင်ကြီးက ဦးစားလည်း ပေးထားတယ်၊ မိဖုရားခေါင်ကြီးရဲ့ သားဖြစ်တဲ့ အဇာတသတ်ကို သွားစည်းရုံးတယ်။

http://www.dhammadownload.com



စည်းရုံးတဲ့အခါမှာ သူက ဘယ်လောက်ထိအောင် စည်းရုံးလိုက်တုန်းဆိုရင် မင်းသားရုပ်ကလေး ဖန်ဆင်းလိုက်တယ်။ သူ့ကိုယ်သူ ဖန်ဆင်းလိုက်ပြီးတော့ အဲဒီ မင်းသားရုပ်ကလေးကို မြွေတွေနဲ့ တန်ဆာဆင်ထားတယ်။ ကြောက်လည်း ကြောက်စရာကြီးပေါ့။ ဘွားကနဲဆိုပြီးတော့ အဇာတသတ်မင်းသားရဲ့ ရင်ခွင်ထဲမှာ မြွေမင်းသားလေး လာပြီးပေါ်တော့ ဟိုက လန့်တာပေါ့၊ တအားကြောက်သွားတာပေါ့။ မြွေတွေနဲ့ တန်ဆာဆင်ထားတဲ့ မင်းသားလေး သူ့ရဲ့ရင်ခွင်ထဲ ဘွားခနဲ ပေါ်လာတဲ့အခါကျတော့ သိပ်ကြောက်သွားတယ်၊ သိပ်ကြောက်သွားတဲ့အခါ လန့်ဖြန့်ပြီး "ဘယ်သူတုန်း" လို့မေးတော့ "ငါ ဒေဝဒတ်ပါ" လို့ပြောတယ်။ ဒေဝဒတ်က ရဟန်းပုံစံနဲ့ပြတယ်၊ ရှင်ဒေဝဒတ်ပေါ့။ အဲဒီကျတော့ သိပ်ပြီးတော့ ယုံသွားတာပေါ့၊ တန်ခိုးကြီးလိုက်တာဆိုပြီး ယုံသွားတယ်၊ အဲဒီနောက်ပိုင်း တန်ခိုးဖန်ဆင်းလို့ မရတော့ဘူး။ နန်းတော်က ဆင်းတာတောင် ဒီအတိုင်း ဆင်းသွားလိုက်ရပုံရတယ်၊ ကောင်းကင် မပျံနိုင်တော့ဘူး။

ဘာဖြစ်လို့တုန်း ဆိုလို့ရှိရင် သူ့စိတ်ထဲမှာ အဲဒီလို အဇာတသတ်ကို စည်းရုံးလို့လည်းရလာရော သံဃာ့ဂိုဏ်းကို **သူခေါင်းဆောင်တော့မယ်ဆိုတဲ့ စိတ်ယုတ်ဝင်လာတယ်၊ ဝင်တာနဲ့ တစ်ပြိုင်နက် သူ ရ,ထားတဲ့ ဈာန်အဘိညာဉ်တွေဟာ ပျက်စီးသွားတယ်၊** အဲဒီ ဈာန် အဘိညာဉ်တွေ ပျက်စီး ဆုံးရှုံးသွားပြီးတော့ နောက်ထပ် သူ ဒါမျိုး လုပ်ပြလို့မရဘူး၊ မရတာကို အဇာတသတ်က မသိဘူးလေ၊ "ဒေဝဒတ် ဘုန်းကြီးတယ်" ဒီဟာလေးပဲ သူ့စိတ်ထဲမှာ စွဲနေပြီးတော့ ဘယ်ဟာမဆို

http://www.dhammadownload.com



ရှင်ဒေဝဒတ် အကုန်သိတယ် ဆိုပြီးတော့ ယုံကြည်သွားတယ်။ တကယ်ဆိုရင် ရှင်ဒေဝဒတ်ဟာ အဲဒါ နောက်ဆုံးလုပ်ပြခြင်းပဲ၊ အဲဒီ နောက်မှာ သူ့မှာ ဘာပါဝါမှ မရှိတော့ဘူး၊ အကုန်လုံး ဆုံးရှုံးသွားပြီ။

ဘယ်သူက အဲဒီပါဝါတွေကို ဆုံးရှုံးစေသလဲလို့ ဆိုလို့ရှိရင် သူ့ရဲ့ ယုတ်မာတဲ့စိတ်ဓာတ်ပဲ၊ မကောင်းတဲ့အကြံပဲ၊ ဆိုးယုတ်တဲ့ အတွေးကြောင့်မို့လို့ အဲဒီ အဘိညာဉ်တွေက နောက်ထပ် ပြန်လုပ်တာ မရတော့ဘူး၊ ဆုံးရှုံးသွားပြီ၊ အင်မတန်ကြောက်စရာ ကောင်းတယ်နော်။

အဲဒီအချိန်မှာ အဇာတသတ်ဟာ ဒေဝဒတ်ပြောတဲ့ အလုပ် တွေ အကုန်လုံး လိုက်လုပ်တယ်၊ နောက်ဆုံးမှာ သူ့အဖေ ဖမ်းဖို့ ပြောတယ်, ဖမ်းတယ်၊ ထောင်ချခိုင်းတယ်, ထောင်ချတယ်၊ အကုန်လုပ်တယ်၊ ထောင်ချပြီးတော့ သူက သတ်ဖို့ နဂိုတုန်းက စိတ်ကူးမရှိပါဘူး။ ဒေဝဒတ်က ပြောတယ်၊ "မင်းက သားရေနဲ့ လုပ်ထားတဲ့ စည်ထဲကို မြေခွေးထည့်ပြီးတော့ ကျက်ထားသလိုပဲ" တဲ့၊ "မင်းအဖေက မင်းကို အခု နန်းပေးလိုက်တာဟာ ခဏ ပေးတာ၊ တစ်နေ့ကျရင် ပြန်သိမ်းလိမ့်မယ်" တဲ့။ "အဲဒါဆို ဘယ်လို လုပ်ရမှာတုန်း" ဆိုတော့ "အပြတ်ဖြတ်ပေါ့" သူက အကြံပေး တယ်။

အဲဒီလိုအကြံပေးတဲ့အခါ မင်းမျိုးတွေရဲ့ ထုံးတမ်းစဉ်လာ က "မင်းသွေး မြေမကျရဘူး" ဆိုပြီးတော့ ဓားနဲ့သတ်တာမျိုး မလုပ်ရဘူး၊ မြန်မာပြည်မှာလည်း အဲဒီအစဉ်အလာ ရှိတယ်လေ။ စကြာမင်းလေး ရေချတယ်ဆိုတာ၊ အဲဒါ မင်းသွေး မြေကျရင်

http://www.dhammadownload.com



မကောင်းဘူးလို့ ဆိုပြီးတော့ မင်းတွေကို သတ်လို့ရှိရင် များသော အားဖြင့် ဝါးရင်းတုတ်နဲ့ လည်ပင်းရိုက်သတ်တာများတယ်၊ ဓားနဲ့ ခုတ်သတ်တာမျိုး မလုပ်ဘူး၊ စစ်ပွဲမှာ တိုက်တာကတော့ တစ်မျိုး ပေါ့နော်၊ သေဒဏ်ပေးလို့ သတ်ပြီဆိုရင်တော့ လည်ပင်းကို ဝါးရင်းတုတ်နဲ့ ရိုက်သတ်တာ များတယ်၊ တချို့ကျတော့လည်း အဝတ်ထဲထည့်ချုပ်ပြီးတော့ တစ်ခါတည်း ရေမြှုပ်ပစ်တာမျိုး လုပ်လေ့ရှိတယ်။ အဲဒီလို **'အသတ္ထဃာတ'** ဓားနဲ့ မသတ်ထိုက်ဘူး ဆိုတာ အစဉ်အလာရှိတဲ့အတွက်ကြောင့် ဓားနဲ့သတ်စရာမလိုဘူး၊ ထောင်ထဲ ထည့်ထားလိုက်တာနဲ့ပြီးပြီ၊ ထောင်ထဲထည့် အစာ ဖြတ်ပြီး သတ်ခိုင်းတာ။

အစာဖြတ်ထားပေမယ့်လို့ ဗိမ္ဗိသာရမင်းကြီးက မသေဘူး လေ၊ အားလုံးသိတဲ့အတိုင်းပဲ၊ ဘာဖြစ်လို့တုန်းဆိုတော့ စျာန် ဝင်စားပြီးတော့ **ပီတိဘက္ခ** ပီတိနဲ့နေလို့ ရနေတာ။ အဲဒီလို မသေတဲ့အခါကျတော့ ပထမတော့ သူ့ရဲ့မယ်တော်ကြီးက ခိုးခိုး ကျွေးတယ်ပေါ့။ ဇာတ်လမ်းကို အကုန်မပြောတော့ဘူးနော်။ နောက်ဆုံးကျတော့ အစာတွေ အကုန်ဖြတ်၊ မယ်တော်ကြီးလည်း ဝင်ခွင့်မပြုတော့ဘူး။ နောက်ဆုံး ဘာနဲ့ အသက်ရှင်နေတုန်း ဆိုတော့ လမ်းလျှောက်ပြီးတော့ စျာန်ဝင်စားပြီး အသက်ရှင်နေ တယ်၊ နောက်ကျတော့ လမ်းမလျှောက်နိုင်အောင် ခြေထောက်ကို ဓားနဲ့ခွဲတယ်။

ဗိမ္ဗိသာရမင်း ခြေထောက်ဓားခွဲတာလည်း အမျိုးမျိုးပြောကြ တယ်၊ ဘုန်းကြီးကျောင်းထဲ ဖိနပ်စီးလို့တဲ့၊ ဟိုလိုပြော ဒီလိုပြော၊ ဘုရားရင်ပြင်ပေါ် ဖိနပ်စီးလို့တို့၊ တကယ်ကတော့ **'ပဒုဋ္ဌစိတ်'** လို့

http://www.dhammadownload.com



ခေါ်တယ်။ ပဒုဋ္ဌ ဆိုတာ ပြစ်မှားလိုတဲ့စိတ်နဲ့ လုပ်ခဲ့တာ။ ဆိုလို တာက ရွှေတိဂုံဘုရားကြီးကို ကြည့်လိုက်မယ် ဆိုလို့ရှိရင် ပန်းတင်ခုံရှိတယ်၊ အောက်ခြေက ပစ္စယာသုံးဆင့်လို့ခေါ်တယ်။ ရှေးတုန်းက အဲဒီ ပစ္စယာသုံးဆင့်က ဘာလုပ်ထားတာတုန်းဆိုရင် ပန်းတွေတင်ပြီး ပူဇော်ကြတာ။ ဒါကြောင့်မို့ ပစ္စယာသုံးဆင့်က စေတီရဲ့အခြေခံပါ၊ အဲဒီမှာ ပန်းတွေတင်ပြီးတော့ လူတွေက ပူဇော်ကြတယ်၊ ပန်းမွှေ့ရာ ခင်းပြီးတော့ ပူဇော်တယ်၊ အဲဒီလို သူများတွေက ပန်းတင်ပြီးပူဇော်တဲ့ နေရာကို သူက ပမာမခန့် မလေးမစားလုပ်ပြီး ဖိနပ်စီးသွားတယ်ပေါ့။ အဲဒီလို မလေးမစား လုပ်ခဲ့တဲ့ အကုသိုလ်လို့ ဒီလိုဆိုပါတယ်။

မြန်မာလူမျိုးတွေက အကြောက်လွန်ပြီးတော့ ဘုန်းကြီး ကျောင်းထဲမှာ ဖိနပ်စီးရင်တောင်မှပဲ ကြောက်ကြတယ်၊ ကြောက် တာတော့ ခြေဖဝါး ခွာခွဲခံရမှာ ကြောက်တာပါ။

အေး - အဲဒီလိုနဲ့ နောက်ဆုံးကျတော့ သတ်ဖြတ်ခြင်းကို ခံလိုက်ရတယ်၊ ပိတုဃာတကကံကြီး ကျူးလွန်လိုက်တာနဲ့ တစ်ပြိုင် နက် အဇာတသတ်ဘုရင်ကြီးမှာ ပါလာတဲ့ ဥပနိဿယသမ္ပတ္တိ တိဟိတ်ပဋိသန္ဓေ နေခဲ့တယ်ဆိုတဲ့ အခြေခံတရားဟာ မဂ် ဖိုလ် နိဗ္ဗာန်ရလောက်အောင် အခွင့်အရေး မပေးတော့ဘူး၊ ပျက်စီး သွားပြီ၊ ဘာဖြစ်လို့တုန်းဆိုတော့ အာနန္တရိယကံကြီးကို ကျူးလွန်မိ သွားလို့။

ဒါကြောင့်မို့ သာမညဖလသုတ်ကို ဟောပြီးတဲ့အဆုံးမှာ မြတ်စွာဘုရားက အဇာတသတ်မင်းကြီးလည်း ပြန်သွားရော ရဟန်းတွေကို ဆက်လက်ပြီးတော့မိန့်တယ်။ "ဒီမင်းဟာ ကိုယ့်

http://www.dhammadownload.com



ကိုယ်ကို ဖျက်ဆီးလိုက်တာ"တဲ့၊ "အခြေခံကောင်းတွေရှိနေတယ်၊ အကယ်၍သာ တရားစောင့်တဲ့ သူ့ရဲ့ခမည်းတော် မင်းတရားကြီးကို သူ မသတ်ဖြတ်ခဲ့ဘူးဆိုရင် ဒီတရားနာပြီး သူ သောတာပန်ဖြစ်သွားမှာ" လို့ မိန့်တော်မူတယ်။

အဲဒီလို အခြေခံကောင်း ရှိလျက်နဲ့ ပျက်စီးသွားတာ အကြောင်း နှစ်မျိုးရှိတယ်တဲ့- နံပါတ်(၁)က External Condition - မိတ်ဆွေယုတ်နဲ့ ပေါင်းဖက်မှုတဲ့။ အဲဒါကြောင့် မြတ်စွာဘုရားက မင်္ဂလသုတ်မှာ "**အသေဝနာစ ဗာလာနံ**" တဲ့၊ လက်လွှန်သွားတယ်၊ ဒေဝဒတ်စကား သွားနားထောင်မိတယ်၊ "ပေါင်းသင်းတယ်" ဆိုတာ အဲဒါပြောတာ။ သူ့စကား နားထောင်တာ, သူလုပ်တာ လိုက်လုပ်တာ - ဒါ "ပေါင်းတယ်" ခေါ်တယ်နော်၊ ဒါမျိုးကို ဆိုလိုတယ်။ အဲဒီတော့ ဒေဝဒတ်ဆိုတဲ့ မိတ်ဆွေယုတ်နဲ့ ပေါင်းမိသည့်အတွက်ကြောင့် သူ့ရဲ့ အခြေခံကောင်းတွေ ဆုံးရှုံးသွားတယ်။

နောက် နံပါတ်(၂)က "**ကိရိယာ ပရိဟာနိ**" လို့ ခေါ်တယ်၊ ကိုယ့်ရဲ့ လုပ်ဆောင်ရမယ့်ကိစ္စတစ်ခု မလုပ်ဆောင်မိရင်လည်း အခြေခံကောင်းတွေ ဆုံးရှုံးသွားတယ်တဲ့၊ အဲဒါကျတော့ "တရားဟောပြောသူနဲ့ ကာယကံရှင်" နှစ်ဦး သက်ဆိုင်မှုရှိတယ်တဲ့။

**'ကိရိယာ ပရိဟာနိ'** တရားဟောတဲ့ပုဂ္ဂိုလ်က ပြည့်ပြည့်စုံစုံ ဟောမပြနိုင်ဘူး ဆိုလျှင်လည်းပဲ - အဲဒီပုဂ္ဂိုလ်က ဆိုပါစို့ - နည်းကောင်း လမ်းကောင်း မပေးနိုင်ဘူးဆိုရင် တရားထူး တရားမြတ် ရနိုင်လောက်တဲ့ အနေအထား ရှိလျက်သားနဲ့ အဲဒီ ပုဂ္ဂိုလ်က တရားထူး တရားမြတ် မရဘူးတဲ့။ အဲဒါ ဟောပြောသူ

http://www.dhammadownload.com



ဘက်က ချို့ယွင်းချက်ပဲ။ လုပ်ဆောင်သူဘက်က ချို့ယွင်းချက်ကတော့ မကြိုးစားတာတို့ မလုပ်တာတို့ တရားအားမထုတ်တာတို့ ပျင်းတာတို့။ အဲဒါ လုပ်ဆောင်သူဘက်က ချို့ယွင်းချက်တဲ့။

**ကိရိယာ ပရိဟာနိ** နေရာမှာ မြတ်စွာဘုရားနဲ့ ပြောမယ်ဆိုရင် ဘုရားဘက်က ချို့ယွင်းချက်မရှိဘူး၊ ရဟန္တာတွေဘက်က ရှိနိုင်တယ်တဲ့။

ကြည့်လေ - ဓနဉ္စာနိပုဏ္ဏားကို ရှင်သာရိပုတ္တရာက တရားဟောတယ်၊ အစွဲတွေ ချွတ်တယ်၊ ချွတ်ပြီး နောက်ဆုံးကျတော့ "ပုဏ္ဏားတွေဟာ ဗြဟ္မာ့ပြည်ကို သိပ်ရောက်ချင်တဲ့ကောင်တွေ" ဆိုပြီးတော့ ဗြဟ္မာ့ပြည်တွင် ပို့ထားပစ်ခဲ့တာ၊ တကယ်တော့ သူက ဗြဟ္မာ့ပြည်တွင် မကဘူး, တရားထူး တရားမြတ်ရနိုင်တဲ့အဆင့် ရှိရဲ့သားနဲ့ သူက ဗြဟ္မာ့ပြည်အဆင့်လောက်တင် ချန်ထားခဲ့ပြီးတော့ ဟိုက တရားထူး တရားမြတ် ရတဲ့အဆင့် မရောက်သွားဘူးပေါ့။ အဲဒါကျတော့ ရှင်သာရိပုတ္တရာရဲ့ လုပ်ဆောင်မှု အားပျော့တယ်လို့ ဒီလိုပြောတယ်၊ ဟောပြောတဲ့ပုဂ္ဂိုလ်ရဲ့ အားပျော့မှုလို့ ဒီလိုပြောတယ်။

နောက်တစ်ခုမှာ ရွှေပန်းတိမ်သည်ရဲ့ သားလေးကို လူငယ်လူရွယ်ဖြစ်လို့ ကာမဂုဏ်စိတ်တွေ ငြိမ်သွားအောင် ဆိုပြီးတော့ အသုဘကမ္မဋ္ဌာန်း ပေးတယ်။ ၄-လ အားထုတ်တာ မရဘူး။ ဒါက ရှင်သာရိပုတ္တရာရဲ့ အားပျော့မှုပေါ့၊ ဒီလို ဆိုလိုတယ်ပေါ့နော်။ မြတ်စွာဘုရားကတော့ တစ်မနက်ခင်းလေးအတွင်းမှာပဲ တရားထူး တရားမြတ်ရအောင် ဆောင်ရွက်ပေးလိုက်နိုင်တယ်။ ဘုရားဘက်ကတော့ ချို့ယွင်းချက် လုံးဝမရှိဘူး။ ရဟန္တာတွေဘက်ကတော့

http://www.dhammadownload.com



ချို့ယွင်းချက်လေးတွေရှိနိုင်တယ်၊ ဘာဖြစ်လို့ရှိရတာတုန်းဆိုတော့ မြတ်စွာဘုရားလို အာသယာနုသယဉာဏ် နဲ့ ဣန္ဒြိယပရော-ပရိယတ္တိဉာဏ်ဆိုတာ ရဟန္တာတွေမှာ လုံးဝမရှိဘူးတဲ့။ ပစ္စေကဗုဒ္ဓတောင်မှ မရှိဘူးတဲ့၊ လူရဲ့ အတွင်းအဇ္ဈာသယကို သိဖို့ဆိုတာ မရှိဘူးတဲ့။ ဥပနိဿယသမ္ပတ္တိလို့ဆိုတဲ့ တိဟိတ်ပုဂ္ဂိုလ် ဖြစ်လာတဲ့ အခါမှာ ဒီအကြောင်းတွေနဲ့ ဆုံစည်းမိဖို့က အင်မတန်မှအရေးကြီးသေးတယ်။

ခွဲလိုက်မယ်ဆိုလို့ရှိရင် 'ကလျာဏမိတ္တ' ကောင်းတဲ့ မိတ်ဆွေနဲ့ ပေါင်းမိဖို့လည်း လိုသေးတယ်၊ 'ကိရိယာပရိဟာနိ' မဖြစ်အောင် ဟောပြော နည်းပေးလမ်းပြတဲ့ဆရာက ပြည့်စုံဖို့ လိုသေးတယ်။ နောက်ထပ် 'ကိရိယာပရိဟာနိ' မဖြစ်အောင် ကိုယ်တိုင်က ကြိုးစားဖို့ လိုသေးတယ်လို့ အကြောင်းသုံးမျိုး။ အဲဒါမှသာလျှင် တရားထူး တရားမြတ်ရဖို့ဆိုတာ ဖြစ်နိုင်တယ်။

မိမိကိုယ်တိုင်ကတော့ စွမ်းဆောင်မှုရှိပါရဲ့၊ နည်းပေးလမ်းပြလုပ်မယ့် ပုဂ္ဂိုလ်မရှိဘူးဆိုလျှင် တရားထူးတရားမြတ် မရနိုင်ဘူး။ နည်းပေးလမ်းပြလုပ်မယ့် ပုဂ္ဂိုလ်ရှိပါလျက် ကိုယ်က မလုပ်ဘူးဆိုရင်လည်း မရနိုင်ဘူး၊ အဲဒီလိုပေါ့၊ တိဟိတ်ပုဂ္ဂိုလ်ရဲ့ အနေအထားက အဲဒီလိုရှိတယ်။

တစ်ဖန် ပစ္ဆိမဘဝိကဆိုတဲ့ ပုဂ္ဂိုလ်မျိုးကျတော့ သူက ပိုပြီးတော့ စွမ်းဆောင်မှုရှိတယ်။ ပစ္ဆိမဘဝိက ဆိုတဲ့ပုဂ္ဂိုလ်ဟာ ဒီဘဝဟာ နောက်ဆုံးဘဝ၊ သေလောက်တဲ့ အနေအထားတွေ ကြုံပေမယ့်လို့ ဘယ်လိုနည်းနဲ့မှ မသေဘူး။ သံကိစ္စသာမဏေတို့ ရှင်ဒဗ္ဗတို့ပဲ ကြည့်ပေါ့နော်၊ သေတွင်းကနေ ထွက်လာတာ၊ ရှင်ဗာကုလ

http://www.dhammadownload.com



တို့ - ငယ်ငယ်လေး၊ မြစ်ထဲမှာရေချိုး၊ ငါးဟပ်သွားလို့ ငါးဗိုက်ထဲ ရောက် သွားရော၊ ငါးဗိုက်ထဲကနေပြီးတော့မှ အသက်မသေဘဲ ပြန်ရှင်လာတာ။ အဲဒီ ပုဂ္ဂိုလ်မျိုးတွေကျတော့ ပစ္ဆိမဘဝိကလို့ ခေါ်တယ်၊ ပစ္ဆိမဘဝိကဆိုတာ လွဲချော်မှုတွေ ဘယ်လောက်ရှိရှိ သေချာပေါက် တရားထူး တရားမြတ်ရတဲ့ ပုဂ္ဂိုလ်မျိုး၊ ဒီလိုလည်း စာပေတွေမှာ ခွဲပြထားတာ ရှိတယ်ပေါ့နော်။

အဲဒီမှာ အားလုံးလူတွေကို ကြည့်မယ်ဆိုရင် ဘဝတစ်ခု အစပြုလိုက်တဲ့အခါမှာ ဥပေက္ခာသန္တီရဏ ကုသလဝိပါက်စိတ် ကလေးနဲ့ စ,ချင် စ,မယ်၊ ဉာဏဝိပ္ပယုတ် မဟာဝိပါက်စိတ်နဲ့ စ,ချင် စ,မယ်၊ ဉာဏသမ္ပယုတ် မဟာဝိပါက်စိတ်နဲ့ စ,ချင် စ,မယ်၊ အဲဒီစိတ် ၉-မျိုး နဲ့ စ,လာတဲ့ ဘဝလေးတစ်ခုဟာ အတိတ်ဘဝနဲ့ အဆက်မပြတ်အောင် ကံအသစ်ကနေ ဖန်တီးပေးလိုက်လို့ ပြန်ပြီးတော့ စပ်မိသွားတယ်၊ စုတိနဲ့ ပြန်စပ်သွားတယ်ပေါ့၊ အတိတ်ဘဝက 'သေ' ဆိုတဲ့ စိတ်ကလေးနဲ့ ဒီဘဝက 'ဖြစ်' ဆိုတဲ့ စိတ်ကလေးနော်၊ လူက လူသားဖြစ်ပြီးတော့ မွေးတာကတော့ ကြာကောင်းကြာလိမ့်မယ်၊ စိတ်ကတော့ ပြတ်မသွားဘူး၊ စုတိစိတ် ဆိုတာ ဖြစ်တာနဲ့တစ်ပြိုင်နက် ပဋိသန္ဓေစိတ်ဆိုတာ နောက်ကနေ ဆက်လိုက်လာတာ၊ အဲဒီပဋိသန္ဓေ စိတ်ကလေး တည်ပြီးတော့ လူ့ရဲ့သန္တာန်မှာ ထွားကြိုင်းမှုဆိုတာ ခုနက embryonic တို့ foetus တို့ လာဖို့ကတော့ အများကြီးပေါ့နော်။ အဲဒါတွေက နောက်မှ လာမှာ၊ ၉-လတို့ ၁၀-လတို့ ဒီလိုဖြစ်လာတာပေါ့၊ အဲဒါ ရုပ်တရား တွေရဲ့ တဖြည်းဖြည်း ကြီးထွားလာမှု။

http://www.dhammadownload.com



နာမ်တရားဖြစ်စဉ်ကတော့ စုတိဆိုတာနဲ့ တစ်ပြိုင်နက်ကံ အသစ်ကနေ ပဋိသန္ဓေဆိုတာကို တစ်ခါတည်းဖန်တီးလိုက်ပြီ။ ဖန်တီးလိုက်ပြီးတော့ ဖြည်းဖြည်းချင်း ကြီးလာတာပါ၊ ဒါက ဇလာဗုဇ, အဏ္ဍဇ ဆိုတဲ့ ဂဗ္ဘသယျကသတ္တဝါတွေပေါ့။ အမိဝမ်းထဲမှာ လူဖြစ်ရတဲ့ ပုဂ္ဂိုလ်တွေ၊ သံသေဒဇ ဆိုတာကျတော့ လူကောင်လုံးပီပီ သေးသေးလေး ဖြစ်လာတာ၊ ဩပပါတိက ဆိုတာကတော့ ဘဝမှာရမယ့် အရွယ်အစားအတိုင်း ဖြစ်လာတာပေါ့။ ပဋိသန္ဓေနေပုံနေနည်း လေးမျိုးရှိတယ်။

အဲဒီလို စလိုက်တာနဲ့တစ်ပြိုင်နက် ပထမဆုံးစိတ်ကလေးကို ပဋိသန္ဓေစိတ်လို့ ခေါ်တယ်။ ဖြစ်ပြီးရင် သူက ပျက်သွားပြီ၊ နောက်ထပ် အလားတူစိတ်ကလေးတွေက ပြန်ပေါ်လာတယ်၊ ဖြစ်လာတယ်။ ဘာကြောင့် ဖြစ်တာတုန်းဆိုတော့ ကံရဲ့အရှိန်ကြောင့်ပဲ။ တစ်သက်လုံး ဒီစိတ်ကလေးက စဉ်ဆက်မပြတ်ဘူးဖြစ်နေမယ်၊ နောက်ဆုံး ဘဝတစ်ခု အဆုံးသတ်ပြီဆိုတော့ စုတိစိတ်လေး ဖြစ်လာမယ်။

အဲဒါကို နိုင်ငံခြားသားတွေ နားလည်အောင် ဘုန်းကြီးက blue line လို့ ပြောတယ်၊ အပြာလိုင်း၊ အပြာလိုင်းဆိုတာ ငြိမ်သက်ပြီးတော့နေတယ်၊ လှုပ်ရှားမှုမရှိဘူး၊ လက်ရှိဘဝနဲ့ ဘာမှ ဆက်စပ်ထားတာ မဟုတ်ဘူးနော်၊ ငြိမ်ပြီးတော့နေတယ်၊ မိခင်ဝမ်းထဲမှာ သန္ဓေတည်စ အချိန်လိုပဲ ငြိမ်နေတယ်၊ သေတော့လည်း ငြိမ်သွားတာပဲ မဟုတ်ဘူးလား၊ အဲ မသေခင် အိပ်နေတော့ရော ငြိမ်နေတာပဲ၊ အဲဒီစိတ်တွေဟာ ဝီထိမုတ်စိတ်တွေလို့ ခေါ်တယ် နော်။ ဝီထိမုတ်ဆိုတာ process free လို့ ပြန်တာ။

http://www.dhammadownload.com



ဒါဖြင့် process ဆိုတဲ့ စိတ်တွေကျတော့ ဘာဖြစ်လို့လဲ၊ စဉ်းစားစရာ ဖြစ်နေတယ်။ ဒါဖြင့် ခုပြောခဲ့တဲ့ ပဋိသန္ဓေစိတ်တို့, ဘဝင်စိတ်တို့, စုတိစိတ်တို့က သူက ဖြစ်စဉ်ကြီးတစ်ခုအနေနဲ့ တစ်သက်တာ နှစ်ပေါင်းများစွာ run နေတာ၊ နှစ်ပေါင်းများစွာ ပြေးနေတာ၊ သွားနေတာ၊ နှစ်ပေါင်းများစွာ ထပ်ထပ် ထပ်ထပ် ဖြစ်နေတာ၊ စဉ်ဆက်မပြတ် ဖြစ်နေတာ။

ဥပမာ - ဖယောင်းတိုင်မီးလေးကို စ,ထွန်းလိုက်တယ်၊ ပထမဆုံး လင်းလာတဲ့ မီးတောက်ကလေး ရှိသလို နောက်ဆုံး ဖယောင်းဆီနဲ့ မီးစာကုန်သွားလို့ နောက်ဆုံးတောက်တဲ့ မီးတောက်လေးရော မရှိဘူးလား၊ အဲဒီနှစ်ခုကြားမှာ လင်းနေတာလေးရော မရှိဘူးလား။ အဲဒီ မီးတောက်တွေ စဉ်ဆက်မပြတ် တောက်နေတာဟာ အကြောင်းတရားတွေက ဆက်ပြီး ဖန်တီးပေးနေတာ။

ထို့အတူပဲ လူ့ရဲ့ဘဝက ဖယောင်းတိုင်မီးလေး ထွန်းလိုက်သလိုပဲ၊ ငြိမ်းသည်ထိအောင် သူ့ရဲ့ဖယောင်းတိုင်ရှည်ရင် ရှည်သလောက်, ဖယောင်းဆီရှိရင် ရှိသလောက်, မီးစာရှိရင် ရှိသလောက် ညလုံးပေါက်လင်းတဲ့ ဖယောင်းတိုင်လည်း ရှိတာပေါ့နော်။ ခဏလေးနဲ့ ကုန်သွားတဲ့ ဖယောင်းတိုင်လည်း ရှိတာပဲ။ အဲဒီတော့ လူ့ဘဝမှာ ဖယောင်းတိုင်မီးလေး ထွန်းလိုက်သလို စပြီးတော့ ပေါ်လာတဲ့ စိတ်လေးကို ပဋိသန္ဓေစိတ်လေးလို့ ခေါ်တယ်၊ နောက်ဆုံး မီးတောက်လေးကို စုတိစိတ်လို့ ခေါ်ပြီးတော့ အလယ်ပိုင်းကဟာတွေကို ဘဝင်စိတ်လို့ ခေါ်ကြရအောင်၊ ဘဝမှာ အဲဒီလိုပဲ။

http://www.dhammadownload.com



အဲဒါတွေက ဒီစိတ်တွေက ဘယ်သူ့ရဲ့စွမ်းအားနဲ့ ထပ်ထပ်ပြီးတော့ ဖြစ်နေရတာလဲ၊ ဘယ်သူရဲ့ စွမ်းအားကြောင့် နောက်ဆုံးမှာ ဒီလုံးဝပျက်စီးသွားတဲ့ အဆင့်ကို ရောက်သွားတာလဲဆိုတာ ကံရဲ့စွမ်းအားပဲ၊ ကံရဲ့အရှိန်အဟုန်ပဲ။

ဟိုတစ်နေ့တုန်းက ပြောခဲ့တယ်၊ မြားတစ်ချောင်းကို ပစ်လိုက်တယ် ဆိုလို့ရှိရင် ပစ်အားရှိသလောက် သူက သွားနေတာ။ ဒုံးပျံ ပစ်လိုက်တယ်ဆိုရင်လည်း ဒုံးပျံရဲ့ပစ်အားရှိသလောက် သူသွားနေတယ်၊ အားကုန်သွားရင် ကျသွားမှာ။ အဲဒီလိုပဲ ကံရဲ့အရှိန်နဲ့ သူက သွားနေတာ၊ အသက်-၈၀ ရှည်မယ့်ကံနဲ့ သွားနေရင် နှစ်ပေါင်း ၈၀ ဖြစ်တယ်ပေါ့၊ ဒီစိတ်ကလေးကနော် - သွားနေမှာပေါ့၊ စဉ်ဆက်မပြတ် သွားနေတာ၊ အဲဒီဖြစ်စဉ်လေးတစ်ခုက။

ဒါဖြင့် သူက ဘာအာရုံနဲ့သွားနေတာတုန်းလို့ မေးလို့ရှိရင် သူ့မှာ ကိုယ်ပိုင်အာရုံလေးရှိတယ်၊ အဲဒီ ကိုယ်ပိုင်အာရုံလေးက အသစ်မဟုတ်ဘူး၊ အတိတ်ဘဝမှာယူထားတဲ့ ကိုယ်ပိုင်အာရုံလေး ရှိတယ်၊ လူတစ်ယောက်မှာ မသေခင် အတိတ်ရဲ့အရိပ်က လာပြီးတော့ လွှမ်းမိုးနေတာ၊ သေခါနီးလူတွေမှာ စိတ်ကို လာပြီးတော့ လွှမ်းမိုးထားတဲ့အာရုံတွေ ရှိတတ်တယ်။ လူမှာ သေခါနီးပြီဆိုရင် တစ်ခုခုက လာပြီးတော့ လွှမ်းမိုးလေ့ရှိတတ်တယ်၊ လွှမ်းမိုးတယ်ဆိုတာ ကိုယ်လုပ်ခဲ့တာတွေကို ပြန်သတိရနေတာလည်း လွှမ်းမိုးတာပဲနော်၊ အကြောင်းအရာတွေ ထင်ပေါ်နေတာလည်း လွှမ်းမိုးတာပဲ၊ ခုမှ အသစ်အဆန်း ပေါ်နေတာလည်း လွှမ်းမိုးနေတာပဲ၊ ကိုယ့်စိတ်ထဲမှာ လွှမ်းမိုးလာတာပဲ။

http://www.dhammadownload.com



အဲဒါကို စာပေအရ ပြောလို့ရှိရင် “ကံအာရုံ, ကမ္မနိမိတ်အာရုံ, ဂတိနိမိတ်အာရုံ” လို့ အာရုံသုံးမျိုး နာမည်ပေးထားတယ်။ အာရုံ ၃-မျိုးဆိုတာ ဒီအာရုံ ၆-ပါးထဲကပဲ၊ သီးသန့်မဟုတ်ဘူးနော်၊ အာရုံ ၆-ပါးထဲက ဟာကိုပဲပြောတာ။ ရူပါရုံလည်း ဖြစ်ချင်ဖြစ်မယ်၊ သဒ္ဒါရုံလည်း ဖြစ်ချင်ဖြစ်မယ်၊ ဂန္ဓာရုံလည်း ဖြစ်ချင်ဖြစ်မယ်။ ကိုယ့်စိတ်ကိုလာပြီး လွှမ်းမိုးနေတာ၊ အိပ်မက်မက်သလိုပဲ၊ ကျန်တဲ့ ပုဂ္ဂိုလ်တွေက မမြင်ရပေမယ့် သူက မြင်နေရတယ်၊ လွှမ်းမိုးလာတာ။

တစ်ခါက အမေရိကန်ကလာတဲ့ အမျိုးသမီးတစ်ယောက်က လျှောက်တယ်၊ ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့မေးတယ်။ သူက နောက်ဆုံးအချိန် ရောက်နေတဲ့လူတွေကို ပြုစုရတဲ့ Nursing Home မှာ အလုပ်လုပ်တယ်။ သူက nurse ။ လူတွေ သေသွားတာကို စောင့်ကြည့်ခဲ့တယ်။

စောင့်ကြည့်တဲ့အခါ တချို့က သေခါနီးလေးမှာ ဘာဖြစ်တာတုန်းဆိုတော့ မျက်နှာလေးက ပြုံးလာတယ်၊ ပြုံးပြီးတော့ သေသွားတာလည်း ရှိတယ်၊ တချို့ကျတော့ မျက်လုံးကြီးပြူး, ပါးစပ်ကြီး ပြဲလာပြီးတော့ ကြောက်လန့်ရှန်းကန်ပြီး သေသွားတဲ့ သူလည်းရှိတယ်။ သေပုံသေနည်း မတူညီတာတွေ အများကြီး ရှိတယ်၊ ဘာဖြစ်လို့ ဒီလိုတွေ ဖြစ်တာတုန်းလို့မေးတယ်။

ဗုဒ္ဓတရားတော်အရ သေခါနီးမှာ ကုသိုလ်ကောင်းမှု အကျိုးပေး အလှည့်ကျတဲ့သူတွေမှာ ဘာတွေဖြစ်တုန်းဆိုရင် ပျော်စရာအာရုံတွေ မြင်တယ်။ မိတ်ဆွေသင်္ဂဟတွေက သူ့ကို လာပြီးခေါ်ကြတယ်၊ ဖိတ်ကြတယ်၊ လှပတဲ့တိုက်ကြီးတွေ၊ ဥယျာဉ်

http://www.dhammadownload.com



ကြီးတွေထဲ ရောက်သွားတယ်၊ အဲဒီလိုမြင်ရတော့ ပြုံးနေမှာပေါ့၊ မဟုတ်ဘူးလား။

ဓမ္မိကဥပါသကာကြီးဆိုရင် သေခါနီး နတ်ပြည်က ရထား ၆-စင်း ဆိုက်လာတယ်၊ ဒါ သူ့မျက်စိနဲ့တော့ မြင်နေတာပဲ၊ နားနဲ့လည်း ကြားနေတာပဲ၊ နတ်တွေစကားပြောနေတာ သူက ကြားတယ်၊ ကျန်တဲ့သူတွေက မကြားဘူး၊ တရားနာနေတဲ့အချိန်မှာ ကောင်းကင်က နတ်ရထား ၆-စင်း၊ နတ်ပြည် ၆-ထပ်က နတ်ရထားတွေ မောင်းလာတာ၊ မောင်းလာပြီး ရောက်လာတဲ့အချိန်က စလို့ ပြောကြတာ၊ အလုအယက် သူ့ရထားနဲ့ လိုက်ခဲ့ပါ၊ သူ့ဆီ လိုက်ခဲ့ပါနဲ့ ဝိုင်းခေါ်ကြတာပေါ့။ အခု ဘတ်စ်ကားမှာ စပယ်ယာတွေ ခေါ်နေသလိုပဲ၊ အဲဒီလိုခေါ်နေတဲ့အသံကို သူက တရားနာနေရင်းနဲ့က အနှောင့်အယှက်ဖြစ်မှာစိုးလို့ "နေကြပါဦး၊ နေကြပါဦး" လို့ ပြောတယ်၊ အဲဒါက သူ့မျက်စိထဲမှာ မြင်နေတာ။ အခု ပြောတဲ့အာရုံတွေ မြင်နေတာ၊ သေခါနီးပြီလေ၊ အဲဒါတွေမြင်နေတဲ့အခါကျတော့ "နေပါဦး၊ နေပါဦး" လို့ ပြောတော့ ဘုန်းကြီးတွေက သူတို့ပြောတာမှတ်လို့ ရပ်လိုက်ပြီး ကျောင်းပြန်သွားကြတယ်၊ နောက်ကျတော့မှ အဲဒါ သူက နတ်ရထားတွေ ခေါ်တဲ့အကြောင်း ရှင်းပြတယ်။ အဲဒီတော့ ကောင်းရာ သုဂတိဆိုရင် ကောင်းတဲ့ ရထားတွေက လာခေါ်သွားတယ်။

ကြောက်ကြောက်လန့်လန့်သမားတွေကျတော့ လူနက်ကြီး ရောက်လာတယ်၊ ကြိုးနဲ့တုတ် ခေါ်သွားတယ်၊ ဓားမိုးပြီး ခေါ်သွားတယ်၊ အဲဒီလို ခေါ်သွားတဲ့အခါ ကြောက်ပြီး မျက်လုံးကြီးပြူး၊ ပါးစပ်ကြီး ဟပြီးနေတယ်၊ ကြောက်လွန်းလို့၊ အဲဒီလိုဟာမျိုးပေါ့။

http://www.dhammadownload.com



ဒီလိုဖြစ်တတ်တယ်၊ အဲဒီအာရုံတွေက အတုအယောင် အာရုံတွေ မဟုတ်ဘူး၊ သူ့အဖို့မှာ အစစ်အမှန်တွေချည်းပဲ။

စိတ္တသူကြွယ်ဆို ကြည့်လေ - သေခါနီးလေးမှာ နတ်တွေက ရောက်လာကြတယ်တဲ့။ ရုက္ခစိုးနတ်တွေတို့, ဆေးပင်တွေစောင့် နတ်တွေတို့၊ အဲဒီလိုနတ်တွေက ရောက်လာကြပြီးတော့ သူ့ကို ဝိုင်းပြီးတော့ ဘာပြောကြတုန်းဆိုလို့ရှိရင် "စိတ္တသူကြွယ်၊ စိတ္တ သူကြွယ် - စိတ်ကူးမလွဲနဲ့၊ နောင်ဘဝ စကြာမင်းဖြစ်အောင် ဆုတောင်းလိုက်၊ စကြာမင်းဖြစ်အောင် ဆုတောင်းလိုက်" လို့ ပြောတယ်။

သူ့ကို ဝိုင်းပြီးတော့ စကြာမင်းဖြစ်အောင် ဆုတောင်းခိုင်းကြ တယ်၊ အဲဒါ သူက ကြားနေတာ၊ နတ်တွေရောက်လာတာလည်း သူမြင်တယ်၊ ကျန်တဲ့သူတွေက မမြင်ဘူး။ စိတ္တသူကြွယ်က နတ်တွေကို ပြောတယ် "အဲဒါလည်း မြဲတဲ့အရာမှ မဟုတ်ဘဲ၊ ဒါလည်း ခိုင်တဲ့အရာမှမဟုတ်ဘဲ" လို့ ပါးစပ်က ပြန်ပြောတယ်၊ သူကတော့ နတ်တွေကို ပြောတာပဲ၊ ကျန်တဲ့သူတွေကတော့ ယောင်နေတယ်လို့ ထင်ကြတယ်၊ ယောင်ပြီးတော့ပြောတယ် ထင်ကြတယ်။

အနီးနားက ဆွေမျိုးတွေက "သတိထားပါ၊ ဟိုယောင်ပြော ဒီယောင်ပြော မပြောနဲ့" ဆိုတော့ သူက "ငါယောင်ပြောတာ မဟုတ်ဘူး၊ ငါ့ကို လာပြောနေကြတာ" လို့ ပြန်ပြောတာ။ "ဒါတွေ လည်း မြဲတာမဟုတ်ဘူး၊ ခိုင်မာတာ တစ်ခုမှမရှိဘူး"လို့ပြောတာ။

http://www.dhammadownload.com



သေခါနီးမှာ ဘယ်လူမျိုးပဲဖြစ်ဖြစ် အကောင်းနဲ့အဆိုး တစ်မျိုးမျိုး တစ်ခုခုတော့ လာပြီးထင်နေမှာပဲ။ အဲ- ထင်နေတဲ့ အချိန်လေး ဒီအာရုံရဲ့ လွှမ်းမိုးမှုအောက်မှာ စုတိစိတ်ဆိုတာ ကျသွားတာ။ ဒါပေမယ့် ဒီစုတိစိတ်လေးဟာ အဲဒါကို အာရုံပြု နိုင်တာ မဟုတ်ဘူး၊ ခုနက မျက်တောင်ခတ်လိုက်သလိုပဲ၊ သူက တော့ လက်ရှိအာရုံကိုပဲ အာရုံပြုတာနော်၊ စုတိစိတ်လေးက ဒါကို အာရုံမပြုဘူး။

စုတိစိတ်လေးရဲ့ ရှေ့မှာဖြစ်တဲ့ အရှိန်အဟုန်ရှိတဲ့ ဇောစိတ် တွေက ဒါကို မှတ်သားနေတာ၊ အဲဒီစိတ်ရဲ့ လွှမ်းမိုးမှုလေးနဲ့ ကံအသစ်ရဲ့ အရှိန်အဟုန်နဲ့ လွှမ်းမိုးတာ၊ အဲဒီအာရုံလေးကို အမှီပြုပြီးတော့ နောက်ထပ် ပဋိသန္ဓေစိတ်ကလေးက ပေါ်လာ တာ၊ ကံကနေ ဖန်တီးပေးလိုက်တာ၊ အဲဒီတော့ စိတ်မှန်လျှင် အာရုံရှိတယ်၊ အာရုံမရှိတဲ့ စိတ်ရယ်လို့ မရှိဘူး၊ အဲဒီ ကံ ကမ္မနိမိတ် ဂတိနိမိတ်၊ မသေခင်က ထင်နေတဲ့ လွှမ်းမိုးတဲ့အာရုံပေါ်မှာ။

အဲဒီအချိန်မှာ ကံက အဓိကပဓာနဖြစ်သောကြောင့် မြတ်စွာ ဘုရားက "**ကမ္မံ ခေတ္တံ**" ကံဟာ လယ်မြေပဲတဲ့။ "**ဝိညာဏံ ဗီဇံ**" ဝိညာဏ်က မျိုးစေ့ပဲ။ ဟော- ကံက ပေးထားတဲ့ အရိပ်ကြီး ပေါ်မှာ ဝိညာဏ်မျိုးစေ့လေး ကျသွားတယ်၊ သန္ဓေစိတ်လေး ပေါ်လာတာ၊ "**ကမ္မံ ခေတ္တံ**" "**ဝိညာဏံ ဗီဇံ**" "**တဏှာသ္နေဟော**" လို့ မြတ်စွာဘုရားက ဟောထားတယ်။ **ကမ္မံ**-ကံ ဆိုတာ၊ **ခေတ္တံ** - စိုက်ပျိုးကြဲချတဲ့ မြေကွက်ပဲတဲ့။ **ဝိညာဏံ ဗီဇံ** - သန္ဓေစိတ်လေးက မျိုးစေ့ပဲတဲ့၊ **တဏှာသ္နေဟော** - တွယ်တာမှုလေးက အဆီအစေးပဲ တဲ့။

http://www.dhammadownload.com



ကြည့်လေ ဘဝတစ်ခုမှာ အာရုံကိုကျထားတဲ့ အချိန်ကလေးမှာ တွယ်တာတဲ့ စိတ်ကလေးတွေ ပေါ်လာတာ၊ အဲဒီ တွယ်တာတဲ့ စိတ်ကလေးလည်း ပေါ်လာရော၊ ခုနက မျိုးစေ့လေးက အပင်ပေါက်သွားတာ၊ ဒါပဲ - ဘဝတစ်ခုရသွားတာ၊ အဲဒီအချိန်မှာ တွယ်တာမှုဆိုတာ ပေါ်လာတတ်တယ်တဲ့။

သေခါနီးမှာ အတွယ် များတတ်သေးတယ်နော်။ လယ်တီဆရာတော်ဘုရားကြီးရေးတဲ့ စာအုပ်ထဲမှာရှိတယ်။ မီးပူဇော်တဲ့ ပုဏ္ဏားကြီးတစ်ယောက်၊ သူ့ဆရာ ပုဏ္ဏားကြီးတွေက လာပြီး အားပေးကြတယ်၊ သေခါနီးမှာ "မင်း ဘာတွေမြင်နေတုန်း" ဆိုတော့ မီးပုံကြီးမြင်နေတယ်၊ "အေး - မင်း ဗြဟ္မာ့ပြည် သွားတော့မှာ၊ မီးပုံကြီးပဲ၊ ဗြဟ္မာ့ပြည်ရောက်မှာ" လို့ ပြောတယ်၊ သေတော့ ငရဲကျသွားတယ်၊ အဲဒီမီးပုံကြီးပဲ၊ ငရဲမီး ဖြစ်နေတယ်၊ ဗြဟ္မာ့ပြည်ကမီး မဟုတ်ဘဲနဲ့ ငရဲမီး ဖြစ်နေတယ်နော်။

အဲဒီလို ဘဝတစ်ခု သေခါနီးမှာ ရ,ထားတဲ့ အာရုံပေါ်မှာ စွဲပြီးတော့ ကံဆိုတဲ့ လယ်မြေပေါ်မှာ ဝိညာဏ်မျိုးစေ့လေး ကျသွားတာပဲ။ တဏှာက တွယ်တာလိုက်တယ်၊ ကံတရားကနေ ပစ်ချပေးလိုက်တယ်၊ ဘဝတစ်ခု စ,လိုက်တယ်။

ဒါကြောင့်မို့လို့ အခု ဘုန်းကြီးတို့တတွေ အတိတ်ဘဝကနေ ပစ်ချပေးလိုက်တဲ့ သန္ဓေမျိုးစေ့လေးနဲ့ အခုဒီမှာ လူလာဖြစ်နေကြတော့ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ် ဆိုတဲ့ ဘုန်းကြီးတို့ ရရှိထားတဲ့ ဒီ ဝီထိမုတ်စိတ်လေးတွေဟာ ဘာကို အာရုံပြုနေတုန်း ဆိုရင် အတိတ်ဘဝက ပေးခဲ့တဲ့ ကံအာရုံ သို့မဟုတ် ကမ္မနိမိတ် အာရုံ သို့မဟုတ် ဂတိနိမိတ်အာရုံ အဲဒါကိုအာရုံပြုပြီး တစ်သက်လုံး

http://www.dhammadownload.com



ဒီအတိုင်း သွားနေတာ၊ ပြောင်းလို့ မရဘူး၊ ပြောင်းလိုက်ရင် ဘဝပြောင်းသွားမှာပေါ့၊ ပြောင်းလို့မရဘူး၊ အဲဒါကို blue line လို့ ပြောတာနော်၊ အဲဒါက လူကမသိဘူး၊ သိနိုင်စွမ်းလည်းမရှိဘူး၊ စိတ်ကပဲ သိတဲ့အာရုံတွေ ရနေတာ။

လူ့ဘဝ တစ်သက်တာ တစ်ခုလုံးမှာကြည့် - ပဋိသန္ဓေ စိတ်ကလေးက အစပျိုးလာတယ်၊ ထိုစိတ်ကလေးရဲ့ စဉ်ဆက်မပြတ်ဖြစ်လာဖို့ရာ ဖြစ်နေတဲ့ စိတ်ကလေးကို ဘဝင်စိတ်၊ ဘဝမပြတ်ခြင်း၏အကြောင်း ဖြစ်သောကြောင့် ဘဝင်လို့ခေါ်တယ်၊ နောက်ဆုံး ဘဝတစ်ခုကနေ ရွှေ့လျောပြောင်းရွှေ့သွားတာ ဖြစ်သောကြောင့် စုတိလို့ ခေါ်တယ်၊ ဒီ စိတ် ၃-ခုရဲ့အာရုံသည် ဘယ်တော့မှ ပြောင်းလဲချက်မရှိ၊ တစ်ဘဝမှာဆို လုံးဝတူတယ်လို့ပြောတယ်။

**"ကေမေဝ တထေဝေကာ၊ ဝိသယဋ္ဌေက ဓာတိယံ"** ပဋိသန္ဓေ ဘဝင် စုတိဆိုတဲ့ ဒီစိတ် ၃-ခုဟာလည်း ဘယ်တော့မှ တစ်ဘဝမှာ မပြောင်းဘူး၊ ပြောင်းသွားရင်လည်း တစ်ဘဝ မခေါ်တော့ဘူး။ အဲဒီတော့ တစ်ဘဝဆိုတဲ့ အနေအထားဟာ အပြောင်းအလဲမရှိဘူးပေါ့၊ ဒီစိတ်နဲ့ပဲသွားနေတယ်လို့ ဒီလိုမှတ်၊ အဲဒါက ဝီထိမုတ်စိတ်တို့ရဲ့ ဖြစ်စဉ်ပဲ။

အဲဒီ ဝီထိမုတ်စိတ်တို့ရဲ့ ဖြစ်စဉ်ဟာ အခုလက်ရှိဘဝမှာ မျက်စိကို အသုံးပြုပြီးတော့ ဖြစ်ပေါ်လာတဲ့ စက္ခုဒွါရက ဝင်လာတဲ့ အာရုံကိုလည်း မယူဘူးနော်၊ အတိတ်ဘဝက မှတ်ထားတဲ့အာရုံနဲ့ သွားနေတာနော်။

ဒေး-အခုဘဝ ရောက်လာပြီ၊ ရောက်လာတဲ့အခါ ဘုန်းကြီးတို့ ဘာဖြစ်တုန်းဆိုတော့ မျက်စိလည်းရှိလာပြီ၊ နားလည်းရှိတယ်၊

http://www.dhammadownload.com



နှာခေါင်းလည်းရှိတယ်၊ လျှာရှိတယ်၊ ကိုယ်ရှိတယ်၊ မနောရှိတယ်။ ဆိုပါစို့- ဒွါရ ၆-ပါး ရှိတယ်၊ အဲဒီဒွါရ ၆-ပါးမှာ ထင်လာတဲ့အာရုံနဲ့ အလုပ်လုပ်တဲ့စိတ်က ပေါက်ဖွားလာတဲ့စိတ်တွေ- ပင်ကိုယ်စိတ်က ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်၊ ဘဝမှာ အဲဒါက ဝီထိမုတ်စိတ်တဲ့။

ဝီထိစိတ်ဆိုတာ အခုလက်ရှိဘဝမှာ မျက်စိက မြင်လိုက်တဲ့ အဆင်းအာရုံ၊ နားကကြားလိုက်ရတဲ့ အသံအာရုံ၊ နှာခေါင်းက နမ်းရှူရတဲ့ အနံ့အာရုံ၊ လျှာက လျက်လိုက်ရတဲ့ အရသာအာရုံ၊ ခန္ဓာကိုယ်က ထိတွေ့လိုက်ရတဲ့ အထိအတွေ့အာရုံနဲ့ စိတ်ထဲကနေ စိတ်ကူးကြံစည်ပြီးတော့ ယူရတဲ့ ဓမ္မအာရုံဆိုတဲ့ ဓမ္မာရုံ၊ အဲဒီအာရုံတွေနဲ့ ဝင်လာတဲ့အခါကျတော့ ဒီစိတ်တွေ မဟုတ်တော့ဘူး၊ ဘဝင်စိတ်၊ ဘဝင်စိတ် ဆိုတာဟာ ဒီအာရုံသစ်တွေ ဝင်လိုက်ရင် သူက ပြတ်တောက်သွားတယ်၊ ဒီအသစ်တွေ ဝင်မလာဘူး၊ ဒီအသစ်တွေ အနှောင့်အယှက် မရှိဘူးဆိုရင် သူက ဆက်သွားနေမှာပဲ၊ သူ စဉ်ဆက်မပြတ် သွားနေမှာပဲ။

ဒွါရကနေပြီး အာရုံအသစ်တွေက ဝင်လိုက်ပြီဆိုလျှင် အဲဒီဝင်လာတဲ့ အာရုံအသစ်နဲ့ အလုပ်လုပ်တဲ့စိတ်တွေကျတော့ "ဝီထိစိတ်" လို့ ခေါ်တယ်တဲ့။ အဲဒါက mental process ခုနကတုန်းက ပဋိသန္ဓေ, ဘဝင်, စုတိဆိုတဲ့စိတ်ကို process free ဝီထိမုတ်စိတ်လို့ ခေါ်တယ်။ "ဝီထိမုတ်စိတ်က အတိတ်အာရုံနဲ့ run နေတယ်၊ ဝီထိစိတ်ကတော့ အာရုံအမျိုးမျိုးနဲ့ run တယ်" အာရုံအမျိုးမျိုးနဲ့ ခရီးသွားမယ်။

http://www.dhammadownload.com



ကြည့် - ဘုန်းကြီးတို့တတွေ ပဋိသန္ဓေစိတ်ပြီးလို့ရှိရင် ဘဝင်စိတ်လာတယ်၊ အမိဝမ်းထဲမှာ ဘဝင်စိတ်၊ ဘဝင်စိတ်တွေ ဘယ်လောက် ဆက်လာတုန်းဆိုလို့ရှိလျှင် ပဋိသန္ဓေစိတ် ချုပ်သွားတာနဲ့ တစ်ပြိုင်နက် ထိုပဋိသန္ဓေစိတ်တွေက ထပ်ထပ်ပြီးတော့ ပေါ်လိုက်တာ၊ နောက်ပေါ်တာကျတော့ ပဋိသန္ဓေစိတ်လို့ မခေါ်တော့ဘူး၊ ဘဝင်စိတ်လို့ ခေါ်လိုက်တာ၊ ၁၆-ကြိမ်ထိအောင် ပေါ်လာတာ၊ စာပေအရ ပြောတာနော် ၁၆-ခု ပေါ်လာတယ်ဆိုတာ ပဋိသန္ဓေစိတ်က ၁-ခု၊ ဘဝင်စိတ်က ၁၆-ခု ဆို ၁၇-ခု ဖြစ်လာတာ။

အဲဒီနောက် ဘာပေါ်လာတုန်းဆိုတော့ မနောဒွါရာဝဇ္ဇန်းတဲ့။ ဘဝတစ်ခု အသစ်တွေ့ရှိလာခဲ့ပြီလေ၊ ကံက ပေးလိုက်လို့ ဘဝတစ်ခု အသစ်တွေ့ရှိလာတဲ့အတွက်ကြောင့် မနောဒွါရာဝဇ္ဇန်းဆိုတဲ့ အာရုံအသစ်ကို ရယူတဲ့စိတ်၊ ဒါက အမိဝမ်းထဲမှာဖြစ်တာကို ပြောတာနော်၊ အာရုံအသစ်ကို ရယူလိုက်တဲ့ မနောဒွါရာဝဇ္ဇန်း၊ တံခါးဖွင့်ပေးတဲ့ မနောဒွါရာဝဇ္ဇန်းစိတ်ပေါ်လာတယ်၊ ပေါ်လာပြီးတဲ့နောက် ကြည့် - ခုနတုန်းကပြောတဲ့ **"ဝိညာဏံ ဗီဇံ၊ တဏှာသ္နေဟော"** တွယ်တာမှုလေးက လာပြီ၊ တံခါးဖွင့်ပေးလိုက်တာနဲ့ တစ်ပြိုင်နက် ကိုယ်ရလာတဲ့ စိတ်ကလေးကို ကျေနပ်တဲ့စိတ်ကလေး၊ ကျေနပ်တယ်၊ သူကလည်း သေပြီးရင် ဖြစ်လာတဲ့ ဘဝကလေးကို ကြိုက်သွားတာပဲ၊ သူကလည်း ဘယ်ဘဝရောက်ရောက် ကြိုက်တယ်၊ ခွေးလေးတွေ ကြောင်လေးတွေ တိရစ္ဆာန်လေးတွေကို ကြည့်ပါလား၊ "မင်း - လူဖြစ်ချင်လား" ဆို ဖြစ်ချင်မှာ မဟုတ်ဘူး၊ သူ့ဘဝသူ ပျော်နေတာ - သွားကြည့်၊ ခွေးလေးတွေ

http://www.dhammadownload.com



ကစားနေတာ၊ ပျော်နေကြတာပေါ့နော်၊ တိရစ္ဆာန်တွေကလည်း ပျော်နေကြတာပဲ။

အဲဒီတော့ ကြည့် . . ဘဝတစ်ခု စ,လာတာနဲ့ တစ်ပြိုင်နက် ပဋိသန္ဓေစိတ်တွေ၊ ပဋိသန္ဓေပြီးတဲ့နောက် ဘဝင် ၁၆-ချက်ဖြစ်၊ ဖြစ်ပြီးတာနဲ့ အာရုံသစ်ကို ရယူဖို့ရာအတွက် မနောဒွါရာဝဇ္ဇန်း စိတ်က ဦးလှည့်ပေးလိုက်တယ်။ ဦးလှည့်ပေးရင် ဘယ်စိတ် ပထမဆုံး ဝင်လာတုန်းဆိုတော့ တွယ်တာမှုဆိုတာ ဘဝနိကန္တိ၊ ရလာတဲ့ ဘဝလေးပေါ်မှာ ကျေနပ်တယ်ဆိုတဲ့ ဘဝနိကန္တိ။

ဒါဖြင့် ငရဲရောက်တဲ့သူကော ဒီလို ကျေနပ်မှုတွေ ရှိသလား လို့ဆိုရင် ငရဲရောက်တဲ့သူကလည်း "ထိပ်ချမှ ဓားပြမှန်းသိ" ဆိုတာလို မထိသေးခင်လေးထိတော့ သူက သဘောကျနေတာ၊ ငရဲမီးတောင် ရွှေတောင်မှတ်နေသေးတာ။ ခုနက ပုဏ္ဏားကြီး မီးမြင်တော့ ဗြဟ္မာ့ပြည် ရောက်ပဟ ဆိုပြီးတော့ ခုန်ဆင်းတာ မီးပုံကြီးဖြစ်နေတယ်။ ပိုးဖလံလေးတွေ တွေ့ဖူးတယ် မဟုတ်လား၊ ဖယောင်းတိုင်မီးလေး ထွန်းလိုက်တာနဲ့ လာပြီ၊ ပူမှန်းသိရင် ဘယ် ဆင်းမလဲ၊ သူတို့လည်း သေမှာကြောက်တာပေါ့။ သူတို့စိတ်ထဲ ရွှေတောင်ကြီးလို့ထင်နေတာ၊ အင်မတန်လှတယ်ထင်ပြီး ခုန်ဆင်း တာပေါ့။ အဲဒါမျိုးလိုပဲ ငရဲဘဝကလည်း ပျော်စရာကြီးလို့ အောက်မေ့ပြီးတော့ ဒီနေရာ လှစည်လှချည်လားလို့သွားရင် အဝီစိ ရောက်သွားမယ်။ အဲဒီလိုပဲ အင်မတန် စည်ကားတဲ့ နေရာတွေက အကုန်လုံး တိရစ္ဆာန်ဘုံ ပြိတ္တာဘုံတို့ ငရဲဘုံတို့က အလွန်စည်ကား တာ၊ အာရုံထဲမှာ စည်ကားလိုက်တာဆိုပြီး ဝင်သွားလိုက်တာ

http://www.dhammadownload.com



ပဲလေ၊ ဟိုကျတော့မှ ဒုက္ခတွေတွေ့ပြီး အဲဒီကျတော့ မကြိုက်တော့ဘူးပေါ့။

အဲဒါကြောင့်မို့လို့ ဘဝတစ်ခု အစပြုတဲ့ အခါမှာ ဘဝနိကန္တိက- လောဘဇောတဲ့။ ဘဝကိုကြိုက်တဲ့ လောဘဇောက အရင်စောတယ်တဲ့။ ဒါကြောင့်မို့ ဋီကာကျော် ဆရာကြီးက လောဘမူစိတ်ကို ဘာလို့ အရင်ပြတာတုန်းဆိုတော့ သတ္တဝါတွေ ဘဝကိုစတဲ့အချိန်မှာ လောဘနဲ့ အရင်စ,တာမို့ အဲဒီစိတ်လေးကို အရင်ရေးပြတာပါလို့ ပြောတယ်နော်။

မြတ်စွာဘုရားဟောတာ အကုသိုလ်က စ, မဟောဘူး, ကုသိုလ်က စ,ဟောတာ။ ဓမ္မသင်္ဂဏီမှာ **'ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ'** ကုသိုလ်က စ,ဟောတာ၊ ဒါပေမယ့် လူ့ဘဝ စ,တာ ကုသိုလ်က စ,တာလားဆိုတော့ မဟုတ်ဘူး၊ အကုသိုလ်က စ,ဖြစ်တာမို့လို့ လောဘမူစိတ်- အကုသိုလ်စိတ်ကို အရင်ပြတယ်လို့ ဒီလိုဆိုထားတယ်၊ အကြောင်းရှာထားတာပေါ့။

အဲဒါက "ဘဝနိကန္တိ" ဘဝကိုတွယ်တာမှုဆိုတဲ့ လောဘဇောစောလိုက်တာ၊ အဲဒီလောဘဇော စောပြီးပြီဆိုရင် ဘဝတစ်ခုက ရသွားပြီ, အောင်အောင်မြင်မြင် ဖြစ်သွားပြီ။ ဘဝတစ်ခုရရင် ကောင်းတယ် ဆိုးတယ်ဆိုတာ အဲဒီနောက် သွားရောနော်၊ ဘဝတစ်ခု ရောက်သွားရင် ဘဝနိကန္တိလောဘဇော အရင်ဖြစ်ပြီး ဟိုဘဝကျတော့ ဘဝရဲ့အတွေ့အကြုံက အမျိုးမျိုး၊ မျိုးစုံကြုံသွားပြီပေါ့။ အဲဒီမှာ ပဋိသန္ဓေတို့ ဘဝင်တို့ စုတိတို့ဆိုတာ thought

http://www.dhammadownload.com



free တဲ့၊ အဲဒါတွေက တစ်သက်တာလုံးထိအောင် သွားနေမှာ၊ နောက်ဆုံး စုတိရောက်သည်ထိအောင် သွားနေမှာ။

သို့သော် အခုလက်ရှိဘဝ ရလာတဲ့ဘဝတစ်ခုမှာ မျက်စိတံခါးက ဆက်သွယ်လာတဲ့အာရုံ, နားတံခါးက ဆက်သွယ်လာတဲ့အာရုံ, နှာခေါင်းတံခါးက ဆက်သွယ်လာတဲ့အာရုံ, လျှာတံခါးက ဆက်သွယ်လာတဲ့အာရုံ, ခန္ဓာကိုယ်တံခါးက ဆက်သွယ်လာတဲ့အာရုံ, စိတ်တံခါးက ဆက်သွယ်လာတဲ့အာရုံ၊ အဲဒီ ဆက်သွယ်လာတဲ့ အာရုံတွေနဲ့ အလုပ်လုပ်တဲ့စိတ်ကျတော့ ဝီထိစိတ်လို့ခေါ်ပါတယ်တဲ့။

အဲဒီအာရုံတံခါးကနေပြီးတော့ ဒီအာရုံတွေ ဝင်လာပြီးတော့ စိတ်ကို ဖြစ်ပေါ်လာစေပြီဆိုရင် - ဆိုပါစို့ - အာရုံကနေ တစ်ခုခုက တံခါးလာခေါက်တယ်၊ တံခါးလာခေါက်လို့ နိုးထလာတဲ့စိတ်ကတော့ အာရုံအသစ်နဲ့ပဲ အလုပ်လုပ်နေတယ်၊ အာရုံအသစ်နဲ့ အလုပ်လုပ်လို့ရှိရင် ခုနက blue line လို့ခေါ်တဲ့ ဘဝင်စိတ်အစဉ်က ပြတ်ထွက်သွားတယ်။ ဘဝင်စိတ်အစဉ်က ပြတ်ထွက်ပြီးတော့ Red line ခေါ်တဲ့ ဒီ ဝီထိစိတ်အစဉ် ဖြစ်လာတယ်။ ဒါကြောင့်မို့လို့ လူ့ဘဝဟာ ဒီ အပြာဖြစ်လိုက်, အနီဖြစ်လိုက်၊ အပြာဖြစ်လိုက်, အနီဖြစ်လိုက်နဲ့ အဲဒီလို run နေမှာ။ ကဲ - ဒီကနေ့တော့ အဲဒီ ဝီထိမုတ်စိတ်တွေရဲ့ ဖြစ်စဉ်တစ်ခုကို ရှင်းပြလို့ ပြီးသွားပြီ၊ နက်ဖြန်ကျတော့ ဝီထိစိတ်တွေပြမယ်။

အဲဒီလို ဖြစ်စဉ်တွေက မိမိရဲ့သန္တာန်မှာ အမြဲတမ်း အာရုံကို အကြောင်းပြုပြီးတော့ စိတ်တံခါးက ဆက်သွယ်လာတဲ့ အာရုံတွေကို အမှီပြုပြီးတော့ စိတ်ဓာတ်တွေက ဖြစ်ပေါ်လာရတယ်။

http://www.dhammadownload.com



ဖြစ်ပေါ်လာတဲ့စိတ်သည် ထိုအာရုံနဲ့ဆက်သွယ်ပြီးတော့ စဉ်ဆက်မပြတ် ဖြစ်နေကြတယ်ဆိုတဲ့ သဘာဝတရားကို သိရှိနားလည်ခြင်းဖြင့် ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့တဲ့ အင်မတန်မှ အရေးပါလှတဲ့ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် ဆိုတဲ့ ဝိပဿနာဉာဏ်ရဲ့ အခြေခံဉာဏ်တွေကို ရင့်သန်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

❖❖❖❖❖

http://www.dhammadownload.com

## မှတ်တမ်း

သာသနာတော်သက္ကရာဇ် ၂၅၅၂-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၂-ရက်၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံအတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ညဥ့်ဦးယံ ဓမ္မသဘင်ဝယ် စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ် (၃၆)၊ ပထမထပ်နေ ဦးကြည်အောင်+ဒေါ်ပန်းသီမွေးနေ့အလှူနှင့်စပ်၍ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော "စိတ်ဖြစ်စဉ်ကိုလေ့လာခြင်း အပိုင်း(၂)" တရားတော်ဖြစ်ပါသည်။

http://www.dhammadownload.com

# အခန်း - ၅

## စိတ်ဖြစ်စဉ်ကို လေ့လာခြင်း အပိုင်း(၂)

ဘုန်းကြီးတို့တတွေရဲ့ သန္တာန်မှာ စိတ်အစဉ်ဟာ အာရုံနဲ့ ဆက်စပ်ပြီး အစဉ်မပြတ်ဖြစ်ပေါ်ပြီးနေတယ်။ အကြောင်းတရားတွေ မြောက်မြားစွာ ရှိတဲ့အထဲက အာရုံကတော့ အဓိက အကြောင်းတရားဖြစ်တယ်။ ဘာဖြစ်လို့တုန်းဆိုတော့ စိတ်ဆိုတာ အာရုံနဲ့ကင်းပြီး မဖြစ်ဘူး၊ အာရုံဟာ အဓိကအကြောင်းတရား ဖြစ်တယ်။ သို့သော် အာရုံတစ်ခုတည်းသာ အကြောင်းတရားလို့ ဒီလိုတော့ မမှတ်နဲ့ပေါ့။ အခြား အကြောင်းတရားတွေလည်း ရှိသေးတယ်။

ဗုဒ္ဓမြတ်စွာက အဓိက အကြောင်းတစ်ခုကို ဦးတည်ပြီး မိန့်ကြားလေ့ရှိတယ်။ ပဋိစ္စသမုပ္ပါဒ်မှာဆိုရင် "**အဝိဇ္ဇာပစ္စယာ သင်္ခါရာ**"၊ သင်္ခါရကို ဖြစ်စေတတ်တဲ့ အကြောင်းတရားတွေ မြောက်မြားစွာ ရှိပေမယ့်လို့ အဝိဇ္ဇာကို ဦးတည်ပြီးတော့ ပဓာန

http://www.dhammadownload.com



ဖြစ်တဲ့ main cause အဓိကအကြောင်းတရားကို ဦးတည်ပြီးတော့ ဟောတယ်။ ဒီနေရာမှာလည်း စိတ်ဆိုတာ အာရုံနဲ့ကင်းပြီး မဖြစ်သောကြောင့် အာရုံဟာ စိတ်ဖြစ်ဖို့ရာအတွက် အဓိက အကြောင်းတရားအနေနဲ့ - မနေ့က ဝီထိမုတ်စိတ် ဖြစ်စဉ်တစ်ခုကို ရှင်းလင်းပြီး ဟောကြားထားခဲ့ပြီ။

ဘုန်းကြီးတို့ရဲ့ဘဝမှာ စိတ်ဖြစ်စဉ်ဟာ ၂-လိုင်း ရှိတယ်လို့ အကြမ်းဖျင်းအားဖြင့် ဒီလိုမှတ်ရမှာပေါ့၊ အခြေခံအားဖြင့် "ဘဝင် စိတ်တို့ရဲ့ဖြစ်စဉ်" ဒီဟာက တစ်ခု၊ ဘဝင်စိတ်တို့ရဲ့ဖြစ်စဉ်က ကံအဟုန်နဲ့သွားနေတာ၊ ကံအဟုန်က ဖန်တီးပေးလိုက်တဲ့ အာရုံနဲ့ စခန်းသွားနေတာ၊ လက်ရှိဘဝမှာ ကြုံတွေ့ရတဲ့ မျက်စိ နား နှာ လျှာ ကိုယ် စိတ် တို့က ရယူပေးတဲ့ အာရုံနဲ့ စခန်းမသွားဘူး။ ကံက ရယူပေးတဲ့ အတိတ်ဘဝက အာရုံတစ်ခုခုနဲ့ စခန်းသွား နေတဲ့ ဖြစ်စဉ်က "ဝီထိမုတ်စိတ်တို့ရဲ့ ဖြစ်စဉ်"၊ ဝီထိမုတ်စိတ်တို့ရဲ့ ဖြစ်စဉ်ကတော့ အာရုံကလည်းတည်ငြိမ်တယ်, စိတ်တွေကလည်း တည်ငြိမ်တယ်လို့ ပြောရမယ်၊ ဒါကြောင့်မို့ လှုပ်ရှားမှုကင်းတယ်၊ လှုပ်ရှားမှုကင်းလို့ နေ့စဉ်ဖြစ်ပျက်မှုထဲမှာ ထူးခြားတဲ့အာရုံ အပြောင်းအလဲတွေ မရှိလို့ "**ဝီထိမုတ္တ**" process free ဆိုတဲ့ နာမည် ပေးထားပုံရတယ်။

တစ်နည်းအားဖြင့်ဆိုရင် 'ဒွါရဝိမုတ်စိတ်' door free လို့ ခေါ်တယ်၊ door free ဆိုတာကတော့ အာရုံတွေဝင်ရာ တံခါး တွေနဲ့ ဆက်သွယ်မှုမပြုဘဲနဲ့ အတိတ်ကံက ဖန်တီးပြီး ရယူပေး ထားတဲ့ ကံ ကမ္မနိမိတ် ဂတိနိမိတ်ဆိုတဲ့ အာရုံတွေနဲ့ပဲ ပဋိသန္ဓေ စိတ်က နောက်ဆုံး စုတိစိတ်ထိအောင် ပဋိသန္ဓေစိတ်နဲ့ စုတိ

http://www.dhammadownload.com



ကြားမှာ ဘဝင်စိတ်တွေဟာ ဝီထိစိတ်ဖြစ်မလာဘူးဆိုရင် စဉ်ဆက်မပြတ် ဖြစ်နေကြတယ်၊ ဝီထိစိတ်ဖြစ်ရင်လည်း ခေတ္တခဏ ရပ်သွားပြီး ပြန်ပြီး ဆက်လက်ဖြစ်ပေါ်နေတယ်။ အဲဒါကြောင့် ပကတိစိတ်လို့ ပြောချင်ပြောပေါ့။ လူ့ဘဝမှာ မူလဘူတဖြစ်တဲ့ စိတ်ဖြစ်စဉ်၊ တည်ငြိမ်နေတဲ့ စိတ်ဖြစ်စဉ်တစ်ခု၊ ဒါကို ဘဝတစ်ခုလို့ ဒီလို သတ်မှတ်ထားတယ်၊

အဲဒီလို ဘဝတစ်ခုရလာတဲ့အခါမှာ လူတွေမှာ ရုပ်တရားတွေ၊ နာမ်တရားတွေ ဖွံ့ဖြိုးတိုးတက်လာတော့ ဘာတွေပါလာတုန်းလို့ဆိုတော့ organ လို့ဆိုတဲ့ အာရုံတွေရဲ့ ဝင်ပေါက်တံခါးတွေ ပါလာတယ်။ အဆောက်အဦးကြီးတစ်ခုမှာ တံခါးပေါက်တွေ ရှိသလို လူ့ရဲ့ ခန္ဓာကိုယ်မှာလည်း အာရုံတွေ ဝင်ရောက်ဖို့ရန် တံခါးခြောက်ပေါက် ရှိနေတယ်၊ မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဆိုတဲ့ တံခါးခြောက်ပေါက်။

အဲဒီတံခါးခြောက်ပေါက်ကိုပဲ ပဋိစ္စသမုပ္ပါဒ်မှာ "**နာမရူပပစ္စယာ သဠာယတနံ**" လို့ မြတ်စွာဘုရားက အာယတန ၆-ပါး အနေနဲ့ ဟောထားတယ်။ အဲဒီတံခါးခြောက်ပေါက် ဖြစ်လာလို့ ရှိရင် ဘာဖြစ်လာသလဲလို့ဆိုတော့ "**သဠာယတနပစ္စယာ ဖဿော**" အာရုံတွေ ဆက်သွယ်လာမှု၊ စိတ်နဲ့အာရုံနဲ့ ထိတွေ့လာမှုတွေ ရှိလာရတယ်။

ဆိုလိုတာက မျက်စိပါလို့ မျက်စိမှာ မြင်စရာအာရုံတွေ မြင်ရတယ်၊ နားပါသည့်အတွက်ကြောင့် ကြားစရာအသံတွေ၊ ကြားလို့ရတဲ့ အသံတွေ၊ နှာခေါင်းရှိသည့် အတွက်ကြောင့် အနံ့တွေ၊ လျှာရှိသည့် အတွက်ကြောင့် အရသာအာရုံတွေ၊ ကိုယ်ကာယရှိသည့်

http://www.dhammadownload.com



အတွက်ကြောင့် ဖောဋ္ဌဗ္ဗအာရုံတွေ၊ စိတ်ရှိသည့်အတွက်ကြောင့် အခြားအာရုံတွေဆိုတာ လာရောက်ပြီးတော့ ဆက်သွယ်လာကြတယ်။

အဲဒီလို လာရောက် ဆက်သွယ်လာတဲ့အခါ ဘဝင်စိတ်ဆိုတဲ့ မူလဘူတစိတ်အစဉ်ဟာ လှုပ်ရှားပြတ်တောက်သွားပြီး အသစ်ဝင်ရောက်လာတဲ့အာရုံနဲ့ အလုပ်လုပ်မယ့်စိတ်တွေ ဖြစ်ပေါ်လာတယ်၊ အဲဒီ ဖြစ်ပေါ်လာတဲ့ စိတ်တွေဟာ အသစ်အာရုံတစ်ခုက ဖန်တီးပေးလိုက်တာ၊ အဲဒီမှာ တချို့စိတ်တွေဟာ ကံရဲ့အကျိုးတရားအနေနဲ့ ပေါ်လာတယ်၊ တချို့စိတ်တွေကျတော့ ကံရဲ့အကျိုးတရားမဟုတ်ဘူး၊ သူတို့ကိုယ်တိုင်ကိုက ကံ အသစ်ကိုဆောင်ရွက်တဲ့စိတ်အနေနဲ့ ပေါ်လာတာ၊ ကုသိုလ်တို့ အကုသိုလ်တို့ဆိုတာ ပေါ်လာတာ၊ ဘာကြောင့်ပေါ်တုန်းဆို တခြားအကြောင်းတွေကြောင့် ပေါ်တာ၊ အခြားအကြောင်းတရားတွေရှိသေးတယ်။

ဥပမာ-**ယောနိသောမနသိကာရ**လို့ခေါ်တဲ့ wise attention မှန်မှန်ကန်ကန် တွေးတောဆင်ခြင်မှုကြောင့် ကုသိုလ်တွေ ဖြစ်လာတယ်။ အယောနိသောမနသိကာရ ဆိုတဲ့ unwise attention မသင့်မတင့် နှလုံးသွင်းမှုကြောင့် အကုသိုလ်တွေ ဖြစ်လာတယ်။ ဒါတွေက အတိတ်ကံကြောင့် မဟုတ်ဘူး၊ အလေ့အကျက်နဲ့ အာရုံကို အကြောင်းပြုပြီးတော့ ယောနိသောမနသိကာရ, အယောနိသောမနသိကာရ ဖြစ်လာတာ၊ ဆိုင်ရာဆိုင်ရာ အကြောင်းတရားတွေကြောင့် ဒါတွေက ဖြစ်ပေါ်လာတယ်။

http://www.dhammadownload.com



တချို့စိတ်တွေက အကျိုးတရားအနေနဲ့လာတယ်၊ တချို့စိတ်တွေက အကျိုးလည်းမဟုတ်, အကြောင်းလည်းမဟုတ်၊ အဲဒီစိတ်တွေကိုတော့ ကြိယာစိတ်လို့ ခေါ်တယ်။ အဲဒီ ကြိယာစိတ်တွေကို ဓမ္မသင်္ဂဏီ ပါဠိတော်မှာ "**နေဝ ကုသလာ န အကုသလာ န စ ကမ္မဝိပါကာ နေဝ ကုသလာ** - ကုသိုလ်လည်း မဟုတ်ဘူး၊ **န အကုသလာ** - အကုသိုလ်လည်း မဟုတ်ဘူး၊ **န စ ကမ္မဝိပါကာ**- ကုသိုလ်အကုသိုလ်ရဲ့ အကျိုးတရားလည်း မဟုတ်ဘူး၊ ကံတရားရဲ့ အကျိုးတရားလည်း မဟုတ်ဘူးတဲ့။" အဲဒီစိတ်မျိုးတွေကလည်း အာရုံ ဝတ္ထု ဆုံစည်းမှုကြောင့် ပေါ်လာတဲ့စိတ်တွေ၊ ဒီလို စိတ်တွေဟာ မြောက်မြားစွာ လူ့ရဲ့နေ့စဉ်ဘဝမှာ ပေါ်ထွန်းလာတယ်ဆိုတာ အဘိဓမ္မာဒေသနာတော်အရ သိကြရတယ်။

ကောင်းပြီ - လူတွေမှာ အာရုံတွေရဲ့ ဝင်ရောက်ရာ တံခါးခြောက်ပေါက်လို့ အရင်ရက်တွေကလည်း ပြောထားခဲ့တယ်၊ အဲဒီတံခါးခြောက်ပေါက်က အာရုံတွေက လာရောက် ဆက်သွယ်တဲ့အခါမှာ စိတ်တွေဖြစ်ပေါ်လာကြတယ်။ ဘာကိုမှီပြီးတော့ ဖြစ်ပေါ်လာတုန်းဆိုရင် ဝတ္ထုကိုမှီပြီးတော့ ဖြစ်တာ၊ စက္ခုဝတ္ထုလို့ဆိုတဲ့စက္ခုပသာဒရုပ်ကို မှီဖြစ်တာ ရှိတယ်၊ သောတဝတ္ထု လို့ခေါ်တဲ့သောတပသာဒရုပ်ကို မှီဖြစ်တယ်၊ ဃာနဝတ္ထု လို့ဆိုတဲ့ဃာနပသာဒရုပ်ကို မှီဖြစ်တယ်၊ ဇိဝှါဝတ္ထုလို့ဆိုတဲ့ ဇိဝှါပသာဒရုပ်ကို မှီဖြစ်တယ်၊ ကာယဝတ္ထုလို့ဆိုတဲ့ ကာယပသာဒရုပ်ကို မှီဖြစ်တယ်၊ ဟဒယဝတ္ထုလို့ ဆိုတဲ့ စိတ်ရဲ့မှီရာ ဝတ္ထုရုပ်ကို မှီပြီးတော့ ဖြစ်တယ်၊ မှီရာဝတ္ထု မရှိဘဲနဲ့ လူ့ဘုံမှာ စိတ်ဖြစ်ပေါ်လာမှု မရှိဘူး။

http://www.dhammadownload.com



အဲဒီလို ပေါ်လာပုံကို လေ့လာတဲ့အခါမှာ ၂-မျိုး ခွဲပြီးတော့ လေ့လာမယ်။ (၁) ပဉ္စဒွါရမှာ ဝီထိစိတ်ဖြစ်စဉ်က တစ်မျိုး၊ (၂) မနောဒွါရလို့ခေါ်တဲ့ mind door မှာ ဘဝင်စိတ်နဲ့ စပ်ပြီးတော့ ဖြစ်တဲ့ဖြစ်စဉ်က တစ်မျိုး၊ (၁) ပဉ္စဒွါရဝီထိ (၂) မနောဒွါရဝီထိ အဲဒီလိုခေါ်တယ်။ စိတ်ဖြစ်စဉ်ဟာ ငါးဒွါရမှာဖြစ်တဲ့ ဖြစ်စဉ်ရှိတယ်, မနောဒွါရမှာဖြစ်တဲ့ ဖြစ်စဉ်ရှိတယ်၊ ဖြစ်ပုံချင်း မတူညီကြဘူး၊ ဘာလို့ မတူတာတုန်းဆိုရင် အာရုံထင်လာပုံချင်းက မတူတာ။

ကဲ ဒီကနေ့ အထင်ရှားဆုံးဖြစ်တဲ့ စက္ခုဒွါရလို့ခေါ်တဲ့ မျက်လုံးတံခါးမှာ ရူပါရုံလို့ဆိုတဲ့ အဆင်းအာရုံတစ်ခုက လာပြီး ထင်ဟပ် ပေါ်လွင်လာတာ၊ အဲဒီလို ထင်ဟပ်ပေါ်လွင်လာတဲ့ အာရုံတစ်ခုခုနဲ့ ပတ်သက်ပြီး အလုပ်လုပ်တဲ့အခါမှာ ထိုရူပါရုံဆိုတဲ့ အဆင်းအာရုံတွေ စက္ခုပသာဒလို့ဆိုတဲ့ eye door မျက်စိတံခါးက ဝင်လာတယ်။ မျက်စိမှာ ထင်လာသလိုပဲ mind door လို့ခေါ်တဲ့ မနောဒွါရမှာလည်း တစ်ပြိုင်တည်း ထင်လာတယ်။ စက္ခုဒွါရမှာ ထင်လာသလိုပဲ မနောဒွါရမှာလည်း ထင်လာတယ်၊ **"ဒွေသု ဒွေသု ဒွါရေသု ဥပ္ပဇ္ဇတိ"**။ တစ်ပြိုင်နက်တည်း တံခါးနှစ်ပေါက်ကနေ အရိပ်ထင်လာတယ်၊ အဲဒီလို ထင်လာတဲ့အခါမှာ ဆိုင်ရာဆိုင်ရာ တံခါးတွေ ပွင့်သွားတယ်ပေါ့၊ စိတ်နဲ့ဆက်သွယ်မှု ဖြစ်လာပြီး ဖြစ်ပေါ်လာတဲ့စိတ်က အာရုံနဲ့ အလုပ်လုပ်တယ်။

အဲဒီလို အာရုံတွေနဲ့ အလုပ်လုပ်တာနဲ့ ပတ်သက်ပြီး အာရုံအမျိုးအစားကို ထပ်ပြီးတော့ ဒီဂရီအားဖြင့် ခွဲထားတာ ရှိသေးတယ်။ ငါးဒွါရမှာ ပေါ်လာတဲ့ အာရုံက ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ၊ သူ့အာရုံနဲ့ သူ့ဒွါရ၊ အဆင်းအာရုံသည်

http://www.dhammadownload.com



မျက်စိတံခါးက ဝင်တယ်၊ အသံအာရုံသည် နားတံခါးက ဝင်တယ်၊ အနံ့အာရုံသည် နှာခေါင်းတံခါးက ဝင်တယ်၊ အရသာအာရုံသည် လျှာတံခါးက ဝင်တယ်၊ အထိအတွေ့အာရုံသည် ကာယတံခါးက ဝင်တယ်၊ အဲဒီလို ငါးဒွါရမှာ ဝင်လာလို့ရှိရင် မနောဒွါရကိုလည်း တိုက်ရိုက်ဆက်သွယ်ပြီးတော့ ဖြစ်ပေါ်လာကြတယ်။

အဲဒီလို အာရုံတွေ ဒွါရမှာပေါ်လာပုံနဲ့ ပတ်သက်ပြီးတော့ **'ဝိသယပ္ပဝတ္တိ'** ဆိုတဲ့ စကားလုံးလေး ရှိတယ်၊ **'ဝိသယ'** ဆိုတာ **'အာရမ္မဏ'** ဆိုတဲ့ စကားလုံးနဲ့ အတူတူပဲ၊ စိတ်ရဲ့ဖြစ်ရာ၊ **'ပဝတ္တိ'** ဆိုတာ ဖြစ်ပုံ၊ အာရုံတွေက ဖြစ်ပုံဖြစ်နည်းက ဒီဂရီအားဖြင့် မတူကြဘူးတဲ့၊ ရူပါရုံလို့ ဆိုတာချင်း တူပေမယ့်လို့ ရူပါရုံတွေ ဒီဂရီအားဖြင့် မတူဘူးတဲ့၊ ကွဲပြားခြားနားမှုတွေရှိတယ်၊ ဟုတ်တာပေါ့၊ ဆင်ကြီးနဲ့ ပုရွက်ဆိတ်ကလေး ကြည့်ရတာ ဘယ်တူမလဲ၊ ကြီးတာသေးတာ ကွာမနေဘူးလား၊ အေး - မျက်စိက မြင်တဲ့ အာရုံမှာ အကြီးအာရုံနဲ့ အသေးအာရုံဆိုတာ ရှိတယ်။ အဲဒီ အကြီးကလည်း ထပ်ပြီးတော့ ခွဲလိုက်မယ်ဆိုရင် "ကြီးတယ်, သိပ်ကြီးတယ်"၊ သေးတာကိုလည်း ထပ်ခွဲရင် "သေးတယ်, သိပ်သေးတယ်"၊ ကမြင်းနီ ဆိုတဲ့ အကောင်လေးကျတော့ ပုရွက်ဆိတ်ထက် ပိုပြီးသေးတယ်ပေါ့၊ သိပ်သေးတယ်နော်၊ အဲဒီတော့ ကြီးတယ်, သိပ်ကြီးတယ်၊ သေးတယ်, သိပ်သေးတယ်၊ မျက်စိက မြင်ရတဲ့အာရုံကို ဒီဂရီနဲ့ ထပ်ပြီးတော့ခွဲလိုက်တာ။

မျက်စိနဲ့ မြင်ရတဲ့အာရုံကို ခွဲရသလိုပဲတဲ့ နားနဲ့ ကြားရတဲ့ အသံကိုလည်း ခွဲလို့ရတယ်လေ။ "ကျယ်တယ်, သိပ်ကျယ်တယ်၊ တိုးတယ်, သိပ်တိုးတယ်"၊ အသံကျတော့ ကြီးတယ် သေးတယ်

http://www.dhammadownload.com



လို့ မပြောဘူး၊ မြန်မာစကား ပြောင်းသွားတယ်နော်၊ ကျယ်တယ်, သိပ်ကျယ်တယ်၊ မင်းအသံကြီးက ကျယ်လွန်းအားကြီးတယ်၊ ဟော ကျယ်တယ်, သိပ်ကျယ်တယ်၊ တိုးတယ်, သိပ်တိုးတယ်။

ပါဠိစာပေကတော့ သိပ်ကျယ်တယ်ဆိုတာကို **'အတိမဟန္တ'** **'အတိ'** ဆိုတာကို အလွန်အမင်း၊ **'မဟန္တ'** - ကြီးတယ်လို့ ပြောတာ၊ **'ပရိတ္တ'** ကျတော့ သေးတယ်၊ **'အတိပရိတ္တ'** - အလွန်သေးတယ်တဲ့၊ အင်္ဂလိပ်လို ပြန်တဲ့အခါကျတော့ **အတိမဟန္တ** ကို very great၊ **မဟန္တ**ကို great၊ **ပရိတ္တ**ကျတော့ small၊ **အတိပရိတ္တ** ကျတော့ very small လို့ ဒီလိုပြန်လေ့ရှိကြတယ်၊ ဒါက အဆင်းအာရုံ တစ်ခုတည်းကို ကြည့်ပြီးပြောတဲ့ စကားမျိုးဖြစ်တယ်၊ အာရုံ ငါးပါးလုံးနဲ့ ပြောမယ်ဆိုရင် ပါဠိစာပေကတော့ "**အတိမဟန္တ, မဟန္တ, ပရိတ္တ, အတိပရိတ္တ**" လို့ လာရောက်ပြီးတော့ ထင်တဲ့ အာရုံရဲ့ အနေအထားတွေ ဒီဂရီတွေကို ဒီလိုခွဲပြီးတော့ပြတာ။

အဲဒီလို ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ အာရုံ ၅-ပါးကိုခွဲတော့ အာရုံတစ်ခုတစ်ခုကို လေးမျိုး လေးမျိုး ဖြစ်မသွားဘူးလား၊ မျက်စိကကြည့်တဲ့ "ရူပါရုံလေးက သိပ်ကြီး တယ်, ကြီးတယ်, သေးတယ်, သိပ်သေးတယ်"၊ ဟော လေးမျိုး ဖြစ်သွားတယ်။

နားက ကြားရတဲ့ အသံလေးလည်း လေးမျိုးထပ်ပြီးတော့ ခွဲလိုက်တယ်၊ "သဒ္ဒါရုံက ကျယ်တယ်, သိပ်ကျယ်တယ်, တိုးတယ်, သိပ်တိုးတယ်"၊ နောက် နှာခေါင်းက အနံ့ကျတော့လည်း ထို့အတူ ပဲ၊ "အနံ့က သိပ်ပြင်းတယ်, ပြင်းတယ်, မပြင်းဘူး, သိပ်မပြင်းဘူး"၊ ဒီလိုခွဲလို့ရတယ်ပေ့ါ။ အရသာဆိုလည်း ထို့အတူပဲ၊ လူတွေသုံးတဲ့

http://www.dhammadownload.com



ဝေါဟာရတွေနဲ့ ချိုတယ်ဆိုရင်လည်း "သိပ်ချိုတယ်, ချိုတယ်, မချိုဘူး, အလွန်ကို မချိုဘူး"၊ ဒီလို လေးမျိုးလေးမျိုး ခွဲခွဲပြီးတော့ သွားတယ်၊ ထိခိုက်တာလည်း အတူတူပဲ၊ "သိပ်ပြင်းထန်တယ်, ပြင်းထန်တယ်, ညင်သာတယ်, သိပ်ညင်သာတယ်"၊ ထိခိုက်တာချင်း မတူဘူး၊ ပူတာ အေးတာနဲ့ပြောရင် သိပ်ပူတယ်, ပူတယ်, မပူဘူး, အလွန်ကို မပူဘူး၊ သိပ်အေးတယ်, အေးတယ်, မအေးဘူး, အလွန်မအေးဘူးပေါ့၊ လေးမျိုး လေးမျိုး ခွဲသွားတာပဲ။

ဒါဟာ လူတွေရဲ့ ဝေါဟာရနဲ့ ပြောလို့မဆုံးတော့ဘူး၊ မဆုံးသည့်အတွက်ကြောင့် ဝိသယပ္ပဝတ္တိဆိုတဲ့ စကားလုံးကို ဒွါရကနေ အာရုံတွေရဲ့ ဖြစ်ပေါ်လာပုံကို လူ့ရဲ့တံခါးတွေကနေပြီး အာရုံတွေ ဝင်ရောက်လာပုံ လေးမျိုးလို့ ဒီလိုပြောတာ၊ လယ်တီဆရာတော်ကြီးက အဲဒီအဓိပ္ပာယ်ကို ဖွင့်တယ်။

ဝိဘာဝနီ ဋီကာကျော်ကျမ်းမှာတော့ အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်းဆိုတဲ့ အဓိပ္ပာယ်ကို ဖွင့်တယ်။ အဲဒီအဖွင့်ကို လယ်တီဆရာတော်ကြီးက သဘောမကျဘူး။ ဘာဖြစ်လို့တုန်းဆိုတော့ အတိပရိတ္တာရုံကျတော့ အာရုံပေါ်မှာ စိတ်မဖြစ်ဘူး၊ ဘဝင်စိတ်ပဲ ဖြစ်တယ်၊ ဝီထိစိတ်ဖြစ်မှ မဖြစ်ဘဲကိုး၊ အဲဒါကြောင့်မို့ 'အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်း' ဆိုတဲ့အဓိပ္ပာယ်က မမှန်ဘူး၊ မခြုံမိဘူး၊ မငုံမိဘူး လို့ပြောတာ။

ဒါကြောင့်မို့လို့ လယ်တီဆရာတော်ကြီးဆိုလိုတဲ့ အဓိပ္ပာယ်က ဝိသယပ္ပဝတ္တိဆိုတာ 'စိတ်တံခါးတို့၌ အာရုံတို့ရဲ့ဖြစ်ပုံ ၄-မျိုး၊ တံခါးဝကနေ အာရုံတွေရဲ့ ဆက်သွယ်လာမှုလေးမျိုး' လို့ ဒီလို ပြောတယ်။ 'အာရုံတွေရဲ့ အမျိုးအစားလေးမျိုး' လို့၊ အဲဒါကို

http://www.dhammadownload.com



စာပေလို ရေးသားတဲ့ အခါကျတော့ အတိမဟန္တာရုံ, မဟန္တာရုံ, ပရိတ္တာရုံ, အတိပရိတ္တာရုံလို့ သုံးတယ်။ (အဲဒီဟာကို ဖတ်ကြည့် လိုက်လို့ရှိရင် ဘုန်းကြီးကျောင်းရဲ့နာမည်လို ဖြစ်နေတယ်နော်။)

အတိမဟန္တာရုံဆိုတာ အလွန်ကြီးတဲ့အာရုံကို ပြောတာ၊ အဲဒီလို မျက်စိကမြင်ရတဲ့ အာရုံတွေထဲမှာ အလွန်ကြီးတဲ့အာရုံ ရှိသလို အလွန်သေးတဲ့အာရုံလည်းရှိတယ်၊ ကြီးတဲ့အာရုံရှိတယ်၊ သေးတဲ့အာရုံလည်း ရှိတယ်။ အဲဒါကို အကြောင်းပြုပြီးတော့ ငါးဒွါရမှာ အာရုံတွေရဲ့ ဖြစ်မှုဟာ အခုလို လေးမျိုးကွဲသွားတယ်။ အဲဒီလို အာရုံဖြစ်မှု လေးမျိုးကွဲသွားတဲ့အခါမှာ စိတ်တို့ရဲ့ ဖြစ်စဉ် ဟာလည်း ကွဲပြားခြားနားသွားတယ်၊ မတူနိုင်ဘူးပေါ့။

ဒီနေရာမှာ **အတိမဟန္တ–အလွန်ကြီးတယ်ဆိုတာ** ဘာပြော တာတုန်းဆိုလို့ရှိရင် .. ကြီးတယ်ဆိုတာ အရာဝတ္ထုကြီးက ကြီးလို့လည်း ကြီးတယ်လို့ ပြောတယ်၊ အလင်းအားကောင်းလို့, မြင်အားကောင်းလို့, သိသာမြင်သာလို့ရှိရင်လည်း ကြီးတယ်လို့ ပြောရမှာပဲ၊ ကြီးတယ်ဆိုတဲ့ အဓိပ္ပာယ်နော်၊ ဟိုလို အကြီးစားကြီး ကြီးမှ ဒီလိုမဟုတ်ဘူး၊ အရာဝတ္ထုကြီးလို့ ကြီးတယ်လို့ပြောမယ်, အလင်းရောင် အားကောင်းလို့ရှိရင်လည်း အဲဒီလောက် မကြီးပေ မယ့်လို့ ခပ်သေးသေးလေး ဖြစ်ပေမယ့် ရှင်းရှင်းလင်းလင်းကြီး သိသာမြင်သာလွန်းလို့ရှိရင်လည်း အတိမဟန္တ လို့ ဒီလိုပဲခေါ်တယ်၊ မြင်သာတယ်လို့ ဆိုတယ်။

eye door မျက်စိတံခါးပေါက်ကို လာပြီးတော့ ဆက်သွယ် တဲ့ အာရုံတွေဟာ တောင်ကြီးလိုကြီးတဲ့ အာရုံတွေလည်းဖြစ်မယ်, သိပ်ပြီးတော့ ထင်ရှားတဲ့ အာရုံတွေလည်း ဖြစ်နိုင်တယ်, အလင်း

http://www.dhammadownload.com



အားကောင်းလို့ ပေါ်လွင်လာတဲ့ အာရုံလည်း ဖြစ်နိုင်တယ်လို့ ဒီလို ဆိုလိုတာ၊ အဲဒီ အတိမဟန္တ ဆိုတဲ့ အလွန်ကြီးတဲ့အာရုံ ဖြစ်လာလို့ရှိရင်၊ မျက်စိထဲမှာ ပေါ်လာလို့ရှိရင် စဉ်းစားစရာ မလိုတော့ဘူး၊ ချက်ချင်းထင် ထင်မှန်းသိတယ်။

အေး၊ ကောင်းပြီ- ပဉ္စဒွါရနဲ့ ပတ်သက်လို့ရှိရင် ဝိသယပ္ပဝတ္တိက ၄-မျိုး ရှိတယ်၊ (၁)အတိမဟန္တ, (၂)မဟန္တ, (၃)ပရိတ္တ, (၄)အတိပရိတ္တ ဆိုတဲ့ ၄- မျိုး။

Mind door လို့ခေါ်တဲ့ မနောဒွါရနဲ့ ပတ်သက်လို့ရှိရင် စိတ်ထဲမှာ ပေါ်လာတာတော့ ကြီးတယ်, သေးတယ်လို့ ပြောလို့မရဘူး၊ စိတ်ထဲမှာ ဖြစ်တာကို အကြီးအသေးလို့ ခွဲလို့မရဘူး၊ အဲဒီတော့ ဘယ်လိုခွဲရတုန်းဆို "ထင်ရှားတယ်၊ မထင်ရှားဘူး"။

အတိတ်က အကြောင်းအရာတွေ ပြန်တွေးတဲ့အခါကျတော့ "ငါ အကြီးကြီး မြင်တယ်" လို့ ပြောလို့ မရဘူး၊ "ထင်ထင်ရှားရှား ပေါ်လာတယ်" လို့ပဲ ပြောလို့ရတယ်နော်၊ ဟုတ်ရဲ့လား၊ စိတ်ထဲမှာ ဝိုးတိုးဝါးတားလား, ထင်ထင်ရှားရှားလား ဒါပဲပြောရမှာ၊ မျက်စိနဲ့ မြင်ရတာ မဟုတ်ဘူး၊ နားနဲ့ ကြားရတာ မဟုတ်ဘူး၊ ပြီးခဲ့တဲ့ အာရုံတွေကို ပြန်စဉ်းစားတဲ့အခါမှာ စိတ်ထဲမှာ ပေါ်တာကျတော့ တချို့ အကြောင်းအရာလေးတွေက ရှင်းရှင်းကြီး ပေါ်နေတယ်၊ တချို့ အကြောင်းအရာလေးတွေက ဝိုးတိုးဝါးတား ပေါ်နေတယ်၊ ဒီနှစ်ခု နဲ့ခွဲတာ၊ ပါဠိစာပေမှာ ထင်ထင်ရှားရှားကို **'ဝိဘူတ'** လို့ ခေါ်တယ်၊ မထင်မရှား ဝိုးတိုးဝါးတားကိုတော့ **'အဝိဘူတ'** လို့ ခေါ်တယ်၊ ထင်ရှားတာနဲ့ မထင်ရှားတာ။

http://www.dhammadownload.com



ဒါ ကိုယ့်ဘဝလက်တွေ့နဲ့ ပြန်ကြည့်လည်း သိတာပဲ၊ ညက အိပ်မက်မက်တယ်၊ မှတ်မိတယ်၊ ထင်ရှားတယ်၊ တစ်ခါတစ်ရံ ကျတော့ အိပ်မက်က ဝိုးတိုးဝါးတား ဖြစ်နေတယ်၊ မထင်ရှားဘူး၊ အဲဒါမျိုးလိုပဲ စိတ်ထဲမှာပေါ်လာတဲ့ အာရုံက ထင်ရှားတာနဲ့ မထင်ရှားတာ ၂-မျိုး ခွဲရတယ်။

ယခုလို စိတ်တံခါးတွေမှာ အာရုံပေါ်လာပုံဟာ ဒီဂရီအားဖြင့် ၆-မျိုးရှိတယ်။ ပဉ္စဒွါရ ဆိုတဲ့ ငါးဒွါရမှာ ၄-မျိုး၊ မနောဒွါရ လို့ဆိုတဲ့ mind door မှာ ၂- မျိုး၊ အဲဒါကို ဝိသယပ္ပဝတ္တိ ၆-မျိုးလို့ စာပေက ဆိုတယ်။

အဲဒီ ဝိသယပ္ပဝတ္တိ ၆-မျိုးအလိုက် စိတ်ဖြစ်စဉ်တွေကလည်း ကွဲပြားခြားနားမှု ရှိသွားတယ်။ အာရုံက ထင်ရှားရင် ထင်ရှားသလောက်, ကြီးရင် ကြီးသလောက် စိတ်ဟာ လျင်လျင်မြန်မြန် ဖြစ်နိုင်တာပေါ့။ တံခါးက ဝင်လာတဲ့အခါမှာ လျင်လျင်မြန်မြန် ရောက်လာမှာ၊ အာရုံက မပြင်းထန်ဘူးဆိုရင် အာရုံဝင်ရောက်မှု က နှေးကွေးတယ်၊ တံခါးက ဝင်လာတဲ့ အာရုံဟာ နှေးကွေးချင် နှေးကွေးတယ်။ ဒါကြောင့် လယ်တီဆရာတော်ကြီးက “မြန်တယ်, သိပ်မြန်တယ်, နှေးကွေးတယ်, သိပ်နှေးကွေးတယ်” အဲဒီလို သုံးတယ်။ နှေးကွေးတယ်ဆိုတာ လူက ဝင်လာတဲ့အာရုံကို ရုတ်တရက် စိတ်နဲ့မတွေ့ဘူးပေါ့, စိတ်က မဖမ်းနိုင်ဘူး၊ ဒါကို ဆိုလိုတာ။

**မျက်စိတံခါးနဲ့ ပတ်သက်ပြီး စိတ်တွေ ဖြစ်ပေါ်လာပုံ** ကို လေ့လာကြည့်ကြရအောင်၊ လူတိုင်းလူတိုင်းဟာ မျက်လုံးဖွင့်လိုက်တာနဲ့ တစ်ပြိုင်နက် မြင်စရာတွေ မြင်နေကြတာ မဟုတ်လား။

http://www.dhammadownload.com



အဲဒီလို မြင်စရာတွေ မြင်နေတဲ့အခါမှာ မတူညီတဲ့ စိတ်ဖြစ်စဉ်တွေ ဖြစ်တယ်တဲ့။ အခုပြောတဲ့ အလွန်ကြီးတဲ့၊ အလွန်မြင်သာထင်သာ ရှိတဲ့ အဆင်းအာရုံကြီးတစ်ခုကို မြင်လိုက်လို့ရှိရင် ချက်ချင်း လက်ငင်း ဆိုသလို မကြာခင်မှာပဲ စိတ္တက္ခဏ ၃-ချက်လောက် အလွန်မှာ ဒီအာရုံဟာ စိတ်ထဲမှာ ပေါ်လာနိုင်ပြီ၊ ဖမ်းယူမိသွားပြီ လို့ဆိုတယ်၊ ဖြစ်ပေါ်လာတဲ့ စိတ်တွေက ဖမ်းယူလိုက်ပြီ။

(လူတွေရဲ့ဘဝမှာ ပကတိစိတ်ရဲ့အစဉ်ဟာ ရှိနေတယ် ဆိုတာကို မမေ့နဲ့၊ ပင်ကိုယ်အားဖြင့် အဲဒီ ဘဝင်စိတ်အစဉ်လေး ရှိနေတယ်) အဲဒီ ဘဝင်စိတ်အစဉ်လေး ရှိနေတဲ့အချိန်မှာ မျက်လုံးလေးနှစ်လုံး ဖွင့်လိုက်လို့ ကြီးမားတဲ့ အာရုံကြီးတစ်ခုဟာ မျက်လုံးထဲမှာ ထင်ဟပ်လာပြီဆိုရင် ခုနက ပင်ကိုယ်စိတ်လို့ ခေါ်ရတဲ့ ဘဝင်စိတ်ကလေးက သူ့အရှိန်နဲ့သူ ပြေးနေတာ၊ သူ့အာရုံနဲ့သူ ပြေးနေတဲ့ ဘဝင်စိတ်ကလေးဟာ အနည်းဆုံး ဘဝင်စိတ်ကလေး ၃-ကြိမ်လောက် ဆက်ဖြစ်ပြီးတော့မှ ဟောဒီ အလွန်ကြီးတဲ့အာရုံဟာ မျက်စိတံခါးမှာ လာ ဆက်သွယ်မိသွား တယ်လို့ပြောတယ်၊ အဲဒီကျမှ စိတ်နဲ့ လာဆက်သွယ်မိတာ၊ ချက်ချင်းကြီး ဖြစ်ဖြစ်ချင်း မဆက်သွယ်မိဘူးလို့ပြောတာ။

အဲဒါကို စာပေလိုပြောတော့ 'ဥပါဒ်' လို့ ပြောတယ်၊ 'ရူပါရုံ နဲ့ စက္ခုပသာဒတို့ ဥပါဒ်ကြသောအခါ'၊ တစ်ခါတစ်လေကျတော့ ဝေါဟာရက စာလို ရေးထားတဲ့အခါကျတော့ နားမလည်ဘူး ဖြစ်တတ်တယ်နော်၊ အာရုံလေးက စိတ်ထဲမှာ လာပေါ်ဖို့ရန် အတွက် မူလက ဖြစ်စဉ်ဖြစ်တဲ့ ဘဝင်စိတ်အရှိန်က သွားနေတာ၊ အဲဒီထဲမှာ မျက်စိတံခါးပေါက်ကို ရူပါရုံဆိုတဲ့ အာရုံအသစ်ဟာ

http://www.dhammadownload.com



ထိုးဖောက်ပြီးတော့ ဝင်ရောက်လာတာ၊ အဲဒီလို ဝင်ရောက်လာတဲ့ အခါကျတော့ အတွင်းက ဖြစ်စဉ်ဖြစ်တဲ့ ဘဝင်စိတ်လေးဟာ ၃-ခါလောက် ဖြစ်ပြီးတော့မှ ရပ်တန့်သွားတယ်၊ ဒါ အနည်းဆုံးပဲ၊ ၃-ခါထက် လျော့ပြီးတော့ ရူပါရုံက စိတ်အသစ်နဲ့ တွေ့တာ မဟုတ်ဘူး၊ အဲဒါကို စာလို ပြောတဲ့အခါကျတော့ ရူပါရုံလေး မွေးဖွားလာတယ်၊ ဒီမျက်စိထဲမှာ ပေါ်လာပြီးတဲ့နောက် ဖြတ်သန်း ကျော်လွန်ခဲ့ရတဲ့ စိတ္တက္ခဏလေးကို ဒါကို အတီတ ဘဝင်စိတ် လို့ခေါ်တယ်။

အဲဒီ အတီတဘဝင်စိတ်ကလေးကလည်း ခဏငယ် ၃-ခု ရှိတယ်၊ 'ဥပါဒ်၊ ဌီ၊ ဘင်' ဆိုတဲ့ ခဏငယ် ၃-ခု ရှိတယ်၊ အဲဒီ စိတ္တက္ခဏလေး ၁-ခု ဆိုတာဟာ ပြောမယ်ဆိုလို့ရှိရင် ကုဋေ တစ်သိန်းရဲ့ အပုံတစ်ပုံလို့ ဒီလိုပြောရမှာ။ ဆိုပါစို့ - စိတ်ရဲ့ စိတ္တက္ခဏလေး ၁-ခုဟာ တစ်စက္ကန့် ဆိုလို့ရှိရင် စက္ကန့်ကလေး တစ်သိန်းရဲ့ အပုံတစ်ပုံပဲရှိတယ်၊ အဲလောက်ထိအောင် တိုတောင်း တယ်လို့ ပြောတာနော်။

အဲဒီဘဝင်စိတ်လေးဟာ သူ့အာရုံနဲ့သူ ပြေးနေတာ၊ ရူပါရုံ လေးနဲ့ လာဆုံစည်းလိုက်တဲ့ အချိန်လေးမှာ သူက ရူပါရုံကို မဖမ်း နိုင်ဘူး၊ မဖမ်းနိုင်ဘဲနဲ့ အဲဒီဘဝင်စိတ်လေးဟာ သူ့အာရုံနဲ့သူ ပြေးနေတာ၊ တစ်စိတ် လွန်သွားပြီ၊ ဒါပေမယ့် ရူပါရုံလေးကို မမိလိုက်သေးဘူး၊ ဖမ်းတဲ့စိတ် မပေါ်သေးဘူး၊ ပြီးတဲ့အခါကျတော့ အင်နဲ့အားနဲ့ အသစ်ဝင်လာတဲ့ ရူပါရုံကြောင့် အဲဒီ ဘဝင်စိတ်လေး ဟာ အခြေအနေ ပြောင်းလဲဖို့ရာအတွက် လှုပ်ရှားလာတယ်၊ လှုပ်ရှားလာလို့ တည်ငြိမ်မှု ပျက်ပြားလာတယ်၊ အဲဒါကို

http://www.dhammadownload.com



'ဘဝင်္ဂစလန' ဘဝင်လှုပ်တယ်လို့ ခေါ်တယ်၊ အဲဒါက ဒုတိယ စိတ္တက္ခဏ။

လှုပ်ပြီးတဲ့နောက်ကျတော့ ၃-ကြိမ်မြောက် တတိယဘဝင် စိတ်ကလေး ဖြစ်ပြီးတဲ့အခါကျတော့ ဘဝင်အရှိန်ဟာ ပြတ်ထွက် သွားတယ်၊ ဘဝင်အရှိန် ပြတ်ထွက်သွားခြင်းသည် အာရုံကလေး က စိတ်အသစ်နဲ့ တွေ့ဆုံခြင်းပဲ၊ အဲဒီကျမှတွေ့တာ၊ အဲဒီ အာရုံလေးပေါ်မှာ အာရုံပြုတဲ့စိတ်သည် ဘဝင်စိတ် ၃-ခါ ဖြစ်ပြီးတဲ့ အခါမှ တွေ့တယ်တဲ့၊ ဒါ အလွန်လျင်မြန်တာ၊ ဒါ အဘိဓမ္မာက ပြောလို့သာသိရတာ၊ သာမန်သိဖို့ရန် အင်မတန်မှ ခဲယဉ်းပါတယ်၊ မသိနိုင်လောက်ပါဘူးနော်၊ ဒါ **'စိတ္တနိယာမ'** ပဲလေ။

ဒိပြင်နိယာမတွေလည်း ဒီအတိုင်းပဲ၊ ဆိုပါစို့ - မျိုးစေ့လေး တစ်ခုကို မြေထဲမှာချပြီးတော့ မြှုပ်ထားလိုက်လို့ရှိရင် ၇-ရက် လောက် နေလို့ရှိရင် အညှောက်လေးထွက်လာတယ် ဆိုပါစို့၊ အဲဒီအချိန်မှာ ပထမရက်ကျ အညှောက် ဘယ်လောက်ထွက် တယ်, ဒုတိယရက်ကျ အညှောက် ဘယ်လောက်ထွက်တယ်, တတိယရက်ကျ ဘယ်လိုပြောင်းတယ်ဆိုတာ သိနိုင်ပါ့မလား၊ "မသိနိုင်ပါဘူးဘုရား"၊ အဲဒီရုပ်တောင်မှ မသိနိုင်တာနော်၊ ထွက်လာမှသာ ဪ - ထွက်လာပြီလို့ပြောတာ၊ သို့သော် ပြောင်းလဲမှုက နေ့စဉ်ရှိနေတာ၊ နာရီနဲ့အမျှ မိနစ်နဲ့အမျှ ရှိနေတာ၊ မပြောင်းလဲဘဲနဲ့ ဝုန်းကနဲ ၇-ရက်မြောက်ကျမှ အမြစ် ဆင်းပြီး အညှောက်ထွက်တာ ဟုတ်ပါ့မလား၊ မဟုတ်ဘူး၊ ပြောင်းလဲမှုက မိနစ်ပိုင်းအလိုက် ရှိနေတယ်ပေါ့၊ အဲဒီပြောင်းလဲမှု

http://www.dhammadownload.com



အတိုင်းအတာ အသေးစိတ်လေးတွေကို လူတွေက မမြင်နိုင်ဘူး ပေ့ါ၊ အဲဒါဟာ process ပဲ၊ Process ဆိုတာ ရှိကိုရှိတယ်။

ကြည့်လေ - ဘုန်းကြီးတို့တတွေ ခေါင်းပြောင်အောင် ရိတ်ထား ပြီး ဒီကနေ့ ရိတ်ထားတဲ့ဟာ နောက်တစ်ရက်ကျတော့ မနေ့က ရိတ်ထားတဲ့ပုံစံ မဟုတ်တော့ဘူး၊ ဆံပင်လေးတွေ နည်းနည်း ထွက်လာတယ်၊ နောက် တတိယရက်ကျတော့ နည်းနည်းလေး ထပ်ထွက်လာတယ်၊ စတုတ္ထရက်ကျတော့ နည်းနည်းလေး ထပ်ထွက်လာတယ်၊ တစ်ခါတည်း ထွက်လာတာ မဟုတ်ဘူး၊ မိနစ်ပိုင်းအလိုက် မိနစ်ပိုင်းအလိုက် ပြောင်းလဲမှု ကလေးတွေရှိတယ်၊ သေသေချာချာ လေ့လာစောင့်ကြည့်နေမယ် ဆိုရင် အဲဒီ ပြောင်းလဲမှုလေးတွေက မြင်နိုင်တယ်၊ ရုပ်တရား ဆိုတော့ ကြည့်လို့ မြင်လို့ ရတယ်ပေ့ါ၊ ဟောဒီ နာမ်တရား ဆိုတာကျတော့ မျက်စိနဲ့ ကြည့်လို့ မြင်လို့ မရနိုင်ဘူး။

ကောင်းပြီ-အဲဒီ ရူပါရုံဆိုတဲ့ အာရုံလေးဟာ မျက်စိတံခါးက ဖြတ်ဝင်လိုက်တာနဲ့ တစ်ပြိုင်နက် အနည်းဆုံး စိတ္တက္ခဏ တစ်ချက် လွန်လာပြီးတဲ့နောက်မှ စပြီး ဥပါဒ်တာ ရူပါရုံရဲ့စတင်မွေးဖွားခြင်း လို့ ဒီလိုပြောပါတယ်၊ မျက်စိထဲမှာ သူပေါ်လာတာ သူ့ရဲ့ မွေးဖွား ခြင်းပဲ၊ မွေးဖွားတဲ့အချိန်လေးက အင်မတန်မှ တိုတောင်းတယ်၊ စိတ္တက္ခဏ တစ်ချက်ထက် တိုတောင်းတယ်၊ ရူပါရုံ မွေးဖွားတာ ခဏကလေး တစ်ခုပဲရှိတယ်၊ မွေးဖွားပြီးတဲ့အခါမှာ တည်တံ့ နေတဲ့ 'ဌီခဏ' ကျတော့ အလွန်ရှည်တယ်ပေ့ါ၊ နာမ်ထက်စာလို့ ရှိရင် ဒီရူပါရုံလေးက ရုပ်တရားဖြစ်သည့်အတွက်ကြောင့် ရှည် တယ်။

http://www.dhammadownload.com



စာပေလို ခဏငယ်နဲ့ပြောမယ်ဆိုရင် ခဏငယ် ၅၁-ချက် ရှိတဲ့အထဲမှာ မျက်စိတံခါးကနေ ဝင်ရောက်ပြီးတော့ မွေးဖွား လာတဲ့ အဆင်းအာရုံလေးသည် စတင်ဥပါဒ်တဲ့ မွေးဖွားလာပြီးတဲ့ နောက်မှာ ဒါက ခဏလေးတစ်ခု လွန်လာပြီ၊ အဲဒီနောက် သူ့ရဲ့ ဌီခဏလို့ဆိုတဲ့ တည်တံ့နေတဲ့အချိန်ပိုင်းက အများကြီး၊ ၄၉-ချက် က ဌီခဏ၊ နောက်ဆုံးတစ်ချက်က ဘင်ခဏလို့၊ ဒီလို သူက 'ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏ'။ ခဏ ၃-မျိုးရှိတယ်။

ရုပ်တရားတွေမှာ ဥပါဒ်ခဏက သိပ်တိုတယ်၊ ဘင်ခဏ ကလည်း သိပ်တိုတယ်။ သို့သော် ရုပ်တည်နေတဲ့အချိန်ပိုင်း ဌီခဏ ကျတော့ ခဏငယ် ၄၉-ချက်ခန့် တည်နေတယ်၊ အဲဒီ ရုပ်တည် နေတဲ့ အချိန်အတွင်းမှာ သူက စိတ်နဲ့တွေ့ဆုံတာ၊ သူက ဖြစ်လျှင် ဖြစ်ခြင်း၊ သူမွေးဖွားလျှင်မွေးဖွားခြင်း စိတ်နဲ့တွေ့ဆုံလို့ မရဘူး၊ သူ့ကို ဖမ်းယူမယ့်စိတ်နဲ့ မတွေ့ဆုံနိုင်သေးဘူး၊ ဘာဖြစ်လို့တုန်း ဆိုရင် ပင်ကိုယ်စိတ် ဘဝင်စိတ်တွေက သူ့အာရုံနဲ့သူ သွားနေ တာ၊ အဲဒီ ပင်ကိုယ်စိတ်တွေ မပြတ်လို့ရှိရင်လည်း နောက်ထပ် စိတ်က ဝင်လို့မရဘူးနော်။ ပင်ကိုယ်စိတ်ကို အခြေခံပြီးတော့မှ အာရုံအသစ်ကြောင့်မို့ စိတ်အသစ်ဖြစ်ရတာ။ ပြောမယ်ဆိုလို့ရှိရင် 'ပကတိစိတ်နဲ့ ဝိကာတိစိတ်' လို့၊ ဆိုပါစို့ - ပကတိဆိုတဲ့ ပင်ကိုယ်စိတ် တွေက သွားနေသည့်အတွက်ကြောင့် **'ဝိကာတိ'** ဆိုတဲ့ အာရုံ အသစ်ကြောင့် ဖြစ်ပေါ်လာတဲ့ စိတ်တွေဟာ မဝင်ရောက်နိုင်သေး ဘူး။

ကောင်းပြီ - ရူပါရုံလေးက အဲဒီလို မျက်စိတံခါးမှာ လာပြီး တော့ ပေါ်လိုက်တဲ့အခါမှာ အနည်းဆုံး စိတ္တက္ခဏ ၁-ချက်သော်

http://www.dhammadownload.com



လည်းကောင်း, ၂-ချက်သော်လည်းကောင်း, ၃-ချက်သော် လည်းကောင်း, များစွာသော် လည်းကောင်း ဖြတ်ကျော်ပြီးတော့မှသာလျှင် အသစ်ပေါ်လာတဲ့ အာရုံကို သိနိုင်တဲ့စိတ်နဲ့ ဆုံတွေ့မိတယ်လို့ ဒီလိုပြောတယ်၊ အဲဒါကို အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာ **"ကေစိတ္တက္ခဏာ တီတာ နိဝါ ဗဟုစိတ္တက္ခဏာ တီတာ နိဝါ ဌိတိပတ္တာ နေဝ"** - ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါးဟာ ဌီခဏ ရောက်တဲ့အခါမှာ စိတ္တက္ခဏတစ်ကြိမ်လွန်၍ဖြစ်စေ, နှစ်ကြိမ်လွန်၍ဖြစ်စေ လွန်ပြီးမှသာ ထင်လာနိုင်တယ်။ ကြည့်လေ - အတီတ ဘဝင်ကလေးတစ်ချက်လွန်သွားပြီ၊ ဒါ အတီတဘဝင်ကိုပြောတာ၊ သို့သော် သူ ထင်နိုင်သေးတာ မဟုတ်ဘူး၊ စတုတ္ထစိတ်လောက်ကျမှ သူနဲ့တွေ့တာ၊ ပထမစိတ်က ဘဝင်စိတ်, ဒုတိယစိတ်ကလည်း ဘဝင်စိတ်, တတိယစိတ်ကလည်း ဘဝင်စိတ်ပဲ၊ ဘဝင်စိတ် မှန်သမျှ အခုလောလောဆယ် မျက်စိတံခါးမှာ ဆက်သွယ်လာတဲ့ အာရုံကို မသိနိုင်ဘူး၊ မမြင်နိုင်ဘူး။

အဲဒီလို မျက်စိတံခါးမှာ လာရောက် ဆက်သွယ်လိုက်တဲ့အခါကျတော့ အဲဒီ ဘဝင်စိတ် ၃-ကြိမ်ဖြစ်ပြီးတော့ ပြတ်ထွက်သွားပြီဆိုတော့မှ ပဉ္စဒွါရာဝဇ္ဇန်း အာဝဇ္ဇန်းစိတ်ဆိုတာလေး ပေါ်လာတယ်၊ အဲဒီ အာဝဇ္ဇန်းစိတ်က ငါးဒွါရမှာ ဆင်ခြင်ပေးတယ်၊ ဦးလှည့်ပေးတယ်၊ အာရုံရှိရာကို မျက်နှာမူပေးတဲ့စိတ်၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အာရုံအသစ်ကို welcome လုပ်တဲ့စိတ်နော်၊ ကြိုဆိုလိုက်တာ၊ တံခါးဖွင့်ပေးလိုက်တာ၊ သူက တံခါးဖွင့်မပေးရင် မြင်လို့မရဘူး၊ ဒါကြောင့်မို့လို့ သူ တံခါးဖွင့်ပေးတဲ့

http://www.dhammadownload.com



အခါမှ နောက်က စက္ခုဝိညာဏ်စိတ်လာတယ်၊ မြင်တဲ့စိတ်က အဲဒီနောက်မှ လိုက်လာရတာ၊ အဲဒီတော့ ချက်ချင်းကြီးမြင်တာ မဟုတ်သေးဘူး။

အဲဒီ တံခါးဖွင့်ပေးတဲ့ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ကို အဋ္ဌသာလိနီ အဋ္ဌကထာမှာ "နားမကြားတဲ့ တံခါးစောင့်" လို့ ဒီလို နာမည် ပေးတယ်၊ တံခါးခေါက်လိုက်တယ်၊ သူကြားလို့ ဖွင့်ပေးတာ မဟုတ်ဘူး၊ သူ့ကို အမှတ်သညာပေးတာ၊ အမှတ်သညာ ပေးလိုက်လို့ သူ တံခါးထ,ဖွင့်ရတယ်၊ ကြားတော့ မကြားဘူးတဲ့၊ မြင်နိုင်တာ မဟုတ်ဘူး၊ တံခါးဖွင့်ပေးရုံ ဖွင့်ပေးလိုက်တာပဲ၊ ဘာကြောင့် သူက တံခါးဖွင့်နိုင်တုန်းဆိုတော့ အာရုံနဲ့ဝတ္ထု ဆုံစည်းမှုရဲ့ စွမ်းအားနဲ့ သူက တံခါးဖွင့်ပေးတာ၊ အဲဒီစိတ်က စပြီးတော့ အသစ်ရောက် လာတဲ့, မျက်စိတံခါးမှာ ဝင်လာတဲ့ အာရုံနဲ့စိတ်တွေဟာ အလုပ် လုပ်ကြပြီတဲ့။

အဲဒီ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဆိုတာ ကုသိုလ်လည်း မဟုတ်ဘူး, အကုသိုလ်လည်း မဟုတ်ဘူး, ကံရဲ့အကျိုးတရားလည်း မဟုတ်ဘူး၊ ကြိယာစိတ်ဖြစ်တယ်၊ ကြိယာစိတ်ဆိုတာ သက်သက် အလုပ်လုပ် တဲ့ စိတ်တစ်ခုပဲ၊ ဘာ့ကြောင့်ပေါ်လာတုန်းဆိုရင် ဝတ္ထုအာရုံ ဆုံတဲ့ စွမ်းအားကြောင့် ပေါ်လာတာ၊ အဲဒီ ဆုံတဲ့စွမ်းအားကြောင့် ပေါ်လာတဲ့ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ကလေးက ဖြစ်ပြီးတာနဲ့ တစ်ပြိုင် နက် ပျက်သွားတယ်၊ သူပျက်သွားခြင်းသည် စက္ခုဝိညာဏ်စိတ် ဖြစ်ဖို့ရန် chance ပဲ။

ဒါကြောင့်မို့လို့ ပြောတယ် မဟုတ်လား၊ မြင်သိစိတ်ကလေး ဖြစ်ဖို့ရန်အတွက် သုတ္တန် ပါဠိတော်တွေမှာ မြတ်စွာဘုရား

http://www.dhammadownload.com



ဟောထားတာတွေက စက္ခုပသာဒနဲ့ ရူပါရုံ ဒီ ၂-ခု အကြောင်းပြုပြီးတော့ စက္ခုဝိညာဏ်စိတ် ပေါ်တယ်၊ **"စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"** ၊ မျက်စိရယ် အဆင်းရယ်၊ ဒီ၂-ခုကို အကြောင်းပြု အမှီပြုပြီးတော့ မြင်သိစိတ် ပေါ်တယ်လို့ ထိုထို သုတ္တန်တွေမှာ ဟောသွားတယ်။

သို့သော် ဒီအကြောင်း ၂-ခုတည်းလားဆို မဟုတ်ဘူးတဲ့၊ အထောက်အကူဖြစ်တဲ့အကြောင်းတွေ လိုသေးတယ်၊ အထောက်အကူဖြစ်တဲ့အကြောင်းက ဘာလဲဆိုရင် မျက်စိနဲ့အာရုံကြား သို့မဟုတ် အဆင်းအာရုံလေးပေါ်မှာ လိုအပ်တဲ့ အလင်းရောင် ရှိရဦးမယ်၊ မှောင်နေရင် မြင်ရမှာမှ မဟုတ်ဘဲကိုး။ အဲဒါကြောင့် အလင်းရောင်ဆိုတဲ့ အကြောင်းတစ်ခုလည်း လိုအပ်တယ်၊ နောက်တစ်ခု ဘာတုန်းဆိုတော့ နှလုံးသွင်းမှု မနသိကာရ တဲ့။

ဒါကြောင့် လယ်တီဆရာတော်ကြီးက **"စက္ခာလောက ရူပထင်ပြီ မနသိ လေးလီ စက္ခုဖို့"** လို့ အဋ္ဌကထာတွေမှာပါတဲ့ စကားအတိုင်း လင်္ကာစီထားတာ။ 'စက္ခု' ဆိုတာ စက္ခုပသာဒရုပ်ကိုပြောတာ၊ 'အာလောက'ဆိုတာ အလင်းကိုပြောတာ၊ 'ရူပထင်ပြီ' ဆိုတာ အဆင်းအာရုံလေး လာထင်တာ၊ 'မနသိ' ဆိုတာ နှလုံးသွင်းမှု၊ ပေါင်းလိုက်တဲ့အခါကျတော့ အကြောင်း ၄-မျိုး၊ အဲဒီ အကြောင်း ၄-မျိုးထဲက 'မနသိ' ဆိုတဲ့အကြောင်းက ဘာပြောတာတုန်းဆို ဟောဒီ ပဉ္စဒွါရာဝဇ္ဇန်း စိတ်ကလေးကို ပြောတာ၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်က အာဝဇ္ဇန်းပဲ၊ အာဝဇ္ဇန်းဆိုတာ 'မနသိကာရ' ပဲ၊ ဒီအာဝဇ္ဇန်းစိတ်ကလေး မပါဘဲနဲ့ စက္ခုဝိညာဏ်စိတ် မဖြစ်နိုင်ဘူး၊ ဟောဒီ အကြောင်းတရားတွေရှိတယ်၊ အကြောင်း ၄-မျိုး။

http://www.dhammadownload.com



ကောင်းပြီ၊ မျက်စိတံခါးကို ပဉ္စဒွါရာဝဇ္ဇန်းစိတ်က ဖွင့်ပေးလိုက်တဲ့အခါ မြင်ခြင်းကိစ္စ ဆောင်ရွက်တာက စက္ခုဝိညာဏ်စိတ်တဲ့၊ စက္ခုဝိညာဏ်စိတ်ဖြစ်တယ်၊ စက္ခုဝိညာဏ်စိတ်က မြင်ရုံပဲမြင်တာ၊ အဲဒီမြင်တဲ့ စက္ခုဝိညာဏ်စိတ်ဟာ 'ကမ္မဝိပါက' ကံရဲ့အကျိုးတရား ဖြစ်တယ်၊ ကံက ဖန်တီးထားတဲ့စိတ်၊ ဘယ်မှာဖန်တီးထားတာတုန်းလို့ သေချာလိုက်ရှာကြည့်ရင် ကံက ဖန်တီးထားတဲ့ စက္ခုဝိညာဏ်စိတ်ကလေးဟာ စက္ခုပသာဒရုပ်နဲ့ အတူတကွ ရှိနေလားလို့ဆိုတော့ စိတ်ဆိုတာ အရှိမဟုတ်ဘူး, အဖြစ်တရား၊ စက္ခုပသာဒဆိုတာလည်း အမှန်ကတော့ ရှိနေတာ မဟုတ်ဘူး၊ ဖြစ်နေကြတာပဲ၊ အကြောင်းတွေကြောင့် ဖြစ်နေကြတာ၊ ဖြစ်နေတဲ့ စက္ခုပသာဒထဲမှာ ဟောဒီ စက္ခုဝိညာဏ်စိတ် ဖြစ်လာနိုင်တဲ့ အနေအထား possibility ရှိနေတာကိုသာ ပြောတာ။

ဥပမာ - ဂက်စ်မီးခြစ်ထဲမှာ မီးမရှိပေမယ့်လို့ မီးဖြစ်နိုင်တဲ့ အနေအထား မရှိဘူးလား၊ ရှိတယ်၊ အေး အဲဒါမျိုးလို လူတွေရဲ့ စက္ခုပသာဒမှာလည်းပဲ စက္ခုဝိညာဏ်စိတ်ကလေးပေါ်ဖို့ အနေအထား ရှိနေတယ်လို့ ပြောတာနော်၊ သူလည်း ကံကြောင့်ဖြစ်တဲ့ဟာပဲ၊ ကံကြောင့် ဖြစ်ပေမယ့်လို့ ကံကနေ ဖန်တီးပေးထားတဲ့ စက္ခုပသာဒရုပ်ကို စိတ်တို့ ဥတုတို့ အာဟာရတို့က အထောက်အပံ့ပေးလို့ ဆက်လက်ရှင်သန်နေတာ။

ဟောဒီ စက္ခုဝိညာဏ်စိတ်လေးကျတော့ ဝတ္ထု အာရုံနဲ့ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ရဲ့ အကူအညီနဲ့မှ သူက ဖြစ်လို့ရတာ၊ ကံတစ်ခုတည်း မဟုတ်တော့ဘူး၊ ဟုတ်ရဲ့လား၊ အကြောင်းတွေ မြောက်မြားစွာရှိလာပုံကို စဉ်းစားကြည့်တာ၊ စက္ခုဝိညာဏ်ဆိုတဲ့

http://www.dhammadownload.com



မြင်သိစိတ် ဖြစ်ပေါ်ဖို့ရန် အာရုံဝတ္ထု ဆုံစည်းမှုဟာ အကြောင်း တစ်ခုပဲ၊ အာရုံနဲ့ဝတ္ထု ဆုံစည်းလိုက်သည်နှင့် တစ်ပြိုင်နက်တည်း ပဉ္စဒွါရာဝဇ္ဇန်းက တံခါးဖွင့်ပေးလိုက်လို့ သူက မြင်ရတယ်၊ အဲဒီ မြင်သိစိတ်ကလေးက ဘွားကနဲပေါ်လာတယ်၊ ပေါ်လာပြီးတော့ သူက ပျောက်သွားပြန်တယ်။

အဲဒီ စက္ခုဝိညာဏ်စိတ်ဟာ အဘိဓမ္မာသင်တဲ့ ပုဂ္ဂိုလ်တွေက စက္ခုဝိညာဏ်ဒွေးလို့ ဒီလိုသုံးတယ်၊ စက္ခုဝိညာဏ်စိတ်က ၂-ခု ရှိတယ်ပေါ့၊ ကုသလဝိပါက် ကုသိုလ်ရဲ့အကျိုး, အကုသလဝိပါက် အကုသိုလ်ရဲ့အကျိုးလို့ ၂-မျိုး ရှိတယ်။

စာပေကျမ်းဂန်မှာ 'ဝိပါက်အမှန် ဇောအပြန်' ဆိုတဲ့ စကား ရှိတယ်၊ အာရုံနဲ့ပတ်သက်ပြီးတော့ ဝိပါက်စိတ်တွေဟာ ဆိုပါစို့- ဣဋ္ဌာရုံနဲ့ တွေ့လာပြီ၊ ကောင်းတဲ့အာရုံနဲ့တွေ့ရင် ကုသိုလ်ရဲ့ အကျိုးလို့ မှတ်တယ်၊ အနိဋ္ဌာရုံနဲ့ ပတ်သက်လို့ရှိရင် အကုသလ ဝိပါက် အကုသိုလ်ရဲ့အကျိုးလို့မှတ်တယ်၊ အနိဋ္ဌာရုံနဲ့ ပတ်သက်လို့ ရှိရင် အကုသလဝိပါက် စက္ခုဝိညာဏ်၊ ဒါက ပြောင်းလဲလို့မရဘူး။ အာရုံက ဣဋ္ဌာရုံဆိုလို့ရှိရင် ကုသလဝိပါက်, ကုသိုလ်ရဲ့အကျိုး၊ အနိဋ္ဌာရုံဆိုရင် အကုသလဝိပါက်, အကုသိုလ်ရဲ့အကျိုး၊ ဟော စက္ခုဝိညာဏ်စိတ်၂-မျိုးထဲက ရွေးချယ်ပုံ ရွေးချယ်နည်း၊ ဒါက စနစ်တကျ ရွေးချယ်တဲ့နည်းပေါ့၊ အဲဒါက ပြောင်းလဲလို့မရဘူး။

ဘာဖြစ်လို့ ပြောင်းလဲလို့ မရတာတုန်းဆိုတော့ ဝိပါက်စိတ် ဆိုတာ ကံရဲ့အကျိုးပဲ။ ဘာနဲ့ အလားသဏ္ဌာန်တူတုန်းဆိုရင် မှန်ထဲ မှာ ပေါ်လာတဲ့ အရိပ်လိုပဲလေ၊ ကိုယ့်မျက်နှာ အရှိအတိုင်းပဲ မှန်ထဲမှာ ပေါ်မှာမို့လား၊ မှန်ထဲက ရုပ်ပုံလွှာကို ပြင်လို့ရသလား၊

http://www.dhammadownload.com



မရဘူး။ ရှိတဲ့ပုံအတိုင်း ပေါ်မှာပဲ။ အဲဒါလိုပဲ စက္ခုဝိညာဏ်စိတ်လေးက ဣဋ္ဌာရုံနဲ့တွေ့ရင် ကုသလဝိပါက်စိတ် ပေါ်မှာပဲ, အနိဋ္ဌာရုံနဲ့တွေ့ရင် အကုသလဝိပါက်စိတ်ပေါ်မှာပဲ၊ ဒါက ပုံမှန်။

နောက် - ဝေဒနာနဲ့ ပတ်သက်လို့ရှိရင်လည်း အဲဒီလို ပုံမှန်သတ်မှတ်ချက်ကလေးတွေ ရှိတယ်၊ ဝိပါက်စိတ်ဟာ အမှန်ပဲ၊ ပြုပြင် ပြောင်းလဲလို့မရတဲ့ အနေအထားရှိတယ်၊ ကံကြောင့်ဖြစ်တယ် ဆိုပေမယ့်လို့ ပစ္စုပ္ပန် ဝတ္ထုတို့ အာရုံတို့ ပေါင်းဆုံတဲ့ စွမ်းအားကြောင့် ဖြစ်လာတာလို့ ဒီလိုပြောတယ်။

စက္ခုဝတ္ထုကိုမှီရင် မှီရာ စက္ခုဝတ္ထုလေးကလည်း ပုရေဇာတသတ္တိနဲ့ ကျေးဇူးပြုလိုက်တာပဲ၊ နိဿယသတ္တိနဲ့ ကျေးဇူးပြုလိုက်တာပဲ၊ ရူပါရုံဆိုတဲ့ အာရုံလေးကလည်းပဲ အာရမ္မဏပစ္စည်းနဲ့ ကျေးဇူးပြုလိုက်တာပဲ၊ ကျေးဇူးပြုလိုက်သည့် အတွက်ကြောင့် ပဉ္စဒွါရာဝဇ္ဇန်းစိတ် ချုပ်သွားတာနဲ့ တစ်ပြိုင်နက် စက္ခုဝိညာဏ်စိတ်ကလေးက ပေါ်လာတယ်။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်ရဲ့မှီရာက ဟဒယဝတ္ထု၊ စက္ခုဝိညာဏ်စိတ်လေးရဲ့ မှီရာက စက္ခုဝတ္ထု၊ မှီရာချင်း မတူဘူး၊ ဆက်သွယ်မှုချင်း နီးစပ်တယ်၊ မှီရာချင်းတော့ မတူဘူး။

စက္ခုဝိညာဏ်စိတ်ကလေးဖြစ်ပြီး ချုပ်သွားတော့ ဘာပေါ်လာတုန်းဆိုတော့ အဲဒီအာရုံကလေးကိုလက်ခံတဲ့ "**သမ္ပဋိစ္ဆန**" ဆိုတဲ့စိတ် ပေါ်လာတယ်။ အဲဒီမှာလည်းပဲ အာရုံက အလိုရှိအပ်တဲ့ ဣဋ္ဌာရုံ ဆိုလို့ရှိရင် ကုသလဝိပါက်၊ အလိုမရှိအပ်တဲ့ အာရုံဆိုရင် အကုသလ ဝိပါက်တဲ့။ ဘာဖြစ်လို့တုန်းဆိုရင် ဒါက The Law of Nature သဘာဝတရားရဲ့ ဥပဒေကြီးပဲ၊ သဘာဝတရားရဲ့ ဥပဒေ

http://www.dhammadownload.com



မှာ ကုသိုလ်က ဆိုးကျိုးပေးတယ်ဆိုတာ မရှိဘူး၊ အကုသိုလ်က ကောင်းကျိုးပေးတယ်ဆိုတာ မရှိဘူး၊ ကောင်းတာမြင်တာ မှန်သမျှ ကုသိုလ်ရဲ့အကျိုး၊ မကောင်းတာမြင်တာ မှန်သမျှ အကုသိုလ်ရဲ့ အကျိုး၊ ဒီလိုပဲ သတ်မှတ်တယ်နော်၊ ဒါက The Law of Nature **သဘာဝနိယာမတရား** ပဲ။

ဒါပေမယ့်လို့ ဣဋ္ဌာရုံ အနိဋ္ဌာရုံ လိုချင်စရာအာရုံနဲ့ မလိုချင်စရာအာရုံ ဆိုတာကျတော့ ဘာနဲ့ ခွဲတာတုန်းဆိုရင် General consensus လူအများစု ယေဘုယျသတ်မှတ်ချက်နဲ့ပဲ ပြောရမယ်တဲ့၊ ဘာဖြစ်လို့တုန်းဆိုတော့ ဒူးရင်းသီးပဲ ကြည့်ဦး၊ ကြိုက်တဲ့သူကျတော့ ဣဋ္ဌာရုံ၊ မကြိုက်တဲ့သူကျတော့ အနိဋ္ဌာရုံ၊ ဟုတ်ရဲ့လား၊ မကြိုက်တဲ့သူက နံတယ်လို့ ပြောတာပဲ၊ ကြိုက်တဲ့သူက မွှေးတယ်လို့ ပြောတာပဲ၊ မွှေးတဲ့သူအဖို့ ဣဋ္ဌာရုံဖြစ်ပြီးတော့ နံတဲ့သူအဖို့ အနိဋ္ဌာရုံ ဖြစ်နေတယ်၊ ငပိလည်း ထို့အတူပဲ၊ ငပိကြိုက်တဲ့သူက မွှေးတယ်၊ ငပိမကြိုက်တဲ့သူက နံတယ်၊ ဣဋ္ဌာရုံနဲ့ အနိဋ္ဌာရုံကို ပြောတာ။

ဣဋ္ဌာရုံမှာ သဘာဝဣဋ္ဌာရုံနဲ့ ပရိကပ္ပဣဋ္ဌာရုံ ၂-မျိုးရှိတယ်။ လူဆိုတာ ကိုယ်ထင် ခုတင်ရွှေနန်းပဲလေ။ သို့သော် ဣဋ္ဌာရုံဆိုတာ ကိုယ်ကြိုက်လို့ ဣဋ္ဌာရုံလို့ ပြောတာမဟုတ်ဘူး၊ ကိုယ်မကြိုက်လို့ အနိဋ္ဌာရုံလို့ ပြောတာမဟုတ်ဘူး၊ အဲဒါဆိုရင် လွဲချော်ကုန်မှာပေါ့။ အဲဒီတော့ဆိုလိုတာက General consensus ယေဘုယျ သတ်မှတ်ချက်၊ အများကြိုက်တဲ့အကြိုက်နဲ့ သတ်မှတ်ရမယ်၊ တစ်ဦးချင်း အနေနဲ့ ပြောလို့မရဘူး။

http://www.dhammadownload.com



ဒါကြောင့်မို့ ဣဋ္ဌ အနိဋ္ဌ ခွဲတဲ့အခါမှာ ဝါဒအမျိုးမျိုးရှိတယ်၊ ဘယ်ဟာကတော့ ဣဋ္ဌ၊ ဘယ်ဟာကတော့ အနိဋ္ဌလို့ သေချာပေါက် ပြောလို့မရဘူး။

ဒွါရ ပြောင်းရင်လည်း ဣဋ္ဌ အနိဋ္ဌ ဆိုတာ ပြောင်းသေးတယ်၊ ဆိုပါစို့ - ရွှေက တန်ဖိုးရှိတဲ့အရာမို့လား၊ အဲဒီ ရွှေချောင်းနဲ့ ခေါင်းချလိုက်လို့ရှိရင် ချမ်းသာမလား၊ ဆင်းရဲမလား၊ "ဆင်းရဲပါမယ် ဘုရား"၊ ဟော ကာယဒွါရ ရောက်တဲ့အခါကျတော့ ဒုက္ခဖြစ်ပြန်ရောနော်၊ မျက်စိထဲမှာ လှပေမယ့်လို့ ထိလိုက်လို့ရှိရင် မာကျောတယ် ဆိုတော့ ဒုက္ခဖြစ်သေးတာပဲ၊ ဒွါရပြောင်းရင် ပြောင်းတယ်ဆိုတဲ့ သဘောကို ပြောတာနော်။

ဆိုပါစို့ - မစင်အညစ်အကြေးက မျက်စိက ကြည့်တယ်၊ နှာခေါင်းက ဆိုရင်တော့ အင်မတန်နံတယ်၊ လက်နဲ့ စမ်းကြည့်ရင်တော့ အိစက်စက်ကလေး နေမှာပဲ၊ အဲဒီတော့ ဖောဋ္ဌဗ္ဗ အတွေ့ကျတော့ မကောင်းဘူးလား၊ ကောင်းတယ်၊ သို့သော် ဒီပြင် ဒွါရနဲ့ကျတော့ မကောင်းဘူး၊ အဲဒီလို ဒွါရပြောင်းသွားရင် ကောင်းမကောင်း ဆိုတာကလည်း ပြောင်းတယ်လို့ မှတ်တာပေါ့၊ ပုံမှန်ယူလို့ မရဘူးလို့ ပြောတာ၊ အဲဒီတော့ ဣဋ္ဌ အနိဋ္ဌ ခွဲတာ ယေဘုယျအားဖြင့် ခွဲခြားတဲ့သဘောလို့ ဒီလိုမှတ်ရမယ်။

သဘာဝဣဋ္ဌာရုံဆိုတာ ပင်ကိုယ်ကိုက နှစ်သက်စရာကောင်းတဲ့ အာရုံ၊ ဥပမာ - ပန်းကလေးတွေ အလွန်ပဲ နှစ်သက်စရာကောင်းတယ်၊ ပရိကပ္ပဣဋ္ဌာရုံ ကျတော့ အဲဒီလို မဟုတ်ဘဲနဲ့ ကိုယ်ကြိုက်လို့ ကောင်းနေကြတာ၊ ဆိုပါစို့ - ခွေးသေကောင်ပုပ်ဟာ လူတွေအတွက် နှာခေါင်းပိတ်လောက်အောင် စက်ဆုပ်စရာ

http://www.dhammadownload.com



ဖြစ်ပေမယ့်လို့ လင်းတတွေ အတွက်တော့ ဝမ်းသာစရာကြီး ဖြစ်မနေဘူးလား၊ ဒါ ကြိုက်တာကိုး သူတို့ကနော်၊ အဲဒါလိုပေါ့ ပရိကပ္ပဣဋ္ဌာရုံဆိုတာ "ကိုယ်ထင် ခုတင်ရွှေနန်း" ဆိုတာမျိုး ပြောတာ။

အေး ကောင်းပြီ - သမ္ပဋိစ္ဆိုင်း ဆိုတဲ့စိတ်သည် အဲဒီလို ကောင်းတဲ့အာရုံနဲ့ တွေ့ကြုံပြီးလို့ လက်ခံရရင် ကုသိုလ်ရဲ့အကျိုး ကုသလဝိပါက်၊ မကောင်းတဲ့အနိဋ္ဌာရုံဆိုရင် အကုသိုလ်ရဲ့အကျိုး အကုသလဝိပါက် ပေါ်တယ်လို့ မှတ်ရမယ်။ သို့သော် သူပေါ်လာရခြင်းက အာရုံဝတ္ထု ဆုံစည်းမှုတွေရဲ့ စွမ်းအားကြောင့် ပေါ်လာတာ။

အဲဒီတော့ သမ္ပဋိစ္ဆိုင်းပေါ်လို့ရတာ ဘယ်သူကနေ ပေါ်ခွင့်ပေးလိုက်တာတုန်းဆို စက္ခုဝိညာဏ်စိတ်ကပဲ၊ စက္ခုဝိညာဏ်စိတ်ချုပ်ပေးခြင်းသည် သမ္ပဋိစ္ဆိုင်းစိတ်ပေါ်ဖို့အတွက် အကြောင်းပဲ၊ အဲဒါကြောင့် ပဋ္ဌာန်းမှာ "**အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော**" လို့ ဟောတာ၊ တစ်ခုချုပ်ပေးလိုက်တာဟာ နောက်တစ်ခုဖြစ်ဖို့အတွက် chance ပေးလိုက်တာ၊ ဒါလည်း condition ပဲ။

နောက်ပြီးတော့ သန္တီရဏစိတ် - စူးစမ်းတဲ့စိတ်ကလေး၊ စူးစမ်းတဲ့စိတ်ကလေးကလည်း ကုသလဝိပါက် အကုသလဝိပါက် ၂-မျိုးရှိတယ်၊ ဣဋ္ဌာရုံနဲ့ ဣဋ္ဌမဇ္ဈတ္တာရုံ ဆိုရင် သောမနဿ ဥပေက္ခာသန္တီရဏ ဖြစ်မယ်၊ ကုသလဝိပါက်လည်း ဖြစ်မယ်၊ အနိဋ္ဌာရုံဆိုရင် အကုသလဝိပါက် ဥပေက္ခာသန္တီရဏ လာမယ်၊ ကုသလဝိပါက် အကုသလဝိပါက် အဲဒီ ၂-ခု ကွဲနေတယ်။

http://www.dhammadownload.com



အဲဒီ သန္တီရဏစိတ်လေးဖြစ်ပြီးတဲ့နောက် ဝုဋ္ဌောစိတ် တစ်ခါ လာပြန်တယ်။ ဝုဋ္ဌော ဆိုတာ မနောဒွါရာဝဇ္ဇန်းပဲ။ အဲဒီတော့ မနောဒွါရာဝဇ္ဇန်းနဲ့ ကင်းပြီးတော့ ဘယ်ဇောမှ မဖြစ်ဘူးလို့ မှတ်ထားရမယ်၊ ပဉ္စဒွါရာဝဇ္ဇန်းဆိုတာ ငါးဒွါရမှာသာပါတာ၊ မနောဒွါရာဝဇ္ဇန်းကျတော့ ငါးဒွါရမှာလည်းပါတယ်၊ မနောဒွါရ မှာလည်း ပါတယ်၊ ပဉ္စဒွါရမှာ 'ဝုဋ္ဌော' ဆိုတဲ့ နာမည်နဲ့လာတယ်။ သူဆောင်ရွက်တဲ့ကိစ္စက တစ်မျိုး၊ ဝုဋ္ဌော ဆိုတာ 'ဝေါဋ္ဌပန'၊ 'ဝိ+အဝ ဌပန' အာရုံတွေကို ခွဲခြမ်းစိတ်ဖြာပြီးပြတာ။ အဲဒီ ဝုဋ္ဌော ဆိုတဲ့ အာဝဇ္ဇန်းဟာ အင်မတန်မှ အရေးပါတယ်။

အဲဒီ အရေးပါတဲ့ ဝုဋ္ဌော ဖြစ်ပြီးတဲ့နောက်မှာ "ဇော" လာ တယ်၊ ဇောစိတ်ဆိုတာ အရှိန်အဟုန်ရှိတဲ့စိတ်မျိုး၊ အာရုံနဲ့ အလုပ် လုပ်တဲ့အခါမှာ အရှိန်အဟုန်ရှိတဲ့ စိတ်တွေ၊ ကျန်တဲ့စိတ်တွေက သာမန် ရှေ့ပြေးစိတ်တွေလောက်သာ ဖြစ်တယ်၊ အရှိန်အဟုန် မရှိဘူး။

ထမင်းစားတဲ့အခါ ကြည့်ပေါ့ - လက်ကလေးနဲ့ ထမင်းကို နှိုက်တယ်၊ လက်ကစားတာ မဟုတ်သေးဘူး၊ နှိုက်ပြီးတော့ လက် ကနေ ယူလာတယ်၊ ယူလာပြီးတော့ ပါးစပ်ပေါက်နား တော့တယ်၊ ပါးစပ်တံခါး ဖွင့်ပေးလိုက်တယ်၊ အတွင်းထဲ ရောက်တယ်၊ သွားက ဝါးတယ်၊ သွားကလည်း သူသိသေးတာ မဟုတ်သေးဘူး၊ လျှာကျ တော့မှ အရသာခံတာ မဟုတ်လား၊ အေး - အဲဒီလိုပဲ ဇောစိတ် ရောက်တဲ့အခါကျတော့မှ အာရုံပေါ်မှာ သဲသဲကွဲကွဲ ဖြစ်သွားတာ၊ အဲဒါကြောင့်မို့ အရှိန်အဟုန်ရှိတဲ့ အခါကျတော့မှ အာရုံပေါ်မှာ

http://www.dhammadownload.com



သဲသဲကွဲကွဲ ဖြစ်သွားတာ၊ အဲဒါကြောင့်မို့လို့ အရှိန်အဟုန်ရှိတဲ့ စိတ်ဓာတ်။

အဲဒီ အရှိန်အဟုန်ရှိတဲ့စိတ် ဆိုတာတောင်မှပဲ ဒီ ပထမဖြစ်တဲ့ ဝီထိ၊ နောက်ဆက်ဖြစ်တဲ့ ဒုတိယဝီထိ၊ တတိယဆက်ဖြစ်တဲ့ ဝီထိတွေ ကြည့်ရဦးမယ်၊ ပထမဆုံးဖြစ်တဲ့ဟာက အရှိန်အဝါ ဒီလောက် မမြင့်သေးဘူး၊ Generator လေးတစ်ခုဟာ တစ်ပတ်နှစ်ပတ်နဲ့ မီးမထွက်ဘူး၊ အပတ်ပေါင်း ရာထောင်ပြည့်ရှိမှ မီးထွက်တာ၊ စိတ်တွေကလည်း အဲဒီလို မြောက်မြားစွာ အာရုံနဲ့ ပွတ်တိုက်ပြီးတော့မှ ထိုအာရုံကိုသိတာ၊ ချက်ချင်းကြီး သိလာတာ မဟုတ်ဘူး၊ ဒါတွေက ရှေ့ပြေးစိတ်ကလေးတွေ၊ ဒီပုံစံနဲ့ ဖြစ်တယ် ဆိုတာကို ရှင်းပြတာ။

အဲဒီ ဇောစိတ် အရှိန်အဟုန်နဲ့ဖြစ်လာပြီ၊ အာရုံက ဣဋ္ဌာရုံဖြစ်ရင် (ယေဘုယျအားဖြင့်ပြောရင် အာရုံက နှစ်သက်စရာအာရုံ ဆိုရင်) အဲဒီဇောလေးက ဘာဖြစ်ရတုန်းဆိုရင် လောဘဇော ဖြစ်တယ်၊ အာရုံက နှစ်သက်စရာအာရုံ မဟုတ်ဘူး၊ မုန်းတီးစရာ ကိုယ်မလိုချင်တဲ့ အာရုံဖြစ်လာရင် အနိဋ္ဌာရုံနဲ့တွေ့ရင် ဒေါသဇော ဖြစ်ရတယ်။

ဒါဖြင့် ဣဋ္ဌာရုံနဲ့တွေ့လျက်သားနဲ့ ကုသိုလ်ဇော ဘယ်လိုလုပ် ဇောတုန်း၊ အရပ်ပြော ပြောလို့ရှိရင် အတွေးနှစ်ခု မတူလို့ပဲ၊ ပန်း တစ်ပွင့် တွေ့လိုက်တဲ့အခါ "ဒီပန်းလေး ပန်ဦးမှပဲ" လို့ စိတ်ကူး ရတဲ့သူ ရှိသလို၊ "ဒီပန်းလေး ဘုရားလှူဦးမှပဲ" လို့ စိတ်ကူးရတဲ့ သူရော မရှိဘူးလား၊ "ပန်ဦးမှပဲ" လို့ စိတ်ကူးရတဲ့ ပုဂ္ဂိုလ်က အတွယ်အတာ တဏှာနဲ့ လာတာမို့လို့ သူ့ကျတော့ လောဘဇော

http://www.dhammadownload.com



စောတယ်လို့ ပြောရမယ်၊ "ဘုရားလျှူဦးမှပဲ" လို့ စိတ်ကူးရတဲ့ပုဂ္ဂိုလ်ကျတော့ ကုသိုလ်ဇော စောတယ်လို့ ဒီလိုပြောရမယ်၊ အဲဒီတော့ "ဣဋ္ဌာရုံတွေ့ပြီး ကုသိုလ်ဇော ဖြစ်ဖို့ရန် အခြားအကြောင်းတရားတွေ ရှိသေးသလားဆိုရင် အများကြီးရှိတယ်။"

ဣဋ္ဌာရုံနဲ့တွေ့ပြီး လောဘမဖြစ်ဘဲနဲ့ ကုသိုလ်စိတ်ဖြစ်တယ်ဆိုတာ သာမန်မဟုတ်ဘူးတဲ့၊ အချက် ၄- ချက် ရှိတယ်၊ အဲဒီအချက် ၄-ချက်က ကိုယ်ကိုယ်တိုင် လေ့ကျင့်ရယူမယ့် အချက် ၄-ချက်။

နံပါတ်(၁) က **Determination ကိုယ့်ရဲ့စိတ်ကို ဆောက်တည်ထားရမယ်၊** ကုသိုလ်ပဲ ဖြစ်စေရမယ်ဆိုတဲ့ စိတ်ဓာတ်ထားရမယ်၊ ဘယ်အာရုံတွေ့တွေ့ အကုသိုလ် မဖြစ်စေရဘူး၊ ကုသိုလ်ပဲ ဖြစ်စေရမယ်ဆိုတဲ့ စိတ်ရဲ့ resolution ပေါ့၊ ဆုံးဖြတ်ချက် ရှိရမယ်၊ ဒါကို စာပေမှာ 'နိယမိတ' လို့ ခေါ်တယ်၊ ကိုယ့်စိတ်ထဲက သတ်မှတ်ဆုံးဖြတ်ထားတာ၊ ဆုံးဖြတ်ချက်ရှိရမယ်၊ determination 'နိယမိတ'။

နောက်တစ်ခုက "**ပရိဏာမိတ**"၊ ကိုယ့်စိတ်လေးက **အမြဲတမ်းပဲ ကောင်းတဲ့ဘက်ကို ညွတ်ကိုင်းအောင် လေ့ကျင့်ပေးထားရမယ်၊** Inclination စိတ်ကလေးကို ကုသိုလ်ဘက်ကို ညွတ်ကိုင်းပေးထားရမယ်၊ အမြဲတမ်းစိတ်ကို ကုသိုလ်ဘက်ညွတ်နေအောင် လုပ်ပေးထားရမယ်၊ ဒါက လေ့ကျင့်ထားရမယ်၊ ဒုတိယက Inclination ပရိဏာမိတ။

တတိယက "**အာဘုဇိတ**" **နှလုံးသွင်းခြင်း** Attention ကုသိုလ်ဘက်က လှည့်တွေးတယ်၊ ဘယ်တော့ဖြစ်ဖြစ် အပြစ်

http://www.dhammadownload.com



ကင်းတဲ့ဘက်က တွေးတယ်၊ ကောင်းတဲ့ဘက်က နှလုံးသွင်းတယ်၊ **'ယောနိသောမနသိကာရ'**။

နောက်တစ်ခုက ဘာတုန်းဆိုရင် **"သမုဒါစာရ"** (Practice) အလေ့အကျင့်၊ **ကုသိုလ်ဖြစ်ဖို့ အလေ့အကျင့်ရနေခြင်း၊** ဆိုပါစို့ - ဘုရားပန်းအမြဲတမ်းတင်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ပန်ဦးမယ် ဆိုတဲ့စိတ်ကူး မရဘူး, ဘုရားပန်း လှူဦးမှပဲဆိုတဲ့ စိတ်ကူးရတယ်၊ ဘာဖြစ်လို့တုန်းဆိုတော့ သူ့အလေ့အကျင့်က ပန်းလှူတဲ့ အလေ့အကျင့် ရှိပြီးသား၊ ခေါင်းပေါ် မှာပန်တဲ့ အလေ့အကျင့်ရှိတဲ့ ပုဂ္ဂိုလ်က ပန်ဖို့ပဲ စိတ်ကူးမှာပဲလေ၊ အဲဒါ အလေ့အကျင့်လို့ ခေါ် တယ်၊ ကိုယ့်အလေ့အကျင့် တစ်ခုပဲ၊ အဲဒီ အလေ့အကျင့်လေးတွေ ကလည်း အင်မတန်မှ အရေးကြီးတယ်။

ပေါင်းလိုက်တော့ စိတ်ရဲ့ ဆုံးဖြတ်ချက်ဆိုတဲ့ determination ရှိရမယ်၊ နောက်ပြီးတော့ Inclination ဆိုတဲ့ စိတ်ညွှတ်ကိုင်းမှု ရှိရမယ်၊ Attention လို့ခေါ် တဲ့ နှလုံးသွင်းမှုရှိရမယ်၊ Practice လို့ခေါ် တဲ့ အလေ့အကျင့် ရှိရမယ်၊ အဲဒီ အကြောင်းတွေကြောင့် လူတွေမှာ ကုသိုလ်ဖြစ်ခွင့်ရတာ၊ ဒါတွေမရှိရင် ကုသိုလ် ဖြစ်မလာဘူး၊ အဲဒီထဲမှာ အရေးကြီးဆုံးကတော့ attention ပဲ၊ **"ယောနိသောမနသိကာရ"** က အရေးကြီးဆုံးပဲ။ ကုသိုလ်ဖြစ်ဖို့ရာ အတွက် အာရုံကတော့ ဒါပဲ။

ကောင်းပြီ - အဲဒီ ဇောစိတ်တွေက ကုသိုလ်ဇောဖြစ်စေ၊ အကုသိုလ်ဇောဖြစ်စေ ဒီရူပါရုံမှာ အရှိန်အဟုန်နဲ့ ၇-ကြိမ် ဖြစ်ပြီး တဲ့အခါ ရပ်တန့်သွားတယ်၊ ရပ်တန့်သွားပြီးနောက် ဘဝင်စိတ် တစ်ခု ပေါ် လာတယ်၊ အဲဒီဘဝင်စိတ်ဟာ တကယ်တော့ ဘဝင်

http://www.dhammadownload.com



စိတ် ဆိုကတည်းက ကံ ကမ္မနိမိတ် ဂတိနိမိတ်ဆိုတဲ့ အာရုံကို ယူရမှာမို့လား၊ ဇောစိတ်ကုန်သွားတဲ့အခါ လာတာတော့ ဘဝင်စိတ်ပဲ၊ သို့သော် အဲဒီ ဘဝင်စိတ်သည် ဇောစိတ်ရဲ့အရှိန်ကလေးနဲ့ သူက ဇောရဲ့အာရုံကို ဆက်ခံလိုက်ရတာ၊ အဲဒါကြောင့် သူ့ကို နာမည်ပြောင်းလိုက်တယ်၊ 'တဒါရမ္မဏ' လို့ စာပေကျမ်းဂန်မှာ 'ပိဋ္ဌိဘဝင်' လို့လည်း သုံးတယ်၊ ပိဋ္ဌိဘဝင် ဆိုတာလည်း ဒါပဲ၊ 'အာဂန္တုကဘဝင်' ဆိုတာလည်း ဒါပဲ၊ 'တဒါရမ္မဏ' ဆိုတာလည်း ဒါပဲ၊ ဘဝင်စိတ်ကို ခေါ်တာပဲ၊ ဘဝင်စိတ်ကလေးဟာ ဇောရဲ့ အရှိန်အဝါနောက်ကိုလိုက်ပြီး ဇောရဲ့အာရုံကို ဆက်ခံလိုက်တယ် တဲ့။

အဲဒါကို တချို့ အဘိဓမ္မာ ဘာသာပြန်တဲ့ ဆရာတွေက တဒါရမ္မဏကို registration လို့ ပြန်တယ်၊ သူတို့အဓိပ္ပာယ်ကတော့ ဇောက အလုပ်လုပ်ထားတာတွေကို သူက register လုပ်လိုက်တယ်ပေါ့လေ၊ ဒါကတော့ အဓိပ္ပာယ်မရှိဘူး၊ Register လုပ်တာ မဟုတ်ဘူး၊ သူ့မှာ ဘာပါဝါမှ ရှိတာမဟုတ်ဘူး၊ ဘာလို့တုန်းဆို တဒါရုံက အကျိုးဝိပါက်စိတ်မျှသာ ဖြစ်တယ်၊ အားလုံးသိတဲ့ အတိုင်းပဲ၊ 'တဒါရုံ - ၁၁' ဆိုတာ ဝိပါက်စိတ်တွေချည်းမို့လား။ (မဟာဝိပါက်စိတ် ၈-ခုနဲ့ သန္တီရဏစိတ် ၃-ခု။)

အဲဒီတော့ အကျိုးဝိပါက်စိတ်တွေဆိုတာ ဘာမှ အားထုတ်မှု ရှိတာ မဟုတ်ဘူး၊ ကံရဲ့စွမ်းအားကြောင့် ဖြစ်ပေါ်လာရတယ်၊ ကံရဲ့အကျိုးဆက် သက်သက်သာ ဖြစ်တယ်၊ သူတို့ကိုယ်သူတို့ ဘာမှ ပြောင်းလဲလို့ရတာ မဟုတ်ဘူး၊ ဒါကြောင့်မို့ **"နိရုဿာဟ သန္တသဘာဝ"** လို့ စာပေကျမ်းဂန်မှာ ဆိုတယ်၊ အားထုတ်မှုမရှိဘဲနဲ့

http://www.dhammadownload.com



အေးစက်ငြိမ်သက်နေတဲ့ ဘာမှလှုပ်ရှားမှု သက်ဝင်လှုပ်ရှားမှု မရှိဘူး၊ မြင်းကလှုပ်မှ ခုံကလှုပ်ရတဲ့ဟာမျိုးပဲ၊ သူက ဘာမှမဖြစ်ဘူး၊ ဟုတ်ရဲ့လား၊ အဲဒီလို အကြောင်းတစ်ခုခုကို အမှီပြုပြီးတော့ ဖြစ်ရတဲ့ ဝိပါက်စိတ်မျိုးသာ ဖြစ်တယ်တဲ့၊ **"သန္တသဘာဝ ဝိပါက"** ဆိုတာ အကျိုးသက်သက်ပဲ ဖြစ်တယ်၊ သူကနေ လှုပ်ရှားပြီးတော့ လုပ်ကိုင်နိုင်တာ ဘာတစ်ခုမှ မရှိဘူး၊ ကံရဲ့ အကျိုးဆက်ကြောင့် ဖြစ်တာ။

အဲဒီတော့ ဇောစိတ်ရဲ့ အရှိန်အဟုန်ကြောင့် သူက ဇောစိတ်ရဲ့ အာရုံကို ဆက်ခံလိုက်ရတယ်၊ ၂-ကြိမ်ဖြစ်တယ်၊ တစ်ခါတည်း ၂-ကြိမ်၊ တဒါရုံနှစ်ကြိမ်လည်း ဖြစ်လိုက်ရော ဒုတိယတဒါရုံ ချုပ်လိုက်တာနဲ့ တစ်ပြိုင်နက် မျက်စိတံခါးကနေ ဆက်သွယ်လာတဲ့ ရူပါရုံရဲ့ သက်တမ်းကလေးကလည်း ကုန်သွားတယ်။

ဘယ်အရာပဲဖြစ်ဖြစ် သက်တမ်းရှိတယ်နော်၊ ပြန်တွက်ကြည့်မယ်ဆိုရင် အဲဒီ မျက်စိတံခါးကနေ ဆက်သွယ်လာတဲ့ အဆင်းအာရုံလေး ဘယ်သူနဲ့ ပြိုင်ဖြစ်တုန်းဆိုရင် အတီတဘဝင်နဲ့ ပြိုင်လာတယ်၊ သူ့ရှေ့က သူမထင်ခင် ဘဝင် ၃-ခု ရှိတယ်၊ အဲဒီ ပထမဘဝင်စိတ်ကလေးနဲ့ သူက ပြိုင်တူဝင်လာတာ၊ သို့သော် ပထမဘဝင်စိတ်သည် သူနဲ့ အဆက်အသွယ်မလုပ်ဘူး၊ ဒုတိယဘဝင်စိတ်ကလည်း သူနဲ့ အဆက်အသွယ် မလုပ်ဘူး၊ တတိယဘဝင်စိတ်ကလည်း သူနဲ့ အဆက်အသွယ် မလုပ်ဘူး၊ သူနဲ့ စပြီးတော့ အဆက်အသွယ်လုပ်တာ ပဉ္စဒွါရာဝဇ္ဇန်းကျမှသာဖြစ်တယ်။

ဒါကြောင့်မို့ "အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော

http://www.dhammadownload.com



၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်” ဒီလိုပြောတာ၊ အဲဒီစိတ်တွေကို ပေါင်းပြီး ကြည့်လိုက်မယ်ဆိုလို့ရှိရင် ၁၇-ခု ရှိတယ်၊ အဲဒီ စိတ် ၁၇ -ခုသည် ဟောဒီရူပါရုံလေးနဲ့ ဆက်သွယ်ပြီး အလုပ်လုပ်တဲ့ စိတ် ၁၇-ခု ဖြစ်သည့်အတွက်ကြောင့် ရူပါရုံသက်တမ်းကလည်း ဒုတိယ တဒါရုံ ရဲ့ ချုပ်တဲ့ခဏနဲ့ သွားပြီးတော့ ဒီရူပါရုံလေးဟာ ချုပ်သွားတယ်၊ မျက်စိထဲမှာ ထင်ဟပ်လာတဲ့ ရူပါရုံလေးရဲ့သက်တမ်းဟာ ကုန်ဆုံး သွားတယ်၊ သက်တမ်းစေ့သွားပြီလို့ ပြောတယ်၊ နောက်ထပ် မြင်တာက နောက်လေ၊ တစ်နေကုန် ထိုင်ကြည့်နေလည်း ဒီလိုပဲ သွားနေမှာပဲ၊ သူ့သက်တမ်းလေးနဲ့သူ သွားနေမှာပဲ။

သို့သော် အဲဒီခြားနားချက်ကို လူတွေကမမြင်နိုင်ဘူး၊ မြင်နိုင် ပါ့မလား၊ ဖယောင်းတိုင်လေးတစ်တိုင်ပဲ ကြည့်ပါလား - ဖယောင်း တိုင်လေးတစ်တိုင် ထွန်းထားလို့ရှိရင် ဒီဆီလေးနဲ့ ဒီမီးစာလေး ကုန်သွားရင် နောက်ဆီ နောက်မီးစာ ဖြစ်သွားပြီ၊ သို့သော် အဲဒီ ခြားနားချက်ကို မြင်ရရဲ့လားဆို မမြင်ရဘူး၊ အဲဒီသဘောမျိုးပဲ၊ ဒီ လူရဲ့စိတ်တွေ အာရုံတွေကလည်းပဲ အဲဒီလို အများကြီး ဖြတ်သန်းပြီးတော့ သွားနေတယ်၊ ဒါ မျက်စိထဲမှာ ပေါ်လာတဲ့ အတိမဟန္တဆိုတဲ့ အဆင်းအာရုံနဲ့ ပတ်သက်ပြီးတော့ အခုလို စိတ်တွေ ဖြစ်တယ်။

သို့သော် အဲဒီလောက်လေး ဖြစ်ရုံနဲ့ ဒီပန်းပွင့် ဆိုတာကို သိသလားလို့ဆို - မသိသေးဘူး၊ ပန်းပွင့်လေးတစ်ခု မြင်လိုက် တယ် ဆိုပါစို့ - ကိုယ့်ရှေ့ အလင်းရောင်ကောင်းကောင်းထဲမှာ ပန်းလေး မြင်တယ်ဆို ထင်ထင်ရှားရှားကြီး မြင်လိုက်တယ်ဆိုရင် ဘဝင်စိတ်ကလေး ၃-ခုအပြီးမှာ ပဉ္စဒွါရာဝဇ္ဇန်း ဖြစ်လာတယ်။

http://www.dhammadownload.com



ပန်းပွင့်နဲ့ ပတ်သက်ပြီး စက္ခုဝိညာဏ်စိတ်က မြင်လိုက်တယ်၊ သမ္ပဋိစ္ဆိုင်းစိတ်က လက်ခံပေးလိုက်တယ်၊ သန္တီရဏာက စူးစမ်းတယ်၊ ဝုဋ္ဌောက ပိုင်းခြားသတ်မှတ်ပေးလိုက်တယ်၊ ကြိုက်ရင် ဇဝနက လောဘဖြစ်ပြီးတော့, ဘုရားတင်မယ်ဆိုရင် ကုသိုလ်စိတ်ဖြစ်ပြီးသွားတယ်၊ တဒါရုံက ဆက်ခံပြီး နောက်ဆုံးမှာ ဒီမျက်စိထဲမှာ ထင်ဟပ်လာတဲ့ ပန်းပွင့်ဆိုတဲ့ အာရုံလေး ချုပ်ဆုံးသွားတယ်၊ ချုပ်ဆုံးသွားတော့ အဲဒီအချိန်မှာ ပန်းလို့ သိသလားဆို မသိသေးဘူးတဲ့။

ဘယ်ကျမှ သိတုန်းဆိုရင် အဲဒီနောက်မှ mind door လို့ခေါ်တဲ့ မနောဒွါရမှာ 'အဲဒါကို ငါမြင်တာလေးက ဘာလေးတုန်း' ဆို ပြန်စဉ်းစားတယ်၊ ပြန်စဉ်းစားတဲ့ ဝီထိလေးကတော့ သူ့မှာလည်း ပြန်စဉ်းစားလိုက်တာနဲ့ တစ်ပြိုင်နက် စဉ်းစားတာက နောက်ကျသွားပြီ၊ ခုနက ဘဝင်တွေကနေ ဆက်ပြီးတော့ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ဆိုပြီး အာရုံအပြောင်းအလဲလေးမှာ ဘဝင်စိတ်က ပြန်စဉ်းစားတဲ့ အာရုံကို ဒီပန်းအာရုံကို မယူနိုင်ဘူး၊ မယူနိုင်သည့် အတွက်ကြောင့် ဘဝင်လေးက လှုပ်ပြီးတော့ ပြတ်သွားပြီးမှ မနောဒွါရာဝဇ္ဇန်း ဆိုပြီးတော့ ဒီအာရုံလေးကို ဖွင့်ပေးလိုက်တာ၊ အဲဒါကျတော့ အတိတ် ဖြစ်သွားပြီ။

ခုနက မျက်စိကမြင်ပြီးတော့ အလုပ်လုပ်တဲ့ စိတ်တွေကျတော့ ပစ္စုပ္ပန်တည့်တည့်လုပ်တာ၊ သူ သက်ရှိထင်ရှား ရှိနေတုန်း လုပ်သွားတာ၊ အခု နောက်ထပ်စိတ် ပြန်တွေးတာကျတော့ အာရုံက အတိတ်ဖြစ်သွားပြီ၊ တကယ်မြင်နေတဲ့ဟာ မဟုတ်တော့ဘူး၊ စိတ်ကူးထဲမှာ မှတ်ထားတဲ့အာရုံ ဖြစ်သွားပြီ၊ အဲဒီအာရုံကို

http://www.dhammadownload.com



မနောဒွါရာဝဇ္ဇန်းက စိတ်တံခါးကို ဖွင့်ပေးလိုက်မှ ချက်ချင်း ရောက်လာတာ၊ ချက်ချင်း ရောက်လာပြီးတော့ ပန်းဆိုတာ ဘာပါ လိမ့်ဆိုတာ ပြန်စဉ်းစားသွားပြီ၊ ပြန်စဉ်းစားသွားပြီး တစ်ခါ သူတို့လည်းပဲ ချုပ်သွားပြီး နောက်ထပ်တစ်ခါ တတိယအကြိမ် တစ်အုပ်စု ပေါ်လာပြန်တယ်၊ mind door မှာပဲ။

အဲဒီပေါ်လာတဲ့ အခါမှာလည်းပဲ ဒုတိယဝီထိနဲ့ တတိယဝီထိ ကြားမှာ လာပြန်ပြီ-ဘဝင် ၂-ခု၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ လာပြီး တော့မှ ခုနက mind door တံခါးဖွင့်ပေးတဲ့ မနောဒွါရာဝဇ္ဇန်း ဖြစ်တယ်၊ ဖြစ်ပြီးရင် ဇော၊ အဲဒီကျတော့ သူက အမည်တပ်လာပြီ၊ ပန်းဆိုတဲ့အမည်လေးကို တပ်လာပြီ၊ စကားလုံးလေး ရလာပြီ၊ ရလာပြီးနောက် အနက်အဓိပ္ပာယ် နားလည်သွားတဲ့ အဆင့် ကျတော့ တတိယအဆင့်လောက်ကျမှ နားလည်တယ်။

အသံလည်း ဒီအတိုင်းပဲ၊ အနည်းဆုံး လေးဝီထိလောက် ဖြစ်ရတယ်၊ ဒါ ယေဘုယျ ပြောတာနော်၊ ယေဘုယျပြောရတဲ့ စကား၊ ဒီထက်ကြာတာလည်း ဖြစ်နိုင်တယ်၊ အဲဒါ မျက်စိကမြင်ပြီး အဲဒီ ၄-နံပါတ် ဝီထိ mind door မှာ ပြန်စဉ်းစားတဲ့ ဝီထိဖြစ်ပြီး တော့မှ "ဒါ ပန်းပါလား" ဆိုတာသိတာ၊ အဲဒီနောက်မှာလည်း ဘာပန်းတုန်းဆိုတာ တစ်ခါလာဦးမယ် ထပ်ပြီးတော့၊ အရင်တုန်း က တွေ့ဖူးရင်တော့ ချက်ချင်းလိုလို သိနေတယ်၊ မတွေ့ဖူးလို့ရှိရင် "ဘာပန်းပါလိမ့်" "ဘာပန်းပါလိမ့်" နဲ့ ခေါင်းထဲမှာ question တွေပဲ လာနေမှာပဲ၊ ပြန်တွေးလို့ ရှိရင်နော်၊ ဒါ မျက်စိက မြင်တဲ့ ဝီထိစိတ်ဖြစ်ပုံကိုပြောတာ။

http://www.dhammadownload.com



အသံကြားတဲ့ဝီထိလည်း ဒီအတိုင်းပဲ၊ ဆိုပါစို့-တစ်ယောက်က ပြောလိုက်တယ် dog ဆိုတဲ့ အသံလေး ပြောလိုက်တယ်၊ အင်္ဂလိပ်စာ သိတဲ့သူတို့၊ အင်္ဂလိပ်စာ အလေ့အကျင့်ရှိတဲ့သူတို့က dog ဆိုတာ ခွေးဆိုတာ သူမှတ်လိုက်တယ်ပေါ့နော်၊ ဒီအသံလေး ကြားလိုက်တာနဲ့ တစ်ပြိုင်နက် ခုနက စက္ခုဝိညာဏ်စိတ်အစား သောတဝိညာဏ်စိတ် ထည့်ပြီးတော့ ခုနက ၁၇-ချက် စိတ်တွေဟာ ဒီအသံလေးပေါ်မှာ ဖြစ်လာတယ်၊ အသံလေးနဲ့ ယှဉ်တွဲပြီးတော့ အသံလေးပေါ်မှာ ဒီစိတ်တွေ ဖြစ်လာတာ၊ ဖြစ်လာပြီးတဲ့အခါကျတော့ ပြန်စဉ်းစားတယ်၊ dog ဆိုတဲ့ အသံကို ပြန်ပြီးတော့ တွေးတယ်၊ တွေးလိုက်တဲ့အခါကျတော့ dog ဆိုတဲ့ စကားလုံးကို သူက တတိယစိတ်လောက်ကျတော့ သိသွားပြီးတော့၊ အကောင်မြင်တာကျတော့ စတုတ္ထစိတ်လောက်ကျမှ အကောင်သွားမြင်တာ၊ ဟော dog ဆိုတာ ဒီအကောင်ပဲ၊ နားရွက်နဲ့ အမြီးနဲ့ အဲဒီလို မြင်သွားတာ၊ အဲဒါ dog ကို သိမထားဘူးဆိုရင် "ဘာပါလိမ့်, ဘာပါလိမ့်" "ဒီလူပြောတာ ဘာပါလိမ့်" ဆိုပြီး question တွေချည်း လာမှာပဲ၊ ဟုတ်ရဲ့လား၊ ဒါက လူ့ရဲ့စိတ်သဘာဝက ဒီပုံစံအတိုင်း သွားနေတာ။

ဒါကို **"စိတ္တနိယာမ"**လို့ ခေါ်တာပဲ၊ ဘယ်သူကမှ လာပြီးတော့ control လုပ်နေတာလည်း မဟုတ်ဘူး၊ စိတ္တနိယာမ mental order အတိုင်းသွားနေတာ၊ ဒါ စိတ်ဖြစ်စဉ်တစ်ခုပဲ၊ အဲဒီလို ဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီး အခုပြောတာက အတိမဟန္တအာရုံနဲ့ ပတ်သက်ပြီးတော့ ပြောတာ၊ ဘဝင်စိတ် ၃-ခု၊ အတီတဘဝင်လေး တစ်ခု လွန်ပြီးတော့မှ ထင်လာတယ်၊ ဒါက အကြီးဆုံးအာရုံ။

http://www.dhammadownload.com



သာမန်ကြီးတဲ့အာရုံကျတော့ ခုနကထက် ဘဝင်စိတ်တွေ ပိုပြီး ဖြစ်လာပြီ၊ သေးတဲ့အာရုံကျတော့ ဘဝင်စိတ်တွေက ပိုလာတယ်၊ သိပ်သေးတဲ့အာရုံကျတော့ ဝီထိစိတ်တောင် မဖြစ်တော့ဘူး၊ ဘဝင်စိတ်တွေချည်းပဲ ဖြစ်တယ်၊ ဘာနဲ့ ဥပမာတူတုန်းဆိုရင် ကလေးလေးတစ်ယောက် အိပ်နေတာကို နှိုးလိုက်တယ်၊ "အင်း" ဆိုပြီး ဟိုဘက်လှည့် အိပ်သွားတယ်၊ မနိုးဘူး၊ အဲဒါမျိုးလိုပဲ တံခါးဝကနေ အာရုံက ဖြတ်ကျော်ပေမယ့်လို့ စိတ်နဲ့မတွေ့ဘူး၊ စတွေ့တော့ ပြန်အိပ်ပျော်သွားတယ်၊ ဘဝင်စိတ်က ပြတ်မသွားဘူးလို့ပြောတာ၊ ပြတ်မသွားဘူး ဆက်အိပ်သွားတယ်ပေ့၊ အတိပရိတ္တာရုံ ဆိုတာ အဲဒါမျိုးကိုခေါ်တာ။

အားလုံးပေါင်းလိုက်လို့ရှိရင် စက္ခုဒွါရမှာ ၁၅-ဝီထိ ရှိတယ်၊ ဖြစ်နိုင်တာကို ပြောတာ၊ သောတဒွါရမှာလည်း ၁၅-ဝီထိ ရှိတယ်၊ ၁၅-ဝီထိ ငါးလီပေါင်းလိုက်တဲ့အခါကျတော့ ၇၅-ဝီထိ ရှိတယ်တဲ့၊ ဟော - လူ့ရဲ့သန္တာန်မှာ ဖြစ်နိုင်တာတွေကို ရေတွက်ပြီးတော့ ပြောတာ၊ ၇၅-ဝီထိ၊ ဒါက နေ့စဉ် လူ့ဘဝမှာ ကြုံတွေ့နေရတဲ့ ငါးဒွါရမှာတွေ့ရတဲ့ စိတ်ဖြစ်စဉ်တွေပဲ။

ဒီဖြစ်စဉ်တွေကို သိရှိနားလည်ထားလို့ရှိရင် "ဘယ်အရာမှ ရပ်တန့်နေတာမဟုတ်ဘူး၊ အာရုံကြောင့် စိတ်တွေဟာ ဖြစ်နေတယ်၊ ဆိုင်ရာဆိုင်ရာ အကြောင်းတွေကြောင့် ဖြစ်နေတယ်၊ ထိုဖြစ်ပေါ်နေတဲ့ စိတ်တွေဟာ မမြဲပါလား၊ ငါလို့ သတ်မှတ်စရာ မရှိပါလား၊ ငါ့ဥစ္စာလို့လည်း ပြောစရာမရှိပါလား" လို့ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ အနိစ္စ ဒုက္ခ အနတ္တ လို့ဆိုတဲ့ သဘာဝ တရားတွေက ထင်ထင်ရှားရှား ပေါ်လာနိုင်ပါတယ်။

http://www.dhammadownload.com



ဒါကြောင့် အဘိဓမ္မာတရားကို နာယူရသဖြင့် မိမိတို့သန္တာန်မှာ မြဲနေတဲ့အရာ ဆိုတာလည်းမရှိဘူး၊ ချမ်းသာတဲ့အရာ ဆိုတာလည်း မရှိဘူး၊ မမြဲတဲ့အရာ၊ ထာဝရ ပြောင်းလဲနေတာ ဖြစ်ခြင်းကြောင့် မကျေနပ်စရာ ဒုက္ခတွေချည်းသာဖြစ်တယ်၊ ကိုယ်ပိုင်တယ်, ကိုယ့်ရဲ့အလိုကျဖြစ်တယ် ဆိုတာလည်း မရှိဘူး၊ အနတ္တသဘာဝတွေသာ ရှိတယ်လို့ ကိုယ်စီကိုယ်စီ ဝိပဿနာအမြင်ဖြင့် နှလုံးသွင်းဆင်ခြင်နိုင်ပြီး မဂ် ဖိုလ် နိဗ္ဗာန်ရကြောင်း သူတော်ကောင်းတရားကို ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေသတည်း။

❖❖❖❖❖

http://www.dhammadownload.com

## မှတ်တမ်း

သာသနာတော် သက္ကရာဇ် ၂၅၅၂-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၁-ရက်၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံတွင် ဆင်ယင်ကျင်းပ ပြုလုပ်သည့် ညဥ့်ဦးယံ ဓမ္မသဘင်ဝယ် ဟောကြားအပ်သော "အဘိဓမ္မာ မြတ်ဒေသနာ အပိုင်း(၂)" နှင့် စပ်လျဉ်းသည့် "စိတ်ဖြစ်ပုံကို လေ့လာခြင်း" အကြောင်း တရားဒေသနာတော် ဖြစ်ပါသည်။

http://www.dhammadownload.com

# အခန်း - ၆

## စိတ်ကိုအာရုံနှင့် လေ့ကျင့်ခြင်း

**“စိတ်ကို အာရုံနှင့် လေ့ကျင့်ခြင်း”** - စိတ်ဖြစ်စဉ်ကို လေ့လာ သုံးသပ်တဲ့အခါမှာ ပင်ကိုယ်ပကတိ ရိုးရာစိတ်တွေက အာရုံနဲ့ လေ့ကျင့်နေစရာ မလိုဘူး၊ ဖြစ်ပေါ်လာတဲ့ အာရုံမှာ အလို အလျောက် စိတ်က တွေးတောကြံစည်မှုတွေပြုပြီး အာရုံထဲ နစ်မျောသွားတယ်။

အရင့်အရင်များက ဘုန်းကြီးတို့ ပြောခဲ့ပြီ - အဆင်းအာရုံ လေးတစ်ခု မျက်စိတံခါးက ဝင်လာတဲ့အခါမှာ ထိုအာရုံနဲ့ အလုပ် လုပ်တဲ့ စိတ်ပေါင်း ၇-မျိုး - ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံလို့ စက္ခုဒွါရမှာ ၇-မျိုး၊ အဲဒီမျက်စိတံခါးက ထင်လာတဲ့အာရုံနဲ့ပဲ ကြံတွေးပြီးတော့ အလုပ်လုပ်တဲ့စိတ်တွေက မနောဒွါရမှာ မနောဒွါရာဝဇ္ဇန်း, ဇော, တဒါရုံ ဆိုပြီးတော့ ဝီထိစိတ် ၃-မျိုး၊ ပထမအကြိမ် မနောဒွါရ

http://www.dhammadownload.com



ဝီထိဖြစ်တယ်၊ ဒုတိယအကြိမ်လည်း မနောဒွါဝီထိ ဖြစ်တယ်၊ တတိယအကြိမ်လည်း မနောဒွါရဝီထိ ဖြစ်တယ်။

ဖြစ်ကြိမ်အားဖြင့် ပြောမယ်ဆိုရင် ပထမအကြိမ်က ဝီထိစိတ်က ၁၄-ကြိမ် ဖြစ်တယ်၊ ဝီထိမုတ်စိတ်က ၃-ကြိမ်ဖြစ်တော့ အားလုံး ၁၇-ကြိမ်၊ ၁၇-ကြိမ်ပြည့်တာနဲ့ တစ်ပြိုင်နက် မျက်စိမှာ ထင်လာတဲ့ ရူပါရုံလေးရဲ့သက်တမ်းဟာ ကုန်သွားပြီ၊ စိတ်ထဲမှာ မှတ်ထားလိုက်တဲ့ အာရုံလေးပေါ်မှာ တစ်ခါ တွေးတောတဲ့ အလုပ်ကို ဆက်လုပ်ကြတယ်။

မနောဒွါရမှာ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဆိုတဲ့ ဘဝင်နှစ်ကြိမ် လွန်သွားပြီးတဲ့အခါမှာ မနောဒွါရာဝဇ္ဇန်း၊ ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ် ဆိုပြီးတော့ ၁၀-ကြိမ်၊ လွန်သွားတဲ့ ရူပါရုံလေးကို အာရုံ ပြုပြီး မနောဒွါရမှာ ပြန်လည်စဉ်းစားတယ်၊ အဲဒီနောက်မှာ ဒုတိယ အကြိမ်အဖြစ် ပြန်လည်စဉ်းစားတဲ့ မနောဒွါရမှာ ဝီထိစိတ်ကလေး ၃-မျိုး ၁၀-ကြိမ်၊ တတိယအကြိမ်မှာ ပြန်လည်စဉ်းစားပြီး အဖြေ ထုတ်လိုက်တဲ့ မနောဒွါရ ဝီထိစိတ်ကလေးက ၃-မျိုး ၁၀-ကြိမ်၊ ဒီလိုဖြစ်သွားတဲ့အခါ အာရုံရဲ့အဖြေကို ရသွားတယ်လို့ ယေဘုယျ အားဖြင့် ပြောရမယ်ပေါ့။

နားက အသံကြားရတဲ့ အခါမှာလည်း ထို့အတူပဲ အတီတ ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဆိုတဲ့ ဘဝင် ၃-ကြိမ်ဖြစ်ပြီးတဲ့ အခါမှာ ပဥ္စဒွါရာဝဇ္ဇန်းက တံခါးဖွင့်ပေးလိုက်လို့ သောတဝိညာဏ် စိတ် ဖြစ်လာတယ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ ၂-ကြိမ် ဖြစ်ပြီးတဲ့အခါမှာ အသံလေးရဲ့သက်တမ်း ကုန်ဆုံးသွားလို့ ချုပ်ငြိမ်းသွားတယ်။

http://www.dhammadownload.com



အဲဒီအသံလေးကို စိတ်က မှတ်ထားပြီး ပြန်တွေးတဲ့အခါ မနောဒွါရမှာ ထပ်ဆင့်ဖြစ်ပေါ်လာပြန်တယ်၊ ဘဝင် ၂-ကြိမ် ဖြစ်ပြီးတဲ့အခါ မနောဒွါရာဝဇ္ဇန်း၊ ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်။ ဒီလို ဝီထိစိတ်တွေဟာ အသံအာရုံလေးနဲ့ ဆက်သွယ်ပြီး အလုပ်လုပ်တယ်၊ ဒုတိယအကြိမ် တစ်ခါထပ် အလုပ်လုပ်ပြန်တယ်၊ တတိယအကြိမ် တစ်ခါထပ် အလုပ်လုပ်ပြန်တယ်၊ အဖြေမတွေ့မချင်း လုပ်မယ်ပေါ့။ တတိယအကြိမ်လောက်နဲ့ အဖြေတွေ့သွားရင် ဒီအပေါ်မှာ နောက်ထပ် ထပ်စဉ်းစားမှုဆိုတဲ့ ဝီထိစိတ်တွေ မြောက်မြားစွာဖြစ်ဦးမယ်၊ ဒါက ရိုးရာဖြစ်လို့ လေ့ကျင့်နေစရာ မလိုဘူး။

မျက်စိကမြင်တဲ့ အာရုံအပေါ်မှာလည်းပဲ လေ့ကျင့်နေစရာ မလိုဘူး၊ ဖြစ်ပေါ်လာတဲ့ အာရုံပေါ်မှာ စိတ်ကူးစိတ်သန်းတွေဟာ ဖြစ်ပြီးသွားကြတယ်၊ နှာခေါင်းက အနံ့ရတဲ့အာရုံ၊ လျှာက အရသာခံရတဲ့အာရုံ၊ ခန္ဓာကိုယ်က တွေ့ထိလာတဲ့အာရုံလို့ဆိုတဲ့ ပဥ္စဒွါရမှာ ထင်လာတဲ့ အာရုံတွေကို ယခုကဲ့သို့ စိတ်တွေဟာ အာရုံနဲ့ အလုပ်လုပ်ပြီးတော့ အဖြေထုတ်သွားလိုက်ကြတာ အဲဒီအဖြေနဲ့ပဲ လူ့လောကမှာ လူတွေဟာ ပျော်မွေ့ပြီးတော့ နေကြတယ်နော်၊ စိတ်ထဲက အဖြေထုတ်ထားတာတွေနဲ့ ပျော်မွေ့ပြီးတော့ အဲဒီလို နေကြတယ်။

စက္ခုဒွါရမှာဆိုလည်းပဲ "အတိမဟန္တာရုံ" ဆိုတဲ့ အလွန်ကြီးတဲ့အာရုံမျိုးနဲ့ တွေ့တဲ့အခါမှာ အခုလို စိတ်အစဉ် ဖြစ်တယ်၊ "မဟန္တာရုံ" ဆိုတဲ့အခါကျတော့ စိတ်အစဉ်တစ်မျိုး ပြောင်းသွားမယ်၊ "ပရိတ္တာရုံ" ဆိုတဲ့ အခါမှာလည်းပဲ တစ်မျိုးပြောင်းသွားမယ်၊

http://www.dhammadownload.com



"အတိပရိတ္တာရုံ" ဆိုတဲ့ သိပ်သေးတာကျတော့ ဘဝင်အစဉ်ဟာ မပြတ်တော့ဘဲနဲ့ ဝီထိစိတ်တောင် မပေါ်တော့ဘူး၊ ဘဝင်ကလေး လှုပ်ရုံမျှ လှုပ်ပြီးတော့ ချုပ်ငြိမ်းသွားတယ်၊ အတွေးတွေဟာ ဝင်မလာနိုင်တာမျိုးလည်း ရှိတယ်ပေါ့၊ အာရုံရဲ့ ဒီဂရီအတိုင်း အဲဒီလို သွားတယ်၊ mind door မှာကျတော့ တွေးတောတဲ့ အာရုံတစ်ခုဟာ "ထင်ရှားတယ်၊ မထင်ရှားဘူး"ဆိုတာ ၂-မျိုးနဲ့လာပြီး အာရုံကို ဆက်ပြီး စဉ်းစားပြီး အလုပ်လုပ်သွားကြတယ်။

လူ့ဘဝဆိုတာ ဒါပါပဲ၊ နေ့စဉ် ဒီအတိုင်း သွားနေကြတာ၊ အမြင်အာရုံပေါ်မှာ အလုပ်လုပ်တယ်၊ အကြားအာရုံပေါ်မှာ အလုပ် လုပ်တယ်၊ အနံ့အာရုံ အရသာအာရုံ အထိအတွေ့အာရုံ အမြင် အကြား အနံ့ အရသာ အထိအတွေ့ လောလောဆယ် ထိတာမရှိဘူး ဆိုလို့ရှိရင်လည်း မျက်စိလည်း မှိတ်ထားတယ်၊ နားလည်း ပိတ်ထားတယ်၊ နှာခေါင်းကလည်း အလုပ်မလုပ်ဘူး၊ လျှာကလည်း အလုပ်မလုပ်ဘူး၊ ခန္ဓာကိုယ်ကလည်း အလုပ်မလုပ်ဘူးဆိုရင် သက်သက်လေး ခေါင်းလေးခြုံပြီး တွေးတောတဲ့ စိတ်တွေကလည်း ဖြစ်သေးတာပဲ၊ မနောဒွါရသက်သက်မှာလည်းပဲ စိတ်ကူး စိတ်သန်းတွေ ဖြစ်နေတယ်။

အဲဒီ စိတ်ကူးစိတ်သန်းတွေကျတော့ မြင်ခဲ့ပြီးတဲ့ အာရုံကို အာရုံပြုပြီးဖြစ်တာရှိသလို မမြင်သေးတဲ့အာရုံကိုလည်း တွေးတော ဆင်ခြင်ပြီးတော့ ဖြစ်နေတာမျိုးတွေရှိတယ်၊ ရှိတာကိုလည်း တွေးတောတယ်၊ မရှိတာလည်း တွေးတောတယ်၊ မဟုတ်တာလည်း တွေးတယ်၊ ဟုတ်တာလည်း တွေးတယ်ဆိုတဲ့ အတွေး အာရုံတွေထဲမှာ တွေ့ကြုံခံစားဖူးသမျှ အာရုံတွေကို အခြေပြုပြီး

http://www.dhammadownload.com



တော့ လူ့ရဲ့စိတ်ဟာ အာရုံတစ်ခုခုနဲ့ အလုပ်လုပ်နေတယ်လို့ ပကတိရိုးရာအချိန်မှာ ဒီအတိုင်းပဲ သွားနေမှာပဲ။

စိတ်ကို အာရုံနဲ့ လေ့ကျင့်ပေးတယ်ဆိုတာကျတော့ သမထ ကျင့်စဉ်တစ်ခု ဝိပဿနာကျင့်စဉ်တစ်ခုနဲ့ စိတ်ကို အာရုံနဲ့ လေ့ကျင့်ပေးတယ်၊ အဲဒါကျတော့ ပုံစံပြောင်းသွားတယ်၊ ပင်ကိုယ်စိတ်ထက် ဒီအာရုံနဲ့ လေ့ကျင့်ပေးလိုက်လို့ တိုးတက်ဖြစ်ပေါ်လာတဲ့စိတ်က နေ့စဉ်ဘဝမှာ ထိတွေ့တဲ့စိတ်မျိုး မဟုတ်တော့ဘူး၊ ဆိုပါစို့ - eye door မှာပဲဖြစ်စေ mind door မှာပဲဖြစ်စေ၊ မျက်စိတံခါးကပဲ ဖြစ်စေ၊ စိတ်တံခါးမှာပဲဖြစ်စေ အာရုံတစ်ခုခုကို ယူပြီးတော့ လေ့ကျင့်ယူတဲ့ဟာ၊ လေ့ကျင့်ယူတဲ့အခါကျလို့ရှိရင် သာမန် ဖြစ်ရိုးဖြစ်စဉ်စိတ်တွေထက် ထူးခြားပြီးတော့ တည်ငြိမ်တဲ့စိတ်ဓာတ်မျိုးကို ရရှိလာနိုင်သေးတယ်၊ အဲဒါကိုပဲ "တရားကျင့်တယ်" လို့ ပြောတာပေါ့။

ဆိုပါစို့ - ကသိုဏ်းအာရုံလေးတစ်ခုကို ယူတယ်၊ အားလုံးကြားဖူးကြတယ် - ရှင်စူဠပန္ထကဝတ္ထု၊ စူဠပန်မထေရ်ကို မြတ်စွာဘုရားက ပုဝါအဖြူကလေး ပေးထားတယ်၊ တန်ခိုးတော်နဲ့ ဖန်ဆင်းပြီး ပေးထားတဲ့ ပုဝါလေးဆိုတော့ ဆွတ်ဆွတ်ဖြူနေတယ်၊ အလွန်ဖြူနေတယ်၊ အဲဒီပုဝါပိုင်းကလေးကိုကြည့်ပြီးတော့ စိတ်ကို လေ့ကျင့်တာ၊ အဖြူအာရုံလေးပေါ်မှာ စိတ်ကို လေ့ကျင့်တာ၊ ဒီသဘောကို ဓမ္မပဒအဋ္ဌကထာမှာ ကြည့်ရင်လည်း မထင်ရှားဘူး၊ အင်္ဂုတ္တိုရ်အဋ္ဌကထာမှာ ကြည့်ရင်လည်း မထင်ရှားဘူး။

သူ့ရဲ့အတိတ်ဇာတ်လမ်း "အပဒါန" လာ အတိတ်ဝတ္ထုကြောင်းကို ကြည့်မယ်ဆိုလို့ရှိရင် ရှင်စူဠပန်ကို ဘာကြောင့် ပုဝါ

http://www.dhammadownload.com



ပေးတယ် ဆိုတဲ့သဘောက ထင်ရှားတယ်၊ အတိတ်ဘဝတုန်းက ရှင်စူဠပန်ဟာ "ဩဒါတကသိုဏ်း"မှာ အလေ့အကျင့်လုပ်ခဲ့တယ်၊ အဲဒါအကြောင်းရင်းပဲ၊ ဩဒါတကသိုဏ်းမှာ အလေ့အကျင့်လုပ်ရတာ၊ အဲဒီ အလေ့အကျင့်နဲ့ ဆက်နွယ်ပြီး မြတ်စွာဘုရားက ပုဝါပိုင်းပေးတာ၊ အကြောင်းမဲ့ပေးတာမျိုးမဟုတ်ဘူး၊ ကမ္မဋ္ဌာန်းအာရုံတစ်ခုကို ပေးထားတာ။

နောက်တစ်ခုက သူဟာ တစ်ခုသောဘဝမှာ ရှင်ဘုရင်ဖြစ်လို့ တိုင်းပြည်ကို လှည့်လည်စစ်ဆေး ကြည့်ရှုတဲ့အခါမှာ မျက်နှာက ချွေးတွေထွက်တယ်။ ဖြူဆွတ်နေတဲ့ ပုဝါကလေးနဲ့ မျက်နှာကို သုတ်လိုက်ပြီး အဲဒီဖြူဆွတ်နေတဲ့ ပုဝါလေး မည်းညစ်သွားတာကို တွေ့တဲ့အခါမှာ စိတ်ထဲမှာ သံဝေဂသဘောလေးဖြစ်မိတယ်၊ "သြော် - ဒီခန္ဓာကိုယ်ကြီး အကြောင်းပြုပြီးတော့ အင်မတန်ဖြူစင်တဲ့ပုဝါလေး ညစ်နွမ်းသွားရပါလား"ဆိုတဲ့ သံဝေဂစိတ်ကလေး ပေါ်လာတယ်၊ အဲဒီအချိန်က ဖြစ်ခဲ့တဲ့ သံဝေဂစိတ်ကလေးကို မြတ်စွာဘုရားက ရှင်စူဠပန်ဘဝ ရောက်တဲ့အခါကျတော့ ဝိပဿနာဉာဏ်နဲ့ ဆက်စပ်ပေးခဲ့တယ်။

အဲဒါကြောင့် အရေးကြီးပြီး မှန်ကန်တဲ့ အတွေးလေးတွေဟာ သာမန်ကြည့်မယ်ဆိုရင် တန်ဖိုးမရှိဘူးလို့ ထင်ကြရပေမယ့်လို့ တကယ်တန်ဖိုးရှိတာနော်၊ တရားထူး တရားမြတ်ရဖို့ ဘယ်လောက် အထောက်အကူပြုသလဲဆိုတာ ဒီဝတ္ထုက သက်သေပြနေတယ်၊ နဖူးချွေးသုတ်လို့ ပုဝါလေးမည်းသွားတာ ကြည့်ပြီးတော့ ခန္ဓာကိုယ်ရဲ့အပြစ်ကို မြင်လိုက်တဲ့အမြင်လေးဟာ ဝိပဿနာဉာဏ်ဘက်ကို ဦးတည်သွားစေနိုင်တယ်။

http://www.dhammadownload.com



နောက်တစ်ခု ဆက်စပ်လို့ ပြောရဦးမယ်၊ အားလုံး ကြားဖူး ကြလိမ့်မယ်၊ "ပဥ္စဂ္ဂပုဏ္ဏားဇနီးမောင်နှံ" ဆိုတာ၊ ဘယ်အခါဖြစ်ဖြစ် သူတို့ဟာ အလှူအတန်း လုပ်တဲ့အခါမှာ ဦးဦးဖျားဖျားလုပ်လို့ ပဥ္စဂ္ဂလို့အမည်ပေးထားတာ။ "မြတ်စွာဘုရားနဲ့တွေ့တဲ့အခါ တရား ဟောတယ်။" သူတို့အတွက် စကားလုံး ရွေးချယ်လိုက်တဲ့အခါမှာ အတိတ်ဘဝတုန်းက "နာမရူပ" ဆိုတဲ့ စကားလုံးကို အကြိမ်ကြိမ် ကြားဖူးကြလို့ အဲဒီစကားလုံးနဲ့ သူတို့ ယဉ်ပါးနေတယ်၊ ရင်းနှီး နေတယ်၊ familiar ဖြစ်နေတယ်၊ "ဘယ်လိုပုဂ္ဂိုလ်ကို ဘိက္ခုလို့ ခေါ်သလဲ" ဆိုတဲ့မေးခွန်းကို ဖြေတဲ့အခါမှာ မြတ်စွာဘုရားက "နာမ်ရုပ်အပေါ်မှာ အစွဲအလန်းကင်းတဲ့ပုဂ္ဂိုလ်မျိုးကို ဘိက္ခု ခေါ်တယ်" လို့ နာမ်ရုပ်နဲ့ ဆက်စပ်ပြီးတော့ ဟောပြောလိုက်တယ်။ ထိုအခါမှာ မဂ်ဖိုလ် ရသွားကြတယ်၊ ဒါလည်းပဲ အတိတ်ကို အခြေပြုတယ်လို့ ပြောရမယ်။

ဓမ္မအသိဉာဏ်ဆိုတာ သာမန်အားဖြင့် ပြောမယ်ဆိုလို့ရှိရင် သိပ်ပြီးတော့ အဆင့်မမြင့်ဘူးလို့ ထင်ရပေမယ့်လို့ မြတ်စွာဘုရားနဲ့ တွေ့တဲ့အခါ အင်မတန်မှ အထောက်အကူဖြစ်တယ်လို့ မှတ်ရ မယ်နော်၊ အများကြီး အထောက်အကူဖြစ်တယ်။

ရှင်ယသတို့ဝတ္ထုကို ကြည့်လိုက်ဦးမလား၊ ယသ သူဌေးသား တို့ အတိတ်ဘဝတုန်းက နာရေးကိစ္စမှာ မီးသင်္ဂြိုဟ်တဲ့ လုပ်ငန်းကို ကုသိုလ်ဖြစ် လုပ်ကိုင်ခဲ့ကြတဲ့ သူငယ်ချင်းတစ်စု၊ အတိတ်ဘဝ တုန်းက ကိုးကွယ်ရာမဲ့တဲ့သူတွေ၊ ပိုက်ဆံမတတ်နိုင်တဲ့သူတွေ နာရေးကိစ္စ ပေါ်လာတဲ့အခါ သူတို့က အခမဲ့ကူညီပြီး မီးသင်္ဂြိုဟ် ပေးခဲ့ကြတယ်၊ သူသေကောင်ကို မီးသင်္ဂြိုဟ်ပေးရင်း အသုဘ

http://www.dhammadownload.com



ကမ္ဘာ့ဌာနီးကို စိတ်ထဲမှာ ထင်မြင်လာခဲ့ကြတယ်၊ ခန္ဓာကိုယ်ကြီးရဲ့ မတည်မြဲပုံ၊ ရွံစရာကောင်းပုံ၊ စက်ဆုပ်စရာကောင်းပုံ၊ မတင့်တယ်ပုံ ဆိုတာတွေကို လက်တွေ့အားဖြင့် သူတို့သိမြင်ခဲ့ကြတယ်၊ စိတ်ထဲမှာ ဖြစ်ပေါ်ခဲ့ကြတယ်။

အဲဒီ စိတ်အစဉ်ကလေးက သူတို့ရဲ့ဘဝတစ်ခုမှာ energy အနေနဲ့ စုပြီးဆောင်းပြီး ဖြစ်သွားတယ်။ ယသ သူဌေးသားဘဝမှာ ဒီစိတ်ကလေး ပြန်ပေါ်လာပုံကို ကြည့်လိုက်၊ ယသ သူဌေးသား ဆိုတာ အလွန်ချမ်းသာတယ်၊ မိဘတွေက ဂရုစိုက်တယ်၊ ညလုံးပေါက် အမျိုးသမီးတွေချည်း တီးမှုတ်တဲ့ တူရိယာတွေနဲ့၊ အဆိုအကတွေနဲ့ ပျော်ရွှင်စေတယ်။ သူ့ရဲ့စံအိမ်မှာ တီးကြ မှုတ်ကြ ဖြေဖျော်ကြတဲ့ အမျိုးသမီးတွေ အကုန်လုံး အိပ်ပျော်ကုန်ကြတယ်၊ သူနိုးလာတဲ့အခါကျတော့ အိပ်နေကြတာတွေကိုကြည့်၊ တချို့ကလည်း ဟောက်ပြီး အိပ်နေမှာပေါ့လေ၊ လူဆိုတာ မျိုးစုံပေါ့၊ ပါးစပ်ကြီးဖြဲပြီး အိပ်နေတာလည်း ပါမှာပေါ့၊ အဲဒီအိပ်နေတဲ့ သူတွေရဲ့ အသွင်သဏ္ဌာန်ကို မြင်လိုက်တဲ့အခါ အတိတ်ဘဝ တုန်းက လူသေကောင်ကို မီးသင်္ဂြိုဟ်ခဲ့တဲ့ အနေအထားတွေနဲ့ ပြန် ဆက်စပ်မိသွားတယ်။

ဆက်စပ်မိသွားတဲ့အခါ သံဝေဂရဲ့အရှိန်အဝါဟာ သိပ်ကြီး သွားတယ်၊ ကြီးသွားသည့်အတွက် အိမ်မှာနေလိုစိတ် မရှိလို့ အိမ်ကနေ ထွက်ခွာသွားတယ်၊ ဘုရားနဲ့ သွားတွေ့တယ်၊ "လောက ကြီးက ဆိုးလိုက်တာ၊ ဆိုးလိုက်တာ "**ဥပဒ္ဒုတံ ဝတ ဘော လောကော၊ ဥပဿဋ္ဌံ ဝတ ဘော လောကော**" အနှိပ်စက်ခံနေ ရပြီ ဒီဒုက္ခကြီးက ဘယ်လိုလွတ်ပါ့မလဲ" လို့ ငြီးတွားပြီး ထွက်ခွာ

http://www.dhammadownload.com



သွားတယ်။ ဘုရားနဲ့တွေ့ တရားဓမ္မနာရလို့ ရဟန္တာဖြစ်သွားတယ်။ ကြည့်- အဲဒီ အတိတ်ဘဝက သံဝေဂကုသိုလ်ဟာ နည်းတဲ့ ကုသိုလ် မဟုတ်ဘူး။

အခုလည်း ကောင်းပြီ - ရှင်စူဠပန်ကို ပုဝါဖြူကလေး ပေးတယ်ဆိုတာ အတိတ်ဘဝနဲ့ စပ်ပြီးတော့ပေးတာ၊ လူတိုင်းကို ပေးတာ မဟုတ်ဘူး၊ ရှင်စူဠပန်ကို ပုဝါဖြူလေး ပေးလိုက်တာဟာ အတိတ်ဘဝတုန်းက ပုဝါလေးမှာ ဩဒါတကသိုဏ်းကို လေ့ကျင့်ခဲ့ဖူးတယ်၊ လေ့ကျင့်ပြီးတော့ ဈာန်အဘိညာဏ်တွေ ရခဲ့ဖူးတယ်၊ အဲဒီဘဝက အရှိန်အဝါတွေကို မြတ်စွာဘုရားက စုစည်းပေးလိုက်တာ၊ စုစည်းပေးလိုက်တော့ ဒီ ဖြူဆွတ်နေတဲ့ ပုဝါဆိုတဲ့ အဖြူအာရုံလေးမှာ စိတ်ကို လေ့ကျင့်ပေးတာ၊ ပုဝါဖြူလေးကို ရှေ့ချချပြီးတဲ့အခါမှာ ထိုပုဝါအဖြူရောင်လေးကို စိုက်ပြီးကြည့်တယ်၊ စာလိုပြောရင် ဩဒါတကသိုဏ်း ရှုတယ်ပေါ့၊ "အဖြူ အဖြူ"လို့ စိတ်ထဲက မှတ်ပြီးတော့နေတယ်၊ အဲဒီလို မျက်စိဖွင့်ပြီးတော့ အဖြူအာရုံလေးကို မျက်စိနဲ့ မှတ်နေတာကို 'ပရိကမ္မနိမိတ်' လို့ ခေါ်တယ်၊ အာရုံနိမိတ်တစ်ခုကိုယူနေတာ၊ စိတ်ကို ဘာနဲ့လေ့ကျင့်နေတာတုန်း? အာရုံနဲ့လေ့ကျင့်နေတာ၊ အဲဒါလည်းပဲ စိတ်ဖြစ်စဉ် တစ်ခုတည်းမှာ ပါတယ်၊ ဒါ သာမန်နဲ့ မရဘူး၊ ရိုးရာမဟုတ်ဘူး။

အဲဒါက အာရုံကို စိတ်နဲ့လေ့ကျင့်တာ၊ ကြည့်- အဖြူ အဖြူနဲ့ လေ့ကျင့်နေတဲ့အခါ ဒီ သူလေ့ကျင့်နေတဲ့ အာရုံလေးဟာ "ပရိကမ္မနိမိတ်"၊ ပြင်ဆင်ပြီးတော့ထားတဲ့ အာရုံလေးတစ်ခုအပေါ်မှာ စိတ်ကို ပြင်ဆင်လေ့ကျင့်နေတာ၊ အဲဒီလို လေ့ကျင့်လိုက်တဲ့ အခါ မကြာခင်ပဲ အဖြူအာရုံလေးဟာ စိတ်ထဲမှာ စွဲထင်သွား

http://www.dhammadownload.com



တယ်၊ ကင်မရာနဲ့ ရိုက်ယူလိုက်သလိုပဲ စိတ်ထဲမှာ စွဲထင်သွားတယ်၊ အဲဒီတော့ စွဲထင်သွားတဲ့ အာရုံလေးကိုကျတော့ "ဥဂ္ဂဟနိမိတ်" လို့ ခေါ်တယ်၊ မျက်စိနဲ့ ကြည့်စရာမလိုဘူး။

မျက်စိကြည့်နေတဲ့အချိန် ဝီထိစိတ်နဲ့ ပြောမယ်ဆိုလို့ရှိရင် ဘာတုန်း စက္ခုဒွါရဝီထိစိတ်တွေ ဖြစ်နေတယ်၊ ဟုတ်ကဲ့လား? အဲဒီဇောစိတ်တွေက အဖြူအာရုံကို အာရုံပြုပြီးနေတယ်၊ ဇောစိတ်တွေ အကြိမ်ကြိမ်ဖြစ်လို့ စိတ်ထဲမှာ စွဲထင်သွားပြီ ဖလင်ထဲမှာ ရုပ်ပုံလေး သို့မဟုတ် အခု digital chip ပြားမှာ ရုပ်ပုံလေး ထင်သွားသလို ထင်သွားပြီ ဆိုတဲ့အခါကျတော့ "ဥဂ္ဂဟနိမိတ်" ဆိုတာ ပေါ်လာတယ်။

ပရိကမ္မနိမိတ်မှာ လုပ်နေတဲ့ သမာဓိက "ပရိကမ္မသမာဓိ" လို့ ခေါ်တယ်၊ မျက်စိနဲ့ကြည့်ပြီးတော့ စိတ်နဲ့မှတ်နေတာ၊ စိတ်ကို အဖြူအာရုံပေါ်မှာ အလုပ်လုပ်နေတယ်၊ လေ့ကျင့်ပေးနေတယ်၊ လေ့ကျင့်ပေးနေလို့ စိတ်ကစွဲပြီဆိုတာနဲ့ တစ်ပြိုင်နက် ဥဂ္ဂဟနိမိတ်တဲ့၊ စိတ်နဲ့မှတ်ထားလိုက်နိုင်ပြီ၊ အဲဒီအာရုံကို စိတ်စွမ်းနဲ့ မှတ်ထားလိုက်နိုင်ပြီ၊ စိတ်ထဲမှာ ရောက်သွားပြီ ဆိုကတည်းက ခုနက လေ့ကျင့်ထားတဲ့အာရုံထက် ပိုပြီးတော့ ပီပြင်လာတယ်၊ စိတ်တည်ငြိမ်မှုတွေကလည်း ပိုလာတယ်၊ ဒါ အာရုံနဲ့ စိတ်ကို လေ့ကျင့်တာ။

သာမန်မြင်ရင်တော့ အမြင်ပဲလေ၊ လူတွေ မျက်စိဖွင့်ရင် မျက်စိရှိတဲ့သူတွေ မြင်နေကြတာပဲ၊ ဟိုဟာမြင် ဒါမြင် မြင်နေကြတာပဲ မျက်စိက၊ ဟော အခုက လေ့ကျင့်ယူလိုက်တာဆိုတာ ပရိကမ္မနိမိတ်အပေါ်မှာ လေ့ကျင့်လိုက်တဲ့အခါ ဥဂ္ဂဟနိမိတ်

http://www.dhammadownload.com



ရလာပြီ၊ သမာဓိလေးလည်း အတော်တည်လာပြီ၊ အဲဒီဥဂ္ဂဟနိမိတ်ကို ထပ်ပြီးတော့ စိတ်နဲ့ လေ့ကျင့်ပေးလိုက်တယ်။

"နိမိတ်ဆိုတာ အာရုံ"ကို ပြောတာပါပဲ၊ စိတ်ထဲမှာ စွဲမှတ်ထားတဲ့အာရုံမှာ ထပ်ပြီးတော့ လေ့ကျင့်ပေးလိုက်တဲ့အခါ ဘာဖြစ်လာတုန်းဆိုလို့ရှိရင် ပင်ကိုယ်အာရုံလည်း မဟုတ်တော့ဘူး၊ ထိုပင်ကိုယ်အာရုံနဲ့ ဆက်နွယ်လာပြီးတော့ အခြေအနေ ပြောင်းလဲလာတဲ့ စိတ်ထဲမှာ ထင်ဟပ်ပေါ်လွင်လာတဲ့ အာရုံတစ်မျိုး ပေါ်လာတယ်၊ အလားတူ အာရုံတစ်ခုပေါ်တယ်၊ အဲဒါကို "ပဋိဘာဂနိမိတ်" လို့ ခေါ်တယ်၊ အလားတူပေါ်လာတဲ့ အာရုံ။

ခုနတုန်းက မျက်စိကနေ တိုက်ရိုက်ကြည့်အာရုံကို "ပရိကမ္မနိမိတ်"လို့ ခေါ်တာနော်၊ မျက်စိကဖွင့်ပြီးတော့ မျက်စိနဲ့ မှတ်နေတာ၊ စိတ်နဲ့ မျက်စိနဲ့ တွဲဖက်ပြီး အလုပ်လုပ်နေတာ ပရိကမ္မနိမိတ်၊ မျက်စိအကူအညီ မယူတော့ဘဲ စိတ်ထဲမှာ စွဲထင်နေတဲ့အာရုံတစ်ခုအပေါ်မှာ အလုပ်လုပ်တာကို "ဥဂ္ဂဟနိမိတ်"၊ အဲဒီဥဂ္ဂဟနိမိတ်ဟာ နောက်ပိုင်းကျတော့ ပြောင်းလွဲလာတဲ့အခါကျတော့ "ပဋိဘာဂနိမိတ်" တဲ့။

ပဋိဘာဂနိမိတ် ဖြစ်လာပြီ ဆိုလို့ရှိရင် အဲဒီ ပဋိဘာဂနိမိတ်သည် ပင်ကိုယ်ထက် ပိုပြီးတော့ တောက်ပြောင်လာတယ်၊ ထင်ရှားလာတယ်၊ ပိုပြီး clear ဖြစ်လာတယ်၊ အဲဒီ ပဋိဘာဂနိမိတ်ရောက်တဲ့အခါ ဈာန်နဲ့နီးကပ်လာတဲ့ သမာဓိစွမ်းအားတွေ ရလာပြီ၊ အာရုံနဲ့ စိတ်ကို လေ့ကျင့်တာနော်။

ဈာန်နားကပ်လာတဲ့ သမာဓိစွမ်းအားတွေ ရလာပြီး အဲဒီသမာဓိ စွမ်းအားတွေကို ထပ်မံတိုးမြှင့်လိုက်လို့ ထင်လာတဲ့

http://www.dhammadownload.com



ပဋိဘာဂအာရုံအပေါ်မှာ ထပ်ဆင့်ပြီးတော့ စဉ်ဆက်မပြတ် လေ့ကျင့်လိုက်တဲ့အခါ အဲဒီ ပဋိဘာဂနိမိတ်မှာ "ပထမဈာန်" ဆိုတာကို ရရှိသွားတယ်။

ဒါဖြင့် ပထမဈာန်ဆိုတဲ့ ပထမအဆင့် ရသွားလို့ရှိရင် အခြေအနေက ဘယ်လိုရှိတုန်းဆိုတော့ အဲဒီ ပဋိဘာဂနိမိတ်ဆိုတဲ့ စိတ်ထဲမှာပေါ်လာတဲ့ အာရုံလေးပေါ်မှာ ပိုပြီးတော့ ကြည်လင်ပြတ်သားတဲ့ သမာဓိစွမ်းအားတွေ၊ စိတ်စွမ်းအားတွေ ပေါ်လာတယ်။

အဲဒီအာရုံပေါ်မှာ တွေးနေတဲ့ အတွေးစိတ်ရှိတယ်၊ "ဝိတက်" လို့ခေါ်မယ်၊ အဲဒီအာရုံလေးပေါ်မှာ အမြဲတမ်းရစ်ဝဲနေတဲ့ "ဝိစာရ" ဆိုတာရှိမယ်၊ အဲဒီအာရုံလေးပေါ်မှာ ကျေနပ်နေတဲ့ "ပီတိ" ဆိုတာ ရှိမယ်၊ ကိုယ်ရော စိတ်ပါ နှစ်ခုစလုံး အေးချမ်းနေတယ်ဆိုတဲ့ "သုခ"ဆိုတာ ရှိမယ်၊ တည်ငြိမ်နေတဲ့ စိတ်ကလေးဟာ အဲဒီအာရုံပေါ်မှာ ငြိမ်သွားပြီးတော့ ဘေးကိုရွေ့မရဘဲနဲ့ ဒီအာရုံ တစ်ခုတည်းပေါ်မှာပဲ စိုက်ပြီးတော့ အာရုံနဲ့စိတ်နဲ့က တွယ်ကပ်ထားသလို (super glue နဲ့ ကပ်ထားလိုက်သလို) ကပ်သွားတယ်၊ အာရုံနဲ့ စိတ်နဲ့ တွယ်ကပ်ပြီး ရပ်နေသလို ဖြစ်သွားတာ၊ "ဧကဂ္ဂတာ" ပေါင်းလိုက်တဲ့ အခါကျတော့ ဝိတက်ရယ် ဝိစာရရယ် ပီတိရယ် သုခရယ် ဧကဂ္ဂတာရယ် ဟောဒီ ၅-ပါး unity ဖြစ်သွားပြီ၊ harmony ဖြစ်သွားပြီ။

တကယ့်ကို ဒီ ၅-ခုဟာ ဟန်ချက်ညီညီနဲ့ စုပေါင်းပြီး အာရုံနဲ့ အလုပ်လုပ်နေပြီဆိုရင် ဘယ်အရာတွေ ကင်းသွားတုန်းဆိုတော့ **"ဝိဝိစ္စေဝ ကာမေဟိ"** မျက်စိက မြင်ရတဲ့အာရုံ၊ နားက ကြားရတဲ့

http://www.dhammadownload.com



အာရုံ၊ နှာခေါင်းက နမ်းရတဲ့အာရုံ၊ လျှာက လျက်ရတဲ့အာရုံ၊ ခန္ဓာကိုယ်က ထိတွေ့ရတဲ့အာရုံလို့ဆိုတဲ့ ဒီအာရုံတွေပေါ်မှာ ခံစားချင်တဲ့ ကာမတဏှာ လုံးဝပြတ်တောက်သွားပြီ၊ မရှိတော့ဘူး၊ 'ကာမ' လိုချင်စရာအာရုံတွေပေါ်မှာ လိုချင်နေတဲ့ လောဘနဲ့ ဖြစ်ပေါ်လာတာတွေ မရှိတော့ဘူးလို့ ဆိုလိုတယ်။

အဲဒါဟာ ဒီခံစားချင်တဲ့စိတ်တွေ မျက်စိနဲ့ ကြည့်ချင်တယ်၊ နားနဲ့ ကြားချင်တယ်၊ နှာခေါင်းနဲ့ နမ်းရှုချင်တယ်၊ လျှာနဲ့ လျက်ချင်တယ်၊ ခန္ဓာကိုယ်နဲ့ ထိတွေ့ချင်တယ်ဆိုတဲ့ အဲဒီလောဘနဲ့ ဖြစ်ပေါ်နေတဲ့ ပြင်းထန်တဲ့ဆန္ဒတွေကို **'ကာမစ္ဆန္ဒ'** လို့ ခေါ်တယ်၊ Desire for sensual pleasure စိတ်ရဲ့ ပျော်မွေ့စရာတွေပေါ်မှာ လိုချင်နေတဲ့ ဒီကာမစ္ဆန္ဒဆိုတဲ့တရား လုံးဝချုပ်ငြိမ်းသွားတယ်။

ဘယ်သူတွေက ချုပ်ငြိမ်းအောင် လုပ်လိုက်သလဲဆိုတော့ ခုနက အာရုံလေးပေါ်မှာ တည်ငြိမ်တဲ့စိတ် - ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဆိုတဲ့ ဈာန်အင်္ဂါ ၅-ပါးက ချုပ်ငြိမ်းသွားအောင် လုပ်လိုက်တာ။ နီဝရဏတွေကို လောင်မြိုက်ပစ်လိုက်တယ်။ အဲဒီ ကာမစ္ဆန္ဒ မလာတော့ဘူးလို့ ဆိုလိုတယ်။

အဲဒါတင် မကဘူး၊ ဘာတွေက လွတ်ထွက်သွားတုန်းဆိုရင် ကျန်တဲ့နီဝရဏတွေဖြစ်တဲ့ **ဗျာပါဒ** ဆိုတဲ့ အာရုံပေါ်မှာအလိုမကျမှု ဆိုတာလည်း မရှိတော့ဘူး၊ **ထိနမိဒ္ဓ** ဆိုတဲ့ စိတ်ကို တွန့်ဆုတ်စေတဲ့ နီဝရဏလည်း မရှိတော့ဘူး၊ **ဥဒ္ဓစ္စကုက္ကုစ္စ** ဆိုတဲ့ စိတ်လေလွင့်နေတာလည်း မရှိတော့ဘူး၊ ပူပန်မှုလည်း မရှိတော့ဘူး၊ **ဝိစိကိစ္ဆာ** ဆိုတဲ့ သံသယလည်း မလာတော့ဘူး၊ ဆိုလိုတာက ကုသိုလ်စိတ်ကို

http://www.dhammadownload.com



ဆို့ပိတ်တတ်တဲ့ နီဝရဏတရားတွေ အားလုံးဟာ ရပ်ဆိုင်းသွား တယ်လို့ ပြောတယ်။

အဲဒီ ရပ်ဆိုင်းလို့ရလာတဲ့ ချမ်းသာသုခကို "ဝိဝေကဇ ပီတိသုခ" လို့ ခေါ်တယ်၊ 'ဝိဝေက' ဆိုတာ ကာမဂုဏ်စိတ်တွေက လွတ်သွားတယ်၊ အကုသိုလ်အတွေးတွေ လုံးဝပြတ်တောက်သွား တယ်၊ အဲဒါတွေက ကင်းဆိတ် လွတ်မြောက်သွားသည့်အတွက် ကြောင့် ဝိဝေက၊ အဲဒီ ကင်းလွတ်မှုကြောင့် ဖြစ်ပေါ်လာတဲ့ 'ဝိဝေကဇ' ပီတိသုခတဲ့၊ ပျော်ရွှင်ပြီး ကိုယ်ချမ်းသာ စိတ်ချမ်းသာ ခံစားနေရတယ်လို့ ဆိုလိုတယ်၊ အဲဒါ ပထမဈာန်အဆင့်၊ စိတ်ကို လေ့ကျင့်လိုက်ရင် ဒီအဆင့် ရောက်သွားတယ်၊ အဲဒီသုခမျိုးက အပြောတင် မဟုတ်ဘူး၊ တကယ် စနစ်တကျ လေ့ကျင့်လို့ရှိရင် လေ့ကျင့်တဲ့ပုဂ္ဂိုလ်တွေ လက်တွေ့ရနိုင်တယ်ပေါ့။

ယခုခေတ်မှာ ဘာဖြစ်လို့ ရတဲ့သူ နည်းပါးတာလဲဆိုရင် လေ့ကျင့်သူတွေ နည်းကြလို့ ကာမဂုဏ်အာရုံတွေရဲ့ လွှမ်းမိုးမှုက ကြီးထွားနေတယ်၊ ကြီးထွားနေသည့်အတွက်ကြောင့် ကာမဂုဏ် အာရုံက ရှေးကထက် ပိုများလာတယ်၊ ကာမဂုဏ်အာရုံတွေ လိုချင်စရာတွေ ပိုများလာသည့်အတွက်ကြောင့် လိုချင်စိတ်တွေက ပိုများမလာဘူးလား?

ဘုန်းကြီးတို့ ငယ်ငယ်တုန်းက တောရွာ အရပ်ဒေသတွေမှာ ဆိုလို့ရှိရင် လူတွေဟာ ၆-လလောက် အလုပ်လုပ်ပြီး ၆-လ လောက် ထိုင်စားနေကြတယ်၊ ဘာအလုပ်မှ မလုပ်ဘူး၊ အေးအေး ဆေးဆေးပဲနော်၊ အဲဒီခေတ်တုန်းက ဓာတ်ဗူးဆိုတာ မရှိဘူး၊ မရှိတဲ့အတွက်ကြောင့် ဓာတ်ဗူးအတွက် ကုန်ကျစရာလည်း မရှိဘူး၊

http://www.dhammadownload.com



ရေဒီယိုလည်း မရှိဘူး၊ ကက်ဆက်လည်း မရှိဘူး၊ တယ်လီဗွီးရှင်းလည်း မရှိဘူး၊ အဲဒီအတွက် ကုန်ကျစရာ ဘာတစ်ခုမှ မရှိဘူး၊ မြို့ဆိုတာလည်း မရောက်ဖူးကြဘူး၊ ကားစီးဖို့ဆိုတာလည်း သူတို့စိတ်ထဲမှာ မရှိဘူး၊ ဟုတ်ကဲ့လား?၊ အချိန်တန်ရင် ကိုင်းလုပ်ငန်းလုပ်။ ကိုင်းသိမ်းပြီး အိမ်ပေါ်မှာ ဆန်တို့ ပဲတို့ ဆီတို့ တင်ထားတယ်။ အချိန်တန် ထမင်းလေး ချက်စားပြီး ကျန်တဲ့အချိန်က အားနေကြတယ်။

ဘုန်းကြီးကျောင်း ဆွမ်းပို့ချိန် ပို့မယ်၊ ဒိပြင်အချိန်က အားနေကြတယ်၊ ဘာမှ လိုတာလည်း မရှိဘူး၊ မြို့မသွားသည့် အတွက်ကြောင့် မြို့ပေါ်က အထူးအဆန်းပစ္စည်းတွေလည်း ဘာမှ လိုချင်စရာ မရှိဘူး၊ မြင်မှ မမြင်ဖူးတာဆိုတော့ လိုချင်စရာ မရှိဘူး၊ ကြားလည်း မကြားဖူးဘူးဆိုတော့ လိုချင်စရာလည်း မရှိဘူး၊ မြို့ဆိုတာ ဝေလာဝေး၊ ရွာနီးချင်း ဟိုနားဒီနား ရွာ ၂-ရွာ၊ ၃-ရွာ ဟိုဘက် ရောက်ဖူး သွားဖူးတာမှ မရှိဘဲ၊ အဲဒီလို မြို့မရောက်ဘဲနဲ့ လူ့ဘဝ အဆုံးသတ်သွားတဲ့ ပုဂ္ဂိုလ်တွေ အများကြီးပဲ။

အဲဒါ တကယ့်ကို တောခေါင်ပြီး မြို့နဲ့အဝေးကြီးလားဆိုရင် မဝေးဘူး၊ တကယ်တော့ မန္တလေးမြို့နဲ့ မိုင်-၅၀လောက်ပဲ ဝေးတယ်နော်၊ ခုခေတ်ဆိုရင် မိုင်-၁၀၀လည်း သွားတယ်၊ မိုင်-၂၀၀ လည်း သွားတယ်၊ မိုင်-၃၀၀၊ ၄၀၀ လည်း သွားတာပဲ၊ ဟုတ်ကဲ့လား? အေး - မြင်စရာအာရုံတွေကမရှိတော့ လိုချင်တဲ့ လောဘတွေက နည်းမသွားဘူးလား?

အဲဒီတုန်းက ကိုယ့်စိုက်ခင်းကပေါ် သူများပေး၊ သူများစိုက်ခင်းကပေါ် ကိုယ်ကယူစား၊ ပြောင်းဖူးတို့ ပဲတို့ ပေါ်တဲ့

http://www.dhammadownload.com



အချိန်ဆို ဟိုအခင်းက အရင်ပေါ်ရင် ဟိုအခင်းက ယူစား၊ ရောင်းစားတယ်ဆိုတာ မရှိဘူး၊ သူ့အခင်းပေါ် သူ့ဆီကစား၊ ကိုယ့်အခင်းပေါ် ကိုယ့်ဆီကစားနဲ့ လူတွေဟာ ညီညွတ်ကြတယ်၊ ဒီလို အချိန်ပိုင်းကလေးကို ဘုန်းကြီးတို့တတွေ မီလိုက်သေးတယ် ပေါ့။

လျှပ်စစ်မီးကလည်း မရှိတော့ ည လ,သာပြီဆိုရင် အလွန် ပျော်စရာကောင်းတယ်၊ လ,ရောင်ကလေးနဲ့ပဲ နေရတယ်၊ လ,ရောင်ကလေးနဲ့ဆို မီးထွန်းစရာ မရှိဘူး၊ သို့သော် တစ်ခါ တစ်လေ တိမ်မည်းကြီးက လ,ကို လာလာ ဖုံးတတ်တာလေးတော့ ရှိသေးတယ်၊ မြို့မှာ မီးပျက်တဲ့သူတွေ ခံစားရသလိုနေမှာပဲ၊ တိမ်မည်းကြီးက လ,ကို လာလာဖုံးတဲ့အခါ မှောင်သွားတယ်နော်၊ ဓာတ်မီးဆိုတာလည်း မရှိဘူး၊ ဒီလိုပဲ နေကြတာ၊ လိုချင်စရာ အလွန်နည်းတယ်။

ဘယ်အချိန်ပိုင်းတုန်းဆိုရင် ဒုတိယကမ္ဘာစစ် ဖြစ်ခါနီးလို့ လှုပ်နေတဲ့အချိန်ပိုင်းပေါ့၊ ၁၉၄၀-ပြည့် ပတ်ဝန်းကျင်မှာပဲ။ သို့သော် နောက်ပိုင်းကျတော့ ခေတ်မကောင်းတဲ့ အခြေအနေမျိုး ရောက်လာတယ်၊ ဒုတိယကမ္ဘာစစ် ဖြစ်လာတယ်၊ ဒုက္ခ ရောက်ကြ သူတွေ အများကြီးပဲ။ ဘုန်းကြီးတို့က ၁၀-နှစ်သား၊ တောရွာက နေပြီး စစ်ကိုင်းတောင် ရောက်လာတယ်။ အေး၊ စစ်ကိုင်းတောင် က အခုအချိန်နဲ့ ယှဉ်ကြည့်လိုက်မယ်ဆိုရင် အလွန်ကွာခြား သွားပြီ။ အဲဒီအချိန်တုန်းက အေးချမ်းတဲ့အရသာနဲ့ အခုအချိန် အင်မတန်မှကွာခြားတယ်၊ အဲဒီတုန်းက စစ်ကိုင်းတောင်ဆိုတာ လူတစ်ယောက်သာ သွားသာတဲ့ လမ်းကလေးတွေပဲရှိတယ်၊ တရုပ်

http://www.dhammadownload.com



စကားပင်ကြီးတွေက မိုးလို့၊ ဒဟတ်ပင်ကြီးတွေက မိုးလို့၊ ကျောက်ကလေးတွေ ခင်းထားတဲ့ လူသွားလမ်းကလေးတွေက ဖြတ်တက်ရတယ်၊ ရှဉ့်ကလေးတွေ၊ ငှက်ကလေးတွေ ဒီအကောင်လေးတွေပဲရှိတယ်၊ ဘယ်နေရာသွားသွား ကိုယ့်ခြေသလုံးအားကိုးနဲ့ကိုယ်သွားကြရတာ။

ကျားသစ်တွေ ဟောက်တဲ့အသံ ကြားရတယ်၊ စစ်ကိုင်းတောင်မှာ ခွေးမရှိဘူး၊ အဲဒီတုန်းက ခွေးရှိရင် ညကျ ကျားသစ်က လာဆွဲသွားတယ်၊ ဘာတွေရှိတုန်းဆို တောကြောင်တွေရှိတယ်၊ နေ့မှာဆိုရင် ရှဉ့်ကလေးတွေ၊ ငှက်ကလေးတွေရဲ့အသံပဲ ကြားရတယ်။

ခုခေတ်ဆိုရင် ဟိုနားက loudspeaker သံ၊ ဒီနားက loud speaker သံ ဆူညံသံတွေကြားရတယ်။ သီချင်းတွေကိုလည်း အမျိုးမျိုးဖွင့်ကြတယ်လေ။ တစ်ခါတုန်းက ဘုရားပေါ်က ဖွင့်လိုက်တဲ့ သီချင်းဟာ ဘာသီချင်းများ အောက်မေ့လဲ? “ကိုကိုရေ - ရှူးပြီ ရှူးပြီ” ဆိုတဲ့ သီချင်းဖွင့်တယ်၊ အဲဒီလိုဆူညံသံတွေ အခုခေတ်မှာ လွှမ်းမိုးသွားပြီဆိုတော့ “ဝိဝေကဇပီတိသုခ” ကင်းဆိတ်မှုချမ်းသာဆိုတာ ဘယ်သိတော့မှာတုန်း၊ သိနိုင်ပါ့မလား? အေး - အဲဒီ ချမ်းသာမျိုးကို မသိတော့ဘူးလေ။

နားကျပ်ကလေးကို နားမှာတပ်ပြီး ဟုတ်လား? ဂျိန်း ဂျိန်း ဆိုတာနဲ့ လူတစ်ကိုယ်လုံး လှုပ်နေတဲ့ ချမ်းသာသုခတွေ၊ အဲဒီ ချမ်းသာသုခပဲ ခံစားနေကြမှာပဲ၊ အဲဒီ ချမ်းသာသုခနဲ့ အင်မတန်ကွာခြားပြီး တိတ်ဆိတ်ငြိမ်သက်လှတဲ့ ချမ်းသာသုခဆိုတာ ပျင်းစရာကြီး ဖြစ်ကုန်ပြီ။

http://www.dhammadownload.com



အဲဒီမှာ စိတ်ဖြစ်ပုံက ဘယ်လိုတုန်းလို့ဆိုရင် ချာန်စိတ်ဖြစ်လာပုံလေးကို ဆက်ပြီးတော့ ပြောရမယ်ဆိုရင် လေ့ကျင့်ထားတဲ့ အာရုံကလေးပေါ်မှာ ပရိကမ္မနိမိတ်၊ ဒီ ပရိကမ္မနိမိတ်က တဆင့်ပြောင်းလာတဲ့ ဥဂ္ဂဟနိမိတ်၊ ထို့နောက် ပဋိဘာဂနိမိတ်ပေါ် စိတ်ကလေးငြိမ်သွားလို့ရှိရင် ချာန်ရသွားတယ်။ ချာန်ရသွားတဲ့ စိတ်အစဉ်ဟာ ဘယ်လိုဖြစ်လာသလဲဆိုရင် အဲဒီအာရုံပေါ်မှာ မနောဒွါရာဝဇ္ဇန်းဆိုတဲ့ စိတ်ကလေးက တံခါးကို ဖွင့်ပေးလိုက်တယ်။ ဖွင့်ပေးလိုက်တာနဲ့ တစ်ပြိုင်နက် သာမန်ဖြစ်နေကျ ကာမဇောတွေ မဟုတ်ဘဲနဲ့ ထိုကာမဇောတွေနဲ့ အလွန်ဆန့်ကျင်တဲ့ ပဋိဘာဂနိမိတ်ဆိုတဲ့ အာရုံလေးပေါ်မှာ ဘာဖြစ်လာတုန်းဆိုရင် "ပရိကမ္မ"ဆိုတဲ့ ဇောစိတ်ကလေး အရင်ဝင်လာတယ်၊ ပြင်ဆင်မှုလေး ဝင်လာတယ်၊ ပြင်ဆင်မှုကလေး ဝင်ပြီးတဲ့အခါ "ဥပစာရ" ဆိုတဲ့ ဇောစိတ်ကလေး ဖြစ်လာတယ်၊ ဥပစာရဇောစိတ်ကလေး ချုပ်သွားတာနဲ့ တစ်ပြိုင်နက် "အနုလောမ"ဆိုတဲ့ ဇောစိတ်ကလေး ဖြစ်လာတယ်၊ အနုလောမဆိုတဲ့ ဇောစိတ်ကလေး ချုပ်သွားတာနဲ့ တစ်ပြိုင်နက် "ဂေါတြဘူ"တဲ့၊ အနွယ်တစ်ခုကို ပြောင်းလွဲလိုက်ပြီ၊ ကာမအနွယ်ကနေပြီးတော့ မဟဂ္ဂုတ်ဆိုတဲ့ မြင့်မြတ်တဲ့အနွယ် ကာမဂုဏ်အာရုံတွေဖျောက်ပြီး ဟိုဘက်ကို ဖြတ်ကူးလိုက်ပြီလို့ ဆိုတဲ့ အဓိပ္ပာယ်ရတဲ့ ဂေါတြဘူဆိုတဲ့ ဇောလေး၊ ဒီဇောကလေးတွေက ဘယ်အရာတုန်းဆိုရင် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုပဲ၊ အဲဒီ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုကို နာမည်ပေးထားတာ၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ဇောဟာ ၄-ကြိမ် ဖြစ်တယ်။

http://www.dhammadownload.com



ပထမဆုံးဖြစ်တာကို "ပရိကံ" လို့ ခေါ်လိုက်တယ်၊ ဒုတိယ ဖြစ်တာကို "ဥပစာ" လို့ ခေါ်လိုက်တယ်၊ တတိယအကြိမ် ဖြစ်တာကျတော့ "အနုလုံ" လို့ခေါ်တယ်၊ စတုတ္ထအကြိမ် ဖြစ်တာကျတော့ "ဂေါတြဘူ" လို့ ခေါ်လိုက်တယ်၊ နာမည်တစ်မျိုး ပေးလိုက်တာ နော်၊ သူလုပ်တဲ့ လုပ်ဆောင်ချက်ကို ကြည့်ပြီးတော့ အမည်နာမ အသစ်ကလေးတွေ ပေးလိုက်တာ။

အဲဒီလို မဟာကုသိုလ်ဉာဏသမ္ပယုတ် ဇောလေး ၄-ခါ လည်း ဖြစ်ပြီးရော 'ဈာန်' ဆိုတာ ရောက်လာတယ်၊ ဈာန်ဆိုတာ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ၊ အဲဒီ ၅-ခု အင်အားစုပြီး ဖွဲ့စည်းထားတဲ့ စိတ်တည်ငြိမ်မှု အနေအထားတစ်ခုကို ရောက်ရှိ သွားတယ်။

အဲဒီ တည်ငြိမ်မှုအနေအထား ရောက်သွားလိုက်တာနဲ့ တစ်ပြိုင်နက် ကာမနဲ့ ပတ်သက်တဲ့ အတွေးတွေ လုံးဝငြိမ်သွား တယ်၊ မလာတော့ဘူး၊ အနီးနားကို မပေါ်နိုင်တော့ဘူး၊ ဘယ်လိုမှ မပေါ်တော့ဘူး၊ ဗျာပါဒနဲ့ ပတ်သက်တဲ့အတွေးတွေ၊ နီဝရဏ တွေနဲ့ဆိုင်တဲ့ အတွေးတွေ အကုန်လုံး ချုပ်ငြိမ်းသွားတယ်။

ပထမဆုံးအကြိမ်ရတဲ့ ဈာန်ဆိုတာလေးက တစ်ကြိမ် ဖြစ် ပြီးရင် ဘဝင်ကျသွားတယ်၊ ထိန်းမထားနိုင်သေးဘူးလို့ ဆိုလိုတာ ပေါ့၊ ပထမဆုံး ရောက်လိုက်တဲ့အချိန်က ထိန်းမထားနိုင်ဘူး၊ အဲဒီ ဈာန်ဆိုတာလည်း ဇောပဲ၊ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ ဆိုတာ က မဟာကုသိုလ်ဇော၊ မဟာကုသိုလ်ဇောက ကာမအနွယ် ကာမာဝစရစိတ်၊ ဈာန်ဆိုတာကျတော့ မဟဂ္ဂုတ်စိတ်၊ မဟဂ္ဂုတ် အနွယ်၊ အနွယ်ချင်း မတူဘူးလို့ ပြောတာနော်။

http://www.dhammadownload.com



အဲဒီဈာန်ဆိုတာ attainment လို့ခေါ်တယ်၊ ရရှိလာတဲ့ အကျိုးပဲ၊ ကာမာဝစရစိတ် ဆိုတာကတော့ ကိုယ့်မွေးရာပါလို့ ပြောရမှာပေ့ါ၊ မဟာကုသိုလ်စိတ်ဆိုတာ မွေးရာပါလို့ ပြောလို့ ရပါတယ်၊ ဘာဖြစ်လို့တုန်းဆိုတော့ ရိုးရာအားဖြင့် ဖြစ်လို့ပဲ။ ဒါနကောင်းမှု ပြုရင်လည်း ဖြစ်တယ်၊ အသိဉာဏ်ပါလာလို့ရှိရင် သီလဆောက်တည်တဲ့အခါ ဖြစ်တယ်၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားတဲ့ အခါ ဖြစ်တယ်၊ သို့သော် အဆင့်မြင့်လာပြီး ဈာန်ဘက်ကို ဦးတည်သွားပြီဆိုလို့ရှိရင် ပရိကံ ဉပစာ အနုလုံ ဂေါတြဘူလို့ လေးကြိမ်ဖြစ်ပြီးတာနဲ့ တစ်ပြိုင်နက် အဆင့်မြင့်တဲ့ ဈာန်ဆိုတဲ့ ဒီစိတ်ဓာတ်တစ်မျိုးက ထပ်ပြီးတော့ ပေါ်လာတယ်၊ ပေါ်လာ ပြီးရင် ထိန်းမထားနိုင်လို့ ပျောက်သွားတယ်၊ ပျောက်သွားသည့် အတွက်ကြောင့် ဒီလမ်းကြောင်းအတိုင်း ထပ်ပြီးတော့ လျှောက် တယ်၊ ဒီလမ်းကြောင်းအတိုင်း ထပ်ပြီးလျှောက်လိုက်တဲ့အခါ ပြန်ပြီးတော့ ဒီအဆင့်ကို နောက်အကြိမ်မှာ အောင်မြင်လာပြီ ဆိုရင် ဈာန်ကို ထိန်းလာနိုင်တယ်ပေ့ါ။

ဈာန် ဈာန် ဈာန် ဈာန်တွေချည်းပဲ ဆက်ဖြစ်နေအောင် ထိန်းထားပြီး နောက်ပိုင်းကျတော့ အလေ့အကျင့် ရသွားပြီဆိုရင် ပရိကံ ဉပစာ အနုလုံ ဂေါတြဘူ ဆိုတဲ့ ကာမာဝစရ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ဇော ၄-ကြိမ် စောပြီးတာနဲ့ တစ်ပြိုင်နက် နောက်က ဈာန်ဆိုတာ ၁-နာရီလို့ အဓိဋ္ဌာန်ထားရင် ၁-နာရီတိတိ ဈာန်တွေနဲ့ချည်းပဲ နေလို့ ရတယ်၊ ထိန်းသွားလို့ရတယ်။

နောက် ထပ်ပြီးတော့ လေ့ကျင့်တယ်၊ လေ့ကျင့်ပါ များသွား တဲ့အခါကျတော့ နာရီဝက်ထိန်းသွားနိုင်တယ်၊ ၁-နာရီ ထိန်းနိုင်

http://www.dhammadownload.com



တယ်၊ တစ်နေ့လုံး လုပ်ထားလို့ ရတယ်၊ လေ့ကျင့်ခန်းယူတာလေ၊ physical exercises လုပ်တဲ့အခါမှာ လုပ်လို့ရသလိုပဲတဲ့၊ mental exercises ကလည်း လေ့ကျင့်ပြီးယူလို့ရတယ်လို့ပြောတာ၊ အဲဒီ စိတ်ကလေးကို ၁၂-နာရီ ထိန်းလို့ရတယ်၊ တစ်နေ့တာ ထိန်းလို့ ရတယ်၊ ဟော - ဈာန်စိတ်ကလေးနဲ့ နေနေတာ၊ အဲဒါကို ဈာန် ဝင်စားတယ်လို့ ပြောကြတယ်။

အဲဒီ ဈာန်မျိုး အဆင့်မမီတဲ့ ပုဂ္ဂိုလ်တွေက စာလေး တစ်ကြောင်းရေးရင် ဈာန်ဝင်စားနေတယ်လို့ ပြောနေကြတာနော်၊ အလုပ်ကလေးတစ်ခုကို ဈာန်ဝင်စားတယ်လို့ ပြောကြတယ်၊ တကယ် ဈာန်နဲ့ အဝေးကြီးနော်၊ တွေးချင်ရာ တွေးနေပြီးတော့ ဈာန်ဝင်စားတယ်လို့ပြောလို့ ဘယ်ရမလဲ၊ ဟိုက အာရုံ ၁-ခုလေး အပေါ်မှာ တည်ငြိမ်ပြီးတော့နေတာ။

"ဈာန" ဆိုတဲ့ အဓိပ္ပာယ်က အနီးကပ်ရှုမှတ်ပြီးတော့ အာရုံ နဲ့စိတ် ကပ်နေတဲ့သဘောကို ပြောတာ၊ တစ်နည်းအားဖြင့် "ဈာန" ဆိုတာ ဆန့်ကျင်ဘက် နီဝရဏတရားတွေကို လောင်ကျွမ်း ပစ်လိုက်တယ်၊ ဖျက်ဆီးပစ်လိုက်တယ်လို့ အဓိပ္ပာယ်ရတယ်၊ အဲဒီ ဈာန ဆိုတာ ဘယ်သူ့ကို ခေါ်တာတုန်းဆိုရင် ခုနက ဈာန်အင်္ဂါ ၅-ပါး၊ Unity of Jhàna factor ကို ပြောတာ၊ အဲဒီ ၅-ခုနဲ့ ထိန်းထားလိုက်တာတဲ့၊ ဒါ စိတ်ကိုလေ့ကျင့်တဲ့ ဖြစ်စဉ်ဟာ အဲဒီ ပုံစံနဲ့သွားလို့ ပြောတာနော်။

ပထမဆုံးရတဲ့အချိန်မှာ ဈာန် ၁-ကြိမ်ပဲ ဖြစ်တယ်၊ ဒုတိယ တတိယ အောင်မြင်သွားပြီဆိုတဲ့အခါ ဆက်လက်ထိန်းတဲ့အခါမှာ အကြိမ်နဲ့ မပြောတော့ဘူး၊ ၁-နာရီကြာဖြစ်မယ်၊ ၁-ရက်ကြာမယ်၊

http://www.dhammadownload.com



ဟုတ်လား အကြိမ်ဆိုရင် ပြောလို့မရတော့ဘူး၊ ဘာဖြစ်လို့တုန်း ဆိုတော့ လက်ဖျစ်တစ်တွက်အတွင်းမှာ ကုဋေ တစ်သိန်းခန့် ဖြစ်နိုင်တာကိုး၊ ဈာန်စိတ်တွေချည်းပဲ ဆက်လက်ဖြစ်တာကို ဈာန်ဝင်စားနေတယ်လို့ ပြောတာ။ အဲဒီနေရာမှာလည်းပဲ လေ့ကျင့်ခန်းတွေ အများကြီး လုပ်ရတယ်၊ အဲဒီ လေ့ကျင့်ခန်းတွေ အများကြီးလုပ်လို့ စွမ်းရည်သတ္တိတွေ ပြည့်လာတာကို "ဝသီဘော်" လို့ ခေါ်တယ်နော်။

ဝသီဘော်ဆိုတာ ဝသီဘာဝ က လာတာ။ ဝသီဘာဝ မှာ ဝသ ဆိုတာ စွမ်းရည်သတ္တိ၊ စွမ်းရည်သတ္တိရှိတာကို ဝသီဘာဝ၊ မြန်မာလို ဝသီဘော်လို့ ပြန်လိုက်တဲ့အခါကျတော့ အဓိပ္ပာယ် မပေါ်ဘူးပေါ့၊ စွမ်းရည်သတ္တိတွေ ရလာအောင် လေ့ကျင့်ယူတာ၊ အားကစားသမားတွေလည်း လေ့ကျင့်တာပဲ မဟုတ်လား? မလေ့ ကျင့်ဘဲနှင့် စွမ်းရည်တွေ ရလာတာ မဟုတ်ဘူး၊ သူတို့မှာ အမြဲ လေ့ကျင့်နေရတာ၊ အဲဒီလိုပဲ ဈာန်ဝင်စားတဲ့ ပုဂ္ဂိုလ်ကလည်း လေ့ကျင့်ရတယ်။

လေ့ကျင့်တဲ့အခါမှာ '**အာဝဇ္ဇန**'- ခဏကလေး ဆင်ခြင်ရုံနဲ့ အမြန်ဆင်ခြင်လို့ရတဲ့ နည်းစနစ်၊ စိတ် သွက်လက်လာအောင် လေ့ကျင့်ပေးရခြင်း၊ '**သမာပဇ္ဇန**' - ကိုယ်ဝင်စားချင်တဲ့အချိန် ဖျတ်ခနဲဝင်စားလို့ရအောင် လေ့ကျင့်ရတယ်၊ '**အဓိဋ္ဌာန**' - ကိုယ့် စိတ်ထဲမှာ ပိုင်းခြားထားတဲ့ အချိန်အတိုင်း လုပ်လို့ရအောင် လုပ်ရတယ်၊ '**ဝုဋ္ဌာန**' - ကိုယ် ထ,ချင်တဲ့အချိန်၊ ရပ်သိမ်းချင်တဲ့ အချိန် ထလို့ရအောင် လေ့ကျင့်တယ်။ ထချင်တဲ့အချိန်ဆိုတာ ဈာန်ဝင်စားမှုကို ရပ်တန့်တာကို ပြောတာနော်၊) ရပ်တန့်ချင်တဲ့

http://www.dhammadownload.com



အချိန် ရပ်လို့ရအောင် လေ့ကျင့်တာ၊ အရှိန်အဟုန်နဲ့ ပြေးနေတာ၊ ရပ်ချင်တယ်ဆိုတာ ချက်ချင်းရပ်လို့ဘယ်ရမလဲ၊ လေ့ကျင့်ပေးလို့ ရှိရင် ချက်ချင်းရပ်လို့ရတယ်၊ ဥပမာ- ၁-နာရီတိတိ ဝင်စားတယ် ဆိုရင် ၁-နာရီတိတိ အချိန်မှာ ထနိုင်အောင် လေ့ကျင့်ခန်းတွေ အများကြီးယူရတယ်၊ ယူလိုက်တဲ့အခါ ၁-နာရီကနေပြီးတော့ ၂-နာရီ အသံကလေး ဒင်ကနဲကြားလိုက်တာနဲ့ တစ်ပြိုင်နက် စျာန်ကလည်း ထပြီးသား၊ ရပ်တန့်ပြီးသား ဖြစ်သွားရော၊ စျာန်စိတ် တွေကို ရပ်ပစ်လိုက်တာ၊ ရပ်ပစ်လိုက်တဲ့အခါကျတော့ ပင်ကိုယ် စိတ်တွေ ပြန်ဝင်လာတယ်ပေါ့၊ ဒီလိုဆိုလိုတာ၊ အဲဒါကို 'ဝုဋ္ဌာနဝသီဘော်' လို့ခေါ်တယ်။

ဆင်ခြင်မှု သွက်လက်တာက "အာဝဇ္ဇန"၊ ဝင်စားတာ သွက်လက်တာက စွမ်းရည်သတ္တိရှိတာက "သမာပဇ္ဇန"၊ အဓိဋ္ဌာန် တဲ့အတိုင်း ဖြစ်တာက "အဓိဋ္ဌာန"၊ ချက်ချင်းရပ်တန့်နိုင်တာက "ဝုဋ္ဌာန"၊ နောက် **ပစ္စဝေက္ခဏာ**ဆိုတာ ကိုယ်ဝင်စားတဲ့စျာန်ကို ပြန်ပြီးတော့ ဆင်ခြင်တာ တွေးတောတာ၊ စွမ်းရည်သတ္တိတွေက အပြည့်အဝရတယ်၊ အဲဒီလို လေ့ကျင့်ယူတာ၊ ဒါ - စိတ်ကို အာရုံနဲ့ လေ့ကျင့်တယ်ဆိုတဲ့ ဒီနည်းစနစ်ကို ပြောတာနော်၊ ဒါတွေလည်းပဲ စိတ်ဖြစ်စဉ်ထဲမှာ ပါတာပဲ၊ မလေ့ကျင့်ရင် အဲဒီအဆင့်အတန်းမျိုး ဘုန်းကြီးတို့တတွေ မရောက်နိုင်ဘူးတဲ့။

## ဒုတိယစျာန်ဖြစ်ပုံ

ကဲ - ကောင်းပြီ၊ အခုလို ပဌမစျာန်အဆင့် ရသွားပြီဆိုရင် ရှေ့ကို ဆက်သွားစရာလမ်းကြောင်း ရှိသေးလားဆိုရင် ရှိသေး

http://www.dhammadownload.com



တယ်၊ ဆက်သွားချင်သေးတယ်ဆိုရင် သွားလို့ရသေးတယ်၊ သမာဓိစွမ်းအားတွေကို တိုးမြှင့်ဖို့ရန် ဘာလုပ်ရမလဲ၊ ခုနက ပထမဈာန်ဆိုတာ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာဆိုတာ ဒီ ၅-ခုနဲ့ ဖွဲ့စည်းထားတာ။ အဲဒီထဲမှာ ဝိတက် ဆိုတာ စိတ်ကို အာရုံပေါ် တင်တင်ပေးနေတဲ့ သဘောလေး၊ မြန်မာလိုဆိုတော့ တွေးပေးနေတဲ့ သဘော။ အဲဒီ တွေးနေရတာကိုက စိတ်ရဲ့ လှုပ်ရှားမှု၊ သမာဓိရဲ့အနှောင့်အယှက် ဖြစ်တယ်လို့ မြင်လာတယ်၊ ဒီအတွေးမပါရင် ကောင်းမှာပဲ၊ ဒီအတွေးက အာရုံပေါ်မှာ တင်တင်ပေးနေရတာ အနှောင့်အယှက်ဖြစ်တယ်။ အတွေး ပျောက်အောင် သမာဓိစွမ်းအားတွေ တိုးမြှင့်လိုက်တဲ့အခါ အဲဒီ ဝိတက်လေး ပြုတ်ကျသွားပြီး ဝိတက်လေးမပါဘဲနဲ့ အာရုံနဲ့စိတ် တွေ့သွားတယ်၊ ဝိတက်ဆိုတဲ့ အင်္ဂါကို ဖယ်ရှားပစ်လိုက်တာ၊ ဝိတက် ပြုတ်သွားလို့ ဒုတိယဈာန်အဆင့်လို့ ခေါ်တယ်။

ဒုတိယဈာန်အဆင့် ရောက်တဲ့အခါ ဝိတက်ရဲ့ လှုပ်ရှားမှု လေးက ငြိမ်ကျသွားတယ်၊ ငြိမ်ကျသွားပြီး စိတ်နဲ့အာရုံ ကွဲမသွား အောင် တွဲပေးထားတဲ့ ဝိစာရသာ ရှိတော့တယ်၊ ဝိစာရရယ် ပီတိရယ် သုခရယ် ဧကဂ္ဂတာရယ် အဲဒီ ၄-ခုနဲ့ ဖွဲ့စည်းလိုက်တဲ့ အခါ လှုပ်ရှားမှု တော်တော်လေး ငြိမ်ကျသွားတယ်၊ အဲဒါဟာ ဒုတိယဈာန်အဆင့်လို့ ခေါ်တယ်၊ သမာဓိစွမ်းအား ထက်လာသည့် အတွက်ကြောင့် သမာဓိကြောင့် ဖြစ်ပေါ်လာတဲ့ ချမ်းသာသုခ - "သမာဓိဇ ပီတိသုခ"၊ ခုနတုန်းက "ဝိဝေကဇ ပီတိသုခ" - ကာမဂုဏ်အာရုံတွေက လွတ်သွားတဲ့ ချမ်းသာသုခ၊ အခုဟာ ကျတော့ "သမာဓိဇ ပီတိသုခ"- သမာဓိစွမ်းအားကြောင့် ရရှိ လာတဲ့ ချမ်းသာသုခလို့ ဖြစ်ပေါ်လာတယ်။

http://www.dhammadownload.com



## အင်္ဂါ ၃-ခုနဲ့ ဒုတိယ(တတိယ)စျာန်

အဲဒီနေရာမှာ တချို့ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်တွေကျတော့ ဝိတက်နဲ့ ဝိစာရ ၂-ခုစလုံးကို တစ်ခါတည်း ကျော်ပစ်လိုက်နိုင်တာလည်း ရှိတယ်၊ (များသောအားဖြင့် သုတ္တန်ပါဠိတော်တွေမှာ စတုက္ကနည်းလို့ခေါ်တဲ့ စျာန် ၄-မျိုးပဲ ပြတယ်၊ စျာန် ၅-မျိုး မပြဘူး၊) ဝိတက်နဲ့ ဝိစာရက သဘောချင်းတူတယ်၊ အာရုံပေါ်မှာ တင်ပေးထားတယ်, တင်ပေးထားတဲ့အတိုင်း ကွာမသွားအောင် ထိန်းပေးထားတယ်ဆိုတာ ဒါတွေ အနှောင့်အယှက်ဖြစ်တယ်လို့ဆိုပြီး ဒီ ၂-ခုကို ဖယ်ရှားပစ်လိုက်တယ်၊ ဒုတိယစျာန်အဆင့် ရောက်သွားတယ်။

ဒုတိယစျာန်အဆင့် ရောက်သွားလို့ရှိရင် ပီတိ သုခ ဧကဂ္ဂတာ ဆိုတဲ့ ဒီစိတ်အခြေအနေ ၃-ရပ်နဲ့ပဲ ကျေနပ်ပြီးတော့နေတယ်၊ ဒါကျတော့ "သပ္ပီတိကသုခ" လို့ ခေါ်တယ်၊ ပီတိပါတဲ့ ချမ်းသာကို ခံစားရတယ်၊ အဲဒါကို တတိယစျာန်အဆင့်လို့လည်း ပြောလို့ ရသွားတယ်နော်၊ ပီတိပါနေသေးတော့ တတိယစျာန်အဆင့်လို့ ဒီလိုပြောလိုက်တယ်၊ တစ်ခါ ပီတိရဲ့သဘောကို စျာန်ရ,ထားတဲ့ တတိယစျာန်အဆင့်လို့ ဒီလို ပြောလိုက်တယ်။

## တတိယစျာန်ဖြစ်ပုံ

တစ်ခါ ပီတိရဲ့သဘောကို စျာန်ရ,ထားတဲ့ပုဂ္ဂိုလ်က ဆင်ခြင်သုံးသပ်လိုက်တဲ့အခါမှာ ပီတိဆိုတာ စိတ်ပျော်ပြီးတော့ လှိုက်လှိုက်လှဲလှဲဖြစ်နေတာ၊ တသိမ့်သိမ့်နဲ့ ခန္ဓာကိုယ်ထဲမှာ ဖြစ်တတ်တာ၊ စိတ်မှာဖြစ်တတ်တဲ့ လှုပ်ရှားမှုကလေးတစ်ခု ဖြစ်နေတယ်၊ ဒါဟာ

http://www.dhammadownload.com



လည်း သမာဓိစွမ်းအားကို တစ်ဖက်တစ်လမ်းကနေ အနှောင့်အယှက် ပေးနေသလို ဖြစ်တယ်ပေါ့။ ဟုတ်ကဲ့လား? ဒီ ကျေနပ်နေတဲ့ ပီတိလေးက သမာဓိစွမ်းအားကို အနှောင့်အယှက် ပေးနေသလိုဖြစ်လို့ ပီတိကို မလိုချင်တော့ဘူး၊ နောက်ထပ် ပီတိ မဖြစ်ချင်အောင် သမာဓိစွမ်းအား တိုးမြှင့်လိုက်တဲ့အခါ စတုတ္ထအကြိမ်မှာ "သုခေကဂ္ဂတာ" ဆိုတဲ့ ဟောဒီအင်္ဂါ ၂-ရပ်နဲ့ ဈာန်ကို ဖွဲ့စည်းရပ်တည်သွားတယ်၊ ခုနက ပြောခဲ့တဲ့ အာရုံလေးပေါ်မှာပဲနော်၊ ခုနက ဩဒါတကသိုဏ်း အာရုံလေးပေါ်မှာ ဟောဒီလို ပြောင်းလဲပြောင်းလဲပြီးတော့ လုပ်သွားတာ၊ အဲဒါကျတော့ "နိပ္ပီတိကသုခ"လို့ ခေါ်တယ်၊ "ပီတိမဲ့ချမ်းသာ"၊ ချမ်းသာတာက ပီတိရှိတဲ့ချမ်းသာက တစ်မျိုး၊ ပီတိကင်းမဲ့တဲ့ချမ်းသာက တစ်မျိုးတဲ့၊ ဒါတွေက လူတွေနားလည်ဖို့ အင်မတန် ခက်တယ်ပေါ့၊ ဘာဖြစ်လို့တုန်းဆိုရင် သာမန်နေ့စဉ်မှာ ခံစားဖို့ရန် ခက်ခဲတဲ့အရာတွေပေါ့။

## စတုတ္ထ(ပဉ္စမ)ဈာန်ဖြစ်ပုံ

အဲဒီ ပီတိမဲ့ချမ်းသာကိုရလာပြီ ဆိုတဲ့အခါ အဲဒီပုဂ္ဂိုလ်က စဉ်းစားတယ်၊ အဲဒီ ချမ်းသာနေတာကိုက ခန္ဓာကိုယ်မှာ တသိမ့်သိမ့်လေး ဖြစ်နေတယ်၊ ခန္ဓာကိုယ်ရဲ့အေးချမ်းမှု၊ စိတ်ရဲ့အေးချမ်းမှုလေး ဖြစ်နေတယ်။ တစ်နည်းအားဖြင့် ချမ်းသာဟာ လှုပ်ရှားမှုကလေး ဖြစ်နေသေးတယ်၊ ဖီလင်က သိသာနေသေးတယ်ပေါ့၊ ဒီသိသာနေတဲ့ ဖီလင်ကို မလိုချင်ဘူးတဲ့၊ လုံးဝကို ငြိမ်သွားတာကို လိုချင်တယ်။ ဒါကြောင့် သုခကိုဖယ်ရှားဖို့ ကြိုးစားလိုက်တဲ့အခါ စတုတ္ထဈာန် (သို့မဟုတ်) ပဉ္စမဈာန်အဆင့်ကို ရောက်သွားပြီ၊

http://www.dhammadownload.com



ဝေဒနာဆိုတာ လုံးဝဖယ်ရှားလို့ မရသည့်အတွက်ကြောင့် ဝေဒနာကို reduce လုပ်လိုက်တဲ့အခါ "ဥပေက္ခာ" ဖြစ်သွားတယ်ပေါ့၊ ဟုတ်ကဲ့လား?။

ဥပေက္ခာဆိုတာ "အဒုက္ခ မသုခ = ချမ်းသာတာလည်း မဟုတ်ဘူး၊ ဆင်းရဲတာလည်း မဟုတ်ဘူး" တဲ့၊ ကိုယ့်ဟာကိုယ် ဥပေက္ခာ အရသာလေး ခံစားကြည့်ပေါ့၊ လူတွေ တစ်ခါတစ်လေကျ ပျော်တာလည်းမဟုတ်၊ ပျင်းတာလည်းမဟုတ်-ရှိတယ်မဟုတ်လား? ဝမ်းသာတာလည်း မဟုတ်၊ ဝမ်းနည်းတာလည်း မဟုတ်ဆိုတာ စပ်ကြားကလေးခံစားနေတာ တည်ငြိမ်တဲ့ ခံစားမှုလေး။ အဲဒီမှာ ဥပေက္ခာ ဖြစ်လာတဲ့အခါ ဥပေက္ခာပါရိသုဒ္ဓိ - ဥပေက္ခာနဲ့ တည်ငြိမ်တဲ့ချမ်းသာကို ခံစားရတယ်။

ရှေ့ပိုင်းက သမာဓိရဲ့ စွမ်းအားနဲ့ အနှောင့်အယှက်ဖြစ်တဲ့ ဝိတက်ကို ဖယ်ရှားလိုက်တယ်၊ ဝိစာရကိုလည်း ဖယ်ရှားလိုက်တယ်၊ ပီတိကိုလည်း ဖယ်ရှားပစ်လိုက်တယ်၊ သုခကိုလည်း ဖယ်ရှားပစ်လိုက်တယ်၊ သမာဓိရဲ့ စွမ်းအားတွေက ပိုမိုတက်မသွားဘူးလား? လုံးဝ အနှောင့်အယှက်ကင်းသွားတော့ တည်ငြိမ်မှုတစ်ခုတည်း ရပ်တည်နေတယ်တဲ့။ ဥပေက္ခာဆိုတဲ့ ခံစားမှုက မထင်ရှားတဲ့ခံစားမှု၊ တည်ငြိမ်တဲ့ခံစားမှုနဲ့ ရပ်တည်နေသည့်အတွက်ကြောင့် စတုတ္ထ (သို့) ပဉ္စမစျာန် အဆင့်ဟာ လုံးဝအဆင့်မြင့်သွားတယ်၊ အမြင့်ဆုံးအဆင့် ရောက်သွားပြီတဲ့။

ဒီထက်ပိုပြီးတော့ reduce လုပ်လို့ မရတော့ဘူးတဲ့၊ စိတ်က ဒီထက်ပိုပြီးတော့ လုပ်ပစ်လိုက်လို့က မရဘူးတဲ့၊ ဝေဒနာကို လုံးဝကင်းအောင် လုပ်လို့မရဘူးနော်။ အေး- ဒီနေရာမှာ "ဥပေက္ခာ

http://www.dhammadownload.com



ကေဂ္ဂတာ ၂-ခု”နဲ့ ဖွဲ့စည်းထားတဲ့ စတုတ္ထ (သို့) ပဥ္စမစျာန် အဆင့် ရောက်လာပြီဆိုရင် သမာဓိစွမ်းအားတွေ အလွန် အားကောင်း တယ်၊ အလွန်အားကောင်းသည့်အတွက်ကြောင့် ဒီနေရာမှာ “အဘိညာဉ်”ဆိုတဲ့ တန်ခိုးတွေကို ဖြစ်ပေါ်စေနိုင်တယ်။

သမာဓိစွမ်းအားနဲ့ စိတ်ညွှတ်လိုက်ရင် ဖြစ်လာတယ်။ ဆိုပါစို့ ငါထိုင်နေတဲ့ မြေကြီးအောက်မှာ ဘာတွေရှိသလဲ? ကြည့်ချင်လာ တယ်၊ ကြည့်ချင်လာပြီဆိုရင် သူက ဒိဗ္ဗစက္ခုပရိကံ လုပ်လိုက်ရင် မျက်စိအမြင်တစ်မျိုးရတယ်၊ အဘိညာဉ်အမြင်တစ်မျိုး ရလာ တယ်၊ သို့မဟုတ် သိပ်ဝေးတဲ့နေရာကအရာကို လှမ်းကြည့်တယ်၊ တောင်ကြီးတစ်တောင်ထဲမှာ ဘာတွေရှိတုန်း? ကြည့်ချင်တယ်၊ ငရဲဆိုတာရှိလား ကြည့်ချင်လာတယ်၊ နတ်ပြည် ဆိုတာရှိလား ကြည့်ချင်လာတယ်၊ တာဝတိံသာနတ်ပြည်ဆိုတာ ဘယ်နားမှာ တုန်း ရှာကြည့်ချင်လာတယ်၊ ဗြဟ္မာတွေဆိုတာရှိသလား ကြည့်ချင် လာတယ်၊ ဒိဗ္ဗစက္ခုဆိုတဲ့ အဘိညာဉ်တစ်ခုရလာပြီး စိတ်ညွှတ် လိုက်ရင် မြင်နိုင်တယ်။

ဒိဗ္ဗစက္ခုရတဲ့အခါမှာ ဒီအတိုင်း ကြည့်လို့ရမလားဆိုရင် ဒီ အတိုင်း ကြည့်လို့တော့ မရဘူး၊ စနစ်တကျ အလုပ်လုပ်ရတယ်၊ ဘယ်အရာပဲဖြစ်ဖြစ် စနစ်ကျမှရတယ်။ ညမှောင်ကြီးထဲ ကြည့်ချင် ရင် ဓာတ်မီးလေးနဲ့ ထိုးကြည့်ရတယ် မဟုတ်လား၊ အမှောင်ကြီး ထဲမှာ မျက်စိက မြင်ရရဲ့လား? ကိုယ်ကြည့်ချင်တဲ့အရာ ခပ် လှမ်းလှမ်းကို လှမ်းကြည့်ချင်ရင် ဓာတ်မီးနဲ့ ထိုးကြည့်ကြတယ် မဟုတ်လား?။

http://www.dhammadownload.com



အဲဒီမျိုးလိုပဲ ဒိဗ္ဗစက္ခုအဘိညာဏ်ရတဲ့ ပုဂ္ဂိုလ်ဟာလည်း တောင်ကြီးထဲမှာ ဘာရှိတုန်း ကြည့်ချင်ရင် အဲဒီ ကိုယ်ကြည့်ချင်တဲ့ တောင်ထဲကို အလင်းရောင်ဖြန့်ရတယ်၊ ဓာတ်မီးထိုးတဲ့သဘောပဲ၊ အဲဒါ ဖြန့်လိုက်တဲ့အခါမှာ လင်းနေတဲ့နေရာတွေကို အကုန်ကြည့်လို့ရတယ်၊ အဲဒီ လင်းတဲ့နေရာ အတိုင်းအတာလည်း ကိုယ့်စိတ်တိုင်းကျ လုပ်လို့ရတယ်၊ တစ်တောင်လုံး လင်းချင်သလား သို့မဟုတ် ကိုယ်ကြည့်ချင်တဲ့ နေရာအပိုင်းလောက်ပဲ လင်းချင်သလား? လောကကြီးတစ်ခုလုံး လင်းသွားအောင် လုပ်ပြီးတော့ အကုန်လုံးကြည့်မှာလား ဆိုတဲ့အပေါ် မှာ မူတည်တယ်။

ကိုယ်ထိုင်နေတဲ့ မြေကြီးအောက် ဆိုလို့ရှိရင်လည်း ကိုယ်ထိုင်နေတဲ့နေရာ ကွက်ကွက်ကလေး အလင်းရောင်ဖြန့်မယ်ပေါ့၊ ဟော ဒါကျတော့ သူ့ရဲ့ဆန္ဒ သူ့ရဲ့ wish အတိုင်း သွားမှာပဲနော်၊ သို့သော် အလင်းရောင်မပါဘဲနဲ့ ဒိဗ္ဗစက္ခုဆိုတာ မဖြစ်ဘူးတဲ့၊ အဲဒီတော့ ဒိဗ္ဗစက္ခုအဘိညာဏ်နဲ့ ကြည့်ချင်ရင် ပဥ္စမစျာန်ဝင်စား, အလင်းရောင်ဖြန့်၊ အဘိညာဏ်နဲ့ဖန်ဆင်း၊ ဖန်ဆင်းလိုက်လို့ရှိရင် ခုန ကိုယ်ကြည့်ချင်တာတွေ ကြည့်လို့ရတယ်။

နားနဲ့ရော၊ နားကျပ်မလိုဘူး၊ ဒိဗ္ဗသောတနဲ့ သိကြားမင်းက တာဝတိံသာ နတ်ပြည်မှာ အစည်းအဝေးလုပ်နေရင် ဘာတွေ ပြောနေတာလဲလို့ နားထောင်ကြည့်ချင် ကြည့်လို့ရတယ်၊ ဟုတ်လား? နတ်ပြည်မှာ ဘာတွေပြောနေကြသလဲလို့ နားထောင်ချင်တယ်ဆိုရင် ဘယ်လောက်ဝေးတဲ့ နေရာပဲဖြစ်ဖြစ် ခုန သမာဓိစွမ်းအားနဲ့ နားထောင်တာ၊ သမာဓိစွမ်းအားနဲ့ အကြားစွမ်းအားတွေကို မြှင့်တင်လိုက်တာ၊ မြှင့်တင်လိုက်တဲ့အခါ ကိုယ် သတ်မှတ်

http://www.dhammadownload.com



ထားတဲ့ နယ်ပယ်အတွင်းမှာရှိတဲ့ အသံတွေကို ကြားလာရတယ်၊ ကိုယ်ကြားချင်တာတွေ ကြားလာတယ်၊ ဒါကို "ဒိဗ္ဗသောတ အဘိညာဏ်" လို့ ခေါ်တယ်။

ဣဒ္ဓိဝိဓအဘိညာဉ်ဆိုတာ တန်ခိုးအမျိုးမျိုး ဖန်ဆင်းတာ၊ တစ်ယောက်တည်းကနေ နှစ်ယောက်ဖြစ်တယ်၊ နှစ်ယောက်ကနေ သုံးယောက်ဖြစ်တယ်၊ တစ်ယောက်တည်းကနေ တစ်ထောင်ဖြစ်တယ်၊ ကိုယ်ပွား ဖန်ဆင်းလို့ရတယ်၊ ခုခေတ်လည်း အဲဒါမျိုး လုပ်ကြတာပဲလေ၊ ရှေ့ကနေ မှန် ၁-ချပ်ထောင်၊ဟိုဘက်က မှန် ၁-ချပ်ထောင်လိုက်ရင် အဲဒါ သိန်းသန်းဘုရားဆိုပြီး လုပ်ထား ကြတာရှိတယ်လေ၊ မှန်တွေထောင်ပြီးပွားထားတာ၊ အဲဒီ "ဣဒ္ဓိဝိဓ အဘိညာဉ်" ဆိုတာ အဲဒီလို တန်ခိုးနဲ့ ၁-ဦးတည်းကနေ ၂-ဦး ဖြစ်အောင် လုပ်တယ်၊ ပေါ်လာတာကို ပျောက်သွားအောင် လုပ် နိုင်တယ်၊ ပျောက်နေတာဟာ ဘွားကနဲ ပေါ်လာအောင် လုပ်နိုင် တယ်။ အမျိုးစုံပဲ၊ အဲဒါတွေဟာ စိတ်စွမ်းအားကို ပိုင်ဆိုင်သွားပြီ၊ အဘိညာဉ်တွေ ရပြီဆိုရင် အကုန်လုပ်လို့ရတယ်၊ ဒါလည်းပဲ စနစ် ကျရင် လုပ်လို့ရတယ်၊ စနစ်မကျရင် ဘယ်ဟာမှ မအောင်မြင်ဘူး တဲ့။

မြင်ဖူးကြပါလိမ့်မယ်၊ ရုပ်ရှင်ကားတွေထဲမှာ တရုတ်ပြည်က မဟာတံတိုင်းကြီးကို ဟိုဘက်ဖောက်ပြီး ဝင်သွားတာတွေနော်၊ အဲဒါက ရုပ်ရှင်ထဲရိုက်ပြတာ၊ တကယ်ဖြစ်တာ မဟုတ်ဘူး။၊ အဘိညာဏ်နဲ့က စနစ်တကျလုပ်ရတယ်၊ တောင်ကြီးထဲကို ဝင်သွားချင်တယ်ဆိုလို့ရှိရင် ဘာလုပ်မတုန်း၊ ကိုယ်ဝင်မယ့် နေရာကို အပေါက်ဖြစ်အောင် အရင်ဖန်တီးရတယ်၊ အပေါက်

http://www.dhammadownload.com



မရှိဘဲ ဒီအတိုင်းတိုးဝင်လို့ကတော့ မရတာသေချာတယ်။ဝင်ချင်ပြီ ဆိုလို့ရှိရင် အပေါက်ကို အရင်ဖန်တီး, ဖန်တီးပြီးတော့မှ အဲဒီ အထဲကို ဝင်ရတယ်။

အဲဒီအဘိညာဉ်တွေနဲ့ ပတ်သက်လာလို့ရှိရင် ရှင်မဟာ-မောဂ္ဂလာန်မထေရ်မြတ်က အလွန်ကြည်ညိုစရာကောင်းတယ်၊ ကဒ္ဓိဝိဓအဘိညာဉ်ကိုစွ နေ့တိုင်း လေ့ကျင့်တယ်၊ အားရင် ဒါပဲ လုပ်နေတယ်၊ ဒါကြောင့်မို့ နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမတဲ့အခါမှာ တခြားကိုယ်တော်တွေကို မြတ်စွာဘုရားက ဆုံးမဖို့ ခွင့်မပေးဘူး၊ ဘာလို့တုန်းဆို သူ့လောက်မြန်မြန် မလုပ်နိုင်ကြဘူး၊ တန်ခိုးတော့ ရှိတယ်၊ ရှိပေမယ့်လို့ နှေးနေတယ်၊ နှေးနေရင် ကိုယ်ခံရမှာပဲလေ၊ ရှင်မောဂ္ဂလာန်လို သွက်လက်ချက်ချာဖို့လိုတယ်၊ ဘာဖြစ်လို့တုန်း ဆို လေ့ကျင့်မှ သွက်လက်တာ၊ ဓားသိုင်းသမားတွေလိုပေါ့၊ အမြဲတမ်း လေ့ကျင့်ရတယ်၊ မလေ့ကျင့်ရင် ကိုယ်ကနှေးလို့ တစ်စက္ကန့် နောက်ကျသွားရင် ကိုယ်ခံလိုက်ရမှာပဲ၊ ဒါကြောင့်မို့ ရှင်မောဂ္ဂလာန်တစ်ပါးကိုပဲ မြတ်စွာဘုရားက ခွင့်ပြုတယ်။

ဘယ်နေရာမှာ အခက်ဆုံးလဲဆိုရင် နဂါးကြီးရဲ့ပါးစပ်ထဲ ဝင်ပြီး ပြန်အထွက် "သင် ဘယ်သူလဲ?" "ငါ မောဂ္ဂလာန်" "မောဂ္ဂလာန်ဆို ပြစမ်းပါ" ဆိုပြီး ရှင်မောဂ္ဂလာန်ပုံ ဖန်ဆင်းပြရတဲ့ အချိန်ပိုင်းကလေးမှာ နဂါးက ဖူးကနဲ လေမှုတ်လိုက်တာ၊ အဲဒီ အချိန်မှာ မကာကွယ်လိုက်နိုင်ရင် သွားပြီ။ ရဟန္တာပေမယ့် ပြာဖြစ်သွားမှာပဲ၊ အဲဒီအဆင့်ကလေးဟာ အလွန်မြန်ဖို့လိုတယ်လို့ ပြောတာနော်။ ရှင်မဟာမောဂ္ဂလာန်က ဒီနေရာမှာ လေ့ကျင့်ထားလို့ အကျွမ်းကျင်ဆုံးပဲ။

http://www.dhammadownload.com



မြတ်စွာဘုရားမှာ စွမ်းရည်သတ္တိတွေက အင်မတန်မှ ပြည့်စုံထက်သန်သည့်အတွက်ကြောင့် "ထူးမခြားနား သီချင်းကြီး" မှာ မကြာခဏ ကြားဖူးကြလိမ့်မယ်၊ ထူးတယ်၊ သို့သော် အချိန်ပိုင်းဟာ မခြားနားဘူးဆိုတဲ့ အဓိပ္ပာယ်ကို ပြောတာ၊ ထူးတာမှ အလွန့်ကို ထူးတယ်၊ မြတ်စွာဘုရားက ရေ မီး အစုံ ဆန့်ကျင်ဘက်ကို ဖန်တီးပြတဲ့အလုပ်ဟာ အင်မတန်လျင်မြန်မှ လုပ်လို့ရတာတဲ့၊ ဝင်စားတဲ့ အဆင့်တွေက တစ်ခုပြီးမှတစ်ခုလုပ်လို့ရတာ၊ သို့သော် ကြည့်တဲ့ သူရဲ့ မျက်စိထဲမှာ တစ်ပြိုင်နက်လို့ ထင်ရလောက်အောင် လျင်မြန်ရမယ်၊ မြတ်စွာဘုရားရဲ့ ပစ္စဝေက္ခဏာ ဇောစိတ်ဟာ ၄-ကြိမ် လောက်နဲ့ ပြီးတယ်လို့ပြောတာ၊ ဆင်ခြင်တဲ့ စိတ်ကလေးဟာ ၄-ကြိမ်လောက်နဲ့ပဲ ပြီးအောင်လုပ်လို့ရတယ်၊ သိပ်မြန်အောင် လုပ်ရတယ်လို့ ဆိုလိုတာ၊ အဲဒီ ရေမီးအစုံ တန်ခိုး ပြာဋိဟာပြတာကို "ယမကပြာဋိဟာ" ယမက ဆိုတာ အစုံဆိုတဲ့ အဓိပ္ပာယ်ရတယ်၊ ရေနဲ့မီး အစုံအစုံပြတယ်။

ဆိုပါစို့ ဥပမာ- လက်ယာဘက်မျက်လုံးတော်က မီးတွေ ပန်းထွက်နေရင် လက်ဝဲဘက်မျက်လုံးတော်က ရေတွေ ပန်းထွက်နေတယ်၊ လက်ယာဘက်နှာခေါင်းပေါက်က မီးတွေ ပန်းထွက်နေရင် လက်ဝဲဘက်နှာခေါင်းပေါက်က ရေတွေ ပန်းထွက်နေတယ်၊ အဲဒီမှာ ရေထွက်အောင်က အာပေါကသိုဏ်း ဝင်စားပြီးတော့ အဘိညာဉ်နဲ့ ဖန်ဆင်းရတယ်၊ မီးဖြစ်အောင်က တေဇောကသိုဏ်း ဝင်စားရတယ်၊ အာရုံချင်း မတူဘူး၊ လေ့ကျင့်ရတာ၊ အာပေါကသိုဏ်း လေ့ကျင့်မှ ရေထွက်လို့ရတယ်၊ တေဇောကသိုဏ်း လေ့ကျင့်မှ မီးဖန်တီးလို့ ရတယ်။

http://www.dhammadownload.com



အဲဒါကို စဉ်းစားကြည့်၊ လက်ယာဘက် မျက်လုံးထဲက ရေတွေ ပန်းထွက်နေတယ်၊ လက်ဝဲဘက် မျက်လုံးက မီးတွေ ပန်းထွက်နေတယ်၊ တစ်ပြိုင်နက်လို့ ထင်ရတယ်၊ လက်ယာဘက် မျက်လုံးထဲက မီးတွေပန်းထွက်နေတယ်၊ လက်ဝဲဘက်မျက်လုံးက ရေတွေ ပန်းထွက်နေတယ်၊ တစ်ပြိုင်နက်လို့ထင်ရတယ်၊ ဒီဇော စိတ်အစဉ်တွေဟာ ဘယ်လောက် လျင်မြန်တယ်ဆိုတာ စဉ်းစား ကြည့်ပေါ့၊ မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြတဲ့အခါ အဲဒီအချိန် ကြည့်တဲ့သူက မျက်တောင်ကလေးတစ်ချက် ခတ်လိုက်တာနဲ့ တစ်ပြိုင်နက် ဘယ်နဲ့ညာ ရေမီး ပြောင်းသွားတယ်၊ အဲဒီလောက် ထူးဆန်းအံ့ဖွယ်တန်ခိုးတွေ ပြနိုင်တာဟာ အင်မတန်မှ အစွမ်း ထက်လို့ ခုနက စွမ်းရည်သတ္တိတွေနဲ့ လေ့ကျင့်ထားလို့တဲ့၊ သာမန် ဆိုရင် မရဘူးတဲ့နော်။

ရဟန္တာတွေထဲမှာလည်း ရှင်မောဂ္ဂလာန်တစ်ပါးပဲ တန်ခိုး နေရာမှာ ထက်ထက်မြက်မြက် အကုန်လုံး တစ်ပြိုင်နက် လုပ်လို့ ရတာ၊ ကျန်တဲ့ပုဂ္ဂိုလ်တွေက အဆင့်မမီဘူးတဲ့၊ ဒီလောက်ကြီး မသွက်ဘူးပေါ့၊ မသွက်လို့ရှိရင် ကိုယ်ခံရမယ်၊ အန္တရာယ်တွေ ကြီးတယ်ပေါ့၊ နန္ဒောပနန္ဒနဂါးမင်းဆိုတာ သာမန် မဟုတ်ဘူး၊ သူကလည်း အတော်အစွမ်းထက်တယ်၊ အစွမ်းထက်လို့ သူနဲ့ ယှဉ်ပြိုင်ပြီးတော့ လုပ်ရတယ်ဆိုတာ အင်မတန်မှ အန္တရာယ် ကြီးတယ်ပေါ့။

အဲဒါ စိတ်ကို အာရုံပေါ်မှာ လေ့ကျင့်ထားလိုက်တဲ့၊ သမထ ကျင့်စဉ်တွေရဲ့ အထွတ်အထိပ် အဘိညာဉ်ရောက်သွားတဲ့အခါ ဒီလိုဟာမျိုး ဖြစ်တယ်၊ မြတ်စွာဘုရားလက်ထက်က များစွာသော

http://www.dhammadownload.com



ပုဂ္ဂိုလ်တွေ ဒီလိုထူးခြားတဲ့ စွမ်းရည်သတ္တိတွေကို ရရှိကြတယ်၊ ဘာဖြစ်လို့ ရရှိကြသလဲဆိုရင် စိတ်ကို အာရုံနဲ့ လေ့ကျင့်လို့ပဲ၊ စိတ်ကို အာရုံနဲ့ လေ့ကျင့်ပေးသည့်အတွက်ကြောင့် ဒီလို အနေအထားမျိုးတွေ ရတာ။

စိတ်ဖြစ်စဉ်တွေက တစ်မျိုးစီပဲတဲ့၊ ခုနကလို ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ ဈာန်အဘိညာဉ် ဆိုပြီးတော့ ဖန်ဆင်းပြီးတော့ ဒီလိုသွားတာနော်၊ ဒါက သမထကျင့်စဉ်အရ လေ့ကျင့်တာကို ပြောတာ။

တစ်ခါ စိတ်ကို ဝိပဿနာအာရုံနဲ့ လေ့ကျင့်ပုံက တစ်မျိုး၊ ဝိပဿနာအာရုံနဲ့ လေ့ကျင့်ရမယ်ဆိုရင် ရုပ်နာမ် ဓမ္မသင်္ခါရတွေအပေါ်မှာ စိတ်ကို လေ့ကျင့်ရတယ်။ လေ့ကျင့်ပြီဆိုတဲ့အခါမှာ မျက်စိလည်း မှိတ်ထားရမယ်၊ နားလည်း ပိတ်ထားရမယ်၊ ဟုတ်လား? ပိတ်တယ်ဆိုတာ အဲဒီအာရုံတွေကို အာရုံမပြုရဘူး၊ ဝိပဿနာကျင့်စဉ်ဆိုတာ မနောဒွါရမှာ ပိုပြီးတော့ အလုပ်လုပ်လာရတယ်။

သို့သော် ဒွါရ ၅-ပါးက ဝင်လာတဲ့အာရုံကို မမှတ်ရဘူးလို့ ပြောတာ မဟုတ်ဘူးနော်၊ မျက်စိကမြင်တဲ့ အာရုံလည်း မှတ်လို့ရတယ်၊ ဒါက ရှေ့ပိုင်းက လုပ်တာတွေကို ပြောတာ၊ နားက ကြားရတဲ့ အသံတွေကိုလည်း မှတ်ရမယ်၊ ကြားရင် ကြားတယ် ကြားတယ်မှတ်၊ မြင်ရင် မြင်တယ် မြင်တယ်နဲ့မှတ်။ အဲဒီ မှတ်တယ်ဆိုတာ သတိနဲ့ သမ္မဇညကို လေ့ကျင့်နေတာလို့ ခေါ်တယ်၊ အဲဒါဆိုရင် လူတွေက ကြားရင် ကြားတော့ ကြားလိုက်တာပဲ၊ တခြားတွေးချင်တွေးနေမှာပဲလေ၊ ကြားတယ်ဆိုတဲ့အပေါ်မှာ သိချင်မှ

http://www.dhammadownload.com



သိလိုက်တာ၊ ဒါကြောင့် "သတိမမူ ဂူမမြင်" ဆိုတာလေ၊ လူဆိုတာက ကြားချင်မှ ကြားလိုက်တာ၊ တစ်ခါတစ်လေ အနီးနား ခေါင်းလောင်းတီးတာတောင်မှ ကြားချင်မှကြားလိုက်တာ၊ အတွေးလွန်နေရင် မကြားဘူး။

အဲဒါကြောင့်မို့ ဒွါရ ၆-ပါးမှာ ထင်လာတဲ့ အာရုံတွေကို မှတ်ရင်း မှတ်ရင်းနဲ့ နောက်ဆုံးကျတော့ မနောဒွါရမှာ ဝင်လာတဲ့ အာရုံနဲ့ အလုပ်လုပ်သွားတယ်၊ အလုပ် လုပ်သွားတဲ့အခါမှာ ရုပ်နာမ်ဓမ္မသင်္ခါရတွေရဲ့ သဘာဝလက္ခဏာ (Individual characteristic) ကို ကြည့်ရမယ်၊ နံပါတ် (၁) ရုပ်တရားရဲ့ သဘာဝလက္ခဏာ, နာမ်တရားရဲ့ သဘာဝလက္ခဏာ၊ ပင်ကိုယ် အရှိအတိုင်း၊ ဆိုပါစို့ - ဖဿဆိုရင် အာရုံနဲ့ ထိတွေ့တဲ့လက္ခဏာ ရှိတယ်၊ ပထဝီဆိုရင် မာတယ် ပျော့တယ်၊ အာပေါဆိုရင် ဖွဲ့စည်းတယ်၊ အရည်ဖျော်တယ်ဆိုတဲ့ ဒီလက္ခဏာတွေ၊ အဲဒီလက္ခဏာတွေကို ကြည့်တယ်။

သဘာဝလက္ခဏာကို ကြည့်လိုက်ခြင်းအားဖြင့် ပထဝီကိုလည်း တွေ့တယ်၊ အာပေါကိုလည်း တွေ့တယ်၊ ဖဿကိုလည်း တွေ့တယ်၊ နာမ်တွေထဲက ဝေဒနာကိုလည်းတွေ့ပြီ ဆိုတဲ့အခါမှာ အဲဒီ သဘာဝလက္ခဏာတွေအပေါ်မှာ အလုပ်လုပ်ရင်း ထပ်ဆင့်တွေ့လာတာက ဘာတုန်းဆိုရင် - မမြဲတဲ့သဘော၊ မမြဲတဲ့ သဘောကို အရင်တွေ့လာပြီဆိုလို့ရှိရင် မမြဲတဲ့အရာတစ်ခုသည် ကျေနပ်စရာမကောင်းသောကြောင့် ဖြစ်မှု ပျက်မှုကြီးက အမြဲနှိပ်စက်နေလို့ ဒုက္ခဆိုတဲ့သဘောကို တွေ့လာတယ်၊ ဒုက္ခဆိုတဲ့ သဘော တွေ့လိုက်တာနဲ့ တစ်ပြိုင်နက် အနတ္တ - ကိုယ်မပိုင်ဘူး,

http://www.dhammadownload.com



သူဟာသူဖြစ်နေတာ၊ ကိုယ်က အုပ်ချုပ်လို့မရဘူး ဆိုတဲ့ ကိုယ်မပိုင်တဲ့ အနတ္တသဘောကိုလည်း တွေ့လာတယ်။

အနိစ္စ ဒုက္ခ အနတ္တလို့ ဆိုတဲ့ လက္ခဏာတွေ တစ်ခုခုမြင်လိုက်တာနဲ့ တစ်ပြိုင်နက် ဝိပဿနာလမ်းကြောင်းပေါ် စတင်ရောက်သွားပြီလို့ မှတ်ရမယ်၊ ဒါလည်း စိတ်ကို အာရုံနဲ့ လေ့ကျင့်တာပဲ၊ ဝိပဿနာကျင့်စဉ်နဲ့ စိတ်ကို အာရုံနဲ့ လေ့ကျင့်လိုက်တာ၊ အကျယ်တော့ မပြောတော့ဘူး၊ အကျယ်ကတော့ ရိပ်သာတွေမှာ ဟောနေတာပဲနော်။

အဲဒီလို စိတ်ကို အာရုံနဲ့ လေ့ကျင့်ပေးလိုက်တဲ့အခါ ဉာဏ်စဉ်တွေဟာ တစ်ခုပြီးတစ်ခု တက်လာတယ်။ အသိဉာဏ်တွေ ထက်မြက်လာတယ်၊ သမာဓိစွမ်းအားတွေ ရင့်လာတယ်၊ ဉာဏ်စွမ်းအားတွေ ရင့်လာတယ်၊ နောက်ဆုံးကျတော့ သင်္ခါရတွေအပေါ်မှာ စိတ်တည်တည်ငြိမ်ငြိမ် ထားနိုင်ပြီး ချစ်ခြင်းမုန်းခြင်းဆိုတာ ကင်းသွားတယ်။ အဆင့်မြင့်သွားတဲ့ အသိဉာဏ်တစ်မျိုးဖြစ်တဲ့ သင်္ခါရုပေက္ခာဆိုတဲ့ ဉာဏ်ရသွားတယ်၊ သင်္ခါရုပေက္ခာဆိုတာ သင်္ခါရတွေအပေါ်မှာ လျစ်လျူရှုနိုင်တယ်၊ သင်္ခါရတွေအပေါ်မှာ စိတ်ပျက်ခြင်း၊ ငြီးငွေ့ခြင်း၊ မုန်းခြင်း၊ ချစ်ခြင်း ဆိုတာတွေ မရှိတော့ဘဲ သဘာဝကိုသိပြီး စိတ်တည်ငြိမ်မှုရလာပြီ၊ အဲဒီတည်ငြိမ်မှုရလာပြီ ဆိုတဲ့အချိန်မှာ ဘာတွေလာတုန်းဆိုရင်- စိတ်အစဉ်လေးက နောက်ဆုံးအဆင့် ရောက်လာပြီ ဆိုလို့ရှိရင် ဝိပဿနာကျင့်စဉ်နဲ့ လေ့ကျင့်လိုက်ရင် နောက်ဆုံး ရောက်လာမယ့်ဟာက ခုနက ပြင်ဆင်နေတဲ့ ပရိကံဆိုတဲ့ မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော စောမယ်၊ ဒုတိယဇောက ဥပစာ၊ တတိယ

http://www.dhammadownload.com



ဇောက အနုလုံ၊ စတုတ္ထဇောကျတော့ ဂေါတြဘူ ဆိုတာလေး လာပြီးလိုက်လို့ရှိရင် ဂေါတြဘူ လို့ ဆိုလိုက်တာနဲ့ တစ်ပြိုင်နက် သင်္ခါရတွေ မမြင်တော့ဘူး၊ ချုပ်သွားပြီ၊ သူယူလာတဲ့ အာရုံတွေ ဟာ ရှေ့ပိုင်းက သင်္ခါရတွေနဲ့ပဲစခန်းသွားနေတယ်၊ လူ့ရဲ့စိတ်ဟာ အကုန်လုံးသင်္ခါရတွေနဲ့ပဲ စခန်းသွားနေတာ။

အေး - ဂါတြဘူ ရောက်တာနဲ့ တစ်ပြိုင်နက် သင်္ခါရတွေနဲ့ စခန်းမသွားတော့ဘူး၊ သင်္ခါရတွေ ငြိမ်းတာနဲ့ သွားတွေ့တယ်၊ သင်္ခါရဆိုတဲ့ အာရုံတွေ လွတ်သွားပြီတဲ့၊ လွတ်သွားတော့ နိဗ္ဗာန် ဆိုတဲ့ သင်္ခါရကင်းတဲ့ အာရုံတစ်ခု၊ အသစ်အဆန်းတစ်ခုကို လှမ်းမြင်လိုက်ရပြီ၊ အဲဒီဂေါတြဘူစိတ် ဖြစ်ပြီးတာနဲ့ တစ်ပြိုင်နက် ဂေါတြဘူက သတ်မှတ်ပေးတဲ့ နိဗ္ဗာန် အာရုံပေါ်မှာပဲ မဂ် စိတ် ကလေး ဖြစ်လိုက်တယ်။ လူ့ရဲ့သန္တာန်မှာ ဘဝသံသရာက အနုသယဓာတ်အနေနဲ့ ကိန်းနေတဲ့ ကိလေသာတွေဟာ အဆင့်ဆင့် ငြိမ်းသွားတယ်၊ သောတာပတ္တိမဂ်ဆိုရင် ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ ငြိမ်းသွားတယ်။

ဒါကြောင့်မို့ စိတ်ဖြစ်စဉ်ဟာ အဲဒီအတိုင်းပဲ- "ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်, သောတာပတ္တိဖိုလ်" ၂-ကြိမ်ဖြစ်ပြီးတဲ့အခါ ဇော ၇-ကြိမ်ပြည့်ရင် ချုပ်ငြိမ်းသွားတယ်။

နောက်တစ်ခါပြန်ဝင်စားရင် မဂ်ဆိုတာ မလာတော့ဘူး၊ ဖလသမာပတ် ဝင်စားရင် ဟောဒီ ဝိပဿနာနဲ့ပဲ သွားရမယ်။ ဒီဖိုလ်ကို ပြန်လိုချင်ပြီ, ဒီအဆင့်ကို ပြန်ရောက်ချင်တယ်ဆိုရင် ဝိပဿနာလမ်းကြောင်းက ထပ်လျှောက်၊ လျှောက်ရင် "ပရိကံ

http://www.dhammadownload.com



ဥပစာ အနုလုံ ဂေါတြဘူ (သို့မဟုတ်) ဝေါဒါန်ပြီးရင် ဖိုလ် ဖိုလ်" ဟော၊ ဖိုလ်စိတ်တွေနဲ့ချည်းပဲ တစ်နေ့လုံးနေတာ၊ ဖိုလ်ဆိုတာ နိဗ္ဗာန်ကို အာရုံပြုတာ၊ ပရိကံ၊ ဥပစာ၊ အနုလုံဆိုတဲ့ စိတ်တွေ ကတော့ သင်္ခါရအာရုံနဲ့ဖြစ်တာ။ ဂေါတြဘူ ဝေါဒါန်က သင်္ခါရ ချုပ်ငြိမ်းရာ နိဗ္ဗာန်အာရုံကိုယူပေးတယ်။ ဥပမာမယ် လမ်းကြောင်း ကြီးတစ်ခုကို လျှောက်လိုက်တာ လမ်းဆုံးသွားတာနဲ့ တစ်ပြိုင်နက် ချိုင့်ကြီးတွေ့တာပဲ၊ ဘာမှမရှိတော့တာ တွေ့တာပဲ၊ သင်္ခါရအာရုံ တွေပေါ်မှာ လျှောက်လှမ်းသွားရင်းနဲ့ သင်္ခါရတွေ ချုပ်ဆုံးသွားတဲ့ နေရာကို တွေ့သွားတာ၊ အဲဒါ နိဗ္ဗာန်ပဲ၊ ခန့်မှန်းပြောဆိုတာ၊ ဟုတ်ကဲ့လား?

ဒါကြောင့်မို့လို့ "သင်္ခါရာနံ အပဝတ္တိမတ္တံ - သင်္ခါရတွေ မဖြစ်ဘဲနဲ့ သင်္ခါရတွေ ချုပ်ငြိမ်းသွားတဲ့နေရာက နိဗ္ဗာန်ပဲ" လို့ ဒီလိုပြောတာနော်၊ ရှေ့ပိုင်းက စိတ်တွေအားလုံးဟာ သင်္ခါရအာရုံနဲ့ စခန်းသွားနေတာ၊ သင်္ခါရအပေါ်မှာ တွေးနေတဲ့အတွေးနဲ့သွားပြီး နောက်ဆုံး အဲဒီသင်္ခါရအာရုံတွေဟာ တဖြည်းဖြည်းနဲ့ လျော့လျော့ သွားပြီးတော့ နောက်ဆုံး သင်္ခါရအာရုံတွေ ပျောက်သွားတယ်၊ သင်္ခါရမရှိတဲ့ အာရုံတစ်ခု ရသွားတယ်နော်၊ အဲဒါ ဖိုလ်စိတ်တွေနဲ့ တစ်နေကုန်နေရင်လည်း ဖိုလ်စိတ်တွေ ဖြစ်နေမှာပဲ ထိန်းထား နိုင်တယ်၊ အဲဒါ ဖလသမာပတ် ဝင်စားတယ်လို့ခေါ်တယ်။

အဲဒီအတိုင်းပဲ သောတာပန်ဖြစ်ပြီးရင် နောက် သကဒါဂါမ် ဖြစ်ဖို့အတွက် ဝိပဿနာကျင့်စဉ်ကို တိုးမြှင့်ရမယ်၊ သကဒါဂါမ် ဖြစ်ပြီးရင် အနာဂါမ်ဖြစ်ချင်ရင် ဝိပဿနာကျင့်စဉ်ကို တိုးမြှင့်ကျင့် ရမယ်၊ level ချင်း degree ချင်း မတူဘူး၊ အနာဂါမ်ဖြစ်ပြီးရင်

http://www.dhammadownload.com



ရဟန္တာဖြစ်ဖို့အတွက် ဝိပဿနာစွမ်းအားကို တိုးမြှင့်ရမယ်၊ တိုးမြှင့်တဲ့အခါ ရဟန္တာဖြစ်လောက်တဲ့ ဝိပဿနာစွမ်းအား ရလောက်ပြီဆိုလို့ရှိရင် အရဟတ္တမဂ် အရဟတ္တဖိုလ် ရောက်ပြီး နောက်ဆုံးမှာ ရဟန္တာထိအောင် ရောက်သွားတယ်။

ဒါတွေဟာ စိတ်ကိုအာရုံနဲ့လေ့ကျင့်ခြင်းလို့ ခေါ်တယ်နော်၊ စိတ်ကို လေ့ကျင့်လိုက်လို့ရှိရင် ဈာန်လည်း ရတယ်၊ မဂ်လည်း ရတယ်၊ ဖိုလ်လည်း ရတယ်။ အဲဒီလို လေ့ကျင့်ပြီးတော့ စိတ်ကို အာရုံနဲ့ လေ့ကျင့်သွားနိုင်မှသာလျှင် ဒါတွေရနိုင်တယ်၊ သာမန် အားဖြင့်ကတော့ မလေ့ကျင့်ဘူးဆိုလို့ရှိရင် ဒီ ကာမအာရုံတွေ ထဲမှာပဲ တစ်လည်လည် ဒီလို နေဦးမှာပဲတဲ့၊ ထွက်လမ်းဆိုတာ မရနိုင်သေးဘူး။

ဒါ့ကြောင့်မို့လို့ တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်း တို့သည် မိမိတို့ရဲ့ စိတ်ကလေးကို ထူးခြားဖို့ရာအတွက် အာရုံ တစ်ခုခုနဲ့ ယှဉ်တွဲပြီး အပြစ်ကင်းတဲ့အာရုံပေါ် မှာ လေ့ကျင့်ခြင်းဖြင့် ဈာန်တရား မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားများကို ကိုယ်စီ ကိုယ်ငှ မျက်မှောက်ပြုနိုင်ကြပါစေ။

❖❖❖❖❖

http://www.dhammadownload.com

## မှတ်တမ်း

သာသနာတော် သက္ကရာဇ် ၂၅၅၂-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း ၃-ရက်၊ ရန်ကုန်တိုင်း၊ စမ်းချောင်း မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ ကံမြင့် ကျောင်းတိုက် ဓမ္မာရုံတွင် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ညဥ့်ဦးယံ ဓမ္မသဘင်ဝယ် ကြည့်မြင်တိုင်မြို့နယ်၊ စလင်းလမ်း၊ အမှတ်(၄၈)နေ ဦးမျိုးနိုင်+ဒေါ်အုန်းအုန်းမြင့်၊ သား နေဝင်းထွန်း၊ ထက်မြတ်အောင် မိသားစုတို့၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော "သတ္တဝါတို့၏ ၃၁-ဘုံအကြောင်း" တရား ဒေသနာတော် ဖြစ်ပါသည်။

http://www.dhammadownload.com

# အခန်း - ၇

## သတ္တဝါတို့၏ ၃၁-ဘုံအကြောင်း

ဒီကနေ့ အပိုင်းအားဖြင့် "ဝိထိမုတ်ပိုင်း"၊ အဘိဓမ္မတ္ထ-သင်္ဂဟကျမ်း ငါးနံပါတ် ဝီထိမုတ်ပိုင်းကိုပဲ ဘုံပိုင်းလို့ ရှေးတုန်းက ခေါ်ခဲ့ကြတယ်၊ ၃၁-ဘုံအကြောင်းနဲ့ ပတ်သက်ပြီး သိစရာ အချက်အလက်များရှိတယ်၊ သတ္တဝါတွေမျိုးစုံရှိတဲ့ ၃၁-ဘုံ အကြောင်း၊ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ ထိုထိုကျမ်းဂန်တွေမှာ ပါရှိတယ်၊ ၃၁-ဘုံက အဘိဓမ္မာကျမ်းမှာတင် ပါရှိတာ မဟုတ်ဘူး၊ မူလပရိယာယသုတ်မှာလည်း ဘုံတွေအကြောင်း ပါတာပဲ၊ တခြားသုတ္တန်တွေမှာလည်း ပါတယ်၊ အဘိဓမ္မာ ၇-ကျမ်းမှာ အပါအဝင်ဖြစ်တဲ့ 'ဝိဘင်္ဂ'လို့ ခေါ်တဲ့ ဝိဘင်းကျမ်းမှာလည်း ဒီဘုံနဲ့ သက်တမ်းတွေ အကြောင်း ရှင်းလင်းဖော်ပြထားတာရှိတယ်။

သို့သော်လည်း မြန်မာနိုင်ငံမှာတောင်မှ အချို့ပုဂ္ဂိုလ်တွေက ၃၁-ဘုံဆိုတာကို ငြင်းပယ်ချင်ကြတယ်၊ ဘာလို့ ငြင်းပယ်တာလဲ

http://www.dhammadownload.com



ဆိုတော့ အကြောင်းပြက မမြင်ရလို့တဲ့။ မြင်ရတာ လူတွေနဲ့ တိရစ္ဆာန်တွေပဲ မြင်ရတယ်၊ ကျန်တာတွေက မမြင်ရလို့၊ မမြင်ရလို့ မရှိစတမ်းဆိုရင် မမြင်ရတာတွေက အများကြီးပဲ၊ ဟုတ်ရဲ့လား၊ မမြင်ရဘဲနဲ့ ရှိနေတဲ့ဟာ အသံဆိုတာ မြင်ရရဲ့လား၊ "မမြင်ရပါဘုရား"၊ အေး - မမြင်ရဘူး၊ မမြင်ရပေမယ့်လို့ အရှိထဲ ထည့်ရတာတွေ လောကကြီးမှာ အများကြီးပဲ။

ဘုန်းကြီးတို့ ငယ်ငယ်တုန်းက တွေ့ဖူးတယ်၊ "၃၁-ဘုံဝါဒ ဗုဒ္ဓလက်မခံ" ဆိုပြီး ရေးထားတဲ့စာအုပ်။ အမှန်တော့ ဘုရားက လက်မခံတာ မဟုတ်ပါဘူး၊ သူ လက်မခံတာ၊ တကယ်ကတော့ ရေးသင့်တာ "၃၁-ဘုံဝါဒ ကျွန်ုပ် လက်မခံ" ဆိုရင်တော့ ကောင်းတာပေါ့နော်၊ ဘုရားနာမည်ကို အလွဲသုံးစားလုပ်တယ်လို့ ဒီလိုပြောရမှာ။

အေး - တော်တော်များများက တခြားနိုင်ငံတွေမှာလည်း Buddhism "ဗုဒ္ဓဝါဒ" လို့ ခေါင်းစဉ်တပ်ပြီး ရေးလိုက်တဲ့အခါကျတော့ သူတို့အယူအဆတွေချည်းပဲ ရေးကြတယ်၊ အဲဒါမျိုးတွေ တော်တော်များများ တွေ့နေရတယ်၊ သတိထားစရာ ကောင်းတာပေါ့နော်၊ ရိုးသားဖြောင့်မတ်ဖို့ လိုအပ်တယ်၊ ကိုယ်မကြိုက်တာနဲ့ မရှိဘူးလို့ ပြောလို့မရဘူးတဲ့။

ကိုယ်မမြင်ရလို့ ပြောစတမ်းဆိုလို့ရှိရင် နှစ်ပေါင်း ၂၅၀၀- ကျော်က ပွင့်ခဲ့တဲ့ဘုရားလည်း ကိုယ်မြင်ရတာမှ မဟုတ်ဘဲကိုး၊ မမြင်ရလို့ လက်မခံဘူးဆိုရင် လက်မခံရမယ့် အကြောင်းတွေ အများကြီးပဲ၊ ဗိုက်ထဲနေတုန်းက ကိုယ့်အဖေလည်း ကိုယ်မြင်ခဲ့တာမှ မဟုတ်ဘဲနဲ့၊ အပြင်ရောက်မှ ဘေးကလူတွေက အဖေ

http://www.dhammadownload.com



လို့ ပြောလို့ ကိုယ်လက်ခံနေကြရတာ၊ ဟုတ်တယ်မို့လား၊ အေး ၃၁-ဘုံဝါဒ ဗုဒ္ဓလက်မခံ ဆိုပြီး အရင်တုန်းက စာအုပ်တစ်အုပ် မြန်မာပြည်မှာ ထွက်ဖူးတယ်၊ တကယ်ကတော့ သူလက်မခံတာပါ။

စာပေကျမ်းဂန်မှာ ကြည့်မယ်ဆိုရင် ထေရဝါဒပိဋကတ် သံဂါယနာ ၆-တန်က အသိအမှတ်ပြုလက်ခံထားတဲ့ ကျမ်းဂန်တွေ ထဲမှာ ၃၁-ဘုံဆိုတာ အတိအလင်း ပါရှိပြီးသားဖြစ်တယ်၊ ထိုထို ဘုံတွေရဲ့အကြောင်းကို ရေးသားထားတာ အကြောင်းအားလျော် စွာပေါ့နော်၊ တချို့ကလည်းပဲ လူတွေကို "ဘုံပိုင်းနဲ့ မြောက်တယ်" လို့ ဒီလိုထင်ကြသေးတယ်၊ ဘုံဆိုတာ သူ့ဟာသူရှိတာ၊ မြောက် စရာအကြောင်းလည်း မဟုတ်ဘူးနော်၊ "ဘုံဆိုတာ သတ္တဝါတို့ရဲ့ ဖြစ်ရာဌာန"ကို ပြောတာလေ၊ "ဘူမိ" ဆိုတဲ့ ပါဠိစကားလုံးကနေ လာတယ်။ လူသတ္တဝါတွေရဲ့ ဖြစ်ရာနေရာကို လူ့ဘုံလို့ ဒီလို ခေါ်တာ၊ လူသတ္တဝါတွေနဲ့ မတူညီတဲ့ အခြားသတ္တဝါတွေ မြောက်မြားစွာရှိတယ်ဆိုတာ - ဒါက မမြင်ရပေမယ့်လို့ ရှိနိုင် တယ်ဆိုတာ အများကြီး လက်ခံရတယ်။

အဲဒီလို သတ္တဝါတွေ ရှိတယ်ဆိုတာ စိတ်ကူးယဉ်ပြီး ပြောတာတော့ မဟုတ်ဘူး၊ ထိုသတ္တဝါတွေဟာ ဘယ်ကံကြောင့် အဲဒီဘုံ ရောက်တယ်၊ ထိုဘုံရဲ့ ပဋိသန္ဓေစိတ်က ဘာတွေလဲ၊ ထိုဘုံမှာ ဘာတွေဖြစ်သလဲဆိုတာ တိတိလင်းလင်း ဟောထားတာ၊ စိတ်ကူးပြီးတော့ ဘယ်ဘုံမှာရှိတယ်လို့ ပြောတာတင်မှ မဟုတ်ဘဲ၊ အဲဒီဘုံမှာ သတ္တဝါတွေ ဘာကြောင့်ဖြစ်တယ်ဆိုတာကို အတိ အကျ အကြောင်းနဲ့အကျိုးနဲ့ သေသေချာချာ ဟောထားတာ

http://www.dhammadownload.com



ဖြစ်သည့်အတွက်ကြောင့် သာမန်မှန်းသန်းရမ်းပြီး ပြောတာမျိုး မဟုတ်ဘူး။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က ဟောတယ် "**သာမံ ဉာတံ၊ သာမံ ဝိဒိတံ**" "ငါကိုယ်တိုင်သိတာတဲ့ ငါကိုယ်တိုင် သိပြီး တာကို ဟောတာ" "သူများဆီက ကြားပြီးဟောတာ မဟုတ်ဘူး" တဲ့၊ ၃၁-ဘုံနဲ့ ပတ်သက်ပြီး၊ ဘုံတွေနဲ့ ပတ်သက်ပြီး မြတ်စွာ ဘုရားက ငါကိုယ်တိုင်သိလို့ ငါကိုယ်တိုင်မြင်လို့ ဟောတာလို့။

ဒါဖြင့် ဘုရားက ဘာနဲ့ မြင်တာတုန်းလို့မေးရင် မြတ်စွာ ဘုရားမှာ ဒိဗ္ဗစက္ခု ဆိုတဲ့ အင်မတန်အစွမ်းထက်တဲ့ စိတ်ကို အာရုံနဲ့ လေ့ကျင့်လိုက်သည့်အတွက်ကြောင့် ထူးခြားတဲ့ အမြင် တစ်မျိုးကို ရရှိထားတယ်၊ သမာဓိစွမ်းအားနဲ့ အဲဒီ ဒိဗ္ဗစက္ခုဆိုတဲ့ အဘိညာဉ်ရလိုက်တာနဲ့ တစ်ပြိုင်နက် ထိုဒိဗ္ဗစက္ခုဉာဏ်ရဲ့ အပွား ဖြစ်တဲ့ "ယထာကမ္မူပဂဉာဏ်"၊ ဘယ်အလုပ်လုပ်ရင် ဘယ်ကံ ဖြစ်မယ် ဆိုတာကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ကြည့်ရင် မြင်ရတယ်ပေါ့၊ အကြောင်းတရားတွေကို ကြည့်ပြီးတော့ မြင်တာ။

ဒီကနေ့ခေတ် ကြည့်လိုက်ရင် လူတိုင်းဟာ တူညီတဲ့ အနေ အထား မရှိဘူး၊ အလုပ်အကိုင်တွေက ကွဲပြားခြားနားနေတယ်၊ အလုပ်အကိုင်လို့ ဆိုတဲ့နေရာမှာ အသက်မွေးဝမ်းကျောင်း လုပ်တာကိုတင် ပြောတာမဟုတ်ဘူး၊ လူတွေရဲ့လုပ်ကိုင်မှု စိတ်နေ စိတ်ထားတွေဟာ ကွဲပြားခြားနားမှု ရှိတယ်တဲ့၊ ဘယ်လို ကွဲပြား ခြားနားမှု ရှိတာတုန်းဆိုရင် တချို့က သူများအသက်ကို သတ် တယ်, တချို့က သူများအသက်သတ်ခြင်းမှ ရှောင်တယ်၊ မတူညီ

http://www.dhammadownload.com



တဲ့ အလုပ်တွေ၊ တချို့က သူများဥစ္စာကို ခိုးတယ်၊ လိမ်လည်လှည့်ဖျားပြီးတော့ ယူတယ်၊ တချို့က သူများဥစ္စာဆို လက်ဖျားနဲ့မှ မတို့ဘူး၊ တချို့က သူများသားမယားစော်ကားတယ် ပြစ်မှားတယ်၊ တချို့က စိတ်ကူးထဲတောင် မထည့်ဘူး၊ မတူညီတဲ့ အလုပ်တွေ မရှိဘူးလား၊ မတူညီတဲ့အလုပ်တွေ ရှိနေတာကိုတော့ သေချာမြင်ရတာပဲလေ၊ ကိုယ့်ရဲ့ ပတ်ဝန်းကျင်မှာလည်း ရှိတယ်။

အဲဒါလိုပဲ နှုတ်နဲ့ပတ်သက်လာရင်လည်း တချို့က လိမ်ပြောတယ်၊ တချို့က မှန်တာကိုသာ ပြောတယ်၊ တချို့က တစ်ယောက်နဲ့တစ်ယောက် မတည့်အောင် ကုန်းတိုက်တယ်၊ မတည့်အောင် ပြောတယ်၊ ကုန်းချောတယ်၊ တချို့ကျတော့ မတည့်တဲ့လူကို တည့်အောင် ဖေးဖေးမမ ပြောတယ်၊ ညီညွတ်အောင် စေ့စပ်ပေးတယ်၊ တချို့ကျတော့ ဆဲတတ်တယ်၊ တချို့က မဆဲတတ်ဘူး၊ တချို့က အကျိုးမရှိတဲ့ စကားတွေ၊ မဟုတ်တန်းတရားတွေ လျှောက်ပြောတယ်၊ တချို့က မပြောတတ်ဘူး၊ အပြောနဲ့ ပတ်သက်လို့လည်း လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် တူညီမှုရှိရဲ့လား၊ မရှိဘူး ဒီအချက်ကတော့ ထင်ရှားနေတာပဲလေ။

နောက်တစ်ခု စိတ်နေစိတ်ထား ကြည့်ဦးမလား၊ တချို့က သူများပစ္စည်း ကိုယ့်ပစ္စည်း ဖြစ်လိုမှုဆိုတဲ့ လောဘဇောက အမြဲတိုက်နေတယ်၊ သူများပစ္စည်း ကိုယ့်ပစ္စည်းဖြစ်ချင်တဲ့ အဘိဇ္ဈာတရားတွေ လွှမ်းမိုးနေတယ်၊ တချို့ကျတော့လည်း သူများပစ္စည်း ကိုယ့်ပစ္စည်းဖြစ်ဖို့ နေနေသာသာ လှည့်တောင် မကြည့်ဘူး၊ သူများပစ္စည်းတွေကို သွားရည်မကျဘူး၊ အဲလိုပုဂ္ဂိုလ်မျိုးတွေလည်း ရှိတာပဲ၊ တချို့ပုဂ္ဂိုလ်ကျတော့ ကိုယ့်ရဲ့ပတ်ဝန်းကျင်က ပုဂ္ဂိုလ်တွေ

http://www.dhammadownload.com



ပျက်စီးသွားတာကိုမြင်ချင်တယ်၊ တချို့က ကြီးပွားချမ်းသာတာကို မြင်ချင်တယ်၊ ကံကံ၏အကျိုးကို မယုံကြည်တဲ့ပုဂ္ဂိုလ်တွေ ရှိသလို၊ ကံကံ၏အကျိုးကို လက်ခံယုံကြည်ထားတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိတယ်ဆိုတော့ လူတွေကျင့်သုံးနေတဲ့ ဒုစရိုက် သုစရိုက် ဆိုတာ တွေကိုကြည့်။ ကိုယ့်ရဲ့ပတ်ဝန်းကျင် ကိုယ့်လူနေအသိုင်းအဝိုင်း ထဲမှာကြည့်။ အခုလို ၂-မျိုး ၂-စား ကွဲပြားခြားနားနေတာကို မတွေ့ရဘူးလား၊ ဒီပုဂ္ဂိုလ်တွေဟာ သေသည့်အခြားမဲ့မှာ တူညီတဲ့ ဘဝ ရောက်နိုင်ပါ့မလား၊ (မရောက်နိုင်ပါဘူးဘုရား)၊ အဲဒါကို ထောက်ထားလို့ရှိရင် သူတို့ကံနဲ့ သူတို့ **"ယထာ ကမ္မံ ဂတော"** ကံအားလျော်စွာ ဖြစ်ရမယ်ဆိုတဲ့ နေရာမျိုး ရှိရမှာပေါ့။

အဲဒီတော့ "ဘုံဆိုတာဟာ ကံတရားရဲ့ အကျိုးပေးရာဌာန" တွေပဲ၊ ကံတရားက မျိုးစုံသလို သတ္တဝါတွေကလည်း မျိုးစုံပဲ၊ ထို မျိုးစုံတဲ့သတ္တဝါတွေရဲ့ တည်ရာဌာနဆိုတဲ့ ဘုံတွေကလည်း မျိုးစုံ တယ်၊ တစ်ဘုံတည်းဆိုတာ မဖြစ်နိုင်ဘူးတဲ့၊ ဘာဖြစ်လို့တုန်း ဆိုရင် မတူညီတဲ့လုပ်ရပ်တွေနဲ့ ရှိနေတဲ့ပုဂ္ဂိုလ်တွေရဲ့ ဘဝနိဂုံး ရောက်ရာဘဝ destination ဟာ ဘယ်နည်းနဲ့မှ မတူနိုင်ဘူး၊ မီးရထားကြီး ရန်ကုန်ကနေ စီးသွားတယ်၊ မန္တလေးသွားတယ်၊ လမ်းမှာ ဘူတာတွေ ဆိုက်ပြီးတော့သွားတယ်၊ တချို့က လမ်း ဘူတာတွေမှာ ဆင်းသွားတယ်၊ မန္တလေးထိ သွားတဲ့လူတွေ မဟုတ်ဘူး၊ အဲဒါမျိုးလိုပဲ - ကံမျိုးစုံ လုပ်ထားတော့ လူတွေလည်း ဘဝခရီးလမ်းတွေက အမျိုးကို စုံနေတာပဲ၊ အဲဒီမျိုးစုံနေတာတွေ ကိုပဲ ဂတိ ၅-ပါးလို့ အကြမ်းဖျင်းအားဖြင့် ပြောမယ်ဆိုရင် ဂတိ ၅-မျိုး၊ Destination လို့ခေါ်တယ်၊ ခရီးဆုံး ၅-မျိုးလို့ ဒီလိုဆိုတယ်။

http://www.dhammadownload.com



ကမ္ဘာလောကကြီးကို ကြည့်မယ်ဆိုရင် လူတွေ ခရီးသွားနေကြတာ၊ ကိုယ့်ဦးတည်ချက်နဲ့ ကိုယ်သွားနေကြတာ၊ ဘယ်ပုဂ္ဂိုလ် ဘယ်သွားနေတယ်ဆိုတာဟာ သူကိုင်ထားတဲ့ လက်မှတ်ကို ကြည့်လို့ရှိရင် သိတာပေါ့၊ ရထားစီးသွားတဲ့ပုဂ္ဂိုလ်တွေ ရှိသလို ကားနဲ့စီးသွားတဲ့ပုဂ္ဂိုလ်တွေလည်းရှိတယ်၊ တခြားနည်းလမ်းနဲ့ လေယာဉ်ပျံနဲ့သွားတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိတယ်၊ အဝင်အထွက်များတဲ့ နိုင်ငံတကာ လေဆိပ်ကြီးတွေမှာ ကြည့်မယ်ဆိုရင်- တစ်မိနစ် တစ်စင်းလောက် လေယာဉ်ပျံကြီးတွေ ဆင်းနေတာ၊ အဲဒီ တစ်မိနစ် တစ်စင်းလောက် ဆင်းနေတဲ့ လေယာဉ်ပျံကြီးတွေနဲ့ လူတွေ သွားလာနေကြတာပဲ၊ အကုန်လုံး သွားလာနေတဲ့ လူတွေဟာ destination အားလုံးဟာ တူညီကြတာ မဟုတ်ဘူး၊ သူတို့ ကိုင်ဆောင်ထားတဲ့ လက်မှတ်အတိုင်း သွားနေကြတာ။

လူ့ဘုံလူ့ဘဝ ရောက်လာတယ်ဆိုတဲ့ အခါမှာလည်းပဲ ကံဆိုတဲ့ လက်မှတ်တွေ ဝယ်ထားပြီးတော့ ထိုကံရှိရာ ကံအကျိုးပေးရာဘုံကို ဦးတည်ပြီးတော့ သွားနေကြတာ၊ အဲဒီလို သွားနေတာကို မြတ်စွာဘုရားက မှန်းဆပြီးတော့ ဟောတာမဟုတ်ဘူး၊ ခုနကပြောခဲ့တဲ့ ဒိဗ္ဗစက္ခုမှာပါတဲ့ "ယထာကမ္မူပဂအဘိညာဉ်" ဆိုတဲ့ ဉာဏ်တော်ကြီးနဲ့ တစ်လောကလုံးကို ခြုံငုံပြီးတော့ ကြည့်လိုက်တဲ့အခါမှာ အေး - ဒီလူကတော့ဖြင့် ဒုစရိုက်တွေ လုပ်နေတယ်၊ ဒီလူရဲ့ သွားရာလမ်းက ဘယ်မှာလဲဆိုတာကို မြတ်စွာဘုရားက မြင်နေတယ်။

လမ်းကြောင်းကြီး ၅-သွယ်တဲ့၊ နေရာဌာနတစ်ခုမှာ လမ်းကြောင်းကြီး ၅-သွယ် ရှိတယ်၊ အဲဒီလမ်းကြောင်းကြီး ၅-သွယ်ထဲ

http://www.dhammadownload.com



မှာ တစ်ခုသောလမ်းဆုံမှာ **မီးကျီးတွင်းကြီး** ရှိတယ်၊ မြတ်စွာဘုရား က မြင်တယ် - ဒီလူတစ်ယောက်ကတော့ မီးကျီးတွင်းဆီ သွားတဲ့ လမ်းပေါ် လျှောက်နေပြီ၊ လမ်းဆုံးရင်တော့ သူ မီးကျီးတွင်းထဲ ကျပြီးတော့ ဒုက္ခရောက်မှာပဲလို့ မြင်တယ်၊ မြင်တဲ့အတိုင်းပဲ ဒီလူ လျှောက်သွားနေတာ၊ လမ်းလည်းဆုံးရော မီးကျီးတွင်းကြီးထဲ ကျပြီးတော့ ဒုက္ခရောက်နေတယ်၊ အဲဒါ ဘယ်လို ပုဂ္ဂိုလ်မျိုးတုန်း ဆိုတော့ **ငရဲဘုံ** ရောက်သွားတဲ့ပုဂ္ဂိုလ်၊ ဩော် . . . မကောင်းမှု ဒုစရိုက်တွေလုပ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို မြတ်စွာဘုရားက ဒီလူဟာ မီးကျီးတွင်းကြီးရှိရာကို ဦးတည်သွားနေပြီလို့ ဒီလို မြင်တာ၊ အဲဒါက "နိရယဂတိ" ဆိုတဲ့လမ်း။

အဲဒီလို မြတ်စွာဘုရားက ဂတိ ၅-ပါးနဲ့ ပတ်သက်ပြီးတော့ မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ မဇ္ဈိမနိကာယ်မှာ ဥပမာတွေနဲ့ ဟောထားတာရှိတယ်၊ ထို့အတူပဲ နောက်တစ်လမ်းက "တိရစ္ဆာန-ဂတိ" ဆိုတဲ့လမ်း၊ အေး - ဒီလူတစ်ယောက်ကတော့ ဒီလမ်းပေါ် လျှောက်နေပြီ၊ အဲဒီလမ်းရဲ့အဆုံးမှာ ဘာရှိတုန်းဆိုရင် အင်မတန် နက်လှတဲ့ **မစင်တွင်း**ကြီးရှိတယ်၊ လူတစ်ယောက်ဟာ ဒီလမ်း အတိုင်း လျှောက်သွားရင်တော့ မစင်တွင်းကြီးထဲ ရောက်တော့ မှာပဲလို့ မြတ်စွာဘုရားက ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ မြင်တယ်။ ဒီလူ လုပ်နေတဲ့အလုပ်တွေဟာ နောက်ဆုံး အဲဒီလိုနိဂုံးချုပ်သွားမှာပဲလို့ ကိုယ်တော်မြတ်က ယထာကမ္မူပဂအဘိညာဏ်နဲ့ သိနေတာ၊ သိမြင်တဲ့အတိုင်းပဲ ပုဂ္ဂိုလ်ဟာ နောက်ဆုံးမှာ မစင်တွင်းထဲ ကျသွား တယ်၊ ဒါက ဘယ်လိုပုဂ္ဂိုလ်တွေလဲဆိုရင် **တိရစ္ဆာန်**ဖြစ်သွားတဲ့ ပုဂ္ဂိုလ်တွေ။

http://www.dhammadownload.com



နောက်လမ်းတစ်သွယ်ကတော့ လမ်းဆုံးမှာ ဘာရှိတုန်းဆိုရင် တောခေါင်ခေါင်နဲ့ သစ်ပင်ကျိုးတိုးကျဲတဲနဲ့ အင်မတန်ပူပြင်းတဲ့ **အရိပ်အာဝါသကင်းမဲ့တဲ့ နေရာကြီး**တစ်ခုရှိတယ်၊ ပုဂ္ဂိုလ်တစ်ယောက် လမ်းလျှောက်ရင်တော့ အဲဒီစခန်းရောက်မှာပဲလို့ မြင်ရသလိုပဲ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ လုပ်ရပ်ကိုကြည့်ပြီး အဲဒီလမ်းကြောင်းပေါ်တက်နေမယ်ဆိုရင် နောက်ဆုံးတစ်နေ့ဟာ အင်မတန်မှ ပူပြင်းလှတဲ့ အရိပ်နားခိုစရာလည်းမရှိ အရွက်ကျိုးတိုးကျဲတဲနဲ့ သစ်ပင်, လွင်တီးခေါင်နဲ့တူတဲ့ ပြိတ္တာဘုံကို ရောက်တော့မှာပဲ မြင်တယ်။ နောက်ဆုံးမှာ ဘုရား မြင်တော်မူတဲ့အတိုင်းပဲ အဲဒီစခန်းရောက်သွားပြီးတော့ ပင်ပန်းဆင်းရဲစွာ နေထိုင်ရတယ်၊ ဒါက **ပြိတ္တာဘုံ** ရောက်သွားတဲ့ ပုဂ္ဂိုလ်တွေကို ပြောတာ။

နောက်လမ်းတစ်သွယ် - ဆိုပါစို့ - လူတစ်ယောက်က အမြင့်တောင်ထိပ်ကနေ ကြည့်နေတယ်၊ လူတစ်ယောက်က လမ်းလျှောက်သွားတယ်၊ အဲဒီလမ်းဆုံးမှာ အင်မတန်မှ အရိပ်အာဝါသကောင်းတဲ့ သစ်ပင်ကြီးတွေ ရှိတယ်၊ ရေကန်ကြီးတွေ ရှိတယ်၊ အဲဒီ **အရိပ်အာဝါသကောင်းတဲ့ သစ်တောကြီး**ဆီ ဦးတည်ထားတဲ့ လမ်းကို လျှောက်သွားတဲ့ လူတစ်ယောက်ကိုကြည့်ပြီး ဒီလူဟာ ဒီလမ်းဆုံးရင်ဖြင့် ဒီစခန်းရောက်မှာပဲလို့ မြင်ရသလိုပဲ မြတ်စွာဘုရားက လူတစ်ယောက်ရဲ့လုပ်ရပ်ကိုကြည့်ပြီး ဒီလူဟာ ဒီဘုံဒီဌာန ရောက်မှာပဲလို့ ယထာကမ္မူပဂအဘိညာဏ်နဲ့ တပ်အပ်ထင်ထင် မြင်တော်မူတယ်၊ အဲဒီမြင်တဲ့အတိုင်းပဲ ထိုပုဂ္ဂိုလ်သည် ထိုစခန်းရောက်သွားပြီး အင်မတန်မှအေးမြတဲ့ အရိပ်အောက်မှာ

http://www.dhammadownload.com



အေးချမ်းသာယာစွာ နေထိုင်ရတယ်၊ အဲဒါ **လူ့ဘုံ** ရောက်သွားတဲ့ ပုဂ္ဂိုလ်၊ ဒီလိုပြောတယ်။

နောက်တစ်ခါ လမ်းတစ်သွယ်ကတော့ အင်မတန်လှပတဲ့ ပြာသာဒ်အဆောင်ကြီး၊ အတွင်းမှာ ပရိဘောဂတွေ ပြည့်ပြည့်စုံစုံနဲ့ လေလုံမိုးလုံ ဆောက်ထားတဲ့ လှပတဲ့ **ပြာသာဒ်နန်းဆောင်ကြီး**သို့ ဦးတည်ထားတဲ့ လမ်းကြောင်းကြီးရှိတယ်၊ လူတစ်ယောက်က အဲဒီလမ်းကြောင်းပေါ် လျှောက်နေတယ်၊ လျှောက်နေတာ မြင်လို့ ရှိရင် ဒီလူဟာ ဒီစခန်းရောက်မှာပဲလို့ သိရသလိုပဲ မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်က သတ္တဝါတွေရဲ့လုပ်ရပ်ကို ကြည့်ပြီးတော့ ဒီလမ်းလျှောက်နေရင် ဒီစခန်း ရောက်မှာပဲလို့ သိတော်မူတဲ့ အတိုင်း ထိုပုဂ္ဂိုလ် နန်းပြာသာဒ်ပေါ်မှာ အေးချမ်းစွာ ချမ်းချမ်း သာသာနဲ့ ဘေးရန် အန္တရာယ်ကင်းရှင်းစွာ ချမ်းသာသုခ ခံစားပြီး နေတာကို မြင်ရတယ်၊ အဲဒါက ဒေဝဂတိ လို့ခေါ်တဲ့ **နတ်ပြည်** ရောက်သွားတဲ့ပုဂ္ဂိုလ်၊ ဥပမာ ၅-မျိုးနဲ့ မြတ်စွာဘုရားက ဟောထား တယ်။

၃၁-ဘုံကို အကျဉ်းချုံးပြီး ပြောတဲ့အခါ ဂတိ ၅-မျိုးပဲ၊ အဆိုးဆုံးက "နိရယဂတိ" ပဲ၊ ပြီးတော့ "တိရိစ္ဆာနဂတိ"၊ နောက်ပြီး တော့ "ပေတဂတိ"၊ နောက်ပြီးတော့ "မနုဿဂတိ"၊ အကောင်း ဆုံးက "ဒေဝဂတိ"တဲ့၊ ဟော - ဂတိ ၅-ပါး လို့ ခေါ်တယ်၊ ဒါက destination ၅-မျိုး။

အဲဒီလို မြတ်စွာဘုရား မြင်တဲ့နေရာမှာ ဘာကို ကြည့်တာ တုန်း၊ အဲဒီပုဂ္ဂိုလ်ရဲ့ ပစ္စုပ္ပန် လုပ်ရပ်ကိုကြည့်တာ၊ ပစ္စုပ္ပန်မှာ သူလုပ်နေတဲ့အလုပ်၊ သူလျှောက်လှမ်းနေတဲ့ လမ်းကြောင်းကို

http://www.dhammadownload.com



ကြည့်ပြီး ဆုံးဖြတ်ပြီး ပြောပြတာ၊ မြတ်စွာဘုရားက ပစ္စုပ္ပန် လုပ်နေတဲ့ လုပ်ရပ်ကိုလည်း မြင်တယ်၊ လမ်းဆုံးမှာ ဘာတွေ ရှိတယ် ဆိုတာကိုလည်းမြင်တယ်၊ တောင်ထိပ်က ကြည့်နေတဲ့ ပုဂ္ဂိုလ်သည် အားလုံးကို ခြုံငုံပြီး မြင်နေရသလို မြတ်စွာဘုရားက ဒိဗ္ဗစက္ခုအဘိညာဏ် - ယထာကမ္မူပဂအဘိညာဏ် ဉာဏ်တော် ကြီးနဲ့ ဒီအလုပ်လုပ်ရင် ဒီစခန်းရောက်မယ် ဆိုတာကို တပ်အပ် မြင်တယ်၊ ဒါကြောင့်မို့ မြတ်စွာဘုရားက “သူများထံမှ ကြားရလို့ တရားဟောတာ မဟုတ်ဘူးတဲ့၊ ငါ ကိုယ်တိုင်မြင်တာ ငါကိုယ်တိုင် သိတာ” လို့ ပြောတာ။

ဘာနဲ့မြင် ဘာနဲ့ သိတာတုန်းဆိုရင် ဒိဗ္ဗစက္ခုဉာဏ်ရဲ့ အပွားဖြစ်တဲ့ ယထာကမ္မူပဂဉာဏ်နဲ့ မြင်တယ်လို့ ပြောရမှာ၊ ‘ယထာကမ္မူပဂ’ ဆိုတာ ‘ယထာကမ္မဉပဂ’ - မိမိလုပ်တဲ့ကံ အားလျော်စွာ ထိုထိုဘဝ ရောက်သွားကြတာ၊ သတ္တဝါတွေရဲ့ကံကို ခွဲခြမ်းစိတ်ဖြာပြီး သိတယ်၊ “ဒီအလုပ်လုပ်ရင် ဒီလမ်းလျှောက်ရင် ဒီစခန်း ရောက်လိမ့်မယ်၊ ဒီအလုပ်လုပ်ရင် ဒါမျိုးဖြစ်လိမ့်မယ်” ဆိုတာကို ပိုင်းပိုင်းခြားခြားသိတာ၊ အဲဒီလို ပိုင်းပိုင်းခြားခြားသိပြီးမှ ဟောတာ၊ တစ်ဆင့်ကြားနဲ့ ဟောတာ မဟုတ်ဘူးတဲ့။

## ကံရှိရင်ဘုံရှိ

မြတ်စွာဘုရားဟောထားတဲ့ ၃၁-ဘုံဆိုတာ ကံကို အခြေခံ ပြီးတော့ ဟောတာ ဖြစ်သောကြောင့် ကံရှိတယ်ဆိုတာ လက်ခံ ထားတဲ့ ပုဂ္ဂိုလ်တိုင်းဟာ ၃၁-ဘုံရှိတယ်ဆိုတာ လက်ခံရမှာပေါ့၊ ကံကို လက်မခံရင်တော့ ၃၁-ဘုံရှိတယ် ဆိုတာကို လက်ခံမှာ

http://www.dhammadownload.com



မဟုတ်ဘူးပေါ့၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က ဖန်ဆင်းတဲ့ ဝါဒကို လက်ခံတာ မဟုတ်ဘူး၊ အကြောင်းမဲ့ဝါဒကို လက်ခံတာ မဟုတ်ဘူး၊ တကယ့်အဖြစ်မှန်ကို အကြောင်းနဲ့အကျိုး အကောင်းနဲ့အဆိုး သေချာခွဲခြားပြီး၊ ကိုယ်တိုင်သိရှိပြီး မြတ်စွာဘုရားက လောကအကြောင်းကို ဟောတော်မူတယ်။

"သတ္တလောက သင်္ခါရလောက ဩကာသလောက" လို့ လောက ၃-ခု ရှိတယ်၊ အဲဒီလောကအကြောင်းကို ကိုယ်တိုင်သိတော်မူလို့ "လောကဝိဒူ" လို့ ခေါ်တာ၊ မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို ကြည့်မယ်ဆိုရင် မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေဟာ အရည်အချင်းတွေချည်းပဲ၊ တခြားဘာသာတွေက ဘုရားကြည့်မယ်ဆိုရင် သူတို့ရဲ့ဂုဏ်တွေက သတ္တဝါတွေနဲ့ ဆက်စပ်ပြီး ပြောနေတာတွေပဲ များတယ်၊ ဖန်ဆင်းတော်မူတဲ့ စွမ်းအားတို့၊ သနားတော်မူတဲ့ ကရုဏာတရားတို့ ဒါမျိုးတွေကြီးပဲ များတယ်၊ ဟော - ဂေါတမ မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေထဲမှာ "ဖန်ဆင်းတော်မူတယ်" ဆိုတာ ပါလား၊ မပါဘူး၊ ဘယ်လောက် ကျေနပ်စရာကောင်းတုန်းဆို မြတ်စွာဘုရားရဲ့အရည်အချင်းမှာ ကြည့် - အရဟံဆိုတဲ့ ဂုဏ်တော်လေးတစ်ခု ကြည့်လိုက်တာနဲ့ပဲ အလွန်ကျေနပ်စရာကောင်းတယ်။

## အရဟံ အဓိပ္ပာယ်

အရဟံကို အဓိပ္ပာယ်မျိုးစုံ ဖွင့်ကြတယ်၊ ကျမ်းဂန်တွေမှာ အဓိပ္ပာယ် ၅-မျိုး ဖွင့်ပြတယ်၊ ၅-မျိုးထက်လည်း ပိုပြီးတော့ ဖွင့်ပြထားတယ်၊ အဲဒီ ၅-မျိုးထဲက ကျေနပ်စရာ အကောင်းဆုံးတစ်ခု

http://www.dhammadownload.com



ကြည့်လိုက်မယ်ဆိုရင် “အ+ရဟ” ဆိတ်ကွယ်ရာဆိုတာ မရှိဘူးတဲ့၊ မကောင်းမှုလုပ်တဲ့ပုဂ္ဂိုလ် ဆိတ်ကွယ်ရာမရှိဘူး၊ မြတ်စွာဘုရားမှာ ဆိတ်ကွယ်ရာမရှိဘူး၊ ဆိုလိုတာက ဆိတ်ကွယ်ရာ မရှိဘူးဆိုတာ ဆိတ်ကွယ်ရာ၌သော်လည်း မကောင်းမှုကိုမလုပ်ဘူးလို့ပြောတာ၊ ဒီကနေ့ခေတ် လူကြီးလူကောင်းလို့ ပြောတဲ့ပုဂ္ဂိုလ်တွေ ဘယ်သူမှ မမြင်ဘူးဆိုပြီး တစ်ယောက်တည်းနေရင် မကောင်းမှု လုပ်ကောင်း လုပ်မိကြလိမ့်မယ်၊ မြတ်စွာဘုရားမှာတော့ အဲဒီလို ဆိတ်ကွယ်ရာ ဆိုတာ မရှိဘူးတဲ့။

လူတွေက တစ်ယောက်တည်းနေလို့ရှိရင် ဘယ်သူမှမြင်တာ မဟုတ်ဘဲ ဆိုပြီးတော့ လုပ်လေ့ ရှိတတ်ကြတယ်လေ၊ လူ့ရဲ့ သဘာဝအတိုင်းပေ့ါ၊ ကိုယ်နေချင်သလို နေမယ်၊ ကိုယ်ပြောချင် သလို ပြောမယ်ဆိုပြီး - ဒါကိုပဲ ဂုဏ်တင်ပြီးတော့ “လွတ်လပ်မှု”လို့ သတ်မှတ်ကြတယ်၊ လူကြားထဲ သူကြားထဲကျတော့ ဟန်ဆောင် ကြတာ၊ လူသူမရှိဘူးဆိုရင် လွတ်လပ်မှုလို့ သတ်မှတ်ပြီးတော့ လုပ်ချင်ရာ လုပ်ဦးမယ်၊ မြတ်စွာဘုရားမှာ မကောင်းတာလုပ်ဖို့ လွတ်လပ်တယ်ဆိုတဲ့နေရာ ရှိကို မရှိဘူး။

မြတ်စွာဘုရားက ဟောတယ် - **“နတ္ထိလောကေ ရဟော နာမ ပါပကမ္မံ၊ ပကုဗ္ဗတော”** “မကောင်းမှုလုပ်တဲ့ ပုဂ္ဂိုလ်အဖို့ တကယ်စင်စစ်ကတော့ ဆိတ်ကွယ်ရာဆိုတာ မရှိပါဘူး” တဲ့၊ ကိုယ်က ဆိတ်ကွယ်ရာရှိတယ်လို့သာ ထင်နေတာ၊ ဘာပြုလို့ ဆိတ်ကွယ်ရာ မရှိတုန်းဆိုတော့ **“အတ္တာ ဟိ ပုရိသဇာနာတိ”** ကိုယ့်ကိုယ်ကို သိနေတာပဲ၊ ဆိတ်ကွယ်ရာဆိုတာ သူများမသိပေ မယ့် ကိုယ်သိတယ်၊ ကိုယ်သိနေတာကိုကပဲ ကိုယ့်စိတ်မလုံစရာပဲ၊

http://www.dhammadownload.com



ငါ ကောင်းတယ်၊ ငါ မကောင်းဘူး၊ ဘယ်သူအရင်သိလဲ၊ ကိုယ် သိနေတာ ဘယ်လိုလုပ် secret လုပ်လို့ ရမတုန်း၊ ကိုယ့်ကိုယ်ကို လိမ်လို့မှ မရတာ၊ ဟုတ်တယ်မဟုတ်လား၊ top secret လို့သာ ပြောတာနော်၊ ကိုယ်က သိနေပြီ၊ မသိတဲ့လူ ရှိမှမရှိဘဲနဲ့၊ သိတဲ့ လူတွေချည့်ပဲ၊ နောက်ဆုံး ကိုယ့်နားမှာ မမြင်ရတဲ့ သတ္တဝါတွေ ရှိတယ်၊ ကိုယ်ကမမြင်လို့ မရှိဘူးထင်တာကိုး၊ Peeping Eye တွေ ဘယ်လောက်ရှိနေမှန်းမှ မသိတာ၊ ချောင်းကြည့်နေတဲ့ မျက်လုံး တွေနော်၊ ချောင်းမကြည့်ပေမယ့်လို့ မြင်နေရတဲ့ပုဂ္ဂိုလ်တွေ၊ လောကမှာ သူတစ်ပါးစိတ်သိတဲ့ ပုဂ္ဂိုလ်တွေ၊ ဝေးလံတဲ့ဒေသကို လှမ်းပြီး မြင်နိုင်တဲ့သူကမြင်တယ်၊ ကိုယ်ကတော့ ဆိတ်ကွယ်ရာ ထင်ပြီးတော့ လုပ်နေတာ၊ တကယ်ကတော့ ဆိတ်ကွယ်ရာဆိုတာ မရှိဘူးတဲ့၊ "မြတ်စွာဘုရားရဲ့ အရည်အသွေးက မကောင်းတာ ဆိုရင် ဆိတ်ကွယ်ရာတောင်မှ မလုပ်ဘူး" ဆိုရင် ကမ်းကုန်နေပြီ ပေါ့၊ ဒါကြောင့်မို့ ကျေနပ်စရာကောင်းတယ်။

## သမ္မာသမ္ဗုဒ္ဓေါ

"သမ္မာသမ္ဗုဒ္ဓေါ" ကြည့်လိုက်ဦးမလား၊ အလွန်ကျေနပ်စရာ ကောင်းတယ်၊ 'သမ္မာ' ဆိုတာ မှန်တဲ့အတိုင်း၊ 'သမ်' - ကိုယ်တိုင်၊ 'ဗုဒ္ဓ' - သိတယ်၊ မှန်ကန်တဲ့အတိုင်း ကိုယ်တိုင်သိတာတဲ့၊ သူများ က သင်ပေးလို့၊ သူများဆီကတစ်ဆင့် သိရတာမျိုး မဟုတ်ဘူး၊ ကိုယ်တိုင်သိတာ၊ ကိုယ်တိုင်သိတာနဲ့ သူများဆီက တစ်ဆင့် သိတာနဲ့ ဘယ်တူမလဲ၊ သူများဆီက တစ်ဆင့်ကြားတာ ပြောလို့ ရှိရင်တော့ လွဲချင်လွဲမှာပေါ့၊ ဟိုလူက မှားနေရင် ကိုယ်လည်း

http://www.dhammadownload.com



မှားမှာပေါ့၊ ကိုယ်တိုင်သိတာကျတော့ အမှားမှ မရှိတော့တာကိုး၊ အေး . . . ဒါကြောင့်မို့ မြတ်စွာဘုရားက အင်မတန်မှ ကျေနပ်စရာ၊ အားကိုးစရာ ကောင်းတယ်၊ "သမ္မာသမ္ဗုဒ္ဓေါ" တဲ့။

## ဝိဇ္ဇာစရဏသမ္ပန္နော

"ဝိဇ္ဇာစရဏသမ္ပန္နော" ကြည့်လိုက်ဦးမလား၊ 'ဝိဇ္ဇာ' ဆိုတာ ပညာဘက်က ပြည့်စုံနေပြီ၊ အေး . . . ပညာတော့ တော်ပါရဲ့ အကျင့်ကတော့ မကောင်းဘူး" လို့ ပြောရမယ့် ပုဂ္ဂိုလ်မျိုးလည်း မဟုတ်ဘူး၊ 'စရဏ' ဆိုတဲ့ အကျင့်တရားနဲ့လည်း ပြည့်စုံတယ်၊ အသိဉာဏ်ဘက်ကလည်း ပြည့်စုံတယ်၊ အကျင့်ဆိုတဲ့ စရဏတရားဘက်ကလည်း ပြည့်စုံတယ်ဆိုတော့ အကျင့်လည်း ကောင်းတယ်၊ အသိဉာဏ်လည်း ထက်မြက်တယ်ဆိုတော့ ဩဝါဒ-လမ်းညွှန်ပေးဖို့ရာအတွက် လုံလောက်တဲ့ အနေအထားရှိတယ်၊ တခြားဘုရားတွေမှာ ဒီလို ဂုဏ်မျိုးတွေမရှိဘူး၊ သူတို့စာအုပ်တွေ ဖတ်ကြည့်၊ ဒီဂုဏ်မျိုးမတွေ့ရဘူး၊ ဖန်ဆင်းတော်မူတဲ့ အရှင်သခင်တဲ့ ဒါပဲနော်၊ တစ်ခါတစ်လေ ဖန်ဆင်းတော်မူတဲ့ အရှင်သခင်က စိတ်ဆိုးတော်မူသေးတယ်၊ စိတ်ဆိုးတော်မူပြီးတော့ ဒဏ်ခတ်တော်မူလိုက်သေးတာပေါ့၊ သူခိုင်းတာ မလုပ်ရ ကောင်းလားဆိုပြီး စိတ်ဆိုးပြီးတော့ ဒဏ်ခတ်တော်မူသေးတယ်၊ ဂေါတမမြတ်စွာဘုရားက ဒါမျိုးမှ မဟုတ်ဘဲကိုး။

တချို့က တူတယ်ထင်တာ၊ ဘုရားဆိုတာ တစ်ဆူတည်းပဲရှိတယ်ဆိုပြီး ယောင်ယောင်ဝါးဝါးလုပ်ပြီး ပြောတတ်ကြတယ်၊ ဘုရားဆိုတာ တစ်ဆူတည်းပဲတဲ့၊ အဲဒီ တစ်ဆူဆိုတာ ဘယ်သူ

http://www.dhammadownload.com



တုန်းဆိုရင် သူတို့ယုံကြည်တဲ့ဘုရား၊ တကယ်ကတော့ ဂေါတမ မြတ်စွာဘုရားဟာ အဲဒီအရည်အသွေးကြောင့် ဘုရားဖြစ်တာ၊ ဒါ ဘုရားရဲ့ အရည်အသွေးလို့ ခေါ်တယ်၊ "ကဲ - ဘုရားဆိုရင် ပြောစမ်း၊ ဒီအရည်အသွေးတွေ ရှိရဲ့လား" လို့ မေးရမှာ၊ ဒီ အရည်အသွေးတွေ မရှိဘူး၊ ဥပမာ - အကျင့်လည်း မကောင်းဘူး၊ အသိဉာဏ်လည်း မပြည့်စုံဘူးဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ လမ်းညွှန်မှုဟာ ဘယ်လိုလုပ် မှန်နိုင်မှာတုန်း၊ သူဟောပြောတဲ့ စကားလည်း ဘယ်လိုလုပ် စိတ်ချရမှာတုန်းတဲ့။

## သုဂတော

"သုဂတော" - ကိုယ်တိုင်ကျင့်ပြီးတော့ ပေါက်ရောက်သွားတဲ့ပုဂ္ဂိုလ် ဖြစ်တယ်၊ ကိုယ်တိုင်မကျင့်ဘဲနဲ့ ဟောနေတာ မဟုတ်ဘူး၊ 'သုဂတ'ဆိုတာ အောင်မြင်ပေါက်ရောက်ပြီးသား ပုဂ္ဂိုလ်၊ တစ်နည်းအားဖြင့် အကျိုးရှိတဲ့စကား၊ မှန်တဲ့စကား၊ သူများ မကြိုက်ချင် နေပါစေ၊ အကျိုးရှိပြီး မှန်ကန်တဲ့စကားဆိုရင် အခါ အားလျော်စွာ ပြောဆိုတယ်။

တစ်နည်းအားဖြင့်လည်းပဲ 'သုဂတ' ဆိုတာ "**သုန္ဒရံနိဗ္ဗာနံ ဂစ္ဆတိ**" ကိုယ်ကိုယ်တိုင် အောင်မြင်ပေါက်ရောက်ပြီးတဲ့ ပုဂ္ဂိုလ်၊ ကိုယ်ကိုယ်တိုင် ရောက်တဲ့နေရာကို လမ်းညွှန်မှုပြုတယ်ဆိုတာ ကိုယ်ကိုယ်တိုင်မှ မရောက်ဘူးဘဲ သူများကို ပို့ပေးတယ်ဆိုတာ ဟုတ်မှ မဟုတ်ဘဲ၊ ကိုယ်ကိုယ်တိုင် သွားပြီးတော့ ကိုယ်ကိုယ်တိုင် ရောက်တဲ့နေရာကို ပို့ပေးတာ၊ လမ်းညွှန်ပေးတာ၊ ဒါကြောင့်မို့

http://www.dhammadownload.com



'သုဂတ' အောင်မြင်ပေါက်ရောက်ပြီးတဲ့ပုဂ္ဂိုလ်လို့ ဒီလိုအဓိပ္ပာယ် တစ်မျိုးနဲ့ ဖွင့်ဆိုတာ ရှိတယ်နော်။

## လောကဝိဒူ

နောက်တစ်ခုက "လောကဝိဒူ" တဲ့၊ ကျေနပ်စရာ ကောင်းတာပဲ၊ ခုနကပြောတဲ့ သတ္တလောက သင်္ခါရလောက ဩကာသလောက -လောကရဲ့အကြောင်းကို ကုန်စင်အောင် သိထားတယ်၊ ကုန်စင်အောင်သိထားတဲ့ပုဂ္ဂိုလ် ဖြစ်သည့်အတွက်ကြောင့် လောကအကြောင်း ဟောနိုင်တယ်။ လူတွေအကြောင်း ကောင်းကောင်းသိတယ်၊ သတ္တလောကဆိုတဲ့ သတ္တဝါတွေအကြောင်း ကောင်းကောင်းသိတယ်။

အေး - ဘယ်စိတ်တွေမွေးရင် ဘယ်လိုအကျိုးတွေပေးမယ်၊ ဘယ်ကိုရောက်မယ်၊ ထိုသတ္တဝါတွေရောက်မယ့် ဘုံတွေရဲ့ အခြေအနေတွေကိုလည်း အကုန်သိနိုင်တယ် - ဩကာသလောက။

သင်္ခါရလောကဆိုတာ အကြောင်းတရားတွေက စုပြီးတော့ ဖန်တီးထားတဲ့ သင်္ခါရလောကရဲ့ မမြဲတဲ့ပုံတွေကိုလည်း ပြည့်ပြည့်စုံစုံသိတယ်၊ မြတ်စွာဘုရားက မကျန်မကြွင်းအောင် အကုန်လုံး သိတာ။

ကျေနပ်လောက်စရာ ကောင်းတာက သိစရာမှန်သမျှကို ဉာဏ်တော်ကြီးက အကုန်လုံးသိတယ်၊ အဲဒါကို စာပေမှာ ဘယ်လို ပြောတုန်းဆိုရင် "**ယာဝတကံ ဉေယျံ ယာဝတကံ ဉာဏံ**" တဲ့၊ သိစရာရှိသလောက် ဉာဏ်ကြီးကလည်း ကျယ်တယ်၊ ဉာဏ်ရဲ့

http://www.dhammadownload.com



အတိုင်းအတာက ရှိတယ်၊ သိစရာတွေက အတိုင်းအတာအတိုင်း တစ်မိုင်ပတ်လည်ရှိရင် ဉာဏ်ကြီးကလည်း တစ်မိုင်ပတ်လည် ရှိတယ်ပေါ့၊ ဒါကို ပြောတာ၊ ဉာဏ်နဲ့ သိစရာနဲ့ မကြွင်းမကျန်၊ သိစရာတွေက တစ်မိုင်ပတ်လည်ရှိတယ်၊ ဉာဏ်လေးက တစ်ထွာပတ်လည်လေးလောက်ဆို ဘယ်ရမတုန်းပေါ့၊ ဘယ်ကုန်မှာလည်း အများကြီး ကျန်သေးတယ်၊ မြတ်စွာဘုရားကျတော့ အဲဒီလို မဟုတ်ဘူး၊ အကုန်လိုက်သိတယ်ဆိုတော့ ဘာမှ မကျန်ဘူးလို့ ပြောတယ်၊ ဘာမှ မကျန်ဘူး၊ အဲဒီလို မကျန်အောင်သိတာ "လောကဝိဒူ"။

မြန်မာပြည်မှာ တစ်ချိန်တုန်းက မြတ်စွာဘုရားနဲ့ ပတ်သက်ပြီးတော့ စောဒကတက်တယ်၊ ဘုရားရဲ့ဉာဏ်နဲ့ ပတ်သက်ပြီး "သဗ္ဗညုတဉာဏ်" ဆိုတာ ရှိသလားလို့ မေးခွန်းထုတ်တယ်။ ဒီလို ပုဂ္ဂိုလ်မျိုးတွေကလည်း ပေါ်ထွက်လာသေးတယ်နော်၊ တချို့က လည်း ရောယောင်ပြီးတော့ လျှောက်ပြီးတော့ စာတွေထဲမှာ ရေးကြတာတွေ ရှိတယ်၊ "ဗုဒ္ဓနဲ့ ဗုဒ္ဓဝါဒ" လို့ နာမည်တပ်ပြီး အဲဒီထဲမှာ ကိုယ့်ဝါဒတွေ ရေးတာတွေ ရှိသေးတယ်၊ အင်မတန်မှ သတိထားစရာ ကောင်းတယ်ပေါ့။

အဲဒီထဲမှာ ဘယ်လိုရေးထားတုန်းဆိုရင် မြတ်စွာဘုရားက သူ့ကိုယ်သူ "သဗ္ဗညုတဉာဏ်" ရှိတယ်လို့ ဝန်မခံဘူးတဲ့၊ သူက refer လုပ်တဲ့ ညွှန်းတဲ့ သုတ်တွေဟာ ဘာသုတ်တွေတုန်း၊ အဲဒီ ညွှန်းတဲ့ သုတ်တွေထဲမှာ ဘယ်လိုအဓိပ္ပာယ်ရှိတုန်း သေချာဖတ်ပုံ မရဘူး၊ အဲဒီထဲမှာ **"သတတံ သမိတံ ဉာဏဒဿနံ ပစ္စုပဋ္ဌိတံ ဟောတိ"** အဲဒီစကားလုံးလေးတွေ ပါတယ်။

http://www.dhammadownload.com



တခြား ဗုဒ္ဓနဲ့ခေတ်ပြိုင် အယူဝါဒရှိတဲ့ မာဂ္ဂလိဂေါသာလ စတဲ့ပုဂ္ဂိုလ်တွေက သူတို့မှာလည်း သဗ္ဗညုတဉာဏ်ရှိတယ်လို့ ဝန်ခံကြတယ်၊ သူတို့ဝန်ခံတဲ့ သဗ္ဗညုတဉာဏ်က ဘယ်လို အမျိုးအစားတုန်းဆိုရင် "အိပ်နေတုန်းဖြစ်စေ ရပ်နေတုန်းဖြစ်စေ သွားနေတုန်းဖြစ်စေ ဘယ်အချိန်မှာမဆို သူ့ဉာဏ်ကရှိနေတယ်" အဲဒီစကားလုံးကို သတိထားရမယ်။ present ဆိုတာ ထာဝရ အမြဲရှိတယ်ဆိုတာ၊ အဲဒီလို ဉာဏ်မျိုးတော့ မြတ်စွာဘုရားမှာ မရှိဘူး၊ ကျိန်းစက်တော်မူနေတဲ့အချိန် ဘယ်ဉာဏ်ရှိမလဲ၊ ကျိန်းစက်နေရင်တော့ ဘဝင်စိတ်ပဲရှိမှာပေ့ါ၊ အိပ်ပျော်နေတာကိုး၊ အဲဒီတော့ အချိန်မရွေး ဉာဏ်ကြီးဟာ မီးကြီးထွန်းထားရင် လင်းနေသလို အချိန်မရွေး လင်းနေတယ်လို့ ဒီလိုဝန်ခံနိုင်မလား၊ ရယ်စရာကြီးပေ့ါ။

မြတ်စွာဘုရားကိုယ်တိုင်ကလည်း ဝေဖန်ထားတယ်၊ "အေး-တချို့ ဘုရားတွေဟာ သူတို့မှာ အိပ်နေတုန်းရော နိုးနေတုန်းရော သွားနေတုန်းရော ထိုင်နေတုန်းရော အမြဲတမ်း ဉာဏ်တော်ကြီးက လင်းနေတယ်လို့ ပြောတယ်၊ ဒါပေမယ့်လို့ လမ်းမှားလို့, လမ်းမသိလို့ လမ်းမေးရတာ ရှိတယ်တဲ့၊ နာမည်မသိလို့ မေးရတာ ရှိတယ်တဲ့၊ မဟုတ်တဲ့လမ်းရောက်သွားလို့ ဒုက္ခရောက်သွားရတာတွေ ရှိတယ်"တဲ့၊ ကဲ ဘယ်လိုလုပ်မတုန်း၊ အမြဲတမ်း ဉာဏ်ကြီး ရှိနေရင် လမ်းမှားပါ့မလား၊ မမှားနိုင်ဘူး၊ လမ်းမေးစရာရော လိုသေးလား၊ မလိုဘူး။

မြတ်စွာဘုရားမှာရှိတဲ့ သဗ္ဗညုတဉာဏ် ဆိုတာ ဘယ်လို ဟာတုန်းဆိုတာ "သိချင်လို့ ကြည့်လိုက်လို့ရှိရင် မချွင်းမချန် အကုန်

http://www.dhammadownload.com



သိတယ်" သိချင်ပြီ၊ ဉာဏ်ကိုအသုံးချပြီ၊ ဉာဏ်ဆိုတာ ဓားလိုပဲလေ၊ အိမ်ထဲထည့်ထားလို့ရှိရင် ဘယ်ခုတ်လို့ရမလဲ၊ ထုတ်ပြီးအသုံးပြုပြီဆိုလို့ရှိရင် ဖြစ်နိုင်စွမ်းရှိတယ်လို့ ဒါပြောတယ်။

သဗ္ဗညုတဉာဏ်ဆိုတာ အကြောင်းအရာတစ်ခုကို သိချင်လို့ကြည့်လိုက်ပြီဆိုရင် ဘာမှမကျန်ရအောင် အပိတ်အပင် အတားအဆီး မရှိတာ "အနာဝရဏ" လို့ ခေါ်တယ်။ အပိတ်အပင်အတားအဆီးမရှိတဲ့ဉာဏ်၊ ပစ္စုပ္ပန်မှာပဲဖြစ်စေ၊ အတိတ်မှာပဲဖြစ်စေ၊ အနာဂတ်မှာပဲဖြစ်စေ၊ ဘယ်လောက်ပဲဝေးကွာဝေးကွာ၊ ဘယ်လောက် နက်နဲနက်နဲ ဘယ်လောက်ခက်ခဲခက်ခဲ သိချင်လို့ကြည့်လိုက်မယ်ဆိုရင် အကုန်မြင်ရတယ်လို့ ပြောတာ၊ အကုန်သိရတယ်လို့ ပြောတာ၊ မသိချင်ဘူးဆိုတဲ့အချိန် ဒီဉာဏ်က ဘယ်အလုပ်လုပ်မလဲ၊ ဒါ သဘာဝမဟုတ်ဘူး၊ မသိချင်ဘဲနဲ့ သူ့ဟာသူအလိုလိုလာသိနေရင် ဘယ်လိုလုပ် အိပ်လို့ရမတုန်း၊ present ဆိုတာ မဖြစ်နိုင်ဘူးပေ့ါ။

အဲဒီတော့ မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်ဟာ ခုနကလိုအိပ်နေတုန်း အမြဲတမ်းရှိတဲ့ဉာဏ်မျိုးတော့ ဘုရားက လက်မခံဘူး၊ အဲဒီလို လက်မခံတာကို ရောယောင်ပြီး ဘုရားက "သဗ္ဗညုတဉာဏ်" လက်မခံဘူးလို့ ရေးတဲ့ပုဂ္ဂိုလ် မြန်မာပြည်မှာရှိတယ်၊ ပြီးတော့ အဲဒီလို စာအုပ်ထဲမှာပဲ နိုင်ငံခြားက ရေးတာတွေကိုအဟုတ်ထင်နေတယ်။ တချို့ မြန်မာပြည်က အင်္ဂလိပ်စာတတ်ပုဂ္ဂိုလ်တွေကလည်း အင်္ဂလိပ်လို ရေးလိုက်လို့ရှိရင် အဟုတ်ထင်နေတာ၊ အဲဒါလည်း သတိထားစရာ လေးတစ်ခုပါပဲ။

http://www.dhammadownload.com



အခုလို ပြောရတာဟာ သူများကို ပြစ်တင်ကဲ့ရဲ့ ရှုတ်ချချင်လို့ ပြောတာမဟုတ်ဘူး၊ သတိထားဖို့ ပြောတာ၊ နိုင်ငံခြားက အင်္ဂလိပ်လိုရေးထားတဲ့ စာအုပ်တွေကို ကိုးကားပြီးတော့ နောက်ယောင်လိုက်ထားတဲ့ စာအုပ်တွေထဲမှာ ဘာတွေရေးထားလဲ၊ မြတ်စွာဘုရားက ၃၁-ဘုံကို လက်မခံဘူးတဲ့၊ ဗြဟ္မာ့ပြည်ရှိတယ်ဆိုတာ မြတ်စွာဘုရားက လက်မခံဘူးတဲ့၊ အဲဒါကို ထည့်ထားတယ်၊ ထည့်ထားပြီးတော့ ဘာကို အကိုးအကားပြတုန်းဆိုတဲ့အခါ "တေဝိဇ္ဇသုတ်" မှာ မြတ်စွာဘုရားက ဝါသေဋ္ဌဆိုတဲ့ ပုဏ္ဏားကို "မင်းတို့ဆရာတွေရော ဗြဟ္မာကို မြင်ဖူးလား" လို့ မေးတယ်၊ "မမြင်ဘူးပါဘူး"၊ "ဒါဖြင့် ဆရာ့ဆရာကြီးတွေရော မြင်ဖူးလား၊" "မမြင်ဘူးပါဘူး"၊ "ဒါဆို မင်းတို့ ဝေဒကျမ်းပြု ရှေးက ဆရာကြီးတွေရော ဗြဟ္မာကိုရော မြင်ဖူးလား" ဆိုတော့ "မမြင်ဖူးဘူး၊" "ဒါဖြင့် မင်းတို့ဟာ မမြင်ဖူးဘဲနဲ့ ပြောနေကြတာ၊ ရှေ့ကလူက လည်း မမြင်ဖူး၊ နောက်က လူကလည်း မမြင်ဖူးဘူးဆိုတဲ့ မျက်မမြင်သူကန်းတွေရဲ့ အစဉ်အတန်းကြီး ဖြစ်နေတာပေါ့" လို့ မြတ်စွာဘုရားက မိန့်တယ်။

ဒီအချက်ကို အထောက်အထားပြုပြီး မြတ်စွာဘုရားက ဗြဟ္မာမရှိဘူးလို့ ပြောတယ်လို့ မှတ်ချက်ချတယ်။ အဲဒီစာပိုဒ်လေးရဲ့နောက်ကို ဆက်ဖတ်လိုက်လို့ရှိရင် ဘုရားက ဘယ်လို ပြောတာတုန်းဆိုတာရှိတယ်၊ အဲဒါကိုတော့ မြုပ်ထားလိုက်တယ်၊ မြတ်စွာဘုရားက ဘယ်လိုဆက်ပြောတုန်းဆိုရင် "ဝါသေဋ္ဌ - ငါက ဗြဟ္မာကိုလည်း မြင်ဖူးတယ်၊ ဗြဟ္မာပြည်ရောက်ကြောင်းတရားကိုလည်း သိတယ်" အဲဒါကျတော့ ထည့်မရေးဘူး။

http://www.dhammadownload.com



ဒါကြောင့်မို့ Buddhism ကို လေ့လာမယ်ဆိုရင် မူရင်းကျမ်းကို ဖတ်ရမယ်၊ မြတ်စွာဘုရားတရားတော်ကို လေ့လာမယ်ဆိုရင် မူရင်းကျမ်းကို ဖတ်ဖြစ်အောင်ဖတ်ပါ၊ ကိုးထားတာလေးနဲ့ မကျေနပ်နဲ့၊ ဗုဒ္ဓရဲ့အယူဝါဒကို မိမိရဲ့ အယူအဆတွေနဲ့ polluted မလုပ်နဲ့၊ polluted ဆိုတာ ညစ်နွမ်းစေတာ၊ လေကို ညစ်နွမ်းစေတာ air pollution၊ ရေကို ညစ်နွမ်းစေတာ water pollution၊ အသံတွေ ဆူညံနေပြီဆိုရင် noice pollution၊ အလင်းရောင်တွေ သိပ်များနေလို့ရှိရင် light pollution၊ ဒါမျိုးကတော့ view pollution ပေ့ါ။ အဲဒါကြောင့် အင်မတန်သတိထားစရာ ကောင်းတယ်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် ဟောထားတဲ့ မူရင်းကျမ်းထဲက တစ်ပိုင်းတစ်စတော့ လက်ခံတယ်၊ တစ်ပိုင်းတစ်စတော့ လက်မခံဘူးဆိုရင် ဘာနဲ့တူတုန်းဆိုရင် "ငါကြိုက်တာ အမှန်၊ ငါမကြိုက်တာအမှား" ဒီပုံစံမျိုး ရောက်နေတယ်နော်၊ မကိုးကားဘူးဆိုရင် တစ်ခုမှ မကိုးကားနဲ့လေ၊ ကိုးပြီဆိုလို့ရှိရင် ချန်မထားနဲ့ အကုန်ကိုးရမယ်၊ ရှေ့စကား နောက်စကားက အကုန်လုံး ပြည့်ပြည့်စုံစုံ ထည့်ရမယ်၊ ကိုယ်လိုချင်တဲ့ အပိုဒ်ကလေးကို ဖြတ်ယူပြီးတော့ ကိုယ်လိုချင်တဲ့နိဂုံး conclusion ဆွဲတာကတော့ အင်မတန်မှ ဆိုးဝါးတယ်၊ ဒါမျိုးတွေရှိတယ်လို့ ပြောတာ။

ဘုန်းကြီးတို့ ငယ်ရွယ်စဉ်ကတည်းက အဲဒီစာအုပ်ကို ဖတ်ဖူးတယ်၊ စိတ်ဝင်စားလို့ ဖတ်ထားပြီးတော့ အဲဒီစာအုပ်ရဲ့ ရှေ့ပိုင်းစာရွက်အလွတ်မှာ ရေးထားတယ်၊ ဤ စာအုပ်သည် 'ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ' ဟု နာမည်တပ်ထားသော်လည်း သူ့ဝါဒတွေကိုသာ တင်ပြထားသည်ဖြစ်၍ ဖတ်တဲ့လူတိုင်း သတိထား၍ ဖတ်ကြပါလို့

http://www.dhammadownload.com



ရေးထားလိုက်တယ်။ တကယ်တန်းတော့ ဘုရားဝါဒအစစ် ဟုတ်မှ မဟုတ်ဘဲနော်၊ သူကိုးတဲ့စာအုပ်တွေကြည့်၊ ဟုတ်မှ မဟုတ်တာ၊ တချို့ကကျတော့ ဘာတုန်းဆိုရင် interpretation problem ပေါ့၊ အဓိပ္ပာယ်ကောက်ယူမှုတွေ မမှန်ဘူး။ သုတ္တန်တစ်ခုဆိုလို့ရှိရင် စပ်မိလို့ ပြောရဦးမယ်၊ **"အတ္ထိ အတ္တာ၊ နတ္ထိ အတ္တာ"** ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဘာသာပြန်ထားတာ တလွဲပြန်ပြီး "မြတ်စွာဘုရားက 'အတ္တ' ကို ရှိတယ်လို့လည်း မပြောဘူး၊ မရှိဘူး လို့လည်း မပြောဘူး၊ ယောင်လည်လည် လုပ်ထားတယ်" ဆိုတဲ့ ပုံစံမျိုးရေးထားတယ်၊ တကယ်ကတော့ ယောင်လည်လည်က သူလုပ်နေတာ၊ အဲဒါကို ဘုရားကို ယောင်လည်လည် လုပ်တယ်လို့ ရေးထားတယ်၊ ဘာသာပြန်တာက မှားနေတာ။

'အတ္ထိ အတ္တာ' ဆိုတဲ့ နေရာမှာ 'အတ္ထိ၊ နတ္ထိ' ဆိုတာ သာမန်အဆင့်ကို ပြောတာမဟုတ်ဘူး၊ 'အတ္ထိ' ဆိုတဲ့ အရှိကို "ထာဝရအရှိ" လို့ ပြောတာ၊ 'အတ္တ' ဆိုတဲ့ ယူဆချက် သဘာဝဟာ တကယ်ရှိတယ်၊ ထာဝရရှိနေတာလားလို့မေးရင် ဒါ 'သဿတဝါဒ' မေးခွန်းပဲ၊ အတ္တသည် အမြဲထာဝရ ရှိနေတာလား၊ အတ္တကို ကိုင်ပြီးတော့ မေးတဲ့မေးခွန်း၊ "အတ္တသည် ထာဝရရှိနေသလား" လို့ ဒီလိုပြန်ရမှာ၊ အဲဒီလို မပြန်ဘဲနဲ့ "အတ္တ ရှိသလား" လို့ ပြန်လိုက်တာဆိုတော့ interpretation က မှန်မှ မမှန်တာ၊ ဘာသာပြန်တာ မှားသွားတာ၊ "အတ္ထိ အတ္တာ" ရဲ့ အဓိပ္ပာယ်က "အတ္တသည် ထာဝရရှိနေတာလား" လို့ မေးတာ၊ "ထာဝရ မြဲနေ သလား" လို့ မေးတဲ့သဘောပဲ၊ မြတ်စွာဘုရားက အတ္တကိုမှ လက်ခံမထားတဲ့အတွက်ကြောင့် "အတ္ထိ နတ္ထိ" ရှိမရှိ ဆိုတာ

http://www.dhammadownload.com



ဘယ်လိုလုပ် ဖြေမှာတုန်း၊ မရှိတဲ့ အတ္တကို မြဲသလား၊ မမြဲဘူးလား လို့မေးရင် ဘယ်လိုဖြေလို့ရမလဲနော်၊ ဖြေလို့မရတဲ့ မေးခွန်းကြီး၊ ဒါ့ကြောင့် မြတ်စွာဘုရားက မဖြေတာကိုပဲ ဘုရားကို ယောင် လယ်လယ် လုပ်တယ်လို့ထင်အောင် ရေးကြသေးတယ်၊ ဒါလည်း သတိထားစရာ အချက်ပဲ။

အဲဒီတော့ ၃၁-ဘုံကို ဒီ အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာတင် ရေးတာမဟုတ်ဘူး၊ တခြားနေရာတွေမှာလည်း ဘုံတွေအကြောင်း ပါတာပဲ၊ ဒီ ၃၁-ဘုံဆိုတာ ရမ်းသန်းပြောတဲ့ ဘုံတွေမဟုတ်ဘူး၊ ဒီအလုပ်လုပ်လို့ရှိရင် ဒီအကျိုးမျိုးရမယ်၊ ဒီလမ်းလျှောက်ရင် ဒီစခန်းရောက်မယ်လို့ပြောတဲ့ ဘုံတွေချည်းပဲ။

ဘယ်လိုသတ္တဝါတွေက ဘယ်ဘုံကို ရောက်တယ်၊ သူတို့ တွေရဲ့ ပဋိသန္ဓေစိတ်တွေက ဘာတွေလဲ၊ ထိုဘုံမှာ ဘယ်လို နေရ တယ်၊ ထိုင်ရတယ်ကအစ အသေးစိတ်ပြောထားတာ၊ တိတိကျကျ ပြောထားတာ၊ ရမ်းသန်းပြီးတော့ပြောတဲ့ ဟောတဲ့တရား မဟုတ် ဘူးတဲ့၊ ဒါကြောင့်မို့ ၃၁-ဘုံဝါဒက ဘုရားဟောမဟုတ်ဘူး၊ မျက်စိ နဲ့ မမြင်ရလို့ မရှိဘူးလို့များ တချို့တလေ အယူအဆ မှားယွင်းမှာ စိုးလို့ ပြောပြတာနော်။

ရှိနိုင်တယ်ဆိုတာ သေချာတယ်။ ကိုယ်မမြင်ရပေမယ့် ရှိနေ တာတွေ လောကမှာ အများကြီးပဲ၊ လူတွေ မြင်ရတာ လူအချင်း ချင်းတော့ မြင်ရမှာပေါ့၊ တိရစ္ဆာန်တွေကို မြင်ရတယ်၊ အဲဒီတော့ ငရဲဆိုတာ မမြင်ရဘူး၊ ပြိတ္တာဆိုတာ မမြင်ရဘူး၊ နတ်တွေဆိုတာ မမြင်ရဘူး၊ မမြင်ရတာနဲ့ မရှိဘူးလို့ ပြောလို့ မရဘူး၊ ကံတရားတွေ ရှိနေတယ်၊ မတူညီတဲ့ ကံတရားတွေက မတူညီတဲ့ ဘုံဘဝကို

http://www.dhammadownload.com



ဖန်တီးမှာပဲလေ၊ မတူညီတဲ့ဘုံဘ၀ကိုရပြီးတော့ မတူညီတဲ့ဘ၀မှာ နေကြရမှာဖြစ်တယ်။

ဒါကြောင့်မို့ ကိုယ်မသိပေမယ့်လို့ ဘုံဘ၀တွေဟာ မတူညီဘူး ဆိုတာ ဥပမာနဲ့ပြောရရင် သမထကျင့်စဉ်တစ်ခုကိုကျင့်တဲ့ ပုဂ္ဂိုလ် တစ်ယောက်ဟာ သမထကျင့်စဉ်ကိုမကျင့်တဲ့ ပုဂ္ဂိုလ်တစ်ယောက် နဲ့ အတူတူဖြစ်ရမယ်ဆိုတာ ယုတ္တိရှိပါ့မလား၊ သမထကျင့်စဉ် တစ်ခုကိုကျင့်လို့ ဈာန်ရသွားတယ်၊ ပထမဈာန်ရတယ်၊ ဒုတိယ ဈာန် ရတယ်၊ တတိယဈာန် ရတယ်၊ စတုတ္ထဈာန် ရတယ်၊ ပဉ္စမ ဈာန် ရတယ်၊ ဟော - အင်မတန်ထူးခြားတဲ့ ဈာန်ရမယ်ဆိုရင် ဒီပုဂ္ဂိုလ်တွေဟာ အတူတူပဲဖြစ်ရမယ်ဆိုရင် ဘာထူးမှာတုန်း။

အဲဒီတော့ ဒီဈာန်အဘိညာဏ်ရထားတဲ့ ပုဂ္ဂိုလ်တွေရဲ့ဖြစ်ရာ ဗြဟ္မာဘုံဆိုတာ ရှိကိုရှိရမှာပေါ့၊ ဘာပြုလို့တုန်းဆိုရင် မတူညီတဲ့ လုပ်ရပ်တွေ သူ့မှာရှိနေတယ်၊ ထူးခြားတဲ့လုပ်ရပ်တွေကို လုပ်ထား တယ်၊ ဒါ 'အနုမာန' လို့ ခေါ်တယ်၊ အဲဒီ မသိတဲ့ပုဂ္ဂိုလ်တွေ တိုက်ရိုက်မြင်နိုင်တဲ့ နည်းလမ်းကတော့ ဒိဗ္ဗစက္ခုရအောင် ကျင့်ပြီး တော့ ဒိဗ္ဗစက္ခုရရင်တော့ သေချာပေါက် မြင်ရပြီပေါ့၊ ဒိဗ္ဗစက္ခု မရတဲ့ ပုဂ္ဂိုလ်ကတော့ "အနုမာန" နဲ့ မှန်းပြောလို့ရပါတယ်။

'အနုမာန' ဆိုတာ အကျိုးကို မြင်လို့ရှိရင် အကြောင်းကို ဖော်ထုတ်နိုင်တယ်၊ အကြောင်းကို မြင်လို့ရှိရင်လည်း အကျိုးကို ဖော်ထုတ်လို့ရတယ်၊ ဒါကို 'အနုမာန' inference လို့ ခေါ်တယ်၊ မှန်းဆပြီးတော့ ပြောတာ၊ အဲဒီ မှန်းဆချက်ဟာလည်း အလွန် မှန်ကန်တဲ့ မှန်းဆချက်၊ 'အနုမာန' ဆိုတာ မှန်ကန်တဲ့ မှန်းဆချက်၊ ကြည့်လေ - မီးခိုးတလူလူ ထွက်နေလို့ရှိရင် လူတိုင်းလူတိုင်းက

http://www.dhammadownload.com



ပြောနေကြတာပဲ မီးခိုးထွက်တဲ့နေရာ သွားကြည့် - မီးရှိနေတယ်ဆိုတာ သိနေတာပဲ ဒါကိုပြောတာ၊ မီးမမြင်ဘူး၊ မီးခိုးပဲ မြင်တာနော်၊ သို့သော် ဒီမီးခိုးဆိုတာ မီးကထွက်တာဆိုတော့ မီးရှိတယ်ဆိုတာ ပြောလို့ရတာပေါ့၊ အောက်အရပ်မှာ မြစ်ရေတွေ တိုးနေလို့ရှိရင် အထက်အညာမှာ မိုးတွေကြီးနေတယ်လို့ ပြောလို့ မရဘူးလား၊ "ရပါတယ်ဘုရား"၊ ပြောတဲ့အတိုင်းရော မမှန်ဘူးလား၊ "မှန်ပါတယ်ဘုရား"၊ ဒါ အကျိုးတရားကို ကြည့်ပြီးတော့ အကြောင်းတရားကိုဖော်ထုတ်တဲ့နည်းတဲ့၊ အဲဒါ 'အနုမာန'နည်းလို့ခေါ်တယ်။

အကြောင်းတရားကို ကြည့်ပြီးတော့လည်း အကျိုးတရားကို ပြောနိုင်တာပဲ၊ ဒီလူက မကောင်းတဲ့လမ်း လျှောက်နေတယ်၊ မဟုတ်တာတွေ လုပ်နေတယ်၊ ဒုက္ခရောက်လိမ့်မယ်၊ ဟော - ရောက်တာပဲ၊ အကြောင်းကို ကြည့်ပြီးတော့ အကျိုးကို ဆုံးဖြတ်တဲ့နည်း၊ စာကြိုးစားနေတဲ့ ကလေးတစ်ယောက် ကျောင်းမှန်မှန်တက်တယ်၊ ဒီကလေးကတော့ ထူးထူးချွန်ချွန်ဖြစ်မှာပဲလို့- တကယ်ပဲ ထူးချွန်တာပဲ၊ ကလေးတစ်ယောက်ကတော့ စာမကျက်ဘူး၊ မကောင်းတဲ့အပေါင်းအသင်းတွေနဲ့ ပေါင်းတယ်၊ ဒီကလေးတော့ ပျက်စီးတော့မှာပဲလို့ ပြောတယ်၊ ဟော ပျက်စီးသွားတာပဲ၊ ဘာဖြစ်လို့တုန်းဆိုတော့ သူလုပ်နေတဲ့လုပ်ရပ် - ဒါတွေက အကြောင်းတရားတွေပဲလေ၊ အဲဒီအကြောင်းတရားတွေနဲ့ အကျိုးတရားဟာ မျှော်မှန်းလို့ ရတာပေါ့။

မြတ်စွာဘုရားကျတော့ အဲဒီလို 'အနုမာန'တောင် မဟုတ်ဘူး၊ ကိုယ်တိုင်မြင်၊ ကိုယ်တိုင်သိပြီးတော့ ဟောတာတဲ့၊ ဒါကြောင့် မို့ ၃၁-ဘုံဆိုတာ မြတ်စွာဘုရား ဟောထားခဲ့တာ၊ ဘုံတွေကိုတော့

http://www.dhammadownload.com



ရေတွက်မပြတော့ပါဘူး၊ ဘုံတွေရှိကြောင်းကိုသာ ပြောပြတာနော်၊ အကြမ်းဖျင်း ပြောမယ်ဆိုလို့ရှိရင် အပါယ် ၄-ဘုံ၊ လူ့ဘုံရယ်၊ နတ်ပြည် ၆-ထပ်ရယ်၊ ဒါ ကာမ ၁၁-ဘုံလို့ ခေါ်တယ်၊ ဗြဟ္မာဘုံ-၂၀ ရှိတယ်၊ ၃၁-ဘုံဆိုတာ အဲဒါကို ပြောတာ၊ ဗုဒ္ဓက ၃၁-ဘုံထဲမှာ သတ္တဝါတွေကလည်း မျိုးစုံအောင်ရှိတယ်၊ အဲဒီ ၃၁-ဘုံဟာ ဘာနဲ့ အဆင့်အတန်းဟာ ကွဲပြားခြားနားနေသလဲဆိုရင် ပဋိသန္ဓေစိတ်နဲ့ ကွဲပြားခြားနားနေတယ်။

ပဋိသန္ဓေစိတ်နဲ့ ကွဲပြားခြားနားတဲ့အထဲမှာလည်းပဲ ထပ်ဆင့်ပြီးတော့ သူတို့ရဲ့ level degree တွေ ရှိသေးတယ်လို့ မှတ်ရမယ်၊ ဆိုပါစို့ - အပါယ်၄-ဘုံရဲ့ ပဋိသန္ဓေစိတ်ဟာ အကုသိုလ်ရဲ့ အကျိုးဖြစ်တဲ့ ဥပေက္ခာသန္တီရဏစိတ်ပဲ၊ အကုသိုလ်ရဲ့အကျိုး ဆိုပေမယ့်လို့ သူတို့လုပ်ခဲ့တဲ့ အကုသိုလ်တွေက တစ်ဦးနဲ့တစ်ဦး တူညီမှုမရှိကြဘူး၊ အဲဒီ အကုသိုလ်က ပြင်းထန်တဲ့အကုသိုလ်ဆိုရင် ငရဲ၊ အဲဒီထက် နည်းနည်းလျော့နည်းတဲ့အကုသိုလ်ဆိုလို့ရှိရင် တိရစ္ဆာန်၊ အဲဒီထက် နည်းနည်းလျော့နည်းရင် ပြိတ္တာလို့ အကုသိုလ်ရဲ့ degree ကို ကြည့်ပြီးတော့ ဆုံးဖြတ်ရမယ်၊ degree ပြင်းသွားရင် ပြင်းတဲ့ဆီ ရောက်မှာပဲလေ၊ မီးတောင်မှာပဲ သူ့ဒီဂရီနဲ့သူ ရှိတယ် မို့လား၊ ပူတယ်, သိပ်ပူတယ်, မပူဘူး ဒီလို လာဦးမှကိုး၊ အဲဒါမျိုးလိုပဲ အကုသိုလ်မှာလည်း အကုသိုလ်ရဲ့ ဒီဂရီအတိုင်းအတာအရ ဘုံတွေကလည်း အဆင့်ဆင့်ဖြစ်တယ်၊ ထိုပဋိသန္ဓေစိတ်တွေရဲ့ စွမ်းအားတွေကလည်း ပဋိသန္ဓေစိတ်တွေကို စွမ်းအားပေးတဲ့ ကံက ထူးခြားသည့်အတွက်ကြောင့် ထိုပဋိသန္ဓေစိတ်နဲ့ အစပြုရတဲ့ သတ္တဝါတွေရဲ့ အနေအထားကလည်း ထူးခြားမှုလေးတွေတော့

http://www.dhammadownload.com



ရှိတာပေါ့။ သန္ဓေနဲ့ပြောရမယ်ဆိုရင် ဥပေက္ခာသန္တီရဏ အကုသလဝိပါက်နဲ့ ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်တွေဟာ အပါယ် ၄-ဘုံသားတွေပဲ။

အဲဒီတော့ တိရစ္ဆာန်တစ်ကောင်ရဲ့ပဋိသန္ဓေစိတ်နဲ့ ငရဲဘုံက ပြိတ္တာဘုံက သတ္တဝါတွေရဲ့ ပဋိသန္ဓေစိတ်ဟာ အတူတူပဲ၊ အတူတူပေမယ့် ခံစားရတာချင်း တူသလားဆိုရင် မတူဘူး၊ ဘာဖြစ်လို့မတူတုန်းဆိုရင် လုပ်ခဲ့တဲ့ အကုသိုလ်ရဲ့စွမ်းရည်သတ္တိချင်း မတူကြဘူး၊ အတိုင်းအတာချင်း မတူကြဘူးလို့ပြောတာ။

လူတွေရဲ့ ပဋိသန္ဓေစိတ်က ၉-ခု ရှိတယ်၊ ကုသလဝိပါက် ဥပေက္ခာသန္တီရဏရယ်၊ မဟာဝိပါက်စိတ် ၈-ခု ရယ်၊ သို့သော် ပဋိသန္ဓေအားဖြင့် လူသားတွေဟာ ဒီ ၉-ခုထဲက ကံတစ်ခုခုတော့ တူညီနေကြတယ်၊ ဒါကြောင့်မို့ အဆင့်အတန်းချင်း တူသလားဆိုတော့ မတူပြန်ဘူး၊ တချို့က ဆင်းရဲတယ်၊ တချို့က ချမ်းသာတယ်၊ တချို့က ဉာဏ်ကောင်းတယ်၊ တချို့က ဉာဏ်မကောင်းဘူး၊ တချို့က အသက်ရှည်တယ်၊ တချို့က အသက်မရှည်ဘူး၊ ဘာဖြစ်လို့တုန်း၊ သူတို့လုပ်ခဲ့တာတွေကမှ မတူတာ၊ အဲဒီတော့ သန္ဓေစိတ်ကလေးနဲ့ခွဲပြီး ဘုံကို သတ်မှတ်ပြီး သတ္တဝါတွေကို နောက်ထပ်ထပ်ပြီးတော့ သတ်မှတ်တာကတော့ သူတို့ရဲ့လုပ်ခဲ့တဲ့ ကံတရားတွေရဲ့ အကျိုးပေးမှုဟာ မတူညီတဲ့ အကျိုးပေးမှုလေးတွေ ရှိနေသေးတယ်၊ တခြားအကြောင်းတွေ ရှိနေသေးတယ် ဆိုတာကို သိသာတယ်။

ကြည့်- နတ်တွေရဲ့ ပဋိသန္ဓေစိတ်ဟာ မဟာဝိပါက်စိတ် ၈-ခုပဲ၊ သို့သော် တစ်ဦးနဲ့တစ်ဦး သက်တမ်းချင်းတူကြလား၊ သန္ဓေ

http://www.dhammadownload.com



စိတ်ချင်းတော့ တူတယ်, သက်တမ်းချင်း တူကြလားဆိုရင် မတူဘူး၊ ဘယ်သူက အဆုံးအဖြတ်ပေးနေတုန်းဆိုရင် သူတို့လုပ်ခဲ့တဲ့ ကံတွေ၊ သူတို့ဖြစ်ရာဘုံတွေ အတိုင်းအတာနဲ့ ဆုံးဖြတ်ပေးတာ၊ လူဆိုလည်း ကြည့်လေ - လူတွေရဲ့ ဘဝအတိုင်းအတာ အသက်ဟာ ကံကတင် အဓိကမဟုတ်ဘူး၊ ဥတုနဲ့ အာဟာရကနေ လူ့ရဲ့ သက်တမ်းကို ဆုံးဖြတ်ပေးတာ၊ ကံကတော့ အဓိကအခြေခံပေါ့၊ အခြေခံအကြောင်းတရားကတော့ ကံပဲ၊ သို့သော် ထိုကံက ပေးလိုက်တဲ့ဘဝကို အစောင့်အရှောက်ပြုနေတာက ဥတုနဲ့ အာဟာရ၊ ဒါကြောင့်မို့လို့ **"ဥတုနာ ဘောဇနေန အာယုဟာယတိပိဝဍ္ဎတိပိ"** လူတွေရဲ့သက်တမ်းဟာ ဥတုနဲ့ အာဟာရကြောင့် တိုးတဲ့အခါ တိုးတယ်၊ လျော့တဲ့အခါလျော့တယ်၊ အင်မတန်မှ ထင်ရှားပါတယ် လေ။

ဘုရားဖြစ်ဖို့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတာမို့ ကံအားဖြင့် ပြိုင်မယ်ဆိုရင် ဘုရားတစ်ဆူနဲ့ တစ်ဆူ မထူးခြားဘူးလို့ ပြောရမယ်၊ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ကြတယ်၊ သို့သော် သက်တမ်းကျတော့ မကွာဘူးလား၊ ကဿပမြတ်စွာဘုရားက အသက်နှစ်သောင်းတမ်းမှာပွင့်လို့ အသက်နှစ်သောင်း ရှည်တယ်၊ ဂေါတမ မြတ်စွာဘုရားက တစ်ရာတမ်းမို့လို့ သက်တော်-၈၀ ပဲနေရတယ်၊ ဒါဖြင့် ဂေါတမမြတ်စွာဘုရားကံက ညံ့တယ်လို့ ပြောလို့ရမလား၊ "မရပါဘူးဘုရား"၊ ဘာက ဆုံးဖြတ်ပေးသွားတုန်းဆိုရင် ဥတုနဲ့အာဟာရက ဆုံးဖြတ်ပေးသွားတယ်၊ ဒီခေတ် ဒီအခြေအနေရဲ့ ဥတုနဲ့ ဒီခေတ် ဒီအခြေအနေရဲ့ အာဟာရက လူ့ရဲ့ခန္ဓာကိုယ်ကို ဒီလောက်ပဲ maintain လုပ်နိုင်

http://www.dhammadownload.com



တယ်၊ ဒီထက်ကြာအောင် မလုပ်နိုင်ဘူး၊ အဲဒီတော့ ကံအပြင် တခြား အကြောင်းအရာတွေကိုလည်း ထည့်ပြီးတော့ စဉ်းစား ရတယ်လို့ ဆိုလိုတာ။

သန္ဓေစိတ်ချင်း တူပေမယ့်လို့ အခြေအနေချင်း မတူဘူး၊ လူ့ဘဝ လူတွေတောင်မှပဲ အမျိုးစုံပဲ၊ တူမှ မတူတာ၊ အာဖရိကမှာ မွေးတဲ့ လူတွေကျတော့ မည်းလို့၊ ဥရောပမှာမွေးတဲ့ လူတွေ ကျတော့ ဖြူတယ်၊ အာရှမှာ မွေးတဲ့လူတွေကျတော့ အဝါရောင် လေးတွေ ဖြစ်နေတယ်၊ အရောင် မတူတာတွေ၊ ဘာဖြစ်လို့တုန်း ဆိုရင် ခုနကပြောခဲ့တဲ့ ဒေသရဲ့ ဥပနိဿယပစ္စည်းတွေလည်း ပါတာပေါ့၊ လူ့ရဲ့အမျိုးအနွယ်လည်း ပါတာပေါ့၊ အကြောင်းတွေ အများကြီးပဲနော်၊ သို့သော် လူသားတွေရဲ့ ပဋိသန္ဓေစိတ်သည် မဟာဝိပါက်စိတ် ၈-ခုနဲ့ ဥပေက္ခာသန္တီရဏ၊ အဲဒီ ၉-ခုထဲက တစ်ခုခုပဲ၊ နတ်တွေရဲ့ ပဋိသန္ဓေစိတ်ကလည်း ထို့အတူပဲ။

အဲဒီတော့ လူ့ပြည်ရယ်၊ နတ်ပြည် ၆-ထပ်ရယ်၊ ကာမ သုဂတိဘုံ ၇-ဘုံ၊ သာမန်ရိုးရာအားဖြင့် ဒါနကောင်းမှု လုပ်သူတွေ၊ သီလ စောင့်တည်ခဲ့သူတွေ၊ ဥပုသ်စောင့်ထိန်းတဲ့ ပုဂ္ဂိုလ်တွေ ရောက်တဲ့ဘုံတွေချည်းပဲ၊ ဒီအဆင့်နဲ့ ရောက်တဲ့သူတွေလို့ ဒီလို ပြောရမှာ၊ ဒါနကောင်းမှု သီလကောင်းမှု ဥပုသ်စောင့်မှု အမေ အဖေ ပြုစုလုပ်ကျွေးမှု - အဲဒါတွေက နတ်ပြည် ၆-ထပ်နဲ့ လူ့ဘုံကို ရောက်ရှိစေနိုင်တယ်။

ငရဲဘုံ၊ ပြိတ္တာဘုံ၊ တိရစ္ဆာန်ဘုံဆိုတဲ့ ဘုံတွေ ရောက်တာ ကျတော့ ခုနက ဒုစရိုက်လုပ်တဲ့ ပုဂ္ဂိုလ်တွေ၊ လုပ်ရပ်အတိုင်း ဒီလမ်းကြောင်းအတိုင်း သူတို့ရဲ့စခန်းကို ရောက်ရှိသွားတာပဲ၊ အဲဒီ

http://www.dhammadownload.com



တော့ ဒါတွေကို ဒီလိုပြောရုံနဲ့ ဘုံနဲ့မြှောက်တယ်လို့ ဒီလိုပြောလို့ ဘယ်ရမလဲ၊ မြှောက်တာမှ မဟုတ်ပဲနော်၊ ဘုံနဲ့ မြှောက်တာတို့ ငရဲနဲ့ ခြောက်တာတို့ မရှိပါဘူး၊ မခြောက်ပါဘူး၊ သူ့ဟာသူ ကြောက်ချင်ကြောက်မှာပေါ့။

လူ့လောကဆိုတာက အကျိုးတရားဆိုတာပြောရရင် "မင်း စာကြိုးစား၊ စာကြိုးစားရင် ပညာတတ်ကြီးဖြစ်လိမ့်မယ်၊ သို့မဟုတ် ဆရာဝန်ကြီး ဖြစ်လိမ့်မယ်" - ဒါက မြှောက်တာမှ မဟုတ်ဘဲ၊ အကျိုးတရားကို ဖော်ပြတာပဲလေ၊ မြှောက်ပေးတာမှ မဟုတ်ဘဲ၊ ဒီလို အားပေးစကားပြောတာကို မြှောက်တာ မဟုတ်ဘူး၊ "ဘုံခန်း နဲ့ မြှောက်၊ ငရဲခန်းနဲ့ ခြောက်' တဲ့၊ ဘုံ လက်မခံတဲ့ ပုဂ္ဂိုလ်တွေက အဲဒီလို ပြောလေ့ရှိကြတယ်၊ မြှောက်စရာလည်း မလိုဘူး၊ ခြောက် စရာလည်း မလိုဘူး၊ ကိုယ့်လမ်းကိုယ်ရွေးပြီး ကိုယ့်စခန်းကိုယ်ထွင် နေကြတာပဲ။

ကောင်းပြီ - ငရဲဘုံ တိရစ္ဆာန်ဘုံ ပြိတ္တာဘုံ၊ ထိုပြိတ္တာ ထဲမှာ ထပ်ပြီးတော့ ခွဲလိုက်တော့ အသူရကာယ်ဆိုပြီးတော့ ပြိတ္တာ ထဲကနေ တောက်ပြောင်မှုမရှိတဲ့ ပြိတ္တာအသူရကာယ်တွေ ရှိသေး တယ်၊ ဆင်းဆင်းရဲရဲနေရတဲ့ ပြိတ္တာမျိုးတွေ ရှိသေးတယ်၊ ပြိတ္တာ တွေကလည်း အမျိုးအစား အများကြီးပေါ့၊ နောက်ပြီးတော့ လူ့ ပြည် နတ်ပြည်၊ သက်တမ်းတွေကလည်း တစ်ခုနဲ့တစ်ခု မတူဘူး၊ အဲဒီ သက်တမ်းမတူတာတွေကိုလည်းပဲ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ထိုသုတ္တန်တွေမှာ ဟောထားတာတွေရှိတယ်။

ဆိုပါစို့ - ငရဲဘုံရဲ့သက်တမ်းကျတော့ ကံသာလျှင် အဓိက ပမာဏဖြစ်သည့် အတွက်ကြောင့် ကံရှိသလောက်ခံရမှာဖြစ်တယ်၊

http://www.dhammadownload.com



ဒါ့ကြောင့် ငရဲရဲ့သက်တမ်းကို သတ်မှတ်လို့ မရဘူးတဲ့၊ ကံပေါ်မူတည်တယ်ပေါ့။ ကံဆိုတာ ပုဂ္ဂိုလ်တစ်ဦးစီရဲ့ အခြေအနေ ကံပေါ်မှာ မူတည်တယ်။

ကောသလမင်းကြီးရဲ့မိဖုရားကြီး မလ္လိကာ မိဖုရားကြီးဟာ သေခါနီးမှာ စိတ်ဆင်းရဲပြီး ဒေါမနဿနဲ့ သေသွားရသည့်အတွက်ကြောင့် အဝီစိငရဲ ကျသွားရှာတယ်၊ သို့သော် သူက အဝီစိငရဲမှာ ၇-ရက်ပဲ ကြာတယ်၊ ၇-ရက်က လူတွေရဲ့ အရေအတွက်နဲ့ ၇-ရက်ပဲ ကြာတယ်၊ သူ့သက်တမ်းက အဲဒီလောက်ပဲ သူခံရတယ်၊ အဲဒီထက် ပိုမခံရဘူး၊ အဲဒါကြောင့်မို့ ငရဲဘုံမှာ ကံသာလျှင်အဓိက ဖြစ်သည့်အတွက်ကြောင့် သက်တမ်းကို သတ်မှတ်ပြောလို့မရဘူး။

လူတွေရဲ့သက်တမ်းကလည်း တည်မြဲမှုမရှိဘူးတဲ့၊ အခု ခေတ် သက်တမ်းကတော့ ဂေါတမမြတ်စွာဘုရား မပွင့်ခင်, အခု ပွင့်ပြီးတဲ့နောက်အထိ ၁၀၀-တမ်းလို့ပဲ ဒီလိုပြောကြတယ်၊ ၁၀၀-တမ်းထက် ပိုတော့မပိုဘူး၊ လျှော့ဖို့ပဲ ရှိတယ်၊ ၁၀၀- တမ်းလို့ပဲ ပြောရမှာပေါ့။

လူ့ထက် နည်းနည်းအထက်တန်းကျတဲ့ စတုမဟာရာဇ် နတ်ဘုံကို ကြည့်မယ်ဆိုရင် လူတွေရဲ့ အနှစ်-၅၀ မှ စတုမဟာရာဇ် နတ်ပြည်မှာ ၁-ရက်ပဲ ရှိသေးတယ်၊ အဲဒီ ၁-ရက်နဲ့ တွက်လိုက်လို့ ရှိရင် သူတို့အနေနဲ့ သူတို့သက်တမ်း အနှစ်-၅၀၀ အသက်ရှည်တယ်။

တာဝတိံသာ နတ်ပြည်ကျတော့ လူတွေ အနှစ်-၁၀၀ မှာ သူတို့က ၁-ရက်၊ အဲဒီ အချိုးအစားနဲ့ ၂-နဲ့ မြှောက်ပြီး တက်သွားလိုက်၊ လူတွေရေတွက်တဲ့ သက်တမ်းနဲ့ ပြောမယ်ဆိုရင် လေးနဲ့

http://www.dhammadownload.com



မြှောက်သွားရမှာ၊ စတုမဟာရာဇ် နတ်ပြည်က အနှစ် ၉-သန်း ဆိုလို့ရှိရင် အဲဒါကို ၄-နဲ့ မြှောက်သွားလိုက်လို့ရှိရင် တာဝတိံသာ နတ်ပြည်က လူတွေတွက်တဲ့ အသက်ကို သိမယ်၊ ၄-နဲ့ချည်းပဲ မြှောက်သွားလို့ရှိရင် အဖြေထွက်လာမှာပေါ့။

အဲဒါကို သင်္ဂြိုဟ်ကျမ်းမှာ'**တတော စတုဂ္ဂုဏံ တာဝတိံသာနံ**' ၄-နဲ့ မြှောက်တာကိုပြောတာ၊ သို့သော် ဋီကာကျမ်းမှာ လေးနှစ်ဆ လေးနှစ်ဆလို့ ထည့်ပြောတာ နည်းနည်း ရှုပ်ထွေးသွားတယ်၊ လူ့သက်တမ်းကို ၄- နဲ့ မြှောက်လိုက်မယ်၊ လူတွေက ရေတွက်တဲ့ လူ့သက်တမ်းကို ၄ နဲ့မြှောက်ရင် နတ်ဘုံတစ်ခု သက်တမ်းရဲ့ အဖြေရမှာပေါ့၊ အဲဒီလို သက်တမ်းတွေဟာ တစ်ခုနဲ့တစ်ခု ပိုပို ရှည်သွားတာ၊ ဒါ ရိုးရိုးကုသိုလ်ကောင်းမှု ပြုလုပ်သူတွေရဲ့ ဖြစ်ရာ ဘုံဌာနတွေပဲ။

## ငရဲဘုံ

အေး - ငရဲဘုံဆိုတာ အားလုံးကြားဖူးတယ်၊ ဒေဝဒူတ သုတ္တန်မှာဆိုရင် ငရဲဘုံဟာ ငရဲကျသွားတဲ့ပုဂ္ဂိုလ်တွေကို ငရဲသား တွေကို အုပ်ချုပ်နေတဲ့ ယမမင်းကြီးဆိုတာရှိတယ်၊ ယမမင်းကြီးကို ဗုဒ္ဓစာပေမှာ သူတော်ကောင်းလို့ သတ်မှတ်တယ်၊ ဘာဖြစ်လို့တုန်း ဆို ယမမင်းကြီးက ငရဲကျလာတဲ့ ပုဂ္ဂိုလ်တွေထဲက ကယ်တင်လို့ ရမယ့် ပုဂ္ဂိုလ်တွေကို ကယ်တင်ဖို့ဆိုတဲ့ အနေအထားမျိုးနဲ့ သူနေတာ၊ ဆွဲချဖို့ သူနေတာမဟုတ်ဘူး၊ တွန်းပို့နေတာ မဟုတ် ဘူး၊ အချွန်နဲ့ မ,ဖို့မဟုတ်ဘူး၊ အဆင်းကို ဘီးတပ်ဖို့နေတာ မဟုတ် ဘူး၊ ဒုက္ခမရောက်ထိုက်တဲ့ ပုဂ္ဂိုလ်တွေကို ဒုက္ခမရောက်အောင်

http://www.dhammadownload.com



ကယ်တင်ဖို့ ဖြေရှင်းဖို့ဆိုပြီး သူက လာပြီးတော့နေတာ။ ယမမင်းက သူတော်ကောင်းကြီး။

ယမမင်းက အမြဲတမ်း တောင့်တယ်တဲ့၊ 'ငါ လူ့ဘဝမှာ ဖြစ်ပါရစေ၊ ငါ လူဖြစ်တဲ့အချိန်မှာ ဘုရားပွင့်တာနဲ့ ကြုံပါရစေ၊ အဲဒီ ဘုရားကိုလည်း ငါ ဆည်းကပ်ကိုးကွယ်နိုင်ပါရစေ'၊ လူလည်း ဖြစ်တယ်၊ ဘုရားလည်းပွင့်တယ်၊ ဘုရားဆီ ရောက်ချင်မှ ရောက်တာနော်၊ ဒါကြောင့် အကြောင်းဆိုတာ ပိုပြည့်စုံအောင် လုပ်ရမယ်၊ လူလည်း ဖြစ်ရမယ်၊ ဘုရားလည်း ပွင့်ရမယ်၊ ဘုရားဆီကိုလည်း သွားရောက်ဆည်းကပ်ရမယ်၊ ဘုရားကလည်း တရားဟောရမယ်၊ ဘုရားဟောတဲ့ တရားကိုလည်း သိပါရစေ၊ အဲဒါမှ ပြည့်စုံတယ်နော်၊ ဆုတောင်းလို့ရှိရင် အဲသလို ဆုတောင်းရမယ်၊ အဲသလို သူက အမြဲတမ်း တောင့်တနေတာ၊ လူဖြစ်ပါရစေ၊ လူဖြစ်နေတဲ့အချိန်မှာ ဘုရားပွင့်တာနဲ့ ကြုံပါရစေ၊ ဘုရားကိုလည်း ဆည်းကပ်ပါရစေ၊ ဘုရားကလည်း သူ့ကို တရားဟောပါစေ၊ ဟောတဲ့တရားကိုလည်း သူနာပါရစေ၊ နာပြီးတော့လည်း သိပါရစေ၊ ယမမင်းကြီးက အမြဲတမ်း ဆုတောင်းနေတယ်။

ဒုစရိုက်လုပ်ငန်းတွေလုပ်ပြီးတော့ ငရဲရောက်သွားတဲ့ ပုဂ္ဂိုလ်ဆိုရင် ငရဲသားတွေက အဲဒီ ငရဲကျလာတဲ့, ငရဲကို မယောင်မလည်နဲ့ ရောက်လာတဲ့ လူသစ်၊ သတ္တဝါအသစ်ကို ယမမင်းကြီးဆီ ခေါ်လာလေ့ရှိတယ်၊ ခေါ်လာတဲ့အခါကျတော့ သူတို့က ဘာလုပ်တုန်းဆိုရင် 'အရှင်မင်းကြီး ဟောဒီလူက အမေကိုလည်း မပြုစုဘူး၊ အဖေကိုလည်း မပြုစုဘူး၊ ဆွေတွေမျိုးတွေထဲက အသက်အရွယ်ကြီးတဲ့ သူတွေကိုလည်း ဂရုမစိုက်ဘူး၊ သမဏ-

http://www.dhammadownload.com



ဗြဟ္မဏ ဆိုတဲ့ ဘာသာရေးလေးစားသူတွေကိုလည်း အလေးမမူဘူး၊ ကုသိုလ်ကောင်းမှုလည်း မလုပ်ဘူး၊ ဥပုသ်လည်း မစောင့်ဘူး၊ ကောင်းမှုမလုပ်တဲ့ပုဂ္ဂိုလ်၊ မကောင်းမှုဒုစရိုက်လုပ်တဲ့ပုဂ္ဂိုလ် သူ့ကို အပြစ်ဒဏ်ခတ်ပါ' လို့ ဆိုပြီး သူ့ဆီ လာပို့လိုက်တယ်။

ပို့ပြီဆိုတဲ့အတိုင်း ယမမင်းကြီးက မေးတယ်၊ သူကို "မင်း လူ့ပြည်မှာ ပထမဆုံး နတ်တမန်ကို မင်းတွေ့ခဲ့သလား" လို့ အဲဒီမေးခွန်းကို စ,မေးတယ်၊ ထိုသူက "မတွေ့ခဲ့ဘူးတဲ့"၊ "မင်း ငါဆိုလိုတာကို သေချာနားထောင်" "မင်းလူ့ပြည်မှာတဲ့ အသက်အရွယ်ကြီးတဲ့ ၈၀- ၉၀ အရွယ်၊ ခါးတွေကိုင်းလို့၊ ဆံပင်တွေဖြူလို့၊ သွားတွေကျိုး၊ အဲသလို အသိုးအိုကြီး အဘွားအိုကြီးတွေ မင်း မမြင်ဖူးဘူးလား" ဆိုတော့ "မြင်ဖူးပါတယ်"၊ အဲဒီ မြင်ဖူးတဲ့ အချိန်အခါတုန်းက မင်းမစဉ်းစားဖူးလား၊ ငါလည်း တစ်နေ့ကျ အိုရဦးမှာ၊ "မစဉ်းစားဖူးပါဘူး"တဲ့၊ မေ့မေ့လျော့လျော့နေခဲ့ပါတယ်၊ မေ့မေ့လျော့လျော့နေတယ်ဆိုတာ ဘာမှမလုပ်ဘဲ နေတာကို ပြောတာ မဟုတ်ဘူး၊ ကုသိုလ်ကောင်းမှုတစ်ခုခု မလုပ်တာ။

စဉ်းစားရမှာက 'ဪ. . . ငါလည်း တစ်နေ့ကျ အိုရဦးမှာပဲ၊ အိုခြင်း သဘောကို မလွန်မြောက်နိုင်သေးဘူး၊ မအိုခင် ငါ ကောင်းတာလေးတွေ လုပ်ဦးမှပဲ' ဆိုတဲ့ ကုသိုလ်လုပ်ဖို့ရာအတွက် စိတ်ကိုမလှည့်ဘူး၊ ကာမဂုဏ်အာရုံကိစ္စတွေနဲ့ပဲ စားဝတ်နေရေးတွေနဲ့ နေ့စဉ်အချိန်ကုန်ပြီး ကုသိုလ်ကောင်းမှု လုံးဝမလုပ်ခဲ့ဘူး၊ ယမမင်းကြီးက သနားညှာတာပြီးတော့ ပြောတယ်၊ 'အေးလေ- မင်းမေ့ခဲ့လို့ မလုပ်တာတော့ ဒီအကုသိုလ်အလုပ်တွေကို မင်း မေ့မေ့လျော့လျော့ လုပ်ခဲ့တာတော့ မင်းအမေက လုပ်ခဲ့တာလည်း

http://www.dhammadownload.com



မဟုတ်ဘူး၊ မင်းအဖေ လုပ်တာလည်း မဟုတ်ဘူး၊ ဆွေမျိုးတွေ လုပ်တာလည်း မဟုတ်ဘူး၊ ဘယ်သူကမှ လုပ်တာလည်း မဟုတ်ဘူး၊ မင်းကိုယ်တိုင်လုပ်တာ၊ အဲဒီတော့ မင်းကိုယ်တိုင်လုပ်တော့ မင်းကိုယ်တိုင်ပဲ ခံစားရလိမ့်မယ်' တဲ့၊ ဒီလိုပဲ ပြောတယ်။

အဲဒီ ပထမတမန်အကြောင်းမေးတာ မရတဲ့အခါကျတော့ ဒုတိယတမန်အကြောင်းကို 'ဒုတိယတမန်တော်ကို မြင်ခဲ့လား' လို့ မေးတယ်၊ 'မမြင်ခဲ့ပါဘူးတဲ့'၊ 'မင်း နေမကောင်း ထိုင်မသာဖြစ်လို့ ကိုယ်ရဲ့ မစင်အညစ်အကြေးတွေမှာ လူးလဲအော်ဟစ်ပြီးတော့ အများက ဝိုင်းထူမှ ထနိုင်တဲ့ လူနာကြီးရော မင်းမမြင်ခဲ့ဘူးလား' ဆိုတော့ 'မြင်ခဲ့ပါတယ်'၊ အဲဒီလို မြင်တဲ့အခါမှာ သိတတ်ပြီးတော့ စဉ်းစားဖူးလား၊ 'ငါလည်းပဲ တစ်နေ့ နာရဦးမှာပဲ၊ နာခြင်းသဘောကို မလွန်မြောက်နိုင်သေးဘူး၊ မနာခင်က ကုသိုလ်ကောင်းမှုလေးတွေ လုပ်ဦးမှပဲဆိုတဲ့အတွေး မင်းမပေါက်ဘူးလား' 'မပေါက်ခဲ့မိပါဘူး" တဲ့၊ စားဝတ်နေရေးတွေနဲ့ အချိန်ကုန်သွားပြီး ပျော်လို့ပါးလို့ ကာမဂုဏ်အာရုံတွေထဲမှာပဲ အချိန်ကုန်သွားခဲ့တယ်၊ လူ့ဘဝ ဘယ်လောက် ကြောက်စရာကောင်းတုန်းနော်၊ လုပ်ကိုင်စားသောက်ပြီးတော့ ဒီအတိုင်းပဲ အချိန်ကုန်သွားတယ်၊ ကုသိုလ်ကောင်းမှုအတွက် တစ်ခုမှမလုပ်ဘူး၊ ဒါနဲ့ ယမမင်းကြီးက ခုနက လိုပဲ ပြောတယ်၊ 'အေး . . . မင်းအလုပ် မင်းလုပ်ခဲ့တာ၊ မင်းလုပ်ခဲ့တဲ့ အကုသိုလ်တွေက မင်းပဲလုပ်တာ၊ မင်းအဖေ အမေ လုပ်တာ မဟုတ်ဘူးတဲ့၊ အဲဒီတော့ မင်းလုပ်တာ မင်းပဲ ခံရလိမ့်မယ်' တဲ့။

17 A

http://www.dhammadownload.com



နောက်တစ်ခါ 'တတိယတမန်ရော မတွေ့ခဲ့ဖူးလား' ဆိုတော့ 'မတွေ့ခဲ့ပါဘူး' တဲ့၊ 'အေး . . . သေဆုံးသွားတဲ့ လူတွေကို မတွေ့ခဲ့ဖူးလား' ဆိုတော့ 'တွေ့ခဲ့ပါတယ်' တဲ့၊ 'အဲဒီလူတွေ တွေ့တဲ့အခါကျတော့ ငါလည်းပဲ တစ်နေ့ သေရဦးမှာပဲလို့ မတွေးဘူးလား' တဲ့၊ 'တွေးပြီးတော့ မသေခင် ငါကောင်းတာတွေ လုပ်ဦးမှပဲလို့ မစဉ်းစားခဲ့ဘူးလား၊ စဉ်းစားပြီးတော့ ကောင်းတာတွေ မလုပ်ခဲ့ဘူးလား' ဆိုတော့ 'မေ့လျော့ခဲ့ပါတယ် မလုပ်ခဲ့ပါဘူး' တဲ့၊ ဟော . . . ဒီလိုပဲဖြေတယ်။

ယမမင်းကြီးက တမန် ၃-ယောက် 'သူအို၊ သူနာ၊ သူသေ' ဆိုတဲ့ တမန် ၃-ယောက်အကြောင်း မေးစစ်ပြီးတဲ့အခါ 'ကဲ-မင်းထိုက်နဲ့ မင်းကံ' အကယ်၍ သူက ကုသိုလ်ကောင်းမှုများ ရှိလို့ရှိရင် သူက ဖော်ပြီးတော့ပေးတယ်၊ ဖော်ပေးရင်လည်း အဲဒီ ပုဂ္ဂိုလ်က ကုသိုလ်ကို သတိရပြီး သူ့ကံအရှိန်နဲ့ လွတ်သွားတာ၊ ယမမင်းက လွှတ်ပေးတာ မဟုတ်ဘူးနော်၊ သူက ကူညီရုံ သက်သက်ပဲ၊ သူ ကူညီဖို့ လိုက်ရှာတာ ကူညီလို့ မရဘူး၊ သူက ကောင်းတာတွေက တစ်စက်မှမတွေ့ဘူး၊ မကောင်းတာတွေ ချည်းပဲ၊ 'ကဲ-မင်းထိုက်နဲ့ မင်းကံပဲ' လို့ဆိုပြီး တစ်ခါတည်း ငရဲသားတွေက ဆွဲခေါ်သွားတယ်။

ဆွဲခေါ်သွားပြီးတော့ ဘယ်ဘက်လက်ထဲမှာ သံချောင်းကြီး ထိုးထည့်လိုက်တယ်၊ မီးရဲရဲနဲ့ သံချောင်းကြီး ထိုးထည့်လိုက်တယ်၊ ညာဘက်လက်ထဲမှာ သံချောင်းကြီး ထိုးထည့်လိုက်တယ်၊ ဘယ်ဘက်ခြေထောက်မှာ သံချောင်းကြီး ထိုးရိုက်လိုက်တယ်၊ ညာဘက်ခြေထောက်မှာလည်း မီးရဲရဲတောက်နေတဲ့ သံချောင်း

http://www.dhammadownload.com



ကြီး ထိုးရိုက်ပြီး ရင်ဝမှာလည်း သံချောင်းကြီး ထိုးရိုက်လိုက်တယ်၊ သာမန်လူတစ်ယောက် ဆိုရင်တော့ သေမှာပေါ့၊ ငရဲသားက မသေဘူးတဲ့၊ ဘာဖြစ်လို့တုန်း ကံမကုန်သေးရင် မသေဘူးတဲ့၊ ခံရဖို့ သက်သက်ပဲဟာ၊ ဒီလို မီးပူနေတဲ့ သံချောင်းကြီး၊ ရဲရဲတောက်နေတဲ့ သံချောင်းကြီး ရင်ဝထိုးထားတာတောင်မှ မသေဘူးတဲ့၊ သူက အော်ဟစ်ပြီးတော့ အသက်ရှင်နေတုန်းပဲ၊ မောင်သက်ပြင်း ဆိုတာ ငရဲပြည်မှာရှိတာနော်၊ ကံမကုန်မချင်း သူတို့ ဘယ်တော့မှ မသေဘူးတဲ့။

အဲဒီ ငရဲဘုံမှာ ညှင်းဆဲလိုက်ပုံက အမျိုးမျိုးပဲ၊ ဇောက်ထိုးဆွဲပြီးတော့ ဓားမတွေနဲ့ ခုတ်တယ်၊ လှည်းမှာတပ်ပြီး နွားလိုမောင်းတယ်၊ မောင်းတဲ့မြေကြီးကလည်း မီးရဲရဲတောက်နေတဲ့ သံပူမြေကြီးပေါ်မှာ၊ မီးတောင်ကြီးပေါ် တက်ခိုင်းတယ်၊ မတက်ရင် နောက်ကရိုက်တယ်၊ အဲဒီလိုတွေလုပ်ပြီး နောက်ဆုံးကျ ဘယ်ထဲ ပစ်ချတုန်းဆိုရင် ငရဲအိုးကြီးထဲ ပစ်ချတယ်၊ ငရဲအိုးကြီးထဲ ပစ်ချ၊ ပွက်ပွက်ဆူနေတဲ့ ငရဲအိုးကြီးထဲက ပြန်ပေါ်လာပြီဆို ဆယ်၊ ဆယ်ပြီးတဲ့အခါကျတော့ အဝီစိငရဲကြီးထဲ ထည့်ပြီးတော့ ပိတ်လိုက်ပြန်တယ်၊ အဲဒီလိုနဲ့ ကံမကုန်မချင်း အဲဒီပုဂ္ဂိုလ်ဟာ အဝီစိငရဲထဲမှာ ဒီလိုပဲ ခံနေရတယ်တဲ့။

အဝီစိဆိုတာ သတ္တဝါတွေ အကြားအလတ် မရှိဘူး၊ မီးတောက်တွေရဲ့ အကြားအလတ်လည်း မရှိဘူး၊ ငရဲခံနေရတဲ့ သတ္တဝါတွေကလည်း ပြည့်နေတာ၊ အပ်ဗူးထဲမှာ အပ်ကလေးတွေ ထည့်ထားသလိုပဲတဲ့ ပြည့်နေတာ၊ ဒါကြောင့်မို့ အဝီစိလို့ခေါ်တာ၊ မီးတောက်တွေကလည်း စဉ်ဆက်မပြတ် တဟုန်းဟုန်း တောက်

http://www.dhammadownload.com



နေတာ၊ ချမ်းသာသုခရတဲ့ အကွက်ကလေးဆိုတာလည်း တစ်ခုမှ မရှိဘူး။

အဲဒီငရဲက လေးထောင့်အဆောက်အအုံကြီးတဲ့၊ အကြီးကြီး၊ တစ်ယူဇနာရှိတဲ့ လေးထောင့်အဆောက်အအုံကြီး၊ သံမိုး သံကာ သံခင်းနဲ့ သံတံခါးကြီးတွေ တပ်ထားတာ၊ တစ်ခါတစ်ရံကျရင် အဲဒီတံခါးကြီးတွေက 'ဂျောင်း' ဆိုပြီး ပွင့်လာတယ်၊ ပွင့်လာတဲ့ အခါကျတော့ ငရဲသားတွေက အဲဒီကနေ ထွက်ပြေးကြတာ၊ လွတ် မလားလို့၊ မလွတ်ဘူး၊ သက်သက် အဲဒါ ဒုက္ခပေးတာ၊ တံခါးကို ဖွင့်ပေးပြီး ထွက်ပြေးတဲ့လူတွေ ပိုပြီးတော့ အရိုက်ခံရတယ်၊ အဲသလိုနဲ့ပဲ ဒုက္ခတွေရောက်ပြီးတော့ လွတ်ထွက်သွားတဲ့ကောင် လည်း ငရဲအိုးထဲ တစ်ခါပစ်ချခံရပြန်တယ်၊ အဲသလို ဒုက္ခတွေ ရောက်ပြီးတော့ ငရဲခံရတယ်ဆိုတာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ဒေဝဒူတသုတ္တန်မှာ ဟောထားတာရှိပါတယ်။

ဒေဝဒူတသုတ်က ၂-သုတ်ရှိတယ်၊ အင်္ဂုတ္တိုလ်ထဲမှာ ၁-သုတ်၊ မဇ္ဈိမနိကာယ်မှာ ၁- သုတ်၊ အဲဒီ ၂-သုတ်ကို ဖတ်ကြည့်လို့ ရှိရင် ငရဲအကြောင်း သိကောင်းစရာတွေ အကုန်ပြည့်စုံအောင် သိရပါလိမ့်မယ်။

## တိရစ္ဆာန်ဘုံ

အဲသလို မကောင်းမှုအကုသိုလ်လုပ်တဲ့ ပုဂ္ဂိုလ်တွေ ခံရတဲ့ နေရာ ငရဲဆိုတာ အင်မတန်ဆင်းရဲတယ်။ အဲဒီထက် နည်းနည်း သက်သာတာကို ကြည့်လိုက်တော့ တိရစ္ဆာန်၊ ဟော - တိရစ္ဆာန် တွေ ခံနေရတာ အားလုံးမြင်ဖူးကြပါလိမ့်မယ်၊ လူတွေ စားဖို့

http://www.dhammadownload.com



အတွက် နေ့စဉ် ကြက်တွေ ဝက်တွေ တိရစ္ဆာန်တွေ သတ်ဖြတ်နေတာ နည်းတာမှ မဟုတ်ဘဲနဲ့နော်၊ ကြက်တွေကို ခြေထောက်မှာ ကြိုးနဲ့ချည်ပြီး စက်ဘီးနောက်က တင်ပြီးတော့ နင်းသွားတာ မမြင်ချင်အဆုံး၊ ဝက်တွေ ကြိုးတုပ်ပြီးတော့ မော်တော်ဆိုင်ကယ်မှာ ချိတ်ဆွဲသွားတာတွေ မမြင်ချင်အဆုံးနော်၊ ဘယ်သူကမှ 'မလုပ်ပါနဲ့' လို့ ကာကွယ်ပေးမယ့်သူ မရှိဘူးတဲ့၊ တိရစ္ဆာန်တွေရဲ့ ဘဝဟာ ဘယ်လောက်သနားစရာကောင်းလဲ။

လူတွေနဲ့နီးလို့ လူတွေရဲ့ ညှဉ်းဆဲခံရတဲ့ တိရစ္ဆာန်တွေသာ တွေ့ရတာ၊ တောထဲမှာ အာဖရိကတောရိုင်းထဲမှာ ကြည့်လိုက်ဦး၊ တိရစ္ဆာန်တွေဟာ သက်သာလားဆိုတော့ မသက်သာဘူး၊ ခြသေ့်စာ၊ ကျားစာ ဖြစ်ပြီးတော့ သေနေကြရတာပဲ၊ တစ်ကောင်မှ လွတ်တယ်လို့ မရှိကြဘူး၊ ရေထဲဆင်းရင် မိကျောင်းစာဖြစ်တယ်၊ မိကျောင်းကရော သူက လွတ်လားဆို မလွတ်ဘူး၊ သူလဲ ရန်သူနဲ့ပဲ၊ သူက ရွှေ့ကကောင်စား၊ သူ့ကို နောက်ကလုပ်နဲ့၊ အဲဒီလို **"အညမညခါဒိကာ ဒုဗ္ဗလခါဒိကာ"**၊ တိရစ္ဆာန်ဘဝ ကြည့်လိုက်မယ်ဆိုရင် တစ်ကောင်တစ်ကောင်စားပြီး အားရှိတဲ့အကောင်က အားနည်းတဲ့အကောင်ကို သတ်ဖြတ်စားသောက်နေတဲ့ ဘုံဘဝကြီး၊ အလွန်ကြောက်စရာ ကောင်းတယ်၊ အကုသိုလ်က အဲဒီလို ဘုံဘဝတွေ။

## ပြိတ္တာဘုံ

ပြိတ္တာဘဝ ကြည့်လိုက်မယ်ဆို စားရမဲ့မဲ့ သောက်ရမဲ့မဲ့ ဗိုက်ပူနံကား မျက်လုံးက ကျောပေါ် ရောက်လိုရောက်၊ နဖူးပေါ်

http://www.dhammadownload.com



ရောက်လိုရောက်၊ ကမောက်ကမတွေဖြစ်ပြီးနေရတဲ့ ဘဝမျိုးကြီး၊ ဒါကိုလူတွေက တစ္ဆေခြောက်တယ်ဆိုပြီး လန့်နေကြတာ၊ တကယ်ကတော့ သူတို့ဘုံဘဝကိုက ကြောက်စရာဘုံဘဝကြီး၊ အဲဒီလို ဘုံဘဝကနေ လွတ်လာတဲ့အခါ လူ့ဘဝ ရောက်လာတယ်၊ ကောင်းတဲ့ဘဝလေးရောက်လို့ ကောင်းတဲ့ အခြေအနေလေး ပေးတဲ့အချိန်မှာပဲ ကုသိုလ်ကောင်းမှုမလုပ်ဘဲနဲ့ အကုသိုလ်တွေ ဆက်လုပ်သွားရင် တစ်ခါသွားပြန်ရော၊ ငရဲဘုံဆိုတဲ့ အောက်ကို ပြန်ရောက်သွားပြန်ကယ်။

အေး - ဒါကြောင့်မို့ မြတ်စွာဘုရားက ၃၁-ဘုံအကြောင်းကို ဟောထားတာ၊ ကိုယ်တော်မြတ် ကိုယ်တော်တိုင် ကံတရားတွေရဲ့ အကြောင်းကိုသိရှိပြီး ထိုကံတရား လုပ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်ကံကိုလုပ်ရင် ဘယ်ကိုသွားတယ်ဆိုတာ ကိုယ်တိုင်သိတယ်။

သမထကျင့်စဉ်ဖြစ်တဲ့ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ စတဲ့ ဘာဝနာ တရားတွေပွားလို့၊ ကသိုဏ်းစတဲ့ သမထကျင့်စဉ်တွေကိုကျင့်လို့ ဈာန်အဘိညာဏ်တွေ ပေါက်ရောက်သွားတဲ့ ပုဂ္ဂိုလ်ကျတော့ ဗြဟ္မာ့ပြည်ရောက်ပြီး အသက်တွေ ရှည်ချင်တိုင်း ရှည်နေတယ်၊ ရုပ်တရားတွေကို စက်ဆုပ်ရွံ့မုန်းပြီး ပဉ္စမဈာန်ကို တိုးမြှင့်ပွားတဲ့ ပုဂ္ဂိုလ်တွေကျတော့ ရုပ်တရားမရှိတော့တဲ့ အရူပဘုံ ရောက်တယ်၊ ဒီလို သတ္တဝါမျိုးတွေကလည်း လောကမှာ ရှိသေးတယ်၊ ချမ်းသာသုခရနေတဲ့ သတ္တဝါတွေ။

ကမ္ဘာလောကကြီးတစ်ခုလုံးကို ကြည့်လိုက်မယ်ဆိုလို့ရှိရင် ၃၁-ဘုံဟာ သတ္တဝါမျိုးစုံတို့ရဲ့ ကျင်လည်ရာ ဖြစ်တယ်။ ကံအားလျော်စွာသတ္တဝါတွေ သံသရာထဲမှာလှည့်ပတ်နေကြရတယ်။

http://www.dhammadownload.com



## မှတ်တမ်း

သာသနာတော် သက္ကရာဇ် ၂၅၅၂-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း ၄-ရက်၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံတွင် ဆင်ယင်ကျင်းပ ပြုလုပ်သည့် ညဉ့်ဦးယံ ဓမ္မသဘင်ဝယ် စမ်းချောင်းမြို့နယ်၊ သီရိမင်္ဂလာလမ်း၊ အမှတ် (၈-ဘီ)နေ ဦးရဲမြင့်+ဒေါ်မေသင်၊ သား နိုင်ရဲလင်း၊ သမီး စုလှဲ့နိုင်၊ နှင်းဒါလီလင်း မိသားစုတို့၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"ဘဝနိဂုံး သေဆုံးခြင်း"** အကြောင်း တရားဒေသနာတော် ဖြစ်ပါသည်။

http://www.dhammadownload.com

# အခန်း - ၈

## ဘဝနိဂုံး သေဆုံးခြင်း

အဘိဓမ္မတသင်္ဂဟကျမ်း ဝီထိမုတ်ပိုင်း(ဘုံပိုင်း) မှာ ဘဝနိဂုံး သေဆုံးခြင်းအကြောင်းဆိုတာ တစ်ခန်းတစ်ကဏ္ဍ အနေနဲ့ ပါတယ်၊ ဘဝတစ်ခုရလာတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ဘဝတစ်ခုရဲ့ နိဂုံးဖြစ်တဲ့ သေဆုံးခြင်းနဲ့ ရင်ဆိုင်ကြရတယ်၊ ဘယ်အရာပဲဖြစ်ဖြစ် စ,ပါပြီဆိုရင် အဆုံးနဲ့ပဲ ရင်ဆိုင်ကြရမှာပဲ၊ အရာခပ်သိမ်းက အစ ရှိရင် အဆုံးရှိတာပဲ၊ အဖြစ်ရှိရင် အပျက်ရှိတာပဲ၊ အတက်ရှိရင် အကျရှိမယ်၊ နုပျိုခြင်းရှိရင် အိုမင်းခြင်းရှိမယ်၊ ကျန်းမာခြင်းရှိရင် ရောဂါရခြင်းရှိမယ်ဆိုတာ မရှောင်လွှဲနိုင်တဲ့ သဘာဝတရားတွေပဲ၊ ဘဝမှာ မွေးဖွားခြင်းရှိသလို သေဆုံးခြင်းဆိုတဲ့ အဆုံးသတ်ရှိတယ်၊ မည်သည့်သတ္တဝါမှာပဲဖြစ်ဖြစ် ဘဝတစ်ခုကို ရလာပြီဆိုလို့ရှိရင် ဘဝခရီးအချိန်ပိုင်းအတွင်းမှာ ဘဝတစ်ခုရဲ့အဆုံး နိဂုံးကို ရောက်ရှိသွားကြရတာ။

http://www.dhammadownload.com



ခရီးသွားနေတဲ့ လူတွေဟာလည်းပဲ ခရီးလမ်းဆုံးပန်းတိုင် destination ဆိုတာ ရှိတာချည်းပဲ၊ ဘယ်ခရီးသွားသွား ခရီးဆုံး ဆိုတာ ရှိတာချည်းပဲ၊ မီးရထားစီးရင်လည်း မီးရထားလမ်းရဲ့ ခရီးဆုံးဆိုတာ ရှိတယ်၊ ကားစီးရင်လည်း ကားလမ်းရဲ့ ခရီးဆုံး ဆိုတာရှိတယ်၊ လေယာဉ်ပျံနဲ့ သွားလို့ရှိရင်လည်း လေယာဉ်ပျံရဲ့ ခရီးဆုံးဆိုတာ ရှိတယ်၊ လှေနဲ့သွားရင်လည်း လှေရဲ့ ခရီးဆုံး၊ သင်္ဘောနဲ့သွားရင်လည်း သင်္ဘောရဲ့ခရီးဆုံးဆိုတာ ရှိတယ်။ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းဟာ ခရီးဆုံးဆိုတဲ့နေရာဟာ ရှိကိုရှိရမယ်၊ အဲဒါကြောင့်မို့ လူ့ဘဝရဲ့နိဂုံး သေဆုံးခြင်းဆိုတာဟာ ဘဝတစ်ခုကို အဆုံးသတ်တာဖြစ်လို့ ဘဝနိဂုံး ခရီးဆုံးပဲ၊ ဘဝခရီးကို မိခင်ရဲ့ ဝမ်းထဲကနေ စတင်ပြီးတော့ လျှောက်လှမ်းလာခဲ့ကြတာ၊ နောက်ဆုံးမှာ သေဆုံးခြင်းမှာပဲ အဆုံးသတ်တယ်။

**"မရဏပရိယော သာနံ ဇီဝိတံ" ဇီဝိတံ–** သတ္တဝါတွေရဲ့ အသက်ဟာ၊ **မရဏ ပရိယောသာနံ–** သေခြင်းမှာပဲ အဆုံးသတ် တယ်၊ မဆုံးတဲ့နေရာရယ်လို့ ရှိကို မရှိဘူးနော်၊ အရာခပ်သိမ်းမှာ အစရှိရင် အဆုံးရှိတာပဲ၊ **"ဇရာ ပရိယောသာနံ ယောဗ္ဗနံ" ယောဗ္ဗနံ–** နုပျိုခြင်းဟာလည်းပဲ၊ **ဇရာပရိယောသာနံ–**အိုမင်းခြင်း မှာပဲ ဆုံးတယ်တဲ့၊ ဆန့်ကျင်ဘက်ကလေးတွေနဲ့ သွားတယ်။

အဲဒါကြောင့်မို့လို့ ဘဝဆိုတာ ခန္ဓာငါးပါး ရထားတဲ့ ဖြစ်စဉ် လေးတစ်ခုပဲ၊ တစ်ဘဝနဲ့တစ်ဘဝ မတူညီတဲ့ ကံ အကြောင်းတရား တွေကြောင့် မတူညီတဲ့ အခြေအနေတွေကို တွေ့ကြုံခံစားရတဲ့ အတိုင်းအတာ အချိန်ပိုင်းလေး တစ်ခုပဲ။

http://www.dhammadownload.com



ထို့အတူ အတိုင်းအတာလေး တစ်ခုဟာ အစရှိသလို အဆုံးလည်းပဲ ရှိတယ်တဲ့၊ အဲဒီအဆုံးဟာ "ဘဝနိဂုံး သေဆုံးခြင်း" ပဲတဲ့၊ ဆိုလိုတာက စလာပြီ ဆိုလို့ရှိရင် အဆုံးတစ်ခုတော့ ရှိမှာပဲ၊ အဲဒီတော့ အပြန်အလှန်အားဖြင့် စဉ်းစားကြည့်မယ်ဆိုရင် လုံးဝ မစဘူးဆိုလျှင် အစမရှိလျှင် အဆုံးရှိနိုင်ပါ့မလား၊(မရှိနိုင်ပါဘုရား)၊ မြတ်စွာဘုရားက အစရှိရင်တော့ အဆုံးရှိလာမှာဆိုတော့ - ဆိုပါစို့ **"ဇာတိပစ္စယာ ဇရာမရဏံ"** မွေးဖွားခြင်းကြောင့် အိုခြင်းနဲ့ သေခြင်းဟာ ဖြစ်ပေါ်တယ်၊ **"မရဏန္တံ ဟိ ဇီဝိတံ" ဇီဝိတံ–** သတ္တဝါတွေရဲ့အသက်ဟာ၊ **မရဏန္တံ–** သေခြင်းမှာပဲ ဆုံးတယ်တဲ့။

"ဘဝတစ်ခုသည် သေခြင်းမှာ အဆုံးသတ်တယ်" ဆိုတော့ သတ္တဝါတွေ ဘာကြောင့် သေနေကြသလဲ? သေပုံသေနည်းက ဘယ်နှစ်မျိုးရှိပါသလဲ? လောကမှာ သေပုံသေနည်း အမျိုးမျိုး ရှိတဲ့အထဲမှာ အဘိဓမ္မတသင်္ဂဟကျမ်းအရ ပြောရမယ်ဆိုရင် သတ္တဝါတစ်ဦး သေတာဟာ အကြောင်းလေးမျိုး ရှိတယ်လို့ ပြောတယ်တဲ့။

နံပါတ် (၁) က **"အာယုက္ခယ"** တဲ့၊ သတ်မှတ်ထားတဲ့ သက်တမ်းတစ်ခုကုန်လို့ သေတာ **အာယုက္ခယ** တဲ့၊ **အာယု–**ဆိုတာ သက်တမ်း၊ **ခယ–**ဆိုတာ ကုန်ဆုံးသွားတာ၊ သက်တမ်းကုန်လို့ သေတာ၊ အဲဒါဟာ အကြောင်းတစ်ခုပဲ၊ သေနေ့စေ့လို့ သေတယ်လို့ ပြောလို့ရမှာပေါ့နော်။

လူတွေမှာ သက်တမ်းဆိုတာရှိတယ်၊ လူတွေရဲ့ သက်တမ်း ဟာ အတည်တကျ မရှိဘူး၊ ရှည်တဲ့အခါ ရှည်တယ်၊ တိုတဲ့အခါ တိုတယ်၊ ထိုကဲ့သို့ အရှည်အတို ဖြစ်ပေါ်နေခြင်းဟာ ယခင်

http://www.dhammadownload.com



ရက်တွေက ပြောခဲ့သလိုပဲ ဥတုနဲ့ အာဟာရက အဆုံးအဖြတ် ပေးသွားတာ၊ လူတွေရဲ့သန္တာန်မှာရှိတဲ့ ဥတုနဲ့ အာဟာရ၊ လူတွေ မှီခိုနေကြရတဲ့ ဥတုနဲ့ အာဟာရ။ ထို ဥတုအာဟာရ နှစ်ရပ် ပေါင်းစပ်ထားတဲ့ အခြေအနေအပေါ်မှာ လူရဲ့ဘဝက ရပ်တည် နေတာ ဖြစ်သောကြောင့် ယေဘုယျအားဖြင့် လူရဲ့သက်တမ်း တစ်ခုကို သတ်မှတ်ပြီးတော့ ပြောကြရတယ်။

လူတွေရဲ့သက်တမ်းက အစဉ်အမြဲ သတ်မှတ်ထားတာ မရှိဘူးတဲ့၊ ဘာလို့တုန်းဆိုလို့ရှိရင် လူ့သမိုင်းကြောင်းကို ပြန်ကြည့် လို့ရှိရင် လူတွေမှာ တစ်ချိန်တစ်ခါ ရေတွက်လို့ မရလောက်အောင် အသက်တွေသိပ်ရှည်တဲ့ အသင်္ချေယျတမ်းဆိုတာလည်း ရောက်ခဲ့ ဖူးတယ်နော်၊ အသက်ရှည်တဲ့ အတမ်း၊ ထို အသက်ရှည်တဲ့ အတမ်းက တဖြည်းဖြည်း ဆုတ်ယုတ်လာတဲ့အခါကျတော့ တစ်သိန်းတမ်း၊ တစ်သိန်းတမ်းက ၈-သောင်းတမ်း၊ ၈-သောင်း တမ်းကနေပြီးတော့ လျော့လာလိုက်တာ၊ ၆- သောင်းတမ်း၊ တဖြည်းဖြည်းနဲ့ နောက်ဆုံးကျတော့ ၁၀၀-တမ်း၊ ၁၀၀-တမ်း ကနေ နောက် ၁၀-နှစ်တမ်း။

၁၀-နှစ်တမ်းကနေ တစ်ခါပြန်ပြီး လူ့ရဲ့သက်တမ်းဟာ ရွေ့လျားသွားပြန်တယ်၊ အနှစ် ၂၀၊ အနှစ် ၂၀ က ၄၀ ဆိုပြီးတော့ ခေါက်ချိုး ခေါက်ချိုး လူတွေရဲ့သက်တမ်းက တက်သွားတာ၊ မရေ မတွက်နိုင်အောင် အသက်ရှည်သွားပြန်တယ်၊ လူတွေရဲ့ သက်တမ်းဟာ အခြေအနေတွေပေါ်မှာ မူတည်ပြီးတော့ တက်ချည်ကျချည် ဒီလိုရှိတယ်။

http://www.dhammadownload.com



အခုသက်တမ်းဟာ ဆုတ်ယုတ်နေတဲ့ အတိုင်းအတာတစ်ခုလို့ ပြောရမယ်၊ လူတွေရဲ့သက်တမ်းဟာ ဆုတ်ယုတ်နေတယ်၊ ဘာကြောင့် ဆုတ်ယုတ်တာတုန်းဆိုတော့ အဓိကအကြောင်းက လူတွေရဲ့သန္တာန်မှာဖြစ်တဲ့ အကုသိုလ်တရားတွေ ကြီးထွားလာမှုကြောင့် လူတွေရဲ့သက်တမ်းက တဖြည်းဖြည်း ဆုတ်ယုတ်တာ။

လူတွေရဲ့သန္တာန်မှာဖြစ်တဲ့ အကုသိုလ်တွေကြောင့် ဥတုတွေ ပျက်လာတယ်၊ ဥတုတွေ ပျက်လာတဲ့အတွက်ကြောင့် အာဟာရတွေက အဆီသြဇာ နည်းလာတယ်၊ အဲဒီ ဥတုပေါ် မှီပြီးတော့ အဲဒီအာဟာရတွေကို မှီခိုစားသောက်နေရတဲ့ လူတွေရဲ့သက်တမ်းဟာလည်း လျော့ကျလာတယ်တဲ့၊ အကြောင်းအကျိုးက အဲသလိုဆက်စပ်ပြီးတော့နေတယ်၊ မကောင်းတဲ့ ရာသီဥတုမှာ သီးပွင့်ကြတဲ့ အာဟာရတွေကို စားသုံးလို့ရှိရင် ထိုအာဟာရဓာတ်တွေက လူတွေရဲ့အသက်ကို နှစ်ပေါင်းများစွာကြာအောင် ထိန်းထားနိုင်စွမ်း မရှိဘူးတဲ့။

**"သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ"** သတ္တဝါ အားလုံးဟာ အာဟာရကြောင့် တည်တံ့ပြီးတော့ နေကြရတာ၊ အာဟာရကြောင့် နေကြရတာဆိုတာ အာဟာရက မထောက်ပံ့နိုင်ဘူးဆိုရင် သတ္တဝါတွေ မတည်တံ့နိုင်ဘူး၊ ဒါကြောင့်မို့ သက်တမ်းက တဖြည်းဖြည်း လျော့ကျလာသတဲ့။

ဒီလျော့ကျလာတဲ့ သက်တမ်းဟာ လူတွေရဲ့ ကံကြမ္မာပေါ်မှာ မှီတည်ပြီးနေတော့ လူအများစုက ကောင်းတဲ့စိတ်ထားတွေ မွေးလာလို့ ကောင်းတဲ့ကံတွေ ပိုများလာပြီ ဆိုလို့ရှိရင်လည်းပဲ

http://www.dhammadownload.com



ဥတုတွေပြောင်းလဲချက်၊ အာဟာရတွေ အဆီဩဇာ ပြည့်ဝလာမှုကြောင့် လူ့ရဲ့သက်တမ်းဟာ တဖြည်းဖြည်း တက်သွားမှာပေါ့၊

တက်သွားပြီး နောက်ဆုံးမှာ ပြန်ကျလာတဲ့အချိန် အနှစ် ၈-သောင်းတမ်း ရောက်ပြီဆိုရင် ဘဒ္ဒကမ္ဘာမှာ ငါးဆူမြောက်ဖြစ်တဲ့ အရိမေတ္တေယျမြတ်စွာဘုရားဆိုတာ ပွင့်မယ်တဲ့၊ ဒီလိုဆိုတယ်။

ဘုရားများဟာ "တက်ကပ်"မှာ ဘယ်တော့မှ မပွင့်ဘူးတဲ့၊ ဆုတ်ကပ်ကျမှ ပွင့်တယ်၊ လူတွေရဲ့သက်တမ်းဟာ တက်လိုက်ကျလိုက်ရှိတဲ့အထဲမယ် ကျသွားတဲ့အပိုင်း၊ အဲသလို ဆုတ်လာတဲ့ အပိုင်းမှာလည်းပဲ အမြင့်ဆုံး ၁-သိန်းတမ်း၊ အနည်းဆုံး ၁၀၀-တမ်း၊ အဲဒီကြားမှာပဲ ပွင့်တယ်တဲ့၊ ၁၀၀-တမ်းအောက် ကျသွားပြန်ရင်လည်း ဘုရားမပွင့်နိုင်ဘူး၊ ဘာဖြစ်လို့ မပွင့်တုန်းဆိုလို့ရှိရင် ထိုအချိန် လူတွေရဲ့သန္တာန်မှာ လောဘတွေ ဒေါသတွေ မောဟတွေဟာ ကြီးစိုးနေသည့်အတွက်ကြောင့် တရားဓမ္မကို ဟောပြောဖို့ရန် ခက်ခဲသွားတယ်၊ ခံနိုင်ရည်တွေ အားနည်းသွားတယ်၊ တရားကိုသိဖို့ အသိဉာဏ်တွေ အားနည်းသွားတယ်။

ဒီကနေ့ခေတ်တောင် လူတွေဟာ စားဝတ်နေရေးနဲ့ လုံးပမ်းပြီးတော့ နေကြတဲ့အတွက်ကြောင့် တရားဓမ္မ အားထုတ်ဖို့ဆိုတာ အင်မတန်မှ အခွင့်အရေးတွေ နည်းလာတယ်၊ လူတွေရဲ့ စိတ်တွေဟာ ကြောင့်ကြစိတ်တွေ ပိုပြီးတော့ များလာတယ်၊ ဒါ ကမ္ဘာကို ခြုံပြီးတော့ ပြောတာနော်၊ တစ်ကမ္ဘာလုံးကို ခြုံပြီးတော့ ပြောမယ်ဆိုရင် လူတွေရဲ့ အခြေအနေအရပ်ရပ်က လွန်ခဲ့တဲ့ အနှစ် ၄၀-၅၀ တုန်းကနဲ့ မတူဘူး၊ အများကြီး ပြောင်းလဲသွားပြီ။

http://www.dhammadownload.com



လွန်ခဲ့တဲ့ အနှစ် ၄၀-၅၀ လောက်တုန်းက လူတွေရဲ့ စိတ်ဓာတ်က အေးချမ်း ငြိမ်သက်မှုရှိသော်လည်း ဒီကနေ့ခေတ်မှာ ပိုပြီးတော့ ပူလောင်လာတယ်၊ လောဘတွေ ပိုများလာတယ်၊ ဒေါသတွေ ပိုများလာတယ်၊ ဘုန်းကြီးတို့ ဘဝမှာ မကြားဖူးတဲ့ အခြေအနေဆိုးတွေ အခုကြားရတယ်၊ အားလုံးသိကြတဲ့အတိုင်း ဒီကနေ့ခေတ်မှာ ပေါ်လာတာ၊ Terrorism တဲ့၊ အကြမ်းဖက်ဝါဒ တွေ terrorist အကြမ်းဖက်သမားတို့၊ အကြမ်းဖက်သမားဝါဒတို့ ဆိုတာ ဘယ်သူ့ကိုမှ မရှောင်ဘူး၊ တွေ့သမျှ လူမှန်သမျှကို ဒုက္ခ ပေးတဲ့ဝါဒမျိုး ဖြစ်လာတယ်၊ ဟိုးရှေးတုန်းက ဒီလိုဟာမျိုး မဟုတ် ဘူး၊ လူအချင်းချင်းမုန်းလို့ သတ်ချင်သတ်လိမ့်မယ်၊ ရာဇဝတ်မှု ကျူးလွန်ပြီး သတ်ချင်သတ်လိမ့်မယ်၊ တစ်စုံတစ်ခုသောအကြောင်း ရည်ရွယ်ချက်နဲ့ လုပ်တာဖြစ်မယ်၊ အခုကျတော့ အဲလိုမဟုတ်ဘူး၊ ကိုယ်သိတဲ့လူရော မသိတဲ့လူရော၊ အပြစ်ကင်းသူရော အပြစ် မကင်းသူရော အားလုံးရောပြီးတော့ ဘယ်သူသေသေ စိတ်ဓာတ် တွေ ဝင်လာတယ်ပေါ့၊ **"တိဗ္ဗော အာဃာတော"** အလွန်ပြင်းထန် တဲ့ အာဃာတတွေတဲ့၊ ဒီလိုပြောရမှာပေါ့။

လူတွေရဲ့စိတ်ထဲမှာ အဲဒါတွေ ကိန်းအောင်းလာတယ်၊ ကိန်းအောင်းလာတာဟာ တဖြည်းဖြည်း များလာတဲ့သဘော ရှိတယ်၊ လျော့သွားတယ်လို့ မရှိဘူးနော်၊ တစ်နေရာ တစ်နေရာမှာ လျော့ပါးနေတာ ရှိကောင်းရှိမယ်၊ နေရာတိုင်းမှာ လုံခြုံရေးဆိုတာ အတော်တင်းကြပ်လာတယ်၊ လေယာဉ်ပျံနဲ့ ခရီးသွားတဲ့ပုဂ္ဂိုလ်တိုင်း ဒါကို သတိထားမိလိမ့်မယ်၊ လေယာဉ်ပျံနဲ့ ခရီးသွားလို့ရှိရင် check in ဆိုတာ အမျိုးမျိုးပါပဲ၊ ဟိုလို check ဒီလို check နဲ့၊ တချို့

http://www.dhammadownload.com



နိုင်ငံများဆိုလို့ရှိလျှင် စက်နဲ့ check နဲ့ လုပ်လိုက်လို့ရှိလျှင် အကုန်လုံး အဝတ်အစားဘာညာ၊ မိမွေးဖမွေးတိုင်း ရုပ်ပုံထင်အောင် စက်ကိရိယာတွေ တီထွင်ပြီးတော့ထားတယ်၊ အဲဒီစက်တွေတောင် တပ်ဆင်ပြီးတော့ ထားတယ်။

လေယာဉ်ပျံနဲ့ ခရီးသွားရာမှ လုံခြုံရေးတွေက ပိုပြီးတော့ တင်းကြပ်လာတယ်ဆိုတာကိုက အန္တရာယ်တွေ များလာတယ် ဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ပြနေတယ်၊ မြေပြင်လမ်းလျှောက်ဦး မလား၊ မြေပြင်လမ်းလျှောက်မယ် ဆိုလို့ရှိရင် ဟိုနယ်ခြားဒေသ အန္တရာယ်ရှိတဲ့နေရာတွေမှာ ဆိုလို့ရှိရင် မိုင်းဗုံးတက်နင်းမိမှာ အလွန်ကြောက်နေရတဲ့ အနေအထားမျိုး၊ ကောင်းကင်က သွားလည်း အန္တရာယ်မကင်းဘူး၊ မြေပြင်က လမ်းလျှောက်လည်း အန္တရာယ် မကင်းဘူး၊ ရေထဲသွားပြန်တော့လည်း အန္တရာယ် မကင်းဘူး၊ အဲတော့ လူ့လောကကြီးဟာ လောဘ ဒေါသ မောဟ တွေ ကြီးမားလာလို့ ကြီးထွားလာလို့ ဆုတ်ယုတ်ပျက်ပြားလာတယ် ဆိုတာ သေချာတဲ့ အချက် ၁-ခုပဲ။

လက်တွေ့မျက်မြင်နဲ့ ဆင်ခြင်သုံးသပ်ပြီးတော့ ကြည့်မယ် ဆိုလို့ရှိရင် နှလုံးရဲ့အေးချမ်းမှုဆိုတာ အင်မတန်မှ နည်းလာတယ်၊ လူ့လောကမှာ လူတွေဟာ ယှဉ်ပြိုင်မှုတွေ များလာတယ်၊ စီးပွား တိုးတက်လာလေလေ ယှဉ်ပြိုင်မှုတွေ များလာလေလေ၊ အင်္ဂလိပ် လိုတော့ tension ခေါ်တာပေါ့၊ တိုးတက်ကြီးထွားလာလို့ရှိရင် tension တွေ ပိုများလာတယ်၊ မြန်မြန်တိုးတက်လေလေ tension များလေလေ၊ စီးပွားဥစ္စာ တိုးတက်လေလေ tension

http://www.dhammadownload.com



များလေလေပဲ၊ လူတွေဟာ ပိုပြီးတော့ ငြိမ်းချမ်းသွားတာ မဟုတ်ဘူး။

နဂိုကတော့ ထင်ကောင်း ထင်လိမ့်မယ်၊ မတောင့်မတ မကြောင့်မကျ စီးပွားဥစ္စာတွေ ဖြစ်ထွန်းလို့ ပိုက်ဆံတွေ များများ ရှိရင် ချမ်းချမ်းသာသာ နေရမယ်၊ စိတ်အေးလက်အေး နေရမယ်လို့ ထင်ကောင်းထင်မယ်၊ မဟုတ်ဘူး၊ ချမ်းသာတဲ့သူက ပိုပြီးတော့ tension များတယ်နော်၊ သူတောင်းစားကမှ ခွက်ကလေး ချပြီး လမ်းဘေးမှာအိပ်လို့ ရသေးတယ်၊ ပိုက်ဆံချမ်းသာတဲ့သူက ဘယ်အိပ်ရဲမလဲ၊ အဲဒီနေရာမျိုး။ tension ပိုများလာတာပေါ့၊ စီးပွားရေး တိုးတက်လာတာဆိုရင် တစ်ဖက်ကနေပြီးတော့ ကြောင့်ကြစိတ်တွေ ဆိုတာဟာ ပူပန်တတ်တဲ့ စိတ်တွေပဲ၊ ကြောင့်ကြတယ် ပူပန်တယ်ဆိုတာ ဘာပြောတာတုန်း ဆိုလို့ရှိရင် ဒေါမနဿကိုပြောတာ၊ ဒေါမနဿဆိုတဲ့ သဘောတရားဟာ ဒေါသမူစိတ်မှာ ယှဉ်ပြီးတော့ဖြစ်တယ်၊ ဒေါသနဲ့ ယှဉ်တွဲပြီးတော့ လာတဲ့ ပူပန်ကြောင့်ကြမှုတစ်ခုဖြစ်တယ်၊ ဒေါသတွေ ဖြစ်နေတယ်။

လူတွေက စိတ်ဆိုးမှ ဒေါသဖြစ်တယ် ထင်နေတာ၊ မဟုတ်ဘူး၊ ကြောက်ရင်လည်း ဒေါသပဲ၊ မုန်းတီးတာတင် ဒေါသမဟုတ်ဘူး၊ စိတ်ဆိုးတာတင် ဒေါသမဟုတ်ဘူး၊ ကြောက်တာလည်း ဒေါသပဲ၊ ဒါကြောင့်မို့ hatred, fear, anger လို့၊ ဒေါသနဲ့ ပတ်သက်ပြီးတော့ အင်္ဂလိပ်လို ပြန်ကြတာ၊ hatred တစ်ခုတည်းတင် ဒေါသ မဟုတ်ဘူး၊ fear လည်း ဒေါသပဲ၊ စိုးရိမ်ကြတယ်၊ ကြောက်လန့်ကြတယ်၊ ဒေါသနဲ့ယှဉ်တွဲပြီးတော့ ဖြစ်ပေါ်လာတဲ့ စိတ်အခြေအနေတွေ၊ အဲဒီ စိတ်အခြေအနေတွေ ဖြစ်ပေါ်လာ

http://www.dhammadownload.com



လျှင် peaceful mind ဆိုတာ ဆုံးရှုံးသွားတယ်၊ အဲဒီတော့ ခန္ဓာကိုယ်က ထွက်လာတဲ့ chemical တွေ ဓာတ်ငွေ့တွေကလည်း ဘယ်အေးချမ်းနိုင်တော့မလဲ။

မအေးချမ်းသည့်အတွက်ကြောင့် ကမ္ဘာကြီးဟာ ပိုပိုပြီး ပူလာတယ်၊ ဘယ်သူ့ကြောင့် ပူတာတုန်း၊ လူတွေပူလို့ ပူတာနော်၊ လူတွေ ပူလား မပူလားဆို တစ်ယောက်ထိုင်သွားတဲ့နေရာ သွားပြီး ထိုင်ကြည့်ပါလား၊ ပူနေမှာပဲ၊ သေချာတယ်၊ ဒါကြောင့်မို့ ဒါတွေက ကျိုးကြောင်းအနေနဲ့ ဆက်သွယ်ပြီးတော့နေတာ၊ **'ကမ္မပစ္စယ ဥတုသမုဋ္ဌာန်'** ကံကို အခြေခံပြီးတော့ ဥတုရာသီတွေက ပြောင်းလဲနေတယ်၊ ရာသီဥတုပေါ် မူတည်ပြီး အာဟာရဓာတ်တွေက ပြောင်းလဲနေတာ၊ အာဟာရဓာတ်တွေပေါ် မှီနေရတဲ့ လူရဲ့သက်တမ်းဟာ ဆုတ်ယုတ်မှု၊ တိုးတက်မှုဆိုတာ ဖြစ်တာ။

ဒါကြောင့်မို့ လူ့ရဲ့သက်တမ်းဟာ **"အာယုဂဏနာယ နိယမော နတ္ထိ"** ဆိုတဲ့အတိုင်း သက်တမ်းရဲ့ အရေအတွက် ဂဏန်းဟာ မမြဲဘူးတဲ့၊ ဘာလို့ မမြဲလဲဆိုလျှင် ခုနကလို ဥတု အာဟာရပေါ်မှာ မှီတည်ပြီး လူတွေရဲ့သက်တမ်းဟာ တက်လိုက် ကျလိုက်၊ ဒီလို နှစ်မျိုးကြုံနေလို့ မမြဲဘူး။

ယခုခေတ် ၁၀၀-တမ်းလို့ ခေါ်တာဟာ ၁၀၀ တိတိကို ပြောတာမဟုတ်ဘူး၊ တစ်ရာ ဆိုတာ ယေဘုယျစကားတစ်ခု၊ ၁၀၀ ရှည်ချင်ရှည်မယ်၊ ၁၂၀ ရှည်ချင်ရှည်မယ်၊ ၁၀၀ တမ်းမှာပဲ ၁၆၀ လောက် ရှည်ချင်ရှည်မယ်နော်၊ သို့သော်လည်း ၂၀၀ ထိအောင် ရောက်ဖို့ မရှိနိုင်ဘူးတဲ့၊ ဒီအောက်လျော့ကျပြီးတော့ လာတယ်၊

http://www.dhammadownload.com



သတင်းစာထဲက နာရေးကြော်ငြာ ဖတ်ကြည့်လိုက်လျှင် ၆၀ ကျော်ဆို သွားကုန်ကြပြီနော်၊ အဲဒါကြောင့်မို့ တချို့က ၇၅ နှစ်တမ်းလို့တောင်သတ်မှတ်တယ်၊ ၇၅ နှစ်တမ်း၊ ဘာလို့တုန်းဆိုလျှင် အသက် ၅၀ လောက်၊ ၆၀ လောက်ဆိုလျှင် အဘိုးကြီး အဘွားကြီး ဖြစ်လာပြီ၊ ၇၅ နှစ်ဆိုရင် တော်တော့ကို အသက်က ကြီးသွားပြီလို့၊ အေး - သက်တမ်းကုန်ပြီဆိုရင်တော့လည်း ဘယ်သူပဲဖြစ်ဖြစ် သေဆုံးရမှာပဲတဲ့၊ ဒါ သက်တမ်းကုန်လို့သေတာ၊ "အာယုက္ခယ" လို့ ခေါ်တယ်။

သို့သော် သက်တမ်းတိုတဲ့ ခေတ်ထဲမှာ ဆေးဝါးတွေ ဓာတ်စာတွေနဲ့ နည်းအမျိုးမျိုးနဲ့ သက်တမ်းရှည်ဖို့ ကြိုးစားနေသူတွေလည်း ရှိတယ်၊ သို့သော် အောင်မြင်တယ်လို့တော့ မကြားရဘူးနော်၊ ရသာယနဆေးတွေ ဓာတ်တွေ အားကိုးပြီး အသက်ရှည်ဖို့ ကြိုးစားကြတယ်၊ ဘယ်လိုပဲ ကြိုးစားကြိုးစား၊ မြတ်စွာဘုရားတောင်မှ ၁၀၀-တမ်းမှာ လူဖြစ်လာရပေမယ့် အသက် ၈၀ ပဲနေရတယ်။ မြတ်စွာဘုရားရဲ့ ကုသိုလ်ကံကို ပြောမယ်ဆိုရင် အသင်္ချေ ထိအောင် နေနိုင်တဲ့ကံ ရှိသော်လည်းပဲ ဥတု အာဟာရဆိုတဲ့ အကြောင်းပေါ်မှာ အခြေပြုနေရသည့် လူရဲ့သက်တမ်းအတိုင်း သက်တော်-၈၀ မှာ ပရိနိဗ္ဗာန် စံသွားရတယ်၊ အာယုက္ခယ သက်တမ်းကုန်လို့ သေတယ်တဲ့၊ ဒါ ရိုးရာသေတာ၊ အသက်ကြီး လို့ သေတယ်လို့ ပြောရမယ်။

သို့သော် သေပြီဆိုရင်တော့ အကြောင်းတစ်ခုခုတော့ လာတာပဲပေါ့၊ သေဖို့ရာ အကြောင်းတစ်ခုခု ဖြစ်လာတတ်တယ်၊ ဒါကိုလည်းပဲ ဆင်ခြင်စဉ်းစားထားသင့်တဲ့ အချက်တစ်ချက်ပဲ၊

http://www.dhammadownload.com



"ဘဝအရေးဝယ် ထာဝရတွေးထားရမည့် အချက်များ" ဆိုပြီး ဘုန်းကြီးတို့ ဟောထားတဲ့တရားတစ်ပုဒ် ရှိတယ်၊ **"မရဏာဓမ္မော မှိ မရဏံ အနတီတော"** ငါဟာ သေခြင်းသဘောရှိတယ်၊ သေခြင်းဆိုတဲ့ သဘာဝကို ငါကျော်ဖြတ်ပြီး မသွားနိုင်ဘူး၊ ခုန်ကျော်လို့ မရဘူးဆိုတဲ့အချက်ကို တွေးရမယ်တဲ့၊ မတွေးဘဲ မနေရဘူး၊ မြတ်စွာဘုရားက **"အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ"** တဲ့၊ မပြတ်မလပ် ဆင်ခြင်ပေးရမယ်၊ ဒီလို ဆင်ခြင်ပေးတာ အကျိုး ရှိတယ်၊ ရှေးဆရာတော်ကြီးတွေကလည်း "သေခြင်းတစ်ပါး၊ ဤတရားကား၊ စီးပွားများမြောင်၊ အကျိုးဆောင်သည်၊ အိုအောင် အောက်မေ့စီးဖြန်းကြ" တဲ့။

"စီးပွား" ဆိုတာ ပစ္စည်းဥစ္စာတွေ တိုးတက်တာကိုပြောတာ မဟုတ်ဘူးနော်၊ စီးပွားဆိုတာ အကျိုးကျေးဇူးတွေ ဖြစ်ထွန်းစေ နိုင်တယ်လို့ ပြောတာ၊ 'သေခြင်းတစ်ပါး ဤတရားကား စီးပွား များမြောင်' အကျိုးတရားတွေ မြောက်မြားစွာ ရနိုင်တယ်၊ ဒီဘဝ တင်ပဲ ဘာအကျိုးရတုန်း ဆိုလို့ရှိရင် သေဆုံးတဲ့အခါမှာ ရဲရဲဝံ့ဝံ့ သေဝံ့တယ်ပေါ့၊ သေခြင်းတရားကို ရင်ဆိုင်ဝံ့တယ်၊ အဲဒီ မကြောက်မရွံ့ ရင်ဆိုင်ဝံ့တာကိုက အကျိုးကျေးဇူး တစ်ခုပဲ၊ ကြောက်ကြောက်လန့်လန့်နဲ့ သေသွားရတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဟာ ဘယ်လိုလုပ်ပြီး ကောင်းရာသုဂတိ ရောက်နိုင်မှာတုန်း၊ အေးအေးချမ်းချမ်း လုပ်နိုင်မှာ မဟုတ်ဘူးတဲ့။ ဒါကြောင့်မို့ ရဲရဲဝံ့ဝံ့ ပြုံးပြုံးရွှင်ရွှင်နဲ့ သေခြင်းတရားကို ရင်ဆိုင်သွားနိုင်အောင် လေ့ကျင့်ထားရမယ်လို့ ဒီလိုပြောတာနော်။

http://www.dhammadownload.com



မရဏာသတိ ဆိုတာ တချို့က "အမယ်လေး မင်္ဂလာမရှိ ဘာမရှိနဲ့" ဆိုပြီး အမင်္ဂလာလို့ ထင်နေတယ်၊ အမင်္ဂလာဆိုတာ အဲဒါခေါ်တာ မဟုတ်ဘူး၊ "အကုသိုလ် လုပ်နေတာမှ အမင်္ဂလာ အစစ်"၊ သို့သော် အကုသိုလ်လုပ်တာကျတော့ အမင်္ဂလာလို့ မထင်ဘူး၊ မင်္ဂလာလို့ ထင်နေသေးတယ်၊ သေတာကျတော့ အမင်္ဂလာလို့ ထင်တယ်၊ အေး - သေခြင်းအကြောင်း ပြောလို့ရှိရင် နိမိတ်မရှိ၊ နမာမရှိလို့ လူတွေက ပြောကြတယ်နော်။

မြတ်စွာဘုရားကတော့ 'သေခြင်းတစ်ပါး၊ ဤတရားကား စီးပွားများမြောင် အကျိုးဆောင်သည်၊ အိုအောင် အောက်မေ့ စီးဖြန်းကြ' ဆိုတဲ့အတိုင်း တစ်သက်လုံး စီးဖြန်းလို့ ဒီလိုပြောတာ၊ စီးဖြန်းခိုင်းတာ၊ စီးဖြန်းတယ်ဆိုတာ စိတ်ကို လေ့ကျင့်ပေးထားတာ။

အာဠဝီပြည် မြတ်စွာဘုရား ကြွပြီးတော့ တရားဟောတာ၊ မရဏာသတိကမ္မဋ္ဌာန်းကို ဟောခဲ့တာပဲ၊ အဲသလို မရဏာသတိ ကမ္မဋ္ဌာန်းကို ဟောလိုက်တဲ့အခါမှာ ထောင်ပေါင်းများစွာသော ပရိသတ်တွေ လာပြီးနာပေမယ့်လို့ ပရိသတ်ထဲမှာ မရဏာသတိ ဘာဝနာကို လေ့ကျင့်တဲ့ပုဂ္ဂိုလ်က တစ်ယောက်တည်းပဲရှိတယ်၊ ကျန်တဲ့ပုဂ္ဂိုလ်တွေက မလေ့ကျင့်ကြဘူး၊ နာပြီး ပျောက်သွားတာပဲ။

လေ့ကျင့်တာကတော့ ရက္ကန်းသည်ရဲ့ သမီးကလေး တစ်ယောက်ပဲ၊ မြတ်စွာဘုရားဟောထားတဲ့ တရားကို စွဲစွဲမြဲမြဲ မှတ်သားပြီးတော့ သေခြင်းတရားကို အမြဲတမ်း ဆင်ခြင်တယ်၊ သူတစ်ယောက်ပဲရှိတယ်တဲ့၊ ဒါကြောင့်မို့ မြတ်စွာဘုရားကြွလာလို့ မေးခွန်းမေးတဲ့အခါကျတော့ အမှန်ဖြေနိုင်တာ သူတစ်ယောက်ပဲ

http://www.dhammadownload.com



ရှိတယ်၊ ကျန်တဲ့သူတွေက ဘာဖြေရမှန်းမသိဘူး၊ ဖြေလိုက်ရင် အလွဲချည့်၊ မေးခွန်း ၄-ပုဒ်၊ အားလုံးသိကြတဲ့အတိုင်း။

အဲဒီသတို့သမီးလေး လာတဲ့အခါ မြတ်စွာဘုရားက သူ့ အနားလာဖို့ အရိပ်အယောင်ပြတော့ အမျိုးသမီးက ဘုရားနား လေးထိအောင်လာပြီး ဝတ်ပြုတယ်။ မြတ်စွာဘုရားက မေးတယ်- "ဘယ်က လာတာတုန်း" လို့မေးတယ်၊ သေခြင်းတရားကို ဆင်ခြင် စဉ်းစားမှုမပြုတဲ့ ပုဂ္ဂိုလ်တွေကတော့ အိမ်က လာတယ်လို့ပဲ ထင်တယ်၊ မြတ်စွာဘုရားက မေးလိုတာက ဘယ်ဘဝက လာခဲ့ တာတုန်းလို့မေးတာ၊ အဲတော့ ဘယ်ကလာတာတုန်းဆိုတော့ သူက အဖြေမှန်ပေးနိုင်တယ်- "မသိပါဘုရား" . . . ဟော သေခြင်းတရားကို သူစဉ်းစားထားတာကိုး၊ ဘယ်ဘဝက လာခဲ့တာတုန်းဆိုတဲ့ မေးခွန်းလေးကိုဖြေတာ၊ "ဘယ်က လာတာ တုန်း?" "မသိပါဘုရား"၊ "ဟ- ဘယ်လိုတုန်း အိမ်ကလာတာ သိလျက်သားနဲ့ ဘယ့်နှယ့်ကြောင့် မသိဘူးဖြေရတာတုန်း" သူတို့က ထိုအမျိုးသမီးလေးဖြေတဲ့ အဖြေကိုပဲ အဖြေမှားလို့ ထင်နေကြ သေးတယ်နော်။

"ဘယ်သွားမလို့တုန်း" လို့ မြတ်စွာဘုရား မေးတဲ့အခါ "မသိပါဘုရား"၊ ကျန်တဲ့သူတွေက "ဟာ ရက္ကန်းရုံ သွားမလို့၊ ဘယ့်နှယ့်ကြောင့် မသိပါဘုရား ဖြေရတာလဲ" ဒီလိုတွေ ဖြစ်ကြ ပြန်တာပေါ့။ အဲဒီတော့ တရားသိတဲ့သူနဲ့ မသိတဲ့သူဟာ အဖြေ ထုတ်ရင် တစ်မျိုးစီ ထွက်လာမှာပဲဆိုထာ ထင်ရှားတာပေါ့၊ "မသိဘူးလား" လို့ မေးတဲ့အခါ "သိပါတယ်ဘုရား" တဲ့၊ ဒီတော့ ရီစရာ လုပ်သလို ဖြစ်နေတယ်၊ မသိဘူးလားဆိုမှ သိပါတယ်၊

http://www.dhammadownload.com



"သိရဲ့လား" ဆိုတော့ "မသိပါဘုရား"တဲ့၊ ဟောဒီလို ဖြေတာကိုး။ မသိဘူးလားဆိုတော့ "နင်သေရမှာ မသိဘူးလား" "သိပါတယ်" တဲ့၊ "ဒါဖြင့် ဘယ်နေ့ ဘယ်ရက် သေမှာဆိုတာ သိရဲ့လား" လို့ဆိုတော့ "မသိပါဘုရား"လို့ ဖြေတာ။

ဒီမေးခွန်းတိုတိုလေးဟာ မြတ်စွာဘုရားက စောစောက လည်း သင်ထားပေးခဲ့ပုံရပါတယ်၊ ကျန်တဲ့သူတွေက မေ့ကုန်တာ ဖြစ်လိမ့်မယ်၊ ဘဝတစ်ခုဟာ သေဆုံးခြင်းနဲ့ အဆုံးသတ်ပြီး နောက်ဘဝတစ်ခုထပ်ပြီး ခရီးဆက်ပြီးနေကြတာဖြစ်လို့ သံသရာ ခရီးသွားနေတဲ့အကြောင်းကို မြတ်စွာဘုရားက မေးခွန်း ၄-ခုနဲ့ ပုစ္ဆာထုတ်တာတဲ့။

အဲဒီတော့ လောကလူတွေဟာ သေကြရမှာ ဆိုတာတော့ လူတိုင်းသိတယ်၊ သို့သော် ဘယ်နေ့ ဘယ်ရက် ဘယ်အချိန် ဘယ်နေရာမှာ သေမယ်ဆိုတာ မသိဘူးလို့ ဒီလိုပြောတာနော်၊ ဘာမှ မသိနိုင်ဘူး။

အခု လမ်းလာရင်းတောင်မှ လမ်းမှာ မိန်းကလေး တစ်ယောက် ကားတိုက်သွားတာ တွေ့ခဲ့ရတယ်၊ ကြည့် ဒီကနေ့ လည်း သေခြင်းအကြောင်း ဟောမယ်ဆိုမှ လမ်းမှာ သေသလား၊ ရှင်သလားတောင် မသိဘူး၊ ကားတိုက်သွားတာ။

လူတွေကလည်း ညကျလို့ရှိရင် လမ်းလယ်ခေါင်မှာ ရပ်ပြီး တော့ နေကြတယ်၊ ဟိုဘက်ကကား ဒီဘက်ကကား လာတဲ့နေရာ လမ်းပေါ်မှာ ရပ်ပြီးတော့နေတာ အလွန်မှအန္တရာယ်များတယ်၊ ဟိုဘက်က ကားမီးကထိုးလိုက်၊ ဒီဘက်က ကားမီးလာထိုးလိုက်နဲ့

http://www.dhammadownload.com



အလယ်ခေါင်မှာ ပျောက်နေတယ်၊ အဲဒီအချိန်မှာ ကျော်တက်တဲ့ ကားနဲ့ တွေ့လို့ရှိရင် တိုက်သွားမှာပဲ။

အရင်တုန်းက ဘုန်းကြီးတစ်ပါးလည်း ဒီလိုပဲ၊ လမ်းလယ်ခေါင် ရပ်နေတုန်း ကားတိုက်သွားဖူးတယ်၊ ကြုံရဖူးတယ်၊ အဲဒါကြောင့်မို့လို့ ခရီးလမ်းသွားတဲ့ ပုဂ္ဂိုလ်တွေ အန္တရာယ်ကို သတိထားသင့်တယ်ပေါ့၊ ကူးမယ်ဆိုလျှင် မြန်မြန်ကူး၊ တချို့က ကိုယ့်အိမ်ပေါ် ကိုယ်လမ်းလျှောက်နေသလိုပဲ ကူးနေတာ၊ အဲတော့ ကားလာတဲ့ဘက်ကို မကြည့်ဘူး၊ ကိုယ်ကြည့်ချင်တဲ့ဘက်ကို ကြည့်ပြီး ကူးတယ်၊ တချို့က နားကြပ်လေးတပ်ပြီး သီချင်းနားထောင်ပြီး သွားတာ ရှိသေးတယ်နော်၊ အန္တရာယ်အလွန်များတယ်ပေါ့၊ ကူးမယ်ဆိုရင် နှစ်ဘက်ရှင်းတဲ့အချိန် ခပ်သုတ်သုတ်ကူး၊ ဟိုဘက်ရောက်တော့မှ အေးအေးဆေးဆေးနေ၊ အဲသလို မဟုတ်ဘူး၊ လမ်းလယ်ခေါင် မတ်တပ်ကြီးတွေရပ်လို့၊ ဝတ်ထားတဲ့ အဝတ်က အနက်ရောင်ဆိုတော့ ပိုဆိုးသေး၊ မှောင်ကြီးထဲမှာ။

အေး - သေခြင်းရဲ့ အကြောင်းတရားတွေက အလွန်ပဲ များတယ်၊ သက်တမ်းစေ့လို့ သေတာကတော့ထားတော့၊ ဘဝတစ်ခု ချုပ်ငြိမ်းသွားတာ၊ သက်တမ်းစေ့လို့ သေတာတဲ့နော်- နံပါတ်-၁ သေခြင်းက သက်တမ်းစေ့လို့ သေတာတဲ့နော်၊ သက်တမ်းစေ့အောင်နေပြီး သေရတဲ့လူဟာ လောကမှာ အလွန်နည်းတယ်လို့ ပြောရမှာပေါ့။

နောက်တစ်ခု ဘာကြောင့်သေကြရတုန်းဆိုရင် **ကမ္မက္ခ-ယေန**- လူ့ဘဝကို ပို့ပေးလိုက်တဲ့ ကံက အလွန်အားနည်းတဲ့ကံ ဖြစ်နေတယ်၊ ထိုကံက ဘဝတစ်ခု ဆုံးသည်ထိအောင် ဆက်လက်

http://www.dhammadownload.com



ပြီးတော့ မထိန်းနိုင်ဘူးတဲ့၊ ဆိုပါစို့ - လူ့ဘဝကို ပို့ပေးလိုက်တဲ့ ကံက အားနည်းသည့်အတွက်ကြောင့် လူ့ဘဝ သက်တမ်းမှာ ၁၀၀-တမ်း ဖြစ်ပေမယ့်လို့ ထိုပုဂ္ဂိုလ်က ၂၀-၃၀ လောက်နဲ့ သေသွားတယ်၊ ဘာဖြစ်လို့တုန်း၊ ရှေ့ဆက်နေဖို့ရာ သူ့မှာ ကံ မရှိတော့ဘူး, ကံရဲ့ထောက်ပံ့မှုကို မရတော့ဘူး၊ ဒီလို ကံကုန်လို့ သေရတဲ့ ပုဂ္ဂိုလ်မျိုးက ရှိသေးတယ်၊ ဘာကြောင့်ရယ်လို့ မဟုတ်ဘဲနဲ့ ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးသွားရတဲ့ ပုဂ္ဂိုလ်တွေနော်၊ ကံကုန်လို့ သေတယ်လို့ ဒီလိုပြောရမယ်၊ အဲသလို ပုဂ္ဂိုလ်မျိုးလည်း ရှိတယ်။

သက်တမ်းမစေ့ခင် ခုနက ဥပစ္ဆေဒကတို့ ဘာတို့ တစ်စုံတစ်ခုသောအကြောင်းကြောင့် မဟုတ်ဘဲနဲ့ သက်တမ်းမစေ့ခင်ပဲ ရောဂါရသည်ဖြစ်စေ၊ အကြောင်းတစ်ခုခုကြောင့်ဖြစ်စေ သေဆုံးပြီးတော့ သွားကြတယ်၊ ကမ္မက္ခယတဲ့၊ ကုသိုလ်ကံက ဒီလောက်ပဲ သူ့ကို အသက်နေခွင့်ပေးလို့ ငယ်ငယ်နဲ့ သေသွားကြတယ်၊ ဒီလို ပုဂ္ဂိုလ်မျိုးတွေလည်း ရှိတာပဲ။

နောက်တစ်ခုကတော့ "ဥဘယက္ခယ"တဲ့၊ ဥဘယဆိုတာ နှစ်မျိုးစုံ၊ သက်တမ်းကလည်း ကုန်တယ်၊ ကံကလည်း ကုန်တယ်တဲ့၊ "မီးစာကုန် ဆီခမ်း" လို့ ပြောကြတယ် ဗမာပြည်မှာ၊ အော်-သူကတော့ မီးစာကုန် ဆီခန်းပဲတဲ့၊ မီးစာလည်း ကုန်တယ်၊ ဆီလည်း ခမ်းသွားတယ်၊ ဒီမီးတောက်ကလေး ငြိမ်းသွားတယ်၊ သက်တမ်းလည်းကုန် ကံလည်းကုန်လို့ သေဆုံးသွားတယ်။

နောက်စတုတ္ထတစ်ခုက "ဥပစ္ဆေဒကကံ"၊ ဥပစ္ဆေဒက ဆိုတာ ဆက်လက်ရှင်သန်ခွင့်မပေးဘဲ ဖြတ်တောက်ပစ်တဲ့ကံ သို့မဟုတ်

http://www.dhammadownload.com



အကြောင်းတရားတစ်ခုခု၊ ဒီဘဝ မိမိလုပ်တဲ့ အကုသိုလ်ကံကြောင့် ဖြစ်စေ, အတိတ်ကပါလာတဲ့ တစ်စုံတစ်ခုသော အကြောင်း ကြောင့်ဖြစ်စေ လူတွေဟာ သေနေ့မစေ့ခင် သေကြတာရှိတယ်။ များသောအားဖြင့် ပြောကြတာတော့ သေတယ်ဆိုရင် သေနေ့စေ့လို့ သေတယ်လို့ ပြောနေကြတယ်နော်၊ ဒီတော့ သေရမှာက ဥပမာ- လူ့ရဲ့သက်တမ်းက ၁၀၀ ဆိုရင် သူ့သေနေ့က ၁၀၀ ပြည့်မှ သေရမှာပေ့ါ။ ဘဝတစ်ခုမှာ ကံက အကျိုးမပေးဘူး၊ အဲဒီလောက်ထိအောင် မရှိဘူးဆိုရင်တော့ ဒီထက်တိုပြီးတော့ သေမှာပဲ၊ သို့သော် လူဟာအသက်လည်းရှင်နိုင်တယ်၊ ကံကလည်း ရှိနေသေးတယ်၊ ဖြတ်တောက်ပြီးတော့ ဝင်ရောက်လာတဲ့ အကြောင်းတစ်ခုခုက နှိပ်စက်လိုက်လို့ သေသွားတာမျိုးပဲ။

ဥပစ္ဆေဒကကံနဲ့ သေတယ်ဆိုတာ accident နဲ့ သေတာမျိုးကို ခေါ်တာ၊ accidenနဲ့ သေတာမျိုးလည်း ဥပစ္ဆေဒကကံထဲမှာ ထည့်တယ်နော်၊ အတိတ်ဘဝကံကြောင့်ဖြစ်စေ ပစ္စုပ္ပန် လုပ်ရပ်ကြောင့်ဖြစ်စေ လူတစ်ယောက်မှာ ကြားကာလမှာ လူသတ်ခံရတယ်၊ သူများရဲ့ လုံ့လပယောဂ၊ သူများလက်ချက်နဲ့ သေတာ၊ ကိုယ့်လက်ချက်နဲ့ ကိုယ့်ဟာကိုယ် suicide လုပ်တယ်၊ ကိုယ့်ကိုယ်ကို သတ်သေတယ်၊ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေဟာ ဥပစ္ဆေဒကကံလို့ ပြောရမယ်၊ တစ်စုံတစ်ခုသော အကြောင်း ကြောင့် ဖြစ်သွားတာ၊ ကားတိုက်လို့သေတယ်၊ ဒါလည်း ဥပစ္ဆေဒကကံ၊ လေယာဉ်ပျံပျက်ကျလို့ သေတယ်၊ သင်္ဘောနစ်လို့ သေတယ်၊ မုန်တိုင်းတိုက်လို့ သေတယ်၊ သစ်ပင်လဲကျပြီး ပိသွားလို့ သေတယ်၊ မျိုးစုံပဲ၊ ဥပစ္ဆေဒကကံရဲ့ ဘဝတစ်ခုရဲ့ အကြောင်းကံ

http://www.dhammadownload.com



တစ်ခုကို ဖြတ်တောက်ပစ်လိုက်တာလို့ ပြောတာ၊ ဥပစ္ဆေဒက ဆိုတာ ဖြတ်တောက်ပစ်လိုက်တာ။

အဲဒီထဲမယ် အကုသိုလ်ကံကြောင့် မိမိရဲ့ မှားယွင်းတဲ့လုပ်ရပ်ကြောင့် ကိုယ့်ဘဝတစ်ခုလုံးကို ဖြတ်တောက်ပြီးတော့ သေသွားတယ်ဆိုတာ လူတွေတောင် မကဘူး၊ နတ်တွေလည်း ရှိတာပဲ၊ ဥပစ္ဆေဒကကံနဲ့ သေတယ်ဆိုတာ နတ်တွေမှာလည်းရှိတယ်။

ကကုသန်မြတ်စွာဘုရားလက်ထက်က ဒုသီဆိုတဲ့ မာရ်နတ်ကြီးရှိတယ်၊ အဲဒီမာရ်နတ်ဟာ ရှင်မဟာမောဂ္ဂလာန်ရဲ့ အတိတ်ဘဝတစ်ခုပဲ၊ အဲဒီဒုသီမာရ်နတ်အကြောင်းကို မဇ္ဈိမပဏ္ဏာသ၊ မာရတဇ္ဇနီယ (မာရ်နတ်ကို ကြိမ်းဝါးခြင်း)ဆိုတဲ့ သုတ်မှာရှိတယ်၊ အဲဒီသုတ္တန် စဖြစ်လာပုံက တစ်နေ့တော့ ရှင်မောဂ္ဂလာန် တောရကျောင်းလေးမှာ သီတင်းသုံးနေစဉ် ရှင်မောဂ္ဂလာန်ရဲ့ဗိုက်ထဲ မာရ်နတ်က ဝင်နေတယ်၊ ရှင်မောဂ္ဂလာန်က ဗိုက် လေးတေး လေးတေးဖြစ်နေလို့ ဘာများဖြစ်နေတုန်းဆိုပြီး အာရုံပြုကြည့်တယ်၊ မာရ်နတ်ကလည်း ကိုယ်အလေးချိန် များတယ်ထင်တယ်၊ သေးသေးလေး ဖန်ဆင်းထားပေမယ့်လို့ သူ့ကိုယ်အလေးချိန် ရှိပုံရတယ်၊ ဗိုက်ထဲမှာ လေတေးလေးတေးမို့ လမ်းလျှောက်ရင်း ကနေ ကျောင်းထဲဝင်ထိုင်ပြီး ငါ့ဗိုက်ထဲ ဘာဖြစ်နေတုန်း ကြည့်လိုက်တဲ့အခါ မာရ်နတ်က ဝင်နေတာတွေ့ရတယ်၊ အဲဒီတော့ ပြောတယ်၊ "ဟဲ့ မာရ်နတ်၊ နင်ငါ့ကို မညှင်းဆဲချင်နဲ့၊ ဘုရားကိုလည်း မညှင်းဆဲချင်နဲ့၊ ဘုရားရဲ့တပည့်တွေကိုလည်း မညှင်းဆဲချင်နဲ့၊ မင်းကို ငါမြင်တယ်၊ ထွက်" လို့ ပြောတာ၊ အဲဒါကို မာရ်နတ်က ဒီကိုယ်တော်ကြီး ရမ်းပြောတာ နေမှာပါ၊ သူ မမြင်

http://www.dhammadownload.com



လောက်ပါဘူးလို့ ထင်တယ်၊ မသွားဘဲနဲ့ တံခါးကြားမှာ ရပ်နေသေးတယ်။

အဲဒီမှာ ရှင်မောဂ္ဂလာန်က ဒီကောင် မဟုတ်တရုတ်တွေ ကြံနေပြီ၊ ဒုက္ခတွေ ပေးတော့မယ်နဲ့တူတယ်ဆိုပြီး သူ့ကို ချော့တဲ့ အနေနဲ့ ဆွေမျိုးစပ်တယ်၊ " အရင်ဘဝတုန်းက မင်းက ငါ့တူပါ" တဲ့၊ "အရင်ဘဝတုန်းက ငါ့ရဲ့နှမက ကာဠီလို့ ခေါ်တယ်၊ မင်းက ကာဠီရဲ့သား" တဲ့။

အဲဒီတော့ နတ်ပြည်မှာ သားတွေသမီးတွေ ရှိသလားလို့ မေးမယ်ဆိုလို့ရှိလျှင် ရှိတယ်၊ လူတွေလို မွေးဖွားလာတဲ့ သားသမီး တော့ မရှိဘူး၊ သိကြားမင်းမှာ သားတွေရှိတယ်၊ အဲဒီသားတွေက ဘယ်လိုလုပ်ရတဲ့ သားတွေတုန်းလို့ဆိုရင် ဒီဘဝက ကုသိုလ် ကောင်းမှုလုပ်တဲ့ ပုဂ္ဂိုလ်အမျိုးမျိုး ရှိတဲ့အထဲမယ် သိကြားမင်း သားဖြစ်ရမယ့်ပုဂ္ဂိုလ်က သိကြားမင်းရဲ့ ရင်ခွင်ထဲမှာ ဘွားကနဲ ပေါ်တာ၊ "ရင်ခွင်ထဲမှာ ပေါ်လို့ရှိရင် သား" လို့ သတ်မှတ်ရတယ်၊ အဲသလို သားမျိုး ရှိတာပေါ့နော်၊ တခြား နေရာတွေမှာဖြစ်ရင် တခြားအမျိုးအစားထဲမှာ ပါတာပေါ့။

အဲဒီတော့ ကာဠီရဲ့သားဆိုတာ ကာဠီနတ်သမီးရဲ့ ရင်ခွင် ထဲမှာ သွားဖြစ်လို့ ကာဠီရဲ့သားလို့ ခေါ်လိုက်တာပေါ့၊ အဲဒီ ဒုသီဆိုတဲ့ မာရ်နတ်က ဘယ်လောက်တောင် ဆိုးတုန်းဆိုလို့ရှိရင် ကကုသန်မြတ်စွာဘုရားလက်ထက်က လူတွေကို သူက စူးစမ်းချင် တယ်၊ သုတေသနသမားနဲ့ တူပါတယ်၊ စူးစမ်းချင်တယ်၊ "ဒီရဟန်းတွေကို ဒကာဒကာမတွေက သိပ်ပြီးတော့ လျှုအောင် လုပ်ရင် သူတို့ ဘာဖြစ်မလဲ" ဆိုပြီးတော့ လူတွေရဲ့ ခန္ဓာကိုယ်ကို

http://www.dhammadownload.com



ဝင်ပူးပြီးတော့ ရဟန်းတွေကို လှူကြတယ် ပူဇော်ကြတယ် ရှိခိုးကြတယ် ကိုးကွယ်ကြတယ်၊ အဲဒါတွေကို လူတွေရဲ့စိတ်ဓာတ်ကို ပြောင်းလဲအောင်လုပ်တယ်။

လူတွေဟာ ဘုရားသွား ကျောင်းတက် လှူကြ တန်းကြ ဒီလိုနေကြတာ၊ သေတဲ့လူတွေ နတ်ပြည်ရောက်တယ်၊ တော်တော်များများ နတ်ပြည် ရောက်ကြတယ်၊ သူ့ရဲ့ သွေးဆောင်ဖြားယောင်းမှုနဲ့ လူတွေက ကုသိုလ်လုပ်ကြတယ်။

အဲလိုလုပ်တဲ့အခါမှာ မြတ်စွာဘုရားက စိတ်ဓာတ်ရေးရာပိုင်းနဲ့ ပတ်သက်ပြီးတော့ ဘာနဲ့ ခုခံခိုင်းတုန်းဆိုလို့ရှိရင် အသုဘကမ္မဋ္ဌာန်းပေးပြီး "အသုဘသညာ" ကို ပွားခိုင်းထားတယ်၊ ဘာဖြစ်လို့တုန်းဆိုတော့ ဒကာဒကာမတွေက ပူဇော်ကြ ကိုးကွယ်ကြတဲ့အခါ လောဘတွေ ဖြစ်မှာစိုးလို့၊ မဖြစ်ရအောင် အသုဘကမ္မဋ္ဌာန်း ပေးထားတယ်၊ အဲဒါနဲ့ ခုခံထားတော့ ရဟန်းတွေက တုန်လှုပ်မှု မရှိဘူး။

မရှိတော့တစ်ခါ သူက technique ပြောင်းတယ်၊ ရဟန်းတွေ တုန်လှုပ်အောင် ဒီတစ်ခါတော့ လူတွေရဲ့ကိုယ်ထဲကို ဝင်ပူးပြီးတော့ ရဟန်းတွေကို ဆဲမယ် ခဲနဲ့ပေါက်မယ်၊ မလှူဘူး မတန်းဘူး၊ အရိုအသေမပေးဘူး အဲသလိုဖြစ်အောင် ပြောင်းပြန်တယ်၊ ပြောင်းတဲ့အခါကျတော့ မြတ်စွာဘုရားကလည်း ရဟန်းတွေကို ဆုံးမတယ်၊ မေတ္တာဘာဝနာပွားပြီးတော့ နေကြလို့ ရဟန်းတွေ ဘာမှမဖြစ်ဘူး၊ လူတွေကတော့ ရဟန်းတွေတွေ့ရင် ဆဲကြ ရေးကြ ခဲနဲ့ ပေါက်ကြနဲ့ အဲသလိုလုပ်တယ်၊ အဲသလိုလုပ်လည်း ရဟန်း

http://www.dhammadownload.com



တွေက မေတ္တာဘာဝနာ ပွားနေသည့်အတွက်ကြောင့် ဘာမှ တုန်လှုပ်ခြင်းမရှိ။

ပြောင်းလဲမှုမရှိတဲ့ အနေအထားကို မြင်ရတဲ့အခါ မာရ်နတ်ကြီးက စိတ်တိုလာတယ်၊ သူလုပ်တာတွေ မအောင်မြင်တော့ သူဘာလုပ်တုန်းဆိုတော့ ကလေးတစ်ယောက်ကို ဝင်ပူးပြီးတော့ ရဟန္တာတစ်ပါးကို ခဲနဲ့ပေါက်တယ်၊ သက်သက်မဲ့နော်၊ ခဲနဲ့ပေါက်တဲ့ အခါကျတော့ ခေါင်းမှန်ပြီး ခေါင်းကွဲသွားတယ်၊ သွေးတွေ ဖြာထွက်လာတဲ့အခါ ကကုသန်မြတ်စွာဘုရားက သိလိုက်တော့ ဒါ ကလေးပေါက်တာ မဟုတ်ဘူး၊ မာရ်နတ်ပေါက်တာဆိုတာ သိတယ်။

အဲဒီတော့ မြတ်စွာဘုရားက တစ်ကိုယ်လုံး နောက်လှည့်တယ်၊ ဘုရားကိုယ်တော်မြတ်များဟာ နောက်ကိုလှည့်လို့ရှိရင် ဇက်ကနေပြီး နောက်လှည့်ကြည့်လို့မရဘူးတဲ့၊ "**နာဂါပလောကိတ**" လို့ခေါ်တယ်၊ ဆင်များဟာ နောက်ကိုကြည့်ချင်ရင် တစ်ကိုယ်လုံး လှည့်ရတယ်၊ ဆင်ရဲ့ဇက်က တိုတိုလေးရယ်၊ ဘယ်လိုလုပ် လှည့်ကြည့်လို့ ရမတုန်း၊ ခွေးတို့ ဆိတ်တို့ကျတော့ နောက်လှည့်လို့ ရတာပေါ့နော်၊ ဆင်ကျတော့ ကြည့်ချင်တယ်ဆိုလျှင် တစ်ကိုယ်လုံး ကြီး လှည့်ရတယ်။

အဲဒါလိုပဲ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး တစ်ကိုယ်လုံး နောက်လှည့်လိုက်ပြီး ခဲပေါက်တဲ့ မာရ်နတ်ကို ကြည့်ပြီးတော့နော်၊ "အေး ဒုသီမာရ်နတ် မင်း အတိုင်းအတာ တွေ လွန်လာပြီ" ဒါပဲ ဘုရားက ပြောတယ်၊ တစ်ဖက်ကတော့

http://www.dhammadownload.com



သူလုပ်တာမဟုတ်ဘူးလို့ ထင်ကောင်းထင်မယ်၊ မြတ်စွာဘုရားက အဲသလိုလည်း မိန့်ကြားပြီးတော့ ဆက်ကြွသွားတယ်။

ဘုရားက မျက်နှာကို ဟိုဘက်လည်း လှည့်လိုက်တာနဲ့ တစ်ပြိုင်နက် မာရ်နတ်ကြီးဟာ ပူလှချည်ရဲ့ လောင်လှချည်ရဲ့ ဆိုပြီးတော့ ချက်ချင်း မြေမြိုသွားတာ၊ ဒါ သူလုပ်တဲ့လုပ်ရပ်က အလွန်ကို ဆိုးဝါးယုတ်မာသွားပြီ၊ အင်မတန် စင်ကြယ်မြင့်မြတ်တဲ့ ရဟန္တာတစ်ပါးကို သူက ပစ်မှားလိုက်တာကိုး၊ အဲဒီ မာရ်နတ်ကြီး ဟာ ချက်ချင်း အဝီစိငရဲ ကျသွားတယ်၊ ဒါ ဥပစ္ဆေဒကကံကြောင့် ချက်ချင်းအကျိုးပေးသွားတာ။

အလားတူဟာတွေလည်း ရှိတယ်၊ အားလုံးလည်း သိကြပါ တယ်၊ စိဉ္စမာန မြေမြိုသွားတာတို့၊ ဒေဝဒတ် မြေမြိုသွားတာတို့၊ ဒေဝဒတ်ရဲ့အဖေ သုပ္ပဗုဒ္ဓဘုရင်ကြီး မြေမြိုသွားတာတို့ အင်မတန် စင်ကြယ်တဲ့ ပုဂ္ဂိုလ်တွေကို ပစ်မှားလို့ရှိရင် ချက်ချင်းကြီး ဥပစ္ဆေဒက ကံက အသက်ကုန်တဲ့ထိအောင် စောင့်မနေဘဲ သူ့ရဲ့ဘဝတစ်ခု ကို ဖြတ်တောက်ပစ်လိုက်တာနော်၊ ဖြတ်ချပစ်လိုက်ပြီးတော့ ဆိုးဝါးတဲ့ဘဝတစ်ခုကို ရောက်သွားစေတယ်။

အေး အဲလိုမျိုးပဲ အလားတူဝတ္ထုတစ်ခုကို ဇာတက story တွေမှာတွေ့ရမယ်၊ ဥပစ္ဆေဒကကံလို့ပြောရမယ်၊ “စတုဒွါရဇာတ်” ဆိုတာရှိတယ်၊ စတုဒွါရဆိုတာ တံခါးလေးပေါက်လို့ အမည် ပေးထားတာရှိတယ်၊ အဲဒီဇာတ်လမ်းက ကဿပ မြတ်စွာဘုရား လက်ထက်တော်အခါတုန်းက ကဿပ မြတ်စွာဘုရားရဲ့တရားကို နာပြီးတော့ မိခင် ဖခင်တွေက သောတာပန်ဖြစ်ပြီး တကယ့် သူတော်ကောင်းတွေ၊ သားလေးတစ်ယောက် မွေးထားတယ်၊

http://www.dhammadownload.com



နာမည်က မိတ္တဝိန္ဒက တဲ့၊ အဲဒီ မွေးထားတဲ့ သားလေးကို မိခင်ကြီး က သားလေးကိုချစ်လို့ ဆုံးမတယ်၊ "ငါ့သား ဘုရားပွင့်တဲ့အချိန် ရောက်နေတယ်၊ တရားဓမ္မတွေနာ၊ အလှူအတန်းတွေလုပ်၊ ဥပုသ် သီတင်းလေးစောင့်၊ တရားလေးနာ" လို့ ပြောတာ သူက လုံးဝ လက်မခံဘူး၊ ဘာလုပ်ဖို့လဲ ဥပုသ်စောင့်တာ, ဘာလုပ်ဖို့ တရားနာရမှာလဲဆိုတာ ငြင်းပယ်တယ်။

အဲတော့ အမေကြီးကတော့ သားလေးကို ချော့မော့ပြီးတော့ တစ်နေ့ကျတော့ "ငါ့သား၊ ဒီကနေ့ ဥပုသ်နေ့ ကျောင်းသွားပြီးတော့ ဥပုသ်စောင့်ခဲ့၊ တစ်ညတော့ ဥပုသ်စောင့်ခဲ့၊ မင်းပြန်လာလို့ရှိရင် ငါငွေ ၁၀၀၀ ပေးမယ်"၊ အဲဒီတော့ ငွေ ၁၀၀၀ ပေးမယ်ဆိုတာနဲ့ ငွေ ၁၀၀၀ ရချင်တာနဲ့ ကျောင်းသွား၊ ကျောင်းမှာ ရောက်တဲ့အခါ တော့ တရားပွဲတွေ ဘာတွေရှိတယ်၊ ဒါပေမယ့် တရားသံ မကြားရ လောက်တဲ့ နေရာသွားပြီး ချောင်ပိတ်အိပ်နေတယ်၊ နားထဲ ဝွမ်း ဆို့ပြီး အိပ်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။

မိခင်လုပ်တဲ့ပုဂ္ဂိုလ်က ငါ့သားတော့ ညက တရားဟောတဲ့ ဓမ္မကထိကကို အိမ်ပင့်လာမှာပဲလို့ဆိုပြီး စားဖွယ် သောက်ဖွယ် တွေ ပြင်ဆင်ထားတယ်၊ ငါ့သားတော့ လိမ္မာလာတော့မှာပဲ ဆိုပြီး တော့ မနက်ကျတော့ သားဖြစ်သူက ည အိပ်ရေးဝအောင်အိပ်ပြီး တော့ အိမ်ပြန်ရောက်ချလာတယ်၊ အစောကြီး အိမ်ပြန်ရောက်လာ ပြီးတော့ "ဘယ်မတုန်း ဓမ္မကထိကဘုန်းကြီးကော မပင့်ခဲ့ဘူးလား" ဆိုတော့ "ဘာလို့ဖို့လဲပေါ့"၊ အဲဒါနဲ့ သူ့မိခင်ကြီးက "ကဲ ငါ့သား ညက ဥပုသ်စောင့်ထားရတယ်၊ ရော့ ယာဂုလေး အရင် သောက်

http://www.dhammadownload.com



လိုက်ဦး”၊ “ခင်ဗျား ညက ကျုပ်ကို ဥပုသ်စောင့်သွားရင် ငွေ ၁၀၀၀ ပေးမယ်လို့ ပြောတယ်၊ အဲဒီ ငွေ ၁၀၀၀ ဘယ်မတုန်း”။

ငွေ ၁၀၀၀ မရမချင်း မသောက်ဘူး၊ မိခင်ကြီးက ငွေ ၁၀၀၀ ထုတ်လေးကို ရှေ့ချပြီး “ကဲ သောက်ပါကွယ် ရော့ ၁၀၀၀ ထုတ်” ဆိုတော့မှ အဲဒီကျမှ သောက်တယ်၊ ငွေ ၁၀၀၀ ထုတ်ယူပြီးတော့ သောက်တယ်၊ မိခင်ကြီးက သောတာပန်၊ သားက မိုက်မဲတယ်၊ ဒီလိုလည်း ရှိတာပဲ၊ ဆုံးမလို့ မရဘူး၊ အဲတော့ မိခင်ကြီးက ဘယ်လောက် ဆုံးမဆုံးမ မိုက်မဲတဲ့ သားသမီးဆိုတာလည်း ရှိနိုင်တယ်၊ ဆရာသမား ဘယ်လောက်ကောင်းကောင်း တပည့်ကလည်း ကောင်းချင်မှ ကောင်းမှာပေါ့နော်။

တစ်ခါတစ်လေ ဘုန်းကြီးတို့ ကျောင်းက ဆိုးသွမ်းတဲ့ ကိုယ်တော်လေးတွေ သတင်းကြားတယ်ဆိုလို့ရှိရင် “ဟာ၊ ဘယ်ကျောင်းထွက် ဆိုးတယ်” နဲ့ ပြောကြတယ်၊ ဘုန်းကြီးတို့က မေးတယ်၊ “မင်းတို့ အဲသလို ပြောစတမ်း ဆိုလို့ရှိရင် ဒေဝဒတ် ဘယ်ကျောင်းထွက်တုန်း”လို့၊ ဒေဝဒတ်က ဇေတဝန်ကျောင်းထွက်ပဲလို့၊ အဲဒါဆိုရင် ဇေတဝန်ကျောင်း အပြစ်တင်ရမလား၊ ဒေဝဒတ် အပြစ်တင်ရမလား၊ တချို့က ကျောင်းထွက်ဆိုပြီးတော့ ကျောင်းကို ပုတ်ခတ်ပြီးတော့ ပြောလေ့ရှိတာကိုး၊ ဒီတော့ ဒါတွေက မဆိုင်ဘူး၊ သို့သော်လည်း မြန်မာစကားမှာ “သားသမီးမကောင်း မိဘခေါင်း” “တပည့်မကောင်း ဆရာ့ခေါင်း” ဆိုပြီးတော့ ခေါင်းပေါ်တော့ ရောက်တာပေါ့နော်၊ အဲဒါဆိုရင် ဒေဝဒတ် မကောင်း ဘုရားခေါင်း ရောက်မှာပေါ့၊ အဲဒါကျတော့ ချန်ထားကြတယ်၊ ကာယကံရှင်ပုဂ္ဂိုလ်နဲ့ အများကြီးဆိုင်တယ်။

http://www.dhammadownload.com



ဒါကြောင့်မို့လို့ ဘုန်းကြီးတို့စာပေထဲမှာ **"ဥပဒေသ မတ္တမေဝ ဟိ ပရာယတ္တာ၊ အညာ သဗ္ဗာ သမ္ပတ္တိ အတ္တာဓိနာ ဧဝ"** တဲ့၊ နည်းပေးလမ်းပြ လုပ်တာသည်ပင်လျှင် ဆရာသမားနဲ့ ပတ်သက်ပါတယ်တဲ့၊ အားလုံးအောင်မြင်မှုဟာ ကိုယ့်ပေါ် မူတည်ပါတယ်တဲ့၊ ဆရာသမားဆိုတာ ဆုံးမဩဝါဒပေးရုံသာ တာဝန်ရှိတယ်လို့ ဒီလိုပြောတယ်နော်၊ အခြားအောင်မြင်မှုဟာ ကိုယ်နဲ့ဆိုင်တယ်ပေါ့၊ အောင်မြင်မှု ကျရှုံးမှုဟာ ကိုယ်နဲ့ပဲဆိုင်တယ်ပေါ့၊ ဒီလို ဆိုပါတယ်၊ ဒါက ပိုပြီးတော့ လက်တွေ့ကျတယ်။

အဲဒီတော့ အဲဒီ မိတ္တဝိန္ဒက ဆိုတာ ငွေလေး ၁၀၀၀ ရတဲ့အခါ သူက အရောင်းအဝယ် စိတ်ဝင်စားတယ်၊ ငွေ ၁၀၀၀ အရင်းအနှီးလုပ်ပြီး အရောင်းအဝယ်လုပ်လိုက်တာ မကြာခင်ပဲ သိန်း ၂၀ လောက် ရသွားတယ်၊ သိန်း ၂၀ ရတဲ့အခါကျတော့ သူ့အမေကိုပြောတယ်၊ သင်္ဘောနဲ့ ပင်လယ်ခရီးဖြတ်ပြီးတော့ အရောင်းအဝယ် လုပ်ချင်တယ်၊ ဒီမှာတင်လုပ်လို့ အားမရဘူး၊ ပင်လယ်ခရီးနဲ့ သွားမယ်ဆိုတော့ သူ့အမေက တားတယ်၊ "ငါ့သား အိမ်မှာတို့ပစ္စည်းတွေ အများကြီး၊ မင်းတစ်ယောက်တည်းရှိတယ်၊ ပင်လယ်ခရီးဆိုတာ အင်မတန်အန္တရာယ်များတယ်၊ မသွားပါနဲ့" တားတာ မရဘူး၊ မရရုံတင်မဟုတ်ဘူး၊ အမေက ရှေ့ကနေကာဆွဲထားတဲ့အခါ အမေကို တွန်းလှဲထိုးကြိတ်ပြီးတော့ အမေ့ပေါ်က ကျော်ပြီးတော့ ပင်လယ်ခရီးကို ထွက်သွားတယ်၊ ဒါ သူစော်ကားခဲ့တာနော်၊ အမေကို ထိုးကြိတ်တွန်းလှဲ ပစ်ထားခဲ့တယ်၊ မိခင်က မသွားဖို့ပြောတာမရတော့ အတင်းတားတယ်၊ အတင်းတားတဲ့အခါ အမေကိုတွန်းလှဲထိုးကြိတ်ပြီးတော့ ထားခဲ့တယ်။

http://www.dhammadownload.com



အဲဒီကနေပြီးတော့ သင်္ဘောပေါ် တက်တယ်၊ ပင်လယ်ခရီး ဖြတ်တဲ့အခါမှာ ပင်လယ်ထဲမှာ သူတို့ရွက်လှေကြီးက အကြောင်းမဲ့ ပင်လယ်ပြင်ထဲမှာ ခုခေတ်လိုဆို စက်ပျက်သွားတယ်ပေ့ါ၊ အဲဒီ တုန်းက စက်မတပ်တော့ ပင်လယ်ထဲမှာ သင်္ဘောကြီး တက်က ငြိနေသလိုပဲ ရပ်နေတယ်၊ ဘယ်မှ ရွှေ့လို့မရတော့ဘူး။

အဲဒီလို ဖြစ်တဲ့အခါကျတော့ ဘာလုပ်ကြတုန်းဆိုတော့ သင်္ဘောပေါ် ပါလာတဲ့သူတွေထဲမှာ လူယုတ်မာဆိုတာ ရှိလောက် တယ်၊ သူ့ကြောင့် ဒီလိုဖြစ်တာ၊ မဲချမယ် ဆိုပြီးတော့ မဲချတယ်၊ မဲချတဲ့အခါ ၃-ကြိမ်တိုင်တိုင် သူ့ချည်းပဲကျတယ်၊ မဲက သူ့ချည်းပဲ ပေါက်တယ်၊ သူ့ကြောင့် ဒီလိုဖြစ်ရတယ်ပေ့ါ၊ အဲဒါနဲ့ ကဲ မင်းကို တို့ဆက်ပြီး မခေါ် နိုင်တော့ဘူးဆိုပြီးတော့ ဖောင်လေးလုပ်ပြီးတော့ အဲဒီဖောင်ပေါ် တင်ပြီး ပင်လယ်ထဲပစ်ချလိုက်တာပေ့ါ၊ သူ့လည်း ချပြီးရော သင်္ဘောကြီးက ထွက်သွားသတဲ့၊ အကုသိုလ်များတာ နော်၊ အကုသိုလ်က အကျိုးပေးပြီဆိုရင် ဒီလိုပဲ။

သူဟာ အဲဒီ ဖောင်ကလေးကိုစီးပြီး သွားလိုက်တာ လေသင့်ရာ လှိုင်းပုတ်ရာနဲ့ ပင်လယ်ထဲ မျောပါသွားပြီး ကျွန်းလေး တစ်ကျွန်းနား ရောက်သွားတယ်၊ အဲဒီကျွန်းလေးမှာ ငွေဗိမာန်နဲ့ ဝေမာနိက ပြိတ္တာမတွေ သွားတွေ့တယ်၊ တွေ့တဲ့အခါကျတော့ ဝေမာနိက ပြိတ္တာမတွေက သူ့ကို ကျွေးမွေးစောင့်ရှောက်ထားတာ၊ သူနဲ့ ဝေမာနိကပြိတ္တာမတွေနဲ့ ပျော်လို့ အဲသလိုနေတာ၊ ဝေမာနိက ပြိတ္တာမတွေက ၇-ရက် နတ်စည်းစိမ် ခံစားပြီး ၇ ရက်ကြာတော့ ငရဲခံကြရတယ်တဲ့၊ သတ္တဝါတွေရဲ့ ကံကြမ္မာဆိုတာ အလွန်ထူးဆန်း

http://www.dhammadownload.com



တယ်၊ ၇-ရက် နတ်သမီးကဲ့သို့ စည်းစိမ်ခံစားရပြီးတော့ ၇-ရက် ငရဲမှာ သွားကြရတယ်တဲ့။

တစ်ခါတုန်းက စာအုပ်လေးတစ်အုပ် ဖတ်လိုက်ရတယ်၊ "သေရွာပြန်တို့ရဲ့ ဇာတ်လမ်း"တွေထဲမှာ၊ အဲဒီရွာတစ်ရွာ ရောက်သွားတော့ အဲဒီရွာက လူတွေက ညနေ နေဝင်ပြီဆိုတာနဲ့ တစ်ပြိုင်နက် "ထွက်ကြဟေ့ ထွက်ကြဟေ့" ဆိုပြီးတော့ အကုန်လုံး ရွာလုံးကျွတ် ထွက်ကြတယ်၊ ထွက်ပြီး ဘယ်သွားတာတုန်းဆိုတော့ မီးပုံကြီးတစ်ခု ရှိတယ်၊ အဲဒီ မီးပုံကြီးဆီသွားပြီး ခုန်ဆင်းကြရတာ ဆိုပဲ၊ မနက်မိုးလင်းတော့မှ ပြန်လာကြတယ်၊ ခုန်ခုန်ချပြီး လူတွေ အော်ကြ ဟစ်ကြ ငိုကြနဲ့ တစ်ညလုံး အဲဒီလိုပဲ၊ မီးပုံထဲခုန်ဆင်း မီးလောင်ခံ၊ မနက်မိုးလင်းတဲ့အခါကျတော့ အေးအေးဆေးဆေးနဲ့ ရွာထဲ ပြန်ဝင်လာကြတယ်၊ ဒီလို ပြိတ္တာမျိုးတွေကလည်း ရှိတယ် ပေါ့။

အဲဒီကျွန်းငယ်လေးထဲမှာ ဝေမာနိကပြိတ္တာတွေက ၇-ရက် တိတိ စည်းစိမ်ခံစားပြီး ၇-ရက် မြောက်တဲ့အခါကျတော့ သူ့ကို ပြောထားခဲ့တာပေါ့၊ "တို့ ၇-ရက်ပြည့်ရင် ပြန်လာခဲ့မယ်၊ မင်း မပျင်းမရိနေရစ်" ဆိုတော့ သူတစ်ယောက်တည်း ပျင်းတော့ ဖောင်လေးစီးပြီးတော့ ရှေ့ခရီးဆက်သွားပြီး ပင်လယ်ထဲ မျောသွားတယ်၊ နောက်တစ်ခါ ကျွန်းတစ်ကျွန်း ရောက်သွားပြန်တယ်။ ပတ္တမြားဗိမာန်နဲ့ ဝေမာနိကပြိတ္တာမ ၈-ယောက်နဲ့ တစ်ခါ တွေ့ပြန် ရော၊ အဲဒီမှာတုန်းကလည်း ထို့အတူပဲ သူတို့ကလည်း ၇-ရက် စည်းစိမ်ခံစား၊ ၇-ရက် ငရဲခံလိုက် ဖြစ်နေတာ၊ ရက်စေ့လို့ သူ တစ်ယောက်တည်း နေခဲ့ရတော့ ရှေ့ခရီး ဆက်ထွက်ခဲ့တယ်။

http://www.dhammadownload.com



ရွှေဗိမာန်ကြီးနဲ့ ကျွန်းလေးပေါ်မှာ တစ်ယောက်တည်းနေပါလို့ ထားလျက်သားနဲ့ ဖြတ်ကျော်ပြီးသွားတဲ့အခါ မြို့တစ်မြို့ ရောက်သွားခဲ့တယ်တဲ့။

မြို့ကလည်းပဲ တံတိုင်းလေးဘက်နဲ့ တံခါးပေါက်ကြီး ၄-ပေါက်နဲ့၊ အဲဒီ မြို့ကြီးရောက်တဲ့အခါ ဒီမြို့တက်ပြီးတော့ ဘုရင်လုပ်မယ်လို့ အကြံရတယ်။ အဲဒီမြို့မှာ ဘယ်သူ့ကို ပထမတွေ့တုန်းလို့ဆို ငရဲသားတစ်ယောက် ငရဲခံနေတာ သွားတွေ့တယ်၊ သူ့ခေါင်းပေါ်မှာ သင်တုန်းစက်ကြီးက ချာချာလည်ပြီးတော့ တစ်ခေါင်းလုံးကို လှီးဖြတ်နေတာ၊ သွေးတွေက ဖြာကျနေတယ်၊ သွေးတွေ ပေါက်ပေါက် ပေါက်ပေါက်ကျနေတာ၊ တစ်ကိုယ်လုံး သွေးတွေ စီးကျနေတာ၊ ရင်ဘတ်မှာလည်းပဲ ကြိုးငါးသွယ်နဲ့ စလွယ်သိုင်းကာ ထွက်ပြေးလို့မရအောင် ချည်ထားတာ။

အဲသလို ခေါင်းပေါ်မှာ သင်တုန်းစက်ကြီး လည်ပြီးတော့ တစ်ကိုယ်လုံးကို ချည်နှောင်ထားတာကို သူမြင်တဲ့အခါကျတော့ “ဟာ၊ ဒီလူက အင်မတန်လှပတဲ့ ကြာပန်းကြီး ခေါင်းပေါ် တင်ထားတာပါလား”၊ မိတ္တဝိန္ဒကရဲ့ မျက်စိထဲမှာ သင်တုန်းစက်ကြီးက ကြာပန်းကြီး ဖြစ်နေတယ်တဲ့၊ သူမျက်စိတွေ လည်နေပြီ၊ illusion ဖြစ်သွားပြီ၊ ဘယ်သူကမှ ဖန်တီးတာမဟုတ်ဘူး၊ သူကံက ဖန်တီးတာ၊ ထိုလူကို နှောင်ဖွဲ့ထားတဲ့ နှောင်ကြိုးတွေကျတော့ တန်ဆာဆင်ထားတယ်, စလွယ်သိုင်းထားတယ်လို့ သူ့ မျက်စိထဲမှာ မြင်တယ်၊ “အမယ်လေး အလိုလေး” အော်နေတဲ့ အသံကိုတော့ သီချင်းသံလို့ အောက်မေ့တာ၊ ခုခေတ် music တွေနဲ့တော့ ခပ်ဆင်ဆင်ပဲ၊ အဲဒါလည်းမြင်ရော သူ့စိတ်မှာ သိပ်သဘောကျ

http://www.dhammadownload.com



သွားပြီး “ဟာ - ဒီလူကတော့ လောကမှာ အပျော်ဆုံးလူ တစ်ယောက်ဖြစ်တယ်၊ ဝတ်ထားတဲ့ design ကလည်း လှတာကိုး နော်၊ ဖက်ရှင်အလှအပ ဝတ်ထားတယ်၊ ဒီဇိုင်းလှတယ်၊ ခေါင်းပေါ် ကလည်း ကြာပန်းကြီးပန်လို့၊ တစ်ကိုယ်လုံးလည်းပဲ နံ့သာတွေ လိမ်းထားလိုက်တာကိုး၊ မိတ်ကပ်တွေကလည်း ကောင်းလိုက် တာ”၊ သွေးတွေကျနေတာကို မိတ်ကပ်တွေ လိမ်းထားတယ်လို့ ထင်တယ်၊ ဟိုကဖြင့် အော်ဟစ်ငြီးငြူပြီး နာလွန်းလို့ ခုန်ပေါက် နေတာကိုပဲ အဲဒီမှာ pop music နဲ့ ကခုန်နေတယ်လို့ ထင်တာ၊ ခုခေတ် အကကလည်း အဲဒါမျိုးပဲနော်၊ ပူလှချည်ရဲ့လို့ အော်ပြီး ခုန်ပေါက်နေတာ၊ အငြိမ်မှ မနေနိုင်ပဲနဲ့။

အဲဒီလို အခြေအနေမျိုးကို ကြည့်ပြီးတော့ သူက ဘာတွေး တုန်းဆိုတော့ “ဒီလူဟာ ကမ္ဘာမှာ အပျော်ဆုံးလူတစ်ယောက်ပဲ”၊ အနီးကပ်သွားပြီး “ခင်ဗျား ကြာပန်းကြီး ကျုပ်ပေးစမ်းပါဗျာ” လို့ တောင်းတာ၊ ဟိုလူက ကြည့်တယ်၊ “ဟာ၊ သူငယ်ချင်း ဒါ ကြာပန်း မဟုတ်ဘူး၊ ဒါ သင်တုန်းစက်ကြီး” “ခင်ဗျား မပေးချင်လို့ လိမ်တာ ပါ၊ ကျုပ်သိတာပေါ့၊ ကြာပန်းပဲဥစ္စာ”။

ဟိုလူက စဉ်းစားတယ်၊ “ဪ ဒီကောင်လည်း ငါ့လို အမေ စော်ကားလာတဲ့ကောင် ဖြစ်လောက်တယ်၊ ငါတော့ ဝဋ်ကျွတ် တော့မှာပဲ၊ ကဲ-လိုချင်ရင်ယူတော့” ဆိုပြီး ခေါင်းပေါ်က ချွတ်ပေး လိုက်တယ်။

အမှန်ကတော့ ဝဋ်ကျွတ်လို့ ချွတ်လို့ရတာ၊ ဝဋ်မကျွတ်ရင် ချွတ်လို့ မရဘူး၊ ဝဋ်ကျွတ်တော့ ခေါင်းကိုင်လိုက်တာနဲ့ အဲဒီ သင်တုန်းစက်ကြီးက ပြုတ်လာတာ၊ ပြုတ်လာတဲ့ တစ်ပြိုင်နက်

http://www.dhammadownload.com



"ရော့" ဆိုပြီး လှမ်းပစ်ပေးလိုက်တယ်၊ သူ့ခေါင်းပေါ် ရောက်သွားတယ်၊ ခေါင်းပြောင်းလိုက်ပြီ။ ခေါင်းပေါ်ရောက်တာနဲ့ သင်တုန်းစက်က ခုတ်တော့တာပဲ။ ခုတ်လိုက်ပြီဆိုမှ ကြာပန်းမဟုတ်ဘူးမှန်းသိတယ်တဲ့၊ အဲဒါပြောတာ "ထိပ်ချမှ ဓားပြမှန်း"သိတယ်ဆိုတာ။ အဲဒီကျတော့ "ခင်ဗျားဟာကြီး ပြန်ယူပြန်ယူ" လို့ အော်တော့ ဟိုလူက ဘယ်ရောက်သွားမှန်း မသိတော့ဘူး၊ အဲဒါ အရှင်လတ်လတ် ငရဲခံရတယ်ပေါ့။

စာထဲမှာတော့ အရှင်လတ်လတ်ပုံစံမျိုး ရေးထားတယ်၊ သို့သော်လည်း အဲဒီဇာတ်ရာနဲ့ သူဟာ သေဆုံးသွားပြီး ဒီနေရာမှာပဲ ပြန်မွေးတယ်လို့ ယူဆရမှာပေါ့၊ ဘာဖြစ်လို့တုန်းဆိုတော့ လူ့ရဲ့ သန္ဓေစိတ်နဲ့ ငရဲသားတွေနဲ့သန္ဓေစိတ်က တူမှ မတူတာနော်၊ အဲဒီတော့ အရှင်လတ်လတ် ငရဲခံရတယ်လို့ ပြောချင်ပြော၊ သို့မဟုတ် မိတ္တဝိန္ဒကဟာ သင်တုန်းစက်ကြီးနဲ့ လူစင်စစ်ဆိုရင် အကြာကြီး ဘယ်အခုတ်ခံနိုင်မလဲ၊ လူစင်စစ် မဟုတ်တော့ဘူး၊ သင်တုန်းစက်လည်တဲ့အခါ သွေးတွေ အထွက်လွန်ပြီး သေမှာပေါ့၊ အဲဒီနောက်မှာတော့ ကံမကုန်မချင်း ငရဲသားဘဝ ခံနေရပြီ၊ ဒါလည်း ၅၅၀ ဇာတ်ထဲမှာ ပါတယ်။

ရုက္ခစိုးနတ်ကြီးတစ်ဦး အခြံအရံတွေနဲ့ အနီးနားရောက်လာတဲ့အခါ "သူ ဘာကြောင့် ဒီလိုဖြစ်ရသလဲ" ဆိုတော့ "မင်းအမေ ပစ်မှားခဲ့လို့ ဒီလိုဖြစ်ရတာ" လို့ ရုက္ခစိုးနတ်ကြီးက ပြန်ဖြေတယ်။ "ဒါဖြင့် ကျွန်တော်ဘယ်လောက်အထိအောင် ခံရမှာတုန်း၊ ဒီဝဋ်က ဘယ်တော့ ကျွတ်မှာတုန်း" ဆိုတော့ "မင်းကံ မကုန်မချင်း ခံရ

http://www.dhammadownload.com



မယ်" လို့ အဲလို ပြောသွားတယ်၊ ဒါ ၅၅၀ ဖတ်ကြည့်ရင် တွေ့မယ် နော်၊ ဒါ ဥပေစ္ဆေဒကကံနဲ့ သေတာ။

ဥပေစ္ဆေဒကနဲ့ သေတာတွေက အများကြီး၊ နတ်ပြည်တွေမှာလည်း ရှိတယ်၊ နတ်ပြည်တွေမှာလည်း **"ခိဍ္ဍာပဒေါသိက"** **'မနောပဒေါသိက'** နတ်ဆိုတာတွေရှိတယ်၊ ဒီဃနိကာယ် ဗြဟ္မဇာလသုတ်မှာ အဲဒီနတ်တွေအကြောင်း ဟောထားတာ ရှိတယ်၊ **ခိဍ္ဍာပဒေါသိက**နတ်ဆိုတာ **ခိဍ္ဍာ–** ဆိုတာ ပျော်ရွှင်တာ, အပျော်လွန်တာ၊ အပျော်လွန်လို့ **ပဒေါသိက–** ဘဝကြီးတစ်ခုလုံး ပျက်စီးသွားတယ်။

ပြေီလ သကြ်န်ကျတဲ့အခါ အဲဒီ **ခိဍ္ဍာပဒေါသိက** တွေ အများကြီးပဲ။ အပျော်လွန်ပြီးတော့ လူ့ပြည်မှာလည်း ရှိတာပဲ၊ နတ်ပြည်မှာ **ခိဍ္ဍာပဒေါသိက**နတ်ဆိုတာ ကာမဂုဏ်အာရုံတွေနဲ့ သိပ်ပြီးပျော်နေတော့ စားရမယ့်အချိန် သောက်ရမယ့်အချိန်တွေ မေ့တာ၊ လူ့ပြည်က ကလေးတွေတောင်မှ ကစားနေတယ်ဆို အမေလုပ်တဲ့သူ အဖေလုပ်တဲ့သူက အတင်းခေါ်ကျွေးရတယ်လေ၊ နတ်ပြည်မှာ ဒီ့ထက်ကောင်းတာပေ့ါ၊ နတ်ပြည်မှာလည်းပဲ pop music တွေရှိမှာပဲ။

နတ်ဆိုတာ တစ်နေ့တစ်ခါ နတ်သုဒ္ဓါကို အချိန်မှန် စားရတယ်၊ သူတို့လည်း **သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ** ထဲပါတယ်၊ အာဟာရစားရတာ။ ဗြဟ္မာကျတော့ **ပီတိဘက္ခာ၊** ပီတိနဲ့ နေတာ၊ အစာစားစရာ မလိုတော့ဘူး။ နတ်တွေကျတော့ သူတို့တွေရဲ့ ခန္ဓာကိုယ်က ကဗဠီကာရ အာဟာရ အစာကြမ်းလေးတစ်ခု စားပေးရတယ်၊ အဲဒီ အစာအာဟာရလေးတစ်ခု စားပေးမှ

http://www.dhammadownload.com



အတွင်းထဲက အစာအာဟာရနဲ့ အပြင်ဘက်က အစာအာဟာရ ပေါင်းပြီး ခန္ဓာကိုယ်ကို maintain လုပ်နိုင်တယ်တဲ့။

နတ်တွေရဲ့သန္တာန်မှာရှိတဲ့ ပါစက တေဇော အစာချက်တဲ့ တေဇောဓာတ်ကို ထိန်းပေးဖို့ အစာအာဟာရကို ပုံမှန်စားရတယ်၊ အပျော်လွန်တဲ့အခါ အစာစားချိန် မစားဘဲနဲ့ လွန်သွားတာ၊ အချိန်လွန်သွားတဲ့အခါ ဝမ်းမီးက သူတို့ ခန္ဓာကိုယ်ကို လောင်တာ၊ ဝမ်းမီးလောင်ပြီး ခုခေတ်လူတွေ ပြောသလိုပေါ့၊ အစာအိမ်က acid ဓာတ်တွေ ထွက်လာပြီး gastritis ဖြစ်တယ်ပေါ့၊ အစာအိမ် ရောဂါရတယ်။

လူတွေကျတော့ လူရဲ့ ခန္ဓာကိုယ် တည်ဆောက်ပုံက ကြမ်းတမ်းတယ်၊ လူတွေ သေသွားတဲ့အခါ လူအကောင်လိုက်ကြီး ကျန်ရစ်တယ်၊ နတ်တွေရဲ့ ခန္ဓာကိုယ်က အဲဒီလို မဟုတ်ဘူး၊ လူတွေရဲ့မျက်စိနဲ့ မမြင်ရလောက်အောင် သိမ်မွေ့တယ်၊ သေသွား ရင်လည်း ပျောက်သွားရော၊ ဘာမှမကျန်ရစ်ဘူး၊ နတ်အလောင်း နတ်မသာချစရာ မလိုဘူး၊ ဂူတည်စရာ မလိုဘူးနော်၊ သေသွားရင် ပျောက်သွားရော၊ တစ်ခါတည်း မီးတောက်ကလေး ငြိမ်းသလို ငြိမ်းသွားတယ်၊ လူတွေကျတော့ အလောင်းကျန်ရစ်တယ်၊ ဥတုဇ ရုပ်ကလာပ် တဲ့၊ ဥတုဇရုပ်ကလာပ် ဆိုတာကြီးကို သင်္ဂြိုဟ်နေရ တာ သင်္ဂြိုဟ်စရိတ်တွေ တက်လာတာပေါ့။

နတ်တွေရဲ့ ခန္ဓာကိုယ်က အလွန်သိမ်မွေ့တဲ့အတွက်ကြောင့် သူတို့ရဲ့ ပကတိရုပ်အဆင်းကို လူသားတွေရဲ့ ပကတိမျက်စိနဲ့ မြင်လို့မရဘူး၊ သူတို့က ရုပ်ကြမ်းဖန်ဆင်းပြတော့မှ မြင်ရတယ်၊ အဲဒီနတ်တွေ စားချိန်လွန်ရင် အချိန်လွန်သည့်အတွက်ကြောင့်

http://www.dhammadownload.com



စုတိစိတ်ကျပြီးတော့ သေရော၊ အဲလို နတ်မျိုးကို **ခိဍ္ဍာပဒေါသိက** နတ်လို့ ခေါ်တာပဲ၊ ဥပစ္ဆေဒကကံနဲ့ သေတယ်လို့ ပြောရမယ်၊ သေပုံသေနည်းက ဥပစ္ဆေဒကကံဆိုတာ ကံချည်းမဟုတ်ဘူး၊ ဖြစ်ပေါ်လာတဲ့ ဖြတ်တောက်ပစ်လိုက်တဲ့ အကြောင်းတရား အားလုံးကို လယ်တီဆရာတော်ကြီးကတော့ ပြောထားတယ်။

နောက်တစ်ခါ **မနောပဒေါသိက** နတ်ဆိုတာလည်း ရှိသေးတယ်၊ **မနောပဒေါသိက** ဆိုတာ စိတ်ဆိုးလို့ သေတာ၊ လူတွေကျတော့ စိတ်ဆိုးရုံနဲ့သေတာရှားတယ်။ သေတဲ့သူက heart attack နဲ့ နှလုံးရောဂါရှိရင်တော့ စိတ်ဆိုးရင် သေတာ၊ ဒေါ်ပြင်ရောဂါနဲ့ သေချင်သေမှာပေါ့၊ လူ့ရဲ့ ခန္ဓာကိုယ်က ကြမ်းတယ်၊ နတ်တွေကျတော့ စိတ်ဆိုးခံလို့ မရဘူး၊ စိတ်ဆိုးလို့ရှိလျှင် နတ်က သေမှာ၊ လူတွေလည်း စိတ်ဆိုးလို့သာ သေမယ်ဆိုရင် စိတ်ဆိုးရဲမှာ မဟုတ်ဘူး။

အဲဒီနတ်တွေ ဘယ်လို စိတ်ဆိုးကြလဲဆိုရင် နတ်တွေ ဥယျာဉ်သွားကြတယ်၊ သွားတဲ့အခါ လမ်းမှာ ဆုံကြတယ်ပေါ့၊ တစ်ဦးနဲ့တစ်ဦး စည်းစိမ်ချမ်းသာချင်းက မတူဘူး၊ အတိတ်ဘဝက ကံရှိရင်ရှိသလို တောက်တောက်ပြောင်ပြောင်၊ လူတွေမှာလည်း ရှိတာပေါ့၊ ဒီလူက ကားကောင်းကြီး စီးလာတယ်၊ ဟိုလူက ကားစုတ် စီးလာတယ်၊ ကားစုတ် စီးလာတဲ့သူက ကားကောင်း စီးလာတဲ့သူကို မနာလိုတဲ့အကြည့်နဲ့ ကြည့်တယ်။

အဲဒါမျိုးလိုပဲ နတ်တွေမှာလည်း အခြံအရံနဲ့ ခမ်းခမ်းနားနားကြီးထွက်လာတဲ့အခါ အခြံအရံနည်းနည်းနဲ့ မတောက်ပြောင်တဲ့နတ်က ကြည့်တာပေါ့၊ ကြည့်တဲ့အခါ မျက်စောင်းလေး

http://www.dhammadownload.com



ထိုးပြီးတော့ ကြည့်တယ်၊ မျက်စောင်းလေးထိုးကြည့်ပြီး မေးငေါ့တယ်၊ အဲလို မေးငေါ့တာကို ဟိုနတ်ကလည်း မြင်တယ်၊ ဒီကောင် ငါ့ကို မနာလို ဖြစ်နေတယ်။ သူကလည်း ပြန်ပြီးတော့ ငါ့ကုသိုလ်ကံနဲ့ ငါဖြစ်တာ၊ မင်းနဲ့ ဘာဆိုင်လို့လဲ ဆိုပြီးတော့ ပြန်စိတ်ဆိုးတယ်၊ ဒီကနတ်ကလည်း "ဒီကောင် ကြွားတားတားနဲ့" ဆိုပြီး စိတ်ဆိုးတယ်၊ ၂-ယောက် စိတ်ဆိုးတဲ့အခါ ဟိုနတ်ကလည်း စိတ်ဆိုး၊ ဒီနတ်ကလည်း စိတ်ဆိုးနဲ့၊ စိတ်ဆိုးတယ်ဆိုတာ သိသာတယ်၊ စိတ်ဆိုးတဲ့မျက်နှာ မသိသာဘူးလား၊ သိသာပါတယ်၊ သိသာသည့်အတွက်ကြောင့် ဟိုကလည်း စိတ်ဆိုး၊ ဒီကလည်း စိတ်ဆိုး၊ ဒါပေမယ့် လူတွေလိုတော့ ထ, မထိုးကြပါဘူး၊ စိတ်ဆိုးတာပဲ ရှိတယ်။

အဲသလို ကိုယ့်ရဲ့ဒေါသကို မထိန်းနိုင်တဲ့အခါ အဲဒီနတ်တွေ တစ်ဦးဒေါသ တစ်ဦးကူးပြီးတော့ "မင်းနဲ့ ဘာဆိုင်လို့ ကြည့်ရတာတုန်း"၊ ဟိုကလည်းပဲ "ငါ့ဟာငါကြည့်တာ မင်းနဲ့ ဘာဆိုင်တုန်း" ဆိုပြီးတော့ ယော ဒေါသတွေ မထိန်းနိုင်ကြဘူး။ အဲဒီနတ်နှစ်ယောက်စလုံးဟာ ဒေါသမီးအလောင်ခံရပြီး ပျောက်ကွယ်သွားကြတယ်၊ သေဆုံးသွားကြတယ်တဲ့၊အဲဒီနတ်မျိုးကို **မနောပဒေါသိက** နတ်လို့ခေါ်တယ်၊ အဲလို သေတဲ့နတ်လည်းရှိတယ်၊ ဒါလည်း ဥပစ္ဆေဒကမရဏလို့ ခေါ်ရမှာပဲ။

အေး တခြား ဥပစ္ဆေဒကတွေထဲမှာ လယ်တီဆရာတော်ဘုရားကြီးတော့ ရောဂါဖြစ်လို့ သေတာတွေလည်း ဥပစ္ဆေဒကမရဏထဲမှာ ထည့်ထားတယ်၊ ဘာဖြစ်လို့တုန်းဆိုတော့ ရောဂါကကံကြောင့်ချည်းဖြစ်တာ မဟုတ်ဘူး၊ လေကြောင့်ဖြစ်တဲ့ ရောဂါ

http://www.dhammadownload.com



ရှိတယ်- **ဝါတသမုဋ္ဌာန**နော်၊ သလိပ်ကြောင့်ဖြစ်တဲ့ ရောဂါရှိတယ်- **သေမှသမုဋ္ဌာန**၊ သည်းခြေကြောင့်ဖြစ်တဲ့ရောဂါ- **ပိတ္တသမုဋ္ဌာန**၊ နောက် **ဥတုပရိဏာမ** - ဥတုပြောင်းလဲလို့ ရောဂါရတာတဲ့၊ **ဝိသမပရိဟာရ** - အနေအထိုင် မတတ်လို့ ရောဂါရတာတဲ့၊ **ဩပက္ကမိက**၊ သူလုံ့လ၊ ကိုယ့်လုံ့လကြောင့် ရောဂါရတာ၊ **သန္နိပါတ**– လေ၊ သလိပ်၊ သည်းခြေ သုံးခုဖြစ်စေ၊ နှစ်ခုဖြစ်စေ ပေါင်းပြီးတော့ ရောဂါရတာ။ နောက်ဆုံးကတော့ **ကမ္မဝိပါကဇ**- ကံရဲ့အကျိုး အနေနဲ့ ဖြစ်ပေါ်လာတဲ့ရောဂါလို့ ရောဂါရှစ်မျိုးရှိတယ်။

လေကြောင့်ဖြစ်တဲ့ ရောဂါ၊ သလိပ်ကြောင့်ဖြစ်တဲ့ ရောဂါ၊ သည်းခြေကြောင့်ဖြစ်တဲ့ရောဂါ၊ သန္နိပါတရောဂါ၊ ဥတုပရိဏာမ၊ ဝိသမပရိဟာရဇ၊ ဩပက္ကမိက (စုန်းတွေ နတ်တွေ ကိုယ့်ကို ပြုစားခံရတာ အပါအဝင်)၊ ကမ္မဝိပါကဇ ဆိုပြီးတော့ "သီဝက သုတ်" မှာ ရောဂါ ၈-မျိုး ပြထားတယ်၊ သံယုတ်ထဲမှာ အဲဒီသုတ် ပါတယ်။

အဲဒီလို ရောဂါ ၈-မျိုးထဲက ကမ္မဝိပါကဇနဲ့ ကျန်တဲ့ ၇-မျိုး က လူတွေရဲ့သန္တာန်မှာ ဖြစ်ပေါ်လာလို့ ဒီလူဟာ ဒီရောဂါကြောင့် သေဆုံးရတယ်ဆိုလို့ရှိရင် ဒါလည်းပဲ ဥပစ္ဆေဒကမရဏပဲလို့ လယ်တီဆရာတော်ကြီးက ဒီလိုရေးတယ်နော်၊ သေလောက် အောင် ရောဂါတစ်ခု ဖြစ်လာလို့ သက်တမ်းမစေ့ခင် ကံမကုန်ခင် သေသွားတယ်လို့ ဒီလိုဆိုတယ်၊ အဲဒီတော့ လူ့လောကမှာ ရှာကြည့်မယ်ဆိုရင် အများကြီးပေါ့။

ဩပက္ကမိကဆိုတာ သူများက သတ်လို့ သေတယ်၊ ကားက ကိုယ့်ကို ဝင်တိုက်သွားလို့ သေတယ်၊ နောက် ကိုယ့်ဟာကိုယ်

http://www.dhammadownload.com



အိမ်ပေါ်က လိမ့်ကျလို့သေတယ်၊ ကိုယ့်ဟာကိုယ် သတ်သေတယ်၊ အမျိုးစုံပေါ့၊ မတော်တဆ သေနတ်မှန်လို့သေတယ်၊ ဘာဖြစ်လို့ သေတယ်၊ ညာဖြစ်လို့ သေတယ်၊ အများကြီးပဲပေါ့၊ လူ့လောက လူဖြစ်လာတယ် ဆိုလို့ရှိရင် အဲဒီ သေခြင်းအကြောင်း လေးမျိုး ထဲက တစ်ခုခုနဲ့ လူတွေ သတ္တဝါတွေဟာ သေဆုံးကြရတယ်တဲ့။

သေဆုံးပြီဆိုလိုက်တဲ့ အချိန်ပိုင်းလေးမှာ ဘယ်လိုနည်းနဲ့ပဲ သေသေ သေခါနီးအချိန်မှာ လူ့ရဲ့နှလုံးသားဟာ အားပျော့ လာတယ်၊ အားပျော့လာတဲ့အတွက်ကြောင့် "မရဏာသန္နဇော"လို့ သေခါနီးမှာ ဇောစိတ်တွေ ဖြစ်လာတယ်၊ အဲဒီဇောစိတ်တွေဟာ ဘာကို အာရုံယူပြီးတော့ ဖြစ်တုန်းဆိုလို့ရှိရင် သေခါနီးဆဲဆဲမှာ လူဟာ မျက်စိက မြင်တာပဲဖြစ်စေ, နားက ကြားတာပဲဖြစ်စေ သို့မဟုတ် စိတ်ထဲမှာ အိပ်မက်မက်သလို ပေါ်တာမျိုးပဲဖြစ်စေ မျက်စိကလည်း မြင်လို့ရတယ်၊ ကံ ကမ္မနိမိတ် ဂတိနိမိတ်ကို အာရုံယူပြီးဖြစ်တယ်။

သေခါနီးမှာ ပဋိသန္ဓေကို အကျိုးပေးမယ့် ကံတရားရဲ့ စွမ်းအား သို့မဟုတ် ထင်ဟပ်ပေါ်လွင်စေတတ်တဲ့ ကံရဲ့စွမ်းအား၊ အဲဒီကံရဲ့စွမ်းအားကြောင့် နောင်ဘဝမှာ ပဋိသန္ဓေအကျိုးပေးမယ့် ကံကိုသော်လည်းကောင်း, ထိုကံပြုနေတဲ့ အချိန်ကာလ အခြေ အနေကိုသော်လည်းကောင်း, သွားရမယ့် ဘဝရဲ့အရိပ်အယောင် ကိုသော်လည်းကောင်း ဒီတစ်ခုခုကို မြင်ပြီးတော့ အဲဒီစိတ်က အဲဒီအာရုံနဲ့ပဲ နစ်မြောနေတဲ့အချိန်မှာ စုတိစိတ်ကလေး ကျသွား တယ်။

http://www.dhammadownload.com



မသေခင်ကတည်းက ကံ ကမ္မနိမိတ် ဂတိနိမိတ်ဆိုတဲ့ အာရုံ တစ်ခုခုကို အာရုံပြုထားသည့်အတိုင်း ထိုအာရုံကို အဝိဇ္ဇာက ဖုံးကွယ်ပေးတယ်၊ အပြစ်အနာဆာ မမြင်ရအောင် ဖုံးကွယ်ပေး တယ်၊ တဏှာက တွယ်တာတယ်၊ အာရုံပေါ်မှာ စိတ်ကိုညွတ်သွား စေတယ်၊ အဲသလို ညွတ်သွားပြီးတော့ ထိုတွေးတောနေတဲ့ စိတ် အစဉ်, ထိတ်လန့်ကြောက်လန့်နေတဲ့စိတ်အစဉ်၊ အဲဒီ စိတ်အစဉ် တွေ ဖြစ်နေတဲ့အချိန်မှာ သေဆုံးမှုဆိုတဲ့ စုတိစိတ်ကလေးက ပေါ်လာတယ်လို့ ဒီလိုပြောတာနော်။

အဲဒီစုတိစိတ်ကလေး ပေါ်လာလိုက်တာနဲ့ တစ်ပြိုင်နက် ဒီဘဝမှာရှိတဲ့ ကမ္မဇရုပ်အားလုံးလည်း ချုပ်ငြိမ်းသွားတယ်၊ ကံကြောင့်ဖြစ်တာတွေမှန်သမျှ အတိတ်ဘဝကလာခဲ့တဲ့ ပဋိသန္ဓေ အကျိုးကို ပေးခဲ့တဲ့ ကံတရားရဲ့ အကျိုးဆက်တွေအားလုံးဟာ အပြီးသတ်သွားပြီ၊ အဲဒါကို တစ်ဘဝလို့ခေါ်တာ၊ ပဋိသန္ဓေ အကျိုးကို ပေးလိုက်တဲ့ကံ၊ ထို ပဋိသန္ဓေအကျိုးကို ပေးလိုက်တဲ့ ကံကနေထုတ်လုပ်တဲ့ ကမ္မဇရုပ်တွေ၊ အဲဒါတွေဟာ တစ်ပြိုင်နက် ချုပ်ပြီးတော့ သွားကြတယ်တဲ့၊ ချုပ်သွားလို့ရှိရင် သေတယ်လို့ သတ်မှတ်ရတယ်။

အဲဒီတော့ သေတယ်လို့ သတ်မှတ်တာက နှလုံးခုန်ရပ်သွား တာနဲ့တင် သေတယ်လို့ သတ်မှတ်လို့ မရဘူးနော်။ ပိဋကတ် စာပေအရ ပြောမယ်ဆိုရင် သေတယ်ဆိုတာ အင်္ဂါ ၃-ချက် ညီမှသာ ပြောရမယ်တဲ့၊ ဘာတုန်းဆိုရင် -

**"အာယု ဥသ္မာစ ဝိညာဏံ၊**
**ယဒါ ကာယံ ဇဟန္တိမံ၊**

http://www.dhammadownload.com



**အပဝိဒ္ဓေါ တဒါသေတိ၊**

**နိရတ္ထံဝ ကဠိင်္ဂရံ**" တဲ့။ သံယုတ္တနိကာယ် ဖေကာပိဏ္ဍူပ သုတ်မှာ ဆိုထားတာ။

**အာယု–** ခန္ဓာကိုယ်ရဲ့ ရုပ်ဓမ္မ နာမ်ဓမ္မတွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့ ဇီဝိတဆိုတဲ့ အသက်၊ အဲဒါလည်းပဲ ချုပ်ငြိမ်းသွားတာ ဖြစ်ရမယ်တဲ့၊ **ဥသ္မာ**–ကံကြောင့်ဖြစ်တဲ့ တေဇောဓာတ်အငွေ့ ခန္ဓာကိုယ်အငွေ့ ကံကြောင့်ဖြစ်တဲ့ဟာလည်းပဲ ဆက်လက်မဖြစ်ပေါ်တော့ဘူး၊ အသစ်မလာတော့ဘူးပေါ့၊ အဟောင်းကတော့ ရှိကောင်း ရှိနေဦးမယ်ပေါ့၊ ကမ္မဇရုပ်ကလည်း ချုပ်ငြိမ်းသွားတယ်တဲ့၊ တေဇောဓာတ်လည်း ချုပ်ငြိမ်းသွားတယ်၊ **ဝိညာဏ–** လို့ဆိုတဲ့ ဘဝင်စိတ်အစဉ်၊ စိတ်အားလုံးဟာလည်းပဲ ချုပ်ငြိမ်းပြီးသွားတယ်၊ အဲဒီ "**အာယု၊ ဥသ္မာ၊ ဝိညာဏ**" လို့ဆိုတဲ့ ဒီ ၃-ခု ချုပ်သွားပြီ၊ လုံးဝ ရပ်ဆိုင်းသွားပြီဆိုရင် ဒါသေတယ်လို့ သတ်မှတ်ရတယ်၊ အဲဒါမဟုတ်ဘဲနဲ့ အသက်မရှူတော့တာနဲ့ သေတယ်လို့ဆိုပြီး သွားဆုံးဖြတ်ရင် ပြဿနာတွေတက်မယ်၊ ခုခေတ်မှာလည်းပဲ ဒါမျိုးတွေ ရှိတတ်တယ်နော်။

ဘုန်းကြီးတို့ငယ်ငယ်က သတင်းစာတစ်စောင်မှာ ဖတ်ဖူးတယ်၊ ဗမာပြည်မှာလည်း ဒီလိုဝတ္ထုတွေရှိတာပဲ၊ ဘင်္ဂလားဒေ့ရှ်မှာ ဖြစ်ခဲ့တဲ့ ဝတ္ထုလေးတစ်ခု၊ သတင်းစာ အပိုင်းအစလေးထဲမှာ ဖတ်ရတာ၊ အဲဒီ ဘင်္ဂလားဒေ့ရှ်မှာ လူတစ်ယောက်ကို သေပြီလို့ ဆရာဝန်ကနေ နားကြပ်နဲ့ထောက် ဆုံးဖြတ်လိုက်တာ၊ သူက တခြားဘာသာဝင်ဆိုတော့ နေ့ချင်းရက်ချင်း သူ့ကို သွားမြှုပ်လိုက်ကြတယ်၊ မြှုပ်တဲ့အခါမှာ ခပ်ဖွဖွမြှုပ်တယ်၊ သူကို မီးသဂြိုဟ်

http://www.dhammadownload.com



လိုက်ရင်တော့ အစပါ ပျောက်သွားမှာပေါ့နော်၊ မြေကြီးထဲ မြှုပ်လိုက်တယ်၊ ၅-နာရီလောက်ကြာတဲ့အခါ ပြန်သတိလည်လာတယ်၊ သတိလည်လာတဲ့အခါ လူငယ်လူရွယ်ဆိုတော့ အားကောင်းတယ်၊ မြေကြီးပုံထဲကနေ တွန်းပြီးတော့ ထွက်လာတယ်၊ အိမ်ပြန်လာတယ်၊ အိမ်ကလူတွေက ကြောက်လို့ လက်မခံရဲဘူး၊ သေလို့ မြှုပ်ထားပြီး အိမ်ပြန်ရောက်လာတယ်ဆိုတော့ တစ္ဆေလို့ အောက်မေ့မှာပေါ့နော်၊ အဲဒီအခါမှာ ဆုံးဖြတ်ချက်ပေးတဲ့ ဆရာဝန်ကို တရားစွဲတယ်ဆိုတဲ့ ဇာတ်လမ်းလေးတစ်ခုတွေ့တယ်။

ဒါထက် အဖြစ်အပျက် လွန်ခဲ့တဲ့ ၄-၅ နှစ်က ထင်ပါရဲ့၊ မန္တလေးမှာလည်း အဲသလို အဖြစ်အပျက်မျိုး တစ်ခုကြုံတယ်၊ တရုတ်အမျိုးသမီးလေးတစ်ယောက်၊ သေပြီဆိုပြီး ကြာနီကန်သုသာန်ပို့တယ်၊ သုသာန်ဝ ရောက်တဲ့အခါ သတိလည်လာတယ်၊ ဒီတော့ မင်္ဂလာမရှိတော့ဘူး ဆိုပြီးတော့ အဲဒီကလေးမလေး အိမ်ပြန်မခေါ်ဘူးတဲ့၊ အိမ်ပြန်မခေါ်ဘဲနဲ့ အဲဒီသုသာန်နားမှာပဲ တိုက်ကလေးဆောက်ပေးထားတယ်လို့ ပြောတယ်။

ဒါကြောင့်မို့လို့ ရှေးတုန်းက လူတစ်ဦးသေတယ် ဆိုလို့ရှိရင် ၇-ရက်လောက် ထားလေ့ရှိကြတယ်၊ အခုတော့ အဲလို မထားကြဘူး၊ ဒီနေ့သေ မနက်ဖြန် သင်္ဂြိုဟ်။ လုပ်ပစ်လိုက်ကြတဲ့အခါ ကံမကောင်းအကြောင်းမလှတဲ့သူတချို့ ရေခဲတိုက်ထဲ ပို့လိုက်တယ်၊ ရေခဲတိုက်ထဲ ဝုန်းဒိုင်းလုပ်နေတော့ သရဲခြောက်တယ် ဆိုပြီး အရိုက်သတ်ခံနေရဦးမယ်။

တစ်ခါတုန်းက ပြောသံကြားဖူးတယ်၊ တောရွာတစ်ရွာမှာ အသက်ကြီးကြီး လူကြီးတစ်ယောက် သေပြီဆိုပြီး သွားမြှုပ်ကြ

http://www.dhammadownload.com



တယ်၊ မြှုပ်မလို့ တွင်းထဲထည့်ပြီး မြေကြီး တစ်ဂေါ်နှစ်ဂေါ် ထည့်လိုက်ခါရှိသေး၊ သူက ပြန်သတိလည်လာပြီး ရေတောင်းတယ်၊ အဲဒီလို အသက်ရှင်တာကို ကယ်ရမယ့်အစား မကယ်ဘဲနဲ့ ကြောက်ကြောက်နဲ့ ခေါင်းကို တူနဲ့ထုပြီး ပြန်ပြီး မြှုပ်လိုက်သတဲ့၊ အဲသလို ဇာတ်လမ်းတွေလည်း ကြားဖူးတာပဲ၊ ဒီတော့ ဘဝဆိုတာ ကံတရားအတိုင်းပဲလို့ မြန်မာတွေ တွေးတဲ့အတိုင်းတွေးရင် စိတ်သက်သာတာပေါ့နော်။

အဲဒါကြောင့်မို့လို့ သေဆုံးခြင်းဆိုတာ အာယု၊ ဥသ္မာ၊ ဝိညာဏ်ရယ်၊ အဲဒီ ၃-ခု ချုပ်ငြိမ်းသွားပြီဆိုမှ ဖြစ်တာ။ အဲဒီ ခန္ဓာကိုယ် ကြီးက အပူဓာတ် temperature တွေလည်းပဲ လုံးဝ ချုပ်ငြိမ်းသွားတယ်၊ ဇီဝိတဆိုတဲ့အသက်လည်း ချုပ်ငြိမ်းသွားတယ်၊ ဝိညာဏ်ဆိုတဲ့ စိတ်လည်း ချုပ်ငြိမ်းသွားပြီဆိုလို့ရှိရင်တော့ ဒါ လုံးဝသေတယ်လို့ ဒီလိုမှတ်ချက်ချရတယ်၊ ဆေးပညာအရတော့ တမျိုး ယူကောင်းယူလိမ့်မယ်ပေါ့၊ ဗုဒ္ဓဘာသာရဲ့ ကျမ်းစာအရကတော့ အဲဒီအတိုင်းပဲ၊ အဲဒီအကြောင်း ၃-မျိုး ချုပ်ငြိမ်းပြီဆိုရင် သေပြီလို့ သတ်မှတ်တယ်တဲ့၊ ကဲ - သေခြင်းအကြောင်း သေပုံ သေနည်း ၄-မျိုးတဲ့။

ဒီလို သေတဲ့အခါမှာ အာရုံနိမိတ်တွေက အင်မတန်မှ အရေးကြီးတယ်၊ ပြောင်းလဲပေးလို့ရတဲ့ အာရုံနိမိတ်တွေရှိတယ်၊ သေခါနီးမှာ မိမိရဲ့ကံအားလျော်စွာ ကောင်းတာတွေလည်း ထင်၊ မကောင်းတာတွေလည်း ထင်၊ အဲဒီတော့ ဗုဒ္ဓဘာသာဝင်တွေ အနေနဲ့ကတော့ နောက်ဆုံးအချိန် ရောက်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို အနီးအနားမှာဟိုပြောဒီပြောမပြောဘဲနဲ့ အားပေး

http://www.dhammadownload.com



စကားလေးပဲပြောပြီး စိတ်ချမ်းသာအောင်ထားဖို့၊ ငြိမ်ငြိမ်သက်သက်နဲ့ အားပေးစကားပြောပြီး သူနှစ်သက်တဲ့ တရားလေး ဖွင့်ပြ၍ဖြစ်စေ အဲသလို အေးအေးချမ်းချမ်း သေခွင့်ရအောင် ထားဖို့ ကောင်းတယ်ပေါ့။

အဲဒီအချိန်ကျမှ ဘဏ်စာအုပ်က ဘယ်ထားခဲ့တုန်းတွေ ဘာတွေ မမေးသင့်ဘူးပေါ့နော်၊ လက်စွပ်က ဘယ်သူ့ပေးထားခဲ့တုန်း၊ ဘယ်အပ်ထားတုန်း၊ ဘယ်အပေါင်ဆိုင်တွေ ထားတာ တုန်းတွေ ဘာတွေ မမေးသင့်ဘူးပေါ့၊ မေးလျှင် အဲဒီလူဟာ လမ်းဖြောင့်မှာ မဟုတ်ဘူး၊ ဒုက္ခ ရောက်တတ်တယ်တဲ့။

တချို့ကလည်း မသေခင်ကငိုတာ ရှိသေးတယ်၊ ငိုရင် ပိုပြီးတော့ ဆိုးတယ်၊ သူ့မှာ ဒေါမနဿတွေဖြစ်ပြီးတော့ သေဆုံးသွားတတ်တယ်၊ အဲဒီတော့ သေခါနီးမှာ သိပ်အရေးကြီးတယ်။

ဘုန်းကြီးတို့ စစ်ကိုင်းမှာ ဆရာတော်ကြီးတစ်ပါး ဒီအတိုင်းပဲ၊ သေခါနီးအချိန် ဆလိုင်းသွင်းပေးတာပေါ့လေ၊ ရမလားလို့ ပြုစုတဲ့ ပုဂ္ဂိုလ်တွေက လုပ်တယ်၊ သူက မသွင်းဖို့ ပြောတယ်၊ ငြင်းတယ်၊ အတင်းသွင်းပေးကြတဲ့အခါကျတော့ သူဘာမှ မပြောတော့ဘူး၊ ဘာမှမပြောပေမယ့်လို့ မကျေနပ်တဲ့ အရိပ်အယောင်တွေပြတယ်၊ အဲဒီ မကျေနပ်တဲ့ အရိပ်အယောင်တွေနဲ့ပဲ ပျံလွန်တော်မူသွားတဲ့အခါ ပြုစုတဲ့ပုဂ္ဂိုလ်တွေပေါ်မှာ စိတ်ကွက်မိလို့တဲ့ တစ္ဆေဖြစ်နေတယ်၊ ဒါ ဒီပြင် လူတစ်ယောက်က ပြောတာ၊ ကောင်းမှုလုပ်ပြီး သူ့အတွက် အမျှအတမ်းပေးဝေပေးပါ၊ အမျှအတမ်းပေးလိုက်တဲ့ အခါကျတော့ သူ အထက် နတ်ပြည်ကို သွားတော့မယ်တဲ့ အကြောင်းပြောတယ်၊ ဟုတ်တယ် မဟုတ်တယ်တော့ မသိဘူး၊

http://www.dhammadownload.com



ရန်ကုန်က လူတွေကတော့ လူသေရင် လေချွန်နတ်သွားမေးလေ့ ရှိကြသတဲ့။

လောကမှာ ဘဝဆိုတာ ရှိတာသေချာတယ်၊ အဲဒီတော့ သေခါနီး အာရုံနိမိတ်ဟာ အလွန်တရာမှ အရေးကြီးတယ်တဲ့၊ ဒါကြောင့်မို့ ငြိမ်းငြိမ်းချမ်းချမ်းလေး သေနိုင်အောင် နံပါတ်တစ် ကိုယ့်ကိုယ်ကို ကြိုးစားဖို့ လိုတယ်ပေါ့။ ကိုယ့်နောက်ဆုံးအချိန် ရောက်လာပြီဆိုရင် စိုးရိမ်စိတ်တွေ ကိုယ့်မှာမရှိဖို့၊ အားကိုးတရား နှလုံးသွင်းတရားတွေရှိဖို့၊ ကုသိုလ်ကောင်းမှုတွေကို စဉ်းစားဖို့၊ ဒါလေးတွေက စောစောကြိုတင်ပြီးတော့ လေ့ကျင့်ထားသင့်တယ် ပေါ့၊ မလေ့ကျင့်လို့ရှိရင် ထိုအချိန်ကျမှ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ပြီး ဘဝခရီးဟာ မဖြောင့်တန်းဘဲ ရှိတတ်ပါတယ်တဲ့။

ဒါကြောင့်မို့ ဘဝခရီးလမ်းဖြောင့်တန်းဖို့ရာအတွက် နေ့စဉ်နဲ့ အမျှ မိမိရဲ့စိတ်ကလေး ကုသိုလ်ကောင်းမှုဘက်ညွတ်ပြီး နေတတ် အောင်၊ သေတတ်တဲ့ အသေမျိုးလည်း သေတတ်မှာပါ၊ ဒါမို့လို့ တရားလေး နှလုံးသွင်းပြီးတော့ နေတတ်အောင် ဟိုတွေးဒီတွေး မတွေးဘဲနဲ့၊ ဟိုအတွက်စိုးရိမ် ဒီအတွက်စိုးရိမ်, ဟိုဟာတွယ်တာ ဒီဟာတွယ်တာ မရှိဘဲနဲ့ မိမိရဲ့တရားလေးကိုသာ ဆင်ခြင်စဉ်းစား ပြီးတော့ ကိုယ်ကျင့်တရား ကိုယ်စီလက်ကိုင်ထားပြီး ဘဝတစ်ခု ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နိဂုံးချုပ်နိုင်ရမယ်၊ ထိုသို့ နိဂုံးချုပ်နိုင်မှသာလျှင် နောက်ဆုံးမှာ အငြိမ်းဓာတ်ဖြစ်တဲ့ နိဗ္ဗာန်ကို မရမချင်း အိုလိုက် နာလိုက် သေလိုက် ဆိုတဲ့ ဆင်းရဲဒုက္ခ ကြုံနေရမှာဖြစ်တယ်၊ နိဗ္ဗာန်ချမ်းသာသည်သာလျှင် အိုခြင်းကင်းရာ နာခြင်းကင်းရာ သေခြင်းကင်းရာ ဖြစ်တယ်လို့ ယုံကြည်ပြီးလျှင် နိဗ္ဗာန်ချမ်းသာကို

http://www.dhammadownload.com



ရရာရကြောင်း သူတော်ကောင်းတရားကို ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

❖❖❖❖❖

http://www.dhammadownload.com

## မှတ်တမ်း

သာသနာတော် သက္ကရာဇ် ၂၅၅၂-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း ၅-ရက်၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံတွင် ဆင်ယင်ကျင်းပ ပြုလုပ်သည့် ညဥ့်ဦးယံ ဓမ္မသဘင်ဝယ် စမ်းချောင်းမြို့နယ်၊ သီရိလမ်း၊ အမှတ် ၂၅၀ နေ နှစ်ဖက်သော မိဘများ အမှူးထား၍ ဗိုလ်မှူးကြီး ဝမ်းမောင်(ငြိမ်း)+ဒေါ်ညွန့်ညွန့်ဆွေတို့၏ အမတဒါန ဓမ္မဒါနအဖြစ် ဟောကြားအပ်သော "ဘဝသစ်၌ ပြန်လည်မွေးဖွားခြင်း"အကြောင်း တရားဒေသနာတော် ဖြစ်ပါသည်။

http://www.dhammadownload.com

# အခန်း - ၉

## ဘဝသစ်၌ ပြန်လည်မွေးဖွားခြင်း

ဘဝသစ်၌ ပြန်လည်မွေးဖွားခြင်း ဆိုတာ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်အရဖြစ်တယ်။ ဓမ္မစကြာ တရားတော်ထဲမှာ "**ယာယံ တဏှာ ပေါနောဗ္ဘဝိကာ** = တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်သော" လို့ဆိုတယ်။ ထိုထိုသုတ္တန်တွေမှာ လည်း တဏှာကို "**ဘဝနေတ္တိ** = ဘဝကို ဆောင်တတ်တဲ့တရား" လို့ ဘဝတစ်ခုမှတစ်ခုသို့ သယ်ဆောင်သွားတဲ့တရားလို့ ဒီလို ဟောတယ်။

ကံနဲ့ ပတ်သက်လာလို့ ရှိရင်လည်း မြတ်စွာဘုရားက "**ဘဝဂါမိ** = ဘဝကို ဖြစ်စေတတ်တဲ့ကံ" လို့ ဟောတယ်။ ဘဝသစ် ၌ ပြန်လည်မွေးဖွားခြင်းနှင့် စပ်လျဉ်းပြီးတော့ မြတ်စွာဘုရားက "**ပုနဗ္ဘဝ**" ဆိုတဲ့ စကားလုံး သုံးနှုန်းထားတာရှိတယ်။ တမလွန်ဘဝနဲ့ ပတ်သက်ပြီးတော့ အမြင်ရှင်းဖို့ အင်မတန်မှ အရေးကြီးတယ်။

http://www.dhammadownload.com



ဒီနေရာမှာ ဗုဒ္ဓဘာသာဝင်တွေ တမလွန်ဘဝနဲ့ ပတ်သက်ပြီးတော့ အမြင်ရှင်းဖို့ ခက်ခဲတယ်၊ အခြား ဘာသာဝါဒတွေနဲ့ ရောယှက်ပြီးတော့ မှားမှားယွင်းယွင်း ဖြစ်တတ်တယ်။

ဗုဒ္ဓမြတ်စွာကလည်း "ကံနဲ့ သံသရာ" အကြောင်းကို ဟောထားတယ်၊ ကောင်းကံ ဆိုးကံဆိုတာတွေလုပ်လို့ ကောင်းကံ ဆိုးကံတွေက ဖန်တီးတဲ့ဘဝတွေ ရကြတယ်ဆိုတာ ဗုဒ္ဓဘာသာကသာ လက်ခံထားတာ မဟုတ်ဘူး၊ ဗုဒ္ဓမြတ်စွာ ပွင့်ရာဖြစ်တဲ့ အိန္ဒိယနိုင်ငံမှာရှိတဲ့ ဗြဟ္မဏဘာသာ သို့မဟုတ် ဟိန္ဒူဘာသာတို့ကလည်း လက်ခံကြတယ်၊ အခြားဘာသာတွေကလည်း လက်ခံထားတာ ရှိတယ်၊ ကွဲပြားခြားနားမှုကို မသိရင် တူညီတယ်လို့ ထင်မှတ်ကြလိမ့်မယ်၊ မတူညီတဲ့အချက်တွေ အများကြီးရှိတယ်။

သာမန်ကြည့်မယ်ဆိုရင် သူတို့လည်း သံသရာအကြောင်းကို ရှင်းပြတယ်၊ ကံဆိုတာ လက်ခံတယ်၊ ကံနဲ့ သံသရာကို ပြောကြတဲ့ နေရာမှာ အသံတူနေသည့်အတွက်ကြောင့် အနှစ်သာရပိုင်းမှာ တူသယောင်ယောင်ဖြစ်ပြီး "ဗုဒ္ဓဝါဒသည် ဟိန္ဒူဝါဒက ပေါက်ဖွားလာတာပါ" လို့ ဟိန္ဒူစာရေးဆရာတွေက ရေးကြတယ်၊ ဘယ်လိုထိအောင် ရေးတုန်းဆိုရင် Buddha was born in Hindu. မြတ်စွာဘုရားက ဟိန္ဒူထဲမှာ ဟိန္ဒူအဖြစ်နဲ့ မွေးလာတယ်တဲ့၊ Buddha was living in Hindu. Buddha died in Hindu ဆိုပြီးတော့ ဟိန္ဒူထဲမှာ မွေး၊ ဟိန္ဒူထဲမှာ နေ၊ ဟိန္ဒူထဲမှာ သေပေါ့၊ အဓိပ္ပာယ်ကတော့ Buddhism ဆိုတာ Hinduism က ပေါက်ဖွားလာတဲ့အရာလို့ ဒီလိုယူဆပြီးတော့ ပြောကြတယ်၊ အဲဒီလို ယူဆ

http://www.dhammadownload.com



ပြောဆိုချက်တွေဟာ အနှစ်သာရပိုင်းကိုမသိလို့ တူတယ်ထင်ပြီးတော့ ပြောနေကြတာ။

အပေါ်ယံအားဖြင့် သံသရာလက်ခံတယ်ဆိုတာ ဟုတ်တယ်၊ ကံကို လက်ခံတာ ဟုတ်တယ်၊ ကံ၏အကျိုးကို လက်ခံတာ ဟုတ်တယ်၊ သံသရာလည်တယ်ဆိုတဲ့အပိုင်းမှာ ကြီးမားတဲ့ ကွဲပြားခြားနားချက်ကြီးရှိတယ်၊ ဘာလဲ?။

## ကမ္မဝါဒချင်း တူပေမယ့်လို့

Hinduism မှာ သံသရာလည်တယ်ဆိုတာ ဘယ်သူလည်တာတုန်းဆိုတော့ 'အတ္တ' လို့ခေါ်တဲ့ ထာဝရမြဲနေတဲ့ အရာလေးတစ်ခု လည်တာ၊ အတ္တက သံသရာလည်တာ၊ ထိုအတ္တမှာ ရုပ်တွေနာမ်တွေ ရှိတယ်၊ အဲဒီအတ္တကို ဘယ်သူက ဖန်ဆင်းတာတုန်းဆို ဗြဟ္မာကြီးက ဖန်ဆင်းထားတာ၊ အဲဒီအတ္တကို နာမည်အမျိုးမျိုးနဲ့ ခေါ်လို့ ရတာပေါ့၊ Hinduism မှာဆို 'အာတ္မန်' လို့ ဒီလိုသုံးတယ်၊ 'အာတ္မန်' တို့ 'ဗြဟ္မတ္မန်' တို့ဆိုတာ ရှိတယ်၊ 'ဗြဟ္မတ္မန်' ဆိုတာက Universal soul ကို ပြောတာ၊ ဗြဟ္မာကြီးကို ဗြဟ္မတ္မန် Universal soul? အဲဒီ Universal soul ဆိုတဲ့ ဖန်ဆင်းရှင်ကြီးကနေပြီးတော့ Individual soul လို့ ခေါ်တဲ့ အသီးသီးသော သတ္တဝါတွေရဲ့အတ္တကို ဖန်ဆင်းပေးလိုက်တယ်၊ အဲဒီလို ဖန်ဆင်းမှုကို လက်ခံပြီးတော့ သံသရာအကြောင်း, ကံအကြောင်းကို ရှင်းပြတာ။

သူတို့ပြောတဲ့ ကံ, သူတို့ပြောတဲ့ သံသရာ ဆိုတာက ဖန်ဆင်းထားတဲ့ အတ္တကလေး သံသရာလည်တာကို ပြောတာနော်၊ ထို

http://www.dhammadownload.com



အတ္တကလေးရဲ့ လုပ်ဆောင်ချက်တွေကို ကံလို့ ပြောတာ၊ ဒါ သူတို့ရဲ့ အခြေခံ၊ အဲဒီတော့ ကမ္မဝါဒချင်း တူပေမယ့်လို့ အနှစ် သာရပိုင်း အခြေပြုတာချင်း မတူဘူး၊ အလွန်ကွာခြားတယ်။

ဒါကြောင့်မို့ အင်္ဂလိပ်ဘာသာမှာ Reincarnation ဆိုတဲ့ စကားလုံးလေးတစ်ခုရှိတယ်၊Cambridge ကထုတ်တဲ့ dictionary ကို ကြည့်လိုက်တဲ့အခါ Reincarnation နဲ့ ပတ်သက်လို့ Spirit ဆိုတဲ့အရာ၊ Spirit ဆိုတာ ခုနက အတ္တကို ပြောတာ၊ မြန်မာလို ပြောမယ်ဆိုရင်တော့ "ဝိညာဏ်ကောင်" တို့၊ "လိပ်ပြာ"တို့ဆိုတာ မြန်မာတွေပြောလေ့ရှိတယ်၊ အဲဒီ ဝိညာဏ်တို့ လိပ်ပြာတို့ ဆိုတာ ဟာ ခန္ဓာကိုယ်ကြီးတစ်ခု ဟောင်းနွမ်းသွားပြီဆိုရင် နောက် ခန္ဓာ တစ်ခုကို ပြောင်းရွှေ့တယ်။

အဲသလို ပြောင်းရွှေ့တဲ့အခါမှာ ဘယ်သူက ရွေးချယ် ပေးတာတုန်းဆိုရင် ကံက ရွေးချယ်ပေးတယ်၊ ဘဝတစ်ခုကနေ ဘဝတစ်ခု ဖြစ်နေတာဟာ ကံကြောင့် ဖြစ်တယ်ဆိုတာလည်း ဟုတ်တယ်၊ ဘဝတစ်ခုကနေ ဘဝတစ်ခု ပြောင်းရွှေ့နေတယ် ဆိုတာ ဘယ်သူပြောင်းတာတုန်းဆိုတာကျ ကွဲပြားသွားပြီ၊ အဲဒီ အချက်ကလေးမြင်ဖို့ အင်မတန်မှလိုတယ်၊ ဗုဒ္ဓဘာသာတွေလည်း "လူဝင်စား လူဝင်စား" နဲ့ ပြောကြတယ်၊ ဘယ်သူကသေပြီး ဘယ်သူ့ထဲ ဝင်စားတယ်လို့ ပြောတယ်၊ ဒါ အပြောအနေနဲ့တော့ ပြောလို့ရတယ်၊ သို့သော် အနှစ်သာရပိုင်းအနေနဲ့ အမှန်ကို သိဖို့ လိုတယ်။

ဗုဒ္ဓဘာသာမှာ ခုနက Universal soul ဆိုတဲ့ ထာဝရဘုရား သခင်က ဖန်ဆင်းထားတဲ့ "အတ္တ"ဆိုတဲ့အရာ မရှိဘူး၊ အင်္ဂလိပ်လို

http://www.dhammadownload.com



အတ္တကို soul လို့ ပြန်တယ်၊ အဲသလို soul ဆိုတဲ့အရာ သို့မဟုတ် spirit ဆိုတဲ့အရာ သို့မဟုတ် "ဝိညာဏ်ကောင်" သို့မဟုတ် "လိပ်ပြာကောင်" က ထာဝရမြဲပြီး တစ်ဘဝကနေ တစ်ဘဝ ပြောင်းသွားနေတယ် ဆိုတဲ့အရာက မရှိဘူး။

အဲဒီတော့ Reincarnation ဆိုတဲ့ စကားလုံးကို ဖွင့်ဆိုချက် အရ ထာဝရမြဲနေတဲ့ spirit ဆိုတဲ့ လူတွေသေဆုံးသွားတဲ့အခါ လူတွေရဲ့သန္တာန်မှာဖြစ်တဲ့ အသက်လိပ်ပြာ ဝိညာဏ်ကောင် ဆိုတာဟာ နောက်ခန္ဓာတစ်ခုကို ဝင်ရောက်ပြီးတော့ သွားတာ၊ အဲဒီအခါမှာ နောက်ခန္ဓာတစ်ခုမှာ သူက သွားပြီးတော့ ဖြစ်ပေါ် လာတယ်၊ ဒီခန္ဓာတစ်ခု ပျက်သွားပြီးတော့ နောက်ခန္ဓာတစ်ခုမှာ ဝင်ရောက်သွားတယ်။

Cambridge Dictionary ထဲမှာ ဘာရေးထားတုန်းဆို Hindu and Buddhist believe in reincarnation တဲ့ ရေးထား တယ်၊ သူပြောတဲ့ Buddhist က ဘယ် Buddhist တုန်းဆိုရင် Tibetan Buddhist ပဲ ဖြစ်တယ်၊ ထေရဝါဒ Buddhist က Reincarnation ကို လက်မခံဘူးနော်၊ Reincarnation ဆိုတဲ့ လူ့ရဲ့ "အသက်, လိပ်ပြာ, ဝိညာဏ်ကောင်" ကနေပြီးတော့ နောက်ထပ် တစ်ဘဝ ကူးပြောင်းသွားပြီးတော့ ပြန်မွေးတယ် ဆိုတာကို လက်မခံဘူး၊ ဒါက ပြန်မွေးတာ မဟုတ်ဘူး၊ အဲဒီလို ကွဲပြား ခြားနားမှုလေးတွေရှိတယ်။

အဲဒါကို မသိလို့ရှိရင် ဒီဘာသာတွေက အတူတူပဲလို့ ထင်နေကြတယ်၊ အနှစ်သာရပိုင်းမှာ အလွန်ကွဲပြားခြားနားတယ်၊ သူတို့ရှင်းပြတဲ့ သံသရာတို့ ကံတို့ဆိုတာ အတ္တကိုအခြေခံပြီးတော့

http://www.dhammadownload.com



မြဲတဲ့အရာလေးတစ်ခုရဲ့ လှည့်ပတ်သွားလာမှု, လုပ်ဆောင်နေမှုကို ကြည့်ပြီးတော့ ကံ, လှည့်ပတ်သွားလာနေမှုကို သံသရာလို့ ဒီလိုပြောတယ်၊ သူတို့မှာ သံသရာက လွတ်တယ်ဆိုတဲ့ နိဗ္ဗာန်ဟာ ဒီ Individual soul လေးက Universal soul နဲ့ ပြန်ပေါင်းသွားတာကို လွတ်မြောက်မှု (မောက္ခ) လို့ ဒီလိုခေါ်တယ်။

အဲဒီတော့ ဗုဒ္ဓဘာသာမှာ အသက်တို့ လိပ်ပြာတို့ ဝိညာဏ်ကောင်တို့ အတ္တတို့ဆိုတာ မရှိဘူး၊ ဘာပဲရှိတုန်းဆို ခန္ဓာ ၅-ပါးပဲ ရှိတယ်၊ ရုပ်နဲ့နာမ်ပဲ ရှိတယ်၊ အဲဒီ ရုပ်နဲ့နာမ်ဆိုတဲ့ ခန္ဓာ ၅-ပါးဟာ ဘယ်သူကမှလည်း ဖန်ဆင်းထားတာ မဟုတ်ဘူး၊ မြဲတဲ့ အရာကြီးလည်း မဟုတ်ဘူး၊ ထာဝရပြောင်းလဲနေတဲ့ အရာသာ ဖြစ်တယ်၊ တစ်ခုတည်းလည်း မဟုတ်ဘူး၊ ဖြစ်ပြီး ပျက်သွားတာတွေချည်းပဲဖြစ်တယ်၊ ဖြစ်ပျက်နေတဲ့ အစဉ်တန်းကြီးသာ ဖြစ်တယ်၊ အဲဒါ ထေရဝါဒဗုဒ္ဓဘာသာ အဆို။

ဒီဟာလည်း တော်တော်နဲ့သဘောပေါက်ဖို့ ခက်တဲ့ကိစ္စပဲနော်၊ သာမန်စဉ်းစားပြီး သာမန်ကြည့်မယ်ဆိုရင် ဒါကို သဘောမပေါက်နိုင်ဘူး၊ သဘောမပေါက်နိုင်လို့ရှိရင် ခုနကပြောတဲ့ ဟိန္ဒူဝါဒတွေလို အခြားဗုဒ္ဓဘာသာဂိုဏ်း၊ တိဘက် ဗုဒ္ဓဘာသာဂိုဏ်းတို့လို ရောထွေးပြီးတော့ သွားစရာရှိတယ်၊ ထေရဝါဒဗုဒ္ဓဘာသာက အဲဒီလို မဟုတ်ဘူး။

ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါကာလတုန်းက "သာတိ" ဆိုတဲ့ ရဟန်းတစ်ပါး ရှိတယ်၊ သူက "ဘုရားဟောတဲ့တရား သူနားလည်တယ်တဲ့၊ သံသရာအကြောင်း နားလည်တယ်, ကံ အကြောင်း နားလည်တယ်၊ အဲဒီ နားလည်တဲ့အတိုင်း ပြောရမယ်

http://www.dhammadownload.com



ဆိုလို့ရှိရင် ဟောဒီလူတွေရဲ့ သန္တာန်မှာရှိတဲ့ spirit လို့ ခေါ်တဲ့ ဝိညာဉ်ကောင်လေးက စကားပြောတတ်တယ်, ခံစားတတ်တယ်" (ဟိန္ဒူဝါဒမှာ စကားပြောတာ ဘယ်သူက ပြောတာတုန်း အတ္တလေးက စကားပြောတာ၊ ဝိညာဉ်ကောင်လေးက ပြောတာ)၊ ဝိညာဉ်ကောင်လေးက ရုပ်ခန္ဓာကို အကြောင်းပြုပြီးတော့ စကားပြောတယ်၊ စိတ်ကို အသုံးချတယ်၊ စိတ်တို့ ရုပ်တို့ ဆိုတာ ဝိညာဉ်ကောင်လေးရဲ့ အသုံးချ ပစ္စည်းလေးတွေပဲ၊ အဲဒါကို **"အတ္တနိယ"** လို့ ခေါ်တာ၊ သူပိုင်ဆိုင်တဲ့ပစ္စည်း။

ဥပမာ-ကားရှိတဲ့လူက ကားနဲ့သွားတယ်မို့လား၊ ကားမောင်းသွားတယ်၊ အဲသလိုပဲ ဒီခန္ဓာကိုယ်ကြီးကို ဘယ်သူက ပိုင်စိုးတာတုန်းဆိုတော့ အဲဒီအတ္တကောင် ဝိညာဉ်ကောင်လေးကနေ ပိုင်စိုးတယ်၊ ပိုင်စိုးထားပြီးတော့ သူက စကားပြောတတ်တယ်၊ ခံစားတတ်တယ်၊ ချမ်းသာတယ်၊ ဝမ်းနည်းတယ်၊ ပျော်ရွှင်တယ် ဆိုတဲ့ ချမ်းသာမှုတွေ သူခံစားတယ်၊ ဝမ်းနည်းတာတွေ ရှိတယ်၊ အဲဒီလို သာတိရဟန်းက ပြောတယ်၊ အဲဒီ ဝိညာဉ်လေးပဲတဲ့၊ ဒီ ဝိညာဉ်လေးပဲ တစ်ဘဝကနေ တစ်ဘဝ ကူးနေတာလို့၊ ဒါ ဗုဒ္ဓဘာသာ ရဟန်းတော်တစ်ပါးနော်၊ မြတ်စွာဘုရားလက်ထက်က ဗုဒ္ဓဘာသာရဟန်းတော်တစ်ပါး။

**"တဒေဝ ဝိညာဏံ သံသရတိ"** တဲ့ သူပြောတဲ့ စကားလုံးလေးက၊ ဟောဒီ ဝိညာဉ်ကောင်လေးသည်ပင်လျှင် သံသရာလည်နေတာ၊ ဟောဒီဝိညာဉ်ကောင်လေးသည်ပင် ခန္ဓာကိုယ်တစ်ခုကနေ ခန္ဓာကိုယ်တစ်ခု ပြောင်းလဲပြီးတော့ သွားတာ၊

http://www.dhammadownload.com



တစ်ဘဝကနေ တစ်ဘဝသွားပြီးတော့ ဘဝသစ်တွေ ဖြစ်နေတာလို့ သူက ဒီလိုပြောတယ်။

ဒီလို ပြောတဲ့အခါ ရဟန်းတော်တွေက သူ့ကို အဲသလို မပြောနဲ့၊ ဒါ ဗုဒ္ဓဘာသာအမြင် မဟုတ်ဘူးလို့ ဝိုင်းပြီးတော့ ရှင်းပြကြတယ်၊ သူ လက်မခံဘူး၊ လက်မခံတော့ ဘုရားဆီပို့တယ်၊ ဘုရားဆီ ပို့တဲ့ခါကျတော့ မြတ်စွာဘုရားက "ကဲ - မင်းက 'ဝိညာဏ ဝိညာဏ' ဝိညာဏ် ဝိညာဏ်နဲ့ပြောတယ်၊ ဘယ်ဝိညာဏ်ကို ပြောတာတုန်း" ဆိုတော့ "**ဝဒေါ ဝေဒေယျော**" တဲ့၊ သူပြောပြပုံလေးက "**ဝဒေါ**" စကားပြောတတ်တယ်တဲ့၊ "**ဝေဒေယျော**" ခံစားတတ်တယ်တဲ့၊ ကောင်းတဲ့ကံ ဆိုးတဲ့ကံတို့ရဲ့အကျိုးကို ခံတတ် စံတတ်တဲ့ ဝိညာဉ်ကလေးကို သူပြောတာပါလို့၊ Hinduism နဲ့ တစ်ထပ်တည်းပဲ သူပြောလိုက်တာ၊ ဒါပေမယ့် သူက ဗုဒ္ဓဘာသာ ရဟန်းတော်တစ်ပါးပဲ။

အဲသလိုပြောတော့ မြတ်စွာဘုရားက "ငါဟောတဲ့တရား မင်းဘယ်လိုလုပ်ပြီး နားလည်တာလဲ" တဲ့၊ ငါက "**ဝိညာဏံ ပဋိစ္စသမုပ္ပန္နံ**" ဝိညာဏ်ဆိုတာ အကြောင်းတရားကို စွဲပြီးတော့ ဖြစ်တာ၊ စိတ်ဆိုတဲ့ ဝိညာဏ်လေးဟာ၊ နာမ်ဆိုတဲ့ ဝိညာဏ်လေးဟာ အကြောင်းတရားကို စွဲပြီးတော့မှ ဖြစ်ရတယ်၊ ရှိနေတာ မဟုတ်ဘူး၊ မြဲနေတဲ့အရာ မဟုတ်ဘူး၊ အကြောင်းတရားကို စွဲဖြစ်တယ် ဆိုကတည်းက အကြောင်းမရှိရင်ဖြစ်ပါ့မလား "မဖြစ်ပါဘုရား"၊ မဖြစ်ဘူးဆိုတဲ့ အဓိပ္ပာယ်ပါလာပြီ၊ "**ပဋိစ္စသမုပ္ပန္န**"၊ "**ပဋိစ္စ**"-အကြောင်း တရားကို အမှီပြုရမှ "**သမုပ္ပန္န**" ဖြစ်လာတယ်၊

http://www.dhammadownload.com



အကြောင်းတရားကို မှီရမှ ဖြစ်လာတယ်လို့ဆိုရင် မမှီရရင် မဖြစ်ဘူးဆိုတဲ့ အဓိပ္ပာယ်ရှိတယ်။

အဲဒီတော့ သူ့ရဲ့ ရပ်တည်မှု၊ သူဖြစ်ပေါ်လာမှုဟာ အကြောင်းတရားကို အမြဲတမ်း ငဲ့နေရတယ်၊ အကြောင်းတရားရဲ့ ညီညွတ်မှုကို အမြဲတမ်း မျှော်လင့်နေရတယ်၊ အကြောင်းတရားကို အမှီပြုလို့ မရဘူးဆိုရင် ဖြစ်နိုင်စွမ်း မရှိဘူး၊ အဲဒီကတည်းက ဝိညာဏ်ဟာ အကြောင်းကြောင့်ဖြစ်လာတဲ့ တရားတစ်ခုပဲလို့ ဆိုတာ ထင်ရှားတယ်ပေါ့။

ဒါကြောင့်မို့လို့ ထာဝရမြဲနေဖို့ ဟိုဘဝကနေ ဒီဘဝသွားဖို့ ဆိုတာ လုံးဝဖြစ်နိုင်တဲ့အရာ မဟုတ်ဘူး။ စက္ခုဝိညာဏ်စိတ်လေး ဖြစ်ပုံကို မြတ်စွာဘုရားက ရှင်းပြတယ်၊ မျက်စိရယ် ရူပါရုံရယ် ဒီ ၂-ခု ဆုံလိုက်တဲ့အခါ စက္ခုဝိညာဏ်စိတ်ဆိုတာ ဖြစ်တာ၊ အဲဒါ ၂-ခု မဆုံလို့ရှိရင် စက္ခုဝိညာဏ်စိတ်လေး ဖြစ်ပါ့မလား "မဖြစ်ပါဘုရား"၊ အေး အသံနဲ့ နားနဲ့ ဆုံလိုက်တဲ့အခါ သောတဝိညာဏ်စိတ်၊ ကြားသိစိတ်ကလေးဖြစ်တယ်၊ နှာခေါင်းနဲ့အနံ့ ဆုံလိုက်တဲ့ အခါမှာ နံ့သိစိတ်ကလေး ဖြစ်တယ်၊ လျှာနဲ့ အရသာ ဆုံလိုက်တဲ့ အခါမှာ အရသာသိစိတ်ကလေးဖြစ်တယ်၊ ခန္ဓာကိုယ်နဲ့ အထိအတွေ့အာရုံ ဆုံလိုက်တဲ့အခါမှာ ထိသိစိတ်ကလေးဖြစ်တယ်၊ ဒီစိတ်တွေဟာ "မန" နဲ့ ဓမ္မအာရုံ ဆုံလိုက်တဲ့အခါမှာ မနောဝိညာဏ်စိတ်ဖြစ်တယ်၊ စိတ်မှန်သမျှဟာ အကြောင်းတွေကို မှီတည်ပြီး ဖြစ်တာချည်းပဲ။

အဲဒီထဲမှာ ထင်ထင်ရှားရှားကြည့်လိုက်လို့ရှိရင် မှီတာတွေကို ကြည့်ပြီးတော့မှ ဖြစ်ရတာလို့ဆိုတော့ သူ့ရဲ့ အကြောင်းတရား

http://www.dhammadownload.com



တွေကိုကြည့်လိုက် - ရူပါရုံဆိုတာ မြဲသလားဆို မမြဲဘူးဆိုတာ ထင်ရှားတယ်၊ ပျက်သွားတယ်လေ၊ နောက်ပြီးတော့ မျက်စိဆိုတာ ရော မြဲသလားဆို မမြဲဘူး၊ မမြဲတာ ထင်ရှားတယ်၊ ရူပါရုံလည်း မြဲတာမဟုတ်ဘူး၊ စက္ခုပသာဒရုပ်ဆိုတဲ့ မျက်စိကလည်း မြဲတာ မဟုတ်ဘူး။

ထို့အတူပဲ အသံဆိုတာလည်း ဖြစ်ပြီး ပျောက်သွားတာ ထင်ရှားတယ်လေ၊ အမြဲရှိတာ မဟုတ်၊ အသံကို ခံယူနိုင်တဲ့ သောတပသာဒရုပ်ဆိုတာလည်း မြဲတာမဟုတ်ဘူး၊ မမြဲတာတွေကို အကြောင်းပြုပြီးတော့ ဖြစ်ပေါ်လာတဲ့ ဒီ ဝိညာဏ်စိတ်လေးဟာ ဘယ်လိုလုပ်မြဲမှာတုန်း၊ **"အနိစ္စ သမ္ဘူတံ ကုတော နိစ္စံ ဘဝိဿတိ"** လို့ မြတ်စွာဘုရားဟောတာ။ ဖြစ်ပြီးပျက်သွားတဲ့ အရာတစ်ခုဟာ ဘယ်လိုလုပ် ဘဝကူးလို့ရမှာတုန်း၊ ကူးလို့ကို မရဘူး၊ မကူးခင်က ပျက်သွားပြီ၊ ချက်ချင်းဖြစ် ချက်ချင်းပျက်သွားတဲ့ အရာတစ်ခုက ဘယ်လိုလုပ်ပြီး ဘဝကူးလို့ရမှာလဲ။

ဒါကြောင့်မို့ ဗုဒ္ဓမြတ်စွာက သာတိ ရဟန်းကို ရှင်းပြတယ်၊ ရှင်းပြပေမယ့် သာတိ ရဟန်းရဲ့ အယူအစွဲဟာ ပျောက်မသွားဘူး၊ ဒါကြောင့် အစွဲဖျောက်ဖို့ အလွန်ခဲယဉ်းတယ်နော်၊ သစ္စာ ၄-ပါး အကြောင်း ရှင်းပြဖို့ ခဲယဉ်းသလို သတ္တဝါအကြောင်း၊ သံသရာ အကြောင်း၊ ပဋိစ္စသမုပ္ပါဒ်အကြောင်း၊ ပဋိသန္ဓေအကြောင်းတို့ ဆိုတာ ရှင်းပြဖို့ခက်တယ်၊ နားလည်နိုင်ခဲတယ်။

http://www.dhammadownload.com



**စကားအနေနဲ့ ပြောတဲ့အရာဟာ အနှစ်သာရပိုင်း မဟုတ်ဘူး**

၅၅၀-ဇာတ်တွေကို ဖတ်လိုက်တဲ့အခါမှာ စာထဲမှာပါတယ် **"ယထာကမ္မံ ဂတော"** ကံအားလျော်စွာ သွားတယ်ဆိုတာ ပုဂ္ဂိုလ်ထူးတစ်ယောက်ဟာ ထွက်သွားသလိုလို အဓိပ္ပာယ်မျိုးတွေ ရေးထားတာ အများကြီးရှိတယ်၊ သို့သော် ဒါက ဝေါဟာရစကား အနေနဲ့ ပြောတာ၊ "စကားအနေနဲ့ ပြောတဲ့အရာဟာ အနှစ်သာရပိုင်း မဟုတ်ဘူး"။

ကဲ - လူတွေ ပြောနေတာကို ကြည့်မယ် ဆိုပါစို့ - ဘာလုပ်နေတုန်း၊ ထမင်းစားနေတယ်၊ သူ ထမင်းတင် စားတာလား၊ ဟင်း မပါဘူးလားလို့တွေးရင် ဘယ်ဟုတ်မတုန်း၊ တစ်ခုပဲ ပြောတာပဲ၊ သူပြောတဲ့စကားက အပြည့်အစုံ မဟုတ်ဘူးနော်၊ အဲဒီတော့ နားလည်ရမှာက တစ်မျိုး၊ ထမင်းစားတယ် ဆိုကတည်းက ဟင်း တွေနဲ့ စားနေတယ်ဆိုတာ သဘောပေါက်ထားရတာမျိုး၊ အရေးကြီးတာ တစ်ခုတည်းတင် သူပြောလိုက်တာပေါ့။

အခုလည်း သံသရာမှာ ကံအားလျော်စွာ ဖြစ်သွားတယ်၊ သို့မဟုတ် "ဝင်စားတယ်" လို့ပြောတာ ဘယ်သူက ဝင်စားတာတုန်း၊ ဘယ်သူမှ ဝင်စားစရာအကြောင်း မရှိဘူး။

အဲဒါကြောင့်မို့ Reincarnation ဆိုတာ ခန္ဓာကိုယ်မှာရှိတဲ့ အတ္တကောင် လိပ်ပြာကောင် ဝိညာဉ်ကောင် ဆိုတာလေးဟာ သေတဲ့အခါကျတော့ ဒီရုပ်ခန္ဓာကြီး ပျက်စီးသွားလို့ ဒီခန္ဓာကိုယ်ကြီးကို စွန့်ခွာသွားပြီး နောက်ခန္ဓာအသစ်ထဲ ဝင်တာတဲ့၊ ဒါ သူတို့ အယူအဆနော်။

http://www.dhammadownload.com



အဲဒီမှာ Cambridge Dictionary က ရောထည့်ပြီးတော့ ကြိုတ်ထားတယ်၊ Hindu and Buddhist believe in Reincarnartion၊ တကယ်တော့ ထေရဝါဒ ဗုဒ္ဓဘာသာမှာ Reincarnation မရှိဘူး၊ Reincarnation ဆိုတာ ထာဝရမြဲနေတဲ့ အရာက ဒီခန္ဓာတစ်ခုကနေ ခန္ဓာတစ်ခု ပြောင်းပြီးတော့ သံသရာ လည်နေတာကို ပြောတာ။

ဗုဒ္ဓဘာသာမှာ ထာဝရမြဲနေတဲ့အရာဟာ မရှိဘူး၊ ဘာတုန်း ဆို အကြောင်းအကျိုး ဆက်သွယ်နေတာမျှသာ ဖြစ်တယ်၊ ဒါကြောင့်မို့လို့ မိလန္ဒပဉှာမှာ "**န စ သော န စ အညော**"၊ သူလည်း မဟုတ်၊ တခြားလည်း မဟုတ်လို့ ပြောတာနော်၊ "**န စ သော န စ အညော**"။

## ထေရဝါဒဗုဒ္ဓဘာသာမှာ "ပုနဗ္ဘဝ"

ကောင်းပြီ - Reincarnation ဆိုတဲ့ စကားလုံးက ထေရဝါဒ ဗုဒ္ဓဘာသာနဲ့ မဆိုင်ဘူး၊ တခြား ဗုဒ္ဓဘာသာခွဲတွေ၊ ခုနက သာတိ ရဟန်းလို လက်ခံထားတဲ့ ပုဂ္ဂိုလ်မျိုးတွေနဲ့ပဲဆိုင်တယ်၊ ထေရဝါဒ ဗုဒ္ဓဘာသာမှာ "ပုနဗ္ဘဝ" တစ်ဖန်ဘဝ ဆိုတာပဲ သုံးတယ်၊ ဘဝသစ်၌ ပြန်လည်မွေးဖွားခြင်းသာလျှင် ပြောတယ်၊ ပြန်လည် မွေးဖွားတယ် ဆိုကတည်းက သူက အသစ်ဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်ရနေတယ်၊ သို့သော် ထိုအသစ်သည် အဟောင်းနဲ့ ဆက်စပ်မှုရှိတယ်၊ အသစ်ဟာ အသစ်ပဲ၊ အဟောင်းက အသစ် ဖြစ်တာ မဟုတ်ဘူး၊ သူတို့ပြောတဲ့ Reincarnation ဆိုတာ

http://www.dhammadownload.com



ဝိညာဉ်ကောင်လေး တစ်ကောင်တည်းကနေ လှည့်ပတ်ပြီး သွားလာတာ၊ ခန္ဓာဟောင်းကို အသစ်ပြောင်းတာပဲရှိတယ်။

သူတို့က ဥပမာတွေနဲ့ ရေးထားတယ်၊ ငှက်ကလေး တစ်ကောင် ပြောင်းရွှေ့သွားတယ်ပေါ့၊ လူတစ်ယောက်ကလည်း အဝတ်တစ်ခု ဟောင်းသွားရင် နောက်အဝတ်တစ်ခု ပြောင်းဝတ်တယ်၊ ဒီအိမ်ကနေ အခြားအိမ်တစ်ခုထဲ ဝင်သွားတယ်၊ ထို့အတူပဲ အတ္တလို့ဆိုတဲ့ ဝိညာဉ်ကောင် လိပ်ပြာကောင်လေးဟာ လူ့ ခန္ဓာကိုယ်ကြီး ပျက်စီးသွားရင် ဒီခန္ဓာကိုယ်ကနေ တခြား ခန္ဓာကိုယ်ကို ပြောင်းပြီး ဝင်စားသွားတယ်လို့ ဒီလိုပြောကြတယ်၊ ဒါက Hinduism မှာ ပြောတဲ့စကား။

ဟိန္ဒူအယူအဆရှိတဲ့ ပုဂ္ဂိုလ်တွေက မြတ်စွာဘုရားတောင်မှ Vishinu ရဲ့ 'နဝမ အဝတာရ' ကိုးခုမြောက် ဝင်စားသူလို့ဆိုတယ်။ ဟိန္ဒူဘုရားကျောင်းထဲ သွားကြည့်ရင် ဗုဒ္ဓရုပ်ပွား တွေ့ရလိမ့်မယ်၊ သွားပြီးတော့ ဗုဒ္ဓဘာသာတွေက မယောင်နဲ့ "တို့နဲ့ အတူတူပဲ"လို့ အနှစ်သာရပိုင်းမှာ အလွန်ကွဲပြားခြားနားမှုရှိတယ်နော်၊ ဘုရားကို သူက ဘယ်အဆင့်ထိ ပို့တုန်းဆို မြတ်စွာဘုရားကို ဗိဿနိုး Vishinu ဝင်စားသူလို့ လုပ်လိုက်တယ်၊ 'နဝမ အဝတာရ' လို့ ကိုးခုမြောက် အဝတာရ၊ အဲဒီတော့ ဟိုဝင်စား ဒီဝင်စားဆိုတဲ့ ဗိဿနိုးဟာ ထာဝရမြဲနေတဲ့ နိစ္စ ဖြစ်နေတယ်ပေါ့၊ ဟုတ်တယ်မို့ လား။

သူကနေပြီးတော့ လူ့လောကကြီးမှာ တရားပြဖို့ မတရားမှု တွေ ထွန်းကားနေသည့်အတွက်ကြောင့် ဗိဿနိုးဆိုတဲ့ နတ်ကြီးက လူ့လောက လူတွေကို ကယ်တင်ဖို့ဆိုပြီးတော့ ဝင်စားလာတာတဲ့၊

http://www.dhammadownload.com



အဲဒါကြောင့်မို့ ဟိန္ဒူဘုရားကျောင်းထဲမှာ 'အဝတာရ' တွေရှိတယ်၊ ပထမ အဝတာရ၊ ဒုတိယအဝတာရ၊ အဲဒီမှာ နဝမအဝတာရကို ဗုဒ္ဓရဲ့ရုပ်ပွားတော်ကို ထားတယ်။ ဒါ ဟိန္ဒူတွေကလည်း ဘုရား ကိုးကွယ်တယ်ဆိုတာ သူတို့ ဘုရားကိုးကွယ်တယ်ဆိုတာ ဗုဒ္ဓ စစ်စစ်လို့ ယုံကြည်ပြီး ကိုးကွယ်မှုမျိုးမဟုတ်ဘူး၊ ဘုရား ကိုးကွယ် တာ မဟုတ်ဘူး၊ တကယ်ကတော့ ဗိဿနိုးကို ကိုးကွယ်တာပဲ၊ ဟုတ်ရဲ့လား၊ ဗိဿနိုးဝင်စားလို့ဆိုပြီး ကိုးကွယ်တာလေ၊ အဲဒီလို အယူအဆ မတူညီမှုတွေရှိတယ်၊ အဲဒီ မတူညီမှုတွေကို မသိလို့ ရှိရင် အတူတူပါပဲဆိုတာနဲ့ ရောကြိတ်တတ်တယ်၊ အနှစ်သာရပိုင်း မသိရင်တော့ တူသယောင်ဖြစ်နေတယ်ပေါ့။ အမှန်ကတော့ လုံးဝ ကွဲပြားခြားနားမှု ရှိတယ်။

## Reincarnation and Rebirth

မြတ်စွာဘုရားက ဘယ်လောက်ထိအောင် ရှင်းရှင်းလေး ဟောထားတုန်းဆိုရင် "အင်မတန်သေးငယ်တဲ့ မြေမှုန်လေး လောက်တောင်မှပဲ လောကကြီးမှာ မြဲတယ်ဆိုတဲ့အရာ မရှိဘူး၊ အကယ်၍ မြူမှုန်လေးလောက်အရာလေးတစ်ခုတောင် မြဲတဲ့ အရာ ရှိတယ်ဆိုရင် မြတ်သောအကျင့် ကျင့်စရာမလိုဘူး" တဲ့၊ ဆိုလိုတာက တရားဓမ္မတွေ ကျင့်သုံးရတာဟာ မမြဲလို့ ကျင့်သုံး ရတာ။ မမြဲတဲ့အရာတွေ၊ ပြောင်းလွဲနေတဲ့အရာတွေဖြစ်လို့ မခိုင်မြဲ လို့ ဒါတွေကို နားလည်သဘောပေါက်အောင် ကျင့်သုံးရတယ်လို့ ပြောတာ၊ မြဲတဲ့အရာရှိနေလို့ရှိရင် ဘာမှ ကျင့်သုံးစရာ မလိုဘူးတဲ့၊ သူ့သဘာဝအတိုင်း မြဲသွားမှာပေါ့။

http://www.dhammadownload.com



အဲဒါကြောင့်မို့ ဗုဒ္ဓဘာသာကျမ်းဂန်တွေကျတော့ Reincarnation ဆိုတဲ့ အသုံးကို မသုံးတော့ဘဲနဲ့ Rebirth ကို သုံးတယ်၊ Rebirth က ပြန်လည်မွေးဖွားခြင်း၊ Reincarnation က ဝင်စားခြင်း၊ ပြန်လည်ပြီးတော့ ဝင်စားခြင်း၊ Rebirth ဆိုတာက အကြောင်းကြောင့် ပြန်လည်မွေးဖွားခြင်း၊ ကံတရားအနေနဲ့ ဆက်သွယ်ပြီးတော့ ဖြစ်လာမှုပဲရှိတယ်၊ တကယ်ကတော့ ခိုင်မြဲနေတဲ့ အရာဝတ္ထု တစ်ခုကနေပြီးတော့ တစ်ဘဝကနေ တစ်ဘဝ ကူးနေတာ မဟုတ်ဘူးတဲ့။

မြတ်စွာဘုရားရဲ့အလိုတော်က ရုပ်နဲ့နာမ် ၂-မျိုးပဲရှိတယ်၊ ခန္ဓာ ၅-ပါးပဲ ရှိတယ်၊ အဲဒီ ခန္ဓာ ၅-ပါးဟာ အနတ္တပဲ။ ရူပက္ခန္ဓာဟာ အတ္တလားဆို အတ္တ မဟုတ်ဘူး၊ မြဲနေတဲ့အရာ မဟုတ်ဘူး၊ ဝေဒနာက္ခန္ဓာလည်း အတ္တ မဟုတ်ဘူး၊ သညာက္ခန္ဓာလည်း အတ္တ မဟုတ်ဘူး၊ သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာလည်း အတ္တ မဟုတ်ဘူး၊ ဝိညာဉ်ကောင် မဟုတ်ဘူး၊ လိပ်ပြာကောင် မဟုတ်ဘူး၊ ဒါဖြင့် လူတွေဟာ ခန္ဓာ ၅-ပါးအပြင် ဘာရှိသေးတုန်းဆို ဘာမှမရှိဘူး၊ သူတို့အလိုဆိုရင် ခန္ဓာ ၅-ပါးအပြင် အတ္တ ရှိနေသေးတယ်။

အဲဒီတော့ မြတ်စွာဘုရားက အတ္တဆိုတာ ဟောဒီ ခန္ဓာ ၅-ပါးထဲက တစ်ခုခုကို လွဲမှားစွာ အမည်တပ်ထားခြင်းသာ ဖြစ်တယ်တဲ့၊ အဲဒီ ခန္ဓာ ၅-ပါးထဲမှာ လိုက်ရှာကြည့်လိုက်လို့ရှိရင် ထာဝရမြဲနေတဲ့ အတ္တဆိုတာ တစ်ခုမှမရှိဘူးလို့ မြတ်စွာဘုရားက ရှင်းရှင်းဟောတယ်၊ ခန္ဓာ ၅-ပါးထဲမှာလည်းမရှိဘူး၊ ခန္ဓာ ၅-ပါးရဲ့ အပြင်မှာလည်း မရှိဘူး၊ ခန္ဓာ ၅- ပါးသည် အတ္တလည်း မဟုတ်ဘူး၊ ခန္ဓာ ၅-ပါးရဲ့ အပြင်မှာလည်း အတ္တ မရှိဘူး၊ အတွင်းထဲမှာလည်း

http://www.dhammadownload.com



မရှိဘူး၊ ဘယ်နေရာမှာမှ မရှိဘူးလို့ ဒီလိုဆိုလိုတယ်၊ အဲဒီတော့ လောကကြီးမှာ မြဲတဲ့အရာဆိုတာ တစ်ခုမှ မရှိဘူး။

ဒါဖြင့် ကောင်းပြီ - သူတို့မှာ သံသရာအကြောင်းကို ရှင်းပြဖို့ သိပ်လွယ်တယ်၊ ဘာဖြစ်လို့ လွယ်တာတုန်းဆိုတော့ ဝိညာဉ်ကောင်လေးကနေပြီးတော့ ဟောဒီ ရုပ်ခန္ဓာကြီး ဟောင်းနွမ်းပျက်စီးသွားတဲ့အခါ နောက်ခန္ဓာသစ်တစ်ခုထဲကိုသွားတယ်၊ နောက်ခန္ဓာ အသစ်ကိုယ်ကို ရွေးချယ်ရတယ်၊ ဟော တိရစ္ဆာန်ဖြစ်သွားတယ်၊ ပြိတ္တာ ဖြစ်သွားတယ်၊ ကောင်းတဲ့ကံ လုပ်ထားတဲ့ ပုဂ္ဂိုလ်က ကောင်းတဲ့ကံကဲ့သို့ လှပတဲ့ ခန္ဓာကိုယ်တွေ ရတယ်၊ လူ့ခန္ဓာ ရတယ်၊ နတ်ခန္ဓာ ရတယ် စသည်ဖြင့်ပေါ့နော်၊ သူတို့က ဒီလို ရှင်းတယ်၊ အဲဒီတော့ spirit လို့ ဆိုတဲ့ ဝိညာဉ်ကောင် အတ္တကောင် လိပ်ပြာကောင် ထာဝရမြဲနေတဲ့ အရာတစ်ခုသည် ဘဝ တစ်ခုကနေ ဘဝတစ်ခုကို သွားနေတာ။

Tibet ဗုဒ္ဓဘာသာဝင်တွေက Reincarnation ကို စွဲစွဲမြဲမြဲ ယုံကြည်တဲ့ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဘာသာ မစစ်ဘူး၊ သူတို့က တန္တရ ဗုဒ္ဓဘာသာ၊ မန္တရဗုဒ္ဓဘာသာတွေ၊ ဗုဒ္ဓရဲ့တရားတော်ကို လက်ခံတယ်လို့ ဆိုပေမယ့်လို့ အနှစ်သာရပိုင်းကို လက်ခံတာ မဟုတ်ဘူး၊ သံသရာအကြောင်း ကံအကြောင်း ရောထွေးပြီးတော့ အစစ်အမှန် မရှိဘဲနဲ့ အစစ်အမှန်က သွေဖီသွားတဲ့ ပုံစံပျက်နေတဲ့ ဗုဒ္ဓဘာသာမျိုးပဲ ဖြစ်တယ်။

အဲဒါကို ဘုန်းကြီးတို့ ဗုဒ္ဓဘာသာတွေက သေသေချာချာ မသိတဲ့အခါ Tibet ဗုဒ္ဓဘာသာဝင်တွေရွတ်တဲ့ မန္တာန်ကိုလည်း လိုက်ရွတ်တာ ရှိတယ်၊ "ဥုံ မဏိ ပဒ္မေဟုံ" ဆိုပြီး၊ ဒါ Tibet တွေ

http://www.dhammadownload.com



ရွတ်တဲ့မန္တာန်ကိုရွတ်တာ၊ ထေရဝါဒဗုဒ္ဓဘာသာမှာ ဘာအဓိပ္ပာယ်မှ မရှိဘူး၊ 'မဏိ' ဆိုတာ ပတ္တမြား၊ 'ပဒ္မ' ဆိုတာ ကြာ၊ 'ကြာထဲက ပတ္တမြား' တင်စားပြီးတော့ သုံးတာ။

သူတို့အဓိပ္ပာယ်ယူတာ ရှိသေးတယ်၊ သူတို့က Reincarnation နဲ့ ပတ်သက်တဲ့ အဓိပ္ပာယ်ယူထားတာ ရှိသေးတယ်၊ Tibet ဗုဒ္ဓဘာသာမှာ Reincarnation ကို အင်မတန်မှ ဦးစားပေးတယ်။

လားမားဘုန်းကြီးတစ်ပါး ပျံလွန်တော်မူပြီဆိုရင် ဘယ်မှာပြန်မွေးသလဲဆိုတာ လိုက်ရှာတယ်၊ သူ့စိတ်ထဲမှာလည်းပဲ သူပြန်မွေးဖို့ပဲ အမြဲတမ်းစဉ်းစားနေတာဆိုတော့ attachment က ရှိနေတယ်၊ အဲဒီတော့ အကုသိုလ်ကံ မရှိဘူးဆိုရင် သူ့ရဲ့ဆန္ဒအတိုင်း သူက ပြန်ပေါ်လာမှာပဲ၊ သို့သော် ဒီဘဝက ပါသွားတဲ့ ဝိညာဉ်ကောင်လေးက ဒီဘဝကထွက်ပြီး ဟိုဘဝမှာ ဝင်စားတာ ဒါမျိုးမဟုတ်ဘူး၊ အကြောင်းနဲ့အကျိုး ဆက်စပ်သွားရုံပဲရှိတယ်။

ဒါကြောင့်မို့လို့ မြတ်စွာဘုရားက ဘဝကူးပုံနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းဟောကြားတဲ့နေရာမှာ သာမန်ပုဂ္ဂိုလ်တွေအနေနဲ့ နားလည်ဖို့ အလွန်တရာခက်ခဲတယ်။ အဲဒီတော့ နားလည်ဖို့ခက်ခဲတာ ခုနကလို သဘောပေါက်ရမယ်၊ လူ့ရဲ့ခန္ဓာကိုယ်ထဲမှာ ဝိညာဏစိတ် ဆိုတာဟာ အကြောင်းတရားကြောင့် ပေါ်လာတာသာ ဖြစ်တယ်၊ ဆိုင်ရာအကြောင်းကို မှီပြီးတော့မှ ဖြစ်လာတယ်၊ ဖြစ်လာပြီးရင်လည်းပဲ ချက်ချင်းပျက်စီးသွားတယ်၊ မြဲနေတဲ့အရာတစ်ခုမှမရှိဘူးဆိုတာကို ကြပ်ကြပ်နှလုံးသွင်းဖို့ လိုအပ်တယ်ပေါ့၊ အဲဒီ ဖြစ်ပျက်နေတဲ့အစဉ်ဟာ အကြောင်းရှိနေသေးသမျှ အကျိုး

http://www.dhammadownload.com



တွေပေါ်ပြီး ထိုအကျိုးတွေဟာ ရွေ့လျားပြောင်းလဲပြီးတော့ ဒီလို သွားနေမယ်ဆိုတဲ့သဘောကို နားလည်ဖို့လိုတယ်။

ဘုန်းကြီးတို့ အခု တရားဟောနေတဲ့ အသံကိုပဲကြည့် - တရားပွဲစလိုက်တဲ့ အချိန်က အသံတွေ ပျောက်သွားပြီမို့လား၊ မရှိတော့ဘူးနော်၊ အဲသလိုပဲ ပျောက်နေတယ်ဆိုတာဟာ ထင်ရှားတယ်၊ စကားဟာ ရှေ့စကား နောက်စကား ပြောနေတယ်ဆိုတာ ရှေ့စကားကအသံတွေဟာပျောက်နေတာပဲ၊ အဲသလို ပျောက်နေသလို လူ့ခန္ဓာကိုယ်မှာဖြစ်တဲ့ ရုပ်တွေနာမ်တွေဟာလည်း ပျောက်နေတယ်ဆိုတာ ထင်ရှားတယ်၊ အဲဒီတော့ ပျောက်နေတယ် ဆိုလို့ရှိရင် ပထမပေါ်လာတဲ့အသံလေးက ဒုတိယအသံ ဖြစ်လာတာလားလို့ဆိုရင် မဟုတ်ဘူး၊ ဒုတိယအသံက သူ့အကြောင်းနဲ့သူ ဖြစ်လာတာ၊ ပထမအသံကလည်း သူ့အကြောင်းနဲ့သူ ဖြစ်တာ။

ဆိုပါစို့ - A, B, C, D လို့ ရွတ်ကြည့်လိုက်မယ် ဆိုလို့ရှိရင် A လို့ ရွတ်လိုက်တာလည်း သူ့အကြောင်းကြောင့် ဒီ A ဆိုတဲ့ အသံလေးပေါ်လာတာ၊ A ရွတ်ပြီးတဲ့အခါ A ပျောက်သွားမှ B ဆိုတာ ပေါ်လာတာ၊ အဲဒီတော့ A လေးက B ဖြစ်လာတာလား ဆိုတော့ မဟုတ်ဘူး၊ ဆိုင်ရာအကြောင်းကြောင့် B ပေါ်လာတာ၊ ထို့အတူပဲ C ဆိုတာလည်း သူ့ဆိုင်ရာအကြောင်းကြောင့် သူပေါ်လာတာ၊ B ကနေ C ဖြစ်လာတာမဟုတ်ဘူး၊ တစ်ခါ C ကနေပြီး D ဆိုတဲ့အသံ ကြားတဲ့အခါလည်း C ကနေ D ဖြစ်သွားတာ မဟုတ်ဘူး၊ သူ့ဆိုင်ရာအကြောင်းတွေနဲ့ ပေါ်လာတာချည်းပဲ။

အဲဒါမျိုးလိုပဲ - ဘဝကူးလာတယ်ဆိုတာလည်း ဆိုင်ရာ ဆိုင်ရာ အကြောင်းတွေ တစ်ခုနဲ့တစ်ခု ဆက်စပ်မှုတော့ရှိတယ်၊

http://www.dhammadownload.com



ဒီလို အကြောင်းနဲ့အကျိုးနဲ့ ပေါ်လာတာသာဖြစ်တယ်၊ ဒါကြောင့်မို့ "ဘဝသစ်၌ ပြန်လည်မွေးဖွားခြင်း" ဆိုတာဟာ လူတွေရဲ့ ခန္ဓာကိုယ်မှာ ရှိတယ်လို့ ထင်မြင်ယူဆပြီး မှားယွင်းစွာပြောဆိုနေကြတဲ့ အသက်တို့ လိပ်ပြာကောင်တို့ ဝိညာဉ်ကောင်တို့ ဆိုတာတွေက ကူးပြောင်းပြီးတော့ နောက်ဘဝတစ်ခုမှာ သွားဝင်စားတာမျိုး မဟုတ်ဘူး၊ အဲဒီဘဝက လူက ဒီရောက်လာသလိုလို ဒီလိုပြောကြတယ်၊ ဒါကြောင့်မို့ နားလည်ဖို့ခက်တယ်ဆိုတာ ပြောတာနော်၊ ဆက်စပ်မှုကတော့ ရှိတယ်၊ ဆက်စပ်မှုမရှိပဲ မဟုတ်ဘူး။

ဥပမာ- ဦးဘဆိုတဲ့လူကြီး သေသွားတဲ့အခါ မောင်လှဆိုတဲ့ လူကလေးတစ်ယောက် မွေးဖွားလာတယ်၊ မောင်လှက ပြန်ပြီးတော့ မှတ်မိလို့ပြောတယ်၊ ဟိုဘဝက ဦးဘဟာ သူပဲလို့ပြောတယ်၊ ဒါပေမယ့် ဦးဘ မသေရင် မောင်လှ မဖြစ်ဘူး၊ မောင်လှရဲ့ဘဝနဲ့ ဦးဘရဲ့ဘဝဟာ Online ပေါ့၊ Line တစ်ခုတည်းမှာရှိတယ်၊ ရှေ့နဲ့ နောက်နဲ့ ကွာနေသေးတယ်၊ Line တစ်ခုတည်းမှာသာရှိတာ၊ သို့သော် ဦးဘရဲ့ ရုပ်တွေ နာမ်တွေ ခန္ဓာတွေကနေပြီး မောင်လှ ဖြစ်သွားတာတော့ မဟုတ်ဘူး၊ ဦးဘ လုပ်ခဲ့တဲ့ ကုသိုလ်ကံတွေ အကုသိုလ်ကံတွေ မောင်လှဘဝမှာ ခံရစံရတယ်၊ ဦးဘက ဒီဘဝမှာ သေသွားပြီ၊ ဟိုဘဝမှာ မောင်လှဖြစ်တယ်၊ ဦးဘလုပ်ခဲ့သမျှတွေ မောင်လှက ခံရတယ်၊ ဦးဘနဲ့ မောင်လှဟာ တစ်ယောက်တည်းလားလို့ဆိုရင် တစ်ယောက်တည်း မဟုတ်ဘူး၊ နှစ်ယောက်လားဆိုရင် နှစ်ယောက်လည်း မဟုတ်ဘူး၊ အကြောင်းအကျိုးဆက်စပ်နေတယ်လို့ပဲ ပြောရမယ်၊ Line တစ်ခုတည်းမှာ ရှိနေတယ်၊ Line ဆိုတာကို သဘောပေါက်သွားလို့ရှိရင် ဒါ ထင်ရှားပါ

http://www.dhammadownload.com



တယ်၊ Line ဆိုတာ တစ်ခုပြီးတစ်ခု ဖြစ်ပျက်နေတဲ့ line ချည်းပဲနော်၊ အဲဒီဖြစ်ပျက်နေတဲ့ line ထဲမှာ ဝင်နေသည့်အတွက်ကြောင့် ပတ်သက်မှုတော့ ရှိတယ်ပေါ့။

စိတ်အစဉ်တွေကလည်း ထို့အတူပဲ၊ သေချာစဉ်းစားကြည့်-ဝီထိစိတ်တွေမှာ ပဉ္စဒွါရာဝဇ္ဇန်းစိတ် ချုပ်သွားတော့ စက္ခုဝိညာဏ် ပေါ်တယ်ဆိုရင် ပဉ္စဒွါရာဝဇ္ဇန်းစိတ်က စက္ခုဝိညာဏ် ဖြစ်လာတာလားဆို မဟုတ်ဘူး၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်က သူ့ဟာသူဖြစ်ပြီး ချုပ်သွားတာ၊ တစ်ခါ စက္ခုဝိညာဏ်စိတ် ချုပ်သွားတဲ့အခါ သမ္ပဋိစ္ဆိုင်းစိတ် ပေါ်တယ်ဆိုရင် သမ္ပဋိစ္ဆိုင်းက စက္ခုဝိညာဏ်က ဖြစ်လာတာလားဆို မဟုတ်ဘူး၊ အဲသလို စဉ်ဆက်မပြတ် စိတ်တွေဟာ ရှေ့စိတ်က ချုပ်သွားလို့ နောက်စိတ်တွေ ပေါ်လာတဲ့ သဘောမျိုးပဲ ရှိတယ်တဲ့။

အဲဒီတော့ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ကို ဦးဘလို့ ပြောလို့ရှိရင် စက္ခုဝိညာဏ်စိတ်က မောင်လှလို့ ပြောလို့ ရတယ်ပေါ့၊ သူတို့ ၂-ခုဟာ Online ပဲ၊ Line တစ်ခုတည်းမှာ ရှိနေကြတာ၊ Line တစ်ခုတည်းမှာ ရှိနေလို့ တူညီသော ခံစားမှုတွေ၊ တူညီသော အခြေအနေတွေတော့ ရှိလာမှာပေါ့၊ သို့သော် တစ်ထပ်တည်း တစ်ဦးတည်းဆိုတာ ဒီလိုပြောလို့ မရဘူး၊ သဘာဝတရားက အဲဒီလို ကွဲပြားခြားနားမှု ရှိတယ်၊ ဒါကြောင့်မို့ နားလည်ဖို့ ခက်တယ်လို့ ပြောတာ။

ဖြစ်ပျက်ဆိုတဲ့ သဘာဝရဲ့ဖြစ်စဉ်ကြီးကို မသိဘူးဆိုလို့ရှိရင် ခုနက Reincarnation ဆိုတာကို လွယ်လွယ်နဲ့ လက်ခံမိသွားမယ်၊ ဗုဒ္ဓဘာသာဝင် ဖြစ်ပေမယ့်လို့ သာတိရဟန်းတို့လို အလွဲလွဲ

http://www.dhammadownload.com



အမှားမှား အတွေးအခေါ်တွေ ဖြစ်သွားနိုင်တယ်၊ မြတ်စွာဘုရား ကတော့ Reincarnation မဟုတ်ဘူး၊ 'ပုနဗ္ဘဝ' တစ်ဖန်ဘဝဆိုပြီး ပဋိစ္စသမုပ္ပါဒ်မှာ အကြောင်းအကျိုးတွေအနေနဲ့ ရှင်းပြတယ်။

## အကြောင်းတရားက ၃-ခု

အဲလိုရှင်းပြတဲ့အခါမှာ ဘဝတစ်ခုကို ဖန်တီးတဲ့နေရာမှာ ဘယ်သူက အရေးပါတုန်းလို့ဆိုတော့ မြတ်စွာဘုရားက အရေးပါတဲ့ အကြောင်းတရားက ၃-ခု ရှိတယ်၊ "အဝိဇ္ဇာရယ်, တဏှာရယ်, ကံရယ်" အကြောင်း ၃-မျိုး ရှိတယ်၊ ဘဝတစ်ခုကို ဖန်ဆင်းတဲ့ နေရာမှာ အဘိဓမ္မတသင်္ဂဟကျမ်းမှာ "**အဝိဇ္ဇာနုသယပရိက္ခိတ္တေန၊ တဏှာနုသယမူလကေန သင်္ခါရေန ဇနိယမာနံ**" လို့ဆိုပြီးတော့ ပဋိသန္ဓေစိတ်ကလေးကို ထုတ်လုပ်တဲ့ အကြောင်းတရားက ၃-မျိုး ထုတ်ပြတယ်၊ ဒါက main cuase လို့ဆိုတဲ့ အဓိက အကြောင်းကို ထုတ်ပြတာ၊ တခြားအကြောင်းတွေ မရှိဘူးလို့ မပြောရဘူး၊ အကြောင်းတွေထဲမှာ အရေးပါဆုံးအကြောင်းက အဲဒါတွေပဲ။

ဓမ္မစကြာတရားတော်မှာ မြတ်စွာဘုရားက 'ဒုက္ခသမုဒယ' ဆိုတဲ့နေရာမှာ တဏှာကို အဓိကထား ဟောတယ်၊ တဏှာကို အဓိကထားပြီးတော့ ပြောတာဖြစ်လို့ "**ကတမံ စ ဘိက္ခဝေ ဒုက္ခသမုဒယော အရိယသစ္စံ**" ဒုက္ခကိုဖြစ်စေတတ်တဲ့ အရိယသစ္စာ ဆိုတာ ဘာလဲလို့မေးပြီးတော့ "**ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂ သဟဂတာ တတြ တတြာ ဘိနန္ဒိနီ**"၊ မြတ်စွာဘုရားက

http://www.dhammadownload.com



တဏှာကို အဓိကထားပြီးဟောတယ်၊ ဒုက္ခကို ထုတ်လုပ်တဲ့နေရာမှာ တဏှာဟာ အဓိကပဲ။

ဒုက္ခဆိုတာ ဘယ်သူ့ကို နာမည်ပေးထားတာတုန်းဆို ရုပ်နာမ်ကို နာမည်ပေးထားတာ၊ ခန္ဓာ ၅-ပါးကို နာမည်ပေးထားတာ၊ ဒုက္ခလို့ခေါ်ရတဲ့ ခန္ဓာ ၅-ပါးရဲ့ အကြောင်းတရားက ဘယ်သူလဲလို့ ဆိုတဲ့အခါကျတော့ တဏှာပေါ့၊ အဲဒီ တဏှာကို **"ယာယံ တဏှာ ပေါနောဗ္ဘဝိကာ"** အဲဒီစကားလုံးရှိတယ်၊ **"ပေါနောဗ္ဘဝိကာ"** ဆိုတာ **'ပုန+ဘဝ+ဏ္ဍက'**၊ **'ပုနဗ္ဘဝ'** ဆိုတာ ဘဝအသစ်, နောက်ထပ်ဘဝတစ်ခုကို **'ဏ္ဍက'** ဖြစ်စေတတ်တယ်လို့ဆိုတော့ ဘဝရဲ့ အဓိကအကြောင်းအနေနဲ့ တဏှာလို့ မြတ်စွာဘုရားက ဟောထားတာ၊ ဓမ္မစကြာတရားတော်မှာ ဘဝသစ်မှာ ဖြစ်နေတာ၊ ဟော ဒီအတွယ်အတာရှိလို့ ဖြစ်နေတယ်လို့ ဒီလိုပြောတယ်။

အဲဒီတော့ ဖြစ်တယ်လို့ ဆိုကတည်းက မြဲနေတဲ့အရာတစ်ခုဟိုကနေသွား ဒီကနေသွားတာမျိုး မဟုတ်ဘူး၊ အကြောင်းရှိလို့ ဖြစ်လာတယ်ဆိုတဲ့ သဘောကို ပြောတာနော်၊ တဏှာသည် ဘဝသစ်ကိုဖြစ်စေတတ်တယ်၊ ဒါက ဓမ္မစကြာမှာ တဏှာကို အဓိကထားပြီး မြတ်စွာဘုရားဟောတာ၊ တခြား ထိုထိုသုတ္တန်တွေမှာလည်းပဲ တဏှာကို **'ဘဝနေတ္တိ'** လို့ ဘဝကို ဆောင်တတ်တဲ့၊ ဘဝကို ဦးဆောင်ဦးရွက် လုပ်သွားတတ်တဲ့ တရားအဖြစ် မြတ်စွာဘုရားက ဟောတယ်။

အဲဒီတော့ တဏှာတစ်ခုတည်း လုပ်တာလား ဆိုတော့ မဟုတ်ဘူးတဲ့၊ တဏှာက ဘယ်သူ့ဆီက အကူအညီတွေ ရတုန်းဆိုရင် အဝိဇ္ဇာရဲ့အကူအညီရတယ်။

http://www.dhammadownload.com



အဝိဇ္ဇာက အာရုံရဲ့အပြစ်ကို မမြင်အောင် ဖုံးကွယ်ပြီးတော့ ပေးထားတာ၊ ပေးထားသည့် အတွက်ကြောင့် အဝိဇ္ဇာဖုံးထားတဲ့ အာရုံကို အမှန်မသိတဲ့အခါမှာ တဏှာက တွယ်တာမှုကို ဖြစ်စေတယ်၊ အဲဒီတဏှာက တွယ်တာတဲ့အခါမှာ ကံလို့ခေါ်တဲ့ သင်္ခါရတရားက တွန်းပို့လိုက်တာ၊ ဘဝသစ်တစ်ခု ရောက်လာတာ၊ ဘယ်သူ့ကို တွန်းပို့တာတုန်းလို့မေးရင် တွန်းပို့စရာ ခုနက Reincarnation ကို, Spirit ကို, ဝိညာဉ်ကောင်ကို တွန်းပို့တာ မဟုတ်ဘူး၊ သူတို့ ၃-ဦးကနေ စုပြီးတော့ ဖန်တီးလိုက်တဲ့အခါ အကျိုးတစ်ခု ပေါ်လာတာကို ပြောပြတာ၊ ခုနတုန်းက "**စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ**" မျက်စိနဲ့ အဆင်းအာရုံလေး ဆုံပေးလိုက်တဲ့အခါ စက္ခုဝိညာဏ်စိတ်လေး ပေါ်တယ်လို့ ဆိုတာလိုပဲ အကြောင်းကြောင့်ပေါ်လာတဲ့ အကျိုးတရားလေး တစ်ခုမျှသာ ဖြစ်တယ်၊ ဘဝကူးတယ် ဆိုတာနော်။

ဆိုပါစို့- မီးခြစ်ဘူးထဲကနေ မီးတောက်ကလေး ပေါ်လာတယ်ဆိုတာဟာ ဘာကြောင့်ပေါ်တာတုန်းလို့ သေချာမေးကြည့်လိုက်ရင် ဂက်စ်မီးခြစ်ဘူးမှာကြည့်ရင် အထဲထဲမှာ ဂက်စ်ရှိတယ်၊ ဘီးလုံးရှိတယ်၊ ဘီးလုံးအောက်က အခံအမာရှိတယ်၊ ဖိခြစ်တဲ့ သူရဲ့ စွမ်းအားရှိတယ်၊ အဲဒီအကြောင်း ၄-ခု ပေါင်းဆုံလိုက်တဲ့အခါ မီးတောက်ကလေး ပေါ်လာတာမို့လား၊ အဲဒီတော့ မီးတောက်က အကြောင်း ၄-ချက်ကနေ ပေါင်းဆုံပြီးတော့ ထုတ်လုပ်ပေးလိုက်တာ၊ ဘဝတစ်ခုကို ဖြစ်စေတယ်ဆိုတာ အဲဒီ မီးတောက်ကလေးဟာ အတိတ်ဘဝက မီးတောက်ကလေးဟာ ဒီကို ကူးလာတာ မဟုတ်ဘူး၊ ဆိုင်ရာအကြောင်းကြောင့် ဖြစ်လာတယ် ဒီလိုပြောလိုတာ။

http://www.dhammadownload.com



အဲဒီတော့ ဘဝတစ်ခုကို ဖန်ဆင်းတဲ့အခါမှာ အဝိဇ္ဇာရယ် တဏှာရယ် ကံရယ် ဒီ ၃-ခုကနေစုပြီး ဖန်ဆင်းလိုက်တာ၊ လူတွေဟာ နေ့စဉ်နဲ့အမျှ အသက်ရှင်နေတဲ့အချိန်မှာ ဘာတွေလုပ်နေကြတုန်း၊ လုပ်သင့်တာ မလုပ်သင့်တာ ခွဲခြားမသိသည့်အတွက်ကြောင့် လုပ်သင့်တာကိုမလုပ်သင့်ဘူးလို့ထင်နေတယ်၊ မလုပ်သင့်တာကို လုပ်သင့်တယ်လို့ ထင်နေတယ်၊ အဲဒါတွေက အဝိဇ္ဇာက ကာထားတာ၊ ကာထားသည့်အတွက်ကြောင့်၊ ထိုအာရုံတွေရဲ့ သဘာဝအမှန်ကို မသိသည့်အတွက်ကြောင့် တွယ်တာမှုတွေ မက်မောမှုတွေ လိုချင်မှုတွေ စွဲလန်းမှုတွေပေါ်လာတယ်၊ ဟော-အဝိဇ္ဇာတွေကလည်း အင်အားကောင်းလာတယ်၊ တဏှာတွေကလည်း အင်အားကောင်းလာတယ်၊ တွယ်တာမှုတွေကို အကြောင်းပြုပြီးတော့ ရလိုမှုနဲ့ ကြိုးပမ်းမှုတွေရော ပေါ်မလာဘူးလား၊ အဲဒီ ကြိုးပမ်းမှုတွေအားလုံးဟာ ကံအရာ မြောက်သွားတယ်ပေါ့၊ စိတ်ရဲ့ လုပ်ဆောင်မှု၊ နှုတ်ကလုပ်ဆောင်မှု၊ ကိုယ်ထိလက်ရောက် လုပ်ဆောင်မှုဆိုတဲ့ လုပ်ဆောင်မှုတွေပဲ- ကံရဲ့အရာ၊ လူတွေရဲ့သန္တာန်မှာ ကံတွေဟာ စုမိဆောင်းမိဖြစ်ပြီး စွမ်းအားသတ္တိအပြည့်နဲ့ လူတွေရဲ့ စိတ်အစဉ်ထဲမှာဖြစ်တယ်။

အဲဒီ ဖြစ်လာတဲ့ ကံတရားတွေဟာ စုမိဆောင်းမိ ဖြစ်နေတော့ ဘဝတစ်ခုကို ဖန်ဆင်းကြတော့မယ်ဆိုရင် လက်ရှိဘဝကြီး မချုပ်သေးသ၍ သူတို့က လုပ်လို့ မရသေးဘူး၊ ကံအသစ်တွေက လက်ရှိဘဝကြီး ကုန်ဆုံးတဲ့အချိန်လေးမှာ သူတို့ ဝိုင်းပြီးတော့ ဘယ်လိုလုပ်ကြတုန်းဆိုရင် ကြည့်။

http://www.dhammadownload.com



ဆိုပါစို့- မနေ့က ပြောခဲ့တဲ့အတိုင်း ဘဝနိဂုံးသေဆုံးခြင်း ဆိုတာကို ဥပမာလေးနဲ့ပြောရရင် ဦးဘဆိုတဲ့ လူကြီးတစ်ယောက် ရောဂါဖြစ်နေလို့ ခုနက သေခြင်း ၄-မျိုးထဲက အကြောင်းတစ်ခုခုနဲ့ သူသေတော့မယ်လို့ ဆိုတဲ့အချိန်လေးမှာ ဦးဘရဲ့ အသက်တို့ လိပ်ပြာတို့ ဝိညာဉ်တို့က ထွက်သွားပြီးတော့ မောင်လှခန္ဓာကိုယ်ထဲ ရောက်သွားတာ မဟုတ်ဘူးနော်၊ အဲဒီ ဦးဘကြီး သေငယ်ဇောနဲ့ မျောနေတဲ့အချိန်မှာ အကျိုးတရားတွေကို ထုတ်လုပ်မယ့် ဘယ် အရာတွေရှိတုန်းဆို - သူ့ရဲ့သန္တာန်မှာ ဖြစ်နေတဲ့ အဝိဇ္ဇာရှိတယ်, တဏှာရှိတယ်, ကံရှိတယ်၊ အဲဒီ ဦးဘကြီး သေငယ်ဇောနဲ့ မျောနေ တဲ့အချိန်မှာ သူလုပ်ခဲ့တဲ့ အမှုတွေဟာ သူ့ရဲ့စိတ်အာရုံကို လွှမ်းမိုး ပြီးတော့ ပေါ်လာတယ်တဲ့၊ သေခါနီးဆဲဆဲမှာ လွှမ်းမိုးပြီးပေါ်တာ၊ အဲဒီ ပေါ်လာတဲ့အရာတွေဟာ ကံရင်လည်းဖြစ်မယ်၊ ကမ္မနိမိတ် တွေရင်လည်း ဖြစ်မယ်၊ ဂတိနိမိတ်တွေရင်လည်း ဖြစ်မယ်၊ ဒီလို ဆိုလိုတယ်နော်။

သူလုပ်ခဲ့တဲ့ ကံတွေဟာ သူ့သန္တာန်မှာ အသစ် အနေ အထားမျိုး ထင်ပေါ်နေတယ် သို့မဟုတ် သူကံလုပ်ခဲ့တဲ့အချိန်က အကျိုးပေးခွင့်ရပြီး အလှည့်ကျတဲ့ကံက အဲဒီနေရာ ရောက်လာ တဲ့ကံက စွမ်းအားအရှိဆုံးကံက ရှေ့တန်းတက်လာတာ၊ ရှေ့တန်း တက်လာပြီးတော့ ဦးဘရဲ့ မျက်စိထဲမှာဖြစ်စေ, နားထဲမှာဖြစ်စေ, နှာခေါင်းထဲမှာဖြစ်စေ, လျှာထဲမှာဖြစ်စေ, ခန္ဓာကိုယ်ထဲမှာဖြစ်စေ, စိတ်ထဲမှာဖြစ်စေ ဒွါရခြောက်ပါးမှာ လွှမ်းမိုးပြီးတော့ အဲဒီအာရုံ တွေက ဝင်ရောက်လာတယ်တဲ့၊ အိပ်မက်ထဲမှာ မက်နေသလို ဝင်ရောက်လာတဲ့အခါကျတော့ သေငယ်ဇောနဲ့ မျောနေတဲ့

http://www.dhammadownload.com



ဦးဘရဲ့စိတ်တွေဟာ အဲဒီအာရုံပေါ်မှာ နစ်မျောနေတာ၊ အဲဒီ အာရုံတွေက သူ့ကို လွှမ်းမိုးနေတာ။

အဲဒီ လွှမ်းမိုးနေတဲ့ အချိန်ကလေးမှာ ကံဟောင်း ချုပ်ငြိမ်း သွားသည့်အတွက်ကြောင့် စုတိဆိုတဲ့ စိတ်ကလေး နောက်ဆုံး အနေနဲ့ ဖြစ်လိုက်တယ်၊ ကမ္မဇရုပ်တွေကလည်း အတိတ်က အခုလက်ရှိ ဘဝကံရဲ့ လုပ်ငန်းတွေ ပြီးသွားလို့ ဒီဘဝကနေ ရုပ်သိမ်းလည်း ရုပ်သိမ်းလိုက်တယ်။

ခုနက လွှမ်းမိုးနေတဲ့ အာရုံတွေပေါ်ရှိရာကို အဝိဇ္ဇာကနေ အဲဒီ အာရုံတွေရဲ့သဘာဝကို မသိအောင် ဖုံးကွယ်ထားတယ်၊ တဏှာက အဲဒီအာရုံပေါ်မှာ ဦးဘကြီးက ကျေနပ်ပြီးတော့ စိတ် အစဉ်ဟာ ညွှတ်ပြီးတော့နေတယ်၊ အဲဒီအချိန်လေးမှာ သင်္ခါရ လို့ဆိုတဲ့ ကံနဲ့ ယှဉ်ဖက်သဘာဝတရားတွေအားလုံးက တွန်းပို့ လိုက်သလိုပဲ ဟိုဘဝမှာ သန္ဓေစိတ်ကလေး သွားပေါ်တာ၊ ဒီလို ကူးတာ၊ ဘဝကူးတယ် ဆိုတာနော်။

မြန်မာစာတွေထဲမှာ "လောက်လန်းသဖွယ် ဝိညာဏ်တွယ်" ဆိုတဲ့စကားကို ပြောကြတယ်၊ အဲဒီ 'လောက်လန်းသဖွယ် ဝိညာဏ် တွယ်' ဆိုတာက လောက်လန်းဆိုတဲ့ အကောင်လေးတွေ မြင်ဖူး ပါလိမ့်မယ်၊ သူက ခါးလေးကုန်းပြီးတော့ သွားလေ့ရှိတယ်၊ အမြီး ပိုင်းက ခြေထောက်ပါတယ်၊ ခေါင်းပိုင်းက ခြေထောက်ပါတယ်၊ အလယ်ကောင်မှာ ခြေထောက် မပါဘူး၊ ခြေထောက်မပါတော့ အမြီးပိုင်းက ခြေထောက်က ထောက်ပြီးတော့ ခေါင်းလေးက မြှောက်ပြီးတော့ သူကုပ်ရမယ့်နေရာကို သူရှာတယ်၊ ရှာပြီးတော့

http://www.dhammadownload.com



ကုပ်မိပြီဆို နောက်က ခြေထောက်က လွတ်လိုက်တယ်ပေါ့၊ အဲဒီနေရာမှာ အဓိပ္ပာယ်အမျိုးမျိုး ယူကြတယ်။

ဗုဒ္ဓမြတ်စွာရဲ့တရားနဲ့ ကိုက်အောင်ယူမယ် ဆိုလို့ရှိရင် ဘယ်လိုယူနိုင်တုန်း "လောက်လန်းသဖွယ် ဝိညာဏ်တွယ်" ဆိုတာ အမှန်ကတော့ ဒီဝိညာဏ်ဆိုတဲ့အရာက မရဏာသန္နဇောကို ပြောမယ်ဆိုလို့ရှိရင် အဓိပ္ပာယ်ရှိတယ်ပေါ့၊ မရဏာသန္နဇော မပြောဘဲနဲ့ လူတွေရဲ့ အသက် လိပ်ပြာ ဝိညာဉ်ကောင်လေးက ဒီခန္ဓာကိုယ်ကြီးက နောက်ခန္ဓာကိုယ်ကြီးကို မတွေ့သေးလို့ရှိရင် မလွတ်သေးဘူး၊ ဒီခန္ဓာကိုယ်ထဲက ထွက်မသွားသေးဘူး၊ နောက်ခန္ဓာကိုယ်ရှိမှ သူက ထွက်သွားတယ်ဆိုတဲ့ အဓိပ္ပာယ်မျိုး ဆိုရင်တော့ မှားတယ်ပေါ့နော်။

အဲသလို မဟုတ်ဘဲနဲ့ စိတ်က အာရုံယူတဲ့ သဘောမျိုးကို ပြောမယ်ဆိုလို့ရှိရင် 'လောက်လန်းသဖွယ် ဝိညာဏ်တွယ်' ဆိုတာ ဘာကိုပြောတာတုန်း၊ ခုနက ဦးဘကြီး သေငယ်ဇောနဲ့ မျောနေတယ်ဆိုတာကြည့်- နောက်ဘဝဖြစ်မယ့် အာရုံတွေကိုမြင်နေတာ၊ ဂတိနိမိတ်တွေကို မြင်နေတယ်ဆိုတာ နောင်ဘဝ အာရုံတွေကို မြင်နေပြီ၊ ဒီဘဝဟာလည်း လွတ်လိုက်ရော အဲဒီ နောင်ဘဝ မြင်နေတဲ့ဟာတွေပေါ်မှာ သန္ဓေစိတ်ဖြစ်သွားတာ၊ အဲဒီအာရုံပေါ်မှာ အာရုံပြုပြီး သန္ဓေစိတ်လေးက ဖြစ်ရတာ၊ စိတ်ဆိုတာ အာရုံမရှိဘဲနဲ့ မဖြစ်ဘူးဆိုတာ အားလုံး သဘောပေါက်ပြီးသားနော်၊ ဘယ်စိတ်ပဲဖြစ်ဖြစ် အာရုံမရှိရင် မဖြစ်ဘူးဆိုတာ သေချာတယ်၊ အာရုံနဲ့ကင်းပြီး ဖြစ်တဲ့စိတ်ဆိုတာ လောကမှာ မရှိဘူး၊ စိတ်တိုင်း စိတ်တိုင်းဟာ အာရုံရှိတယ်။

http://www.dhammadownload.com



ဒါကြောင့်မို့လို့ လူ့ဘဝအစ သန္ဓေစိတ်လေးက ဘာအာရုံကို အာရုံပြုတာတုန်းဆို ခုနက သေခါနီးမှာ သေငယ်ဇောနဲ့ မျောနေတဲ့အချိန် မိမိပြုလုပ်ခဲ့တဲ့ကံ, ထိုကံပြုစဉ်က အခြေအနေတွေ၊ အဲဒီအခြေအနေတွေကို မသေခင်ကတည်းက မြင်နေတယ်၊ အဲဒီအာရုံက စိတ်ကို လွှမ်းထားတယ်၊ အဲဒီလွှမ်းထားတဲ့အာရုံကို အာရုံပြုပြီး သန္ဓေစိတ်လေးက ပေါ်ရတာ။

အဲဒါကြောင့်မို့လို့ သေငယ်ဇောနဲ့ မျောနေတဲ့ ဦးဘကြီး အသက်လည်း ထွက်သွားရော ဦးဘကြီး ဘဝတုန်းကနေပြီး သေငယ်ဇောနဲ့ မျောပြီးတော့ ယူထားတဲ့ အာရုံကလေးအတိုင်း နောက်ဘဝမှာ မောင်လှဆိုတာပေါ်လာပြန်တယ်၊ ဒီလို ဆက်စပ်မှုတော့ ရှိတယ်ပေါ့၊ ဦးဘ ဘဝတုန်းက ယူထားတဲ့ အာရုံတွေနဲ့ ကံအသစ်က မောင်လှရဲ့ ပဋိသန္ဓေစိတ်ကလေး စတင်ပြီးတော့ ဖန်ဆင်းလိုက်တယ်၊ ဦးဘရဲ့စုတိစိတ်ကလေး ချုပ်သွားတဲ့ အချိန်လေးမှာ မောင်လှရဲ့ ပဋိသန္ဓေစိတ်ကလေး ပေါ်လာတယ်၊ ဦးဘရဲ့ စုတိစိတ်ကလေး မချုပ်မချင်း မောင်လှရဲ့ သန္ဓေစိတ်ကလေး မပေါ်ဘူးတဲ့၊ အဲဒီ စုတိစိတ်ကလေး ဖြစ်ပြီး ချုပ်သွားခြင်းသည် မောင်လှရဲ့ သန္ဓေစိတ်ပေါ်ခြင်းရဲ့ အကြောင်းတရား ဖြစ်တယ်၊ အဲဒါကို **အနန္တရသတ္တိ** လို့ ခေါ်တယ်၊ **"အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော"** သူချုပ်သွားမှ နောက်ကဟာ ပေါ်လို့ရတာ။

အဲဒီမှာ ဦးဘရဲ့ စုတိစိတ်က မောင်လှရဲ့ ပဋိသန္ဓေစိတ် ဖြစ်သွားတယ်လို့ ဒီလိုပြောလို့ရမလား၊ မရဘူးနော်၊ ဦးဘရဲ့ စုတိစိတ်က အတိတ်ကံကြောင့်ဖြစ်တယ်၊ ဆိုပါစို့ - ဦးဘရဲ့

http://www.dhammadownload.com



ပဋိသန္ဓေစိတ်လေးဟာ အတိတ်က ကံကနေ ဖြစ်လာတယ်၊ ထို ကံကနေ အကျိုးပေးလိုက်လို့ ဦးဘရဲ့တစ်သက်တာမှာ ဘဝင်စိတ်တွေဖြစ်တယ်၊ ပဋိသန္ဓေစိတ်, ဘဝင်စိတ်ဖြစ်တယ်၊ နောက်ဆုံးစိတ်လေးကို စုတိလို့ခေါ်တယ်။

ဦးဘရဲ့စိတ်က ဆိုပါစို့- မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ်ထဲက တစ်ခုခုဖြစ်တယ်၊ ဦးဘရဲ့ဘဝမှာ တရားနာတယ်၊ တရားအားထုတ်တယ်၊ စာပေတွေ လိုက်စားတယ်၊ ကုသိုလ်ကောင်းမှုတွေ လုပ်တယ်၊ အဲဒီစွမ်းအားကြောင့် ကြည့်နော် ဦးဘ ဘဝတုန်းကတော့ ဉာဏဝိပ္ပယုတ်နဲ့ ပဋိသန္ဓေ နေလာတယ်၊ ဉာဏဝိပ္ပယုတ်နဲ့ ပဋိသန္ဓေ နေလာသည့်အတွက်ကြောင့် သူ့ရဲ့စုတိကလည်းပဲ ဉာဏဝိပ္ပယုတ်စုတိပဲ၊ အဲဒီစုတိလေး ချုပ်သွားတဲ့အခါ နောက်ထပ် ပဋိသန္ဓေကျတော့ သူလုပ်ခဲ့တဲ့ ကံတွေက နေပြီးတော့ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် မဟာဝိပါက်စိတ် ဆိုတာကို အကျိုးပေးလိုက်တယ်။

ဟော- မောင်လှရဲ့ သန္ဓေစိတ်ကျတော့ ဉာဏသမ္ပယုတ်ဖြစ်သွားတယ်၊ ဦးဘရဲ့စုတိစိတ်တုန်းက ဉာဏဝိပ္ပယုတ် ဖြစ်တယ်၊ အဲဒီတော့ စုတိစိတ်နဲ့ ပဋိသန္ဓေစိတ်ဟာ တူသေးရဲ့လား၊ မတူတော့ဘူး၊ ကံတရားကနေ ဖန်တီးပြီးတော့ သွားတာ၊ ဒီတော့ ဦးဘရဲ့ စုတိစိတ်လေးက ဒီမှာ ပဋိသန္ဓေစိတ်အနေနဲ့ မောင်လှထဲ ဝင်စားလာတာလားဆိုတော့ မဟုတ်ဘူး၊ ဟုတ်ရင် ထပ်တူပဲ ဖြစ်နေမှာပေါ့၊ သူ့ရဲ့ ဒီဝိညာဏ်စိတ်လေးက ထပ်တူပဲ ဖြစ်နေမှာပေါ့၊ အဲသလို ထပ်တူ မဟုတ်ဘူးတဲ့၊ သဘာဝချင်း အခြေအနေချင်း အများကြီး ကွဲပြားခြားနားတယ်၊ ဒီလို ဆိုလိုတာနော်။

http://www.dhammadownload.com



အဲဒီတော့ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်လို့ ဆိုတာတွေကို အာရုံပြုပြီး ဘဝသစ်မှာ ဖြစ်ရတယ်။ လူတွေမှာ ကောင်းတာလုပ်တာရှိတယ်၊ မကောင်းတာလုပ်တာ ရှိတယ်၊ ကောင်းတာလုပ်လို့ရှိရင် ကောင်းတဲ့ ကံရဲ့စွမ်းအားနဲ့ ကောင်းတဲ့အရိပ်တွေ ပေါ်တယ်၊ မကောင်းတာလုပ်တဲ့ ပုဂ္ဂိုလ်ကျတော့ မကောင်းတဲ့ ကံရဲ့စွမ်းအားနဲ့ မကောင်းတဲ့အရိပ်နိမိတ်တွေ ပေါ်လာတယ်၊ အဲဒီ ပေါ်လာတဲ့အပေါ်မှာ သန္ဓေမျိုးစေ့လေးက ကျသွားတာတဲ့။

ဒါကြောင့်မို့ မြတ်စွာဘုရားက ဘဝသုတ္တန် ၂-ခု၊ ပထမ ဘဝသုတ်၊ ဒုတိယဘဝသုတ်ဆိုတာ အင်္ဂုတ္တရနိကာယ်မှာရှိတယ်၊ အဲဒီမှာ ကံကို အဓိကထား ဟောတယ်၊ **"ကမ္မံ ခေတ္တံ ဝိညာဏံ ဗီဇံ တဏှာ သနေဟော၊ အဝိဇ္ဇာ နီဝရဏာနံ တဏှာ သံယောဇနာနံ"** ဟောဒီ ၂-ခုရဲ့ အကူအညီရှိတယ်၊ အဝိဇ္ဇာက စိတ်ကို ဆို့ပိတ်ထားလိုက်တာ၊ ဆို့ပိတ်ထားလိုက်တာဆိုတာ သူမမြင်စေချင်တာတွေ မမြင်အောင် ဆို့ပိတ်ထားလိုက်တာ။ ဆိုလိုတာက အဝိဇ္ဇာက သဘာဝကို မမြင်အောင် ဆို့ပိတ်ထားလိုက်တာ၊ အဝိဇ္ဇာက ဖုံးထားလိုက်သည့်အတွက်ကြောင့် အဆိုးကို အကောင်းမြင်တယ်, အကောင်းကို အဆိုးမြင်တယ်၊ ပြောင်းပြန်တွေ မြင်ကုန်ရော၊ သူက အမှန်မမြင်အောင်သာ လုပ်တာ၊ မမြင်အောင် လုံးဝ ကွယ်ထားတာတော့ မဟုတ်ဘူး၊ ဒါကြောင့်မို့လို့ အဝိဇ္ဇာကို **"သဘာဝ ပဋိစ္ဆာဒန လက္ခဏာ"** လို့ ဒီလို ဟောတယ်၊ **သဘာဝ ပဋိစ္ဆာဒန** ဆိုတာ တကယ့်အစစ်အမှန်ကို မမြင်အောင် ဖုံးတာ၊ အကုန်လုံးကိုဖုံးတာလို့ ပြောတာမဟုတ်ဘူးတဲ့၊ တကယ့် အစစ်အမှန်ကို မမြင်အောင် ဖုံးတယ်ဆိုတော့ အစစ်အမှန် မဟုတ်တာ

http://www.dhammadownload.com



တွေကို ပြတယ်ဆိုတဲ့ အဓိပ္ပာယ် မရပေဘူးလား၊ အစစ်ကို ဖုံးထား တယ်ဆိုရင် အတုကိုပြတယ်ဆိုတဲ့ အဓိပ္ပာယ်က အလိုလိုပါပြီးသား ဖြစ်သွားတယ်ပေါ့၊ ဟော - အဝိဇ္ဇာက အတုကို ပြတာ။

အဲဒီလို အတုကို ပြထားတဲ့အခါ **'တဏှာ သံယောဇနာ'** တဏှာက တွယ်လိုက်တယ်, ချည်လိုက်တယ်, နှောင်လိုက်တယ်, တွယ်တာလိုက်တယ်၊ အဲဒီအာရုံပေါ်မှာ တဏှာနှောင်ကြိုးက ချည်လိုက်တယ်၊ ဩော်- သတ္တဝါဟာ ဒီအာရုံထဲက ဘယ်လိုလုပ် ရုန်းထွက်လို့ ရတော့မှာတုန်း၊ အဲဒီအာရုံလေးထဲမှာ နစ်မျော နေတဲ့အချိန်မှာ ကံက မျိုးစေ့ချထည့်လိုက်တယ်ပေါ့။

ဒီနေရာမှာ အရေးကြီးဆုံးက ဘယ်သူလဲဆိုရင် **"ကမ္မံ ခေတ္တံ" "ဝိညာဏံ ဗီဇံ"** လို့ သုံးတာ ဘယ်ဝိညာဏ်ကို သုံးတာ တုန်းဆိုတော့ 'အဘိသင်္ခါရဝိညာဏ်'၊ "အဘိသင်္ခါရဝိညာဏ်' - ဘဝတစ်ခုကို ဖန်ဆင်းနေတဲ့ဝိညာဏ်ဆိုတာ မရဏာသန္နဇောနဲ့ ယှဉ်တွဲပြီးတော့လာတဲ့ ကံတရား၊ မရဏာသန္နဇောက ဒီအာရုံ တွေကို ယူထားတာနော်၊ အဲဒီ မရဏာသန္နဇောဝိညာဏ်စိတ်ဟာ သန္ဓေမျိုးစေ့လေးကို ချပေးလိုက်တယ်တဲ့၊ အဲဒီ ကံတရားရဲ့ စွမ်းအား၊ ဒီလိုဆိုလိုတယ်နော်။

အဲဒီနေရာမှာ "ကံက လယ်မြေနဲ့တူပြီးတော့ တဏှာက အစေးနဲ့တူပြီး ဝိညာဏ်က မျိုးစေ့နဲ့ တူတယ်" အဲဒါကြောင့်မို့လို့ ဘဝအပင်လေးတစ်ခုဟာ ပေါက်လာရတယ် - ဒီလိုဆိုလိုတာ၊ အဲဒီတော့ အပင်ပေါက်လာတယ် ဆိုကတည်းက ဒီကနေ သွားပြီး တော့ ဝင်စားတာမဟုတ်ဘူး၊ အကြောင်းတွေကြောင့် စုပေါင်း

http://www.dhammadownload.com



ပြီးတော့ ဖြစ်သွားတာဖြစ်တယ်၊ ဒါက သတ္တဝါတွေက ဘဝတစ်ခု ကူးပြီး ဘဝတစ်ခုဖြစ်ပုံ ဒီလိုဟောတယ်။

မြတ်စွာဘုရားနဲ့ ရဟန္တာပုဂ္ဂိုလ်တွေကျတော့ အဲဒီ အဝိဇ္ဇာရယ်, တဏှာရယ်, ကံရယ်လို့ ဆိုတဲ့ ဘဝတစ်ခုကို ဖန်တီးပေးနေတဲ့ အဓိကအကြောင်းအရာတွေထဲက ဘယ်ဟာကို ဖျက်ဆီးလိုက်တာတုန်းဆိုတော့ အဝိဇ္ဇာနဲ့ တဏှာကို ဖျက်ဆီးပစ်တာ၊ အဝိဇ္ဇာနဲ့ တဏှာကို ဖျက်ဆီးထားလိုက်သဖြင့် အဝိဇ္ဇာ မရှိတော့ သည့်အတွက်ကြောင့် သဘာဝကို မဖုံးနိုင်တော့ဘူး၊ မဖုံးနိုင်တော့လို့ သဘာဝကို အရှင်းကြီးမြင်နေတယ်၊ သဘာဝကို အရှင်းကြီး မြင်နေတော့ သူ့သဘာဝအတိုင်းဆိုရင် တွယ်တာမှုတဏှာဆိုတာ မလာနိုင်ဘူး၊ အဝိဇ္ဇာကလည်း ဖုံးထားတာမရှိဘူး၊ တဏှာကလည်း မတွယ်တော့ဘူးဆိုလို့ရှိရင် ကံတွေ ရှိနေသော်လည်း အကူအညီတွေ မရှိတော့ဘူးဆိုရင် ပစ်ချခြင်းငှာ မစွမ်းနိုင်ဘူး၊ အဲဒါကို ပြောတာနော်၊ အကူအညီ မရှိတော့ဘူးဆိုရင် နောက်ဘဝတစ်ခုကို ကံက မဖန်တီးနိုင်တော့ဘူးလို့ ပြောတာ။

အဲဒီတော့ ရဟန္တာတွေရဲ့ဘဝ, မြတ်စွာဘုရားရဲ့ ဘဝမှာ အတိတ်က ကံတရားတွေ ရှိနေသေးသော်လည်း ဘဝတစ်ခုကို တည်ဆောက်နိုင်တဲ့စွမ်းအား ကုန်သွားပြီ၊ ဘယ်အချိန်ကတည်းက ကုန်သွားတာတုန်းဆို တဏှာနဲ့ အဝိဇ္ဇာ ကုန်သွားကတည်းက ကံတွေက အလုပ်လုပ်လို့ မရတော့ဘူး၊ ပုစွန်လုံးကို ခြေထောက်တွေ ချိုးထားလိုက်သလိုပဲ အဝိဇ္ဇာနဲ့ တဏှာကို ဖြတ်ထားလိုက်ကတည်းက . . ဒီပုစွန်လုံးဟာ ခြေထောက်တွေ ချိုးထားလိုက်လို့ရှိရင် ပုစွန်လုံး သွားလို့ရသေးရဲ့လား၊ မရတော့သလိုပဲ -

http://www.dhammadownload.com



အဲသလို ရှိနေသေးသော်လည်းပဲ အကျိုးပေးခွင့် မရဘူး၊ ဒါကြောင့်မို့ ရှိနေသေးသော်လည်း အကျိုးပေးခွင့်မရသည့် အတွက်ကြောင့် ကံကိုလည်း ကုန်စေတယ်လို့ ဒီလိုသုံးတာ၊ တကယ်ကတော့ ကံကို ပယ်လို့မရဘူး၊ ကိလေသာကိုသာပယ်တာ၊ ဒီနေရာမှာ ကိလေသာဆိုတာ အဝိဇ္ဇာနဲ့ တဏှာပဲ။

အဲဒီတော့ အဝိဇ္ဇာနဲ့တဏှာကို ပယ်လိုက်တာနဲ့တစ်ပြိုင်နက် ကံတွေက အလုပ်မလုပ်နိုင်ဘူး၊ အလုပ်မလုပ်နိုင်သည့် အတွက်ကြောင့် ဘဝသစ်တစ်ခုကို နောက်ထပ် ဖော်ထုတ်နိုင်ခြင်းငှာ မစွမ်းနိုင်ဘူးပေါ့၊ ဘဝပြတ်သွားတယ်။

အဲဒါကြောင့် ဘုရားအလောင်းတော်လေး ဖွားမြင်လာတဲ့ အချိန်ကပဲ ခြေလှမ်း ၇-လှမ်း လှမ်းပြီးတော့ သူ့ရဲ့ဘဝကို ကြွေးကြော်ခဲ့တာရှိတယ်၊ **"အဂ္ဂေါ ဟမသ္မိ လောကဿ၊ ဇေဋ္ဌော ဟမသ္မိ လောကဿ သေဋ္ဌော ဟမသ္မိ လောကဿ"** "လောကကြီးမှာ ငါဟာ အကြီးဆုံးပဲ၊ အမြတ်ဆုံးပဲ"လို့ ကြွေးကြော်ပြီးတော့ ဘာတွေပြောတုန်းဆို **"အယ မန္တိမာ ဇာတိ"** "ဒီဘဝဟာ နောက်ဆုံးဘဝပဲ"၊ **"နတ္ထိ ဒါနိ ပုနဗ္ဘဝေါ"** နောက်ဘဝ ငါ့မှာ မရှိတော့ဘူး၊ ဒါ နောက်ဆုံးဘဝပဲဆိုတာကို အလောင်းတော်လေး ဘဝကတည်းက ကြွေးကြော်ခဲ့တယ်။

ဘုရားဖြစ်တော်မူတဲ့အခါကျလည်း ဓမ္မစကြာ ဟောတဲ့ အခါမှာလည်း **"အယမန္တိမာ ဇာတိ နတ္ထိဒါနိ ပုနဗ္ဘဝေါ"** ဆိုတာ မိန့်တယ်၊ ဒီဘဝဟာ နောက်ဆုံးပိတ်ဘဝပဲ၊ နောက်ထပ် ဘဝသစ်ဆိုတာ မရှိဘူး၊ ဘာဖြစ်လို့ မရှိဘူးလို့ ပြောနိုင်တုန်းဆိုရင် ခုနက အဝိဇ္ဇာ၊ တဏှာဆိုတာ ဖယ်ရှားပစ်လိုက်သည့်အတွက်ကြောင့်

http://www.dhammadownload.com



ဘဝဆိုတာ ပြတ်ငြိမ်းသွားပြီ၊ ဒါကြောင့်မို့လို့ **"ခီဏာ ဇာတိ"** ပဋိသန္ဓေနေခြင်းသည် ကုန်သွားပြီ၊ **"ကတံ ကရဏီယံ နာပရံ ဆုတ္တတ္တာယ"** လုပ်စရာတွေအားလုံး လုပ်ပြီးသွားပြီလို့ ဒီလို ပြောတာနော်။

ဒါကြောင့်မို့လို့ ဘဝတစ်ခုကို ဖန်တီးနေတဲ့အရာသည် အဝိဇ္ဇာ၊ တဏှာ၊ ကံ ဒီ ၃- ခုဖြစ်ပါတယ်၊ အဲဒီ ၃-ခု ထဲကနေ ဖယ်ရှားပစ်ရမှာက တဏှာနဲ့ အဝိဇ္ဇာ၊ ကိလေသာကို ဖယ်ရှားပစ်ရမယ်။

ဝဋ် ၃-ပါးနဲ့ ပြောမယ်ဆိုလို့ရှိရင် စက်ဝိုင်းလေးတစ်ခုကို ရေးချလိုက်၊ ထိုစက်ဝိုင်းလေးကို အကန့်လေး ၃-ကန့် လုပ်ကြည့်လိုက်၊ တစ်ခုက ကိလေသာဝဋ်၊ တစ်ခုက ကမ္မဝဋ်၊ တစ်ခုက ဝိပါကဝဋ်၊ အဲဒီစက်ဝိုင်းကလေးကို လှည့်ကြည့်လိုက်မယ် ဆိုလို့ရှိရင် ကိလေသာဝဋ်ဆိုတာ လိုချင်တယ်၊ လိုချင်လို့ ကမ္မဝဋ်ဆိုတာ လုပ်တယ်၊ လုပ်လို့ ဝိပါကဝဋ်ဆိုတာ ရလာတယ်၊ 'လိုချင်တယ်၊ လုပ်တယ်၊ ရတယ်'၊ ရ,တော့ လိုချင်ပြန်တယ်၊ လုပ်ပြန်တယ်၊ ရ,ပြန်တယ်၊ ဒီလိုနဲ့ သံသရာလည်နေတာ။

အဲဒီမှာ ပထမဆုံး ပယ်ဖျက်ရမှာက ရ,တာကို ပယ်ဖျက်ဖို့ မလိုဘူး၊ လိုချင်တာကို ပယ်ဖျက်ရမယ်၊ လိုချင်တယ်ဆိုတာ မရှိတော့ဘူး ဆိုလို့ရှိရင် အဲဒီတစ်ကန့် ပြတ်သွားတာနဲ့ နောက်က လုပ်တယ်ဆိုတဲ့ အကန့်လည်း ပျက်သွားတယ်၊ အဲဒီရှေ့က ၂-ကန့် ပျက်သွားတာကိုပဲ ကိလေသာကံ ငြိမ်းသွားတယ်လို့ ပြောတယ်နော်၊ ရှေ့ ၂-ကန့်ပျက်သွားတော့ ဝိပါကဆိုတာ ကျန်နေသေးတယ်၊ အဲဒီကျန်နေတဲ့ဟာက ဒါက နောက်ဆုံးအနေနဲ့

http://www.dhammadownload.com



သူ့ရဲ့သက်တမ်း ကုန်သွားလို့ စုတိစိတ်လေးကျသွားလို့ရှိရင် သူ့ ရှေ့ပိုင်းက ကမ္မဝဋ် ဆိုတာလည်း မရှိတော့ဘူး၊ ကိလေသဝဋ် ဆိုတာလည်း မရှိတော့သည့်အတွက်ကြောင့် နောက်ထပ် ဝိပါက ဝဋ် ဆိုတာ ထပ်ထုတ်လုပ်နိုင်စွမ်းမရှိလို့ စုတိစိတ် ပြီးတဲ့နောက်မှာ ဘာမှမရှိတော့ဘူး ချုပ်ငြိမ်းသွားတယ်လို့ ဒီလိုပြောတာနော်၊ အဲဒါဟာ ဘဝသစ်ဖြစ်ပုံနဲ့ ဘဝဆိုတာ နောက်ထပ်ကုန်ဆုံးသွားပုံ အင်မတန်မှ ထင်ရှားတယ်။

သို့သော်လည်း ခုနက Reincarnationနဲ့ ရောပြီးတော့ လူ့ရဲ့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ အသက် လိပ်ပြာ ဝိညာဉ်ကောင်တွေဟာ တစ်ဘဝကနေ တစ်ဘဝကူးပြောင်းတယ်လို့ ဒီလိုပြောတဲ့အခါ ကျတော့ ရောထွေးပြီးတော့ ဒီဘဝ ကုသိုလ်ကောင်းမှုလုပ်ရင် နောင်ဘဝ ခံစားရတာတွေနဲ့ ရောထွေးပြီးတော့ ဗုဒ္ဓဘာသာ စစ်စစ်က **'သဿတဒိဋ္ဌိ'** အယူဝါဒရှိတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ဖို့က တော်တော်လေး များနေတယ်၊ မစဉ်းစားတတ်လို့ ရှိရင်နော်၊ ဝိပဿနာဉာဏ်အမြင်နဲ့ မကြည့်ဘူးဆိုရင် သဿတဝါဒီ ဖြစ် သွားမှာပဲ၊ ဒါသေချာတယ်။

သဿတဝါဒီဆိုရင် ခုနက သာတိရဟန်းလိုပဲ ဒီ ဝိညာဏ် စိတ်လေးပဲ လှည့်နေတယ်လို့ ဒီလို ထင်သွားတတ်တယ်နော်၊ ဒါကြောင့် ဗုဒ္ဓမြတ်စွာရဲ့ တရားစစ်စစ်အတိုင်း ဗုဒ္ဓရဲ့တရားတော်မှာ Reincarnation ဆိုတာ မရှိဘူး၊ အဝိဇ္ဇာ တဏှာ ကံ မကင်းသေးလို့ ရှိရင်တော့ အဝိဇ္ဇာ တဏှာ ကံ တွေကနေ ထုတ်လုပ်တဲ့ ဘဝဆိုတာ ရှိနေဦးမှာပဲလို့ ဒီလို သဘောပေါက်ပြီး တို့တတွေရဲ့သန္တာန်မှာ ဖြစ်တဲ့ အဝိဇ္ဇာနဲ့ တဏှာကို ပယ်ရှားနိုင်အောင် ကြိုးစားရမှာလို့

http://www.dhammadownload.com



ကိုယ်စီကိုယ်စီ သဘောပေါက်ပြီး အဝိဇ္ဇာ တဏှာ ကင်းရာ ကင်းကြောင်း ကုသိုလ် ကိုယ်ကျင့်တရားများကို ကြိုးစားအားထုတ် ပွားများနိုင်ကြပါစေကုန်သတည်း။

❖❖❖❖❖

http://www.dhammadownload.com

# မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၂-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၆-ရက်နေ့ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက် ဓမ္မာရုံအတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ညဥ့်ဦးယံဓမ္မသဘင် အခမ်းအနားဝယ် ဓမ္မစေတီလမ်း၊ ယုဇန စီးပွားရေးတာဝါ အမှတ်-၂၅/၇၀၅(အေ) နေ ဦးကံထူး + ဒေါ်ခင်ခင်ဝေ၊ သား- မောင်သူရိန်လင်း၏ ၂၆-နှစ်မြောက် မွေးနေ့အလှူ ဓမ္မဒါန အမတဒါနအဖြစ်ဖြင့် ဟောကြားအပ်သော "နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း" တရားတော်။

http://www.dhammadownload.com

# အခန်း - ၁၀

## နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း

'နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း' လို့ ဆိုတဲ့နေရာမှာ စကား နှစ်ခု ရှိတယ်၊ 'နိဗ္ဗာန်' ဆိုတဲ့စကားနဲ့ 'မျက်မှောက်ပြုခြင်း' ဆိုတဲ့ စကား၊ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ပန်းတိုင်ဟာ နိဗ္ဗာန်ဆိုတာ ဗုဒ္ဓ ဘာသာဝင်တိုင်း သိကြတယ်၊ သို့သော် နိဗ္ဗာန် အကြောင်းနဲ့ ပတ်သက်ပြီးတော့ သာမန်သိထားတဲ့ ပုဂ္ဂိုလ်တွေ ရှိသလို၊ နိဗ္ဗာန် ဆိုတာ ဘာရယ်လို့ မသိတဲ့ ပုဂ္ဂိုလ်တွေလည်း မြောက်မြားစွာ ရှိတယ်၊ အများက "နိဗ္ဗာန်၊ နိဗ္ဗာန်" နဲ့ ပြောတာနဲ့ နိဗ္ဗာန်လို့ လိုက်ပြောနေကြတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိတယ်။

နိဗ္ဗာန်ကို ဦးတည်ချက်ထားပြီး ဗုဒ္ဓဘာသာဝင် သူတော်စင် တွေ ကုသိုလ်ကောင်းမှု ပြုကြတယ်၊ '**ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု**' အစဉ်အလာအရ သင်ကြားပေးထားတဲ့ အတိုင်း နိဗ္ဗာန်ကို ဆုတောင်းကြတယ်။

http://www.dhammadownload.com



## တဏှာချုပ်မှ နိဗ္ဗာန်ရ

သို့သော် “နိဗ္ဗာန်ဆိုတာ ဘာလဲ” - တချို့ကလည်း အကြမ်းဖျင်းအားဖြင့် နိဗ္ဗာန်ကို သိထားတယ်၊ နိဗ္ဗာန်ဟာ အိုခြင်း ကင်းရာဖြစ်တယ်၊ နာခြင်းကင်းရာ ဖြစ်တယ်၊ သေခြင်းကင်းရာ ဖြစ်တယ်၊ မအိုရဘူး၊ မနာရဘူး၊ မသေရဘူးလို့ အဲဒီလို ဆိုထား တဲ့အခါကျတော့ နိဗ္ဗာန်က မအိုရ၊ မနာရ၊ မသေရဘူး ဆိုရင်တော့ အမြဲတမ်း ထာဝရနေရမယ်လို့ ဒီလို တွေးမိကောင်း တွေးမိမယ်။

ဘာဖြစ်လို့တုန်းဆိုတော့ သတ္တဝါတွေရဲ့သန္တာန်မှာ “ဘဝ တဏှာ” ဆိုတာ ရှိတယ်၊ ဘဝတဏှာဆိုတာ “ဖြစ်နေတာကို ကြိုက်တာ”၊ အမြဲတမ်းဖြစ်နေတာကို ကြိုက်တာ၊ ဖြစ်နေတာကို ကြိုက်လို့ ဘဝတဏှာကို ‘သဿတဒိဋ္ဌိ’ နဲ့ ယှဉ်တွဲလာတဲ့ တဏှာလို့ ဒီလိုပြောတယ်၊ ဘဝထဲမှာရှိနေတာကို သဘောကျတယ်၊ မရှိတော့ ဘူးဆိုရင် သဘောမကျဘူး၊ ဖြစ်နေရတာကိုပဲ ပျော်စရာကြီးလို့ မြင်နေကြတယ်ပေါ့။ ဘဝတဏှာရှိနေရင် ဘယ်ဘဝပဲ ရောက် ရောက်, ရောက်ရာဘဝမှာ ဒီ တဏှာမကင်းတဲ့ ပုဂ္ဂိုလ်တွေဟာ ကိုယ့်ဘဝလေး ကိုယ် ကျေနပ်နေတာဘဲ၊ လူတွေကလည်း ကိုယ့် ဘဝလေး ကိုယ် ကျေနပ်နေကြတာပဲ၊ တိရိစ္ဆာန်တွေကလည်း သူတို့ဘဝ သူတို့ကျေနပ်နေကြတာပဲ၊ မကျေနပ်ဘူးဆိုတဲ့ အချိန် ဟာ အလွန့်အလွန် အဆင်မပြေလို့ ဒုက္ခရောက်တဲ့ အချိန်လေးပဲ။

ဆိုင်ရာဆိုင်ရာ ဘဝမှာ ချမ်းသာသုခလေးတွေ ရရှိနေကြ တာ- ကြည့်ရင် ကြက်တွေ ငှက်တွေလည်း ပျော်နေကြတဲ့သဘော ရှိတယ်၊ ကြက်ကလေးတွေဆို လှောင်ချိုင့်ထဲ လှောင်ထားပေမယ့် တစ်ကောင့်တစ်ကောင် ဆိတ်လို့ တွန်လို့ အော်လို့ ပျော်နေကြတဲ့

http://www.dhammadownload.com



သဘောရှိတယ်၊ တစ်ကောင့်တစ်ကောင် ကျီစယ်ကြ ကစားကြနဲ့၊ ဘဝမှာ "ဘဝသုခ"ဆိုတာ ပျော်စရာလေးတွေတော့ ရှိကြတာပဲ၊ ဘဝကို အကြောင်းပြုပြီးတော့ ရလာတဲ့ ပီတိတို့ သုခတို့- ဘဝမှာ ပျော်စရာလေးတွေ၊ အဲဒီပျော်စရာလေးတွေ တွေ့ပြီးတော့ ဘဝမှာ ပျော်နေကြတာပဲ၊ အဲဒီလို ဘဝဆက်တိုင်းဖြစ်ပြီးတော့ နေကြရတာကိုပဲ ကျေနပ်နေကြတာ။ ဘဝတဏှာ မကင်းသေးတဲ့ ပုဂ္ဂိုလ်တွေမှာ နိဗ္ဗာန်မှာ ဘဝဟာ ချုပ်ငြိမ်းသွားတယ်၊ **"ဘဝနိရောဓော နိဗ္ဗာနံ"** ဘဝရဲ့ချုပ်တာ နိဗ္ဗာန်လို့ပြောရင် လန့်ကောင်းလန့်သွားလိမ့်မယ်၊ ဘာဖြစ်လို့တုန်းဆိုတော့ သူတို့က ဖြစ်နေတာကို ကြိုက်တာကိုး၊ ဖြစ်နေတာကိုကြိုက်တော့ မဖြစ်ရတော့ဘူး၊ ဘဝက ချုပ်ငြိမ်းသွားပြီ ဆိုလို့ရှိရင် ချုပ်ငြိမ်းသွားရင် တို့ဘယ်သွားနေရမတုန်းလို့ တွေးမိကောင်း တွေးမိလိမ့်မယ်၊ အဲဒီလို တွေးမိပြီး ကြောက်လန့်ကြတယ်၊ ဒါက ဘဝအပေါ်မှာ စွဲလန်းနေတဲ့ ပုဂ္ဂိုလ်တွေက ဘဝပြတ်သွားမှာ, ဘဝချုပ်သွားမှာကို စိုးရိမ်ကြတယ်၊ အဲဒီပုဂ္ဂိုလ်မျိုးကလည်း တစ်စုရှိတယ်။

အဲဒါနဲ့ ဆန့်ကျင်ဖက် ဘဝတဏှာ ရှိသလို **ဝိဘဝ တဏှာ**၊ **'ဘဝ'** က ဘဝ၊ **'ဝိ'** ဆိုတာ မရှိတော့တာ၊ ဘဝမရှိတော့ တာကို ကြိုက်တဲ့ပုဂ္ဂိုလ်မျိုးက ရှိသေးတယ်၊ အဲဒီဘဝမရှိရင် ပြီးရော၊ သို့သော် သူက ဘဝမရှိကြောင်းတရားကို ကျင့်ပြီးတော့ မရှိတဲ့ ဘဝမျိုး မဟုတ်ဘူး၊ ဘဝတစ်ခုက ချုပ်ငြိမ်းသွားရင် နောက်ဘဝဆိုတာ မရှိချင်ဘူးလို့ ပြောတဲ့ပုဂ္ဂိုလ်တွေလည်း ရှိတာပဲ၊ ဘဝကို ရွံမုန်းပါပြီ နောက်ဘဝဆိုတာ မရှိချင်ပါဘူး၊ မရှိချင်ဘူးဆိုတာ ဘာဖြစ်လို့တုန်းဆိုရင် ဒီဘဝရဲ့ ဒုက္ခတွေ တွေ့တော့ နောက်ဘဝ

http://www.dhammadownload.com



မလိုချင်ဘူးဆိုတာ၊ နောက်တစ်ခုက ဘဝဆိုတာ မရှိဘူး၊ ပြတ်နေတယ်၊ သေသွားရင်ပြီးတာပဲလို့ ဒီလို ယူဆတဲ့ပုဂ္ဂိုလ်တွေ၊ ဉစ္ဆေဒဒိဋ္ဌိနဲ့ ယှဉ်တွဲလာတဲ့ တဏှာတစ်မျိုးက ထူးထူးဆန်းဆန်းပဲ၊ ဘဝမရှိတာကို ကြိုက်တာလည်း တဏှာလို့ ခေါ်တယ်။

ဘဝမရှိတာကို ကြိုက်တာ နိဗ္ဗာန် မဟုတ်သေးဘူး၊ တဏှာလို့ ခေါ်နေပြန်တယ် အဲဒီမှာ၊ သူက မရှိတာကို ကြိုက်ပြန်တာ၊ အဲဒီတော့ တွယ်တာမှုက မရှိတာကို သွားတွယ်တာနေတာ၊ ဘဝပြတ်သွားတာကို တွယ်တာနေပြန်တယ်၊ အဲဒါတွေကို "ဝိဘဝတဏှာ" လို့ ခေါ်ပြန်တယ်။ "ဘဝတဏှာ"လည်း ရှိနေဦးမယ်၊ "ဝိဘဝတဏှာ"လည်း ရှိနေဦးမယ် ဆိုလို့ရှိရင်တော့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဦးမှာ မဟုတ်သေးဘူးတဲ့။

**ကာမတဏှာ** ဆိုတာတော့ ရိုးရာလို့ပဲထားပါတော့၊ လူ့ဘဝရလာပြီ ဆိုလို့ရှိရင် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် လို့ဆိုတဲ့ အင်္ဂါရပ်တွေ ရထားသည့်အတွက်ကြောင့် ထိုအင်္ဂါရပ်တွေမှာ ပေါ်လာတဲ့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ လို့ဆိုတဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ ဒီအာရုံတွေ အပေါ်မှာ ကျေနပ်နေတာ။ အဲဒီ အာရုံတွေပေါ်မှာ တွယ်တာနေတာ "ကာမတဏှာ"၊ အဲဒီတဏှာတွေဟာ အလွန်ပြင်းထန်တဲ့ စွမ်းအားရှိတယ်၊ ဘဝကို ဦးဆောင်ပြီးတော့ တည်ဆောက်နေတာ ဟောဒီတဏှာတွေပဲ၊ ဒါ့ကြောင့်မို့ မြတ်စွာဘုရားက သမုဒယသစ္စာမှာ ဒီတဏှာကို ဦးတည်ပြီးတော့ **'ဒုက္ခသမုဒယော အရိယသစ္စံ'** လို့ ဒီလိုဟောတာ၊ ထိုထို သုတ္တန်တွေမှာလည်းပဲ

http://www.dhammadownload.com



ဘဝကိုဖြစ်စေတတ်၊ **'ဘဝနေတ္တိ'** လို့ ဘဝကို သယ်ဆောင်သွားတတ်တဲ့ တရားလို့ တဏှာကိုပဲ ဦးတည်ပြီးတော့ ပြောလေ့ရှိတယ်။

နိဗ္ဗာန- နိဗ္ဗာန်- ပါဠိစကား - နိဗ္ဗာန ဆိုတဲ့စကားက ဆန့်ကျင်ဖက်နဲ့ ပြောထားတာ၊ **'နိဗ္ဗာန'** ဆိုတဲ့ ပုဒ်လေးကို **နိ+ဝါန** လို့ ဒီလို နှစ်မျိုးအဓိပ္ပါယ် ခွဲပြီးတော့ **'နိ'** ဆိုတာ လွတ်မြောက်သွားတာ၊ **'ဝါန'** ဆိုတာ အတွယ်အတာတဏှာ၊ အတွယ်အတာတဏှာတွေကနေ လွတ်မြောက်သွားမှ နိဗ္ဗာန်ဆိုတာ ဖြစ်တယ်၊ တစ်မျိုးမျိုးနဲ့ လှည့်တွယ်နေလို့ ရှိရင်တော့ ဒါ တဏှာတွေ ရှိနေသေးသမျှ၊ တွယ်တာမှုရှိနေသေးသမျှ ဘယ်တွယ်တာမှုပဲဖြစ်ဖြစ် နိဗ္ဗာန်ဆိုတာ မရောက်နိုင်သေးဘူး၊ ဒါ့ကြောင့်မို့လို့ နိဗ္ဗာန်ဆိုတဲ့ နာမည်ကိုက **နိဝါန**၊ **'ဝါန သင်္ခါတာယ တဏှာယ'** **'ဝါန'** လို့ဆိုတဲ့ တဏှာမှ **'နိက္ခန္တတ္တာ'** လွတ်ထွက်သွားလို့၊ **နိဗ္ဗာန–** နိဗ္ဗာန်လို့ ခေါ်တာတဲ့၊ ဒါ နိဗ္ဗာန်ဆိုတဲ့ စကားလုံးဟာ အတွယ်အတာကနေ လွတ်မြောက်သွားတဲ့ နေရာလို့ ဒီလိုရည်ညွှန်းတယ်၊ တွယ်တာမှု မရှိနိုင်တဲ့နေရာ။

အဲဒီတော့ ရှေးဦးစွာ မှတ်ရမှာက တို့တစ်တွေ အတွယ်အတာ ရှိနေသေးသမျှ နိဗ္ဗာန်မရောက်သေးဘူးဆိုတာ မှတ်ထားရမယ်၊ အတွယ်အတာ ကင်းပြတ်သွားပြီဆိုရင် တို့တစ်တွေ နိဗ္ဗာန်ရောက်ပြီလို့၊ အေး တချို့က အဲလိုကျတော့ ပြောကြလိမ့်မယ်၊ "တပည့်တော် ဘယ်သူ့မှ မတွယ်တော့ပါဘူး၊ သားသမီးတွေအပေါ်လည်း မတွယ်ဘူး၊ ပစ္စည်းဥစ္စာလည်း မတွယ်ဘူး၊ အားလုံးစွန့်လွှတ်ထားပြီ" ဒီလို ပြောကောင်းပြောလိမ့်မယ်၊ တွယ်တာမှုဆိုတာ တစ်ခုပြီးတစ်ခု လိုက်တွယ်နေတာနော်၊ လွတ်သွားတယ်

http://www.dhammadownload.com



ရယ်လို့ မရှိဘူး၊ သားသမီးမရှိလို့ သားသံယောဇဉ် မရှိဘူး၊ သမီး သံယောဇဉ်မရှိဘူးဆိုတဲ့ ပုဂ္ဂိုလ်က တစ်ခုခု သွားပြီးတော့ သံယောဇဉ် ရှိသေးတာပဲ၊ တစ်ခုမတွယ်ရရင် တစ်ခုသွားတွယ် နေသေးတာပဲ၊ တဏှာရှိနေတဲ့ ပုဂ္ဂိုလ်ဟာ မတွယ်လို့ မရဘူး၊ တွယ်နေသေးတာပဲ၊ နောက်ဆုံး ဘယ်သူ့တွယ်တုန်းဆိုရင် ကိုယ့် ကိုယ်ကို ပြန်တွယ်နေတယ်။

အဓိကကတော့ လူတွေဟာ အတွယ်အတာဟာ ဘယ် အပေါ်မှာ အားအကြီးဆုံးတုန်းလို့ ဆိုလို့ရှိရင် ကိုယ့်ကိုယ်ကိုပေါ် တွယ်တာဟာ အားအကြီးဆုံးပဲတဲ့၊ **'အတ္တသမံ ပေမံ နတ္ထိ'** အဲဒါကြောင့်မို့လို့ မြတ်စွာဘုရားကဟောတယ် 'ကိုယ့်ကိုယ်ပေါ်မှာ တွယ်တာတာလောက် တခြားတွယ်တာမှုက မရှိနိုင်ဘူး' တဲ့။ ကိုယ့်ကိုယ်ဟာ လောကမှာ အချစ်ဆုံးပဲ၊ သားသမီး ချစ်တယ်တို့ တခြားပစ္စည်းချစ်တယ်ဆိုတာ ကိုယ့်အတွက် ချစ်ကြတာ၊ ထင်ကြ တယ် သူ့အတွက်လို့ထင်တယ်၊ မဟုတ်ဘူး - ကိုယ့်အတွက်၊ ဘယ်လို ကိုယ့်အတွက်တုန်းလို့ဆိုတော့ ဒီသား ဒီသမီး ဒီပစ္စည်း ဒီဥစ္စာ ဒီပုဂ္ဂိုလ်နဲ့ နေရလို့ရှိရင် စိတ်ချမ်းသာနေတယ်၊ အဲဒီ စိတ်ချမ်းသာမှုလေးကို ချစ်ခင်နေတာ၊ အဲဒီ စိတ်ချမ်းသာမှုက ဘယ်သူ့ရဲ့ စိတ်ချမ်းသာမှုလဲဆိုတော့ ကိုယ့်ရဲ့ စိတ်ချမ်းသာမှုပဲ၊ သူတို့ရဲ့ စိတ်ချမ်းသာမှု မဟုတ်ဘူး။

ကိုယ့်ရဲ့စိတ်ချမ်းသာမှုကို နှောင့်ယှက်ဖျက်ဆီးလာပြီ ဆိုလို့ ရှိရင် ဘယ်သူ့မှ လက်မခံတော့ဘူး၊ ချစ်လှပါတယ်ဆိုတဲ့ သား လည်း အမွေပြတ်ကြော်ငြာတာပဲ၊ ချစ်လှပါတယ်ဆိုတဲ့သမီးလည်း အမွေပြတ် ကြော်ငြာတော့တာ၊ ဘာဖြစ်လို့တုန်းဆို ကိုယ် တန်ဖိုး

http://www.dhammadownload.com



ထားတဲ့ ကိုယ့်ရဲ့နှစ်သက်မှု ကျေနပ်မှု ပျော်ရွှင်မှုလေးကို ပျက်စီးအောင်လုပ်လို့ မချစ်နိုင်တော့ဘူး၊ တကယ့် အနှစ်သာရကို ကြည့်မယ်ဆိုလို့ရှိရင် လူတွေဟာ ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုတာ ဟုတ်တယ်။

နောက်ဆုံး ဒီအတွယ်အတာကနေ ရုန်းထွက်နိုင်တယ်ဆိုတာ သောတာပန် ဖြစ်သွားရင်တောင် သောတာပန်အလိုက် အတွယ်အတာ ရှိနေသေးတယ်၊ သို့သော် သောတာပန်ရဲ့ အတွယ်အတာသည် အပါယ်ဆွဲချလောက်အောင် မဖြစ်တော့ဘူး၊ ပစ္စည်းပေါ် တွယ်တာတို့, လူပေါ် တွယ်တာတို့ အပါယ်ဆွဲချနိုင်လောက်အောင် အကုသိုလ်မှုကို မကျူးလွန်နိုင်တော့ဘူး, မဖြစ်တော့ဘူး၊ အရှိန်လျော့သွားပြီလို့ပြောတာ။

သကဒါဂါမ် ဖြစ်သွားလို့ရှိရင်လည်း အတွယ်အတာဟာ လျော့ကျသွားတယ်၊ သကဒါဂါမ်နဲ့ သောတာပန် ဘာထူးတုန်းလို့ ဆိုလို့ရှိရင် အတွယ်အတာ ဖြစ်တဲ့အခါမှာ သကဒါဂါမ်ပုဂ္ဂိုလ်က ဆယ်ခါ့တစ်ခါ ဖြစ်တယ်၊ သောတာပန်က ၉-ခါလောက်ဖြစ်ရင် သကဒါဂါမ်က ၁-ခါလောက် ၂-ခါလောက်ပဲ ဖြစ်တယ်၊ "ဖြစ်တဲ့အကြိမ် နည်းသွားတယ်၊ ဖြစ်တဲ့အကြိမ် နည်းသွားသလို ဖြစ်တဲ့အရှိန်လည်း နည်းသွားတယ်"

သောတာပန်ရဲ့တဏှာနဲ့ သကဒါဂါမ်ရဲ့တဏှာကို ယှဉ်ကြည့်လိုက်မယ် ဆိုလို့ရှိရင် သကဒါဂါမ်ရဲ့တဏှာက အများကြီး လျော့ကျသွားပြီ၊ သောတာပန်ရဲ့တဏှာက အရှိန်ကလေး ရှိသေးတယ်၊ သကဒါဂါမ်ရဲ့တဏှာကျတော့ အရှိန်ကိုမရှိတော့ဘူး၊ ဒါကြောင့်မို့ **'အဓိစ္စုပ္ပတ္တိယာ'** 'ဖြစ်ခဲတယ်' တဲ့၊ **'ပရိယုဋ္ဌာန မန္ဒတာ'** 'ဖြစ်လာလို့

http://www.dhammadownload.com



ရှိရင်လည်း အားပျော့တယ်၊ အရှိန်မရှိဘူး'၊ ဒါ ကွဲပြားခြားနား သွားပုံ။

အနာဂါမ်ဖြစ်သွားရင် ကာမရာဂတို့ ဗျာပါဒတို့ဆိုတာ မရှိတော့ဘူး၊ ကာမရာဂ ကာမအတွယ်တွေ မရှိတော့ဘူးလို့ ဆိုရပေမယ့်လို့ အနာဂါမ်ပုဂ္ဂိုလ်က ဘယ်သွားတွယ်နေတုန်းဆိုတော့ သူရထားတဲ့ ဈာန်တရားတို့၊ သူရထားတဲ့ တရားထူး တရားမြတ်တွေကို သွားတွယ်တယ်၊ ကာမဘုံကို မတွယ်ပေမယ့် ဗြဟ္မာ့ဘုံကို သွားတွယ်နေတယ်၊ အောက်ဘုံတွေကိုတော့ သူ မတွယ်တော့ဘူး၊ လူ့ဘုံ နတ်ဘုံ ဆိုတာတွေ သူ့စိတ်ထဲကို ထည့်မစဉ်းစားတော့ဘူး၊ လုံးဝ အတွယ်အတာ မရှိတော့ဘူး၊ သို့သော် ဘယ်အပေါ်မှာ သူသဘောကျနေတုန်းဆို ဗြဟ္မာ့ဘုံကို သူသွားသဘောကျနေသေးတယ်၊ ဒါကို ဘဝရာဂလို့ ခေါ်တယ်။ ရူပရာဂ၊ အရူပရာဂ အဲဒါကိုပဲ ဘဝရာဂလို့ ခေါ်တယ်။

နောက်ဆုံးမယ် တွယ်တာမှုက ဘယ်ထိအောင်သွားတုန်း ဆိုရင် အတွယ်အတာဟာ အာရုံတွေ ကာမဂုဏ်တွေ တစ်ခုပေါ်မှ မတွယ်တော့ပါဘူး၊ ဘဝလည်း မတွယ်တော့ဘူး ဆိုလို့ရှိရင် ဘာသွားတွယ်နေတုန်းဆိုရင် ကိုယ်ရထားတဲ့ တရားကို သွားတွယ်နေသေးတယ်၊ အဲဒါကို **“ဓမ္မရာဂ ဓမ္မနန္ဒီ”** လို့ခေါ်တယ်။

**“တေနေဝ ဓမ္မရာဂေန၊ တာယေဝ ဓမ္မနန္ဒိယာ”** စာထဲမှာ ဒီလိုဆိုထားတယ်၊ အဲဒီ ဓမ္မရာဂ ကိုယ် ရထားတဲ့ ဝိပဿနာဉာဏ်လေး- အဲဒီပေါ်မှာ အတွယ်အတာလေး ဖြစ်နေသေးသမျှ၊ နှစ်သက်ကျေနပ်မှုတွေ ရှိနေသေးသမျှ ကာလပတ်လုံး အရဟတ္တမဂ် အရဟတ္တဖိုလ်ကို မဆိုက်ရောက်နိုင်ဘူးလို့ ဒီလိုဟောထား

http://www.dhammadownload.com



တယ်၊ အဲဒီပေါ်မှာ အတွယ်အတာလေး ကျန်နေသေးလို့ရှိရင် အနာဂါမ်ဘဝနဲ့ပဲ ပြီးသွားမယ်၊ ရဟန္တာထိအောင် မဖြစ်ဘူးလို့ ပြောတယ်။

အဲဒီဓမ္မပေါ်မှာ တွယ်တဲ့အရာကိုပါ တွယ်တာမှုအားလုံးကို လုံးဝစွန့်လွှတ်လိုက်ပြီ ဆိုတဲ့အခါကျတော့ လုံးဝလွတ်သွားပြီလို့ ပြောတာ၊ အဲဒီလို လုံးဝလွတ်သွားပြီ ဆိုတဲ့အခါကျတော့ "အတွယ်အတာလွတ်ခြင်းသည်ပင် ဘဝက လွတ်မြောက်ခြင်းပဲ၊ အတွယ်အတာ ရှိနေခြင်းသည် ဘဝ၌ ရှိနေခြင်းပဲ" ဒီလိုမှတ်ရမယ်၊ အဲဒီတော့ "နိဗ္ဗာန်ဆိုတာ အတွယ်အတာက လုံးဝလွတ်သွားတာ" ကို ခေါ်တယ်ပေါ့။ ဒါက တစ်ခု မှတ်စရာ။

နောက် ထိုထိုသုတ္တန် ပါဠိတော်တွေမှာ မြတ်စွာဘုရားက **'ခန္တီ ပရမံ တပေါတိ တိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ'** 'နိဗ္ဗာန်ကို အမြတ်ဆုံး'လို့ အဆင့်အမြင့်ဆုံး ပန်းတိုင်အနေနဲ့ ဒီလိုဟောထားတာရှိတယ်၊ နောက်တစ်ခုက **'နိဗ္ဗာနံ ပရမံ သုခံ'** သို့မဟုတ် **'နိဗ္ဗာန ပရမံ သုခံ'** 'ချမ်းသာတွေထဲမှာ နိဗ္ဗာန်ဟာ အကောင်းဆုံးပဲ' လို့၊ လူ့လောက လူတွေဟာလည်း ချမ်းသာ ဆိုလို့ရှိရင် သဘောကျတယ်လေ။

အဲဒီတော့ နိဗ္ဗာန်ချမ်းသာကို ဘာနဲ့ တွေးတုန်းဆိုရင် မျက်စိကမြင်ရတဲ့ အာရုံလေးပေါ်မှာ ကျေနပ်နေတဲ့ ချမ်းသာ၊ နားက ကြားရတဲ့ အသံလေးပေါ်မှာ ကျေနပ်နေတဲ့ ချမ်းသာ၊ နှာခေါင်းက နမ်းရှူရတဲ့ အနံ့၊ လျှာက အရသာခံရတဲ့ အရသာ၊ ခန္ဓာကိုယ်က အထိအတွေ့ ခံစားရတယ်၊ စိတ်ထဲမှာ ကြံစည်စိတ်ကူးပြီးတော့ ဖြစ်ပေါ်လာတဲ့ အရသာ၊ အဲဒီ အရသာလေး

http://www.dhammadownload.com



တွေ၊ စိတ်ထဲမှာ ကြံစည်စိတ်ကူးပြီးတော့ ရလာတဲ့ အတွေးတွေ၊ အဲဒါတွေ ကြည့်ပြီးတော့ ဖြစ်ပေါ်လာတဲ့ သုခသောမနဿ လို့ ဆိုတဲ့ ချမ်းသာမှု ဝမ်းသာမှုလေးတွေ အဲဒီ ချမ်းသာနဲ့ နိဗ္ဗာန် ချမ်းသာကို သွားပြီးတော့ နှိုင်းယှဉ်ကြည့်တယ်၊ ချမ်းသာဆိုလို့ရှိရင် ဒီလို ချမ်းသာမျိုးပဲ နေမှာပဲလို့ ကိုယ်ရ,တာနဲ့ သွားပြီးတော့ နှိုင်းယှဉ်ပြီးတော့ ကြည့်တတ်တယ်။

အဲဒီလို နှိုင်းယှဉ်ကြည့်လိုက်လို့ရှိရင် နိဗ္ဗာန်ချမ်းသာမှုကို ကာမဂုဏ်အာရုံတွေကို ရရှိလာတဲ့ ချမ်းသာသုခနဲ့ တန်းတူ ထားပြီးတော့ စဉ်းစားလာလို့ရှိရင် ကာမဂုဏ်အာရုံဆိုတဲ့ ချမ်းသာ သုခက အတွယ်နဲ့ နှစ်သက်တာ၊ အဲဒီတော့ နိဗ္ဗာန်ချမ်းသာကို လည်းပဲ အဲဒီလိုအတွေးနဲ့ တွေးပြီးတော့ ချမ်းသာတယ်လို့ ဒီလို ခံစားရမယ့် ချမ်းသာသဘောမျိုး တွေးမိကောင်း တွေးမိနိုင်တယ် ပေါ့၊ ဒါကတော့ တဏှာလောဘ မကင်းသေးတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီလိုပဲ။

အဲဒီတော့ လူတွေက နိဗ္ဗာန် နိဗ္ဗာန်နဲ့ ပြောတယ်၊ နိဗ္ဗာန်ရဲ့ အရည်အသွေးလေးတွေကို အဘိဓမ္မတသင်္ဂဟကျမ်းက ဘာပြော ထားတုန်းဆို- ဒါက အခြေခံအားဖြင့် နားလည်ထားဖို့ရာ **'နိဗ္ဗာနံ ပန လောကုတ္တရ သင်္ခါတံ'** 'နိဗ္ဗာန်ဆိုတာ လောကရဲ့အထက်မှာ ရှိတယ်'။

အထက်ဆိုတာ လောကနဲ့ ဆက်စပ်ပြီးတော့ မနေဘူး၊ လောကကို လွန်မြောက်သွားတယ်လို့ ဒီလိုပြောတာ၊ လောကထဲ မှာ မရှိဘူး၊ ဒါဖြင့် လောကဆိုတာ ဘာတွေပြောတာလဲဆိုရင် ခန္ဓာတို့ အာယတနတို့ ဓာတ်တို့ ဒီဟာတွေကို လောကလို့

http://www.dhammadownload.com



ခေါ်တာ၊ အဲဒီ လောကတွေနဲ့ ဆက်စပ်မနေဘူး၊ ခန္ဓာဆိုတဲ့ လောကနဲ့ ဆက်စပ်မနေဘူး။

တစ်နည်းအားဖြင့် လောကီတရားတွေရဲ့အထက် လောကီတရားတွေထက် သာလွန်သွားတဲ့အရာ လောကုတ္တရာ၊ လောကကို လွန်မြောက်သွားမှ တစ်နည်းအားဖြင့် ဥပါဒါနက္ခန္ဓာလို့ဆိုတဲ့ လောကကို လွန်မြောက်သွားတယ်၊ အဲဒီ လွန်မြောက်သွားတဲ့ အဆင့်မှာ ရှိတယ်လို့ ပြောတာဆိုတော့ လူတွေ နေ့စဉ်တွေ့ကြုံခံစားနေရတဲ့ ရရှိနေကြရတဲ့ ကိုယ်တွေ့သိရှိနေကြတဲ့ ဟောဒီ ရုပ်နာမ်ဓမ္မ သင်္ခါရတွေက လွတ်ထွက်နေတယ်ဆိုတဲ့ အဓိပ္ပါယ်ကို ပြောတာ။

**"စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ"** နိဗ္ဗာန်ကို သိနိုင်တာ ဘာနဲ့သိနိုင်တုန်းဆိုရင် မဂ်ဉာဏ်လေးပါးနဲ့မှ သိနိုင်တယ်လို့ ဒီလို ပြောတာ၊ ပကတိမျက်စိနဲ့ နိဗ္ဗာန်ကို မြင်လို့မရဘူး၊ သာမန်ဉာဏ်ကလေးနဲ့လည်း နိဗ္ဗာန်ကို မြင်လို့မရဘူး၊ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုတာ ကိုယ်တွေ့သိတာကိုပြောတာ၊ ကိုယ့်ရဲ့ မျက်စိအောက်ဆိုတဲ့သဘောမျိုး မျက်စိဆိုတဲ့အထဲမှာ မျက်မှောက်ပြုတယ်ဆိုတဲ့ အဓိပ္ပါယ်က ကိုယ်တိုင်မြင်တယ်၊ ကိုယ်တိုင် ကြားတယ်၊ ကိုယ်တိုင် အနံ့ရတယ် ဒီလိုဟာမျိုးကို မျက်မှောက်လို့ ခေါ်တယ်၊ ကိုယ်တွေ့သိတာ။

အဲဒီတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တာဟာ ဉာဏ်နဲ့မှ မျက်မှောက်ပြုနိုင်တာ၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဆိုတာနဲ့ သာမန်စိတ်တွေနဲ့ မျက်မှောက်ပြုလို့ မရဘူး၊ မသိနိုင်ဘူး။ နိဗ္ဗာန်ကို လက်လှမ်းမမီဘူးပေါ့၊ နိဗ္ဗာန်ကို မျက်စိနဲ့ကြည့်လို့ မရဘူးလို့

http://www.dhammadownload.com



ဒီလိုပြောတာ၊ ဉာဏ်ဆိုတဲ့ နေရာမှာလည်းပဲ သာမန်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ဘူးတဲ့၊ ဒါ့ကြောင့် '**စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ**' 'မဂ်ဉာဏ်လေးပါးနဲ့မှ မျက်မှောက်ပြုနိုင်တယ်' တဲ့။

'**မဂ္ဂဖလာန မာရမ္မဏာ ဘူတံ**' 'မဂ်စိတ် ဖိုလ်စိတ်တွေရဲ့ အာရုံဖြစ်တယ်'၊ မဂ်စိတ် ဖိုလ်စိတ်တွေဟာ စိတ်မှန်လို့ရှိရင် အာရုံနဲ့ကင်းပြီးမဖြစ်ဘူးဆိုတာ ဘုန်းကြီးတို့ အကြိမ်ကြိမ် ပြောခဲ့ပြီး သားနော်၊ စိတ်ဆိုတဲ့သဘောဟာ အာရုံနဲ့ကင်းပြီးတော့ ဖြစ်တာ မရှိဘူး၊ အဲဒီတော့ မဂ်စိတ် ဖိုလ်စိတ်တွေဟာ ဘာအာရုံနဲ့ဖြစ်တာ တုန်းဆိုတော့ အဲဒီ နိဗ္ဗာန်အာရုံနဲ့ဖြစ်တယ်၊ နိဗ္ဗာန်ဆိုတာ မဂ်စိတ် ဖိုလ်စိတ်တွေရဲ့ အာရုံအနေနဲ့တော့ ရှိနေတယ်ပေါ့၊ နိဗ္ဗာန်ဆိုတဲ့ အာရုံ (object) မရှိဘူးဆိုရင် မဂ်စိတ် ဖိုလ်စိတ် မဖြစ်နိုင်ဘူး။

ဆိုပါစို့- စက္ခုဝိညာဏ်စိတ်ကလေးက ဘယ်အာရုံနဲ့ ဖြစ်တာ တုန်းဆိုရင် ရူပါရုံနဲ့တွေ့မှ ဖြစ်တာ၊ သောတဝိညာဏ်စိတ်လေးက သဒ္ဒါရုံဆိုတဲ့ အသံနဲ့ဆုံမှ ဖြစ်တာ၊ ဃာနဝိညာဏ်စိတ်လေးက အနံ့ဆိုတဲ့ ဂန္ဓာရုံနဲ့ဆုံမှ၊ ဇိဝှာဝိညာဏ်စိတ်က အရသာ ဆိုတဲ့ ရသာရုံနဲ့ ဆုံမှ၊ ကာယဝိညာဏ်စိတ်လေးက ဖောဋ္ဌဗ္ဗာရုံလို့ဆိုတဲ့ အထိအတွေ့အာရုံနဲ့ဆုံမှ၊ မနောဝိညာဏ်ဆိုတဲ့ စိတ်ကလေးဟာ လည်းပဲ ဓမ္မဆိုတဲ့ ကျန်တဲ့အာရုံတွေနဲ့ ဆုံစည်းမှ ဖြစ်တယ်လို့ ဒီလိုပြောတာ၊ အဲဒီ ဓမ္မဆိုတဲ့အထဲမှာ နိဗ္ဗာန်ဆိုတာ ပါတယ်ပေါ့။

မနောဝိညာဏ်စိတ်ကလေးတွေမှာလည်းပဲ မဂ်စိတ် ဖိုလ်စိတ်တွေ ပါတယ်၊ အဲဒီ မဂ်စိတ် ဖိုလ်စိတ်ဆိုတဲ့ ဒီစိတ်တွေဟာ သာမန်နဲ့ ရလာတာမဟုတ်ဘူး၊ ဝိပဿနာကျင့်စဉ် ကျင့်ပြီးတော့မှ ဝိပဿနာစွမ်းအားကြောင့် ပေါ်လာတဲ့စိတ်ဟာ မဂ်စိတ် ဖိုလ်စိတ်

http://www.dhammadownload.com



ပဲ။ ပင်ကိုယ်စိတ်တွေ မဟုတ်ဘူးလို့ ဒီလိုပြောတာ၊ မွေးရာပါ စိတ်တွေ မဟုတ်ဘူး၊ စိတ်ကိုအာရုံနဲ့ လေ့ကျင့်ပြီးတော့ ယူလိုက်တဲ့ အခါကျတော့ စိတ်ဟာ ပိုပြီးတော့ သန့်ရှင်းလာတယ်, ကြည်လင်လာတယ်, ဖြူစင်လာတယ်၊ အဲဒီလို ဖြူစင်လာတဲ့အခါ အသိဉာဏ်တွေကလည်း တောက်ပလာတယ်၊ သဒ္ဓါစွမ်းအား ပညာစွမ်းအား ဝီရိယစွမ်းအား သမာဓိစွမ်းအားတွေ အဲဒီစွမ်းအားတွေ ထက်လာတဲ့စိတ် ဝိပဿနာဉာဏ်နဲ့ တက်လာပြီး နောက်ဆုံးကျတော့မှ မဂ်စိတ် ဖိုလ်စိတ်ဆိုတာ ပေါ်လာတာ။

ဝိပဿနာကျင့်စဉ်နဲ့ ကျင့်မှ အဲဒီ မဂ်စိတ် ဖိုလ်စိတ်ဆိုတာ ပေါ်လာနိုင်တာ၊ ဒီအတိုင်းနဲ့ ပေါ်မလာဘူး၊ အဲဒီတော့ဟာ နိဗ္ဗာန်ကိုမြင်ချင်လို့ရှိရင် မဂ်စိတ် ဖိုလ်စိတ်ပေါ်လာမှပဲ မျက်မှောက်ပြုလို့ရမယ်၊ ဒိပြင်အချိန်မှာကျတော့ မှန်းဆပြီးတော့ ကြည့်ကြရတယ်၊ မှန်းဆကြည့်ပြီးတော့ နိဗ္ဗာန်နဲ့ပတ်သက်ပြီးတော့ အငြင်းပွားနေစရာ ဘာမှမလိုဘူး။

နိဗ္ဗာန်နဲ့ပတ်သက်လာလို့ရှိရင် ကမ္ဘာမှာ နိဗ္ဗာန်အကြောင်း ရေးတာတွေ အများကြီးပဲ၊ အဲဒီ နိဗ္ဗာန်အကြောင်း ရေးတဲ့သူတွေဟာ နိဗ္ဗာန်နဲ့ ပတ်သက်တဲ့ စာအုပ်တွေ ဟောထားတဲ့တရားတွေ ဖတ်ပြီးတော့ ကိုယ့်အတွေးတွေနဲ့ ပေါင်းစပ်ပြီးတော့ ရေးနေကြတာချည်းပဲ၊ ရတဲ့လူက ရေးတာမဟုတ်ဘူး၊ အတွေးနဲ့ လျှောက်ပြီးတော့ ပြောနေတယ်ဆိုတော့ အမှန်တရား ဖြစ်နိုင်ပါဦးမလား၊ (မဖြစ်နိုင်ပါဘူးဘုရား) မဖြစ်နိုင်ဘဲနဲ့ သူပြောတာမှန်တယ်၊ ငါပြောတာမှန်တယ် ဆိုပြီးတော့ နိဗ္ဗာန်နဲ့ ပတ်သက်ပြီး အငြင်းပွားနေစရာ ဘာတစ်ခုမှ မရှိဘူးနော်။

http://www.dhammadownload.com



ကိုယ်ကိုယ်တိုင် မသိသေးလို့ရှိရင်၊ ကိုယ်ကိုယ်တိုင် မျက်မှောက်မပြုသေးလို့ရှိရင် နိဗ္ဗာန်ရဲ့ အရသာဟာ သူပြော ကိုယ်ပြောပဲ ဖြစ်ဦးမှာပဲ၊ သူပြောတာလည်း ပြည့်စုံမှာ မဟုတ်ဘူး၊ ကိုယ်တိုင်တွေ့တဲ့ အခါမှသာလျှင် နိဗ္ဗာန်ရဲ့အရသာ၊ နိဗ္ဗာန်ရဲ့ အကြောင်းကို သိနိုင်မှာဖြစ်တယ်၊ ဒါ့ကြောင့်မို့လို့ နိဗ္ဗာန်နဲ့ ပတ်သက်ပြီး controversy ဆိုတဲ့ အငြင်းပွားမှုဟာ မဖြစ်သင့် ဘူးပေါ့၊ မြန်မာပြည် စာပေဆိုင်ရာမှာ နိဗ္ဗာန်နဲ့ပတ်သက်ပြီး စာပေ ရှုထောင့်ကနေ ငြင်းနေကြတာ၊ သူရေးတဲ့နိဗ္ဗာန်က ဟုတ်တယ်, ငါရေးတဲ့နိဗ္ဗာန်က ဟုတ်တယ်၊ သူဟောတာမှန်တယ်, ငါဟောတာ မှန်တယ်ဆိုပြီး သက်သက် အချိန်ဖြုန်းနေတာမျှသာ ဖြစ်တယ်။

နိဗ္ဗာန်ကို သိချင်လို့ရှိရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် ကြိုးစားဖို့ပဲ ရှိတယ်၊ ဟုတ်တယ် မဟုတ်လား၊ အဲဒီလို ကြိုးစားမှု မပြုဘဲနဲ့ သူ့နိဗ္ဗာန်ကမှန်တယ် ငါ့နိဗ္ဗာန်က မှန်တယ် ဆိုတာ "ဟင်္သာတ တောင်ဘက်က နိဗ္ဗာန်" ပဲ တွေ့မှာပဲနော်၊ အဲဒီနားက နိဗ္ဗာန်တို့, ပဲခူးနားက နိဗ္ဗာန်တို့ ဒါပဲရှိတာ၊ အဲဒီတော့ အတွယ် အတာတွေ လုံးဝလွတ်သွားမှ နိဗ္ဗာန်ဆိုတာတွေ့ရမှာ။

အဲဒီ အတွယ်အတာတွေ လွတ်သွားဖို့ နိဗ္ဗာန်သွားတဲ့ လမ်းကြောင်းကို မြတ်စွာဘုရားက ခင်းပြထားတယ်၊ အဲဒီ လမ်း ကြောင်းကနေ လျှောက်ပြီးတော့သွားကြည့်မှ သူ့နိဗ္ဗာန် ကိုယ့် နိဗ္ဗာန် ဒီလိုပြောမယ်၊ အဲဒီလို မဟုတ်ဘဲနဲ့ **'နိဗ္ဗာနံ ပရမံ သုခံ'** နိဗ္ဗာန်ဆိုတာ ချမ်းသာတဲ့အထဲမှာ အကောင်းဆုံးချမ်းသာ၊ အေး အဲဒီချမ်းသာနိဗ္ဗာန်မှာ မအိုရဘူးတဲ့၊ မနာရဘူးတဲ့၊ မသေရဘူး တဲ့၊ ဟန်ကျလိုက်တာပေါ့၊ အဲဒီမှာ ငါ အမြဲတမ်းနေရမယ်ဆိုတဲ့

http://www.dhammadownload.com



အတွေးတွေနဲ့ တွေးရင်တော့ နိဗ္ဗာန်ဟာ လိုချင်မှု ဘဝတဏှာနဲ့ သွားစပ်ပြီးတော့ ကြိုက်နေတဲ့ တဏှာအာရုံမျှသာ ဖြစ်မှာပဲ။

လူတွေနားထဲမှာ ချမ်းသာ ဆိုလို့ရှိရင် သဘောကျတာ အမှန်ပဲ၊ အတွေးကိုက ချမ်းသာဆိုတာ ကိုယ်ချမ်းသာတယ်- ကြည့်လေ- နိဗ္ဗာန်မှာ ချမ်းသာကိုခံစားတဲ့ ဝေဒနာကိုက ရှိကို ရှိတာမှ မဟုတ်ဘဲ၊ ချမ်းသာကို ခံစားတာ မရှိဘူး၊ အဲဒီတော့ နိဗ္ဗာန်နဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရား ဟောထားတဲ့ တရားတော်တွေရှိတယ်၊ ဥဒါန်းပါဠိတော်မှာရှိတယ်၊ ဣတိဝုတ် ပါဠိတော်မှာ ရှိတယ်။

အဲဒီကနေ ထုတ်နုတ်ပြီးတော့ မဟာစည်ဆရာတော်ကြီး ဟောထားတဲ့ **"နိဗ္ဗာနပဋိသံယုတ္တကထာ"** ဆိုတာလည်း ရှိတယ်၊ လယ်တီဆရာတော်ကြီးရေးထားတဲ့ "နိဗ္ဗာန်အကြောင်း" လည်း ရှိတယ်၊ ရှေးရှေးဆရာတော်ကြီးတွေရေးတဲ့ "နိဗ္ဗာန်အကြောင်း" လည်း ရှိတယ်၊ ထိုဆရာတော်ကြီးတွေက စာပေအခြေခံပြီးတော့ အဲဒီမျက်မှောက်ပြုသွားတဲ့ ဆရာတော်တွေလည်း ရှိကောင်းရှိမယ်၊ များသောအားဖြင့် စာပေရေးရာကနေ တွေးပြီးတော့ ရေးတာက ပိုများလောက်စရာရှိတယ်၊ အဲဒီထဲမှာ ကိုယ့်အတွေးနဲ့ ကိုယ့်အရေးနဲ့ ဒီလိုရေးနေတဲ့အထဲမှာ သွားပြီးတော့ ဘယ်သူ့နိဗ္ဗာန်က မှန်တယ်၊ ဘယ်ဝါ့နိဗ္ဗာန်က မှားတယ်လို့ ပြောနေလို့ရှိရင်တော့ အချိန်ဖြုန်းရာပဲ ရောက်မှာပဲ။

အဲဒီတော့ တစ်ခုမှတ်ဖို့ရာကတော့ **"နိဗ္ဗာန"** ဆိုတဲ့ စကားလုံး ကိုကြည့်ပြီးတော့ နိဗ္ဗာန်ရဲ့ အနှစ်သာရပိုင်းကို သိရမယ်။ "နိဗ္ဗာန် ဆိုတာ လောကုတ္တရာတရား ဖြစ်တယ်၊" လောကုတ္တရာတရား

http://www.dhammadownload.com



ဖြစ်တယ်ဆိုတာ လောကနဲ့မဆက်စပ်ဘူးဆိုတဲ့ အဓိပ္ပါယ်မျိုး တစ်ခု မှတ်ရမယ်။

နောက်တစ်ခုက "နိဗ္ဗာန်ကို မင်္ဂဉာဏ် လေးပါးနဲ့မှ မျက်မှောက်ပြုလို့ရတယ်"၊ နိဗ္ဗာန်ဟာ မဂ်စိတ် ဖိုလ်စိတ်တို့ရဲ့ အာရုံဖြစ်တယ်၊ **'မဂ္ဂဖလာန မာရမ္မဏာ ဘူတံ'** အဲဒီလို မဂ်စိတ် ဖိုလ်စိတ်တွေရဲ့ အာရုံဖြစ်ပြီးတော့ ဘာ့ကြောင့် နိဗ္ဗာန်ခေါ်တုန်း၊ **'ဝါန သင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ'**၊ တစ်ဘဝနဲ့ တစ်ဘဝကို ဆက်စပ်ပြီးပေးတတ်တဲ့ တဏှာကို **ဝါန** လို့ ခေါ်တယ်။ တစ်ဘဝနဲ့ တစ်ဘဝ ဆက်စပ်ပေးတဲ့ **ဝါန** ဆိုတဲ့ တဏှာကနေ လွတ်သွားတာကို နိဗ္ဗာန်လို့ ခေါ်တယ်လို့ ဒါလေးကိုတော့ အကြမ်းဖျင်း မှတ်ထားရမှာပေါ့။

အကြမ်းဖျင်းမှတ်ထားပြီးတော့ ကဲ ဒါဖြင့် "နိဗ္ဗာန်ဟာ ဘယ်မှာရှိသလဲ?" ဘယ်မှာရှိမှန်းလဲ မသိဘူး၊ ဟသ်ာတ တောင်ဘက်ကရွာ သွားပြချင် ပြနေမယ်၊ အဲဒီတော့ နိဗ္ဗာန် ဘယ်မှာရှိသလဲဆိုတဲ့ မေးခွန်းရဲ့ အဖြေကို မြတ်စွာဘုရား ဟောထားတဲ့ သုတ္တန်တစ်ခုအရ ဖြေမယ်ဆိုလို့ရှိရင် "နိဗ္ဗာန်ဆိုတာ ကိုယ့်သန္တာန်မှာပဲ ရှိတယ်" လို့ ပြောရမယ်၊ ကိုယ်နဲ့စပ်နေတယ်လို့ ပြောရမယ်၊ ဘယ်သုတ္တန်တုန်းဆိုရင် **ရောဟိတဿသုတ္တန်၊** မြတ်စွာဘုရားက **'ဗျာမမတ္တေ ကဠေဝရေ'** (တစ်လံ လောက်ရှိတဲ့ ခန္ဓာကိုယ်၊ ကိုယ့်တစ်လံတဲ့၊ လူပုလေးကလည်း သူ့တစ်လံနဲ့သူ တစ်လံပဲရှိတာပဲ၊ လူထွားကြီးကလည်း သူ့ တစ်လံ နဲ့သူ တစ်လံပဲ ရှိတာပဲ၊ ဟုတ်ကဲ့လား၊ အဲဒါလည်း သွားမငြင်းနဲ့ဦး၊ မင်းက တစ်လံမရှိဘူး, ပုပုလေးပဲ ဆိုပြီးတော့၊ ကြွက်ကလည်း

http://www.dhammadownload.com



ကြွက်အတောင်နဲ့ပဲ၊ ဆင်ကလည်း ဆင်အတောင်နဲ့ပဲ။ တစ်ခါ ကြွက်က ခြံဖုတ်ထဲ တိုးလိုက်တော့ သူ့ကျောကုန်း ပြဲသွားတာ- အဲဒါ သူကပြောတယ်၊ တစ်ထွာလောက် ပြဲသွားတယ်ဆိုတော့ မင်းအကောင်ကမှ တစ်ထွာမရှိတာ ဘယ်လိုလုပ် တစ်ထွာပြဲမလဲ ဆိုတော့ သူ့လက်နဲ့သူ ထွာရင်တော့ တစ်ထွာတဲ့၊ အဲဒီတော့ သူ့ဟာနဲ့သူ ပြောရမှာပေါ့။ အဲဒီတော့ ကိုယ့်အတိုင်းအတာနဲ့ ကိုယ်။)

လူတွေရဲ့ခန္ဓာကိုယ်ဟာ တစ်လံလောက်ရှိတယ်၊ **'ဗျာမတ္တေ ကဠေဝရေ'** ဟောဒီခန္ဓာကိုယ်ထဲမှာ သညာမှို သညာရှိ၊ သမနကေ စိတ်ရှိတဲ့ ခန္ဓာကိုယ်ထဲမှာတဲ့ **'လောကဉ္စ ပညာပေမိ'**'လောကလို့လည်းသတ်မှတ်တယ်၊' **'လောကသမုဒယဉ္စ'** 'လောကဖြစ်ကြောင်းတရား' ရှိတယ်လို့လည်း ပြောတယ်၊ **'လောကနိရောဓဉ္စ'** 'လောက ချုပ်ငြိမ်းရာတရား' ရှိတယ်လို့ ပြောတယ်၊ **'လောကနိရောဓ ဂါမိနိ ပဋိပဒါစ'** 'လောကချုပ်ရာသို့ ရောက်ရာဖြစ်တဲ့ အကျင့်ရှိတယ်' ဆိုတာကိုလည်းပြောတယ်။

ဟောဒီ ခန္ဓာကိုယ်ထဲမှာ သစ္စာလေးပါးရှိတယ်လို့ ပြောတာပဲ၊ စပ်ပြီးတော့ ပြောတဲ့စကား၊ တခြား အပြင်မှာ သွားရှာရမှာ မဟုတ်ဘူး၊ မြန်မာစကားလည်းရှိတာပဲ၊ 'တရားရှာ ကိုယ်မှာတွေ့' တဲ့၊ ဒီတရားတွေဟာ ကိုယ့်သန္တာန်မှာ ဖြစ်နိုင်တဲ့ တရားတွေပေါ့။

သို့သော် နိဗ္ဗာန်ဆိုတာ အဖြစ်တရားမဟုတ်ဘူး ဆိုတာတော့ သိရမယ်၊ အဖြစ်ရှိရင် အချုပ်ရှိသွားမှာပဲ၊ အဲဒါကြောင့်မို့ နိဗ္ဗာန်ဟာ ဘယ်မှာရှိတုန်းဆို ကိုယ်မှာပဲရှိတယ်လို့ အဲဒီသုတ္တန်အရ ပြောမယ် ဆိုရင် ပြောလို့ရတယ်၊ အေး တချို့ အဋ္ဌကထာတွေမှာ ပြောတယ်

http://www.dhammadownload.com



**'နိဗ္ဗာနံပိ ခန္ဓပဋိဗဒ္ဓမေဝ'** တဲ့၊ ခန္ဓာနဲ့စပ်ပြီးတော့မှ နိဗ္ဗာန်ကိုပြောလို့ ရတယ်လို့ ပြောတာ၊ ဟောဒီ လူ့ခန္ဓာတွေထဲမှာ။

နိဗ္ဗာန်ဆိုတာ ကိုယ့်ခန္ဓာထဲမှာ ရှိတယ်လို့ဆိုရင် အဲဒါကို ရှင်းကြရအောင်၊ ဘယ်လိုရှင်းကြမတုန်း ဒီစကားကို။ ကြည့်-တခြားပုဂ္ဂိုလ်တွေ အသာထား၊ မြတ်စွာဘုရားဘဝနဲ့ ပြောကြည့်ရအောင်၊ ဘုရားအလောင်းတော်က ၂၉-နှစ်မှာ တောထွက်တယ်၊ ၃၅-နှစ်မှာ ဗုဒ္ဓဂယာဗောဓိပင်အောက်မှာ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရပြီးတော့ ဘုရားဖြစ်သွားတယ်၊ အဲဒီတော့ အဲဒီအချိန်မှာ မြတ်စွာဘုရားက အရဟတ္တမဂ်ဉာဏ် ရသွားတယ်ဆိုတော့ မြတ်စွာဘုရားဟာ အဲဒီအချိန်မှာ အရဟတ္တမဂ်ဉာဏ်ရဲ့အာရုံဖြစ်တဲ့ နိဗ္ဗာန်ကိုလည်းရတယ်လို့ ပြောရတယ်။

မြတ်စွာဘုရား အဲဒီအချိန်မှာရတဲ့ နိဗ္ဗာန်ကို ဘာနိဗ္ဗာန် လို့ခေါ်တုန်းဆိုရင် **'ကိလေသနိဗ္ဗာန'**– ကိလေသာတွေ ငြိမ်းသွားတာ၊ ဘဝသံသရာကပါလာတဲ့ ဝါသနာနှင့်တကွသော ကိလေသာတွေကို အရဟတ္တမဂ်နဲ့ အကြွင်းမဲ့အထိအောင် ပယ်လိုက်သည့် အတွက်ကြောင့် ကိလေသာတွေငြိမ်းသွားတာ၊ အဲဒီ **"ကိလေသ-နိရောဓ နိဗ္ဗာန်"** မြတ်စွာဘုရားသန္တာန်မှာဖြစ်တာ၊ ဗောဓိပင်ကြီးမှာ ဖြစ်တာ မဟုတ်ဘူး၊ ပတ်ဝန်းကျင်မှာဖြစ်တာ မဟုတ်ဘူး၊ ဘယ်မှာဖြစ်တာတုန်း၊ မြတ်စွာဘုရား သန္တာန်မှာ၊ ငြိမ်းတယ်ဆိုတာ ဘယ်မှာငြိမ်းတာလဲ၊ မငြိမ်းခင်က ကိလေသာတွေဖြစ်တယ်ဆိုတာ ကော ဘယ်သူ့သန္တာန်မှာ ဖြစ်တာလဲ၊ ဟော မြတ်စွာဘုရား သန္တာန်မှာဖြစ်တာ၊ ငြိမ်းသွားတယ် ဆိုတာလည်း အဲဒီမှာပဲ

http://www.dhammadownload.com



ငြိမ်းတယ်၊ ဒီလိုပြောရတယ်ပေါ့၊ ကိုယ့်ခန္ဓာကိုယ်မှာပဲ ငြိမ်းတာ၊ အဲဒါကိုပဲ '**ကိလေသပရိနိဗ္ဗာန**' လို့ စာပေကပြောတာ။

မြတ်စွာဘုရားမှာ ကိလေသာတွေ ငြိမ်းသွားတယ်၊ ကိလေသာတွေ ငြိမ်းသွားပေမယ့် ကိလေသာတွေနဲ့ ကံတွေနဲ့ ပူးပေါင်းပြီး ထုတ်လုပ်လိုက်တဲ့ ဥပါဒါနက္ခန္ဓာဆိုတဲ့ အကျိုးဆက်ကြီးကတော့ ကျန်နေသေးတယ်လေ၊ အဲဒါကြောင့် မြတ်စွာဘုရား ဟောဓိပင်မှာရတဲ့ နိဗ္ဗာန်ကို '**သဉပါဒိသေသနိဗ္ဗာန်**' လို့ ခေါ်တယ်တဲ့။

"**သဉပါဒိသေသ**"– '**ဉပါဒိ**' ဆိုတာ ကံတို့ ကိလေသာတို့ကနေ ထုတ်လုပ်ထားတဲ့ အကျိုးတရား၊ '**သေသ**' ဆိုတာ ကျန်နေတာ၊ မြတ်စွာဘုရားရဲ့ခန္ဓာကို စဉ်းစားကြည့်လိုက်၊ အတွယ်အတာစတဲ့ ကိလေသာတွေသာ ငြိမ်းသွားတာ၊ ထို ကိလေသာတွေနဲ့ ကံတွေက ထုတ်လုပ်ပေးတဲ့ ဝိပါက်တွေ ကမ္မဇရုပ်တွေ ဒါတွေ ကျန်မနေဘူးလား၊ ကျန်နေတယ်၊ ငြိမ်းသွားတာက ကိလေသာပဲ ငြိမ်းသွားတယ်။

ကြည့် - ရဟန္တာဖြစ်သွားပြီ ဆိုလို့ရှိရင် အရဟတ္တမဂ် အရဟတ္တဖိုလ် ရသွားလို့ ရဟန္တာဖြစ်သွားတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ရာဂ ကုန်သွားတယ်၊ ဒေါသ ကုန်သွားတယ်၊ မောဟ ကုန်သွားတယ်၊ ကိလေသာတွေကုန်သွားတယ်၊ သို့သော် ကံရဲ့အကျိုးဆက်ဖြစ်တဲ့ ရုပ်ခန္ဓာကိုယ်ကြီးနှင့် ဝိပါက်တွေ ရှိသေးတယ်၊ စိတ်တွေလည်း ရှိနေသေးတယ်၊ အာရုံ ၅-ပါးကို ခံစားဖို့ဆိုတဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တွေရော မရှိဘူးလား၊ ရှိတယ်။

မျက်စိကလည်း ရှိနေသည့် အတွက်ကြောင့် ကောင်းတာလည်း မြင်တာပဲ၊ ဆိုးတာလည်း မြင်တာပဲ၊ နား ရှိနေသေးသည့်

http://www.dhammadownload.com



အတွက်ကြောင့် ကောင်းတဲ့အသံလည်း ကြားတာပဲ၊ မကောင်းတဲ့ အသံလည်း ကြားတာပဲ၊ နှာခေါင်းရှိနေသေးသည့်အတွက်ကြောင့် ကောင်းတဲ့ မကောင်းတဲ့အနံ့ နံတာပဲ၊ လျှာ ရှိနေသေးသည့် အတွက်ကြောင့် ကောင်းတဲ့ အရသာ၊ မကောင်းတဲ့ အရသာ သိနေသေးတာပဲ။ ခန္ဓာကိုယ်ကြီးရှိနေသေးသည့် အတွက်ကြောင့် အထိအတွေ့တွေကိုလည်း သိနေသေးတာပဲ။

မြတ်စွာဘုရားသန္တာန်မှာ ဝိပါက်စိတ်တွေတို့ ကြိယာစိတ်တွေတို့ ဒါတွေ ရှိနေသေးသည့်အတွက်ကြောင့် သိစရာအာရုံတွေကိုလည်း သိနေသေးတာပဲ၊ စက္ခုဝိညာဏ်စိတ်တွေ ဖြစ်တယ်၊ သောတဝိညာဏ်စိတ်တွေ ဖြစ်တယ်၊ ဃာနဝိညာဏ်စိတ်တွေ ဖြစ်တယ်၊ အေး အဲဒီလို ခံစားမှုတွေကလည်း ရှိနေသေးတာပဲ၊ မြတ်စွာဘုရားတို့ ရဟန္တာတို့ဆိုတာ သစ်တုံးကြီးလို ဖြစ်သွားတာ မဟုတ်ဘူးနော်၊ ကောင်းရင် ကောင်းတယ်လို့သိတယ်၊ မကောင်းရင် မကောင်းဘူးလို့ သိတယ်၊ မသိလောက်အောင် ဖြစ်သွားတာ မဟုတ်ဘူး။

**သက္ကပဉှာသုတ်** မှာ မြတ်စွာဘုရားက ဣန္ဒသာလ ဆိုတဲ့ လိုဏ်ဂူထဲမှာ သီတင်းသုံးနေတယ်၊ အဲဒီလို သီတင်းသုံးနေတဲ့ အခါ ပဉ္စသိခ်နတ်သား စောင်းလေးပိုက်ပြီးတော့ ရောက်လာတယ်၊ ဘုရားရဲ့အနီးအပါး ခပ်လှမ်းလှမ်းက ဘုရားကြားလောက်တဲ့နေရာမှာ သူက သီချင်းဆိုပြီး စောင်းတီးတယ်၊ သူဆိုတဲ့ သီချင်းက ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်နဲ့ ပတ်သက်တဲ့ သီချင်းလည်း ပါတယ်၊ ကာမအာရုံတွေနဲ့ ပတ်သက်တဲ့ သီချင်းတွေလည်း ပါတယ်ပေါ့၊ ခုခေတ်လိုပြောရင် အချစ်သီချင်းလည်း

http://www.dhammadownload.com



ပါတယ်ပေါ့၊ အဲဒါတွေကို သီဆိုပြီး စောင်းတီးတာ၊ စောင်းတီးလို့ ပြီးတဲ့အခါ မြတ်စွာဘုရားက ဘာပြောတုန်းဆို "ပဥ္စသိခ်- မင်း သီချင်းသံနဲ့ စောင်းသံက လိုက်ဖက်ပါပေတယ်"၊ ဒါ သိလို့ပေါ့၊ ခံစားတတ်လို့ပေါ့၊ ခံစားနားလည်တယ်၊ သို့သော် မြတ်စွာဘုရားက "ဟော့၊ တီးစမ်းပါဦးကွာ MP3 လေးနဲ့ သွင်းထားပြီးတော့ ခဏခဏ နားထောင်မယ်" ဆိုတဲ့စိတ်ရှိရဲ့လား၊ မရှိဘူး။

အဲဒီတော့ တွယ်တာမှုတော့ မရှိဘူး၊ ကောင်းတာကိုတော့ ကောင်းတယ်လို့တော့ သိလိုက်တယ်၊ ဟုတ်ကဲ့လား၊ ဒါကြောင့် မို့လို့ တချို့စာအုပ်တွေ ရေးတယ်၊ မြတ်စွာဘုရားက အလှအပကို အသိအမှတ်ပြုတယ်တဲ့၊ Buddhism and beauty ဆိုတဲ့ စာအုပ် လေးတွေ essay လေးတွေ ရေးထားတာရှိတယ်၊ Buddhism and beauty တဲ့၊ မြတ်စွာဘုရားက အနိစ္စ ဒုက္ခ အနတ္တ အသုဘတွေ ဟောတယ်ဆိုတော့ အလှအပကို အသိအမှတ်မပြုဘူးလို့ တချို့က ယူဆတယ်၊ ဗုဒ္ဓဘာသာဟာ အမြဲတမ်း အဆိုးဘက်ကပဲ ကြည့် တယ်လို့ တချို့ပုဂ္ဂိုလ်တွေက အမြင်စောင်းတယ်၊ မဟုတ်ဘူး၊ လှရင် လှတယ်ပဲ၊ မလှရင် မလှဘူးပဲ၊ ဒီလိုအမှန်အတိုင်း မြင်တာ ကို ပြောတာနော်၊ တမင်ရှုတ်ချတာမှ မဟုတ်ဘဲ၊ လူ့ရဲ့ ခန္ဓာ ကိုယ်မှာ မမြဲတာကို မမြဲဘူးလို့ပြောတာ၊ မတင့်တယ်တာကို မတင့်တယ်ဘူးလို့ ပြောတာ။

တကယ် စဉ်းစားကြည့်ရင် လူ့ခန္ဓာကိုယ် သဘာဝက တင့်တယ်တာ ဟုတ်မှမဟုတ်ဘဲနဲ့၊ မိတ်ကပ်လိမ်းပြီးတော့ နံ့သာ တွေ ခြယ်ထားလို့ မွှေးတဲ့အနံ့ထွက်တာပဲ ဥစ္စာ၊ ခန္ဓာကိုယ်က ပကတိအနံ့က မွှေးတာမှ မဟုတ်ဘဲ၊ အရှိကို ပကတိကို ဝိကတိနဲ့

http://www.dhammadownload.com



ဖုံးထားတာလေ၊ ဟုတ်တယ်မဟုတ်လား၊ လူတွေ နေ့စဉ်ဖုံးနေတာ၊ နို့မို့ဆို သနပ်ခါးတွေ ဘယ်ရောင်းရမလဲ၊ အဲဒီတော့ လူတွေက ကိုယ့်အနံ့ကို အပေါ်ယံတွေနဲ့ ဖုံးပြီးတော့ ထားနေကြတာ၊ အဆင်တန်ဆာနဲ့ မလှလှအောင် ဖုံးပြီးတော့ထားတာ။

မြတ်စွာဘုရားက ပကတိ အနေအထားကို ပြောတာ၊ မြတ်စွာဘုရားက လှတာကို လှတယ်လို့ အသိအမှတ်ပြုတယ်၊ appreciate လုပ်တယ် ခေါ်တာပေါ့၊ ဗုဒ္ဓဘာသာက appreciate လုပ်တယ်။

ကြည့်- ဘုရားဖြစ်သွားတဲ့အခါမှာ ကောင်းရင် ကောင်းတဲ့ အရသာမှန်းသိတယ်၊ ခံစားတယ်၊ မကောင်းတာဆိုရင် မကောင်းတဲ့ အရသာမှန်းသိတယ်၊ သို့သော် မြတ်စွာဘုရားမှာ တွယ်တာမှုဆိုတဲ့တဏှာ မပါဘူး၊ မုန်းတီးမှုဆိုတဲ့ ဒေါသလည်း မလာတော့ဘူး၊ ဘာဖြစ်လို့မလာတော့တုန်းဆိုရင် အပြင်ဖက်က အာရုံတွေရဲ့ အနေအထားကို ပိုင်ပိုင်နိုင်နိုင် နားလည်သွားပြီဖြစ်လို့ပဲ။ လူတွေက နားမလည်ဘူးဆိုတာ ဘာလို့လဲဆိုရင် လှည့်စားတာကို ခံနေရလို့လေ၊ မိတ်ကပ်ခြယ်ပြီးတော့ လှည့်စားထားတယ်၊ ကာလာအမျိုးမျိုးနဲ့ လှည့်စားထားတယ်၊ အတုအယောင် အနံ့တွေနဲ့ လှည့်စားထားတယ်၊ အဲဒါကို အဟုတ်ထင်နေတယ်၊ သဘာဝ အစစ်အမှန်ဆိုတာကို **"ပရိညာတ"** ပိုင်းခြားပြီးတော့ သိပြီးသားဖြစ်ပြီ၊ အပြင်က သဘာဝတွေကို အကုန်နားလည်ထားပြီ၊ အပြင်က နားလည်ထားရုံတင်မကဘူး၊ အတွင်း အဇ္ဈတ္တကလည်း ရှင်းနေပြီတဲ့။

http://www.dhammadownload.com



တွယ်တာတဲ့ လောဘဆိုတာလည်း မရှိဘူး၊ မုန်းတီးတဲ့ ဒေါသလည်း မရှိဘူး၊ ကျန်တဲ့ ကိလေသာတွေလည်း မရှိဘူး၊ အတွင်းကလည်း ရှင်း၊ အပြင်ကလည်း ရှိုးရှင်းနေသည့် အတွက်ကြောင့် ကောင်းရင် ကောင်းတယ်လို့ မြင်တယ်၊ မကောင်းရင် မကောင်းဘူးလို့ မြင်တယ်၊ ခံစားနားလည်မှုကတော့ ရှိတယ်တဲ့၊ သို့သော် မြတ်စွာဘုရားရဲ့ ခံစားချက်သည် လောဘ မပါဘူး၊ ဒေါသ မပါဘူး၊ ကိလေသာမပါတဲ့ ခံစားချက်တဲ့၊ ဘယ်လောက်ငြိမ်းချမ်းမတုန်း စဉ်းစားကြည့်လိုက်။

လောဘတွေ ပါလာလို့ရှိရင် ပူလောင်တယ်၊ ဒေါသတွေ ပါလာလို့ရှိရင် ပူလောင်တယ်၊ အဲဒါတွေ မပါဘဲနဲ့ အရှိကို အရှိအတိုင်း သိတဲ့ ခံစားချက်နဲ့ ခံစားတာ၊ မြတ်စွာဘုရားသန္တာန်မှာ ဗောဓိပင်အောက် အသိဉာဏ်ပေါက်လိုက်တဲ့အချိန်မှာ ရာဂတွေ ကုန်သွားတယ်၊ ဒေါသတွေ ကုန်သွားတယ်၊ မောဟတွေ ကုန်သွားတယ်၊ အဲဒီ ရာဂ ဒေါသ မောဟတွေ ကုန်သွားနိုင်တာ နိဗ္ဗာန်ကို အာရုံပြု ဆိုက်ရောက်သွားတဲ့အချိန်မှာ ကုန်သွားတာဖြစ်လို့ နိဗ္ဗာန်ကို အာရုံပြုလို့ ကုန်တယ်လို့ပြောတာ။

အဲဒီ ကုန်သွားတဲ့အချိန်မှာ ဒါကို အာရုံပြုပြီး ကုန်သွားလို့ မြတ်စွာဘုရားက မျက်မှောက်ပြုတာ **ကိလေသနိရောဓ** ကိလေသာချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်လို့ပြောတာ၊ အဲဒီလိုမျက်မှောက်ပြုတဲ့ နိဗ္ဗာန်ကိုပဲ **‘သဉပါဒိသေသနိဗ္ဗာန်’** တဲ့၊ **‘ဉပါဒိ’** လို့ဆိုတဲ့ ကံ ကိလေသာတွေက ထုတ်လုပ်ထားတဲ့ အကျိုးတရားတွေက, **‘သေသ’** ကျန်နေသေးတယ်၊ အဲဒီကျန်နေသေးတဲ့ အချိန်မှာ ပြောရတဲ့ နိဗ္ဗာန်မျိုးကို **သဉပါဒိသေသနိဗ္ဗာန်** လို့ခေါ်တာ။

http://www.dhammadownload.com



အကြမ်းဖျင်းဆိုလို့ရှိရင် ခန္ဓာကိုယ်ကြီး ရှိနေတဲ့ အချိန်မှာ ကိလေသာတွေ ကုန်သွားလို့ ပထမရတဲ့နိဗ္ဗာန်ဟာ "သဉပါဒိသေသနိဗ္ဗာန်" ပဲတဲ့၊ ခန္ဓာတွေကတော့ ရှိနေတုန်းပဲ၊ ကိလေသာဖြစ်တဲ့ နေရာတွေကတော့ ကျန်နေတုန်းပဲ၊ သို့သော် ကိလေသာက မရှိတော့ဘူး- သဉပါဒိသေသနိဗ္ဗာန်၊ အဲဒီကုန်သွားတဲ့ ကိလေသာသည် ဘုရားခန္ဓာမှာကုန်တာ ဖြစ်သောကြောင့် နိဗ္ဗာန်ကလည်း ကိုယ့်အတွင်းမှာ ရှိတယ်လို့ ပြောတာနော်၊ သို့သော် နိဗ္ဗာန်က ဗိုက်ထဲမှာ ရှိနေတယ်လို့လည်း သွားယူမနေနဲ့ဦး၊ တော်ကြာကျတော့ နိဗ္ဗာန်ကို ဗိုက်ထဲမှာ လိုက်ပြီးရှာနေဦးမယ်၊ အဲဒါ သဉပါဒိသေသ နိဗ္ဗာန်။

နောက်တစ်ခုကတော့ မြတ်စွာဘုရား ၄၅-ဝါ ကြာပြီးတဲ့နောက် သက်တော်-၈၀ ရောက်တဲ့အခါ ခုနက ကြွင်းကျန်နေတဲ့ ကံ ကိလေသာတွေက ထုတ်လုပ်ထားတဲ့ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ဆိုတဲ့ ရုပ်နာမ်ခန္ဓာကြီးက အဲဒီအချိန်မှာ ချုပ်ငြိမ်းသွားပြီ၊ နောက်ထပ် အကြောင်းတွေကလည်း ပြတ်သွားသည့်အတွက်ကြောင့် နောက်ထပ် ပဋိသန္ဓေနဲ့ ဆက်လာတာ မရှိတော့ဘူး၊ ကံတရားရဲ့ အကြွင်းအကျန်ဖြစ်တဲ့ ဝိပါက်စိတ်တွေလည်း ချုပ်သွားတယ်၊ ကမ္မဇရုပ်တွေ အားလုံးချုပ်သွားတယ်၊ နောက်ဆုံး မြတ်စွာဘုရားမှာ ကျန်ရစ်တာ ဘာကျန်တုန်းဆို ဥတုဇရုပ်ပဲ ကျန်တော့တယ်။ အဲဒီလို ကံနဲ့ ပတ်သက်တဲ့ ဝိပါက်နာမက္ခန္ဓာတွေ ကမ္မဇရုပ်တွေ ချုပ်သွားတဲ့အချိန်မှာ မြတ်စွာဘုရား မျက်မှောက်ပြုသွားတဲ့ နိဗ္ဗာန်ကိုတော့ **'အနုပါဒိသေသနိဗ္ဗာန်'** လို့ ပြောတယ်။

http://www.dhammadownload.com



သဉပါဒိသေသနိဗ္ဗာန်ဆိုတာ မျက်မှောက်ဘဝမှာ သိရတာ၊ ဘဝကို ဆောင်ကြဉ်းတတ်တဲ့တဏှာ ပြတ်သွားတာကို ဆိုလိုတယ်တဲ့၊ အနုပါဒိသေသနိဗ္ဗာန် ဆိုတာ **'သမ္ပရာယိက'** 'သေသည်၏ အခြားမဲ့' လို့ ဒီလိုပြောရမှာပေါ့၊ ဒါ့ကြောင့်မို့ **'သမ္ပရာယိက'** လို့ ဣတိဝုတ်ပါဠိတော်မှာ သုံးထားတာ၊ **'ဣတရာပန သမ္ပရာယိကာ'**၊ အနုပါဒိသေသနိဗ္ဗာန်က သမ္ပရာယိက၊ ဝိပါက်နာမက္ခန္ဓာတွေ အကုန်ချုပ်သွားတဲ့အခါ ကဋတ္တာရုပ်တွေ ကမ္မဇရုပ်တွေ ချုပ်သွားတဲ့အခါမှာရတဲ့ နိဗ္ဗာန်၊ အဲဒါကျတော့ ဘဝပါ ချုပ်သွားပြီလို့ ဆိုတယ်၊ ဘဝလို့ ခေါ်တာကိုက ဒီ ကံတွေရဲ့ အကျိုးဆက်တွေ ကံတွေနဲ့ အကုန်ပေါင်းပြီးတော့ ဘဝလို့ ခေါ်ထားတာလေ၊ ကမ္မဘဝ၊ ဥပပတ္တိဘဝ၊ ဘဝလို့ ခေါ်ထားတာကိုး၊ အဲဒီတော့ အဲဒါတွေ ချုပ်ငြိမ်းသွားတာ နိဗ္ဗာန်ပဲ၊ သဉပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန် လို့ နိဗ္ဗာန်နှစ်ခုရှိတယ်၊ ရှုထောင့်အားဖြင့် ပြောတာ နိဗ္ဗာန်ကို နှစ်ခုရှိတယ်။

## မျက်မှောက်ပြုခြင်း

ကဲ ဒါဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုပုံပြုနည်းက ဘယ်လိုလဲ၊ နိဗ္ဗာန်ကို ဘယ်လိုမျက်မှောက်ပြုသလဲ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုချင်လို့ရှိရင် ဘာလုပ်ရမလဲဆိုတော့ သမထကျင့်စဉ်ကျင့်ပြီး ဝိပဿနာကူးတဲ့ ပုဂ္ဂိုလ်က တစ်လိုင်း၊ သမထကျင့်စဉ်ပြီးရင် ဝိပဿနာကို သွားရမယ်၊ ဝိပဿနာကို တိုက်ရိုက်ကျင့်တဲ့ပုဂ္ဂိုလ်က တစ်လိုင်း၊ သမထက စ,ချင်စ၊ သို့မဟုတ် ဝိပဿနာကို တိုက်ရိုက် စ,ချင်စ၊ နည်းနှစ်သွယ် ရှိတယ်ပေါ့။

http://www.dhammadownload.com



သမထကျင့်စဉ်ကိုကျင့်၊ ကျင့်ပြီးရင် ထိုသမထကျင့်စဉ်ရဲ့ အရှိန်အဝါတွေကို ယူပြီးတော့ ထို သမထကျင့်စဉ်က ရလာတဲ့ သမထကျင့်စဉ်ထဲမှာဖြစ်တဲ့ ဈာန်တရားထဲမှာပါတဲ့ တရားတွေကိုရှု၊ အနိစ္စ ဒုက္ခ အနတ္တရှု အဲဒါ ဝိပဿနာပဲ၊ ရှုပြီးတဲ့အခါ ကျတော့ ခုနက အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ သင်္ခါရအာရုံတွေ ချုပ်ဆုံးသွားတဲ့၊ သင်္ခါရတွေကင်းသွားတဲ့ ဝိသင်္ခါရ ဆိုတဲ့ နိဗ္ဗာန်ကို အာရုံပြုတယ်၊ နိဗ္ဗာန်ကို အာရုံပြုတဲ့အခါ ဆိုင်ရာဆိုင်ရာ ကိလေသာတွေကို မဂ်က ပယ်ပြီးသား ဖြစ်သွားတယ်၊ အဲဒီလမ်းနဲ့ သွား၊ နိဗ္ဗာန်ကို မျက်မှောက်ပြုချင်လို့ရှိရင် ဒီကျင့်စဉ်နဲ့ပဲ သွားရမယ်။

ကဲ ဆိုပါစို့- ပုဂ္ဂိုလ်တစ်ယောက်ဟာ သမထကျင့်စဉ်ကနေ သွားကြည့်မယ်၊ ဘယ်လိုသွားမတုန်းဆိုတော့ ဈာန်ရအောင် (တစ်နေ့ကပြောခဲ့သလို) စိတ်ကို အာရုံတစ်ခုနဲ့ လေ့ကျင့်မယ်၊ ဗုဒ္ဓါနုဿတိနဲ့ လေ့ကျင့်မလား၊ ထွက်လေဝင်လေနဲ့ လေ့ကျင့်မလား၊ ဘာနဲ့ပဲ လေ့ကျင့်လေ့ကျင့်၊ ကမ္မဋ္ဌာန်းအာရုံတစ်ခုခုနဲ့ စိတ်ကိုလေ့ကျင့်လိုက်၊ လေ့ကျင့်လိုက်လို့ရှိရင် ထို အာရုံပေါ်မှာ စိတ်ဟာတည်ငြိမ်သွားမယ်၊ သမာဓိတွေ ရသွားမယ်ပေါ့၊ အဲဒီလို သမာဓိ အရှိန်အဝါကောင်းသွားလို့ ဥပစာရသမာဓိ ဈာန်နားကပ်သွားတဲ့ အချိန်မှာဖြစ်စေ၊ သို့မဟုတ် ဈာန်ရသွားပြီးတဲ့ နောက်မှာဖြစ်စေ၊ ထိုဈာန်ကနေ ထပြီးတဲ့အခါ ထိုဈာန်ထဲမှာ ပါလာတဲ့ ဝိတက်တို့ ဝိစာရတို့ ပီတိတို့ သုခတို့ ဧကဂ္ဂတာတို့ မိမိစိတ်ထဲမှာ ထင်ပေါ်ရာဖြစ်တဲ့ နာမ်တရားတွေရဲ့ သဘာဝကို ရှုတယ်။

http://www.dhammadownload.com



နာမ်တရားတွေရဲ့ သဘာဝကိုရှုတယ်ဆိုတဲ့နေရာမှာ ဘာကို ရှုရမှာတုန်း ပထမဆုံး သဘာဝလက္ခဏာကို အရင်ရှုရမယ်၊ တရား ရှုတယ်ဆိုတာ သဘာဝလက္ခဏာကနေ ကြည့်ရမယ်၊ ဥပမာမယ် ပထဝီကိုမြင်တယ်ဆိုတာ ပထဝီရဲ့ သဘာဝလက္ခဏာက ဘာတုန်း ဆိုလို့ရှိရင် ထဒ္ဓလက္ခဏာ- ခက်မာတယ်၊ အတုံးအခဲဖြစ်တဲ့ သဘော၊ ပျော့ခြင်းသဘော မာခြင်းသဘော၊ အဲဒါ ပထဝီရဲ့ လက္ခဏာပဲ၊ ပူတယ် အေးတယ်ဆိုတာက တေဇောရဲ့သဘော၊ လှုပ်ရှားတယ် တွန်းကန်တယ်ဆိုတာက ဝါယောရဲ့ သဘော၊ ဖွဲ့စည်းတယ် ယိုစီးတယ် ဆိုတဲ့သဘောက အာပေါရဲ့ သဘောပဲ ပေါ့။

အဲဒီ သဘာဝလက္ခဏာတွေကို အရင်ကြည့်လို့ သဘာဝ လက္ခဏာမြင်ရင် သင်္ခါရတရားကိုမြင်တယ်လို့ ဆိုင်ရာ ဆိုင်ရာ တရားကို သိတယ်လို့ပြောတာ၊ နာမ်တရားကို ကြည့်မယ်ဆိုရင် "ဝိတက်သည် စိတ်ကို အာရုံသို့တင်ပေးတဲ့ လက္ခဏာ ရှိတယ်၊ ဝိစာရက အာရုံပေါ်မှာ လှည့်လှည့်ပြီးတော့ နေတတ်တဲ့ သဘာဝ ရှိတယ်၊ ပီတိက အာရုံပေါ်မှာ နှစ်ခြိုက်ကျေနပ်တဲ့သဘောရှိတယ်" အဲဒီ သဘာဝလက္ခဏာလေးတွေကို ရှုရမယ်တဲ့၊ အဲဒီ ရှုလိုက်လို့ ရှိရင် သဘာဝလက္ခဏာကို ရှုလိုက်ခြင်းသည်ပင်လျှင် အဲဒီ တရားကို တွေ့ရှိခြင်းပဲဖြစ်တယ်၊ အဲဒါ အစစ်အမှန်ကို တွေ့ရှိခြင်း ပဲ။

မိမိသန္တာန်မှာ ဖြစ်နေတဲ့ တရားတွေကို အစစ်အမှန်ကို တွေ့ရှိသွားတယ်၊ အဲဒီလို တွေ့ရှိသွားတဲ့အခါ ဒီသဘာဝတရား တွေရဲ့ အကြောင်းတွေကို ဆင်ခြင်စဉ်းစားတယ်၊ ဆိုင်ရာဆိုင်ရာ

http://www.dhammadownload.com



အကြောင်းတရားတွေကို တွေ့မြင်လာတယ်၊ အထူးသဖြင့် အနီးကပ်ဆုံး အကြောင်းလေးတွေကို တွေ့လာနိုင်တယ်။

ဆိုပါစို့- ပေါ်လာတဲ့ စက္ခုဝိညာဏ်စိတ်ကလေးကို ရှုမှတ်တဲ့ အချိန်မှာ သို့မဟုတ် စက္ခုဒွါရဝီထိမှာဖြစ်တဲ့ စိတ်တွေကို ရှုမှတ်လိုက်မယ်ဆိုရင် ရူပါရုံနဲ့ စက္ခုပသာဒရုပ်တို့ဆုံလို့ ဖြစ်လာရတာလို့ ဆိုင်ရာဆိုင်ရာ အကြောင်း လေးတွေပါ သိလာရတယ်။

ဒီထက်ပိုထင်ရှားတာပြောမယ်ဆိုလို့ရှိရင် ဆိုပါစို့-အာနာပါန ထွက်လေဝင်လေကနေပြီးတော့ ကြည့်လိုက်မယ်၊ ဝိပဿနာရှုနည်းကားနဲ့ ရှုမယ်ဆိုလို့ရှိရင် ထွက်လေဝင်လေကို သေချာအာရုံစိုက်ပြီးတော့ လေ့လာကြည့်မယ်ဆိုရင် ရှုသွင်းလိုက်တဲ့ လေရယ်၊ မှုတ်ထုတ်လိုက်တဲ့ လေရယ် ဒီနှစ်ခု ရှိတယ်နော်၊ အဲဒီလေက ဘယ်နေရာမှာထိတုန်းဆိုရင် နှာသီးဖျားလေးမှာထိတယ်၊ ရှူသွင်းတဲ့နေရာမှာလည်း နှာသီးဖျားလေးမှာ ထိတယ်၊ ရှိုက်ထုတ်လိုက်ရင်လည်း နှာသီးဖျားလေးမှာ ထိတယ်၊ အဲဒီထိတဲ့အချိန်လေးမှာ ကြည့်လိုက်လို့ရှိရင် အဲဒီလေလေးက တစ်ခု၊ လေထိတဲ့နေရာလေးက တစ်ခု၊ ထိမှန်းသိလိုက်တာလေးက တစ်ခု၊ ဘယ်နှစ်ခုဖြစ်သွားလဲ၊ ၃-ခု ဖြစ်သွားတယ်၊ အနည်းဆုံး ၃-ခု ရှိတယ်ဆိုတာ ကွဲကွဲပြားပြားသိဖို့။

အရင်တုန်းကသိတာ ဒီလိုသိတာ မဟုတ်ဘူး၊ အသက်ရှူနေတယ်လို့ပဲ လုံးပြောရင် ပြောမယ်ပေါ့နော်၊ ခုက အစိတ်လိုက် အစိတ်လိုက် သိသွားတာ၊ သင်္ခါရတရားတွေကို ကြည့်တဲ့အခါ လေလေးရဲ့သဘောကလည်းပဲ လှုပ်ရှားနေတဲ့ သဘောလေး ဆိုတာ သိတယ်၊ အဲဒီလှုပ်ရှားတာလေးက လာထိလာတဲ့အခါ

http://www.dhammadownload.com



ကာယပသာဒကလည်း အဲဒီလှုပ်ရှားမှုဆိုတဲ့ ဖောဋ္ဌဗ္ဗအာရုံလေးကို ခံယူတဲ့သဘောလေး သိလာတယ်၊ အဲဒီနှစ်ခုဆုံမိလို့ ထိသိစိတ်ကလေး ပေါ်လာတာကိုလည်း သိလာတယ်။

တစ်ခုနဲ့တစ်ခု သဘာဝချင်း တူရဲ့လား၊ အေး- မတူတဲ့ သဘာဝလေး ၃-ခုကို ဖြစ်ခိုက်ဖြစ်ခိုက်ကလေးတွေမှာ မြင်လာပြီ ဆိုလို့ရှိရင် ဩော် ဝါယောဓာတ်ဆိုတာ ဝါယောဖောဋ္ဌဗ္ဗအာရုံပဲ၊ အဲဒီ ဝါယောဖောဋ္ဌဗ္ဗအာရုံဟာ ကာယပသာဒဆိုတဲ့ နှာသီးဖျားလေးကို လာထိလို့ ထိသိစိတ်ဆိုတာ ဖြစ်ရတာလို့ဆိုတော့ ထိသိစိတ်ကလေးက အကျိုးတရား၊ ဝါယောဖောဋ္ဌဗ္ဗအာရုံနဲ့ ကာယပသာဒက အကြောင်းတရားလို့ ဒီလို အကြောင်းနဲ့ အကျိုးကို သိလာတယ်။

အဲဒီလို ဝါယောဓာတ်လေးက ရုပ်တရား၊ ဝါယောဓာတ်လေးရဲ့ ထိရာဖြစ်တဲ့ နှာသီးဖျားလေးက နာမ်တရား၊ အဲဒီနှစ်ခု ပေါင်းစပ်လို့သိလာတဲ့ အသိလေးက ထိမှန်းသိတဲ့ အသိလေးက နာမ်တရား၊ ဒီလိုခွဲလိုက်လို့ရှိရင် ရုပ်နဲ့နာမ် ကွဲသွားတယ်၊ အရင်တုန်းကလို ငါလို့ပြောတာ မဟုတ်တော့ဘူး၊ ရှူတဲ့လေလေးရယ်၊ နှာသီးဖျားလေးရယ် သူ့နာမည်နဲ့သူ ဖြစ်သွားတယ်၊ ငါလို့ လုံးဝ မပြောတော့ဘူး အဲဒီကျတော့ သူ့သဘာဝတရားလေးတွေ၊ သူ့ရဲ့ သဘာဝလက္ခဏာလေးတွေကို တွေ့သွားတယ်၊ တွေ့သွားပြီးတဲ့ အခါကျတော့ ခုနက ဆိုင်ရာ ဆိုင်ရာ အကြောင်းတရားလေးတွေပါ မြင်သွားတယ်၊ မြင်ပုံ မြင်နည်းကို ဒါအကျဉ်းချုပ် ပြောပြတာ၊ တခြားမှာလည်းပဲ ဒီလို မြင်ရမယ်ဆိုတာ မှတ်ရမယ်။

http://www.dhammadownload.com



အဲဒီမှာ နာမရူပပရိစ္ဆေဒဉာဏ် ဆိုတာ အဲဒါကို ပြောတာ၊ ဒါက ရုပ်သဘောတရား၊ ဒါက နာမ်သဘောတရားလို့ ကွဲကွဲပြားပြား သိသွားတယ်၊ ဘယ်လိုကြောင့် ရုပ်, ဘယ်လိုကြောင့် နာမ်လို့ ခေါ်တုန်းဆိုတော့ ထိတဲ့လေလေးကလည်း ငါ့နှာခေါင်းထိတာပါလားလို့ မသိဘူး၊ နှာခေါင်းကလည်း လေလေးက ငါ့ထိသွားတယ်ဆိုတာ မသိဘူး၊ သိတာက စိတ်က သိနေတာ၊ အဲဒီကတည်းက မသိတတ်တာက ရုပ်၊ သိတာက နာမ်ပေါ့ ကွဲမသွားဘူးလား၊ အေး အဲဒီလို ကွဲသွားလို့ရှိရင် အလားတူတွေပဲ ကျန်တာတွေလည်း ဒီလိုကွဲဖို့ လိုတယ်ပေ့ါ၊ အဲဒီလို ရုပ်နဲ့နာမ်နဲ့ ကွဲသွားရင် နာမရူပပရိစ္ဆေဒဉာဏ်။

နာမရူပပရိစ္ဆေဒဉာဏ် ရပြီးတော့ ခုနက အကြောင်းတရားကိုပါ ထည့်သွင်းစဉ်းစားနိုင်လာလို့ မြင်လာလို့ရှိရင် ပစ္စယပရိဂ္ဂဟဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် ရလိုက်တာနဲ့ တစ်ပြိုင်နက် ကင်္ခါဝိတရဏဝိသုဒ္ဓိ- သံသယတွေ ကင်းစင်သွားတယ် ဆိုတာ ဖြစ်တယ်၊ ဘယ်လို သံသယတွေတုန်းဆိုရင် ငါဖြစ်ဦးမှာလား ဆိုတာလည်း မဖြစ်တော့ဘူး၊ မဖြစ်တော့ဘူးလားလို့လည်း ပြောစရာ မလိုတော့ဘူး၊ ဘာဖြစ်လို့တုန်းဆို ဒီအကြောင်း ဒါဖြစ်နေလို့ ဒါဖြစ်နေတာဆိုတာ မြင်သွားပြီလေ၊ လေလေးက နှာသီးဖျားထိလို့ ထိသိစိတ်လေးပေါ်နေတာဆိုတာ မြင်သွားသည့်အတွက်ကြောင့် ငါဖြစ်ဦးမှာလား မဖြစ်တော့ဘူးလားလို့ မေးစရာအကြောင်းမရှိတော့ဘူး၊ လေလေးက နှာသီးဖျားထိရင် ထိသိပေါ်ဦးမှာပဲ၊ ဟုတ်ကဲ့လား၊ ဒါရှိလို့ ဒါရှိနေတာ ဆိုတာကို ထင်ထင်ရှားရှားကြီး သိသွားတယ်၊ ဒါရှိလို့ ဒါဖြစ်တယ်ဆိုတာ ဒီအကြောင်း

http://www.dhammadownload.com



ရှိလို့ ဒီအကျိုးရှိတယ်လို့ ပြောတာနော်၊ အဲဒီလို မြင်သွားလို့ရှိရင် ဒါ ပစ္စယပရိဂ္ဂဟဉာဏ် မြင်ပုံလေးပေါ့။

အဲဒီကနေ တစ်ဆင့်တက်သွားတဲ့အခါ သိနေတဲ့ ဒီသဘာဝ တရားလေးတွေကိုပဲ ဆက်လက်ပြီးတော့ အသိဉာဏ်နဲ့ ပွတ်တိုက် ပြီးတော့ အာရုံကို စိတ်နဲ့ဆက်ပြီး လေ့ကျင့်လိုက်တဲ့အခါ မမြတဲ့ သဘောလေးတွေပါ မြင်လာတယ်၊ ထိလိုက်တဲ့ အခိုက်လေးနဲ့ ထိလိုက်ပြီးတဲ့မှ သိလိုက်တဲ့ အခိုက်ကလေး၊ သိလိုက်တဲ့ အခိုက်လေးပြီးရင် ပျောက်သွားတယ်၊ နောက်ထပ်တစ်ခါ ထိလိုက် တဲ့ အခိုက်ကလေး ပေါ်တဲ့အခါ သိလိုက်တဲ့ အခိုက်ကလေး ပေါ်လာပြန်တယ်၊ ပေါ်လာပြီးရင် ပျောက်သွားပြန်တယ်၊ ထွက်သက်က တစ်ခါထိတယ်, သိလိုက်တယ်, ပျောက်သွားပြန်ပြီ၊ ဝင်သက်က တစ်ခါထိတယ်, သိလိုက်တယ်, ပျောက်သွားပြန်ပြီ၊ စုံတွဲ စုံတွဲ ပျက်ပျက်သွားတာတွေကိုပါ မြင်လာလို့ရှိရင် ဒါမမြဲတဲ့ အနိစ္စသဘောတရားဆိုတာ မြင်လာတယ်ပေါ့၊ အဲဒါကို အသိဉာဏ်နဲ့ သမာဓိစွမ်းအား သတိစွမ်းအားတွေနဲ့ ဆက်လက်ပြီး အလုပ်လုပ်တဲ့အခါ ဥဒယဗ္ဗယဉာဏ် ဖြစ်ပျက်တာကို မြင်လာ တယ်၊ တခြားသင်္ခါရတွေကိုလည်း အဲဒီလိုမြင်လာတယ်။

ဖြစ်ပျက်မြင်လာပြီ- ဖြစ်ပျက်မြင်လာတဲ့အခါ ဆက်ပြီးရှုတဲ့ အခါ နောက်ဆုံးမှာ ဖြစ်တာကိုတောင်မှ မကြည့်တော့ဘူး၊ ပျက်သွားတာတွေချည်းပဲ မြင်လာတယ်။ လျင်မြန်လာတဲ့အခါ အပျက်တွေချည်းပဲ မြင်လာတယ်၊ သင်္ခါရတရားတွေဟာ ပျက်တာ တွေချည်းပဲဆိုတော့ ဘာဖြစ်လာတုန်း၊ ကြောက်စရာကောင်းတယ် လို့ စိတ်ထဲမှာ ဖြစ်လာတယ်၊ အမြဲတမ်းချည်း အရှိန်အဟုန်နဲ့

http://www.dhammadownload.com



ပျက်နေတာတွေမြင်တော့ ကြောက်စရာကောင်းတယ်လို့ မြင်လာတယ်၊ ကြောက်စရာကောင်းတယ်လို့ မြင်လာသည့် အတွက်ကြောင့် သင်္ခါရတရားတွေပေါ် မှာ စိတ်ပျက်လာတယ်၊ စိတ်ပျက်လာတော့ ဒီသင်္ခါရတရားတွေက လွတ်ချင်လာတယ်၊ လွတ်ချင်လာတော့ လွတ်ရာလွတ်ကြောင်း လမ်းစ လိုက်ရှာလာတယ်၊ လမ်းစရှာရင်း ဩော် - သင်္ခါရတရားတွေအပေါ် မှာ အရင်တုန်းက လို ချစ်ခင်ခဲ့တာတွေတို့၊ စိတ်ပျက်တာတွေတို့ ဒါတွေကနေ လွတ်သွားပြီးတော့ သူ့ရဲ့ သဘာဝ သက်သက်ကလေးကို ရှုနိုင်တဲ့ အသိဉာဏ်မျိုး နောက်ပေါ် လာတာ၊ အဲဒီ ပေါ် လာတာကျတော့ **သင်္ခါရုပေက္ခာဉာဏ်** လို့ခေါ် တယ်။

အသိဉာဏ် ရင့်သွားပြီဆိုလို့ရှိရင် ကြောက်စရာ ကောင်းတယ်လို့လည်း မတွေးတော့ဘူး၊ မုန်းစရာကောင်းတယ်လို့လည်း မတွေးတော့ဘူး၊ နှစ်သက်စရာကောင်းတယ်လို့လည်း မတွေးတော့ဘူး၊ ဒါသူ့သဘာဝပဲလို့ သဘာဝအရှိကို သိနေတဲ့အဆင့် ရောက်သွားရင် သင်္ခါရုပေက္ခာဉာဏ်လို့ခေါ် တယ်။

အဲဒီ သင်္ခါရုပေက္ခာဉာဏ် ရင့်သန်လာပြီဆိုလို့ရှိရင် သင်္ခါရ အာရုံတွေပေါ် မှာ သူက သဘာဝတရားတွေရဲ့ ဖြစ်မှုပျက်မှု လေးတွေနဲ့ သွားနေတာ၊ သို့သော် သူက စိတ်အေးလက်အေး ထားပြီးတော့ သွားနိုင်တာ၊ သွားနိုင်လာလို့ ဆက်လက်ပြီးတော့ လေ့ကျင့်တဲ့အခါ သူ့အသိဉာဏ်က သိပ်ရင့်ကျက်လာတဲ့ အခါ ထိုသင်္ခါရတရားတွေရဲ့ ချုပ်ငြိမ်းရာဖြစ်တဲ့ အသင်္ခတဆိုတဲ့ နိဗ္ဗာန် ဘက်ကို ကူးတယ်။

http://www.dhammadownload.com



အဲဒီမှာ ဘာတွေဖြစ်လာတုန်းဆိုတော့- နောက်ဆုံးအချိန်လေးမှာ သင်္ခါရုပေက္ခာဉာဏ် ရင့်သန်လာပြီဆို နောက်ဆုံးဝိပဿနာဉာဏ်က ဘာလာတုန်းဆိုရင် **"ပရိကမ္မ"** ဆိုတာပေါ်လာတယ် ပြုပြင်ပြင်ဆင်မှု၊ ပြီးတော့မှ **"ဥပစာရ"** ဆိုတာပေါ်လာတယ်၊ အနီးကပ်ဖြစ်မှု၊ နောက်ပြီး **"အနုလောမ"** ဆိုတာ 'လိုက်လျောစွာဖြစ်တဲ့ဉာဏ်'။ အဲဒီ ပရိကံ ဥပစာ အနုလုံ ဆိုတဲ့ ဒီဉာဏ် ၃-မျိုးကလည်းပဲ သင်္ခါရအာရုံတွေမှာပဲ အာရုံ နိမိတ်တွေနဲ့ပဲ ဖြစ်နေသေးတယ်။

ဂေါတြဘူဆိုတဲ့ စိတ်ကလေး ပေါ်လာလိုက်တာနဲ့ တစ်ပြိုင်နက် သင်္ခါရအာရုံတွေကို လက်လွှတ်လိုက်တယ်၊ သင်္ခါရအာရုံတွေမှ လွတ်သွားပြီး သင်္ခါရမရှိတဲ့ အာရုံတစ်ခုကို မြင်လာတယ်၊ ပြုပြင်ရတဲ့ သဘာဝတရားတွေနဲ့ အမြဲတမ်းနေလာပြီး ပြုပြင်ရတဲ့ သဘာဝတရားတွေ ပျောက်ကွယ်သွားတဲ့ အဆင့်ကို သူက မြင်လာတယ်၊ မြင်လာပြီးတော့ ဟိုဘက်ကို ကူးလိုက်တာက မဂ်စိတ်ကလေး၊ အဲဒီပေါ်လာတဲ့ မဂ်စိတ်လေးက နိဗ္ဗာန်ကို အာရုံပြုပြီးတော့ ပေါ်လာတာ။

ဝိသုဒ္ဓိမဂ်မှာ ပြထားတဲ့ ဥပမာလေးတစ်ခုက ရေမြောင်းလေးတစ်ခုရဲ့ ဟိုဘက်ကို ခုန်ကူးချင်တဲ့သူဟာ ဒီဘက်ကမ်းမှာရှိတဲ့ သစ်ပင်ကို ကြိုးလေးချည်ထားတယ်၊ သစ်ကိုင်းကို ကြိုးလေးနဲ့ ချည်ထားပြီး အဲဒီကြိုးလေးကို တွဲလောင်းခိုပြီးတော့ ဒီဘက်ကမ်းက ဟိုဘက်ကမ်းကို ခုန်တာ၊ ကြိုးဆွဲပြီးတော့ ဟိုဘက်ကမ်းကို ခုန်တာ၊ ဟိုဘက်ကမ်းလည်း အခြေချမိရော ကြိုးကို ကိုင်ထား

http://www.dhammadownload.com



သေးလား၊ လွှတ်လိုက်တာ။ ကိုင်ထားရင် ဒီဘက်ပြန်ရောက်လာမှာ ပေါ့နော်။

ကြိုးကိုလွှတ်လိုက်တယ်ဆိုတာ သင်္ခါရအာရုံကို စိတ်က မတွယ်တော့ဘူး လွှတ်ပစ်လိုက်တယ်၊ သင်္ခါရမရှိတဲ့ အာရုံကို ဆွဲကိုင်လိုက်တယ်။ အဲဒီအာရုံက ဘာတုန်းဆိုတော့ နိဗ္ဗာန်ပဲတဲ့၊ ဒီလိုဆိုလိုတယ်၊ အကယ်၍သာ သင်္ခါရအာရုံပေါ်မှာ ဆက်မြဲ နေမယ်ဆိုရင် "ထိုနည်းဧင်း ထိုနည်းဧင်း" ဆိုတဲ့အတိုင်းပဲ နေမှာ ပဲနော်၊ ဒီဘက်ပဲ ဆက်ဖြစ်နေမှာ၊ သင်္ခါရအာရုံကို လွှတ်လိုက် တယ်။

ဒါ့ကြောင့်မို့ အာရုံတွေ ချုပ်ငြိမ်းသွားတာ၊ သင်္ခါရတွေ မရှိတဲ့ အာရုံ၊ သင်္ခါရကင်းတဲ့ အာရုံ၊ သင်္ခါရတွေ ဆိတ်သုဉ်းသွားတဲ့ အာရုံကို အာရုံပြုပြီးတော့ သောတာပတ္တိမဂ်စိတ်လေး ပေါ်လိုက် တာနဲ့ တစ်ပြိုင်နက် သံသယနဲ့ အမြင်မှားမှုဆိုတဲ့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ကွာသွားတယ်၊ ကျန်တဲ့ ကိလေသာတွေလည်း အားနည်းသွား တယ်။

အဲဒီကနေ ဝိပဿနာဉာဏ်ကို တိုးမြှင့်လိုက်တဲ့အခါ ကျတော့ သကဒါဂါမိမဂ် ဆိုတာ ပေါ်လာတယ်၊ နောက်တစ်ခါ တိုးမြှင့်ပြီးတော့ ထပ်ကျင့်လိုက်တဲ့အခါ ကျင့်တာတော့ ဒီအတိုင်းပဲ ဒီလမ်းစဉ်ကပဲ သူက ထပ်မြှင့်တာ၊ အရည်အသွေးတွေ ထပ်ထပ် မြှင့်တာ တစ်ခါနဲ့ တစ်ခါ မတူဘူး၊ တစ်ကြိမ်နဲ့ တစ်ကြိမ် မတူဘူး၊ Physical exercise လုပ်သလိုပဲ၊ Mental exercise ကတော့ တစ်ကြိမ်နဲ့ တစ်ကြိမ် မတူဘူး၊ တိုးမြှင့်လာတော့ အရည်အသွေး မြင့်လာတဲ့အခါ အနာဂါမိမဂ် ပေါ်လာတဲ့အခါ ကာမရာဂတို့

http://www.dhammadownload.com



ဗျာပါဒတို့ ဆိုတာတွေ လုံးဝ ရှင်းသွားတယ်၊ နောက် စတုတ္ထအကြိမ် ဝိပဿနာဉာဏ် တိုးမြှင့်ပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်လိုက်တဲ့အခါကျတော့ အဆင့်အမြင့်ဆုံးဖြစ်တဲ့ အရဟတ္တမဂ်စိတ်ဆိုတာ ပေါ်လာပြီးတော့ ကိလေသာတွေအားလုံး ကုန်သွားတယ်။

မဂ်လေးကြိမ်နဲ့ ကိလေသာတွေ ရှင်းပစ်ရတယ်လို့ ဒီလိုဆိုလိုတယ်၊ မဂ်လေးကြိမ်နဲ့ ရှင်းပစ်လိုက်တော့ ကမ်းပေါ်ရောက်ရောက်ချင်းလေးမှာ လူက ရုတ်တရက်တော့ ငြိမ်ငြိမ်ရပ်လို့ ရရဲ့လား၊ ခုန်ပြီးတဲ့အချိန်မှာ ကမ်းပေါ်ရောက်ရင် နဲနဲတော့ ယိမ်းထိုးသွားမှာပေါ့၊ ခန္ဓာကိုယ်က ယိမ်းထိုးသွားပြီးတော့ နောက်တော့ကိုယ့်ကိုကိုယ် ထိန်းနိုင်သွားပြီးရင် ဖိုလ်စိတ်ဖြစ်သွားတဲ့ အချိန်ရောက်ပြီ၊ အဲဒီလို နိဗ္ဗာန်ဆိုတဲ့ တစ်ဖက်ကမ်းပေါ်မှာ တည်သွားတယ်လို့ ဒီလို ဆိုလိုတယ်။

အဲဒီတော့ သူက အဲဒီကမ်းပေါ်ကနေ ငါဘယ်လိုကူးခဲ့တာဆိုတာရော သူမသိဘူးလား၊ အဲဒါ သိသလိုပဲ သောတာပန်ဖြစ်သွားတဲ့ ပုဂ္ဂိုလ်ဟာ ငါဘယ်လိုနည်းနဲ့ ဒီဘက်ကို ရောက်လာသလဲဆိုတာ သိတာပေါ့၊ သောတာပန်ဖြစ်ရင် သောတာပန်ကကိုယ့်ဟာကိုယ် သိတာပေါ့၊ ဒီလို ကူးလာတယ်ဆိုတာသိတယ်၊ သကဒါဂါမ်ဖြစ်ရင်လည်း သကဒါဂါမ်က ကိုယ့်ဟာကိုယ်သိတယ်၊ အနာဂါမ်ဖြစ်ရင်လည်း အနာဂါမ်က ကိုယ့်ဟာကိုယ် သိတယ်။

ဒါက နိဗ္ဗာန်ကို ဘယ်လို မျက်မှောက်ပြုတယ်ဆိုတာကို စာပေကျမ်းဂန်မှာ ရေးထားတဲ့အတိုင်း ပြောပြတာနော်၊ ကိုယ်တိုင်သိဖို့ကျတော့ ဒီလမ်းစဉ်အတိုင်း ကိုယ်တိုင်ကျင့်မှ၊ ဒါက

http://www.dhammadownload.com



ရောက်ဖူးတဲ့ ပုဂ္ဂိုလ်တွေက ပြောထားတာ၊ မြတ်စွာဘုရား ဟောထားတဲ့ တရားတော်အတိုင်းပဲ။

အင်္ဂုတ္တိုရ်ပါဠိတော်မှာလည်း မြတ်စွာဘုရားက ဈာန်တရား ကနေပြီးတော့ ဝိပဿနာကူးပုံကို ဟောထားတယ်။ ဈာန်တရား အားထုတ်လို့ ပထမဈာန်ရတယ်၊ ပထမဈာန်ကထပြီး ပထမဈာန် ထဲပါတဲ့ ဝိတက် ဝိစာရ စတဲ့ တရားတွေကို ရှုမှတ်ရင်း ထို မမြဲတဲ့ သဘောတွေကိုမြင်ပြီး နောက်ဆုံးတော့ မမြဲတဲ့သဘောတွေမြင်လို့ အရှိန်ရလာတဲ့ အခါကျတော့ အစဉ်ထာဝရအေးငြိမ်းတဲ့ နိဗ္ဗာန် ဓာတ်ကို တွေ့သွားတယ်၊ တွေ့သွားတဲ့အချိန်မှာ မမြဲတဲ့သဘော တွေ ဆိုတာကို မကြည့်တော့ဘူး၊ လွှတ်လိုက်ပြီ၊ ခုနက ကြိုးစကို လွှတ်လိုက်သလိုပဲ၊ သင်္ခါရအာရုံတွေကို လွှတ်လိုက်တယ်၊ အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ ဒီအာရုံတွေကို လွှတ်လိုက်ပြီးတော့ နိဗ္ဗာန် ဆိုတဲ့ အာရုံကို မျက်မှောက်ပြုလိုက်နိုင်တယ်တဲ့။

နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုတာ အဲဒီလို မျက်မှောက်ပြု တာ၊ တခြားနည်းနဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုလို့ မရဘူးတဲ့၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ပဲ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်တယ်တဲ့။

ဒါ့ကြောင့်မို့ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ အလွန်လိုလားတဲ့ နိဗ္ဗာန်ချမ်းသာဆိုတာ အဲဒီလိုနည်းနဲ့ မျက်မှောက်ပြုလိုက်လို့ ရသွားတာ။ နိဗ္ဗာန်ချမ်းသာကို အရဟတ္တမဂ် အရဟတ္တဖိုလ်နဲ့ မျက်မှောက်ပြုနိုင်လို့ရှိရင် ကိုယ့်သန္တာန်မှာဖြစ်တဲ့ စိတ်ထဲမှာ ဖြစ်နိုင်တဲ့ စိတ်ရဲ့အပူအပင်အကြောင့်အကျဖြစ်တဲ့ ကိလေသာတွေ ဆိုတာ လုံးဝမရှိတော့ဘူး၊ ကိလေသာမရှိသည့်အတွက်ကြောင့် နောက်ထပ်ပူစရာ မရှိတော့ဘူး၊ အတွင်းက ရှင်းသွားပြီ၊ အပြင်က

http://www.dhammadownload.com



အရာတွေကိုလည်း ရှင်းရှင်းကြီး မြင်နေပြီ၊ အတွင်းရှင်းနေသည့် အတွက်ကြောင့် လောဘ ဒေါသ မောဟဆိုတဲ့ အပူတွေ မလာဘူး၊ ထာဝရငြိမ်းချမ်းသွားပြီ။

အဲဒီတော့ ငြိမ်းချမ်းသွားပြီဆိုရင် လောကဓံတရားတွေနဲ့ ဘယ်လိုကြုံကြုံ တုန်လှုပ်တော့မှာ မဟုတ်ဘူး၊ "**ဖုဋ္ဌဿ လောကဓမ္မေဟိ**'၊ '**စိတ္တံ ယဿ န ကမ္ပတိ**'၊ အတွင်းစိတ်ဟာ တုန်လှုပ်မှုမရှိတော့ဘူး၊ အတွင်းစိတ်က တုန်လှုပ်နေတာ ဘယ်သူ့ ကြောင့် တုန်လှုပ်တာတုန်းဆိုရင် လောဘ ဒေါသ မောဟကြောင့် တုန်လှုပ်တာ၊ လောဘ ဒေါသ မောဟ မရှိသည့်အတွက်ကြောင့် တုန်လှုပ်မှုမရှိဘူး၊ မရှိသည့်အတွက်ကြောင့် '**အသောက**' စိုးရိမ် တယ်တို့ ပူပန်တယ်တို့ဆိုတာ မရှိတော့ဘူး၊ '**ဝိရဇ**' စိတ်ထဲမှာ အညစ်အကြေးတွေဆိုတာ မရှိတော့ဘူး၊ '**ခေမ**' စိတ်ဟာ တကယ့်ကို ငြိမ်းချမ်းသွားတယ်၊ '**အသောကံ ဝိရဇံ ခေမံ ဧတံ မင်္ဂလ မုတ္တမံ**' ဒါမှ တကယ့် မင်္ဂလာအစစ် ဖြစ်သွားပြီလို့ ဒီလို ပြောတာနော်။

နောက်ဆုံးမှာ မင်္ဂလာမှာ '**နိဗ္ဗာန သစ္ဆိကိရိယာစ၊ ဧတံ မင်္ဂလ မုတ္တမံ**' နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်လို့၊ အဲဒီ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်ပြီဆိုလို့ရှိရင် ကိလေသာအပူတွေ အကုန်လုံး ငြိမ်းသွားပြီးတော့ ခန္ဓာကိုယ်မှာ ထာဝရငြိမ်းချမ်းတဲ့၊ အေးချမ်းတဲ့ နိဗ္ဗာန်ဆိုတဲ့ ချမ်းသာသုခကို တွေ့ရှိခံစားရမှာဖြစ်တယ်၊ အဲဒီ နိဗ္ဗာန်ဆိုတဲ့ ချမ်းသာဟာ ချမ်းသာလို့ ပြောပေမယ့်လို့ ကာမဂုဏ် အာရုံတွေခံစားရတဲ့ ချမ်းသာမျိုးနဲ့ မတူဘူး၊ ကာမဂုဏ်အာရုံ ချမ်းသာ ခံစားရမှုဟာ တည်ငြိမ်မှုမရှိဘူးတဲ့၊ အဲဒီတော့

http://www.dhammadownload.com



အနုပါဒိသေသနိဗ္ဗာန် လို့ဆိုတဲ့အခါကျတော့ ခုနက ရုပ်နာမ် ခန္ဓာတွေ ဘာမှမရှိတော့တဲ့ ငြိမ်းသွားတဲ့ အငြိမ်းဓာတ်၊ အဲဒီ နိဗ္ဗာန် ချမ်းသာတယ်ဆိုတာ ခံစားမှုမရှိလို့ ချမ်းသာတာနော်။

တစ်ခါတုန်းက ရှင်သာရိပုတ္တရာက တရားဟောရင်း "ငါ့ရှင်တို့ နိဗ္ဗာန်ဆိုတာ အလွန်ချမ်းသာတယ် အလွန်ချမ်းသာ တယ်" နဲ့ ပြောတယ်၊ ပြောတဲ့အခါကျတော့ ဥဒါယီမထေရ်က "အရှင်ဘုရား နိဗ္ဗာန်မှာ ခံစားမှုဝေဒနာမရှိဘူး မဟုတ်လားတဲ့၊ ဘယ်လိုလုပ်ချမ်းသာမှာတုန်း"လို့ပြောတယ်။ သူက ဝေဒနာနဲ့ခံစား တာကိုသာ ချမ်းသာလို့ သိတာကိုး၊ အဲဒီတော့ ရှင်သာရိပုတ္တရာ ပြန်ဖြေတဲ့ စကားလေးက "အေး အဲဒီ ဝေဒနာမရှိတာသည် ပင်လျှင် ချမ်းသာတာပေါ့"၊ ချမ်းသာတယ်ဆိုတာ အဲဒီ ဝေဒနာ မရှိတဲ့ ချမ်းသာပဲ။

ဒါ့ကြောင့် တရားချစ်ခင် သူတော်စင်ပရိသတ်တို့သည် နိဗ္ဗာန်ရဲ့ ဂုဏ်ရည်တွေ မှန်းဆပြီးတော့ **အနုမာန** လို့ခေါ်တဲ့ စာပေမှာလာတဲ့အတိုင်း မှန်းဆပြီးတော့သိတဲ့ အသိဉာဏ်၊ အဲဒီ အနုမာနဉာဏ်ကနေပြီးတော့ နောက် **ပဋိဝေဓ** ဆိုတဲ့ ကိုယ်တိုင် ထိုးထွင်းပြီးတော့ သိနိုင်တဲ့ အသိဉာဏ်မျိုးရအောင် ကိုယ်စီကိုယ်ငှ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

❖❖❖❖❖